ပြည်ထောင်စုမြန်မာနိုင်ငံ

တော်လှန်ရေးကောင်စီ

ဥပဒေများ

(၈၈၈၈)

(၁၉၅၂ ခုနှစ် ဘုရင့် ရုပ်သေး)

ပြည်သူ့လွှတ်တော်
စာအမှတ် ...
စာရင်းကိုင်ဌာန

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	
	၁၉၆၂ ခုနှစ် ဥပဒေများ	
၁။	၁၉۶၂ ခုနှစ်၊ အာဇာနည်ဗိမာန်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ	၁
၂။	၁၉۶၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေကို ပြင်သည့် ဥပဒေ	၃
၃။	၁၉۶၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ	၅
၄။	၁၉۶၂ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ	၇
၅။	၁၉۶၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၉
၆။	၁၉۶၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၁၁
၇။	၁၉۶၂ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်သည့်ဥပဒေ	၁၃
၈။	၁၉۶၂ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ် ပြင်သည့် ဥပဒေ	၁၅
၉။	The Burma Medical Degrees Act Amending Law, 1962	၁၇
၁၀။	၁၉۶၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ	၁၉
၁၁။	၁၉۶၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ	၂၁
၁၂။	The Ferries Act Amending Law, 1962	၂၃
၁၃။	The Rangoon City Civil Court Act Amending Law, 1962	၂၅
၁၄။	၁၉۶၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ	၂၇
၁၅။	၁၉۶၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေ	၂၉
၁၆။	၁၉۶၂ ခုနှစ်၊ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဥပဒေ	၃၇

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇။	၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ် ပြင်သည့် ဥပဒေ	၄၇
၁၈။	The Rangoon Port Act Amending Law, 1962	၄၉
၁၉။	The Ports Act Amending Law, 1962	၅၁
၂၀။	The Outports Act Amending Law, 1962	၅၃
၂၁။	၁၉၆၂ ခုနှစ်၊ နိုင်ငံ ဘော် ပြည် သူ့ အိုး အိမ် ပြန် လည် ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၅၅
၂၂။	၁၉၆၂ ခုနှစ်၊ ပြည် ထောင် စု မြန် မာ နိုင် ငံ ယဉ် ကျေး မှု ကောင်စီ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၅၇
၂၃။	၁၉၆၂ ခုနှစ်၊ အနုပညာရှင်များ အမတော်ကြေး ဥပဒေ....	၅၉
၂၄။	၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ	၆၁
၂၅။	၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ ...	၆၇
၂၆။	၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ	၆၉
၂၇။	The Press (Emergency Powers) Act Amending Law, 1962	၈၁
၂၈။	၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၈၃
၂၉။	၁၉၆၂ ခုနှစ်၊ ရေနံဓာတ်နှင့် ဓာတ်သတ္တုပစ္စည်း ရှာဖွေ ထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေ	၈၇
၃၀။	၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှု ကော်ပို ရေးရှင်း အက်ဥပဒေကို ပြင်သည့် ဥပဒေ	၉၇
၃၁။	၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ကြီးပွားရေးအဖွဲ့ ဥပဒေ	၁၀၁
၃၂။	၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော် ဥပဒေ	၁၂၉
၃၃။	၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ	၁၃၅

မာတိကာ

ပြည်ထောင်စု ... ...

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၉၆၃ ခုနှစ် ဥပဒေများ	
၄၉။	၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ	၂၁၉
၅၀။	The Obstructions in Fairways Act Amending Law, 1963	၂၂၁
၅၁။	၁၉၆၃ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ ...	၂၂၃
၅၂။	၁၉၆၃ ခုနှစ်၊ တရားဥပဒေများ အာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်း ဥပဒေ	၂၂၅
၅၃။	၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၂၂၇
၅၄။	The Midwives and Nurses Act Amending Law, 1963	၂၂၉
၅၅။	The Criminal Law Amending Law, 1963	၂၃၁
၅၆။	၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ	၂၃၃
၅၇။	၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေ	၂၃၇
၅၈။	The Burma Post Office Act Amending Law, 1963	၂၃၉
၅၉။	၁၉၆၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ	၂၄၁
၆၀။	၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေ	၂၄၅
၆၁။	၁၉၆၃ ခုနှစ်၊ ရေနံဓာတ်နှင့် ဓာတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းဥပဒေကို ပြင်သည့်ဥပဒေ	၂၆၁
၆၂။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ	၂၆၃
၆၃။	၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေ	၂၆၅
၆၄။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ် ပြင်သည့် ဥပဒေ	၂၆၇

မာတိကာ

ပြည်သူ့စာကြည့်တိုက်
စာအမှတ် ၁၂၂၈
စာမျက်နှာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၅။	၁၉၆၃ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ	.... ၂၂၁
၆၆။	၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ	.... ၂၂၂
၆၇။	၁၉၆၃ ခုနှစ်၊ ရေနံဓာတ်နှင့် ဓာတ်သတ္တုပစ္စည်း ရှာဖွေထုတ် လုပ် ရေး ကော် ပို ရေး ရှင်း ဥ ပ ဒေ ကို ပြင် သည့် ဥပဒေ	.... ၂၂၅
၆၈။	The Trade Disputes Act Amending Law, 1963	.... ၂၂၇
၆၉။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ ဥပဒေ	.... ၂၂၉
၇၀။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ ဥပဒေ	.... ၂၄၇
၇၁။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ	.... ၃၀၃
၇၂။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင် ဥပဒေ	.... ၃၁၅
၇၃။	၁၉၆၃ ခုနှစ်၊ သီးစားခစံနှုန်းအက်ဥပဒေကို ပြင်သည့် ဥပဒေ	၃၀၉
၇၄။	၁၉၆၃ ခုနှစ်၊ ရောင်းဝယ် လုပ် ကိုင် မှု အ မြတ် အ စွန်း ခွန် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ	.... ၃၁၁
၇၅။	The Burma Income-Tax Act Amending Law, 1963	.... ၃၁၃
၇၆။	၁၉၆၃ ခုနှစ်၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း ဥပဒေ	.... ၃၃၅
၇၇။	၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ရုပ်ရှင်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ ဥပဒေ	.... ၃၄၁
၇၈။	၁၉၆၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ	.... ၃၄၇
၇၉။	၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော် ဥပဒေ	.... ၃၅၁

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၀။	၁၉ဖခု ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ	၃၅၅
၈၁။	၁၉ဖခု ခုနှစ်၊ လုပ်ငန်းများ ပြည်သူ့ပိုင်ပြုလုပ်ခြင်း ဥပဒေ	၃၆၅
၈၂။	၁၉ဖခု ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကို ပြင်သည့် ဥပဒေ	၂၆၉
၈၃။	၁၉ဖခု ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မိရှင်ဥပဒေကို ပြင်သည့် ဥပဒေ....	၃၇၁
၈၄။	၁၉ဖခု ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေကို ပြင်သည့်ဥပဒေ	၃၇၃
၈၅။	၁၉ဖခု ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်သည့် ဥပဒေ	၃၇၅
	၁၉ဖင၊ ခုနှစ် ဥပဒေများ	
၈၆။	၁၉ဖင၊ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေ	၃၇၉
၈၇။	၁၉ဖင၊ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ကေတလုပ်ငန်းကော်ပိုရေးရှင်း ဥပဒေ	၃၈၅
၈၈။	၁၉ဖင၊ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ	၃၉၁
၈၉။	၁၉ဖင၊ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေ	၃၉၅
၉၀။	၁၉ဖင၊ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြင်သည့် ဥပဒေ	၃၉၉
၉၁။	၁၉ဖင၊ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ	၄၀၁
၉၂။	၁၉ဖင၊ ခုနှစ်၊ ကျပ်တစ်ထောင်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေ	၄၁၁
၉၃။	၁၉ဖင၊ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ	၄၁၅
၉၄။	၁၉ဖင၊ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ	၄၁၇

မာတိကာ

ပြည်သူ့လွှတ်တော်
စာမျက်နှာတ် ...ပ၂၇/၅...
ရုံးနှင့်စာကြည့်တိုက်

အမှတ်စဉ်	အကြောင်းအရာ	
၉၅။	၁၉၆၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ	၄၈၇
၉၆။	၁၉၆၄ ခုနှစ်၊ အထူးထုတ်ဝေတ်ရုံး ဥပဒေကို ပြင်သည့် ဥပဒေ	၄၂၇
၉၇။	၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ပြင်သည့် ဥပဒေ	၄၃၃
၉၈။	၁၉၆၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ	၄၃၅
၉၉။	၁၉၆၄ ခုနှစ်၊ ဘဏ္ဍာတော် ဥပဒေ	၄၃၉
၁၀၀။	၁၉၆၄ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ	၄၄၃
၁၀၁။	၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်သည့် ဥပဒေ	၄၆၅
၁၀၂။	၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ	၄၆၇
၁၀၃။	**The Burma Income-Tax Act Amending Law, 1964**	၄၇၉

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ဥပဒေများ

(၁၉၆၂ ခုနှစ်)

၁၉၆၂ ခုနှစ်၊ အာဇာနည်ဖိမာန် အက်ဥပဒေရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ အာဇာနည်ဖိမာန် အက်ဥပဒေ ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။(က) ၁၉၄၉ ခုနှစ်၊ အာဇာနည်ဖိမာန်အက်ဥပဒေကိုဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(၁) မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

(၂) အာဇာနည်ဖိမာန်ထိန်းသိမ်းရေးအဖွဲ့ပိုင်ပစ္စည်းအားလုံးသည်ဌင်း၊ ထိုအဖွဲ့၏ ကြေးမြီတာဝန် အားလုံးသည်ဌင်း၊ အစိုးရ၌တည်ရှိသက်ရောက်ရမည်။

၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

နိုင်ငံတော်တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေစတင် အာဏာတည်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေပုဒ်မ ၄ နောက်တွင် အောက်ပါကို ပုဒ်မ ၄-က အဖြစ် ထည့်သွင်းရမည်။

"၄-က။ ။(၁) ဤအက်ဥပဒေအခြားနေရာများတွင်မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌက၊ နိုင်ငံတော်၏အကျိုးအတွက် လိုအပ်သည်ဟုထင်မြင်ယူဆလျှင်၊ နိုင်ငံသားဆရာဝန်များသည်၊ အသက်အရွယ်မရွေး မည်သည့်အချိန်အခါမဆို မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရန် ဆင့်ခေါ်ခြင်း ခံထိုက်စေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ဆင့်ခေါ်ခြင်းခံရသော နိုင်ငံသားဆရာဝန်များသည်၊ မိမိတို့စတင်ဝင်ရောက် အမှုထမ်းရွက်သည့်နေ့ရက်မှ ၂ နှစ်မျှ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့်ပြင် အစိုးရကအလိုရှိပါက နောက်ထပ် တနှစ်ဆက်လက်၍လည်း အမှုထမ်းရွက်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ဆင့်ခေါ်ခြင်းခံရသောနိုင်ငံသားဆရာဝန်များမှာ ဤအက်ဥပဒေအရ စစ်မှုထမ်းရာတိသက္ခသို့ တာဝန်ရှိရမည့်ပြင်၊ အလုပ်အကိုင်ကို ကာကွယ်စောင့်ရှောက် ထားသည့်အခွင့်အရေးအားလုံးကိုလည်းရရှိရမည်။ "

၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆ ၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ရန်ကုန် တက္ကသိုလ် အက်ဥပဒေ (The University of Rangoon Act) ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ခ) ရန် ကုန် တက္ကသိုလ်ပိုင် ပစ္စည်း အား လုံး သည် ၎င်း၊ ရန်ကုန်တက္ကသိုလ်၏ကြေးမြီတာဝန်အားလုံးသည်၎င်း၊ အစိုးရ၌တည်ရှိသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင် အာဏာတည်သည့် အချိန်မှအစပြု၍၊ နိုင်ငံတော်တော်လှန်ရေးအစိုးရသည်၊ ရန်ကုန်တက္ကသိုလ်အား၊ အဆိုပါ ရုပ်သိမ်းခြင်းခံရသော ရန်ကုန်တက္ကသိုလ်အက်ဥပဒေဖြင့်ပေးအပ်ထားသည့် အာဏာနှင့်တာဝန်ဝတ္တရားများ ကိုဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

၁၉၆၂ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊မန္တလေးတက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ခ) မန္တလေး တက္ကသိုလ်ဝိုင် ပစ္စည်း အားလုံး သည်ဂင်း၊ မန္တလေးတက္ကသိုလ်၏ကြွေးမြီတာဝန်အားလုံးသည်ဂင်း၊အစိုးရ၌တည်ရှိသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာ တည်သည့် အချိန်မှအစပြု၍၊ နိုင်ငံတော်တော်လှန်ရေးအစိုးရသည်၊ မန္တလေးတက္ကသိုလ်အား၊ အဆိုပါ ရုပ်သိမ်းခြင်းခံရသော ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေဖြင့် ပေးအပ်ထားသည့် အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲ ဆောင်ရွက်ရမည်။

၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၆ ခနာက်တွင်၊ အောက်ပါကို ပုဒ်မ ၁၆-က အဖြစ်ထည့်သွင်းရမည်။

''၁၆-က။ ။(၁) ဤအက်ဥပဒေ အခြားနေရာများတွင်ပါရှိသည့်ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ—

(က) ဆေးပညာဘွဲ့၊ ဒီပလိုမာ လက်မှတ်၊ သို့တည်းမဟုတ် အခြား လက်မှတ် ရရှိသူတိုင်းသည်၊ ဆရာဝန် အမည်စာရင်းတွင် အမည်တင် သွင်း ရန် ကျန်းမာရေး ဌာန၊ ညွှန်ကြားရေးဝန် ထံသို့ လျှောက်ထားရမည်။

ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြား လက် မှတ် ရရှိသူတိုင်း ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ရုံးရဲ့ ဆရာဝန်အမည်စာရင်းတွင် အမည် တင်သွင်းခြင်း။

(ခ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်စောရှိ အောင်လက်မှတ်ရပြီးသူများကို၊ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်း၍ မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည်။

(ဂ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်နောက်ကျ၍ အောင်လက်မှတ်ရသူများအနက်—

(ကက) ကျန်းမာရေးဌာနက အသိအမှတ်ပြုသည့် ဆေးရုံတခုခုတွင် အနည်းဆုံး တနှစ်မျှ လက်တွေ့သင်ကြားပြီးသူကို၊ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်း၍ မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။

(ခခ) ကျန်ရှိသောသူများကို၊ ဆေးရုံတခုခုတွင် တနှစ်မျှလက်တွေ့ သင်ကြားရန်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က ညွှန်ကြားရမည်။ သက်ဆိုင်ရာ ဆေးရုံအုပ်ချုပ်သူထံမှ တနှစ်မျှ ကြေနပ်စွာ လက်တွေ့ သင်ကြားပြီးကြောင်း ထောက်ခံချက်ရမှသာလျှင်၊ ထိုကျန်ရှိသော သူများက ဆရာဝန် အမည်စာရင်းတွင် အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(၂) မည်သူမျှကျွန်းမာရေးဌာန၊ညွှန်ကြားရေးဝန်ရုံးကထုတ်ပေးသော မှတ်ပုံတင် လက်မှတ်မရှိလျှင်၊ ဆေးကုသခြင်းလုပ်ငန်း မလုပ်ကိုင်ရ။

(၃) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊ နှစ်နှစ်မှ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်း ခံရမည်။

(၄) နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ အထမြောက်စေရန် နည်းဥပဒေများပြုနိုင်သည်။''

၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၆။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ၎င်းဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ယခုနောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေတွင်၊ ပုဒ်မ ၅ နှင့် ၁၁ တို့ကိုပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၅ နှင့် ၁၁ တို့ကို ပယ်ဖျက်ခြင်းကြောင့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့များ၏၊ အဆိုပါအက်ဥပဒေအရ ဆောင်ရွက်မှုများရပ်စဲသွားစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရက အခြားနည်းညွှန်ကြားခြင်းမပြုသေးသမျှ၊ ထိုအဖွဲ့များပိုင်သည့် ပစ္စည်းအားလုံးသည်၊ ၎င်းတို့ဥစ္စာတည်ရှိမြဲတည်ရှိရမည်ဖြင့်၊ ထိုအဖွဲ့များ၏ ကြေးမြီတာဝန် အားလုံးသည်လည်း၊ ၎င်းတို့အပေါ်သက်ရောက်မြဲသက်ရောက်ရမည်။

၄။ ။(၁) နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကဖြစ်စေ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ကဖြစ်စေ အဆိုပါအက်ဥပဒေအရ ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာ အဝဝနှင့်၎င်း၊ ထိုအဖွဲ့က ထားရှိသော စာရင်းအင်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့ပိုင်ပစ္စည်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့၏ ကြေးမြီတာဝန်အားလုံးနှင့်၎င်း စပ်လျဉ်း၍ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုပြုရန်၊ အောက်ပါဗဟုရှုလ်များပါဝင်သော ကော်မိတီတခုကိုခန့်ထားလိုက်သည်။

(က) ဦးလွန်းဘော်၊ ဥက္ကဋ္ဌ၊ ရာထူးဝန်အဖွဲ့—ကော်မိတီဥက္ကဋ္ဌ။
(ခ) ဦးဘခင်၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန၊ ညွှန်ကြားရေးဝန်နှင့် နိုင်ငံတော် တော်လှန်ရေးအစိုးရ စာရင်းနှင့်စာရင်းကိုင်သင်တန်းကျောင်းအုပ်ကြီး။
(ဂ) ဦးလှမောင်၊ ဒုတိယညွှန်ကြားရေးဝန်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။
(ဃ) ဦးပါလွင်၊ ဧည့်သည်ရေရာရုံးဌေးစာရင်းစစ်ဝန်။

(၂) ကော်မိတီသည်၊ ၁၉၅၀ ပြည့်နှစ်၊ စုံစမ်းရေးကော်မိတီများ အက်ဥပဒေအရ ခန့်ထားသောကော်မိတီဖြစ်သည်ဟု မှတ်ယူရမည်။

၅။ ။စုံစမ်းစစ်ဆေးမှု ဆုံးခန်းတိုင်ရောက်သည့်အခါ၊ ကော်မိတီက၊ ၎င်းတွေ့ရှိသော အချက်အလက်များနှင့် ထောက်ခံချက်များကို ဖော်ပြခြင့်ရှေးသားရှိ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရယံ့ကြည် အစီရင်ခံရမည်။

၁၉၆၂ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၇။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၂ ကိုပယ်ဖျက်ရမည်။

၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၈။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာ နိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၇ အစား၊ အောက်ပါကိုပုဒ်မ ၂၇ အဖြစ်ထည့်သွင်းရမည်။

"၂၇။ ။(၁) မည်သူမဆို၊ မှတ်ပုံတင် ဆရာဝန် မဟုတ်ဘဲလျက်၊ ပြစ်ဒဏ်မျှား၊ မှတ်ပုံတင် ဆရာဝန် ယောင်ဆောင်လျှင်၊ ထိုသို့အယောင် ဆောင်ခြင်းကြောင့် လူတဦးတယောက်အလိမ်ခံရသည်ဖြစ်စေ၊မခံရသည်ဖြစ်စေ ငါးနှစ်မှ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

(၂) မည်သူမဆို၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၃) ပါပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်၊ ငါးနှစ်မှ ဆယ်နှစ်ထိအလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၈ ကိုပယ်ဖျက်ရမည်။

THE BURMA MEDICAL DEGREES ACT AMENDING LAW, 1962.

[THE REVOLUTIONARY COUNCIL LAW NO. 9 OF 1962.]

The Chairman of the Revolutionary Council makes the following Law:—

1. (1) This law may be called the Burma Medical Degrees Act Amending Law, 1962.

(2) It shall come into force at once.

2. *For* section 5 of the Burma Medical Degrees Act, hereinafter referred to as the said Act, the following *shall be substituted* as section 5, namely:—

Contravention of section 4.

" 5. Whoever contravenes the provisions of section 4 shall be punished with rigorous imprisonment which may extend from five to ten years, and shall also be liable to fine and, if the person so contravening is an association, every member of such association, who knowingly and wilfully authorises or permits the contravention shall be punished with rigorous imprisonment which may extend from five to ten years, and shall also be liable to fine."

3. *For* section 6 of the said Act, the following *shall be substituted* as section 6, namely:—

Penalty for falsely assuming or using medical titles.

"6. Whoever voluntarily and falsely assumes or uses any title or description or any addition to his name implying that he is qualified to practise Western medical science shall be punished with rigorous imprisonment which may extend from five to ten years, and shall also be liable to fine."

4. Section 7 of the said Act *shall be deleted.*

၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၀၈]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။အဖွဲ့တွင် နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကခန့်သား သော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်လူကြီးများ ပါဝင်ရမည်။"

၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်ပါရှိသည့်—

(က) ''တရားလွှတ်တော်ချုပ်'' ဆိုသည့် စကားရပ်အစား၊ ''နိုင်ငံတော်တရားရုံးချုပ်၊''

(ခ) ''နိုင်ငံတော်တရားဝန်ကြီးချုပ်'' ဆိုသည့် စကားရပ် အစား၊ ''နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ်၊''

(ဂ) ''တရားလွှတ်တော်ချုပ် တရားဝန်ကြီး'' နှင့် ''တရားလွှတ်တော် တရားဝန်ကြီး'' ဆိုသည့် စကားရပ် အသီးသီး အစား၊ ''နိုင်ငံတော် တရားရုံးချုပ်တရားသူကြီး၊''

ဆိုသည့်စကားရပ်တို့ကို ထည့်သွင်းရမည်။

၃။ ။ယခင်စစ်ဘက်အယူခံတရားရုံးတွင် မပြီးပြတ်ဘဲကျန်ရှိ နေသေးသော အယူခံမှုများကို ဤဥပဒေ ပုဒ်မ ၂ ဖြင့် ပြင်ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၂၁၁ အရ၊ ဖွဲ့စည်းသည့် စစ်ဘက်အယူခံတရားရုံးက မိမိ စတင်ကြားနာစစ်ဆေးဘိသကဲ့သို့ ဆက်လက်ကြားနာစစ်ဆေးရမည်။

THE FERRIES ACT AMENDING LAW, 1962.

[THE REVOLUTIONARY COUNCIL LAW NO. 12 OF 1962.]

The Chairman of the Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Ferries Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 15 of the Ferries Act, the words " or between points either of which is within or, within one, mile from, the limits of a public ferry " *shall be deleted.*

THE RANGOON CITY CIVIL COURT ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 13 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Rangoon City Civil Court Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 13 of the Rangoon City Civil Court Act, *for* the expression " rupees ten thousand " the expression " fifty thousand kyats " *shall be substituted*.

3. On the coming into force of this Law all suits of a civil nature pending before the Chief Court of Burma the amount or value of whose subject matter does not exceed fifty thousand kyats shall be deemed to have been transferred to the Rangoon City Civil Court under section 24 of the Code of Civil Procedure for trial or disposal.

၁၉၆၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၁၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၀ ပြည့်နှစ်၊ တရားရုံးများအက်ဥပဒေပုဒ်မ ၄ ကိုပယ်ဖျက်ရမည်။

(၂) ယင်းသို့ပယ်ဖျက်သည့်အခါ၊ နိုင်ငံတော်ဘရားရုံးချုပ်တွင် မပြီးပြတ်သေးဘဲကျန်ရှိနေသော ရာဇဝတ်အယူခံမှုအားလုံးသည်၊ သက်ဆိုင်ရာစက်ရှင်တရားရုံးသို့ လွှဲပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉۶၂ ခုနှစ်၊ **အထူးရာဇဝတ်ရုံးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်း အရာနှင့်ဖြစ်စေ၊ ရှေနောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''အထူးရာဇဝတ်ရုံး'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့်အထူးရာဇဝတ်ရုံးကိုဆိုလိုသည်။

(ခ) ''ဇယားဝင်ပြစ်မှု'' ဆိုသည်မှာ၊ ဤဥပဒေပါ ဇယားတွင် သီးခြားဖော်ပြထားသည့်ပြစ်မှု တခုခုကိုဆိုလိုသည်။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရသည်၊ မိမိသင့်တော်မည်ထင်သည့် အခရေအတွက်အထိ အထူးရာဇဝတ်ရုံးများကို၊ အမိန့်ကြော်ငြာစာဖြင့်၊ အခါအားလျော်စွာ ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အသစ်ပြန်လည် ဖွဲ့စည်းနိုင်သည်။ မည်သည့်အထူးရာဇဝတ်ရုံးကို၊ မည်သည့်အရပ်ဒေသအတွက် ဖွဲ့စည်းထားကြောင်း အမိန့်ကြော်ငြာစာဖြင့် သီးခြားဖော်ပြနိုင်သည်။

(၂) **အထူးရာဇဝတ်ရုံး**ဟုခေါ်၊ နာယကတဦးနှင့်အခြား အဖွဲ့ဝင်နှစ်ဦးပါဝင်ရမည်။

၄။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ တည်ဆဲ တရားဥပဒေအရပြစ်ဒဏ်စီရင်နိုင်သည့် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာစီရင်နိုင်သည်။

(၂) **အထူးအား**ဖြင့် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးရာဇဝတ်ရုံးမှာ၊ ဤဥပဒေပါ ဇယားဝင်ပြစ်မှုများကိုစစ်ဆေးကြားနာစီရင်ရန်အာဏာရှိရမည်။

(၃) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ တဦးတယောက်သောသူသည်၊ မိမိကျူးလွန်သည့် ဇယားဝင်ပြစ်မှု တခုခုအတွက်အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ အောက်ပါအချိန်အစားအတိုင်း ပြစ်ဒဏ်ထိုက်သင့်စေရမည်။

(က) သေဒဏ်။

(ခ) နှစ်အကန့်အသတ်မရှိသောတသက်တကျွန်းဒဏ်။

(ဂ) သုံးနှစ်အောက် မလျော့သော အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ သို့တည်းမဟုတ် သုံးနှစ်အောက် မခလျှော့သော အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။

(၄) အထူးရာဇဝတ်ရုံးက ဇယားဝင်ပြစ်မှုတခုခုကို စစ်ဆေးကြားနာစီရင်ရာတွင်၊ တရားခံအပေါ် ထိုပြစ်မှုဖြင့် စွဲချက်မတင်မီဖြစ်စေ၊ စွဲချက်တင်ပြီးနောက်ဖြစ်စေ တရားခံသည်၊ ဇယားဝင်ပြစ်မှုမဟုတ်သည့် အခြားပြစ်မှုတခုကို ကျူးလွန်သည်ဟုသက်သေခံ၌ ပေါ်ပေါက်ခဲ့လျှင်၊ ထိုတရားခံကို၊ ထိုအခြားပြစ်မှုအတွက် သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(၅) ပြစ်မှုတခုခုသည်၊ ဇယားဝင်ဖြစ်မှုဟုတ် မဟုတ်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်စေရမည်။

၅။ ။မည်သူမဆို၊ ဇယားဝင်ပြစ်မှုတခုခုကျူးလွန်ခြင်းကိုအားပေးကူညီလျှင်၊ သို့တည်းမဟုတ် ကျူးလွန်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင်၊ အဆိုပါပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကိုခံစေရမည်။

၆။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ ပြစ်မှုတခုခုကို ရဲအရာရှိက တင်သွင်းသောထိုပြစ်မှုဖြစ်မြောက်စေသည့် အကြောင်းခြင်းရာ တိုင်လျှောက်ချက်ကို၊ သို့တည်းမဟုတ် အစီရင်ခံစာကို ရရှိသောအခါ၊ အရေးယူနိုင်သည်။

(၂) အထူးရာဇဝတ်ရုံးမှာ၊ တရားခံကို စစ်ဆေးကြားနာစီရင်ရန်လွှဲအပ်တင်ပို့ခြင်းမရှိဘဲ၊ ဤဥပဒေအရ၊ ပြစ်မှုများကို အရေးယူနိုင်ခွင့်ရှိသည်။ ထို့ပြင်အထူးရာဇဝတ်ရုံးသည်၊ ဤဥပဒေအရ၊ ပြစ်မှုများကို စစ်ဆေးကြားနာစီရင်ရာ၌၊ ရာဇဝတ်တရားသူကြီးများက၊ ဝရမ်းမှုကို စစ်ဆေးကြားနာစီရင်ရန် ရာဇဝတ်ကျင့်ထုံးကိုဥပဒေတွင် သတ်မှတ်သည့်စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာရမည်။

ခြွင်းချက်။ ။သို့ရာတွင်—

(က) အထူးရာဇဝတ်ရုံးက တော်တည့်မှန်ကန်စွာ တရားစီရင်ရန်အလို့ငှါ၊ အမှုစစ်ဆေးကြားနာစီရင်ခြင်းကို ရွှေ့ဆိုင်းရန်လိုမည်မဟုတ်ဟုထင်မြင်လျှင်၊ အထူးရာဇဝတ်ရုံးမှာ၊ မည်သည့်ကိစ္စအတွက်မျှအမှုစစ်ဆေးကြားနာခြင်းကို ရွှေ့ဆိုင်းရန် တာဝန်မရှိစေ။

(ခ) သက်သေတဦး၏ ထွက်ဆိုချက်သည်၊ အရေးပါအရာရောက်လိမ့်မည်မဟုတ်ဟုအထူးရာဇဝတ်ရုံးက ကြေနပ်လျှင်၊ တိုသက်သေကိုမဆင့်ခေါ်လိုခြင်းဆိုနိုင်သည်။

(၃) အထူးရာဇဝတ်ရုံး၏အမှုဝင်များအချင်းချင်းသဘောကွဲလွဲသည့်အခါ၊ အမှုဝင်များရာ၏ ထင်မြင်ယူဆချက်အတိုင်း ဆုံးဖြတ်ရမည်။

၇။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ အခြားနည်းမည္ဆန်ကြားလျှင်၊ အထူးရာဇဝတ်ရုံးသည်၊ မိမိသတ်မှတ်သည့် နေရာနှင့်အချိန်တွင်ရုံးထိုင်နိုင်သည်။

(၂) အထူးရာဇဝတ်ရုံး၏အမှုဝင်တဦးဦးမှာ၊ အမှုတခုခုကို ဆက်လက်ကြားနာစစ်ဆေးခြင်းမပြုနိုင်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ ထိုအမှုဝင်အစား၊ အခြားပုဂ္ဂိုလ်တဦးကို၊ အထူး

ရာဇဝတ်ရုံး အမှုဝင်အဖြစ်ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားလျှင်၊ ထိုပုဂ္ဂိုလ်ကို၊ အမှု စတင် စစ်ဆေးသည့်အချိန်မှစ၍ ခန့်ထားဘိသကဲ့သို့၊ အမှုကို အထူးရာဇဝတ်ရုံးက ဆက်လက်စစ်ဆေးကြားနာစီရင်နိုင်သည်။

(၃) ဤဥပဒေတွင်အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊အထူးရာဇဝတ်ရုံး သည်၊ မူလစီရင်ပိုင်ခွင့်အာဏာရှိသည့် စက်ရှင်တရားရုံးဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

၈။ ။အထူးရာဇဝတ်ရုံးက တရားစီရင်ရာတွင်၊ မှန်ကန်၍ တရားမျှတမှုရှိ စေရန်၊ အထူးဥပဒေအရာရှိတဦး ပါဝင်စေနိုင်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သင့်တော်သူ တဦးဦးအား၊ အထူးဥပဒေအရာရှိအဖြစ် ခန့်ထားနိုင်သည်။ ထိုအထူးဥပဒေအရာရှိ၏ အာဏာနှင့် တာဝန် ပတ္တရားများမှာ နည်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

၉။ ။(၁) တရားခံတဦးဦးသည်၊ သို့တည်းမဟုတ် တရားခံများသည်၊ မာကျန်းမာခြင်းကြောင့်သော်၎င်း၊ အခြားအကြောင်းတခုခုကြောင့်သော်၎င်း၊ အထူး ရာဇဝတ်ရုံးသို့မလာရောက်နိုင်လျှင်၊ တရားခံအတွက် လိုက်ပါဆောင်ရွက်သည့် ရှေနေ ရှိပျှင်၊ အထူးရာဇဝတ်ရုံးက၊ ထိုတရားခံကိုယ်တိုင် ရုံးရှေ့မတက်ရောက်ဘဲ နေခွင့်ပြု နိုင်သည့်ပြင်၊ ထိုတရားခံများက်ကွယ်တွင်လည်း အမှုကို စစ်ဆေးကြားနာ စီရင်နိုင်သည်။

(၂) အထူးရာဇဝတ်ရုံးသည်၊ တရားလိုဘက်မှ တင်ပြသော သက်သေများ အနက် အချို့ကိုစစ်ဆေးပြီးသည့်အခါ၊ လိုအပ်လျှင်တရားခံအားစစ်ဆေးပြီးသည့်အခါ၊ ပြစ်မှုကို တရားခံက ကျူးလွန်ကြောင်းထင်မှတ်ရန် အကြောင်းရှိမည်ဟု ထင်မြင်လျှင်၊ တရားခံအပေါ်၌ စာဖြင့်ရေးသားမှု စွဲချက်တင်ရမည်။

(၃) ရာဇဝတ်ကျင့်ထုံး ကိုဥပဒေ ပုဒ်မ ၄၉၈ ပါ ပြဋ္ဌာန်းချက်များသည်၊ အထူးရာဇဝတ်ရုံးရှေ့တွင်ရောက်ရှိနေသည့်အမှုများနှင့် မသက်ဆိုင်စေရ။

(၄) ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပုဒ်မ ၅၂၆ နှင့် ၅၂၈ ပါ ပြဋ္ဌာန်းချက် များသည်၊ အထူးရာဇဝတ်ရုံးက စစ်ဆေးကြားနာစီရင်သည့်အမှုများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ ပုဒ်မ ၄၊ သို့တည်းမဟုတ် ပုဒ်မ ၅ အရ၊ ပြစ်မှုတခုခုအတွက် မိမိပြစ်ဒဏ်ချမှတ်လိုက်သည့်အမှုတိုင်းနှင့်စပ်လျဉ်း၍ အမှု တွဲကို၊ ဤကိစ္စအလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကခန့်ထားမည့် အတည်ပြုအာဏာပိုင်ထံပေးပို့၍ အတည်ပြုချက် ရယူရမည်။ အထူး ရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက် အတိုင်းအတည်မပြုမခြင်း မခိုင်လုံစေရ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အထူးရာဇဝတ် ရုံး၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို စီစစ်အတည်ပြုရန် ပုဂ္ဂိုလ်သုံးဦး ပါဝင်သော ''အဟသ်ပြုအာဏာပိုင်'' ကို၊ မိမိသင့်တော်မည်ထင်သည့် အရာရှိဒေသ အတွက် အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာခန့်စေနိုင်သည်၊ သို့တည်းမဟုတ် အသစ်ပြန်လည်ဖွဲ့စည်းနိုင်သည်။

(၃) အတည်ပြုအာဏာပိုင်သည်၊ ပြစ်မှုတခုခုအတွက်၊အထူးရာဇဝတ်ရုံးက ပုဒ်မ ၄၊ သို့တည်းမဟုတ် ပုဒ်မ ၅ အရ၊ ချမှတ်သည့် ပြစ်ဒဏ်တခုခုကို၊ အတည်ပြုနိုင်

သည်၊ သို့တည်းမဟုတ် လျှောနိုင်သည်၊ သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့် ပြုနိုင်သည်။ တို့ပြင် အတည်ပြုအာဏာပိုင်သည်၊ အထူးရာဇဝတ်ရုံး၏ အပြစ်ရှိသည် ဆို သည့်ဆုံးဖြတ်ချက်အစား၊ ဆုံးဖြတ်ချက် အသစ်တခုကို ချမှတ်နိုင်၍၊ ထိုဆုံးဖြတ်ချက် အသစ်တွင် သီးခြားဖေါ်ပြသည့် ပြစ်မှုအတွက်သော်၎င်း၊ ထိုဆုံးဖြတ်ချက်အသစ်တွင် ပေါ်လွင်သည့် ပြစ်မှုအတွက်သော်၎င်း ပြင်ဒဏ်ချမှတ်နိုင်သည်၊ သို့တည်းမဟုတ် ထို အမှု၏အဖြစ်အပျက် ကြောင်းခြင်းရာများနှင့် သင့်လျော်မည့်အခြားညွှန်ကြားချက်တရပ် ကိုလည်း ပြုလုပ်နိုင်သည်။

ရာဇဝတ်ကျင့်ထုံး ကိုဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ၊ ဤပုဒ်မအရအတည် ပြုပြီးသော အထူးရာဇပတ်ရုံး၏အမိန့်ကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်းထုတ်ပြန်ကေညာရမည်။

(၄) ပုဒ်မခွဲ (၃) အရ ချမှတ်သည့်ပြစ်ဒဏ်သည်၊ ပြစ်ဒဏ်ချမှတ်ချက်အသစ် တခုဖြင့် အစားထိုးခြင်းခံရသောပြစ်ဒဏ်ထက်မပိုစေရ၊ သို့တည်းမဟုတ် ပြင်ဒဏ်များ အချိုးအစားဟောင်း၊ ထိုအစားထိုးခြင်းခံရသော ပြစ်ဒဏ်ထက်မမြင့်စေရ။

(၅) မည်သည့်အမှုသည်မှာမျှ အတည်ပြုအာဏာပိုင်ရှေ့တွင် ကိုယ်တိုင် ဖြစ်စေ၊ ရှေနေဖြင့်ဖြစ်စေလျှောက်လဲနိုင်ခွင့်မရှိစေရ။ သို့ရာတွင် အတည်ပြုအာဏာပိုင် သည်၊ မိမိသင့်တော်သည်ဟုထင်မြင်လျှင် အမှုသည်ကိုသော်၎င်း၊ ရှေနေကိုသော်၎င်း ကြားနာနိုင်သည်။

၁၁။ ။(၁) အထူးရာဇဝတ်ရုံးက စစ်ဆေးကြားနာစီရင်သည့် အမှု တခုခုတွင် သေဒဏ်ချမှတ်၍ အတည်ပြုအာဏာပိုင်က အတည်ပြုလျှင်၊ ထိုသေဒဏ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်တရားရုံးချုပ်၏အတည်ပြုချက်ကိုရယူရမည်။

(၂) အထူးရာဇဝတ်ရုံးကစီရင်သည့်အမှုများတွင်၊အတည်ပြုအာဏာပိုင်က အတည်ပြုပြီးသော ၇ နှစ်နှင့် ၇ နှစ်ထက် ပိုသော ထောင်ဒဏ်၊ သို့တည်းမဟုတ် သေဒဏ်ချမှတ်သည့်အမှုများကိုသာ နိုင်ငံကော် တရားရုံးချုပ်သို့ အယူခံဝင်နိုင်သည်။ အခြားအမှုများတွင်အယူခံဝင်နိုင်ခွင့်မရှိစေရ။

၇ နှစ်နှင့် ၇ နှစ်ထက်ပိုသော ထောင်ဒဏ်ချမှတ်သည့်အမှုများတွင်၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ ထုတ်ပြန်ကေညာပြီးသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း၊ သို့တည်းမဟုတ် သေဒဏ်ချမှတ်သည့် အမှုများတွင်၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ ထုတ်ပြန်ကေညာပြီးသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်နိုင်သည်။

(၃) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ သည်၊ အထူးရာဇဝတ်ရုံးကချမှတ်သော စီရင်ချက်များမှပေါ်ပေါက်သော နိုင်ငံတော် တရားရုံးချုပ်၏အမိန့်များနှင့် မသက်ဆိုင်စေရ။

(၄) ရာဇဝတ်ကျင့်ထုံး ကိုဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ အထူး ရာဇဝတ်ရုံးကစီရင်သည့်အမှုများနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးမှာမျှ ပြင်ဆင်မှုဆိုင်ရာ အာဏာကိုသုံးငှဲ့နိုင်ခွင့်မရှိစေရ။

၁၂။ ။(၁) တည်ဆဲအခြား တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိ စေကာမူ၊ ပုန်ကန်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားရာတွင် လက်နက် ခဲယမ်း မီး ကျောက်၊ သို့တည်းမဟုတ် စစ်ပစ္စည်းများနှင့် တပါတည်းဖြစ်စေ၊ တပါတည်းမဟုတ်ဘဲ

ဖြစ်စေ ဘမ်းဆီးရမိသူ တဦးအား တရားစွဲဆိုသည့်အမှုတွင် ထိုသူက နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကျူးလွန်ရန်ကြံရွယ်ချက်ဖြင့် မတရားအသင်းဥ္စ ပါဝင်သူ မဟုတ်ကြောင်းသက်သေထင်ရှားမပြသရွေ့ ထိုသူမှာ နိုင်ငံတော်သစ္စာဖေါက်ဖျက် ပုန်ကန်မှုကျူးလွန်ရန်ကြံရွယ်ချက်ဖြင့် မတရားအသင်းဥ္စပါဝင်သူဖြစ်သည်ဟုယူဆရမည်။

(၂) သက်သေခံအက်ဥပဒေတွင်သော်၎င်း၊ အခြားတည်ဆဲ တရားဥပဒေတခုခုတွင်သော်၎င်း မည်သို့ပင်ပါရှိစေကာမူ၊ တရားဥပဒေတခုခုအရစွဲဆိုသောအမှုတွင် တရားခံတဦးသည်၊ ရဲအချုပ်တွင်ရှိစေကာမူ၊ထိုတရားခံထံမှရရှိသောသတင်းပေးချက်ကို အကြောင်းပြု၍ လက်နက် ခဲယမ်းမီးကျောက်ပစ္စည်းများ၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားများကို ရှာဖွေတွေ့ရှိခဲ့လျှင်၊ ထိုသတင်းပေးချက်မှာ ဖြောင့်ချက်သဘောသက်ရောက်သည်ဖြစ်စေ၊ မသက်ရောက်သည်ဖြစ်စေ ၎င်းကိုသက်သေထင်ရှား ပြနိုင်သည်။

၁၃။ ။(၁) အထူးရာဇဝတ်ရုံးရပ်စဲလျှင်၊ ၎င်း၏အမှုတွဲများ၊ စာရွက် စာတမ်းများနှင့် အခြားရုံးပစ္စည်းများကို သက်ဆိုင်ရာစက်ရှင်တရားရုံး၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသတ်မှတ်သည့် အာဏာပိုင်သို့လွှဲပြောင်းပေးအပ်ရမည်။

(၂) ရာဇဝတ်ကျင့်ထုံး ကိုဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ—

(က) နိုင်ငံတော်တရားရုံးချုပ်က ဖြစ်စေ၊ အတည်ပြု အာဏာပိုင်က ဖြစ်စေ အတည်ပြုသည့် အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍ အထူးရာဇဝတ်ရုံးရပ်စဲခဲ့ပါမူ၊ထိုသို့ရပ်စဲခြင်းမပြုပါက၊ ၎င်းကသုံးစွဲဆောင်ရွက်ရမည့်အာဏာနှင့် တာဝန်ဝတ္တရားများကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သတ်မှတ်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အာဏာပိုင်ကသုံးစွဲဆောင်ရွက်ရမည်။

(ခ) အထူးရာဇဝတ်ရုံး၏စီရင်ချက်များကို အယူခံဝင်သည့်အမှုများနှင့်စပ်လျဉ်း၍ အထူးရာဇဝတ်ရုံးရပ်စဲခဲ့ပါမူ၊ ထိုသို့ရပ်စဲခြင်း မပြုပါက၊ ၎င်းကသုံးစွဲဆောင်ရွက်ရမည့် အာဏာနှင့် တာဝန်ဝတ္တရားများကို သက်ဆိုင်ရာစက်ရှင်တရားသူကြီးက သုံးစွဲဆောင်ရွက်ရမည်။

၁၄။ ။ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊ ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပါပြဋ္ဌာန်းချက်များနှင့် အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အထူးရာဇဝတ်ရုံးရှေ့ရှိ အမှုများနှင့်၎င်း၊ ထိုအမှုများနှင့်စပ်ဆိုင်သည့်၊ သို့တည်းမဟုတ် ထိုအမှုများမှပေါ်ပေါက်လာသည့် အခြားကိစ္စများနှင့်၎င်း ထိုအထူးရာဇဝတ်ရုံးသည် မူလစီရင်ပိုင်ခွင့်အာဏာရှိသည့်စက်ရှင်တရားရုံးဖြစ်ဘိသကဲ့သို့ သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။

၁၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အထူးရာဇဝတ်ရုံးဥ္စစစ်ဆေးကြားနာလျက်ရှိသည့် မည်သည့်အမှုကိုမဆို အခြားအထူးရာဇဝတ်ရုံးသို့ ဖြစ်စေ၊ အခြားတရားရုံးသို့ဖြစ်စေ လွှဲပြောင်းပေးနိုင်သည်။

၁၆။ ။ဤဥပဒေ စတင်အာဏာတည်သည့် နေ့ရက်၌ မြန်မာနိုင်ငံအတွင်း တရားရုံးတခုခုတွင် မပြီးပြတ်သေးသောမည်သည့်ဇယားဝင်ပြစ်မှုမျိုးကိုမဆို ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသည့် အထူးရာဇဝတ်ရုံးသို့ လွှဲပြောင်းပေးရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ညွှန်ကြားနိုင်သည်။ ထိုကဲ့သို့လွှဲပြောင်းခြင်းခံရသည့် အထူး ရာဇဝတ်ရုံးသည်၊ ထိုအမှုများကို မိမိ၏ရုံးတွင် စွဲဆိုထားဘိသကဲ့သို့ ဆက်လက်စစ်ဆေး ကြားနာစီရင်နိုင်သည်၊ သို့တည်းမဟုတ်အသစ်ပြန်လည်စစ်ဆေးကြားနာစီရင်နိုင်သည်။

၁၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ဇယားကို အခါအားလျော်စွာပြင်နိုင်သည်။

၁၈။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိအား ဤဥပဒေဖြင့်ပေးအပ်ထားသော နည်းဥပဒေပြုနိုင်သည့်အာဏာမှတပါး အခြားအာဏာ နှင့်တာဝန်ဝတ္တရားအားလုံးကို ဖြစ်စေ၊ တခုခုကိုဖြစ်စေ၊ အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်တဦးဦးကသုံးစွဲဆောင်ရွက်ရမည်ဟု အမိန့်ဖြင့်ညွှန်ကြားနိုင်သည်။

၁၉။ ။ဤဥပဒေအရ ချမှတ်သည့်အမိန့်၊ သို့တည်းမဟုတ်စွဲဆိုသည့်မှုခင်း ကိစ္စကိုဖြစ်စေ၊အထူးရာဇဝတ်ရုံးမှစည်းပုံ၊သို့တည်းမဟုတ် ၎င်း၏စီရင်ပိုင်ခွင့်အာဏာကို ပြင်ဆင်စေ မည်သည့်တရားရုံးကမျှ မခိုင်လုံဟူ၍ခြင်းဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် ယင်းသို့ မခိုင်လုံဟုခြင်းဆိုခြင်းကိုလည်းခွင့်မပြုရ။

၂၀။ ။(၁) ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်း မဟုတ်ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စအတွက်၊ မည်သူ့ကိုမျှတရားမမှုဖြစ်စေ၊ရာဇဝတ် မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

(၂) ဤဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး ဤဥပဒေအရဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စ ကြောင့်ဖြစ်သော၊ သို့တည်းမဟုတ် ထိုကိစ္စကြောင့်ဖြစ်ရန်အကြောင်းရှိသော ပျက်စီး နှစ်နာမှုအတွက်အစိုးရအား၊ တရားမမှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၁။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

ဇယား။

[ပုဒ်မ ၄ ကိုကြည့်ပါ။]

(၁) ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးအက်ဥပဒေ ပုဒ်မ ၃(၁)နှင့်ပုဒ်မ ၄(၂)။

(၂) ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁)၊ ပုဒ်မ ၁၂၃(၁)၊ ပုဒ်မ ၁၂၄-က၊ ပုဒ်မ ၁၈၈၊ ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၃၆၅၊ ပုဒ်မ ၃၆၆၊ ပုဒ်မ ၃၆၆-က၊ ပုဒ်မ ၃၇၂၊ ပုဒ်မ ၃၇၃၊ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၉၂၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆ နှင့် ပုဒ်မ ၄၁၆။

(၃) ၁၉၅၀ ပြည်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရဖြစ်သောပြစ်မှု များ။

(၄) လက်နက်အက်ဥပဒေ (The Arms Act) အရဖြစ်သောပြစ်မှုများ။

(၅) ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရဖြစ်သောပြစ်မှုများ။

(၆) ၁၉၅၁ ခုနှစ်၊ လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေ [The Arms (Temporary Amendment) Act, 1951] အရ ဖြစ်သောပြစ်မှုများ။

(၇) ဘိန်းအက်ဥပဒေ (The Opium Act) အရဖြစ်သောပြစ်မှုများ။

(၈) မတရားအသင်းအက်ဥပဒေ (The Unlawful Associations Act) အရ ဖြစ်သောပြစ်မှုများ။

(၉) ၁၉၄၇ ခုနှစ်၊ ပြည်သူ့သုံးလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေ (The Public Utilities Protection Act, 1947) အရ ဖြစ်သောပြစ်မှုများ။

(၁၀) ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်စည်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ (The Essential Supplies and Services Act, 1947) အရ ဖြစ်သောပြစ်မှုများ။

(၁၁) ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပစ္စည်းကာကွယ်ရေး အက်ဥပဒေ (The Public Property Protection Act, 1947) အရ ဖြစ်သော ပြစ်မှုများ။

၁၉၆၂ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဥပဒေ။

[ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၆၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ဤဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေနောက်စကားတို့၏အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) “ ကော်ပိုရေးရှင်း ” ဆိုသည်မှာ၊ ဤဥပဒေအရတည်ထောင်သော စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) “အဖွဲ့” ဆိုသည်မှာ၊ ဤဥပဒေအရဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကို ဆိုလိုသည်။

(ဂ) “အုပ်ချုပ်ရေးအဖွဲ့” ဆိုသည်မှာ၊ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ဃ) “ စက်မှုလက်မှုလုပ်ငန်း ” ဆိုသည်မှာ၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်းမှတပါး၊ အခြား စက်မှုလက်မှုလုပ်ငန်းများကို ဆိုလိုသည်။

အခန်း ၂။

ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်အထမြောက် အောင်မြင်စေရန်အလို့ငှါ “စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း”ဟု ခေါ်သည့် ကော်ပိုရေးရှင်းတခုကို တည်ထောင်ရမည်။

(၂) အဆိုပါကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် တကွ၊ မိမိပိုင်တံဆိပ်တခုရှိသောတရားဝင်အဖွဲ့ဖြစ်ရမည်ဖြင့်၊ ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်း၌ ရွှေပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေပြောင်းနိုင်သည့်ပစ္စည်းများကိုရယူခွင့်၊ လက်ရှိထားခွင့်၊ ပိုင်ဆိုင်ခွင့်ရှိရမည်။ ထို့ပြင် အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်ရန်၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းပိုင် ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကို၊ ကော်ပိုရေးရှင်းက ဆက်ခံရမည်ဖြင့်၊ အဆိုပါ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း ကော်ပိုရေးရှင်းကပင် ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

၄။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ကြီး ကြပ်၊ ထိန်းသိမ်း၊ ညွှန် ကြား၊ ဆောင်ရွက်ရန်ဒါရိုက်တာအဖွဲ့တခုဖွဲ့စည်းရမည်။ အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏အာဏာများနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏အာဏာများနှင့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာတွင်၊ ကုန်သွယ်မှုလုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည်ဖြင့်၊ စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် အများပြည်သူအကျိုးကို ဂရုပြုရမည်။

၅။ ။(၁) အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ
အမှုဆောင်၊ စက်မှုလက်မှုဌာန .... ဥက္ကဋ္ဌ။
(ခ) အတွင်းဝန်၊ စက်မှုလက်မှုဌာန .... အဖွဲ့ဝင်။
(ဂ) အဘွင်းဝန်၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန .... ဝင်း
(ဃ) အတွင်းဝန်၊ ကာကွယ်ရေးဌာန .... ဝင်း
(င) အတွင်းဝန်၊ ထောက်ပံ့ရေးနှင့် သမဝါယမဌာန ဝင်း
(စ) အတွင်းဝန်၊ ကုန်သွယ်မှုတိုးတက်ရေးဌာန .... ဝင်း
(ဆ) စက်မှုလက်မှုညွှန်ကြားရေးဝန် .... ဝင်း
(ဇ) } ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့
(ဈ) } ဝင်စက်မှုလက်မှုဌာနကခန့်ထားသည့်ပုဂ္ဂိုလ်နှစ်ဦး ဝင်း
(ည) ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာ .... အတွင်းရေးမှူး။

(၂) ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာကို အစိုးရကခန့်ထားရမည်။

၆။ ။ကော်ပိုရေးရှင်းက ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်၊ လုပ်ကိုင်မှု၊ ရောင်းမှု၊ သို့တည်းမဟုတ် ဝယ်မှုတခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့်အကျိုးသက်ဆိုင်သည့်ဒါရိုက်တာသည်၊ မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို၊ အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။ ထိုသို့ ထုတ်ဖော်ပြောဆိုချက်ကို အဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထို့ပြင် ထိုဒါရိုက်တာသည်၊ ထိုပဋိညာဉ်နှင့်၊ သို့တည်းမဟုတ် ထိုလုပ်ကိုင်မှုနှင့်၊ သို့တည်းမဟုတ် ထိုရောင်းမှုနှင့်၊ သို့တည်းမဟုတ် ထိုဝယ်မှုနှင့်စပ်လျဉ်း၍၊ အဖွဲ့ကဆွေးနွေးရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင်မပါဝင်ရ။

၇။ ။အဖွဲ့သည်၊ အမှုဆောင်ဒါရိုက်တာဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအမည်များကို သတ်မှတ်ရမည်ဖြင့်၊ အဖွဲ့၏တာဝန်ဝတ်တရားနှင့် အာဏာအချို့ကိုလည်း အမှုဆောင်ဒါရိုက်တာသို့ လွှဲအပ်နိုင်သည်။

၈။ ။အမှုဆောင်ဒါရိုက်တာအား အစိုးရက သတ်မှတ်သည့် လစာနှင့်စရိတ် ကြေးငွေများပေးရမည်။

၉။ ။အဖွဲ့သည်၊ အဖွဲ့ဝင်များထဲမှအချို့ကို သော်၎င်း၊ အခြားအစိုးရအရာရှိ များကိုသော်၎င်း၊ ကော်ပိုရေးရှင်း၏ကြီးကြပ်မှုအောက်ရှိစက်မှုလက်မှုလုပ်ငန်းများတွင် အုပ်ချုပ်ရေးမှူးများအဖြစ်ခန့်ထားနိုင်သည်။

၁၀။ ။အဖွဲ့သည်၊ အုပ်ချုပ်ရေးမှူးများဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တာ ဝန်ဝတ်တရား အမျိုးအမည်များကို သတ်မှတ်ရမည့်ပြင်၊ အုပ်ချုပ်ရေးမှူးများအား လစာများပေးရန်လိုအပ်ပါက မည်ရွေ့မည်မျှပေးရမည်ကိုလည်း သတ်မှတ်ရမည်။

၁၁။ ။အဖွဲ့၏ ဆောင်ရွက်မှုများသည်၊ ဒါရိုက်တာ ရာထူးနေရာလစ်လပ်သည့် အကြောင်းကြောင့်သော်၎င်း၊ ဒါရိုက်တာ တဦးဦးခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

အခန်း ၃။

ကော်ပိုရေးရှင်း၏အာဏာနှင့်တာဝန်ဝတ်တရားများ။

၁၂။ ။(၁) စက်မှုလက်မှု လုပ်ငန်းတည်ထောင်မှုနှင့် တိုးချဲ့လုပ်ကိုင်မှုတို့ကို ဆောင်ရွက်ခြင်းသည်၊ ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားဖြစ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသော တာဝန်ဝတ် တရားများနှင့် ဆယ်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုလည်း၊ ထိုတာဝန်ဝတ် တရားများဆောင်ရွက်ရာ၌လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော် မည်ဟု ထင်မြင်သော ကိစ္စများကိုလည်း၊ ဆောင်ရွက်ရမည်။ အထူးအားဖြင့် ဤပုဒ်မ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အောက်ပါကိစ္စများကိုလည်းဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သဘော တူညီပြီးဖြစ်သော၊ မည်သည့်အခြေခံ စီမံကိန်းများနှင့်မျှ မဆန့်ကျင် သည့် စက်မှုလက်မှု တိုးတက်ရန် စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကိုသိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန် ပညာပေးခြင်း၊ စမ်း သပ်လုပ်ကိုင်ခြင်း၊ သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်း။

(၃) ကော်ပိုရေးရှင်းသည်၊ မိမိ၏တာဝန်ဝတ်တရားများကိုဆောင်ရွက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ ပဂ္ဂလိကပိုင်အရင်းရှင်လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်နိုင်သည်။

(၄) ဤအက်ဥပဒေပါကိစ္စများအတွက် ကော်ပိုရေးရှင်းကမည်သည့်မြေကိုမဆို အသုံးရှိခဲ့လျှင်၊ ထိုခမြေကိုသိမ်းယူရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံ လျှောက်တောင်းရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သဘောကြိုက်ညီလျှင်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄ တွင်ဖော်ပြသည့်အတိုင်း၊

ထိုမြေကို၊ ပြည်သူ့ကိစ္စအတွက် အလိုရှိသည်ဟု၍ မှတ်ယူရန်ပြဋ္ဌာန်းနိုင်သည်။ ထိုသို့ ပြဋ္ဌာန်းပြီးလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုမြေကိုသိမ်းယူရန် လိုအပ်သလို ဆောင်ရွက်နိုင်သည်။ ထို့ပြင် မြေသိမ်းအက်ဥပဒေအရ၊ ထိုမြေကိုသိမ်းယူသည့်အတွက် ပေးရန်ဆုံးဖြတ်သည့်လျော်ကြေးမှစ၍ သိမ်းယူရာ၌ ကုန်ကျသောစရိတ် ကြေးငွေအဝဝ၊ ကို ကော်ပိုရေးရှင်းကပေးစေရမည်။ ယင်းသို့ပေးပြီးမှသာ၊ ထိုမြေကိုကော်ပိုရေးရှင်းက ပိုင်ရမည်။

၁၃။ ။ပုဒ်မ ၁၂ ပါတာဝန်ဝတ်ဘရားများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ကော်ပိုရေးရှင်း၌၊ အောက်ပါကိစ္စများကိုဆောင်ရွက်ရန်လည်းအာဏာရှိရမည်။

(က) ဤဥပဒေအရပြဋ္ဌာန်းထားသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ ရံပုံငွေမှငွေများသုံးစွဲခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးမဟာဗျူဟာ ဥက္ကဋ္ဌက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ခံဝန်ချုပ်များ (Bonds)၊ ကြွေးမြီအာမခံစာချုပ်များ (Debentures) နှင့် အစုစတော့(စ်) များ (Stocks) ထုတ်ပေးခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ မြန်မာနိုင်ငံ အတွင်းမှဖြစ်စေ၊ ငွေချေးယူသုံးစွဲခြင်း။

(ဃ) ဒါရိုက်တာနှစ်ဦး၊ ဒုတိယဥက္ကဋ္ဌမဟုတ် နှစ်ဦးထက်ပိုသောဒါရိုက်တာများ ပါဝင်သည့်ကော်မီတီများကို၊ အဖွဲ့က သာမန်ကိစ္စများအတွက်သော်၎င်း၊ အထူးကိစ္စအတွက်သော်၎င်း၊ ခန့်ထား၍၊ ထိုကော်မီတီများအား အဆိုပါကိစ္စများနှင့် စပ်လျဉ်းသည့်လိုအပ်သော ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများနှင့် အာဏာများလွှဲအပ်ခြင်း။

(င) ကိုယ်စားလှယ်များခန့်ထား၍၊ ထိုကိုယ်စားလှယ်များအား ဤဥပဒေ၏ ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အဖွဲ့က လိုအပ်သည်ဟု ထင်မြင်သော တာဝန်ဝတ်တရားများနှင့် အာဏာများလွှဲအပ်ခြင်း။

(စ) စက်မှုလက်မှုနှင့် စပ်လျဉ်း၍ မည်သည့်ကိစ္စ၌မဆို အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်ရွေးချယ်ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်အား သင့်တော်သော အခနှင့် စရိတ်ကြေးငွေများပေးခြင်း။

(ဆ) ကော်ပိုရေးရှင်း၏လုပ်ငန်းဆောင်တာများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုကိုလိုက်နာရမည့် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခြင်း။

(ဇ) အောက်ပါကိစ္စ အားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စည်းကမ်းဥပဒေများပြုခြင်း။

(၁) အဖွဲ့၏အစည်းအဝေးများ ဘိတ်ခေါ်ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် နည်းလမ်းများနှင့် အဖွဲ့အစည်းအဝေးများတွင် လိုက်နာရမည့် ကျင့်ထုံးသတ်မှတ်ခြင်း။

(၂) ကော်ပိုရေးရှင်း၏ ရာထမ်းမှူထမ်းများခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်းမှူထမ်းများ၏လစာ၊ စရိတ်ကြေးငွေနှင့် အမှူထမ်းစည်းကမ်းများသတ်မှတ်ခြင်း။ ထိုရာထမ်းမှူထမ်းများ၏ တာဝန်ဝတ်တရားများနှင့်အာဏာများကိုသတ်မှတ်ခြင်း။

(၃) ကော်ပိုရေးရှင်း၏ ရာထမ်းမှူထမ်းများ သက်သာချောင်ချိရေး အတွက်သင့်တော်မည့်အိုနာစာရုံပုံငွေနှင့် အခြား အထောက်အပံ့များစီမံပြုလုပ်ပေးခြင်း။

(၄) ကော်ပိုရေးရှင်း၏ကိုယ်စား စာချုပ်စာတမ်းများလက်မှတ်ရေးထိုးခြင်း။

၁၄။ ။(၁) ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများ ဆောင်ရွက်ရာတွင် အဖွဲ့ကလိုက်နာရမည့်မူနှင့် သက်ဆိုင်သည့်အချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အဖွဲ့နှင့်တိုင်ပင်၍ ညွှန်ကြားသည့် အတိုင်းဖြစ်ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ မည်သည့် အခါမဆို၊ ကော်ပိုရေးရှင်း၏အမှုတွဲများကိုဌင်း၊ အစီရင်ခံစာများကိုဌင်း၊ မှန်းခြေငွေစာရင်းများကိုဌင်း၊မိမိထံတင်ပြရန်တောင်းဆိုနိုင်သည်။ ယင်းသို့တောင်းဆိုသည့်အခါ၊ ကော်ပိုရေးရှင်းကလိုက်နာဆောင်ရွက်ရမည်။

၁၅။ ။အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွက်ကော်ပိုရေးရှင်း၏ တာဝန် ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ရင်း၊ ကော်ပိုရေးရှင်းကလိုက်နာသည့်မူနှင့်ရင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ရင်း၊ စပ်လျဉ်း၍၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌထံအစီရင်ခံစာတင်သွင်းရမည်။

အခန်း ၄။

ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ ရုံပုံငွေတခုထားရှိရမည်။ ကော်ပိုရေးရှင်းရရှိသောငွေအားလုံးကို ထိုရုံပုံငွေသို့ထည့်သွင်း၍၊ ကော်ပိုရေးရှင်းက ပေးရန်ရှိသောငွေအားလုံးကိုထိုရုံပုံငွေထဲမှပေးရမည်။

၁၇။ ။ကော်ပိုရေးရှင်းကမိမိ၏အာဏာနှင့်တာဝန်ဝတ်တရားများသုံးဆွဲဆောင်ရွက်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ကော်ပိုရေးရှင်းအား ထောက်ပံ့ငွေအဖြစ်ဖြစ်စေ၊ ပုံတိုက်ရုံပုံငွေအဖြစ်ဖြစ်စေ၊ ချေးငွေအဖြစ်ကြိုတင်ထုတ်ပေးခြင်းဖြင့်ဖြစ်စေ သင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များဖြင့်၊ သာမန်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ ဖြစ်စေ ငွေထုတ်ပေးနိုင်သည်။ ထို့ပြင်ကော်ပိုရေးရှင်းသည်ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အကျိုးတူ မြှုပ်နှံ ရင်းနှီးငွေ (Equity Investment) အဖြစ်ပေးအပ်သည့်ငွေ၊ သို့တည်းမဟုတ် လွှဲပြောင်းသတ်မှတ်ပေးသည့်၊ ငွေကိုလက်ခံနိုင်ခွင့်ရှိသည်။

၁၈။ ။ကော်ပိုရေးရှင်းသည်၊ ချက်ခြင်းအသုံးမလိုသည့်မိမိပိုင်ငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက သဘောတူသည့်ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

၁၉။ ။(၁) ကော်ပိုရေးရှင်းသည်၊ ဘဏ္ဍာတော်နှစ် အသီးသီး မကုန်မီ ရက်ပေါင်း ၃၀ ကြိုတင်၍၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ထံသဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေ ငွေစာရင်းကိုပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာထိုနည်းအတူ တင်သွင်းနိုင်သည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့်စည်းကမ်းချက်များနှင့် အညီပြန်လည်ခွဲဝေသုံးစွဲခြင်းမှတပါး၊ ပုဒ်မခွဲ (၁) အရခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းထက်ပိုမ၍မည်သည့် အသုံးစရိတ်ကိုမျှ၊ ကော်ပိုရေးရှင်းကကျခံခြင်းမပြုရ။

၂၀။ ။(၁) ကော်ပိုရေးရှင်းသည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သည့်ငွေစာရင်းများကိုလည်း၊ ထိုငွေစာရင်းများနှင့်သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ် ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနှစ်နှင့် ပုံစံအတိုင်းထားရှိရမည်။ ထို့ပြင်ဘဏ္ဍာတော်နှစ်အသီးသီးနှင့် စပ်လျဉ်းသည့်ကော်ပိုရေးရှင်း၏နှစ်ချုပ်ငွေစာရင်းကိုကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်းစိစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက် ကော်ပိုရေးရှင်း၏ ငွေစာရင်းရှင်းတမ်းအပြင်၊အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကိုလည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌထံပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသို့တင်ပြရမည်။ သို့ရာတွင်ကော်ပိုရေးရှင်းသည်၊နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက်ခန့်ထားသော မှတ်ပုံတင်စာရင်းစစ်များအား၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့်၊ ကော်ပိုရေးရှင်း၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်း နည်းလမ်းအတိုင်းကြားဖြတ်စစ်ဆေးနိုင်သည်။

(၄) ကော်ပိုရေးရှင်း၏ ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင်ထိုရှင်းတမ်းနှင့်အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီကို၊ ကော်ပိုရေးရှင်း၏ ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကဇယားဘုဏ္ဍာ အဓိနဲ့ဖြင့်ဖြစ်စေ၊သီးခြားအမိန့်ဖြင့်

ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင်နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤဥပဒေအရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသို့၊နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက် အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။

၂၁။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုးယုတ်လျော့ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော် စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ပြဋ္ဌာန်းသည့်နှုန်းထားနှင့်စည်းကမ်းချက်များအတိုင်းသတ်မှတ်ရမည်။

၂၂။ ။ကော်ပိုရေးရှင်း၏ အသားတင် အမြတ်ငွေများထဲမှ အပိုရာထားငွေနှင့် အခြားရံပုံငွေများသို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌက အမှုနှင့်ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်သတ်မှတ်သည့် နှုန်းအတိုင်း ငွေများလွှဲပြောင်းခွဲဝေပေးရမည်။

အခန်း ၅။

ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသောကြွေးမြီများကို ပေးဆပ်ရန်ပျက်ကွက်ခဲ့သော အမှုအခင်းများတွင်ကော်ပိုရေးရှင်း၏အခွင့်အရေးများနှင့် အာဏာများ။

၂၃။ ။(၁) မည်သည့်စက်မှုလက်မှုလုပ်ငန်းမဆို၊ စာချုပ်စာတမ်းများအရ၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရမည့် ကြွေးမြီများကို ပေးဆပ်ရန် ပျက်ကွက်လျှင်သော်၎င်း၊ ကော်ပိုရေးရှင်းနှင့် ချုပ်ဆိုထားသောစာချုပ်စာတမ်းပါ ဝည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်လျှင်သော်၎င်း အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းခွင့်၊ အဆိုပါလုပ်ငန်းကို၊ သို့တည်းမဟုတ်၎င်း၏ အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူနိုင်ခွင့်ရှိရမည်ဟုပြင်၊ ကော်ပိုရေးရှင်းသို့ အာမခံအဖြစ်ဖြင့် ပေးသွင်းထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော၊ သို့တည်းမဟုတ် လွှဲအပ်ထားသော ပစ္စည်းများကိုရောင်းချ၍ကြွေးမြီများကို ရယူနိုင်ခွင့်လည်းရှိရမည်။

(၂) ပုဒ်ခွဲ(၁) အရ၊ ကော်ပိုရေးရှင်းကပစ္စည်းများကို၊အခြားသူတဦးဦးအားရောင်းချလျှင်၊ အဆိုပါပစ္စည်းများကို ဝယ်ယူရရှိသူသည်၊ မူလပိုင်ဆိုင်သူထံမှတိုက်ရိုက်ဝယ်ယူသည့်အခါရရှိထိုက်သော အခွင့်အရေးများအတိုင်းရရှိစေရမည်။

(၃) အာမခံအဖြစ်ဖြင့် ပေးသွင်းထားသော ပစ္စည်းအားလုံးမှဖြစ်စေ၊ တစိတ်တဒေသမှဖြစ်စေ၊ထုတ်လုပ်၍ပေါ်ထွက်လာသောကုန်ပစ္စည်းများပေါ်၌ ကော်ပိုရေးရှင်းသည်၊ မူလအာမခံအဖြစ်ဖြင့်ရရှိသော ပစ္စည်းများပေါ်တွင် ရရှိသည့်အခွင့်အရေးများအတိုင်းရရှိစေရမည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက စက်မှုလက်မှုလုပ်ငန်း တခုခုကို၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူလျှင်ဖြစ်စေ၊ ပစ္စည်းများကို ရောင်းချလျှင်ဖြစ်စေ အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍၊နည်းလမ်းတကျ ကုန်ကျသောစရိတ်ကြေး

ငွေများကို လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့် ကော်ပိုရေးရှင်းခွင့်ရှိရမည်။ ထိုသို့သိမ်းယူခြင်းဖြင့်၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲခြင်းဖြင့်၊ သို့တည်းမဟုတ် ပစ္စည်းများကိုရောင်းချခြင်းဖြင့် ရရှိထားသော ငွေများကို၊ ပဋ္ဌိညာဉ် စာချုပ်တွင် အခြားနည်းအတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ယုံကြည်အပ်နှံထားသော ငွေအဖြစ်ဖြင့်၊ ကော်ပိုရေးရှင်းက လက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှ၊ ထိုသို့သိမ်းယူခြင်း၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲခြင်း၊ သို့တည်းမဟုတ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ကုန်ကျသော စရိတ်ငွေများကို ပဌမအဆင့်အနေဖြင့်ရင်း၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသောကြွေးမြီများကို ဒုတိယ အဆင့်အနေဖြင့်ရင်း၊ ခုနှိမ်ခြင်းဖြင့် ကော်ပိုရေးရှင်းကရယူနိုင်သည်။ ထိုသို့ရယူပြီးနောက်ကျန်ရှိနေသောငွေများကို၊ ရသင့်ရထိုက်သူအားကော်ပိုရေးရှင်းက ထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ(၁) အရ ကော်ပိုရေးရှင်းက စက်မှု လက်မှု လုပ်ငန်း တခုခုကို သိမ်းယူလိုက်သည့်အခါ၊ အဆိုပါလုပ်ငန်းက တရားစွဲဆိုသည့်၊ သို့တည်းမဟုတ် အဆိုပါလုပ်ငန်းကိုတရားစွဲဆိုသည့်၊ တရားမမှုများအတွက် ကော်ပိုရေးရှင်းသည်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

၂၄။ ။အောက်ပါအကြောင်းတခုခုဖြစ်ပေါ်လျှင်၊ ပဋ္ဌိညာဉ်စာချုပ်တွင်မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းသည်၊ မိမိကငွေထုတ်ချေးထားသော မည်သည့် စက်မှုလက်မှုလုပ်ငန်းထံမှမဆို၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီကို အပြည့်ပြန်လည်ပေးဆပ်စေရန်စာဖြင့်ရေးသား၍ တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန်လျှောက်ထားခဲ့စဉ်က၊ အရေးကြီးသောအချက်နှင့်စပ်လျဉ်း၍ မှားယွင်းသော၊ သို့တည်းမဟုတ် မမှန်ကန်သော အကြောင်းအရာကို ဖေါ်ပြသည်ဟုအဖွဲ့က ထင်မြင် ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ စက်မှုလက်မှုလုပ်ငန်းက၊ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) စက်မှုလက်မှုလုပ်ငန်းသည်၊ ကင်ရှိနေသော ကြွေးမြီကိုပေးဆပ်နိုင်လိမ့်မည်မဟုတ်ဟုသော်ရင်း၊ ၎င်း၏လုပ်ငန်းများ ရပ်ဆိုင်းရန်အကြောင်းများပေါ်ပေါက်နေသည်ဟုသော်ရင်း အဖွဲ့ကထင်မြင်ယူဆရန်လုံလောက်သောအကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဃ) စက်မှုလက်မှုလုပ်ငန်း၏ ချေးယူငွေအတွက်ကော်ပိုရေးရှင်းအားလွှဲအပ်ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော ပစ္စည်းများအတွက်ကော်ပိုရေးရှင်း ကြေနပ်လောက်အောင်၊ လုပ်ငန်းပိုင်ရှင်ကဆုံးပါး ပျက်စီးမှုမရှိအောင် အာမခံထားရှိခြင်း မပြုလျှင်၊ သို့တည်းမဟုတ်ဆက်လက်အာမခံထားရှိခြင်းမပြုလျှင်၊ ထို့ပြင်ထိုသို့လွှဲအပ်ထားသော၊ သို့တည်းမဟုတ်ပေါင်နှံထားသော ပစ္စည်းသည်၊ အထူးပင်တန်ဘိုးယုတ်လျော့လာ၍၊ အာမခံထပ်လောင်းဖြည့်တင်းရန် လိုအပ်သောကြောင့် တောင်းဆိုပါသော်လည်း အာမခံထပ်လောင်းဖြည့်တင်းခြင်းမပြုလျှင်၊ သို့တည်းမဟုတ်

(c) အာမခံပစ္စည်းအဖြစ်ပေးသွင်းထားသောစက်နှင့်စက်ကိရိယာပစ္စည်း အားလုံးကိုဖြစ်စေ၊ ဘဏ္ဍာတာဒေသကိုဖြစ်စေ၊ ကော်ပိုရေးရှင်း၏ သဘောတူညီချက်မရှိဘဲ၊ ရွှေပြောင်းသယ်ယူပြီး ပြန်လည်အစားထိုးထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ်

(d) မည်သည့်အကြောင်းကြောင့်မဆို၊ကော်ပိုရေးရှင်း၏ အကျိုးစီးပွါးကို ကာကွယ်ရန်လိုအပ်လာလျှင်။

အခန်း ၆။

အုပ်ချုပ်ရေးအဖွဲ့များ။

၂၅။ ။(၁) ကော်ပိုရေးရှင်းသည်၊ အဖွဲ့ကရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်များပါဝင်သည့် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(၂) အဆိုပါအုပ်ချုပ်ရေးအဖွဲ့များသည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုကိုလိုက်နာလျက်၊ အဖွဲ့ကလွှဲအပ်သောအာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

အခန်း ၇။

အစီရင်ခံခြင်း။

၂၆။ ။ကော်ပိုရေးရှင်း၏ ရာထူးခန်းမှူထမ်းအသီးသီးသည်၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကို ပြုနေစဉ်၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၂၇။ ။ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ်ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စတခုခုအတွက်၊ မည်သူ့ကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၈။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အမိန့် ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

၂၉။ ။(၁) ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအက်ဥပဒေ(၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄)ကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ထိုသို့ရုပ်သိမ်းသည့်အခါ၊မြန်မာနိုင်ငံယေဘုယျစကားရုပ်အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

(၂) ၁၉၅၅ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအက်ဥပဒေ ကိုရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော် စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသည်၎င်း၊ ဒါရိုက်တာ အဖွဲ့သည်၎င်း၊ ပုဒ်မ ၃ အရ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းတည်ထောင်ပြီးနောက်၊ ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့၏ ပဌမအကြိမ် အစည်းအဝေးကျင်းပသည့် နေ့ရက်တိုင်အောင်၊ မိမိတို့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

၁၉၆၂ ခုနှစ်၊နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အက်ဥပဒေကို ဒုတိယ အကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အက် ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ အာဏာ တည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၄ တွင် ''ဒုတိယ ဥက္ကဋ္ဌ'' ဆိုသည့် စကားရပ်အစား၊ ''ဒုတိယ ဥက္ကဋ္ဌများ'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၉၊အပိုဒ် (c) တွင်''အဖွဲ့ဥက္ကဋ္ဌ''ဆိုသည့် စကားရပ်အစား၊ ''အဖွဲ့ ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌများ'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၇၊ အပိုဒ် (c) တွင် ''ဥက္ကဋ္ဌ အား'' ဆိုသည့်စကားရပ်အစား၊ ''ဥက္ကဋ္ဌ အားလုံး၊ ဒုတိယ ဥက္ကဋ္ဌများအားလုံး'' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ တွင်—

(က) ရှိရင်းပုဒ်မ ၁၉ ကို၊ ပုဒ်မ ၁၉ ၏ပုဒ်မခွဲ (၁) အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

(ခ) ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) တွင် ''ဥက္ကဋ္ဌ'' ဆိုသည့်စကားရပ်အစား၊ ''ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ'' ဆိုသည့်စကားရပ်များကို ထည့်သွင်းရမည်။

(ဂ) ထိုသို့ ပြန်လည် အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) နောက်၌ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

''(၂) ဤအက်ဥပဒေပါကိစ္စများ ထမြောက် အောင်မြင်စွာ ဆောင် ရွက်နိုင်ရန်အလို့ငှါ၊ ဥက္ကဋ္ဌ သည်၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရဖြစ်စေ မိမိသုံးစွဲဆောင်ရွက်နိုင်သည့်

အာဏာနှင့်တာဝန်ဝတ်တရားအားလုံးကိုသော်၎င်း၊ အချို့ကို သော်၎င်း၊ သင့်တော်သည်ထင်မြင်သည့် ဒုတိယဥက္ကဋ္ဌတဦးဦး အား၊ သို့တည်းမဟုတ် အဖွဲ့ဝင်တဦးဦးအား၊ သို့တည်းမ ဟုတ် အဖွဲ့၏အရာရှိတဦးဦးအား၊ အဖွဲ့၏ကြိုတင် သဘော တူညီချက်ဖြင့်အခါအားလျော်စွာ လွှဲအပ်နိုင်သည်။''

THE RANGOON PORT ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 18 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law:—

1. (1) This Law may be called the Rangoon Port Act Amending Law, 1962.

(2) It shall come into force at once.

2. In section 43 of the Rangoon Port Act hereinafter referred to as the said Act—

(a) *for* the words " Rangoon Port Management Board Fund " the words " Burma Ports Fund " *shall be substituted*; and

(b) *for* clause (a) the following *shall be substituted* as clause (a) ; namely:—

" (a) all moneys received by the Board under this Act and the Ports Act;".

3. *For* sub-section (1) of section 45 of the said Act, the following *shall be substituted* as sub-section (1) namely:—

Application of Fund.

" (1) The Fund shall be applied by the Board for the purposes of carrying out the provisions of this Act and the Ports Act."

4. *After* section 103 of the said Act, the following *shall be inserted* as section 104 ; namely:—

Additional duties of the Board.

" 104. The Board may carry out such duties as the Chairman of the Union of Burma Revolutionary Council, may from time to time, determine."

THE PORTS ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 19 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law:—

1. (*1*) This Law may be called the Ports Act Amending Law, 1962.

(2) It shall come into force at once.

2. In section 36 of the Ports Act hereinafter referred to as the said Act—

(*a*) sub-section (*2*) *shall be deleted*;

(*b*) in sub-sections (*4*) and (*5*), *for* the expression "port fund account of the port" the expression "Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act" *shall be substituted* respectively; and

(*c*) sub-section (*6*) *shall be deleted*.

3. Section 37 of the said Act *shall be deleted*.

4. In section 50 of the said Act, sub-section (*3*) *shall be deleted*.

5. All moneys standing to the credit of the port fund account kept under the Ports Act and any moneys temporarily invested under the said Act shall be transferred to the Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act.

THE OUTPORTS ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 20 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (1) This Law may be called the Outports Act Amending Law, 1962.

(2) It shall come into force at once.

2. In section 2 of the Outports Act hereinafter referred to as the said Act, *for* clause (*c*) the following *shall be substituted* as clause (*c*); namely:—

"(*c*) 'Port Officer' means any person appointed dy the Board cf Management for the Port of Rangoon to be a Port Officer for the purposes of this Act."

3. *For* section 6 of the said Act, the following *shall be substituted* as section 6; namely:—

"6. All dues levied under this Act shall be credited to the Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act."

4. In section 7, sub-section (5) of the said Act, *for* the expression "Port Fund Account" the expression "Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act" *shall be substituted.*

၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို၊ ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။(၁) အဖွဲ့တွင် အောက်ပါ အဖွဲ့ဝင်ဆယ်ဦးပါဝင်ရမည်။

အဖွဲ့ဝင်များ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြည်သူ့ အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးဌာန တာဝန်ခံ—ဥက္ကဋ္ဌ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က အဖွဲ့ဝင်အဖြစ် ခန့်ထားသည့် တပ်မတော်အရာရှိတဦး—ဒုတိယ ဥက္ကဋ္ဌ။

(ဂ) ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး ဌာနအတွင်းဝန်—ဒုတိယ ဥက္ကဋ္ဌ။

(ဃ) နိုင်ငံတော်မြေယာနှင့် ကျေးလက်စည်ပင်ရေးဆိုင်ရာ ဘဏ္ဍာ ရေးမင်းကြီး၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်—အဖွဲ့ဝင်။

(င) ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(စ) ရန်ကုန်မြို့တော် မြို့နိုစပါယ်ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးမှူး—အဖွဲ့ဝင်။

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က အဖွဲ့ဝင်အဖြစ် ခန့်ထားသည့် အခြား ပုဂ္ဂိုလ်လေးဦး—အဖွဲ့ဝင်များ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အခါအားလျော်စွာ၊ အဖွဲ့ဝင်ဦးရေကိုတိုးချဲ့၍ ခန့်နိုင်သည်။''

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇ တွင်၊ ''ပုဒ်မ ၄ (၁) (ဂ) တွင် ရည်ညွှန်းထားသည့်''ဆိုသည့်စကားရပ်အစား၊''ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အင်္ဂါ (ဆ)၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၈ တွင်၊ ''ပုဒ်မ ၄ (၁) (ဂ)တွင် ရည်ညွှန်းထားသည့်''ဆို သည့်စကားရပ်အစား၊ ''ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ)အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်၊ အစိုးရအရာရှိမဟုတ်သူ''ဆို သည့်စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ တွင်၊ ''ပုဒ်မ ၄ (၁) (ဂ)တွင် ရည်ညွှန်းထားသည့်'' ဆိုသည့်စကားရပ်အစား၊ ''ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ် (ဆ)၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ(၂)အရ ခန့်ထားခြင်းခံရသောအဖွဲ့ဝင်များ အနက်၊'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၁ တွင်၊ ပုဒ်မခွဲ(၃) အစားအောက်ပါ ကို၊ ပုဒ်မခွဲ(၃)အဖြစ် ထည့်သွင်းရမည်။

''(၃) ဥက္ကဋ္ဌ သည်၊ အဖွဲ့၏အစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ဥက္ကဋ္ဌမတက်ရောက်လျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)တွင် ဖော်ပြထားသည့် ဒုတိယ ဥက္ကဋ္ဌက၊ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌနှင့် ထိုဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်လျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဂ)တွင်ဖော်ပြထားသည့် ဒုတိယ ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးနှင့် ဥက္ကဋ္ဌပါ မတက်ရောက်လျှင်၊ အစည်းအဝေးသို့ တက်ရောက်သော အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှ တဦးကို၊ သဘာပတိအဖြစ် ဆောင်ရွက်ရန်ရွေးကောက်တင်မြှောက်ရမည်။''

၇။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၂ တွင်၊ ပုဒ်မခွဲ (၂) ၌''အဖွဲ့၏ ထောက်ခံချက်အရ'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မတော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီ အက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

"၄။ ။(၁) ကောင်စီတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရ၊ ယဉ်ကျေးမှု ဌာနတာဝန်ခံအပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက ခန့်ထားသောပုဂ္ဂိုလ် များလည်း ပါဝင်ရမည်။

(၂) ယဉ်ကျေးမှုဌာန တာဝန်ခံသည်၊ ကောင်စီ၏ဥက္ကဋ္ဌဖြစ်ရမည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ သည်၊ ကောင်စီ လုပ်ကြိုးများထဲမှ တဦးဦးကို ကောင်စီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ်ဖြင့် ခန့်ထားနိုင်သည်။

(၄) ကောင်စီသည်၊ သာမန်၊ သို့တည်းမဟုတ် အထူးကိစ္စအတွက် လိုအပ်သော ပုဂ္ဂိုလ်များကို၊ မူးတွဲ ဆောင် ရွက်ရန် ခန့်ထား နိုင်သည်။

(၅) ကောင်စီ၏ အာဏာများနှင့် တာဝန် ဝတ္တရားများကို ဆောင် ရွက် နိုင်ရန်အလို့ငှါ၊ အလုပ်အမှုဆောင်အဖွဲ့တခုရှိရမည်။ ထို အလုပ် အမှုဆောင် အဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရ မည်—

(က) ဥက္ကဋ္ဌ။

(ခ) ဒုတိယ ဥက္ကဋ္ဌ။

(ဂ) ကောင်စီ၏ အတွင်းရေးမှူး။

(ဃ) ဥက္ကဋ္ဌက ရွေးချယ်ခန့်ထားသည့် ကောင်စီလုပ်ကြီး။"

၃။ ။အဆိုပါ ဥပဒေ ပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၄) ၌ ''ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးမှူးတို့အား'' ဆိုသည့် စကားရပ်အစား၊ ''အလုပ် အမှုဆောင်အဖွဲ့၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့ တည်း မဟုတ် အုပ် ချုပ် ရေးမှူး အား '' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၄) နောက်၌၊ အောက်ပါကို ပုဒ်မခွဲ (၅) အဖြစ်ထည့်သွင်းရမည်။

''(၅) ကောင်စီ သည်၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် ကိစ္စများ အတွက် ငွေချေးယူနိုင်သည့်ပြင်၊ မိမိရံပုံငွေထဲမှ ငွေများကို လည်း ထုတ်ချေးနိုင်သည်။''

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃ တွင်၊ ပုဒ်မခွဲ (၁) ၌၊ ''နိုင်ငံတော် အစိုးရထံမှရရှိသော ငွေအားလုံးကိုဝင်း၊'' ဆိုသည့် စကားရပ်နောက်တွင် ''ဤအက်ဥပဒေအရ ချေးယူသော ငွေအားလုံးကိုဝင်း၊'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၊ အပိုဒ် (ခ) နောက်တွင်၊ အောက်ပါကို အပိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

''(ဂ) ဤအက်ဥပဒေ၊ သို့တည်းမဟုတ် အခြားတရားဥပဒေအရ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများအတွက် ငွေထုတ်ချေးရန်။''

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၉ တွင်၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) ၌၊ ''ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးမှူးအသီးသီးအား'' ဆိုသည့် စကားရပ်အစား၊ ''အလုပ် အမှုဆောင်အဖွဲ့၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးအား'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၉၆၂ ခုနှစ်၊ အနုပညာရှင်များအမတော်ကြေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂ ၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ အနုပညာရှင်များ အမတော်ကြေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင် အာဏာ တည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေနောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''အမတော်ကြေး''ဆိုသည်မှာ၊ ဤဥပဒေအရ၊ အနုပညာရှင်အား၊ ထုတ်ချေးသည့် အမတော်ကြေးကို ဆိုလိုသည်။

(ခ) ''ကောင်စီ'' ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီ အက်ဥပဒေ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီကို ဆိုလိုသည်။

(ဂ) ''အနုပညာရှင်''ဆိုသည်မှာ၊ ဇာတ်၊ ပြဇာတ်၊ ကဇာတ်၊ ရုပ်သေး၊ ဆပ်က (Circus)၊ အကြိမ့်၊ ဆိုင်းဝိုင်း၊ တီးဝိုင်း၊ ပန်းချီ၊ သို့တည်းမဟုတ် ပန်းပုဖြင့် အသက်မွေးဝမ်းကျောင်းရှာဖီးလျက်ရှိသော အနုပညာရှင်ကို ဆိုလိုသည်။ ထိုစကားရပ်တွင် ကောင်စီက အနုပညာရှင်ဟု အမိန့်ကြော်ငြာစာဖြင့် ကျေညာသည့် သူများပါဝင်သည်။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည် အနုပညာရှင်များ၏ လုပ်ငန်းများ ပိုမိုကောင်းမွန် စေရန်၎င်း၊ ထိုလုပ်ငန်းများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ချမှတ်ထားသည့် ဝါဒလမ်းစဉ်များနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၎င်း၊ ထိုလုပ်ငန်းများနှင့် စပ်ဆိုင်သော ပစ္စည်းများဝယ်ယူနိုင်ရန်၎င်း အနုပညာရှင်များအား၊ ထုတ်ချေးရမည့် အမတော်ကြေးများနှင့်စပ်လျဉ်း၍၊ စည်းမျဉ်းသတ်မှတ်သည့် နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည်။

(၂) အနုပညာရှင်များအား၊ အမတော်ကြေးများကို၊ ကောင်စီရံပုံငွေထဲမှ ထုတ်ချေးနိုင်သည်။

(၃) ဤဥပဒေအရ၊ အနုပညာရှင်များအား၊ အမတော်ကြေးထုတ်ချေးနိုင်သည့် အာဏာပိုင်သည်၊ ကောင်စီဖြစ်ရမည်။

၄။ ။အဆိုပါ နည်းဥပဒေများနှင့်အညီ ထုတ်ချေးသည့် အမတော်ကြေး ဟူသရွေ့ကိုရင်း၊ ထိုအမတော်ကြေးအပေါ်တွင် တောင်းခံနိုင်သည့် အတိုးအားလုံး ကိုရင်း၊ အမတော်ကြေး ထုတ်ချေးရာတွင်ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျ သည့် စရိတ်များကိုရင်း၊ ထိုအမတော်ကြေး ထုတ်ချေး ထားသူထံမှဖြစ်စေ၊ ထိုအမ တော်ကြေး ပေးဆပ်ရန် ခံဝန်သူတဦးဦးထံမှဖြစ်စေ မြေခွန်တော်မပြေ ကျန်ရှိဖြစ်ဘိ သကဲ့သို့ အရ တောင်းခံနိုင်သည်။

၅။ ။အဆိုပါ အမတော်ကြေး ပေးဆပ်ခြင်းနှင့် စပ်လျဉ်း၍၊ ချုပ်ဆိုသော မည်သည့် စာချုပ်စာတမ်းကိုမဆို၊ မှတ်ပုံတင် အက်ဥပဒေအရ၊ မှတ်ပုံတင်ရခြင်းမှ ကင်းလွတ်စေရမည်။

၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊၁၉၆၂ ခုနှစ်၊နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေ သုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖော်ပြပါ တာဝန်ခံများသည်၊ ၎င်းတို့နှင့်ယှဉ်ပြ ထားသော အခွန်တော်များမှ ဆက်လက်ယှဉ်တွဲဖော်ပြသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ရည်ညွှန်းထားသည့်ဇယားတွင် ဖော်ပြထားသည့်အတိုင်း အသီးသီး ထုတ်၍၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ် ဆိုင်ရာအသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ်	တာဝန်ခံ	ဘဏ္ဍာတော်ငွေ အမည်	စုစုပေါင်းငွေ	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား
			ကျပ်	
၁	ပြည်ထောင်စုမြန်မာ နိုင်ငံတော် လှန် ရေးအဖိုးရ၊ဘဏ္ဍာ ရေးတာဝန်ခံ။	ပြည်ထောင်စုမြန်မာ နိုင်ငံ၏ ဘဏ္ဍာ တော်ငွေများ။	၄၄,၅၀,၆၈,၁၀၀	နောက်ဆက်တွဲ ဇယား(က)။
၂	ရှမ်းပြည်နယ် ဦးစီး အမှုဌာနများ။	ရှမ်း ပြည် နယ် ၏ ဘဏ္ဍာတော် ငွေ များ။	၈၈,၈၅,၂၁၀	နောက်ဆက်တွဲ ဇယား(ခ)။
၃	ကချင် ပြည် နယ် ဦးစီးအမှု ဌာနများ။	ကချင်ပြည်နယ် ၏ ဘဏ္ဍာတော် ငွေ များ။	၁၀,၀၆,၆၆၀	နောက်ဆက်တွဲ ဇယား(ဂ)။
၄	ကရင်ပြည်နယ်ဦးစီး အမှု ဌာနများ။	ကရင်ပြည်နယ် ၏ ဘဏ္ဍာတော် ငွေ များ။	၁,၈၁,၉၈၀	နောက်ဆက်တွဲ ဇယား(ဃ)။
၅	ကယား ပြည် နယ် ဦးစီးအမှု ဌာနများ။	ကယားပြည်နယ်၏ ဘဏ္ဍာတော် ငွေ များ။	၃,၂၉,၀၂၀	နောက်ဆက်တွဲ ဇယား(င)။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၁ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၂) အရ၊ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းထက်ပိုမိုရှိသော်ငင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်များ အတွက်၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက် မူလခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းများထက် ပိုမိုရှိသော်ငင်း နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲဇယား (က)

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန်စာရင်း

အဖိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
အကောက်ကော်နှင့် နိုင်ငံတွင်းအကောက်တော်	၃၆,၀၀၀
မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု	၅၄,၀၃၀
မြေခွန်တော်	၃၇,၃၂,၀၀၀
ယစ်မျိုး	၁,၅၅,၀၀၀
တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု	၂၄,၅၃၀
သစ်တော	၇,၀၂.၅၀၀
အခြားအခွန်တော်များနှင့်အကောက်တော်များ	၄၇,၇၀၀
ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ	၂,၇၁,၄၀၀
စာပို့တိုက်နှင့်ကြေးနန်း	၂၀
အရပ်ရပ်စီရင်အုပ်ချုပ်မှု	၂၀
တရားရေး	၄,၉၃,၆၆၀
ရဲအဖွဲ့	၁,၀၉,၈၅,၁၀၀
သာသနာရေးကိစ္စများ	၁၀
နိုင်ငံခြားရေး	၁၇,၉၈,၀၆၀
လောကဓါတ်ပညာဆိုင်ရာ ဌာနများ	၄,၅၀,၀၀၀
ပညာရေး	၃၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး	၆၅,၁၄,၈၇၀
အထွေထွေဌာနများ	၅၀
မြို့ပြဆိုင်ရာ လုပ်ငန်းများ	၇,၀၀,၀၀၀
အထွေထွေ	၂,၀၉,၁၃,၀၉၀
ကာကွယ်ရေး	၁,၇၀,၀၀၀
စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့် ကြွေးမြီတာဝန်များ	၄,၀၀၀
ချင်းဝိ သေသတိုင်းအုပ်ချုပ်ရေး	၄,၃၄,၈၀၀
စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း	၁၀
ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များအတွက် မ,တည်ငွေရင်း	၁၀

အဦးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ၊ ကျပ်
ပညာရေးအတွက် မ,တည်ငွေရင်း	၁၁,၃၄,၅၉၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ..	၉,၅၉,၁၇၀
လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း... ...	၁၀
အထွေထွေဌာနများအတွက် မ,တည်ငွေရင်း	၂,၃၅,၅၃၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၈၆,၄၀,၀၁၀
နိုင်ငံတော်အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများတွင် အစိုးရ၏ အကျိုးတူရင်းနှီးမြှုပ်နှံငွေ	၃၂ ၄၄,၆၉,၀၀၀
အခြားအတိုးရသည့် ကြွေးတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြွေးတင်ထုတ် ပေးငွေများ	၆,၂၁,၅၃,၀၀၀
ပေါင်း ...	၄၄,၅၀,၆၈,၁၀၀

နောက်ဆက်တွဲဇယား (ခ)

ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ် သုံးစွဲရန် စာရင်း

အစိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
မြေဌေးတော်	၃၈,၂၀၀
အတိုး	၂၆,၃၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှု	၁၄,၅၀၀
တရားရေး	၁၀
အကျဉ်းထောင်များ	၀၂,၅၀၀
သာသနာ့ရေးကိစ္စများ	၅,၀၀၀
ပညာရေး	၁၄,၇၀၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး	၁,၅၀,၀၀၀
စိုက်ပျိုးရေး	၁၀,၀၀၀
အထွေထွေဌာနများ	၂၁,၈၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	၃,၁၀,၀၀၀
ပင်ရှင်လစာငွေများ	၁,၇၉,၀၀၀
အထောက်အကူများ	၁,၃၅,၀၀၀
စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ ..	၂၀,၀၀၀
လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း	၅၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၅၁,၀၃,၁၀၀
အစိုးရမှချေးငွေများ	၂၁,၈၀,၁၀၀
အခြားအတိုးရသည့်ကြွေးတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြွေးတင်ထုတ် ပေးငွေများ	၅,၇၅,၀၀၀
ပေါင်း ...	၀၀,၀၅,၂၁၀

နောက်ဆက်တွဲဇယား (၀)

ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန် စာရင်း

အစိုးရဌာန။	ခွဲဝေသုံးစဲသည့်ငွေ။
	ကျပ်
ဆည်မြောင်းအစီအစဉ်လုပ်ငန်းများ	၁၁,၂၄၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	၄,၈၀,၀၀၀
အထွေထွေ	၄၀,၀၁၀
ဆည်မြောင်းအတွက် မ,တည်ငွေရင်း	၅၄,၀၁၀
အထွေထွေဌာနများအတွက် မ,တည်ငွေရင်း	၄,၁၉,၇၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၈၀
အခြားအကျိုးရသည့် ကြွေးတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြွေးတင်ထုတ်ပေးငွေများ	၁,၆၄၀
ပေါင်း ...	၁၀,၀၆,၆၆၀

နောက်ဆက်တွဲဇယား (ခ)

ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန် စာရင်း

အစိုးရဌာန။	ခွဲဝေသုံးစဲသည့်ငွေ။
	ကျပ်
မြေဌနှင့်တော်	၂,၅၄၀
တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု	၃၀၀
စက်မှုလက်မှုအလုပ်အကိုင်များ	၁,၀၀၀
ပင်ရှင်လစာငွေများ	၇,၅၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၁၀
စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း	၁,၇၅၀
အခြားအတိုးရသည့် ကြွေးတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြွေးတင်ထုတ်ပေးငွေများ	၁,၆၀,၁၀၀
ပေါင်း ...	၁,၀၁,၉၀၁

နောက်ဆက်တွဲယား (၄)

ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန် စာရင်း

| | | |

၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေး အဖွဲ့ အက်ဥပဒေကိုပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ပြန်လည်ထူထောင်ရေးအဖွဲ့အက်ဥပဒေတွင်၊ပုဒ်မ ၂၇ အစား၊အောက်ပါကို၊ပုဒ်မ ၂၇ အဖြစ်ထည့်သွင်းရမည်။

"၂၇။ ။(၁) ဤအက်ဥပဒေအရပြီးမြောက်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားသောကိစ္စများကို၊အဖွဲ့က စည်းကမ်း တကျ ပြီးမြောက်အောင် မဆောင် ရွက်သည့်ပြင်၊ ဆောင်ရွက်မည့် လက္ခဏာလည်းမရှိဟူ၍ရှင်း၊ အာဏာများကိုအပ်နှင်းထားသည်ထက်ပို၍သုံးစွဲခြင်း၊ သို့တည်းမဟုတ် အဖွဲ့သုံးစွဲခြင်းပြုသည်ဟူ၍ရှင်း ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊မည်သည့်အခါတွင်မဆို ထင်မြင်သဘောရှိလျှင်၊ ထိုအာဏာများကို၊အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရုပ်သိမ်းနိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော် လှန် ရေး ကောင်စီ ဥက္ကဋ္ဌက၊ အဖွဲ့၏ အာဏာများကိုရုပ်သိမ်းနိုင်ခြင်း။

(၂) ထိုသို့အဖွဲ့၏ အာဏာများကို ရုပ်သိမ်းသောအခါ၊ အောက်ပါအင်္ဂါ အကျိုးသက်ရောက်ရမည်။

(က) အဖွဲ့ဝင်အားလုံးသည်၊ ပုဒ်မခွဲ (၁) အရ၊ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့ရက်မှစ၍ရာထူးမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အဖွဲ့၏အာဏာနှင့် တာဝန်ဝတ်တရားအားလုံးကို၊ ထိုသို့ရုပ်သိမ်းထားသည့် ကာလအပိုင်းအခြားအတွင်း၊ သုံးစွဲဆောင်ရွက်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌခန့်ထားသည့် ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်တို့က သုံးစွဲဆောင်ရွက်ရမည်။

(ဂ) ထိုသို့ရုပ်သိမ်းထားသည့် ကာလအပိုင်းအခြား အတွင်း အဖွဲ့ပိုင်ပစ္စည်းအားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ၏ တည်ရှိရမည်။"

၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁။

နိဒါန်း။

ဝတ္ထုအမည်နှင့် စတင် အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤဥပဒေတွင် အကြောင်း အရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ပုံနှိပ်ထုတ်ဝေစာ" ဆိုသည့် စကားရပ်တွင် လက်ရေးစာ၊ သို့တည်းမဟုတ်ပုံနှိပ်စာအားလုံးပါဝင်သည့်ပြင်၊ လက်ရေးစာနှင့်သော်၎င်း၊ ပုံနှိပ်စာနှင့်သော်၎င်း၊ အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ထင်ရှားမြင်သာ သောပုံသဏ္ဌာန်ပါရှိသည့်၊ သို့တည်းမဟုတ် ပုံအားဖြင့်သော်၎င်း၊ သဏ္ဌာန်အားဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့်သော်၎င်း၊ စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ၊ ရိပ်မိစေနိုင်သည့် အရာဟူသမျှနှင့် ၎င်း၏မိတ္တူ၊ သို့တည်းမဟုတ် ၎င်းကိုလုံးဝဖြစ်စေ၊ လုံးဝနီးနီးဖြစ်စေ၊ ထုတ်ဝေသည့် အရာဟူသမျှလည်းပါဝင်သည်။

(ခ) "စာစောင်၊ ကျောနယ်၊ မဂ္ဂဇင်း" ဆိုသည်မှာ၊ အချိန်မှန်မှန်ထုတ်သည့်၊ သို့တည်းမဟုတ်အချိန်မှန်မှန်ဖြစ်စေ၊ အချိန်မှန်မှန်မဟုတ်ဘဲဖြစ်စေ၊ အပိုင်းလိုက်သော်၎င်း၊ အမှတ်စဉ်လိုက်သော်၎င်း ထုတ်သည့်ပုံနှိပ်ထုတ်ဝေစာတခုခုကိုဆိုလိုသည်။

(ဂ) "စာအုပ်" ဆိုသည့်စကားရပ်တွင်၊ မည်သည့်ဘာသာဖြင့်မဆို ထုတ်သည့်စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်းနှင့်စာရွက်ဟူသမျှ ပါဝင်သည့်ပြင်၊ တသီးတခြားအချပ်လိုက်ပုံနှိပ်ထားသည့်၊ သို့တည်းမဟုတ် ကျောက်ပုံနှိပ် ထားသည့်၊ သို့တည်းမဟုတ် အခြားနည်းစက်ဖြင့်ပြုလုပ်သည့်တူရိယာတီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံ၊ ပုံစံဟူသမျှလည်းပါဝင်သည်။

(ဃ) ''သတင်းစာ'' ဆိုသည်မှာ၊ပြည်သူတို့နှင့်သက်ဆိုင်သောသတင်းများဖြစ်၊ခေ၊ပြည်သူတို့နှင့်သက်ဆိုင်သော သတင်းဝေဘန်ချက်များဖြစ်၊ခေ၊ပါရှိသောအချိန်မှန်မှန်ထုတ်သည့်ပုံနှိပ်ထုတ်ဝေစာတခုခုကို ဆိုလိုသည်။

(c) ''စာပုံနှိပ်တိုက်'' ဆိုသည့်စကားရပ်တွင်၊ စာပုံနှိပ်စက်၊ငင်းနှင့်သက်ဆိုင်သောစက်၊ စက်ယန္တရားစု၊စက်ကိရိယာ တန်ဆာ၊ စက်အစိတ်အပိုင်းနှင့် စာတမ်းအမှတ်အသားအမြောက် အမြားရိုက်နှိပ်ရန် အသုံးပြုသောပစ္စည်းအားလုံး ပါဝင်သည်။

(စ) ''စာပုံနှိပ်စက်'' ဆိုသည့်စကားရပ်တွင်၊ ပုံနှိပ်ရန်အလို့ငှါ၊ အသုံးပြုသော အင်ဂျင်စက်၊ စက်ကိရိယာ၊ကျောက်ပုံနှိပ်ရန်ကျောက်ပြားများ၊ ကိရိယာတန်ဆာ၊ အသုံးအဆောင်နှင့်အခြားစက်ယန္တရားစု ပါဝင်သည်။

(ဆ) ''ပုံနှိပ်သူ'' ဆိုသည့်စကားရပ်တွင်၊အပိုဒ် (c) နှင့် (စ) တွင်ဖော်ပြထားသော စာပုံနှိပ်တိုက်နှင့် စာပုံနှိပ်စက်ပိုင်ဆိုင်သည့်သူပါဝင်ရမည့်ပြင်၊ ပိုင်ရှင်အများရှိသည့်ကိစ္စ၌ အစုစပ်(Partnership)၊ ကုမ္ပဏီ (Company)၊မိသားစု (Family Business)၊ သို့တည်းမဟုတ် အခြားအသင်းအဖွဲ့များဖြစ်၊ပါမူ၊ စီမံအုပ်ချုပ်သောအစုရှင်၊ စီမံအုပ်ချုပ်သော ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး၊ သို့တည်းမဟုတ် တာဝန်ခံပုဂ္ဂိုလ်တဦးဦးလည်းပါဝင်သည်။

(ဇ) ''ထုတ်ဝေသူ'' ဆိုသည့်စကားရပ်တွင်၊ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊မဂ္ဂဇင်း၊ စာအုပ်နှင့်အခြား ပုံနှိပ်ထုတ်ဝေစာများ ထုတ်ဝေသူပါဝင်ရမည့်ပြင်၊ ပိုင်ရှင်အများရှိသည့်ကိစ္စ၌ အစုစပ်(Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစု(Family Business)၊ သို့တည်းမဟုတ် အခြားအသင်းအဖွဲ့များဖြစ်ပါမူ၊ စီမံအုပ်ချုပ်သော အစုရှင်၊ စီမံအုပ်ချုပ်သောဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊အတွင်းရေးမှူး၊သို့တည်းမဟုတ်တာဝန်ခံပုဂ္ဂိုလ်တဦးဦးလည်းပါဝင်သည်။

(ဈ) ''သတ်မှတ်သည်''ဆိုသည့်မှာ၊ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်သတ်မှတ်သည်ကိုဆိုလိုသည်။

အပိုင်း ၂။

စာပုံနှိပ်စက်များနှင့် သတင်းစာများ။

စာပုံနှိပ်စက်လက်ရှိထားသူက ဝန်ခံချက် ပြုလုပ်ရခြင်း။

၃။ ။(၁) ဤဥပဒေတွင် အခြားနေရာ၌ မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမျှ၊ စာအုပ်များ၊ သို့တည်းမဟုတ် စာရွက်စာတမ်းများ ပုံနှိပ်ရန် စာပုံနှိပ်စက် တခုခုကို၊ ၎င်းစာပုံနှိပ်စက် တည်ရှိရာနယ်အတွင်းစီရင်ပိုင်ခွင့် အာဏာရ ပဌမတန်း ရာဇဝတ်တရားသူကြီးထံတွင်သတ်မှတ်သည့် ဝန်ခံချက်ကို မပြုလုပ်၊ လက်မှတ်မရေးထိုးလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းလက်ရှိမထားရ။

(၂) သတင်းစာဟူသော်ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ပုဒ်မ ၆ အရ၊မိမိ၏ လုပ်ငန်းကိုမှတ်ပုံမတင်မီ၊ ထိုသတင်းစာပုံနှိပ်ရာ၊ သို့တည်းမဟုတ် ထုတ်ဝေရာ နယ်အတွင်းဖြစ်စေ၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူ နေထိုင်ရာနယ်အတွင်း ဖြစ်စေ၊ စီရင်ပိုင်ခွင့် အာဏာရ ပဋ္ဌမတန်း ရာဇဝတ် တရားသူကြီးထံ သို့၊ ကိုယ်တိုင်လာရောက်၍၊သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ၊ဤကိစ္စ အလို့ငှါ၊အာဏာအပ်နှင်းထားသည့်ကိုယ်စားလှယ်စေလွှတ်၍၊သတ်မှတ်သည့်ဝန်ခံချက် ကိုပြုလုပ်ကာ လက်မှတ်ရေးထိုးရမည်။

(၃) ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ပုံနှိပ်ရာ၊ သို့တည်းမဟုတ် ထုတ်ဝေရာအရပ်ပြောင်းရွှေ့သည့်အခါ သတ်မှတ်သည့်ဝန်ခံချက်ကို အသစ်ပြုလုပ်ကာ လက်မှတ်ရေးထိုးရမည်။

(၄) အထက်တွင်ဆိုခဲ့သည့်အတိုင်း ပြုလုပ်၍ လက်မှတ်ရေးထိုးသည့် ဝန်ခံချက် အသီးသီး၏မူရင်းနှင့်စပ်လျဉ်း၍ထိုပဋ္ဌမတန်းရာဇဝတ်တရားသူကြီး မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုသတ်မှတ်ရမည်။

သတင်းစာပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူ ဆောင်ရွက်ရမည့်ကိစ္စများ။

၄။ ။(၁) ဤဥပဒေတွင် အခြားနေရာ၌မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို အထက်အဆိုပါ ဝန်ခံချက်တခုခုကို လက်မှတ်ရေးထိုးပြီးနောက်၊အဆိုပါဝန်ခံချက်တွင်ဖော်ပြထားသည့် သတင်းစာနှင့်စပ်လျဉ်း၍ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူအဖြစ်မှ ရပ်စဲသွားလျှင်၊ သက်ဆိုင်ရာပဋ္ဌမတန်း ရာဇဝတ် တရားသူကြီးထံလာရောက်၍၊ သတ်မှတ်သည့်ဝန်ခံချက် သုံးစောင်ပြုလုပ်ကာလက်မှတ်ရေးထိုးနိုင်သည်။

ဝန်ခံချက်ကို လက်မှတ်ရေးထိုးပြီးနောက် ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူ အဖြစ်မှ ရပ်စဲသူ၏ ဝန်ခံချက်။

(၂) ပုဒ်မခွဲ (၁) အရ၊ပြုသည့် ဝန်ခံချက်မူရင်း အသီးသီးနှင့်စပ်လျဉ်း၍ ထိုပဋ္ဌမတန်း ရာဇဝတ်တရားသူကြီး မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သတ်မှတ်ရမည်။

အပိုင်း ၃။

ဗဟိုမှတ်ပုံတင်အဖွဲ့နှင့်မှတ်ပုံတင်အရာရှိများ။

ဗဟို မှတ် ပုံ တင် အ ဖွဲ့ ဖွဲ့စည်းခြင်း။

၅။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ကိစ္စများနှင့်တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ပြန်ကြားရေးဌာန လက်အောက်တွင် ဗဟိုမှတ်ပုံတင်အဖွဲ့ တခုကို၊ သတ်မှတ်သည့်အတိုင်း ဖွဲ့စည်းရမည်။

(၂) ပြန်ကြားရေးဌာနတာဝန်ခံသည်၊ ဤဥပဒေအရတာဝန်ဝတ်တရားများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ၊ ရန်ကုန်နှင့် အခြားခရိုင်အသီးသီးအတွက် မှတ်ပုံတင်အရာရှိနှင့် အခြား ရာထမ်းမှုထမ်းများကို လိုအပ်သလို ခန့်ထားနိုင်သည်။

(၃) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မှတ်ပုံတင်အရာရှိများသည်၊ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊သတ်မှတ်သည့်အာဏာနှင့်တာဝန်ဝတ်တရားများ ကိုသုံးစွဲဆောင်ရွက်ရမည်။

မှတ်ပုံ တင် အရာရှိ များ၏ အာဏာ နှင့် တာ ဝန်ဝတ်တရားများ။

အပိုင်း ၄။

ပုံနှိပ်သူနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်း။

ပုံနှိပ်သူနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ရခြင်း။

၆။ ။(၁) ဤဥပဒေတွင်အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး ပုံနှိပ်သူတိုင်းသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူတိုင်းသည်၊ ပုဒ်မ ၃ အရ၊ ဝန်ခံချက်ကို ပြုလုပ်လက်မှတ်ထိုးပြီးနောက်၊ မိမိ၏ လုပ်ငန်းကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်သည့် လျှောက်လွှာပုံစံဖြင့် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(၂) ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ထိုလက်မှတ်ပါ စည်းကမ်းချက်များ၊ သို့တည်းမဟုတ် လိုအပ်ချက်များအရမှတပါး၊ မည်သူမျှ ပုံနှိပ်သည့်လုပ်ငန်းကိုသော်၎င်း၊ ထုတ်ဝေ သည့်လုပ်ငန်းကိုသော်၎င်း၊ မဆောင်ရွက်စေရ။

လျှောက်လွှာနှင့် အတူ ပေးပို့ ရမည့် အကြောင်း အရာများ။

၇။ ။ဤဥပဒေအရ မှတ်ပုံတင်ရန် လျှောက်လွှာနှင့်အတူ၊ သတ်မှတ်သည့် စာတမ်း အမှတ်အသားများနှင့် အကြောင်းအရာများကို ပေးပို့ရမည်။

ယာယီမှတ်ပုံတင် သက်သေခံ လက်မှတ်ထုတ် ပေးခြင်း။

၈။ ။(၁) သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိသည်၊ ပုံနှိပ်သူ၊သို့တည်းမဟုတ် ထုတ်ဝေသူထံမှ မှတ်ပုံတင်ရန်လျှောက်လွှာ ရရှိသည့်အခါ မိမိသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ သတ်မှတ်သည့်အတိုင်း ယာယီမှတ်ပုံတင် သက်သေခံ လက်မှတ်ထုတ်ပေးနိုင်သည်။

(၂) သက်ဆိုင်ရာမှတ်ပုံတင် အရာရှိသည်၊ ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့် လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် လျှောက်လွှာတွင်ဖော်ပြထားသည့်အကြောင်းအရာများ မှန် မမှန်စုံစမ်းစစ်ဆေးမှုကို သတ်မှတ်သည့်အတိုင်း ပြုလုပ်စေပြီးနောက်၊ ကြေနပ်လျှင်၊ မှတ်ပုံတင်သက်သေခံ လက်မှတ်ထုတ်ပေးရန်၊ သို့တည်းမဟုတ် မကျေနပ်လျှင်၊ မှတ်ပုံတင်သက်သေခံ လက်မှတ်ထုတ်မပေးရန် အစီရင်ခံချက်နှင့်တကွ အမှုတွဲကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ပေးပို့ရမည်။

(၃) ဗဟိုမှတ်ပုံတင်အဖွဲ့သည်၊ ပုဒ်မခွဲ (၂) အရ ပေးပို့သည့် အမှုတွဲကိုရရှိသည့်အခါ၊ စဉ်းစားဆင်ခြင်၍ မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း မှတ်ပုံတင် သက်သေခံလက်မှတ်ထုတ်ပေးရန်အမိန့်ကိုသော်၎င်း၊ ထုတ်မပေးရန်အမိန့်ကိုသော်၎င်း၊ ချမှတ်ရမည်။

လျှောက်လွှာနှင့် တကွ ဆိုင်ရာအမှုတွဲကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ပေးပို့ခြင်း။

မှတ်ပုံတင် သက်သေခံ လက်မှတ်အတည်ဖြစ်ရမည့် ကာလအပိုင်းအခြား။

၉။ ။(၁) ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်သည်၊ သတ်မှတ်သည့် ကာလအပိုင်းအခြားအထိ အတည်ဖြစ်စေရမည်။

(၂) ဤဥပဒေ အာဏာမတည်မီက ၁၉၅၅ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်များသည်၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အတည်ဖြစ်ခြင်းမရှိစေ ရမည်။

ဥပဒေအာဏာမတည်မီ ကထုတ်ပေးထားသည့်မှတ်ပုံတင်သက်သေခံလက်မှတ် အတည်ဖြစ်ရမည့် ကာလ အပိုင်းအခြား။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) တွင် ရည်ညွှန်းသည့် မှတ်ပုံတင် သက်သေခံလက်မှတ်ကို၊ သတ်မှတ်သည့်အတိုင်း အသစ် လဲလှယ်ရန်လျှောက်ထားနိုင်သည်။

၁၀။ ။မည်သည့်ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမဆို၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ မှတ်ပုံတင်သက်သေခံလက်မှတ်ရယူကြောင်းကိုသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဝါဒနှင့်သဘောထားကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အကျိုးကိုဖြစ်စေ၊ထိခိုက်စေရန်အကြံနှင့် မှတ်ပုံတင်ကြောင်းကိုသော်၎င်း၊ စုံစမ်းစစ်ဆေး၍တွေ့ရှိလျှင်၊ ထိုမှတ်ပုံတင်သက်သေခံလက်မှတ်ကို၊ ဗဟိုမှတ်ပုံတင်အဖွဲ့က ရုပ်သိမ်းနိုင်သည်။

မှတ်ပုံတင်သက်သေခံလက်မှတ်ရုပ်သိမ်းခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ဗဟိုမှတ်ပုံတင်အဖွဲ့က ဤပုဒ်မအရ အရေးယူဆောင်ရွက်သောအခါ၊ သက်ဆိုင်ရာပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမှာ လာရောက်ထုချေပိုင်ခွင့်ရှိစေရမည်။

အပိုင်း ၅။

စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများပေးအပ်ခြင်း။

၁၁။ ။(၁) မည်သည့် စာအုပ်ကိုမဆို၊ ဤဥပဒေကစတင် အာဏာတည်ပြီးနောက်၊ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပုံနှိပ်သည့်အခါတိုင်း၊ သို့တည်းမဟုတ် ကျောက်ပုံနှိပ်သည့်အခါတိုင်း၊ ပုံနှိပ်သူသည်၊ ရန်ကုန်ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံးသို့ သတ်မှတ်သည့်အတိုင်း အဘိုးအခလွှတ်ပေးအပ်ရမည်။

ဥပဒေ စာတင်အာဏာတည်ပြီးနောက် ပုံနှိပ်သည့် စာအုပ်များကို အဘိုးအခ လွှတ်ပေးအပ်ရခြင်း။

(၂) ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့သည်၊ မိမိအားပုဒ်မခွဲ (၁) အရ၊ပေးအပ်ထားသောစာအုပ်များကို သတ်မှတ်သည့်အတိုင်း စီမံခန့်ခွဲရမည်။

၁၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံတွင် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အသီးသီး ပုံနှိပ်သူသည်၊စာစောင်၊ ဂျာနယ်၊မဂ္ဂဇင်းကို ထုတ်ဝေသည့်အခါတိုင်း ထုတ်ဝေလျှင်ထုတ်ဝေခြင်း ထိုသို့ထုတ်ဝေသည့် စာစောင်၊ဂျာနယ်၊မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံးသို့ သတ်မှတ်ထားသည့်အတိုင်း အဘိုးအခလွှတ်ပေးအပ်ရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပုံနှိပ်သည့် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အဘိုးအခလွှတ် ပေးအပ်ရခြင်း။

အပိုင်း ၆။

စာအုပ်များကိုမှတ်ပုံတင်ခြင်း။

စာအုပ်မှတ်တမ်းများကို မှတ်ပုံတင်ခြင်း။

၁၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပုံနှိပ်သော စာအုပ်များနှင့်စပ်လျဉ်း၍ "စာအုပ်စာရင်း" ခေါ် စာအုပ်ကို ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံး၌ ထားရှိရမည်။ ထိုစာအုပ်စာရင်းတွင် ပုဒ်မ ၀၁ အရ၊ ပေးအပ်သော စာအုပ်အသီးသီးနှင့် သက်ဆိုင်သည့်မှတ်တမ်းကို မှတ်ပုံတင်ရမည်။ အဆိုပါ မှတ်တမ်းတွင် တတ်နိုင်သရွေ့ သတ်မှတ်ထားသည့်အကြောင်းအရာများပါရှိစေရမည်။

မှတ်ပုံတင်ထားသည့် မှတ်တမ်းကို ထုတ်ပြန်ခြင်း။

(၂) အဆိုပါ စာအုပ်စာရင်းတွင် သတ်မှတ်သည့်ကာလအပိုင်းအခြားအတွင်း မှတ်ပုံတင်ထားသော မှတ်တမ်းများကို ယင်းသို့ သတ်မှတ်သည့်ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ပြန်တမ်းတွင်ထုတ်ပြန်ရမည်။

အပိုင်း ၇။

ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ထုတ်ဝေသောသတင်းစာ၊စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် အခြားပုံနှိပ်ထုတ်ဝေစာများ။

ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ထုတ်ဝေသောသတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် အခြား ပုံနှိပ်ထုတ်ဝေစာကို သိမ်း ယူ ဖျက်ဆီးနိုင်ခွင့်အာဏာ။

၁၄။ ။(၁) ရဲအရာရှိ၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အာဏာအပ်နှင်းထားသောအခြားသူတဦးဦးသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ထုတ်ဝေသောသတင်းစာ၊စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် အခြားပုံနှိပ်ထုတ်ဝေစာဟူသမျှကိုတွေ့ရှိရာနေရာတိုင်းဖျက်သိမ်းယူနိုင်သည်။

(၂) ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီး တဦးဦးသည်၊ ရဲအုပ်ရာထူး အဆင့်အတန်းအောက်မဲ့နိမ့်သော ရဲအရာရှိတဦးဦးအား၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ထုတ်ဝေသော သတင်းစာ၊စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများ ထားသိုဘွယ်ရာရှိသည့်၊သို့တည်းမဟုတ် ထားသိုဘွယ်ရာရှိသည်ဟု အကြောင်းအားလျော်စွာ သက်သေပြကင်းသည့်နေရာသို့ ဝင်ရောက်ရှာဖွေရန် ဝါရမ်းစာဖြင့်အာဏာအပ်နှင်းနိုင်သည်။ အဆိုပါ ရဲအရာရှိသည်၊ ထိုနေရာတွင် တွေ့ရှိသော စာတမ်းအမှတ်အသားများကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် အခြားပုံနှိပ်ထုတ်ဝေစာများဟု မိမိယူဆလျှင် သိမ်းယူနိုင်သည်။

(၃) ပုဒ်မခွဲ (၁) အရ၊ သိမ်းယူသော စာတမ်းအမှတ်အသား အားလုံးကို၊ ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးထံသို့ ဖြစ်စေ၊ ပဌမတန်းရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ တင်ပြ

ရမည်။ ထို့ပြင် ပုဒ်မခွဲ (၂) အရ သိမ်းယူသော စာတမ်းအမှတ်အသားအားလုံးကို၊ ဝါရမ်းစာထုတ်ဆင့်သော ခရိုင်ရာဇဝတ် တရားသူကြီးရုံး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီး၊သို့တည်းမဟုတ်ပဌမတန်းရာဇဝတ်တရားသူကြီးရုံးသို့ဆောလျင်နိုင်သမျှ ဆောလျင်စွာတင်ပြရမည်။

(၄) အဆိုပါစာတမ်းအမှတ်အသားတခုခုသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ်အခြားပုံနှိပ်ထုတ်ဝေစာဖြစ်သည်ဟုအဆိုပါခရိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် နယ်ပိုင် ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပဌမတန်း ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အဆိုပါ ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ပဌမတန်း ရာဇဝတ်တရားသူကြီးရုံးကဖြစ်စေ ယူဆလျှင်၊ ထိုစာတမ်းအမှတ်အသားများကို ဖျက်ဆီးစေနိုင်သည်။ အဆိုပါစာတမ်းအမှတ်အသားတခုခုသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊စာစောင်၊ဂျာနယ်၊မဂ္ဂဇင်း၊ စာအုပ်၊သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာမဟုတ်ဟု ထိုခရိုင်ရာဇဝတ်တရားသူကြီး၊သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပဌမတန်း ရာဇဝတ် တရားသူကြီးကဖြစ်စေ၊ ထိုခရိုင်ရာဇဝတ်တရားသူကြီးရုံ၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ပဌမတန်း ရာဇဝတ်တရားသူကြီးရုံးကဖြစ်စေ၊ ယူဆလျှင်၊ ထိုစာတမ်းအမှတ်အသားများကို၊ ရာဇဝတ်ကျင့်ထုံး ကိုဝဥပဒေ ပုဒ်မ ၅၂၊ ၅၄ နှင့် ၅၅ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းစီမံခန့်ခွဲရမည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြား ပုံနှိပ်ထုတ်ဝေစာထုတ်လုပ်သည့် စာပုံနှိပ်စက် ကို ဖမ်း ဆီး၍၊ ဘဏ္ဍာတော်အဖြစ်သိမ်းယူနိုင်သည့်အာဏာ။

၁၅။ ။(၁) ခရိုင်ရာဇဝတ် တရား သူကြီးသည်၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီးသည်၊ သို့တည်းမဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီးသည်၊ မိမိစီရင်ပိုင်ခွင့်အာဏာရှေ့သနယ်နိမိတ်အတွင်း၊ စာပုံနှိပ်စက်တခုခုမှဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ်လုပ်နေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်၊ ရဲအုပ်ရာထူးအဆင့်အဘန်း အောက်မနိမ့်သော ရဲအရာရှိ တဦးဦး အား၊ စာပုံနှိပ်စက်ရှိနိုင်သည့်၊ သို့တည်းမဟုတ် ရှိနိုင်သည်ဟု အကြောင်းအားလျော်စွာ သက်သေကင်းသည့် နေရာသို့ဝင်ရောက်ရှာဖွေရန် ဝါရမ်းစာဖြင့် အာဏာ အပ်နှင်းနိုင်သည်။ အဆိုပါနေရာတွင် တွေ့ရှိသော စာပုံနှိပ်စက်သည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ်လုပ်သောစာပုံနှိပ်စက်ဖြစ်သည်ဟူ၍ရှင်း၊ ထိုစာပုံနှိပ်စက်ကို ဤဥပဒေပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ်လုပ်ရေးအတွက် အသုံးပြုသည်ဟူ၍ရှင်း၊ အဆိုပါရဲအရာရှိက ယူဆလျှင် ထိုရဲအရာရှိသည်၊ ထိုစာပုံနှိပ်စက်ကို သိမ်းဆည်းနိုင်သည့်ပြင်၊ ထိုနေရာတွင် တွေ့ရှိသော စာတမ်းအမှတ်အသား များကိုလည်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊မဂ္ဂဇင်း၊

စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာများ ဖြစ်သည်ဟု မိမိယူဆလျှင် သိမ်းဆည်းနိုင်သည်။

(၂) ထိုရဲအရာရှိသည်၊ ထိုသို့ရှာဖွေကြောင်းကို ဝါရမ်းစာ ထုတ်ဆင့်သည့်ရုံးသို့ အစီရင်ခံရမည့်ပြင်၊ သိမ်းဆည်းထားသည့် ပစ္စည်းအားလုံးကိုလည်း၊ထိုရုံးသို့ဆောလျှင်နိုင်သမျှ ဆောလျှင်စွာတင်ပြရမည်။

ခြွင်းချက်။ ။သို့ရာတွင် သိမ်းဆည်းထားသည့် စာပုံနှိပ်စက်တခုခုကို၊ အလွယ်တကူမရှေ့ပြောင်းနိုင်လျှင်၊ ထိုရဲအရာရှိသည်၊ မိမိသင့်သည်ထင်မြင်သော ထိုစာပုံနှိပ်စက် အစိတ်အပိုင်းများကိုသာ ရုံးသို့တင်ပြနိုင်သည်။

(၃) အဆိုပါရုံးသည်၊ မိမိလိုအပ်သည် ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ ဤပုဒ်မအရ သိမ်းဆည်းထားသော စာပုံနှိပ်စက်မှာ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊စာအုပ်၊ သို့တည်းမဟုတ် အခြား ပုံနှိပ်ထုတ်ဝေစာထုတ်လုပ်ရေးအတွက်အသုံးပြုသည့် စာပုံနှိပ်စက်ဖြစ်သည်ဟု ယူဆလျှင်၊ ထိုစာပုံနှိပ်စက်ကို၊အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းယူစေရန် အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။ အဆိုပါစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ထိုရုံးသည်၊ ထိုသို့မယူဆလျှင်ပါ ထိုစာပုံနှိပ်စက်ကို၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၂၃၊ ၅၂၄ နှင့် ၅၂၅ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းစီမံခန့်ခွဲရမည်။

(၄) ထိုရုံးသည်၊ ဤပုဒ်မအရ မိမိရှေ့တင်ပြသောစာတမ်း အနှုတ်အသားများကို ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၄) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း စီမံခန့်ခွဲရမည်။

အပိုင်း ၈။

ပြစ်ဒဏ်များ။

ပုဒ်မ ၃၊ ၁၁၊ ၁၂ နှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်။

၁၆။ ။မည်သူမဆို၊ ပုဒ်မ ၃၊ ၁၁ နှင့် ၁၂ ပါပြဋ္ဌာန်းချက်တခုခုကိုလိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ကျပ်နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

ပုဒ်မ ၆ အရမှတ်ပုံမတင်ဘဲ ပုံနှိပ်ထုတ်ဝေသည့် အတွက်ပြစ်ဒဏ်။

၁၇။ ။မည်သူမဆို၊ ပုဒ်မ ၆ အရ မှတ်ပုံမတင်မီ၊ ပုံနှိပ်သည့်လုင်ငန်းကိုသော်၎င်း၊ ထုတ်ဝေသည့် လုပ်ငန်းကိုသော်၎င်း၊ ပြုလုပ်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

မဟုတ် မမှန် ဖေါ်ပြသည့် အတွက်ပြစ်ဒဏ်။

၁၈။ ။မည်သူမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ အရဖြစ်စေ၊ ဝန်ခံချက် ပြုလုပ်ရာ၌သော်၎င်း၊ လျှောက်ထားချက်တခုခု ပြုလုပ်ရာ၌သော်၎င်း၊ မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိရှိ၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်းလည်းမရှိသော အကြောင်းအရာကို ဖေါ်ပြလျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၉။ ။မည်သူမဆို ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူအဖြစ်ဖြင့် မိမိအား ထုတ်ပေးထားသည့် မှတ်ပုံတင် သက်သေခံ လက်မှတ်ကို ရုပ်သိမ်းပြီးနောက်၊သို့တည်းမဟုတ်အတည်ဖြစ်ခြင်းမှရပ်စဲပြီး နောက်၊ ပုံနှိပ်သည့်လုပ်ငန်းကိုသော်၎င်း၊ ထုတ်ဝေသည့် လုပ်ငန်းကိုသော်၎င်း၊ ဆက်လက် လုပ်ကိုင်ဆောင်ရွက်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

မှတ်ပုံတင် သက်သေခံ လက် မှတ် ရုပ် သိမ်း ပြီး နောက်လုပ်ငန်းဆက်လက် လုပ်ကိုင်သည့် အတွက် ပြစ်ဒဏ်။

၂၀။ ။မည်သူမဆို၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေ တခုခုကိုသော်၎င်း၊ ဤဥပဒေအရအာဏာပိုင်တဦးဦးကထုတ်ဆင့်သည့်အမိန့်ကို သော်၎င်း၊ လိုက်နာရန်ပျက်ကွက်လျှင်၊သို့တည်းမဟုတ်ဆန့်ကျင်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

နည်းဥပဒေ၊ သို့တည်းမဟုတ်အမိန့်ကို မလိုက်နာသည့်အတွက်ပြစ်ဒဏ်။

အပိုင်း ၉။

အမှုဆွေးဆွေး

၂၁။ ။ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေအရ ဖြစ်စေ၊ ဗဟိုမှတ်ပုံတင်အဖွဲ့က ချမှတ်သောအမိန့်တခုခုကို မကျေနပ်လျှင်၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ်ထုတ်ဝေသူသည်၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း၊သတ်မှတ်သည့်ကာလအပိုင်းအခြားအတွင်း ပြန်ကြားရေးဌာန တာဝန်ခံထံသို့ အယူခံဝင်နိုင်သည်။ အဆိုပါဌာနတာဝန်ခံ၏ ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်ရမည်။

ဗဟိုမှတ်ပုံတင် အဖွဲ့က ချမှတ်သည့် အမိန့်ကို ပြန်ကြားရေးဌာန တာဝန်ခံထံ အယူခံဝင်နိုင်ခြင်း။

၂၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်မည်သည့်ပုံနှိပ်သူ၊သို့တည်းမဟုတ် ထုတ်ဝေသူကိုမဆို၊သို့တည်းမဟုတ် မည်သည့်ပုံနှိပ်ထုတ်ဝေစာကိုမဆို ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက်များ ထားရှိရန်ဖြစ်စေ၊ စည်းကမ်းချက်များ မထားရှိဘဲ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ဤဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေပါ ဇယားတွင် ဖော်ပြပါရှိသော ပုံနှိပ်ထုတ်ဝေစာများနှင့် မသက်ဆိုင်စေရ။

ကင်းလွတ်ခွင့်ပြုရန် အာဏာ။

၂၃။ ။ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် ချမှတ်သည့်အမိန့်တခုခုနှင့်အညီဖြစ်စေ၊ သဘောရိုးဖြင့်ဆောင်ရွက်သည့်ကိစ္စတခုခုအတွက် မည်သူ့ကိုမျှတရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှခင်းစွဲဆိုခြင်းမပြုရ။

တရားစွဲဆိုခြင်းကိုပိတ်ပင်ခြင်း။

ပြည်သူ့ဝန်ထမ်းများဟု မှတ်ယူခြင်း။

၂၄။ ။ဗဟိုမှတ်ပုံတင်အဖွဲ့ဝင်၊ ဗဟိုမှတ်ပုံတင်အဖွဲ့ လက်အောက် ရှိမှတ်ပုံတင်အရာရှိနှင့်အခြားအရာထမ်း အမှုထမ်းအားလုံးသည်၊ ဤဥပဒေနှင့်အညီ ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် ချမှတ်သည့် အမိန့်တခုခုနှင့်အညီ ဖြစ်စေ၊ ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်သော သဘော သက်ရောက်သည့် ပြုမှုတခုခုကိုပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

ဇယားကိုပြင်ခြင်း။

၂၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါဇယားကို ပြင်နိုင်သည်။

နည်းဥပဒေပြုအာဏာ။

၂၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

(၂) အထူးအားဖြင့်၊ အထက်ပါအာဏာများ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါ နည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက်ပြဋ္ဌာန်းနိုင်သည်။

(က) ဗဟိုမှတ်ပုံတင်အဖွဲ့ဝင်တို့၏ရာထူးသက်တမ်း၊ အာဏာနှင့် တာဝန်ဝတ်တရားများ၊ ထို့ပြင် ၎င်းတို့အား ပေးရမည့်အခကြေးငွေများ။

(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည့်နည်းလမ်းများ။

(ဂ) မှတ်ပုံတင် သက်သေခံလက်မှတ်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် မှတ်ပုံတင် သက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍၊ ပေးဆောင်ရမည့် အခကြေးငွေ။

(ဃ) မှတ်ပုံတင် သက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ သို့တည်းမဟုတ် လိုအပ်ချက်များ။

(င) မည်သည့် ကိစ္စမျိုးတွင် ဝန်ခံချက် ရုံးမိတ္တူမှာ ယုတ္တိထင်ရှားသည့် သက်သေခံဖြစ်ခြင်း။

(စ) ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူကထားရှိရမည့်စာရင်းစာအုပ်များ၊ သက်ဆိုင်ရာ အာဏာပိုင်ထံသို့ ပေးပို့ရမည့်အစီရင်ခံစာများ၊ စာရင်းအင်းများနှင့်အကြောင်းအရာများ။

(ဆ) သတင်းစာ၊စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများပေါ်တွင် ပုံနှိပ်ထားရမည့်အကြောင်းအရာများ။

(ဇ) ဤဥပဒေအရ နည်းဥပဒေများဖြင့် သတ်မှတ်ရန် လိုသည့် အခြားကိစ္စများ။

ရပ်သိမ်းခြင်း။

၂၇။ ။ပုံနှိပ်တိုက် (မှတ်ပုံတင်ရေး) အက်ဥပဒေ [The Press(Registration) Act] နှင့် ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေများကို၊ ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ခြင်းချက်။ ။သို့ရာတွင် ထိုသို့ရှုပ်သိမ်းခြင်းသည်—

(က) ယခင်က အဆိုပါအက်ဥပဒေတခုခု အာဏာတည်ခြင်းကိုသော်၎င်း၊

(ခ) အဆိုပါအက်ဥပဒေတခုခုကို ကျူးလွန်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍၊ ငွေဒဏ်စီရင်ခြင်း၊သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ထိုသို့ငွေဒဏ်စီရင်ခံရခြင်း၊သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ခံရခြင်းကိုသော်၎င်း၊

(ဂ) အဆိုပါငွေဒဏ်စီရင်ခံရခြင်း၊ သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ခံရခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု၊တရားစွဲဆိုမှု၊ သို့တည်းမဟုတ် အခွင့်အရေးကာကွယ်ရယူနိုင်မှုကိုသော်၎င်း

မထိခိုက်စေရ။ ထို့ပြင်ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုဘိသကဲ့သို့ အဆိုပါ စုံစမ်းစစ်ဆေးမှု၊ တရားစွဲဆိုမှု၊ သို့တည်းမဟုတ် အခွင့်အရေး ကာကွယ်ရယူနိုင်မှုကို ပြုလုပ်နိုင်သည့်၊ သို့တည်းမဟုတ် ဆက်လက်ဆောင်ရွက်နိုင်သည့်ပြင်၊ သို့တည်းမဟုတ် အတည်ပြုနိုင်သည့်ပြင်၊ အဆိုပါငွေဒဏ်ကိုလည်း စီရင်နိုင်သည်။ ထို့ပြင်တဆက်တည်းဖြစ်သော အထက်ခြင်းချက်နှင့်မဆန့်ကျင်စေဘဲ၊အဆိုပါအက်ဥပဒေတခုခုအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ပြုလုပ်သည့်ဝန်ခံချက်၊ခန့်ထားသည့်ရာထူး၊လွှဲအပ်သည့်အာဏာ၊ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်၊သို့တည်းမဟုတ် ပြုသည့်နည်းဥပဒေ၊သို့တည်းမဟုတ် သတ်မှတ်သည့်ပုံစံတခုခုမှာ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သမျှ၊ ထို့ပြင် ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်၊ ပြုလုပ်သည့်ဝန်ခံချက်၊ ခန့်ထားသည့်ရာထူး၊ လွှဲအပ်သည့်အာဏာ၊ ထုတ်ဆင့်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်၊ သို့တည်းမဟုတ် ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် သတ်မှတ်သည့်ပုံစံ ဖြစ်သည်ဟူ၍လည်းမှတ်ယူရမည်။

ဇယား။

[ပုဒ်မ ၂၂ (၂) ကိုကြည့်။]

(က) အစိုးရနှင့်အစိုးရဌာနများကဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ခ) တက္ကသိုလ်များ၊စာသင်ကျောင်းများ၊ ဘုတ်အဖွဲ့များ၊ကော်ပိုရေးရှင်းများ၊ ဘဏ်များ၊မြန်မာ့စီးပါယ်အဖွဲ့များ၊ဒေသန္တရအဖွဲ့များ၏ အာဏာပိုင်များက လုပ်ရိုးလုပ်စဉ် ဝတ်တရားအတိုင်း ဆောင်ရွက်ရာတွင် ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ဂ) တရားဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသော အသင်းများ၊ အသင်းခွဲများ၊ အသင်းစုများက ဝတ်တရားအတိုင်းဆောင်ရွက်ရာတွင် ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ဃ) ကုန်တိုက်များ၊ ပွဲစားများ၊ ကုန်သည်များ၊ သမဝါယမအသင်းများက ရောင်းဝယ်ရေးလုပ်ငန်းအတွက် ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(င) ဘာသာရေး၊သာသနာ ခရီး၊ လူမှုဆက်ဆံရေးအတွက်ရင်း၊ရွှေးကောက်ပွဲများအတွက်ရင်း ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

THE PRESS (EMERGENCY POWERS) ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 27 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Press (Emergency Powers) Act Amending Law, 1962.

(*2*) It shall come into force on such date as the Revolutionary Government of the Union of Burma may, by notification, appoint.

2. In clause (*4*) of section 2 of the Press (Emergency Powers) Act hereinafter called the said Act, *for* the words "District Magistrate" the words "Magistrate of the first class" *shall be substituted.*

3. In section 16 of the said Act, *for* the words "Magistrate of the first class" wherever they occur the word "Magistrate" *shall be substituted.*

4. In section 17 of the said Act, *for* the words "or Subdivisional Magistrate" the words "Subdivisional Magistrate or Magistrate" *shall be substituted.*

5. In the said Act, *for* the words "High Court" wherever they occur the words "Chief Court" *shall be substituted.*

၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၈။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ အက်ဥပဒေ၌ ပုဒ်မ ၂ တွင်—

(က) အပိုဒ် (၂)၊ အပိုဒ်ခွဲ (ဆ)၌ "ပရိုက်စာပေ" ဆိုသည့် စကားရပ်နောက်တွင် "လက်ရေးစာပေ"၊ "ပုံနှိပ်စာပေ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (၁၃) အစား၊ အောက်ပါကို အပိုဒ် (၃) အဖြစ်ထည့်သွင်းရမည်။

"(၃) 'ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ကာကွယ်စောင့်ရှောက်သောအဆောက်အဦ' ဆိုသည်မှာ၊ ပုဒ်မ ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ အဖြစ်ကျေညာထားသော အဆောက်အဦကိုဆိုလိုသည်။"

၃။ ။အဆိုပါ အက်ဥပဒေတွင် "ဇယားဝင်အဆောက်အဦ" ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်း တိုစကားရပ်အစား၊ "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇ တွင်၊ ပုဒ်မခွဲ (၅) အစား၊ အောက်ပါကို ပုဒ်မခွဲ (၅) အဖြစ် ထည့်သွင်းရမည်။

"(၅) မည်သူမဆို၊ ပုဒ်မခွဲ (၁) ကို ဆန့်ကျင်လျက်၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို၊ ပြည်ပသို့ထုတ်ဆောင်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင်ရန် အားပေးကူညီလျှင်၊ အခြားတည်ဆဲတရားဥပဒေကို၊ မထိခိုက်စေဘဲ၊ ခြောက်လထက်မနည်း၊ သုံးနှစ်ထက် မပိုသော

အလုပ်ကြမ်းနှင့်ထောင်ဒဏ် စီရင်ခြင်းခံရမည်ဖြင်၊ ကျွင်ငါးရာ ထက်မနည်း၊ ကျွင်ငါးထောင်ထက် မပိုသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။''

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၁ တွင်၊ပုဒ်မခွဲ (၆) နောက်၌အောက်ပါ ကို ပုဒ်မခွဲ (၇) အဖြစ် ထည့်သွင်းရမည်။

'' (၇) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များတွင်၊ မည်သို့ပင် ပါရှိစေကာမူ၊ ၁၈၇၆ ခုနှစ်မတိုင်မီကတည်ရှိနေသော ရှေးဟောင်းအဆောက် အဦများကို၊ဤပုဒ်မအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ အဖြစ် ကျေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။''

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို ပုဒ်မ ၂၀ အဖြစ်ထည့်သွင်းရမည်။

'' ၂၀။ ။(၁) မည်သူမဆို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ ခွင့်ပြု ချက် မ ရှိ ဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက် အဦ၏ ဥပစာအတွင်းဝင်ခြင်းမပြုစေ၊ အနီးအနား ဝင်ခြင်းမပြုစေ၊ အဆောက် အဦ သစ်မ ဆောက်လုပ်ရ၊ သို့တည်းမဟုတ် ထို အဆောက်အဦကို မပြုပြင်ရ။

ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ က ကာကွယ်စောင့်ရှောက် သော အဆောက်အဦများ ပြုပြင်မှုနှင့် အနီးအနားတွင် အ ဆောက်အဦ သစ် ဆောက်လုပ်မှုကို တားမြစ် ခြင်း။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကိုကျူးလွန်လျှင်၊ သုံးလထက်မပိုသော အလုပ်ကြမ်း နှင့်ထောင်ဒဏ်ဖြစ်စေ၊ကျပ်တထောင်ကိုငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ် ရပ်လုံးဖြစ်စေ၊စီရင်ခြင်းခံရမည်ဖြင်၊ ထိုသို့ကျူးလွန်ခြင်းကြောင့် ဟိုအဆောက်အဦပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုးအတွက် လျော်ကြေးကိုလည်း ပေးရမည်။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ သူတဦးဦးဆောက် လုပ်ထားသောမည်သည့်အဆောက်အဦကိုမဆို သီးခြားစီ ပြု ထားသည့် ကာလ အပိုင်း အခြားအတွင်း ''ရွှေပြောင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့် ဖြင့်ညွှန်ကြားနိုင်သည်။ ထိုသူက အဆိုပါအမိန့်ကို လိုက်နာရန် ပြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ကော်လိတ်တော်

ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ ၏ ခွင့်ပြု ချက် မ ရှိ ဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန် ရေး အစိုးရက ကာကွယ် စောင့် ရှောက်သော အဆောက် အဦ၏ ဥပစာအတွင်းဝင်ခြင်း၊ အနီးအနား ဝင်ခြင်း၊ အဆောက် အဦ သစ်မ ဆောက်လုပ်ရ၊ သို့တည်းမဟုတ် ထို အဆောက်အဦကို မပြုပြင်ရ။

အရာရှိသည်၊အဆိုပါအဆောက်အဦးကိုရွှေပြောင်းစေနိုင်သည်။ ထိုသို့ ရွှေပြောင်းရာတွင် ကုန်ကျသည့်စရိတ်ကို၊ ထိုသူကပေး ဆောင်ရမည်။''

၇။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၁ အစား၊ အောက်ပါကို ပုဒ်မ ၂၁ အဖြစ်ထည့်သွင်းရမည်။

''၂၁။ ။(၁) မည်သူမဆို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ ခွင့်ပြုချက် မရှိဘဲ၊ ပြည်ထောင်စု မြန် မာ နိုင်ငံ တော် လှန်ရေးအစိုးရက ကာကွယ်စောင့် ရှောက်သော အဆောက် အဦး၏ ပတ်ဝန်းကျင်အနီးအနား၊တွင် ဓါတ် သတ္တုတူးဖေါ်မှု၊ ရေနံဓါတ်တူးဖေါ်မှု၊ ကျောက်တူးမှု၊ သို့တည်းမဟုတ် မြေတူးမှု မပြုလုပ်ရ။ ထို့ပြင် ထိုအ ဆောက်အဦး၏ ပတ်ဝန်းကျင်တွင်၊ တူးဖေါ်ရာ၌အသုံးပြုသော ယာဉ်းအမျိုးအစားနှင့် အချိန်အတွယ် အလိုက်၊ အနှုရာယ်သင့်စေနိုင်သည့် အကွာအဝေးအတွင်း၊ ဖေါက်ခွဲမှုကိုမပြုလုပ်ရ။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ကာ ကွယ် စောင့် ရှောက် သော အဆောက် အဦး၏ ပတ်ဝန်းကျင် အနီးအနား တွင် ခွင့်ပြုချက် မရှိဘဲ၊ ဓါတ်သတ္တု တူးဖေါ်ခြင်းစ သည်ဟိုကို မပြုလုပ်ရခြင်း။

ခြင်းချက်။ ။ယခုကာလတွင်၊ ဤပုဒ်မခွဲပါ၊ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ထိုအဆောက်အဦး၏ ပတ်ဝန်းကျင် အနီးအနားတွင် သယံဇာ ဖိုက်ဖျိုးလုပ်ကိုင်ရေး ကိစ္စအလို့ငှါ၊ မြေတူးခြင်းကို တားမြစ် သည်ဟုမမှတ်ယူရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ၊ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးလ ထက်မနည်း၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့်ထောင် ဒဏ်ဖြစ်စေ၊ ကျပ်သိုးသောင်းထိဒဏ်ဖြစ်စေ၊ ဒဏ်နှစ်မျိုးလုံး ဖြစ်စေ၊ ခံရမည်ဖြင့်၊ ထိုသို့ ကျူးလွန်ခြင်းကြောင့် ထို အဆောက်အဦ ပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုးအတွက် လျော်ကြေးကိုလည်းပေးရမည်။''

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက် ပါကို ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

''(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက် ထားသော အဆောက်အဦ ဟခွဲခုတိုက်ဆော်ဇင်း

ပြစ်ဒဏ်မှား

ထိုအဆောက်အဦး၏ ၁ပစာအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်း တခုခုကိုသော်၎င်း၊ ပုဒ်မ ၄ (ခ) အရ၊ ညွှန်ကြားရေးဝန်က၊ ထိန်းသိမ်းသူအဖြစ်တာဝန်ယူ၍ ပြုပြင်ထားရှိသောရှေးဟောင်း ဝတ္ထုပစ္စည်းတခုခုကိုသော်၎င်း၊ တမင်ဖျက်ဆီးလျှင်၊ သို့တည်း မဟုတ် ရွှေပြောင်းလျှင်၊ သို့တည်းမဟုတ် ထိခိုက် ချွတ်ယွင်းစေ လျှင်၊ သို့တည်းမဟုတ်ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် အသွင် ပျက်စေလျှင်၊ သို့တည်းမဟုတ် ဘေးအန္တရာယ် ဖြစ်စေလျှင်၊ သို့တည်းမဟုတ် တူးဖေါ်လျှင် ခြောက်လထက်မနည်း၊ သုံးနှစ် ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်ခြင်း ခံရမည် ဖြင်၊ ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက် မများသော ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။''

၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၉။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တု ပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေနောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရတည်ထောင်သော ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၄ အရဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကို ဆိုလိုသည်။

(ဂ) ''လက်အောက်ခံအဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၂၃ အရဖွဲ့စည်းသော လက်အောက်ခံအဖွဲ့ကိုဆိုလိုသည်။

(ဃ) ''ရေနံဓါတ်'' ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ ရေနံဓါတ် ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်း သတ်မှတ်မှု) အက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ်(စ)တွင် အဓိပ္ပါယ်ဖော်ပြထားသည့် ရေနံဓါတ်ကိုဆိုလိုသည်။

(င) ''ဓါတ်သတ္တု'' ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ သတ္တုအခွင့်အရေး ဆိုင်ရာ နည်းဥပဒေများတွင်အဓိပ္ပါယ်ဖော်ပြထားသောသတ္တုတခုခု ကိုဝင်း၊ အထက်မြန်မာနိုင်ငံ ပတ္တမြားရက်ဂူလေးရှင်း ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသော ကျောက်မျက်ရတနာကိုဝင်း၊ ကျောက်စိမ်းတွင်းရက်ဂူလေးရှင်းဥပဒေတွင်၊ အဓိပ္ပါယ် ဖော်ပြထားသော ကျောက်စိမ်းကိုဝင်း၊ မြန်မာနိုင်ငံ သစ်တောနည်းဥပဒေများတွင် ကျောက်စိမ်း၊ ပယင်းများဟုခေါ်တွင်သော ကျောက်များကိုဝင်း ဆိုလိုသည်။

(စ) ''ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း'' ဆိုသည်မှာ၊ မည်သည့်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းကိုမဆို စူးစမ်း၊ ရှာဖွေ၊ တူးဖော်၊ထုတ်လုပ်သော လုပ်ငန်းတခုခုကိုဆိုလိုသည်။

အခန်း ၂။

ကော်ပိုရေးရှင်း နွေစည်းအုပ်ချုပ်ပုံ။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်စေရန်အလို့ငှါ၊ ''ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း''ဟုခေါ်သည့် ကော်ပိုရေးရှင်းတခုကို တည်ထောင်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ စည်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်း ထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်း၌၊ ရွှေပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေပြောင်းနိုင်သည့် ပစ္စည်းများကိုရယူခွင့်၊လက်ရှိထားခွင့်၊သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်လည်းရှိရမည်။ထို့ပြင် ကော်ပိုရေးရှင်းသည်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေးကော်ပိုရေးရှင်း အက်ဥပဒေအရ တည်ထောင်သော၊ ''ဓါတ်သတ္တု ပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေးကော်ပိုရေးရှင်း'' ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကိုရင်း၊ ဘူမိဗေဒဌာန၊ သတ္တုတွင်းနှင့် ပေါက်ကွဲစေ တတ်သော ဝတ္ထုပစ္စည်းများ အုပ်ချုပ်ရေးဌာနတို့ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံး ကိုရင်း၊ ကော်ပိုရေးရှင်းကဆက်ခံရမည်ဟု၊ အဆိုပါအက်ဥပဒေအရတည်ထောင်သား သော၊ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေး ကော်ပို ရေးရှင်းက၊ သို့တည်းမဟုတ် ဘူမိဗေဒဌာနက၊ သို့တည်းမဟုတ် သတ္တုတွင်းနှင့် ပေါက် ကွဲစေတတ်သောဝတ္ထုပစ္စည်းများအုပ်ချုပ်ရေးဌာနကချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံး ကိုလည်း၊ ကော်ပိုရေးရှင်းက ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

၄။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ကော်ပိုရေး ရှင်း၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်၊အုပ်ချုပ်ညွှန်ကြားရန် ဒါရိုက်တာအဖွဲ့တခု ဖွဲ့စည်းရမည်။ အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏အာဏာများနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်း၊သို့တည်းမဟုတ် ဖက်စပ်လုပ်ငန်းနှင့်ရင်း၊ အခြားလုပ်ငန်းများနှင့် ရင်း၊ စပ်လျဉ်း၍ ကော်ပိုရေးရှင်း၏ အာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင် ရွက်ရာတွင်၊စက်မှု လက်မှု၊ကူးသန်းရောင်းဝယ်မှုနှင့် အများပြည်သူ့အကျိုးကို ရှေရှု၍၊ ကုန်သွယ်မှုလုပ်ငန်းစည်းမျဉ်းများအတိုင်း သုံးစွဲဆောင်ရွက်ရမည်။

၅။ ။(၁) အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

ဥက္ကဋ္ဌ။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရတာဝန်ခံ၊သတ္တုတွင်း ဌာန။

အခြားအဖွဲ့ဝင်များ။

(ခ) ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး)။
(ဂ) အတွင်းဝန်၊ အမျိုးသားစီမံကိန်းဌာန။
(ဃ) အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန။
(င) အတွင်းဝန်၊ ကာကွယ်ရေးဌာန။
(စ) အတွင်းဝန်၊ သတ္တုတွင်းဌာန။
(ဆ) ညွှန်ကြားရေးဝန်ချုပ်။
(ဇ) အဖွဲ့အတွင်းရေးမှူး။

(၂) အဖွဲ့သည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးအား၊ အဖွဲ့အတွင်းရေးမှူး အဖြစ် ရွေးချယ်ခန့်ထားရမည်။

၆။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သင့်ုတော်သော ပုဂ္ဂိုလ်တဦးအား၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်အဖြစ် ခန့်ထား ရမည်။

၇။ ။အဖွဲ့သည်၊ဤဥပဒေပါကိစ္စများအလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်၏ တာဝန် ဝတ္တ ရားများကို သတ်မှတ်ရမည့်ပြင်၊ ညွှန်ကြားရေးဝန်ချုပ်အားသော်၎င်း၊ ကော်ပိုရေးရှင်း၏ အခြားရာထမ်းများအားသော်၎င်း၊ မိမိ၏တာဝန်ဝတ္တရားနှင့် အာဏာ အချို့ကို လွှဲအပ်နိုင်သည်။

၈။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လိုအပ်လျှင် ညွှန် ကြားရေးဝန်ချုပ်၏ လစာနှင့် စရိတ်ကြေးငွေများကို သတ်မှတ်နိုင်သည်။

၉။ ။အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏ ရေနံဓါတ်၊ သွေ့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက်ဖြစ်စေ၊ကော်ပိုရေးရှင်းလက်အောက် ရှိ ရေနံဓါတ်၊ သွေ့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေး ဖက်စပ် လုပ် ငန်းအတွက်ဖြစ်စေ၊ ကြီးကြပ် အုပ်ချုပ်သူများကို၊ အဖွဲ့ဝင်များထဲမှ သော်၎င်း၊ အခြားအစိုးရရာထမ်းများထဲမှသော်၎င်း ရွေးချယ်ခန့်ထားနိုင်သည်။

၁၀။ ။အဖွဲ့သည်၊ကြီးကြပ်အုပ်ချုပ်သူများ၏ တာဝန်ဝတ္တရားများကို သတ်မှတ် ရမည့်ပြင်၊ လိုအပ်ပါက၊ ထိုကြီးကြပ်အုပ်ချုပ်သူတို့အတွက် အခကြေးငွေများကိုလည်း သတ်မှတ်ရမည်။

အခန်း ၃။

ကော်ပိုရေးရှင်း၏ အာဏာနှင့်တာဝန်ဝတ္တရားများ။

၁၁။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ရေနံဓါတ်၊ သွေ့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းပင်ရင်း အခြေအမြစ်များ တူးဖေါ်ထုတ် လုပ်ခြင်း၊ တိုးချဲ့လုပ်ကိုင်ခြင်း၊ အသုံးချခြင်းနှင့် ထိန်းသိမ်းခြင်းသည်၊ ကော်ပိုရေးရှင်း၏ တာဝန်ဝတ္တရားများဖြစ်ရမည့်ပြင်၊ ရေနံဓါတ်၊ သွေ့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ကော်ပိုရေးရှင်းက ကြည့်ရှုစစ်ဆေးခြင်း ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသော တာဝန်ဝတ္တရား များနှင့်ဆက်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုလည်း၊ ထိုတာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟု၊ မိမိထင်မြင်သော ကိစ္စများကိုလည်း ဆောင်ရွက်ရမည်။ အထူးအားဖြင့်၊ ဤပုဒ်မ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သဘောတူညီပြီးဖြစ်သော အခြေခံတိုးတက်မှု စီမံကိန်းတခုခုနှင့် မဆန့်ကျင်သည့် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း ပင်ရင်းအခြေအမြစ်များကို တူးဖော်ထုတ်လုပ်ရေး၊ တိုးချဲ့လုပ်ကိုင်ရေး၊ အသုံးချရေးနှင့် သုတေသနပြုလုပ်ရေးအတွက်၊ စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကို ကောင်းမွန်တိုးတက်စေရန်ပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန်ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းနှင့် သုတေသနလုပ်ငန်းများစီစဉ်လုပ်ကိုင်ခြင်း။

(ဃ) ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း စူးစမ်းခြင်းနှင့် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း ရှာဖွေခြင်းအတွက်လုပ်ဆောင်ခြင်း။

(င) ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းများထိန်းသိမ်းခြင်း။

(စ) ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရေနံဓါတ် အက်ဥပဒေ (The Petroleum Act)၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့်ဝတ္ထုပစ္စည်းများအက်ဥပဒေ (The Explosives Act)၊ သို့တည်းဟုတ် သတ္တုတူးမြှုပ်အက်ဥပဒေ (The Mines Act)၊ သို့တည်းမဟုတ် ရေနံမြေအက်ဥပဒေ (The Oil-field Act)၊ သက်ဆိုင်ရာရာအရ၊ ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းကြည့်ရှုစစ်ဆေးရေး အရာရှိချုပ် (The Chief Inspector of Explosives) အားဖြစ်စေ၊ သတ္တုတူးကြည့်ရှုစစ်ဆေးရေးအရာရှိချုပ် (The Chief Inspector of Mines) အားဖြစ်စေ၊ ရေနံမြေအုပ်ချုပ်ရေးမှူး (The Warden) အားဖြစ်စေ၊ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ္တရားများကို၊ အဆိုပါအက်ဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းက သုံးစွဲဆောင်ရွက်ရမည်ဟု၊ အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။

(၄) ကော်ပိုရေးရှင်းသည်၊ ဤပုဒ်မတွင်ဖော်ပြထားသော တာဝန်ဝတ္တရားများဆောင်ရွက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ပုဂ္ဂလိကပိုင် အရင်းရှင်လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်နိုင်သည်။

(၅) ကော်ပိုရေးရှင်းသည်၊ ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း စူးစမ်းမှု (Exploration)၊ သို့တည်းမဟုတ် ရှာဖွေမှု (Prospecting) ပြုလုပ်ရာ၌ ထိုစူးစမ်းမှု၊ သို့တည်းမဟုတ် ရှာဖွေမှုနှင့်သက်ဆိုင်သည့် သတ္တုရှာဖွေမှု အခွင့်အရေးနည်းဥပဒေများ၊ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့်တရားဥပဒေပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။

ထို့ပြင် ကော်ပိုရေးရှင်းသည်၊အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်တော်အက်ဥပဒေ အရပြုသည့်နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၇-က ပါ ပြဋ္ဌာန်းချက်များမှလွဲ၊ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်တော်ရက်ဂုလေးရှင်းဥပဒေအရပြုသည့် နည်းဥပဒေများ၏ နည်းဥပဒေ ၉၁-ခ ပါ ပြဋ္ဌာန်းချက်များမှလွဲ၊ ကင်းလွတ်စေရမည်။

၁၂။ ။ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ကော်ပိုရေးရှင်း၌၊ အောက်ပါကိစ္စများကိုဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ဤဥပဒေအရပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ရံပုံငွေမှ ငွေများသုံးစွဲခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ခံဝန်ချုပ်များ၊ ဒီဘင်ချာခေါ် ကြေးမြီ ခံဝန်ချုပ်များနှင့် အစု [စတေ့ (ခ)] မှားထုတ်ပေးခြင်း။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှဖြစ်စေ ငွေချေးယူသုံးစွဲခြင်း။

(ဃ) အဖွဲ့ဝင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များ ပါဝင်သည့်ကော်မီတီများကို၊ အဖွဲ့ကသာမန်ကိစ္စအတွက်သော်၊ အထူးကိစ္စအတွက်သော်၊ ခန့်ထားခြင်း၊ ထိုကော်မီတီများအား၊ အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သော ကော်ပိုရေးရှင်း၏ တာဝန်ဝတ္တရားများနှင့် အာဏာများကိုလွှဲအပ်ခြင်း။

(င) ကိုယ်စားလှယ်များခန့်ထား၍၊ ထိုကိုယ်စားလှယ်များအား၊ ဤဥပဒေ၏ ရည်ရွယ်ချက်များအတိုင်းဆောင်ရွက်ရန် အဖွဲ့က လိုအပ်သည် ထင်မြင်သော တာဝန်ဝတ္တရားများနှင့် အာဏာများကို လွှဲအပ်ခြင်း။

(စ) ရေနံတွင်း၊ သို့တည်းမဟုတ် သတ္တုတွင်းတူးဖေါ်ရေးနှင့်စပ်လျဉ်း၍၊ မည်သည့်ကိစ္စမဆို အကြံဉာဏ်ပေးပုဂ္ဂိုလ် ရွေးချယ်ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်အား၊သင့်တော်သော အခနှင့်စရိတ်ကြေးငွေများပေးခြင်း။

(ဆ) ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ အဖွဲ့၏ ကြိုးကြပ်အုပ်ချုပ်မှုကို လိုက်နာရမည့် လက်အောက်ခံအဖွဲ့များ ဖွဲ့စည်းခြင်း။

(ဇ) အောက်ပါ ကိစ္စအားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ စပ်လျဉ်း၍၊ စည်းကမ်းဥပဒေများပြုခြင်း။

(၁) အဖွဲ့၏အစည်းအဝေးများ ဘိတ်ခေါ်ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် နည်းလမ်းများနှင့် အဖွဲ့အစည်းအဝေးများတွင် လိုက်နာရမည့် ကျင့်ထုံးသတ်မှတ်ခြင်း။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးက ခွင့်ပြုသည့် အရေအတွက်ထက် မပိုစေဘဲ၊ ကော်ပိုရေးရှင်း၏ ရာထမ်း မှုထမ်းများခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏လစာ၊စရိတ်ကြေးငွေနှင့်အခြားအမှုထမ်းစည်းကမ်းများသတ်

မှတ်ခြင်း၊ ထိုရာထမ်း မှူထမ်းများ၏ တာဝန်ဝတ္တရားများနှင့် အာဏာများ သတ်မှတ်ခြင်း။

(၃) ကော်ပိုရေးရှင်း၏ ရာထမ်း မှူထမ်းများ သက်သာချောင်ချိရေး အတွက် သင့်တော်မည့် အိုနာစာရံပုံငွေနှင့် အခြားအထောက် အပံ့များ ငြိမ်ပြုလုပ်ပေးခြင်း။

(၄) ကော်ပိုရေးရှင်း၏ကိုယ်စား စာချုပ်စာတမ်းများ လက်မှတ် ရေးထိုးခြင်း။

၁၃။ ။အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်ပေးသော မူဝါဒအတိုင်း လိုက်နာရမည်။

အခန်း ၄။

ငွေရေးကြေးရေးနှင့် ငွေစာရင်းများ။

၁၄။ ။ကော်ပိုရေးရှင်းသည်၊ရံပုံငွေ တခုထားရှိရမည်။ ကော်ပိုရေးရှင်းက၊ရရှိ သော ငွေအားလုံးကို၊ ထိုရံပုံငွေသို့ထည့်သွင်း၍၊ ကော်ပိုရေးရှင်းက ပေးရန်ရှိသော ငွေအားလုံးကို၊ ထိုရံပုံငွေထဲမှပေးရမည်။

၁၅။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ကော်ပို ရေးရှင်းအား၊ အစိုးရလုပ်ငန်းများ ဆောင်ရွက်ရသည့်အတွက် လိုအပ်သောငွေကို ထောက်ပံ့ငွေအဖြစ် ထုတ်ပေးနိုင်သည့်ပြင်၊ ကော်ပိုရေးရှင်း၏ ကုန်သွယ်မှုလုပ်ငန်းများ အတွက် လိုအပ်သောငွေကိုလည်း၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ ဖြင့်၊ သာမန်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ ထုတ်ချေးနိုင်သည်။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ မိမိ လောလောဆယ် အသုံးမလိုသည့်ငွေအား၊ လုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သဘောတူသည့်ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

၁၇။ ။(၁) ကော်ပိုရေးရှင်းသည်၊ လာမည့်ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရ-သုံး မှန်းခြေငွေစာရင်းကို၊ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရကသတ်မှတ် သည့်နေ့ရက်မတိုင်မီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူ ညီချက်ရရန်တင်သွင်းရမည်ဖြင့်၊အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကိုပြင်သည့်၊ နောက် ထပ် ရ-သုံး မှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူ တင်သွင်း နိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သဘောတူညီသည့် ငွေ စာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းစည်းမျဉ်းများနှင့်အညီမှတပါး၊ မည်သည့် အသုံး စရိတ်ကိုမျှ၊ ပုဒ်မခွဲ (၁) အရခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ထား သည်ထက်ပို၍ ကော်ပိုရေးရှင်းက ကျခံခြင်းမပြုရ။

၁၈။ ။(၁) ကော်ပိုရေးရှင်းသည်၊ မိမိ၏ လုပ်ကိုင် ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့်ငွေစာရင်းများကိုလည်း၊ ထိုငွေစာရင်းများနှင့်သက်ဆိုင်သည့် အခြား

မှတ်ဘမ်းများ.ကိုင်း၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ဖြင့်၊နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့်ဌေစာရင်းထားရှိပုံ နည်းစံနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။ထို့ပြင် ဘဏ္ဍာတော်နှစ်အသီးသီးနှင့်စပ်လျဉ်းသည့် ကော်ပိုရေးရှင်း၏ နှစ်ချုပ်ဌေစာရင်းကိုလည်း၊ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ညွှန်ကြားသည့်ကာလအပိုင်းအခြားများအတွက်ကော်ပိုရေးရှင်း၏ ဌေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကိုပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရထံသို့ပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ဌေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့ တင်ပြရမည်။

(၄) ကော်ပိုရေးရှင်းသည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက်၊မှတ်ပုံတင်စာရင်းစစ်များအားခန့်ထားနိုင်သည်။ထိုစာရင်းစစ်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ဖြင့်၊ ကော်ပိုရေးရှင်း၏ ဌေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်း နည်းလမ်းအတိုင်း စစ်ဆေးနိုင်သည်။

(၅) ကော်ပိုရေးရှင်း၏ ရှင်းတမ်းနှင့်ဌေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ ကော်ပိုရေးရှင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့ ထိုနှစ်ချုပ်စာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည်။

၁၉။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုးယုတ်လျော့မှုအတွက် သတ်မှတ်ရမည့်နှုန်းများကို၊ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေတွင် သတ်မှတ်ထားသည့်နှုန်းများအတိုင်းသတ်မှတ်ရမည်။

၂၀။ ။ကော်ပိုရေးရှင်း၏ အသားတင် အမြတ်ဌေများထဲမှ၊ သီးသန့်ရံပုံငွေနှင့် အခြားရံပုံငွေများသို့၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အပ်နှင်ဉီးနှိုင်းတိုင်ပင်၍ ဆုံးဖြတ်သတ်မှတ်သည့်နှုန်းအတိုင်း ဌေများလွှဲပြောင်းခွဲဝေပေးရမည်။

အခန်း ၅။

ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကိုပေးဆပ်ရန် ပျက်ကွက်ခဲ့သောအမှုအခင်းများတွင်၊ ကော်ပိုရေးရှင်း၏ အခွင့်အရေးများနှင့် အာဏာများ။

၂၁။ ။(၁) မည်သည့်ပုဂ္ဂလိကပိုင် ရေနံဓါတ်၊ သွေ့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းမဆို၊ စာချုပ်စာတမ်းများအရ၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရမည့်ကြွေးမြီများ ကို ပေးဆပ်ရန်ပျက်ကွက်လျှင်သော်၎င်း၊ ကော်ပိုရေးရှင်းနှင့်ချုပ်ဆိုထားသောစာချုပ်စာတမ်းပါ စည်းကမ်းချက်တခုခုကိုလိုက်နာရန်ပျက်ကွက်လျှင်သော်၎င်း၊ကော်ပိုရေးရှင်းမှာ၊ တည်ဆဲအခြားတရားဥပဒေများတွင် မည်သို့ပင်ပါရှိ

စေကာမူ၊ အဆိုပါလုပ်ငန်းကို၊သို့တည်းမဟုတ် ၎င်း၏ အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူ နိုင်ခွင့်ရှိရမည်။

(၂) တူးဖေါ် ထုတ်လုပ်ရရှိသည့် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းများ၊ သို့တည်းမဟုတ် သတ္တုရိုင်းများကို၊ အဆိုပါပုဂ္ဂလိကပိုင် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်းက အာမခံအဖြစ် ထားရှိလျှင်၊ ကော်ပိုရေးရှင်းမှာ၊ ထိုရေနံဓါတ်၊ သို့တည်းမဟုတ်ဓါတ်သတ္တုပစ္စည်း၊သို့တည်းမဟုတ် သတ္တုရိုင်းများပေါ်တွင် ရရှိသည့်အခွင့်အရေးများအတိုင်း၊ထိုရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း၊ သို့တည်းမဟုတ် သတ္တုရိုင်းများမှ၊ လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ ထုတ်လုပ်သည့်ပစ္စည်းများပေါ်တွင်အခွင့်အရေးများ ရရှိစေရမည်။

(၃) ကော်ပိုရေးရှင်းသည်၊ မိမိအား အာမခံအဖြစ် ပေးသွင်းထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော၊ သို့တည်းမဟုတ် လွှဲအပ်ထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍၊ မိမိထုတ်ချေးသည့် ငွေဟူသရွှေ့ကိုဌင်း၊ ထိုသို့ထုတ်ချေးသည့် ငွေအပေါ်တွင် တောင်းခံနိုင်သော အတိုးအားလုံးကိုဌင်း၊ ထိုငွေထုတ်ချေးရာတွင်ဖြစ်စေ၊ အရှုတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျသည့်စရိတ်များကိုဌင်း၊အဆိုပါပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့ဘည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်းထံမှဖြစ်စေ၊ ထိုထုတ်ချေးငွေပေးဆပ်ရန်ခံငန်သူတဦးဦးထံမှဖြစ်စေ၊ မြေခွန်တော် မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အနှုတောင်းခံနိုင်သည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းကပုဂ္ဂလိကပိုင် ရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေး လုပ်ငန်းတခုခုကို၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူလျှင်၊ ကော်ပိုရေးရှင်းမှာ၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နည်းလမ်းတကျ ကုန်ကျသောစရိတ်ကြေးငွေများကို၊ လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့်ရှိရမည်။ ထိုသို့သိမ်းယူခြင်းဖြင့်၊ သို့တည် မဟုတ်ပုဒ်မခွဲ (၃) အရတောင်းခံခြင်းဖြင့် ရရှိထားသောငွေများကို၊ ပဋိညာဉ်စာချုပ်တွင်အခြားနည်းအတည့်အလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ယုံကြည်အပ်နှံထားသောငွေအဖြစ်ဖြင့်၊ ကော်ပိုရေးရှင်းကလက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှ ထိုသို့သိမ်းယူခြင်း၊ သို့တည်းမဟုတ် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျသောစရိတ်ငွေများကို၊ ပဌမအဆင့်အနေဖြင့်ဌင်း၊ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသောကြွေးမြီများကို၊ ဒုတိယအဆင့် အနေဖြင့်ဌင်း၊ ခွန်မခြင်းဖြင့်ကော်ပိုရေးရှင်းကရယူနိုင်သည်။ ထိုသို့ရယူပြီးနောက်၊ ကျန်ရှိနေသောငွေများကို၊ ရသင့်ရထိုက်သူအားကော်ပိုရေးရှင်းကထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေး လုပ်ငန်းတခုခုကို သိမ်းယူလိုက်သည့် အခါ၊ အဆိုပါလုပ်ငန်းကကရားစွဲဆိုသည့်၊ သို့တည်းမဟုတ်အဆိုပါလုပ်ငန်းကို တရားစွဲဆိုသည့် တရားမမှုများအတွက်၊ ကော်ပိုရေးရှင်းသည်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်အမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

၂၂။ ။အောက်ပါအကြောင်းတခုခုဖြစ်ပေါ်လျှင်၊ ပဋိညာဉ်စာချုပ်တွင်မည်သို့ ပင်ပါရှိစေကာမူ၊ကော်ပိုရေးရှင်းသည်၊မိမိကငွေထုတ်ချေးထားသောမည်သည့်ပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းထံမှ

မဆို၊ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသော ကြွေးမြီကိုအပြည့်ပြန်လည် ပေးဆပ်စေရန်၊ စာဖြင့်ရေးသား၍ တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန် လျှောက်ထားခဲ့စဉ်က၊ အရေးကြီးသောအချက်နှင့် စပ်လျဉ်း၍ မှားယွင်းသော၊ သို့တည်းမဟုတ် မမှန်ကန်သော အကြောင်းအရာကို ဖော်ပြသည်ဟု အဖွဲ့က ထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ရေနံဓါတ်၊ သို့တည်းမဟုတ်ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းက၊ စာချုပ်ပါစည်းကမ်းချက်များကိုလိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းသည်၊ တင်ရှိနေသောကြွေးမြီကိုပေးဆပ်နိုင်လိမ့်မည်မဟုတ်ဟုသော်၎င်း၊ ၎င်း၏လုပ်ငန်းများရပ်ဆိုင်းရန် အကြောင်းများပေါ်ပေါက်နေသည်ဟူ၍သော်၎င်း၊ အဖွဲ့က ထင်မြင်ယူဆရန်လုံလောက်သောအကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဃ) ရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကချေးယူသည့်ငွေအတွက်ကော်ပိုရေးရှင်းအားလွဲအပ်ထားသော၊သို့တည်းမဟုတ်ပေါင်နှံထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ကော်ပိုရေးရှင်းကြေနပ်လောက်သောအာမခံကို၊ လုပ်ငန်းပိုင်ရှင်ကဆုံးပါးပျက်စီးမှုမရှိအောင်ထားရှိခြင်း သို့တည်းမဟုတ် ဆက်လက်ထားရှိခြင်းမပြုလျှင်၊ထို့ကြောင့်ထိုသို့လွဲအပ်ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသောပစ္စည်းသည်၊ အထူးပင်တန်ဘိုး ယုတ်လျော့လာ၍၊ အာမခံထပ်လောင်းဖြည့်တင်းရန် တောင်းဆို ပါသော်လည်း၊ အာမခံထပ်လောင်းဖြည့်တင်းခြင်းမပြုလျှင်၊ သို့ထည်းမဟုတ်

(c) အာမခံပစ္စည်းအဖြစ်ပေးသွင်းထားသောစက်နှင့် စက်ကိရိယာပစ္စည်းအားလုံးကိုဖြစ်စေ၊ တစိတ် တဒေသကို ဖြစ်စေ၊ ကော်ပိုရေးရှင်း၏သဘောတူညီချက်မရှိဘဲ၊ပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှ ရွှေ့ပြောင်းသယ်ယူပြီး၊ ပြန်လည်အစားထိုးထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ်

(စ) မည်သည့် အကြောင်းကြောင့်မဆို၊ကော်ပိုရေးရှင်း၏ အကျိုးစီးပွါးကိုကာကွယ်ရန်လိုအပ်လာလျှင်။

အခန်း ၆။

လက်အောက်ခံအဖွဲ့များ။

၂၃။ ။(၁) ကော်ပိုရေးရှင်းသည်၊ အဖွဲ့က ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်များပါဝင်သည့် လက်အောက်ခံအဖွဲ့များကို၊ မိမိ၏ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းနိုင်သည်။

(၂) အဆိုပါ လက်အောက်ခံ အဖွဲ့များသည်၊ အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာလျက်၊ အဖွဲ့ကလွှဲအပ်သော အာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

အခန်း ၇။

အဓွေဓွေ။

၂၄။ ။အဖွဲ့ဝင်များ၊လက်အောက်ခံအဖွဲ့ဝင်များနှင့်ကော်ပိုရေးရှင်း၏ရာထမ်းမှုထမ်းများသည်၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုနေစဉ်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

၂၅။ ။ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ်ဆောင်ရွက်ရန်ကြိုးစားသည့် ကိစ္စတခုခုအတွက်၊ မည်သူကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

၂၆။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်၊ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ နည်းဥပဒေများပြုနိုင်သည်။

၂၇။ ။ပြည်ထောင်စုမြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ကော်ပိုရေးရှင်းထံမှအမှုတွဲများ၊ အစီရင်ခံစာ များ၊ သို့တည်းမဟုတ် ခန့်မှန်းခြေ ငွေစာရင်းများကို ကြည့်ရှုလိုရှိတောင်းယူလျှင်၊ကော်ပိုရေးရှင်းက တင်ပြရမည်။

၂၈။ ။ဘဏ္ဍာတော် နှစ်ကုန်ဆုံးပြီးနောက်၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့၊ ကော်ပိုရေးရှင်းသည်၊ လွန်ခဲ့သည့်နှစ်အတွင်း ကော်ပိုရေးရှင်းကဆောင်ရွက်ခဲ့သမျှသော ကိစ္စများနှင့် စပ်လျဉ်း၍၊ အုပ်ချုပ်မှုအစီရင်ခံစာတစောင်ကို၊ ကော်ပိုရေးရှင်းက ကျင့်သုံးခဲ့သော မူဝါဒနှင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်အကြောင်းအရာဖော်ပြချက်နှင့်အတူ တင်သွင်းရမည်။

၂၉။ ။(၁) ၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်း အခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေး ကော်ပိုရေးရှင်းအက်ဥပဒေ (၁၉၅၂ ခုနှစ်၊အက်ဥပဒေ အမှတ် ၄၄) ကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျ စကားရပ်အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

(၂) ၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်း အခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေးကော်ပိုရေးရှင်း အက်ဥပဒေကို ရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေးကော်ပိုရေးရှင်းသည်ဌင်း၊ ဒါရိုက်တာအဖွဲ့သည်ဌင်း ပုဒ်မ ၃ အရရေနံ ဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းထုတ်လုပ်ရေးကော်ပိုရေးရှင်းတည်ထောင်ပြီးနောက်၊ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့၏ ပဌမအကြိမ် အစည်းအဝေး ကျင်းပသည့် နေ့ရက်တိုင်အောင် မိမိတို့၏ အာဏာနှင့် တာဝန်ဝတ္တရားများ ကို ဆက်လက် သုံးစွဲ ဆောင်ရွက်ရမည်။

၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၁၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီးပွါးရေး တိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေပုဒ်မ ၂ တွင်—

(က) အပိုဒ် (က) နှင့် (ဃ) တို့ကိုပယ်ဖျက်ရမည်။ ထို့ပြင်

(ခ) ဒို့ရင်းအပိုဒ် (ခ)၊ (ဂ) နှင့် (င) တို့ကို၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) အဖြစ်အသီးသီးပြန်လည်အက္ခရာစဉ်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၁) တွင် ''ပါလီမန်'' ဆိုသည့်စကားရပ်အစား၊ ''ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ နောက်တွင်၊ အောက်ပါကိုပုဒ်မ ၆-က၊ ၆-ခ နှင့် ၆-ဂ အဖြစ်ထည့်သွင်းရမည်။

''၆-က။ ။(၁) ကော်ပိုရေးရှင်း တည်ရှိနေသမျှ ကာလပတ်လုံး ဇယားပါ တရားဝင် အမွေအားလုံး သည်၊ အစိုးရပိုင်ဖြစ်ရမည်။

အစိုးရပိုင်စီမံခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မသည်၊ ဇယားပါတရားဝင်အမွေဘဏ္ဍာ ၆၊ ၇၊ ၁၉၊ ၂၅၊ ၂ ၆ နှင့် ၂ ဂ ၌ စစ်ဘက်ကုန်စည် ဖြန့်ချိရေးဌာနမှတပါ၊ အခြားပုဂ္ဂလိကအစုရှင်များ၏ အကျိုးခံစားခွင့်များနှင့် မသက်ဆိုင်စေရ။

(၂) ကော်ပိုရေးရှင်းကိုဖျက်သိမ်းသည့်အခါ—

(က) ကော်ပိုရေးရှင်းသို့ လွှဲအပ်ထားသည့်မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော စစ်ဘက်ကုန်စည်ဖြန့်ချိရေးဌာန၏ ဇယားပါ တရားဝင်အမွေများ အမှတ်စဉ် ၁ မှ ၂ ဂ ထိနှစ်ခုစလုံးအပါအဝင် ဖြစ်သောတရားဝင်အမွေများ သည်၎င်း၊ ထိုတရားဝင်အမွေများနှင့် သက်ဆိုင်သည့်ပစ္စည်း အရပ်ရပ်နှင့် ကြွေးမြီတာဝန်အားလုံးသည်၎င်း၊ မူလပိုင်ရှင်၌ ပြန်လည်တည်ရှိရမည်။

(ခ) ကော်ပိုရေးရှင်း သို့လွှဲအပ်ထားသည့် မူလအစိုးရပိုင်တရားဝင် အမွေများသည်၎င်း၊ ထိုတရားဝင်အမွေများနှင့် သက်ဆိုင်သည့်

ပစ္စည်း အရှယ်ရှယ်နှင့် ကြေးဒြီတာဝန် အားလုံးသည်ရင်း၊ အစိုးရ၌ပြန်လည်တည်ရှိရမည်။

(ဂ) ကော်ပိုရေးရှင်းတည်ရှိနေသမျှ ကာလအတွင်း၊ နောက်ထပ်တည်ထောင်မည့် တရားဝင်အဖွဲ့များနှင့် လုပ်ငန်းများသည်၊ အစိုးရ၌ပြန်လည်တည်ရှိရမည်။

၆-ခ။ ။အစိုးရသည်၊ ဇယားပါတရားဝင်အဖွဲ့များကို ကော်ပိုရေးရှင်းသို့ ဤအက်ဥပဒေဖြင့် ပေးအပ်သည်။

ကော်ပို ရေးရှင်းသို့လွှဲ အပ်ခြင်း။

၆-ဂ။ ။အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေ ကာမူ၊ဇယားပါတရားဝင်အဖွဲ့များသည်၊ လုပ်ငန်းဆောင်တာ အဝင်နှင့်ရောင်းဝယ် လုပ်ကိုင်မှု များကို လုပ်ကိုင် ဆောင်ရွက်ရာ၌ မူမှန်ကူးသန်း ရောင်းဝယ်ရေး စံနှစ် အရ၊ ပုဂ္ဂလိက ကုမ္ပဏီများ ဖြစ်ဘိသကဲ့သို့ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။''

တရားဝင် အဖွဲ့များက ပုဂ္ဂလိက ကုမ္ပဏီများအဖြစ် လွတ် လပ်စွာ လုပ်ကိုင် ဆောင်ရွက် နိုင်ခြင်း။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၈ နောက်ဘွင် အောက်ပါကို ပုဒ်မ ၈-က နှင့် ၈-ခ အဖြစ်ထည့်သွင်းရမည်။

''၈-က။ ။(၁) ဇယားပါတရားဝင်အဖွဲ့အသီးသီးသည်၊ မိမိ၏အရှုံး အမြတ် စာရင်းများကို ကော်ပိုရေးရှင်းသို့ တင်ပြရမည်။ ကော်ပိုရေးရှင်းသည်၊ ဇယားပါတရားဝင်အဖွဲ့ အားလုံး၏ နှစ်ချုပ်အရှုံးအမြတ် စာရင်းများကို စုပေါင်းထားသည့် အရှုံးအမြတ် စာရင်းချုပ်တခု ပြုလုပ်ရမည်။

အရှုံး အမြတ်စာရင်း။

(၂) ဇယားပါတရားဝင် အဖွဲ့အသီးသီးသည်၊ မိမိ၏အမြတ်ငွေများထဲမှ ၁၀ ရာခိုင်နှုန်းကို၊ မိမိ၏သီးသန့်ရံပုံငွေ(Reserve Fund)အဖြစ် ထားပြီးနောက်၊ ကျန်ရှိသော အမြတ်ငွေများကို ကော်ပိုရေးရှင်း အားပေးအပ်ရမည်။ ထိုငွေများကို ကော်ပိုရေးရှင်းက အောက်ပါအတိုင်းခွဲဝေသုံးစွဲရမည်။

အမြတ် ခွဲဝေသုံးစွဲရေး။

(က) ထိုအမြတ်ငွေများ၏ ၁၅ ရာခိုင်နှုန်းကို၊ ကာကွယ်ရေးဌာနလက်အောက်ရှိ တရားဝင် အဖွဲ့ အသီးသီး၏ သက်သာချောင်ချိရေးအတွက်သုံးစွဲရမည်။

(ခ) ထိုအမြတ်ငွေများ၏ ၆၅ ရာခိုင်နှုန်းကို၊ ဇယားပါ တရားဝင်အဖွဲ့များ၏ လုပ်ငန်းများအတွက် အသုံးပြုရန်သီးသန့်ရံပုံငွေ သို့ပေးသွင်းရမည်။

(ဂ) ထိုအမြတ်ငွေများ၏ ၂ ၀ ရာခိုင်နှုန်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော် ငွေများထဲသို့ ထည့်သွင်းရမည်။

ဂ-ခ။ ။ကော်ပိုရေးရှင်းသည်၊ ကူးသန်းရောင်းဝယ်ရေး သဘောတရားနှင့်အညီထားရှိသော ဇယားပါဘရားဝင်အဖွဲ့များ၏နှစ်စဉ်လက်ကျန်ရှင်းတမ်းစာရင်း၊ အရောင်းအဝယ်စာရင်း၊ အရှုံးအမြတ် စာရင်း၊ သီးသန့် ရံပုံငွေစာရင်းများ ပါဝင်သော နှစ်ချုပ်စာရင်းများ၊ လာမည့်နှစ်မှန်းခြေ လုပ်ငန်းများနှင့်အစီအစဉ်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌထံတင်ပြရမည်။ အဆိုပါလာမည့်နှစ်မှန်းခြေလုပ်ငန်းများနှင့် အစီအစဉ်များကို ပြင်ဆင်သည့် နောက်ထပ်မှန်းခြေလုပ်ငန်းများနှင့် အစီအစဉ်များကိုလည်း ထိုနည်းတူအခါအားလျော်စွာတင်ပြနိုင်သည်။''

စာရင်း များနှင့် အစီအစဉ်များကိုပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ အဖွဲ့ ဥက္ကဋ္ဌထံ တင်ပြခြင်း။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉ အစား၊ အောက်ပါကို၊ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

''၉။ ။(၁) ၅ါ်အက်ဥပဒေအရ ဆောင်ရွက်ရာတွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ အဖွဲ့ ဥက္ကဋ္ဌ က တာဝန်ခံ၍ဆောင်ရွက်ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ဥက္ကဋ္ဌသည်၊ ပုဒ်မခွဲ (၁)အရ၊မိမိတာဝန်ခံဆောင်ရွက်ရမည့် ကိစ္စများကို၊ အခြားပုဂ္ဂိုလ်တဦးဦးအား အာဏာလွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့အာဏာ လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌ ၏ညွှန်ကြားချက်ကို လိုက်နာလျက်၊ထိုကိစ္စများကို ဆောင်ရွက်ရမည်။''

ဂ။ ။အဆိုပါအက်ဥပဒေ၅ါ်ဇယားအစား၊အောက်ပါဇယားကို ထည့်သွင်းရမည်။

''ဇယား။

ကုမ္ပဏီများနှင့်လုပ်ငန်းများစာရင်း။

(ပုဒ်မ ၆ ကိုကြည့်။)

၁။ ဗမာ့ငါးလုပ်ငန်းလီမိတက်။

၂။ အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်။

၃။ ဘားမားအေရှတစ်ကုမ္ပဏီလီမိတက်။

၄။ အင်းဝတိုက်လိမ်တက်။
၅။ နေပြည်တော်ပို့ဆောင်ရေး ကုမ္ပဏီလိမ်တက်။
၆။ ရိုအင်ကုမ္ပဏီလိမ်တက်။
၇။ မော်တော်ဟောက် (စ်) ကုမ္ပဏီလိမ်တက်။
၈။ စက်မှုနှင့် လျှပ်စစ်လုပ်ငန်းလိမ်တက်။
၉။ ကျောက်မီးသွေးနှင့် အထွေထွေ ကူးသန်းရောင်းဝယ်ရေး သမဂ္ဂ ကုမ္ပဏီ လိမ်တက်။
၁၀။ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလိမ်တက်။
၁၁။ ဗမာ့ရောင်းဝယ်ရေးတိုက် လိမ်တက်။
၁၂။ တူရင်း (ဗမာ) လိမ်တက်။
၁၃။ အက် (စ) အိုပင်ဟီးမားအင်ကုမ္ပဏီလိမ်တက်။
၁၄။ ဒါလ်ဟိုဇီစတိုး (၁၉၄၆) လိမ်တက်။
၁၅။ စင်းထရိတ်ပေါ်လိပရော့ဒတ် (စ) လိမ်တက်။
၁၆။ ဒီဇယ် အင်ဂျင်နရယ်ဆာဗစ်ဆက် (စ) လိမ်တက်။
၁၇။ ဗမာ့ကျွန်းသစ်နှင့် သုံးထပ်သား ရောင်းဝယ်ရေးကုမ္ပဏီလိမ်တက်။
၁၈။ ဗမာ့ကြွယ်ငါးပွင့် သင်္ဘောကုမ္ပဏီလိမ်တက်။
၁၉။ မြန်မာနိုင်ငံပြည်သူ့အိုးအိမ်နှင့် အိမ်ယာဆောက်လုပ်ရေး ကုမ္ပဏီလိမ်တက်။
၂၀။ ဗမာ့ငါးမွှေးမြွှာရေးလုပ်ငန်းလိမ်တက်။
၂၁။ ထွက်ကုန်သွင်းကုန်ဘဏ်လိမ်တက်။
၂၂။ အင်းဝအာမခံလိမ်တက်။
၂၃။ ကွန်တီနီတယ်ထရေဒင်ဟောက် (စ်) လိမ်တက်။
၂၄။ လော့ဂ်ပလပ် (မြန်မာပြည်) လိမ်တက်။
၂၅။ ဗမာ့ရှားလိမ်တက်။
၂၆။ မြန်မာနိုင်ငံဟော်တယ်များလိမ်တက်။
၂၇။ ရန်ကုန်အေဂျင်စီလိမ်တက်။
၂၈။ ဗမာ့သုတ်ဆေးလိမ်တက်။
၂၉။ ဘားမားဗီးဘားရိတ်လိမ်တက်။
၃၀။ ဟိုတယ်အင်တာနေရှင်နယ်လိမ်တက်။
၃၁။ ပြည်သူ့ငွေချေးကုမ္ပဏီလိမ်တက်။
၃၂။ နိုင်ငံတော်ဆေးဝါးလုပ်ငန်းများလိမ်တက်။
၃၃။ မန္တလေးမြစ်ရေနှင့်အရက်ချက်ရုံလိမ်တက်။ ”

၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၁။]

ပြည်ထောင်စုမြန်မာနိုင်ငံအား၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေး အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်စေရန် ဥပဒေ။

အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့သဘောတူစာချုပ်ပါအင်္ဂါများကို၊ အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ် အမှုဆောင် ဒါရိုက်တာများက၊ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝေါရီလ ၂၆ ရက်နေ့တွင် သဘောတူပြီးဖြစ်၍၊ အစိုးရများ၏ ကိုယ်စား လက်မှတ်ရေးထိုးရန်နှင့် လက်ခံရန် အဆိုပါဘဏ်တွင် ပေးအပ်ထားပြီး ဖြစ်သောကြောင့်တကြောင်း။

ထို့ပြင် အထက်တွင်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ၊ အဆိုပါ အဖွဲ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံပါဝင်ရေးအတွက် ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့် တကြောင်း။ ထိုအကြောင်းများကြောင့်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်။

၂။ ။ဤဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) ''စာချုပ်ပါအဝိုဒ်များ'' ဆိုသည်မှာ၊ ဤဥပဒေပါဇယားတွင် ဖော်ပြထားသည့်၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့သဘောတူ စာချုပ်ပါအဝိုဒ်များကိုဆိုလိုသည်။

(ခ) ''ဘဏ်'' ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေး နှင့် ကြီးပွါးရေးဘဏ်ကိုဆိုလိုသည်။

(ဂ) ''အဖွဲ့'' ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့ကိုဆိုလို သည်။

(ဃ) ''လွယ်ကူစွာလဲလှယ်နိုင်သောနိုင်ငံသုံးငွေ'' ဆိုသည်မှာ၊ စာ ချုပ်ပါအဝိုဒ်များတွင် ထိုစကားရပ်နှင့်ပတ်သက်၍ အဓိပ္ပါယ် ဖော်ပြထားသည့်နိုင်ငံသုံးငွေကိုဆိုလိုသည်။

စာချုပ်ပါ အဝိုဒ်များကို လက်မှတ်ရေးထိုးရန် အာ ဏာအပ်နှင်းခြင်း။

၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံသည်၊ အဖွဲ့တွင်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင် ရန်အလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ က မိမိလက်မှတ်ရေးထိုးသော စာချွန်တော် ဖြင့်၊ ထိုစာချွန်တော်တွင် အမည်ဖော်ပြထားသူ အား၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရန် အာဏာအပ်နှင်းနိုင် သည်။

(က) စာချုပ်ပါအဝိုဒ်များကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးရန်ကိစ္စ။ ထို့ပြင်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက စာချုပ်ပါ အပိုဒ်များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တရားဥပဒေများနှင့် အညီ ခြွင်းချက်မရှိလက်ခံပြီးဖြစ်ကြောင်းဖြင့်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအား၊ စာချုပ်ပါ အပိုဒ်များ အရ၊ မိမိ၏ တာဝန်အားလုံးကို ဆောင်ရွက်နိုင်စေရန် လိုအပ် သည့်အတိုင်း အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်းဖြင့်၎င်း၊ ဗေါ် ပြဿဒ်စာချွန်တော်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌကိုယ်စား၊ ဘဏ်သို့ပေးအပ်ရန်ကိစ္စ။

ပြည်ထောင်စု ဘဏ် သည်၊ အဖွဲ့အတွက်ငွေအပ်နှံ ရာ ဘဏ်ဖြစ်ခြင်း။

၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သည်၊ အဖွဲ့ပိုင်မြန်မာနိုင်ငံသုံးငွေ များနှင့်အခြားပစ္စည်းများအပ်နှံရာ ဘဏ်ဖြစ်ရမည်။

အဖွဲ့သို့ ကနဦးထည့်ဝင်ရန် ကြေးငွေ။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံမှကနဦးထည့်ဝင်ရန် ကြေးငွေသည်၊ အမေရိ ကန် ဒေါ်လာ ၂၀,၂၀,၁၀၀ (ဒေါ်လာနှစ်သန်း နှစ်သောင်း) ဖြစ်ရမည်။

အဖွဲ့သို့ ထည့် ဝင်ရန် ကြေးငွေကို ပေးရန် နည်း လမ်းသတ်မှတ်ခြင်း။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦး ထည့်ဝင်ရန် ကြေးငွေ၏ ဆယ်ရာခိုင်နှုန်းအောက်မနည်းသည့်ငွေကို၊ ရွှေဖြင့် ဖြစ်စေ၊ လွယ်ကူစွာ လဲလှယ်နိုင်သောနိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ ပေးရ မည်။ ကျန်ငွေကို မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်။

(၂) ပုဒ်မခွဲ (၁) တွင် သီးခြားဖော်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦးထည့်ဝင်ရန်ကြေးငွေများအနက်၊ စာချုပ်ပါအပိုဒ်များ၏ အပိုဒ် ၂၊ အပိုင်း ၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ရွှေဖြင့်ဖြစ်စေ၊ လွယ်ကူစွာလဲလှယ်နိုင် သော နိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ ပေးနိုင်သည့်ထည့်ဝင်ရန် ကြေးငွေအချို့အဝက်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ အဆွန်တော်ငွေများထဲမှပေးရမည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ စာချုပ်ပါအပိုဒ် များအနက်၊ အပိုဒ် ၂၊ အပိုင်း ၂၊ စာပိုဒ် (၈) အရ၊ အဖွဲ့ဝင်လက်ခံရန် ဆုံးဖြတ်သည့် အတိုးမရှိ၊ မလျှော်ပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များ ကိုဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်အတိုင်းပြုလုပ်၍၊ အဖွဲ့အား၊ အကယ်၍ အဖွဲ့က သာထိုသို့လက်မခံခဲ့သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှ မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည် ဖြစ်သည့် ကနဦးထည့်ဝင်ရန်ကြေးငွေအချို့အဝက်အစားထုတ်ပေးနိုင်သည်။

အဖွဲ့သို့ ပေးရန်ရှိသည့် အခြားငွေများ။

၇။ ။ပြည်ထောင်စု မြန်မာနိုင်ငံ အဆွန်တော်ငွေများထဲမှ အောက်ပါငွေ များကိုပေးရမည်—

(က) [အဖွဲ့ဝင်နိုင်ငံတို့၏ ငွေတန်ဘိုး၊ သို့တည်းမဟုတ် ငွေချင်းလဲလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား (the par or the foreign exchange value(အပြောင်းအလဲနှင့် သက်ဆိုင်သည့်] စာချုပ်ပါ၊

အပိုဒ်များအနက်၊အပိုဒ် ၄၊ အပိုင်း ၂ ဘရ၊ အမ္ဘဲ
သို့ ပေးရမည့်ငွေအားလုံး၊ ထို့ပြင်

(ခ) အမ္ဘဲသို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်
များ၊ သို့တည်းမဟုတ်ခံဝန်ချုပ်များကို၊ငြိုးရွေးရန်
လိုအပ်သည့်ငွေအားလုံး။

ဂ။ ။(၁) ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစွန်တော်ငွေများထဲမှ ပေးရမည့်ငွေများ အသင့်ရနိုင်ရန်ကိစ္စအလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အတိုးမရှိ၊ မလျှော်ကြေးနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ ခံဝန်ချုပ်များကိုဖြစ်စေ၊ မိမိသင့်သည် ထင်မြင်သည့်အတိုင်း ပြုလုပ်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် သို့ထုတ်ပေးခြင်းဖြင့် ငွေများချေးယူနိုင်သည်။

ပြည်ထောင်စု ဘဏ်သို့ အစိုးရ အာမခံ လက်မှတ်များ၊ သို့တည်းမဟုတ်ခံဝန်ချုပ်များထုတ်ပေးခြင်း။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ ချက်ဥပဒေ၊ အမှတ် ၉) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ ဖြင့်အညီ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များကို၊ သို့တည်းမဟုတ် ခံဝန်အပ်များကိုလက်ခံ၍ လက်ရှိထားရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အား၊ဤဥပဒေနှင့် အာဏာအပ်နှင်းသည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များ ပြန်ရွေးရန် လိုအပ်သောငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအစွန်တော်ငွေများထဲမှပေးရမည်။

ဃ။ ။စာချုပ်ပါအပိုဒ်များအနက်၊အပိုဒ် ၈၊၂ မှ ၉ ထိဖြစ်သောအပိုင်းများ တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ တရားဥပဒေကဲ့သို့ အာဏာဘည်စေရမည်ဟု၊ ထိုသို့ အာဏာတည်သည့်အားလျော်စွာ၊ အမ္ဘဲသည်လည်း—

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းအမ္ဘဲအားပေးသည့်အဆင့်အဘန်း၊ကင်းလွတ်ခွင့်များနှင့် အသုံးအခွင့်အရေးများ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ စာချုပ်ပါအပိုဒ်
များအနက်အပိုဒ် ၈၊ အပိုင်း ၂ တွင် သတ်မှတ်
ထားသော အဆင့်အတန်းနှင့် အရည်အချင်းများ
ရရှိစေရမည်။ ထို့ပြင်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အဆိုပါ အပိုဒ်
၈၊ ၃ မှ ၉ ထိဖြစ်သောအပိုင်းများတွင် သတ်မှတ်
ထားသော ကင်းလွတ်ခွင့်များနှင့် အသုံးအခွင့်
အရေးများရရှိစေရမည်။

၁၀။ ။ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ စာချုပ်ပါအပိုဒ်များ၏ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို ထိရောက်စွာ ဆောင်ရွက်ရန်၊ အကြောင်းအားလျော်စွာ လိုအင်သည်ဟု ယူဆသည့် နည်းဥပဒေများကို ပြုနိုင်သည်။

နည်းဥပဒေများ ပြုနိုင်သည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အာဏာ။

๑๓๖:

ARTICLES OF AGREEMENT OF THE INTERNATIONAL DEVELOPMENT ASSOCIATION

The Governments on whose behalf this Agreement is signed,

Considering:

That mutual co-operation for constructive economic purposes, healthy development of the world economy and balanced growth of international trade foster international relationships conducive to the maintenance of peace and world prosperity;

That an acceleration of economic development which will promote higher standards of living and economic and social progress in the less-developed countries is desirable not only in the interests of those countries but also in the interests of the international community as a whole;

That achievement of these objectives would be facilitated by an increase in the international flow of capital, public and private, to assist in the development of the resources of the less-developed countries,

do hereby agree as follows:

INTRODUCTORY ARTICLE

The International Development Association (hereinafter called "the Association") is established and shall operate in accordance with the following provisions:

ARTICLE I

Purposes

The purposes of the Association are to promote economic development, increase productivity and thus raise standards of living in the less-developed areas of the world included within the Association's membership, in particular by providing finance to meet their important developmental requirements on terms which are more flexible and bear less heavily on the balance of payments than those of conventional loans, thereby furthering the developmental objectives of the International Bank for Reconstruction and Development (hereinafter called "the Bank") and supplementing its activities.

The Association shall be guided in all its decisions by the provisions of this Article.

ARTICLE II

Membership; Initial Subscriptions

SECTION 1. *Membership*

(*a*) The original members of the Association shall be those members of the Bank listed in Schedule A hereto which, on or before the date specified in Article XI, Section 2 (*c*) accept membership in the Association.

(*b*) Membership shall be open to other members of the Bank at such times and in accordance with such terms as the Association may determine.

SECTION 2. *Initial Subscriptions*

(*a*) Upon accepting membership, each member shall subscribe funds in the amount assigned to it. Such subscriptions are herein referred to as initial subscriptions.

(*b*) The initial subscription assigned to each original member shall be in the amount set forth opposite its name in Schedule A, expressed in terms of United States dollars of the weight and fineness in effect on January 1, 1960.

(*c*) Ten percent of the initial subscription of each original member shall be payable in gold or freely convertible currency as follows: fifty percent within thirty days after the date on which the Association shall begin operations pursuant to Article XI, Section 4, or on the date on which the original member becomes a member, whichever shall be later; twelve and one-half percent one year after the beginning of operations of the Association; and twelve and one-half percent each year thereafter at annual intervals until the ten percent portion of the initial subscription shall have been paid in full.

(*d*) The remaining ninety percent of the initial subscription of each original member shall be payable in gold or freely convertible currency in the case of members listed in Part I of Schedule A, and in the currency of the subscribing member in the case of members listed in Part II of Schedule A. This ninety percent portion of initial subscriptions of original members shall be payable in five equal annual instalments as follows: the first such instalment within thirty days after the date on which the Association shall begin operations pursuant to Article XI, Section 4, or on the date on which the original member becomes a member, whichever shall be later; the second instalment one year after the beginning of operations of the Association, and succeeding instalments each year thereafter at annual intervals until the ninety percent portion of the initial subscriptions shall have been paid in full.

(*e*) The Association shall accept from any member, in place of any part of the member's currency paid in or payable by the member under the preceding sub-section (*d*) or under Section 2 of Article IV and not needed by the Association in its operations, notes or similar obligations issued by the government of the member or the depository designated by such member, which shall be non-negotiable, non-interest-bearing and payable at their par value on demand to the account of the Association in the designated depository.

(*f*) For the purposes of this Agreement the Association shall regard as "freely convertible currency":

(i) currency of a member which the Association determines, after consultation with the International Monetary Fund, is adequately convertible into the currencies of other members for the purposes of the Association's operations; or

(ii) currency of a member which such member agrees, on terms satisfactory to the Association, to exchange for the currencies of other members for the purposes of the Association's operations.

(*g*) Except as the Association may otherwise agree, each member listed in Part I of Schedule A shall maintain, in respect of its currency paid in by it as freely convertible currency pursuant to sub-section (*d*) of this Section, the same convertibility as existed at the time of payment.

(*h*) The conditions on which the initial subscriptions of members other than original members may be made, and the amounts and the terms of payment thereof, shall be determined by the Association pursuant to Section 1 (*b*) of this Article.

SECTION 3. *Limitation on Liability*

No member shall be liable, by reason of its membership, for obligations of the Association.

ARTICLE III

Additions to Resources

SECTION 1. *Additional Subscriptions*

(*a*) The Association shall at such time as it deems appropriate in the light of the schedule for completion of payments on initial subscriptions of original members, and at intervals of approximately five years thereafter, review the adequacy of its resources and, if it deems desirable, shall authorize a general increase in subscriptions. Notwithstanding the foregoing general or individual increases in subscriptions may be

authorized at any time, provided that an individual increase shall be considered only at the request of the member involved. Subscriptions pursuant to this Section are herein referred to as additional subscriptions.

(*b*) Subject to the provisions of paragraph (*c*) below, when additional subscriptions are authorized, the amounts authorized for subscription and the terms and conditions relating thereto shall be as determined by the Association.

(*c*) When any additional subscription is authorized, each member shall be given an opportunity to subscribe, under such conditions as shall be reasonably determined by the Association, an amount which will enable it to maintain its relative voting power, but no member shall be obligated to subscribe.

(*d*) All decisions under this Section shall be made by a two-thirds majority of the total voting power.

SECTION 2. *Supplementary Resources provided by a Member in the Currency of another Member*

(*a*) The Association may enter into arrangements, on such terms and conditions consistent with the provisions of this Agreement as may be agreed upon, to receive from any member, in addition to the amounts payable by such member on account of its initial or any additional subscription, supplementary resources in the currency of another member, provided that the Association shall not enter into any such arrangement unless the Association is satisfied that the member whose currency is involved agrees to the use of such currency as supplementary resources and to the terms and conditions governing such use. The arrangements under which any such resources are received may include provisions regarding the disposition of earnings on the resources and regarding the disposition of the resources in the event that the member providing them ceases to be a member or the Association permanently suspends its operations.

(*b*) The Association shall deliver to the contributing member a Special Development Certificate setting forth the amount and currency of the resources so contributed and the terms and conditions of the arrangement relating to such resources. A Special Development Certificate shall not carry any voting rights and shall be transferable only to the Association.

(*c*) Nothing in this Section shall preclude the Association from accepting resources from a member in its own currency on such terms as may be agreed upon.

ARTICLE IV

Currencies

SECTION 1. *Use of Currencies*

(*a*) Currency of any member listed in Part II of Schedule A, whether or not freely convertible, received by the Association pursuant to Article II, Section 2 (*d*), in payment of the ninety percent portion payable thereunder in the currency of such member, and currency of such member derived therefrom as principal, interest or other charges, may be used by the Association for administrative expenses incurred by the Association in the territories of such member and, insofar as consistent with sound monetary policies, in payment for goods and services produced in the territories of such member and required for projects financed by the Association and located in such territories ; and in addition when and to the extent justified by the economic and financial situation of the member concerned as determined by agreement between the member and the Association, such currency shall be freely convertible or otherwise usable for projects financed by the Association and located outside the territories of the member.

(*b*) The usability of currencies received by the Association in payment of subscriptions other than initial subscriptions of original members, and currencies derived therefrom as principal, interest or other charges, shall be governed by the terms and conditions on which such subscriptions are authorized.

(*c*) The usability of currencies received by the Association as supplementary resources other than subscriptions, and currencies derived therefrom as principal, interest or other charges, shall be governed by the terms of the arrangements pursuant to which such currencies are received.

(*d*) All other currencies received by the Association may be freely used and exchanged by the Association and shall not be subject to any restriction by the member whose currency is used or exchanged ; provided that the foregoing shall not preclude the Association from entering into any arrangements with the member in whose territories any project financed by the Association is located restricting the use by the Association of such member's currency received as principal, interest or other charges in connection with such financing.

(*e*) The Association shall take appropriate steps to ensure that, over reasonable intervals of time, the portions of the subscriptions paid under Article II, Section 2 (*d*) by members listed in Part I of Schedule A shall be used by the Association on an approximately *pro rata* basis, provided, however, that such

portions of such subscriptions as are paid in gold or in a currency other than that of the subscribing member may be used more rapidly.

SECTION 2. *Maintenance of Value of Currency Holdings*

(*a*) Whenever the par value of a member's currency is reduced or the foreign exchange value of a member's currency has, in the opinion of the Association, depreciated to a significant extent within that member's territories, the member shall pay to the Association within a reasonable time an additional amount of its own currency sufficient to maintain the value, as of the time of subscription, of the amount of the currency of such member paid in to the Association by the member under Article II, Section 2 (*d*), and currency furnished under the provisions of the present paragraph, whether or not such currency is held in the form of notes accepted pursuant to Article II, Section 2 (*e*), provided, however, that the foregoing shall apply only so long as and to the extent that such currency shall not have been initially disbursed or exchanged for the currency of another member.

(*b*) Whenever the par value of a member's currency is increased, or the foreign exchange value of a member's currency has, in the opinion of the Association, appreciated to a significant extent within that member's territories, the Association shall return to such member within a reasonable time an amount of that member's currency equal to the increase in the value of the amount of such currency to which the provisions of paragraph (*a*) of this Section are applicable.

(*c*) The provisions of the preceding paragraphs may be waived by the Association when a uniform proportionate change in the par value of the currencies of all its members is made by the International Monetary Fund.

(*d*) Amounts furnished under the provisions of paragraph (*a*) of this Section to maintain the value of any currency shall be convertible and usable to the same extent as such currency.

ARTICLE V

Operations

SECTION 1. *Use of Resources and Conditions of Financing*

(*a*) The Association shall provide financing to further development in the less-developed areas of the world included within the Association's membership.

(*b*) Financing provided by the Association shall be for purposes which in the opinion of the Association are of high developmental priority in the light of the needs of the area or areas concerned and, except in special circumstances, shall be for specific projects.

(*c*) The Association shall not provide financing if in its opinion such financing is available from private sources on terms which are reasonable for the recipient or could be provided by a loan of the type made by the Bank.

(*d*) The Association shall not provide financing except upon the recommendation of a competent committee, made after a careful study of the merits of the proposal. Each such committee shall be appointed by the Association and shall include a nominee of the Governor or Governors representing the member or members in whose territories the project under consideration is located and one or more members of the technical staff of the Association. The requirement that the committee include the nominee of a Governor or Governors shall not apply in the case of financing provided to a public international or regional organization.

နယ်ခြားဒေသအုပ်ချုပ်ရေးအတွက် မ,တည်ငွေရင်း ...	၈၄,၈၀,၀၀၀
ကျေးလက်စီးပွားရေးတိုးတက်မြှင့်မြှင်းမှုရံပုံငွေသို့ထည့်သွင်းရန်ဘဏ္ဍာတော်ငွေခွဲဝေသတ်မှတ်ခြင်း	၂,၀၀,၆၀,၀၀၀
ချင်းဝိသေသတိုင်းအုပ်ချုပ်ရေးအတွက်မ,တည်ငွေရင်း ...	၈၇,၇၂,၀၀၀
အစိုးရစီမံအုပ်ချုပ်သောဘုတ်အဖွဲ့များနှင့်ကော်ပိုရေးရှင်းများတွင် အစိုးရ၏အကျိုးတူရင်းနှီးမြှုပ်နှံငွေ	၄,၀၂,၁၂,၀၀၀
အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများသို့ကြိုတင်ထုတ်ပေးငွေများနှင့်ထောက်ပံ့ငွေများ	၈,၅၁,၀၆,၀၀၀
အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ ...	၁၀,၅၂,၅၀,၀၀၀
အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ	၁၃,၀၇,၁၁,၀၀၀
စုပေါင်း ...	၁,၀၀,၁၀,၉၀,၀၀၀

နောက်ဆက်တွဲယား (၈)။

ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

					အစိုးရဌာန။
					ခွဲဝေသုံးစွဲသည့်ငွေ။
					ကျပ်။
မြေခွန်တော်	...	...	...		၁၁,၆၅,၉၀၀
ယစ်မျိုး	...	...	...		၆၀၀
တံဆိပ်တော်ခေါင်းများ	...	...	...		၁၀၀
သစ်တော	...	...	...		၁၂,၃၄,၃၀၀
မှတ်ပုံတင်မှ	...	...	...		၁၀,၀၀၀
အခြားအခွန်တော်များနှင့်အကောက်တော်များ			...		၁၉,၄၀၀
ဆည်မြောင်း	...	...	...		၇,၃၇,၅၀၀
အတိုး	...	...	...		၄၂,၇၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှ	...	...	....		၃၆,၃၀,၂၀၀
တရားရေး	...	...	...		၂,၁၅,၇၀၀
အကျဉ်းထောင်များ	...	...	...		၆,၅၃,၄၀၀
သာသနာရေးကိစ္စများ	...	...	....		၁,၁၁,၅၀၀
လောကဓါတ်ပညာဆိုင်ရာဌာနများ		...	...		၃,၄၂,၆၀၀
ပညာရေး	...	...	...		၅၈,၉၂,၃၀၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး		...	...		၄၅,၆၃,၃၀၀
စိုက်ပျိုးရေး	...	...	..		၁၂,၆၂,၉၀၀
တိရစ္ဆာန်ဆေးကုသရေး	...	....	...		၀,၀၀,၄၀၀
စက်မှုလက်မှုအလုပ်အကိုင်များ		...	...		၅,၇၀၀
အထွေထွေဌာနများ	...	...	...		၇,၀၄,၂၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	...	...	...		၅၀,၇၀,၇၁၀
ပင်ရှင်လစာငွေများ	...	...	...		၃,၆၁,၀၀၀
စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း		...	...		၀၀,၀၀၀
အထွေထွေ	...	...	...		၂,၀၃,၀၀၀
စစ်ကြောင်းထွက်ခွါမသွားဒီတင်ရှိသည့် ကြေးမြီတာဝန်များ			...		၄၀,၀၀၀
မြေခွန်တော်အတွက် မ,တည်ငွေရင်း		...	...		၂,၃၅,၀၀၀
သစ်တောအတွက်မ,တည်ငွေရင်း		...	...		၁,၇၀,၉၀၀
ဆည်မြောင်းအတွက်မ,တည်ငွေရင်း		...	...		၁၄,၆၇,၀၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း			...		၄,၀၀၀
ပညာရေးအတွက်မ,တည်ငွေရင်း		...	...		၁၅,၅၀၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက်မ,တည်ငွေရင်း...					၂,၂၆,၄၀၀
လယ်ယာစိုက်ပျိုးရေးအတွက်မ,တည်ငွေရင်း			...		၃,၇၀,၀၀၀
တိရစ္ဆာန်ဆေးကုသရေးအတွက် မ,တည်ငွေရင်း			...		၄၃,၀၀၀
အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ...			....		၄၉,၇၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက်မ,တည်ငွေရင်း...			...		၉၄,၇၅,၃၀၀
အခြားအတိုးခံသည့် ကြွေတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြွေတင်ထုတ်ပေးငွေများ		...	....		၃,၂၅,၀၀၀
ပေါင်း		...			၃,၉၅,၃၄,၀၀၀

နောက်ဆက်တွဲယား (၈)။

ကချင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။-

အစီးရင်ခံစာ။	ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။
မြေခွန်တော်	၃,၅၁,၁၀၀
ယစ်မျိုး	၃,၈၈,၄၀၀
တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု	၂,၄၀၀
သစ်တော	၉,၀၁,၈၀၀
ဆည်မြောင်းလုပ်ငန်းများ	၁,၁၅,၃၀၀
အတိုးနှင့်ကြေးမြီ	၅၃,၃၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှု	၁၇,၀၀,၄၀၀
အကျင့်ထောင်များ	၂,၆၂,၄၀၀
လေဝကခါတ်ပညာဆိုင်ရာဌာနများ	၁,၇၁,၈၀၀
ပညာရေး	၃၇,၄၁,[illegible]
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး	၂၁,၀၆,၉၀၀
လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး	၁၂,၂၇,၄၀၀
စက်မှုလက်မှုအလုပ်အကိုင်များ	၃,၀၇,၁၀၀
အထွေထွေဌာနများ	၄,၂၃,၈၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	၄၀,၅၅,၆၀၀
ပင်ရှင်လစာငွေများ	၂,၁၆,၀၀၀
စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း	၈၀,၀၀၀
အထွေထွေ	၁,၄၉,၄၀၀
ဆည်မြောင်းအတွက် မ,တည်ငွေရင်း	၂,၅၀,၀၀၀
ပညာရေးအတွက် မ,တည်ငွေရင်း	၇၆,၀၀၀
ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း	၇၀,၀၀၀
လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း	၈၅,၅၀၀
စက်မှုလက်မှုအတွက် မ,တည်ငွေရင်း	၅၉,၀၀၀
အထွေထွေဌာနများအတွက် မ,တည်ငွေရင်း	၁,၀၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း... ...	၆၃,၃၃,၀၀၀
အခြားအတိုးရသည့် ကြွေးတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြွေးတင် ထုတ်ပေးများ	၆,၃၈,၀၀၀
စုစုပေါင်း ...	၂,၃၀,၆၆,၂၀၀

နောက်ဆက်တွဲ ယား (ဃ)။

ဘဏ္ဍာရေးပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

အဖိုးရင်္ဂဏန်း။	ခွဲဝေသုံးစွဲသည့်ငွေ။
	ကျပ်။
မြေခွန်တော်	၄,၆၂,၉၁၀
ယစ်မျိုး	၁,၄၆,၉၄၀
တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု	၂,၄၀၀
သစ်တော	၅,၃၆,၇၀၀
ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ	၃၇,၇၀၀
အရင်းရပ်စီးရင်းအုပ်ချုပ်မှု	၁၀,၁၂,၈၈၀
တရားရေး	၄၆,၃၉၀
အကျဉ်းထောင်များ	၁,၀၈,၅၀၀
ရေကြောင်းဆိုင်ရာ	၂,၉၉,၈၈၀
သာသနာရေးကိစ္စများ	၃၆,၆၁၀
လောကဓါတ်ပညာဆိုင်ရာဌာနများ	၂,၈၀၀
ပညာရေး	၃၃,၂၁,၇၆၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး	၁၇,၃၆,၀၃၀
လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေးနှင့် သမဝါယမငွေစုငွေချေးလုပ်ငန်း	၆,၅၁,၉၆၀
စက်မှုလက်မှုအလုပ်အကိုင်များ	၂၄,၈၄၀
အထွေထွေဌာနများ	၄,၁၆,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	၁၁,၂၀,၂၄၀
ပင်ရှင်လစာငွေများ	၁,၀၁,၀၀၀
စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း	၉၂,၃၅၀
အထွေထွေ	၁,၄၁,၀၈၀
သစ်တောအတွက် မ,တည်ငွေရင်း	၈၁,၀၀၀
ဆည်မြောင်းအတွက် မ,တည်ငွေရင်း	၅,၀၀,၀၀၀
လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း ...	၅၂,၉၂၀
ပညာရေးအတွက် မ,တည်ငွေရင်း	၁,၁၇,၀၀၀
ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း	၁,၀၄,၉၄၀
လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ ငွေစုငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေးအတွက် မ,တည်ငွေရင်း ...	၄၅,၀၀၀
စက်မှုလက်မှုအလုပ်အကိုင်များအတွက် မ,တည်ငွေရင်း ...	၁၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၂၇,၉၅,၃၀၀
စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း	၁၀,၀၀၀
အခြားအတိုးရသည့် ကြွေးတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြွေးတင်ထုတ်ပေးငွေများ	၅,၉၀,၀၀၀
စုပေါင်း ...	၁,၄၅,၁၅,၀၁၀

နောက်ဆက်တွဲယား (၄)။

ကယားပြည်နယ်၏ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

အစိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။
	ကျပ်။
မြေဌနှင့်တော်	၄၀,၃၉၀
သစ်တော	၁,၃၉,၂၅၀
ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ	၅၆,၀၅၀
ဥပဒေပြုအဖွဲ့	၁,၅၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှု	၆,၀၁,၃၀၀
တရားရေး	၁၀,၀၁၀
အကျဉ်းထောင်များ	၃၀,၅၀၀
သာသနာရေးကိစ္စများ	၂၀,၀၀၀
ပညာရေး	၅,၄၉,၄၉၀
ဆေးဘက်ဆိုင်ရာ	၄,၃၆,၄၆၀
ပြည်သူ့ကျန်းမာရေး	၁,၆၀,၅၀၀
လယ်ယာစိုက်ပျိုးရေး	၁,၆၄,၇၄၀
တိရစ္ဆာန်ဆေးကုသရေး	၂,၀၇,၁၀၀
စက်မှုလက်မှုအလုပ်အကိုင်များ	၃,၄၅,၀၀၀
အထွေထွေဌာနများ	၇၀,၀၅၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	၆,၁၀,၄၅၀
ပင်ရှင်လစာငွေများ	၂၃,၀၀၀
စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း	၁၆,၀၀၀
အထွေထွေ	၀,၀၀၀
ဆည်မြောင်းအတွက် မ,တည်ငွေရင်း	၂,၇၅,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၂၂,၉၀,၆၀၀
စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း	၁၅,၀၀၀
ပေါင်း ...	၆၀,၉၆,၃၁၀

၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေကို၊ ဒုတိယအကြိမ် ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်သူ့ စစ်မှုထမ်းအက်ဥပဒေကို၊ ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေတွင်၊ ပုဒ်မ ၃၊ အပိုဒ် (က)၊ အပိုဒ်ခွဲ (၃) ၌၊ ''ပုဒ်မ ၁၅ အရ ခန့်ထားသည့် ဗဟိုအဖွဲ့က'' ဆိုသည့်စကားရပ်အစား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ၎င်းက ပုဒ်မ ၁၅ အရ သီးခြားဖေါ်ပြသည့်အာဏာပိုင်က'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄၊ အပိုဒ် (ခ) တွင် အောက်ပါကို ဒုတိယစာပိုဒ် အဖြစ်ထည့်သွင်းရမည်။

''ထိုဆရာဝန်များ၊ သို့တည်းမဟုတ် အင်ဂျင်နီယာများ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူများ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားသည်၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၅ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''နိုင်ငံတော်သမတက ခန့်ထားသည့်အဖွဲ့သည်'' ဆိုသည့်စကားရပ် အစား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သို့တည်းမဟုတ် ၎င်းက သီခြားဖေါ်ပြသည့် အာဏာပိုင်သည်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂)၊ (၃)၊ (၄)၊ (၅) (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့ကို ပယ်ဖျက်ရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) တွင်၊ ''ပုဒ်မ ၁၅ အရ ခန့်ထားသည့် ဗဟိုအဖွဲ့၏'' ဆိုသည့်စကားရပ် စကား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏၊ သို့တည်းမဟုတ် ၎င်းက ပုဒ်မ ၁၅ အရ သီးခြားဖေါ်ပြသည့် အာဏာပိုင်၏'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (၂) တွင်—

(က) အောက်ပါကို၊ အပိုဒ် (က) အဖြစ်ထည့်သွင်းရမည်။

''(က) ပုဒ်မ ၄ နှင့် ၄-က ပါကိစ္စများ။''

(ခ) ရှိရင်းအပိုဒ် (က)ကို၊ အပိုဒ် (ကက) အဖြစ် ပြန်လည်အကွေ့ရာ စဉ်ရမည်။

၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေ သုံးစွဲရေး ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉۶၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ သည်၊ ကချင်ပြည်နယ်၏ အခွန်တော်များမှ ကျပ်ငွေ ၃၀,၀၀,၀၀၀ (ဤဥပဒေ၏ဇယားတွင်ဖော်ပြထားသည်) ကိုဆုတ်၍ ၁۹۶۲ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ် ဆိုင်ရာအသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁۹۶၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ (၁۹۶၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

ဇယား။

အဖိုးရင်္ဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
စီးပွါးရေးလုပ်ငန်းများတွင် ပြည်နယ်၏ အကျိုးတူရင်းနှီးမြှုပ်နှံငွေ	၃၀,၀၀,၀၀၀

၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အချီး။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်သာ၊ ထိုသို့သတ်မှတ်သည့်နေ့ရက်များ၌စတင်အာဏာတည်ရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေကိုဒေသတခုခုသို့ ပြန့်နှံ့စေနိုင်သည့်ပြင်၊ ထို အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါပုဒ်မတခုခုသည်၊ သို့တည်းမဟုတ် ဤဥပဒေအစိတ်အပိုင်းသည်၊ ထိုဒေသ၌အာဏာမတည်စေရဟုလည်းဆင့်ဆိုနိုင်သည်။

အမည်၊ တည်ရာနယ် အဝှန်းနှင့် စတင် အာဏာ တည်သည့်နေ့ရက်။

၂။ ။ဤဥပဒေတွင် အကြောင်း၊အရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

အဓိပ္ပါယ် ဖော်ပြချက်များ။

(၁) ''ဘဏ်'' ဆိုသည်မှာ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေပုဒ်မ ၂ ၇၇-စတွင် အဓိပ္ပါယ်ဖော်ပြသည့် ဘဏ်လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီကိုဆိုလိုသည်။

(၂) ''ကုမ္ပဏီ'' ဆိုသည်မှာ၊ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့် ကုမ္ပဏီကိုဆိုလိုသည်။

(၃) ''သမဝါယမအသင်း'' ဆိုသည်မှာ၊ သမဝါယမအသင်းများ အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းကိုဆိုလိုသည်။

(၄) ''အတိုး'' ဆိုသည်မှာ၊ အတိုးနှုန်းကိုဆိုလိုသည့်ပြင်၊ ထိုကောင်းရင်း၌ အတိုးအဖြစ်ဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ တင်ထားသည်လည်းဖြစ်၍၊ သို့တည်းမဟုတ်တောင်းခံရန်ရှိသည်လည်းဖြစ်၍၊ ထုတ်ချေးရင်းငွေအပြင်၊ ငွေကြေးအဖြစ်ဖြင့်ဖြစ်စေ၊ ပစ္စည်းအဖြစ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြန်ဆပ်ရမည်လည်းဖြစ်သော အရာလည်းပါဝင်သည်။

(၅) ''ချေးငွေ''ဆိုသည်မှာ၊ အတိုးဖြင့်ထုတ်ချေးသောငွေကို၊ သို့တည်း မဟုတ် ပစ္စည်းကိုဆိုလိုသည်၊ ထိုစကားရပ်တွင် အောင်ပါတို့ပါ ဝင်သည်။

(က) ငွေချေးခြင်းသဘောရောက်သည့် ငွေကြေးဆက်ဆံမှုတခုခု။

(ခ) စပါးပေးစံနစ်၊ သို့တည်းမဟုတ် လယ်ယာစိုက်ပျိုးချိန်အတွင်းဖြစ်စေ၊ ထိုအချိန်မတိုင်မီဖြစ်စေ၊ ငွေဆုတ်ခေးရာ၊ ကောက်ပဲသီးနှံ ရိတ်သိမ်းချိန်ဖြစ်စေ၊ ရိတ်သိမ်းပြီးနောက်ဖြစ်စေ၊ ထုတ်ချေးထားသော ငွေထက် တန်ဘိုးပိုမိုသည့်၊ သို့တည်းမဟုတ် ပိုမိုဘွယ်ရာရှိသည့် စပါးကိုသော်၎င်း၊ အခြားကောက်ပဲသီးနှံ အခြင်အဘွယ်ကိုသော်၎င်း၊ သတ်မှတ်ထားသည့်အတိုင်း မြစားကျန်ဆပ်ရန်သဘောတူသော (စပါးပေးစံနစ်နှင့် အလားတူသည့်) ငွေကြေးဆက်ဆံမှု။

(ဂ) ငွေ၊ ကောက်ပဲသီးနှံ၊ ကုန်စည်၊ သို့တည်းမဟုတ် အခြားပစ္စည်းများကိုထုတ်ချေးသည့် ငွေကြေးဆက်ဆံမှု၊ ထို့သို့ထုတ်ချေးရာ၌ ထုတ်ချေးသည့်ငွေထက်၊ သို့တည်းမဟုတ် ကောက်ပဲသီးနှံတက်၊ သို့တည်းမဟုတ် ကုန်စည်ထက်၊ သို့တည်းမဟုတ်အခြားပစ္စည်းထက်၊ တန်ဘိုးပိုမိုသည့်၊ သို့တည်းမဟုတ် ပိုမိုဘွယ်ရှိသည့် ကောက်ပဲသီးနှံအခြင်အတွယ်၊ ကုန်စည်အခြင်အတွယ်၊ ပစ္စည်းအခြင်အတွယ်ကို၊ နောင်တနေ့ နေ့တွင် ပေးဆပ်ရန် မြှစားကတာဝန်ခံသည့် ငွေကြေးဆက်ဆံမှု။

ခြွင်းချက်။ ။သို့ရာဘွင် ချေးငွေဆိုသည့်စကားရပ်၌ အောက်ပါတို့ မပါဝင်စေရ။

(က) စာပို့တိုက် ငွေစုဘဏ်တွင်ဖြစ်စေ၊ အခြား ဘဏ်တခုခုတွင်ဖြစ်စေ၊ ကုမ္ပဏီတွင်ဖြစ်စေ၊ သမဝါယမ အသင်းတွင်ဖြစ်စေ၊ အပ်နှံထားသည့်ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်း၊ သို့တည်းမဟုတ် အလုပ်ရှင်ထံ၌ အလုပ်သမားက အာမခံအဖြစ် တင်သွင်းထားသည့်ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်း။

(ခ) အသင်းများမှတ်ပုံတင်ခြင်း အက်ဥပဒေအရဖြစ်စေ၊ အခြားပြည်သူတို့ဆိုင်ရာ၊ သို့တည်းမဟုတ် ဘာသာ သာသနာရေးဆိုင်ရာ၊ သို့တည်းမဟုတ် အလှူဒါနဆိုင်ရာ ကိစ္စများနှင့် သက်ဆိုင်သည့် အခြားဥပဒေတရပ်ရပ်အရ ဖြစ်စေ၊ မှတ်ပုံတင်ထားသည့်အသင်းက၊ သို့တည်းမဟုတ် အဖွဲ့တခုခုက ထုတ်ချေးသောငွေ၊ သို့တည်းမဟုတ် ထိုအသင်းအဖွဲ့က ချေးယူသောငွေ၊ သို့တည်းမဟုတ် အသင်းအဖွဲ့ထံ၌ အပ်နှံထားသောငွေ။

(ဂ) အစိုးရကဖြစ်စေ၊ မြန်မာနိုင်ငံ၌ဒေသန္တရအာဏာပိုင် တခုခုကဖြစ်စေ၊ ချေးယူသည့်၊ သို့တည်းမဟုတ် ထုတ်ချေးသည့်ငွေ။

(ဃ) သမဝါယမ အသင်းက၊ သို့တည်းမဟုတ် ပြည်ထောင်စု အာမခံစံနစ်အဖွဲ့က၊ သို့တည်းမဟုတ် အခြားအာမခံကုမ္ပဏီက၊ သို့တည်းမဟုတ် အိုနာစာအာမခံအသင်းက ထုတ်ချေးသည်ငွေ။

(c) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကဖြစ်စေ၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေး ဘဏ်ကဖြစ်စေ၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်ကဖြင့်စေ၊ နိုင်ငံတော်သမဝါယမ ဘဏ်ကဖြစ်စေ၊စက်မှုလက်မှု ဘိုးတက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်ကဖြစ်စေ၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် အက်ဥပဒေ ပုဒ်မ ၃၈ အရ၊ ဇယားဝင်ဘဏ်အဖြစ် အစိုးရပြဋ္ဌာန်းတမ်းတွင် ပြည်ထောင်စု ဘဏ်က ကျေညာပြီးသောဘဏ်ဖြင့်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လွှန်ရေးအစိုးရက အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသည့် ဘဏ်ကဖြစ်စေ၊ထုတ်ချေးသည်ငွေ။

(စ) သာမန်အားဖြင့် အလုပ် လုပ်ကိုင်ရာ၌ ကုန်ရောင်းကုန်ဝယ်ထုံးတမ်းစဉ်လာအရ ကုန်သည်တဦးကတဦးသို့ ထုတ်ချေးသည်ငွေ။

(ဆ) အော်ဒီမန်စာချုပ်မှတပါး၊လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသောလွှဲပြောင်းနိုင်သည့် အခြားစာချုပ်စာတမ်းကို အခြေခံပြု၍ ကုန်သည်ဘဏ်သို့ ထုတ်ပေးသောငွေ။

(ဇ) စိုက်ပျိုးလုပ်ကိုင်ရာ၌ ကုန်ကျမည့် စရိတ်များကို သီးစားကုခံနိုင်ရန် မြေရှင်က သီးစားအား ထုတ်ပေးသည့်ငွေ၊ သို့တည်းမဟုတ် ပစ္စည်း၊ သို့ဘည်းမဟုတ် ရိတ်သိမ်းချိန်၌ ပေးရန်ရှိသည့် အခကြေးငွေများအတွက် လယ်လုပ်သူက မိမိ၏သူရင်းငှါးများအား တင်ကြို ထုတ်ပေးသည့်ငွေ၊ သို့တည်းမဟုတ် ပစ္စည်း။

ရှင်းလင်းချက် ၁။ ။ချေးယူသူက ရောင်းချရန်အတွက် မဟုတ်ဘဲ အကြွေးယူထားသော ကုန်စည်များနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် အတိုးပေးရသော ခံဝန်ချုပ်သည် ချေးငွေပင်ဖြစ်သည်။

ရှင်းလင်းချက် ၂။ ။အငှါးဝယ် ပိုင်ရှင်အရ ကုန်စည်ထုတ်ပေးခြင်းသည်ချေးငွေမဟုတ်။

(ဋ) ''ငွေတိုးချစားသူ'' ဆိုသည်မှာ၊ ဤဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း ငွေထုတ်ချေးသည့်အလုပ် လုပ်ကိုင်သူကိုဆိုလိုသည်။ ထိုစကားရပ်တွင် ငွေတိုးချစားသူ၏ တရားဝင်ကိုယ်စားလှယ်များအပြင်၊ အမွေဆက်ခံခြင်းဖြင့်ဖြစ်စေ၊ လွှဲပြောင်းပေးခြင်းဖြင့်ဖြစ်စေ၊ တနည်းနည်းဖြင့်ဖြစ်စေ၊ အကျိုးဆက်ခံသူများလည်း ပါဝင်သည်။

ခြင်းချက်။ ။သို့ရာတွင် ဤအမိပ္ပါယ်ဖော်ပြချက်ပါ မည်သည့်အချက်မျှ—

(က) သေဆုံးသွားသော ငွေတိုးချစားသူ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သော်လည်း၊ သို့တည်းမဟုတ် ထိုငွေတိုးချစားသူ၏ အမွေကို ဆက်ခံခြင်းဖြင့် ထိုသူ၏ဆိုင်ရာ ဆိုင်ခွင့်အားလုံးနှင့် ကြွေးမြီတာဝန်အားလုံးကိုပါ အကျိုးဆက်ခံသူဖြစ်သော်လည်း၊ ထိုငွေတိုးချစားသူပိုင်ပစ္စည်းများကို စာရင်းရှင်းအလုပ်ပိတ်၍၊ နောက်ထပ်ငွေထုတ်ချေးခြင်းမပြုသူဖြင့်သော်၊ ထိုသူနှင့်မသက်ဆိုင်စေရ၊ သို့တည်းမဟုတ်

(ခ) ဤဥပဒေ အတည်ဖြစ်သည့်နေ့ရက်မှစ၍ မိမိ၏ငွေတိုးချစားသည့် အလုပ်ကိုစာရင်းရှင်းအလုပ်ပိတ်၍ နောက်ထပ်ငွေထုတ်ချေးခြင်းမပြုသူနှင့် မသက်ဆိုင်စေရ။

(၇) ''ပြဋ္ဌာန်းထားသည်'' ဆိုသည်မှာ၊ ဤဥပဒေဖြင့်ဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်ဖြစ်စေ၊ ပြဋ္ဌာန်းထားသည်ကို ဆိုလိုသည်။

(၈) ချေးငွေနှင့်စပ်လျဉ်း၍ ''ငွေရင်း'' ဆိုသည်မှာ၊ချေးယူသူအားအမှန်စင်စစ်ထုတ်ချေးလိုက်သည့်ငွေကို၊ သို့တည်းမဟုတ် ပစ္စည်းကို ဆိုလိုသည်။

(၉) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ မှတ်ပုံတင်အက်ဥပဒေအရ ခန့်ထားသည့်မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

(၁၀) ''အာမခံရှိသောချေးငွေ'' ဆိုသည်မှာ၊ ရွှေပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေပြောင်းနိုင်သည်ဖြစ်စေ၊ မည်သည့်ပစ္စည်းကိုမဆို အပေါင်ထား၍သော်၎င်း၊ ထိုပစ္စည်းပေါ်တွင်ရထိုက်ခွင့်၊ သို့တည်းဟုတ် ဆိုင်ရာဆိုင်ခွင့် တင်ရှိစေလျက်သော်၎င်း၊ အာမခံပြုထားသည့်ချေးငွေကိုဆိုလိုသည်။

(၁၁) ''လက်အောက်မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ မှတ်ပုံတင် အက်ဥပဒေအရခန့်ထားသည့် လက်အောက်မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

(၁၂) ''ကုန်သည်'' ဆိုသည်မှာ၊ သာမန်အားဖြင့် အလုပ်လုပ်ကိုင်ရာ၌ ရွှေပြောင်းနိုင်သည့်၊ သို့တည်းဟုတ် မရွှေပြောင်းနိုင်သည့် ကုန်ပစ္စည်းကို၊သို့တည်းမဟုတ် အခြားပစ္စည်းကို ဝယ်ခြင်း၊ ရောင်းခြင်းပြုသူကို ဆိုလိုသည်။ ထိုစကားရပ်တွင် အောက်ပါတို့ပါဝင်သည်။

လက်ကား၊ သို့တည်းမဟုတ် လက်လီကုန်သည်ကြီး၊
ကော်မရှင်စားကိုယ်စားလှယ်၊
ပွဲစား၊
ကုန်စည်ပစ္စည်းထုတ်လုပ်သူ၊
ကန်ထရိုက်တာ၊
အလုပ်ရုံပိုင်ရှင်၊

သို့သော်လည်း ထိုစကားရပ်တွင်၊ မိမိ၏ကောက်ပဲသီးနှံကိုသာ၊ သို့တည်း မဟုတ် ကျွန်းတို့ကိုသာ ရောင်းချသူ၊ သို့တည်းဟုတ် မိမိအသုံး ပြုရန် ကောက်ပဲသီးနှံကို၊ သို့တည်းမဟုတ် ကျွန်း ကိုဝယ်ယူသူ မပါဝင်ချေ။

(၁၃) ''အာမခံမရှိသောချေးငွေ'' ဆိုသည်မှာ၊ အာမခံရှိသော ချေးငွေ မှတပါး၊ အခြားမည်သည့်ချေးငွေကိုမဆို ဆိုလိုသည်။

ငွေတိုးချစားသူ အမျိုး အစားတခုခုကို ဤဥပဒေမှ ကင်းလွတ် ခွင့်ပြု နိုင်သည့် အာဏာ။

၃။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထား သည့်ငွေတိုးချစားသူတဦးကို၊ သို့တည်းမဟုတ် အများကို သော်၎င်း၊ ငွေတိုးချစားသူအမျိုးအစားတခုကို၊ သို့တည်း မဟုတ် အများကိုသော်၎င်း၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက် အားလုံးနှင့်ဖြစ်စေ၊ တရပ်ရပ်နှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အခန်း ၂။

ငွေတိုးချစားသူများ၏ အရေအတွက်၊ ချေးငွေနှင့်အတိုးနှုန်းသတ်မှတ်ချက်များ။

ဥပဒေအရငွေတိုးချစား သူများ၏ အရေအတွက်ကို ၎င်း၊ အခွန် အခကိုလည်း၊ ဒေသအလိုက် သတ်မှတ် ခြင်း။

၄။ ။(၁) ဤဥပဒေအရ မှတ်ပုံတင် သက်သေခံလက်မှတ် ထုတ်ပေးရမည့် ငွေတိုးချစားသူများ၏ အရေအတွက်သည်၎င်း၊ ဤဥပဒေ အရ မှတ်ပုံတင်ရာတွင် ငွေတိုးချစားသူများက အစိုးရသို့ပေး ဆောင်ရမည့် အခွန်အခသည်၎င်း၊ ဒေသအလိုက်ပြဋ္ဌာန်း ထားသည့်အတိုင်းဖြစ်ရမည်။

(၂) ဤဥပဒေအရ ငွေတိုးချစားသည့် လုပ်ငန်း အမျိုးမျိုး လုပ်ကိုင်သူတို့၏ အရည်အချင်းများသည်၎င်း၊ ငွေတိုးချစားသူက တကြိုခံလျှောင်အနည်းဆုံး၊သို့တည်းမဟုတ် အများဆုံးထုတ်ချေးရမည့် ချေးငွေပေါင်းသည်၎င်း၊ ချေးငွေအမျိုးမျိုးအပေါ်ခွင့်ပြုသည့် အတိုးနှုန်းများသည်၎င်း၊ မှတ်ပုံတင်သက်သေခံလက်မှတ်ရသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ သည်၎င်း၊ ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

ငွေတိုးချစားသူလိုင်စင် များ။

၅။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ သက်ဆိုင်ရာ ဒေသန္တရအာဏာပိုင်သည်၊ပြဋ္ဌာန်းထားသည့် အရေအတွက်ထက် မကျော်လွန်စေဘဲ၊ ငွေတိုးချစားသူ လိုင်စင်များကို လေလံစံနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစံနစ်ဖြင့်ဖြစ် စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ညွှန်ကြားထားသည့် အတိုင်းရောင်းချရမည်။ထိုသို့ရောင်းချရန်သည့်ငွေများကို သက်ဆိုင်ရာ ဒေသန္တရအခွန် ငွေသွင်းထည့်သွင်းရမည်။

(၂) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁)အရ ရောင်းချသည့်ငွေတိုးချစားသူ လိုင်စင်ပါ စည်းကမ်းချက်များ၊ သို့တည်း

မဟုတ်လိုင်စင်ရသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များမှာ ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

(၃) ပုဒ်မခွဲ ၊(၁) တွင် ရည်ညွှန်းသည့် ငွေတိုးချစားသူလိုင်စင်ရသူသည်၊ ပြဋ္ဌာန်းထားသည့်အခွန်အခကိုပေးဆောင်၍၊ ဤဥပဒေအရမှတ်ပုံတင်ရမည်။

(၄) ဤဥပဒေအရ လိုင်စင်ရ ငွေတိုးချစားသူက ပေးဆောင်ရန်ကျန်ရှိသော ငွေများကို အခွန်တော်မပြေကျန်ငွေဖြစ်သကဲ့သို့ ပြန်လည်ကောက်ခံရမည်။

အခန်း ၃။

ငွေတိုးချစားသူတို့ကိုမှတ်ပုံတင်ခြင်း။

ငွေတိုးချစားသူတို့ မှတ်ပုံတင်စာရင်း။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထားသည့် အကြောင်းအရာများပါရှိသော ငွေတိုးချစားသူမှတ်ပုံတင်စာရင်းတခုကိုထားရှိရမည်။

မှတ်ပုံတင်သက်သေခံလက်မှတ်။

၇။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ ပြဋ္ဌာန်းထားသည့် အရေအတွက်ထက်မကျော်လွန်မစေဘဲ၊ ပုဒ်မ ၆ အရ မိမိထားရှိသော မှတ်ပုံတင် စာရင်းတွင်၊ လိုအပ်သော ရေးသွင်းချက်များကို ပြုပြီးနောက်၊ မှတ်ပုံတင် သက်သေခံလက်မှတ်တစောင်ကို၊ ငွေတိုးချစားသူအမျိုးအစားအလိုက်ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် ရေးသား၍၊ငွေတိုးချစားသူအားထုတ်ပေးရမည်။

(၂) ငွေတိုးချစားသူသည်၊ ဤဥပဒေအရ မှတ်ပုံတင်သက်သေခံလက်မှတ် မရှိမခြင်း ငွေတိုးသည့်လုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းမပြုရ။

(၃) ပုဒ်မ ဂ၊ သို့တည်းမဟုတ် ပုဒ်မ ၁၆ အရ၊မှတ်ပုံတင်သက်သေခံလက်မှတ် အတည်ဖြစ်သည့်ကာလ စေ့ကုန်သောအခါဖြစ်စေ၊ ငွေတိုးချစားသူကမိမိ၏အလုပ်ကို ရပ်စဲသောအခါဖြစ်စေ၊ ပုဒ်မ ၂၁ အရ ငွေတိုးချစားသူ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သောအခါဖြစ်စေ၊ မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရုပ်သိမ်းသည့်အခါဖြစ်စေ၊ငွေတိုးချစားသူသည်၊ မိမိ၏မှတ်ပုံတင်သက်သေခံလက်မှတ်ကိုမှတ်ပုံတင်အရာရှိထံ ချက်ခြင်းပေးအပ်ရမည်။ ထိုအခါ မှတ်ပုံတင်အရာရှိက ထိုလက်မှတ်ကို ပယ်ဖျက်ရမည်။

မှတ်ပုံတင်ခြင်း အတည်ဖြစ်သည့်ကာလ။

၈။ ။(၁) ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်များအရ ပြုသည့်မှတ်ပုံတင်ခြင်းနှင့်ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်သည်၊ မှတ်ပုံတင်သည့်နေ့ရက်မှစ၍၊ မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးသည့်ဆိုင်ရာ ဘဏ္ဍာတော်နှစ်ကုန်ဆုံးသည့် နေ့ရက်အထိ အတည်ဖြစ်နေစေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ မှတ်ပုံတင်ခြင်း အတည်ဖြစ်နေသည့်ကာလစေ့ကုန်သည့်အခါ၊ ငွေတိုးချစားသူ၏ အမည်ကိုလည်း၊ ထိုသူနှင့်စပ်လျဉ်းသောအကြောင်းအရာများကိုလည်း၊ မှတ်ပုံတင်စာရင်းမှထုတ်ပယ်ရမည်။

အမန်း ၄။

ငွေတိုးချစားသူတို့၏ ငွေစာရင်းများကို စည်းမျဉ်းသတ်မှတ်ခြင်း။

ငွေစာရင်းများ ထားနိုရန်နှင့် ငွေရင်းကြွေးငင်း လက်မှတ်များ ပေးရန် ငွေတိုးချစားသူတို့၏ တာဝန် ဝတ္တရား။

၉။ ။(၁) ငွေတိုးချစားသူသည်၊ ဤဥပဒေ စတင် အာဏာတည်ပြီးနောက် မိမိသုတ်ပေးသည့် ချေးငွေအသီးသီးအတွက်ရင်း၊ ဤဥပဒေ စတင် အာဏာမတည်မီက မိမိထုတ်ပေးခဲ့သည့် ချေးငွေနှင့်စပ်လျဉ်း၍၊ ဤဥပဒေ စတင် အာဏာတည်ပြီးနောက် ပြုလုပ်သည့် ငွေကြေး ဆက်ဆံမှု အသီးသီး အတွက်ရင်း၊ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) မြစား အသီးသီးအတွက် အောက်ပါ အကြောင်းအရာများ ဖေါ်ပြသောငွေစာရင်းကို နည်းလမ်းတကျရေးမှတ်ထားရှိရမည်၊ သို့တည်းမဟုတ် ရေးမှတ်ထားရှိစေရမည်။

(၁) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ ထုတ်ပေးသည့်ငွေပေါင်း၊ တောင်းဆိုသည့် အတိုးနှုန်း၊ ကိုယ်ပြင် အပေါင်ထားသည့်ပစ္စည်းများရှိလျှင် ထိုပစ္စည်းများ။

(၂) ချေးငွေနှင့်စပ်လျဉ်း၍၊ ငွေတိုးချစားသူရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးကို ပေးဆပ်သည့်နေ့ရက်။

(ခ) မြစားက သော်ငင်း၊ မြစားအတွက် သော်ငင်း၊ ပေးဆပ်သည့်ငွေအသီးသီးအတွက် ငွေရင်းကြွေးငင်းလက်မှတ် တစောင်ကို၊ ငွေတိုးချစားသူက၊ သို့တည်းမဟုတ် ယိုသူ၏ကိုယ်စားလှယ်က နည်းလမ်းတကျလက်မှတ်ရေးထိုး၍၊ ထိုငွေပေးဆပ်သည့်အချိန်ဟုတ်ဆိုပ်ခေါင်းကပ်ရန်လိုအပ်လျှင် တံဆိပ်ခေါင်းကပ်လျက် မြစားအား၊ သို့တည်းမဟုတ် မြစား၏ ကိုယ်စားလှယ်အားပေးရမည်။

(ဂ) အပိုဒ် (က)၊ အပိုဒ်ခွဲ (၁) အရ၊ ရေးမှတ်ထားသည့် ရေးသွင်းချက်များ၏ မိတ္တူမှန်တစောင်ကို၊ ချေးငွေထုတ်ပေးသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မြစားအား၊ သို့တည်းမဟုတ် မြစား၏ ကိုယ်စားလှယ်အားပေးရမည်။

(ဃ) ငွေတိုးချစားသူက၊ သို့တည်းမဟုတ် ထိုသူ၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးသည့် ငွေစာရင်းရှင်းတမ်းတခုကို၊ ပြဋ္ဌာန်းသည့်ကာလ ထက်မပိုသည့် ကြားအချိန်များတွင် မြစားအား၊ သို့တည်းမဟုတ် မြစား၏ ကိုယ်စားလှယ်အားပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့် နေ့ရက်အထိ အရင်းနှင့်အတိုးအတွက် ထိုမြစားက ပေးဆပ်ရန်ကျန်ရှိနေသော ငွေပေါင်းကိုငင်း၊ ထိုရှင်းတမ်းနှင့်သက်ဆိုင်သည့် အချိန်ကာလ အတွင်းတွင် ချေးငွေနှင့်စပ်လျဉ်း၍ ငွေတိုးချစားသူပြန်၍ ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးပေးဆပ်သည့်နေ့ရက်ကိုငင်း ထိုရှင်းတမ်း၌ဖေါ်ပြရမည်။

(င) အပေါင်ထားသည့်၊ သို့တည်းမဟုတ် အာမခံထားသည့် ပစ္စည်းအသီးသီး ရှိကြောင်း လက်မှတ်ကို၊ ထိုပစ္စည်းအကြောင်းအရာ

ယေဘုယျဖေါ်ပြချက်နှင့်တကွ ထိုပန္နည်းကို ငွေမည်ရွှေ့မည်မျှနှင့် အပေါင်ထားကြောင်း၊ သို့တည်းမဟုတ် အာမခံထားကြောင်းဖေါ်ပြသျက်၊ငွေတိုးချစားသူကဖြစ်စေ၊ထိုသူ၏ကိုယ်စားလှယ်ကဖြစ်စေ၊ လက်မှတ်ရေးထိုး၍ မြီစားအားပေးရမည်။

(စ) ချေးငွေကို ပြေလည်အောင်ပြန်၍ ပေးဆပ်ပြီးလျှင်ပြီးခြင်း၊ ထိုချေးငွေကိုပြန်၍ပေးဆပ်ရေးအတွက် မြီစားအပေါ်တွင်၊ သို့တည်းမဟုတ် အခြားသူဘဏ်တယောက်အပေါ်တွင် တာဝန်တင်ရှိစေခဲ့သည့် စာချုပ်စာတမ်းအသီးသီးနှင့်တကွ ထိုချေးငွေအတွက် အာမခံပစ္စည်းအားလုံးကို၊ မြီစားအားပြန်ပေးရမည်။

(၂) ပုဒ်မခွဲ (၁)၊အပိုဒ် (ဂ) အရရေးသွင်းချက်မှား၏မိတ္တူတစောင်ကိုသော်၎င်း၊ ပုဒ်မခွဲ (၁)၊အင်္ဂါ (ဃ) အရ ငွေစာရင်းရှင်းတမ်းကခုသော်၎င်း၊ ပေးအပ်ခြင်းခံရသူက ထိုရေးသွင်းချက်များသည်၊ သို့တည်းမဟုတ် ထိုရှင်းဘမ်းသည် မှားယွင်းသည်ဟုကန့်ကွက်ခြင်းမပြုစေကာမူ၊ ထိုသို့ကန့်ကွက်ခြင်း မပြုသည့် အကြောင်းတခုတည်းကြောင့်၊ ထိုရေးသွင်းချက်များသည်၊ သို့တည်းမဟုတ်ထိုရှင်းတမ်းသည်မှန်ကန်ကြောင်းထိုသူဝန်ခံခဲ့သည်ဟုမမှတ်ယူရ။

(၃) ပုဒ်မခွဲ (၁) အရပေးအပ်သောငွေစာရင်းတွင်ရေးသွင်းချက်များ၏မိတ္တူကို၊ သို့တည်းမဟုတ် ငွေစာရင်းရှင်းတမ်းမိတ္တူကို၊ပြဋ္ဌာန်းထားသည့်ဘာသာစကားဖြင့်ရေးသားရမည့်ပြင်၊ ထိုမိတ္တူကို မြီစားအားပေးရသည့်အတွက် အဘိုးအခမတောင်းရ။

၁၀။ ။ငွေတိုးချစားသူသည်၊ မိမိငွေတိုးချစားသည့်အလုပ်အကိုင်နှင့်စပ်လျဉ်း၍ထားရှိသည့်ငွေစာရင်းစာအုပ်အားလုံးကို ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း ပြဋ္ဌာန်းထားခြင်းခံရသူကကြည့်ရှုစစ်ဆေးရန်တင်ပြရမည်။

ငွေတိုးချစားသူတို့ထားရှိသည့် ငွေစာရင်းများကို ကြည့်ရှုစစ်ဆေးခြင်း။

ခြွင်းချက်။ ။သို့ရာတွင် မှတ်ပုံတင်အရာရှိ၏အခွင့်အမိန့်မရဘဲ ထိုငွေစာရင်းများကိုကြည့်ရှုစစ်ဆေးခြင်းမပြုရ။

အခန်း ၅။

တရားမမှုများ၊ထို့ပြင် ဒီကရီများကိုဇာတိပြုခြင်း။

၁၁။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ငွေတိုးချစားသူသည်၊ ဤဥပဒေအရ မှတ်ပုံတင်ထားသူမဟုတ်လျှင်၊ ထို့ပြင် မှတ်ပုံတင်ခြင်းသည်လည်း အတည်ဖြစ်နေသည်မဟုတ်လျှင်၊ မည်သည့်တရားရုံးကမျှ ထိုငွေတိုးချစားသူ ချေးငွေကို ပြန်လည်ရရှိရန်ဖြစ်စေ၊ ထိုချေးငွေနှင့်စပ်လျဉ်း၍ ယူထားသည့်အာမခံတရပ်ရပ်ကို အတည်ပြုရန်ဖြစ်စေ၊ ဒွဲဆိုသည့်အမှုတွင်၊ဒီဂရီချမှတ်ခြင်းသော်၎င်း၊ချေးငွေနှင့်ဖြစ်စေ၊ ထိုချေးငွေအတွက် အာမခံတရပ်ရပ်နှင့်ဖြစ်စေ သက်ဆိုင်သည့် ဒီဂရီကို ဇာတိပြုရန် ငွေတိုးချစားသူတင်သွင်းသည့် လျှောက်လွှာပေါ်တွင် အမိန့်ချမှတ်ခြင်းသော်၎င်း မပြုရ။

မှတ်ပုံ မတင်သည့် ငွေတိုးချစားသူတို့ ဒွဲဆိုသည့်အမှု များတွင်ဝင်း၊ တင်သွင်းသည့် လျှောက်လွှာများပေါ်တွင်ဝင်း ဒီကရီများနှင့် အမိန့်များကို ဖိတ်ပင်ခြင်း။

ဒီကရီ ချမှတ်နိုင် သည့် အများဆုံးအတိုးနှုန်းများ။

၁၂။ ။(၁) တည်ဆဲအခြားတရားဥပဒေဘာခုခုတွင်ဖြစ်စေ၊ပဋိညာဉ်တခုခုတွင်ဖြစ်စေ၊ဆန့်ကျင်ကွဲလွဲသည့်အခုက်ဆ် မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်တရားရုံးကမျှ ဤဥပဒေ စတင်အာဏာတည်ပြီးနောက်၊ ထုတ်ချေးသည့်ငွေအတွက် စွဲဆိုသည့်အမှုတွင်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်အမှုအခင်းတွင်အာမခံရှိသည့်ချေးငွေဖြင့်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့်ရာခိုင်နှုန်းထက်ပို၍ငင်း၊အာမခံမရှိသည့်ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင် ပြဋ္ဌာန်းထားသည့်ရာခိုင်နှုန်းထက်ပို၍ငင်း၊ အတိုးအတွက် ဒီကရီ မချမှတ်ရ။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များကြောင့် ချေးငွေ တရက်ရပ်အတွက်အရ တောင်းခံနိုင်သည့်အတိုးနှုန်းကို တရားရုံးကလျှော့၍ ဒီရင်ချက်ချမှတ်တိုင်း၊ သို့တည်းမဟုတ် အမိန့်ချတိုင်း ထိုစီရင်ချက်၏၊ သို့တည်းမဟုတ် ထိုအမိန့်၏မိတ္တူတစောင်ကို မှတ်ပုံတင်အရာရှိထံ ထိုတရားရုံးကပေးပို့ရမည်။

ခွစ်ထပ်တိုးပေးရန်သဘောတူညီချက်ပျက်ပြယ်ခြင်း။

၁၃။ ။(၁) တည်ဆဲအခြားတရားဥပဒေ တခုခုတွင်ဖြစ်စေ၊ပဋိညာဉ်တွင်ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေ စတင်အာဏာတည်ပြီးနောက်၊ ထုတ်ချေးသည့်ငွေများအတွက် ခွစ်ထပ်တိုးပေးရန်သားရှိသော်သဘောတူညီချက်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ခွစ်ထပ်တိုးပေးထားရန်ရှိသော စည်းကမ်းချက်သည်ပျက်ပြယ်ရမည်။

ခြင်းချက်။ ။သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိသတ်မှတ်ခွင့်ရှိသည့် စည်းကမ်းချက်များနှင့် အညီ မည်သည့်ချေးငွေအမျိုးအစားကိုမဆို၊ ဤပုဒ်မပါပြဋ္ဌာန်းချက်များမှ ' ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များကြောင့် တရားရုံးက ခွစ်ထပ်တိုးခွင့်မပြုသည့်စီရင်ချက်ကို၊ သို့ဘည်းမဟုတ် အမိန့်ကိုချမှတ်တိုင်း ထိုစီရင်ချက်၏၊ သို့တည်းမဟုတ် ထိုအမိန့်၏မိတ္တူတစောင်ကိုမှတ်ပုံတင်အရာရှိထံ ထိုတရားရုံးကပေးပို့ရမည်။

ချေးငွေနှင့် စပ်လျဉ်းသည့်အမှုတွင် ဒီကရီချမှတ်နိုင်သည့် အများဆုံး ငွေပေါင်း။

၁၄။ ။တည်ဆဲအခြားတရားဥပဒေ တခုခုတွင်ဖြစ်စေ၊ ပဋိညာဉ်တွင်ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲသည့် အချက်မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်တရားရုံးကမျှ ဤဥပဒေစတင် အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်မှဖြစ်စေ၊ ထုတ်ပေးသည့်ချေးငွေတရပ်ရပ်နှင့် စပ်လျဉ်း၍ မူလထုတ်ချေးသည့် ငွေရင်းနှင့် မပေးဆပ်သေးဘဲကျန်ရှိနေသည့်အတိုးထက်ပို၍ ဒီကရီချမှတ်ခြင်းမပြုရ။ ထိုအတိုးမှာလည်းပေးဆပ်ပြီးအတိုးတရင်ရပ်နှင့်ပေါင်းလျှင် အဆိုပါငွေရင်းထက်မပိုစေရ။

ငွေကြေးဆက်ဆံမှု အချို့ကို အသစ်ပြန် ဖွင့်နိုင်သည့် တရားရုံး၏အာဏာ။

၁၅။ ။ဤဥပဒေစတင်အာဏာမတည်မီက ထုတ်ပေးသည့်ချေးငွေတရပ်ရပ်နှင့် စပ်လျဉ်း၍၊ ဤဥပဒေ အာဏာမတည်မီက စွဲဆိုသည်ဖြစ်စေ၊ အာဏာတည်ပြီးနောက်မှသာ ဆိုသည်ဖြစ်စေ၊ ထိုသို့စွဲဆိုသည့်အမှုတွင်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်မှုခင်းတွင်သော်၎င်း၊ ထိုသို့သောအမှုမှ၊ သို့တည်းမဟုတ် မှုခင်းမှဖြစ်ပေါ်

သောအယူခံမှုတွင်၊သို့တည်းမဟုတ် ပြင်ဆင်မှုဘွဲ့ခံသော်ရင်း တရားရုံးသည်၊ အောက်ဖေါ်ပြရာပါ အာဏာတရပ်ရပ်ကိုသုံးစွဲနိုင်သည်။

(က) ငွေကြေးဆက်ဆံမှုကို အသစ်ပြန်ဖွင့်၍ နှစ်ဘက်သောအမှုသည် များနှင့် သက်ဆိုင်သည့် စာရင်းကိုရှင်းပြီးလျှင်၊ အာမခံရှိသော ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင်ရိုးရိုးအတိုးပြဋ္ဌာန်းထားသည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ရင်း၊ အာမခံ မရှိသော ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင်ပြဋ္ဌာန်းထားဘည့် ရိုးရိုးရာခိုင်နှုန်းထက်ပိုသောအတိုးနှင့်စပ်လျဉ်း၍ရင်း၊ တာဝန်အားလုံးမှ ငြိစားအားကင်းလွတ်စေနိုင်သည့်အာဏာ။

(ခ) ယခင်ကဆက်ဆံမှုကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော သဘောတူချက် တခုခုရှိစေကာမူ၊ နှစ်ဦးနှစ်ဘက်သော အမှုသည်များက အချင်းချင်းရှင်းလင်းပြီးဖြစ်သော စာရင်းတခုခုကို အသစ်ပြန်ဖွင့်ပြီးလျှင် အာမခံရှိသည့် ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးအတိုးရာခိုင်နှုန်းထက်ပိုသောအတိုးနှင့် စပ်လျဉ်း၍ရင်း၊ အာမခံမရှိသည့်ချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးအတိုးရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ရင်း၊ တာဝန်အားလုံးမှ ငြိစား အား ကင်းလွတ်စေနိုင်သည့်အာဏာ။

(ဂ) မည်သည့်ချေးငွေနှင့်မဆို၊ စပ်လျဉ်း၍ပေးသည့် အာမခံပစ္စည်းကို၊ သို့တည်းမဟုတ် ပြုလုပ်သည့် သဘောတူညီချက်ကို လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ ပယ်ဖျက်နိုင်သည့်၊သို့တည်းမဟုတ် ပြင်ဆင်နိုင်သည့်၊ သို့တည်းမဟုတ် ပြောင်းလွဲနိုင်သည့်အာဏာ၊ ထို့ပြင် အာမခံပစ္စည်းကို မြို့ရှင်က လက်လွတ်ပြီးဖြစ်လျှင် တရားရုံးက၊ တရားသည်ထင်မြင်သည့်အတိုင်း၊ ထိုသို့တရားသည်ထင်မြင်သည့်အထိ၊ မြို့ရှင်ကမြီစားအား၊ လျော်ကြေးပေးရန် မြို့ရှင်အပေါ်တွင် အခိန့်ချမှတ်နိုင်သည့်အာဏာ။

ခြင်းချက်၊ ။သို့ရာတွင် ဤအာဏာများကိုသုံးစွဲရာ၌ တရားရုံးသည်—

(၁) ယခင် ဆက်ဆံမှုများ ကိုအပြီးသတ်၍ တာဝန်အသစ် ဖြစ်လာအောင်ချုပ်ဆိုရာရောက်သော်လည်းအမှုသည်များကသော်ရင်း၊ ထိုသူတို့အတွက် တဆင့်တောင်းဆိုသူများကသော်ရင်း၊အမှုကို မစွဲဆင်မီခြောက်နှစ်ကျော်ကချုပ်ဆိုခဲ့ပြီးသော သဘောတူညီချက် တခုခုကို အသစ်ပြန်မဖွင့်ရ၊ သို့တည်းမဟုတ်

(၂) ယခင်ကအမှု တခုခုတွင် တရားရုံးက ချမှတ်ပြီးဖြစ်သည့် ဒီကရီ တခုခုကိုထိခိုက်အောင်မည်သည့် အရာကိုမျှမပြုရ။

ထို့ပြင်လည်း၊အာမခံရှိသောချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင် ပြဋ္ဌာန်းထားသည့်ရိုးရိုးရာခိုင်နှုန်းထက်ပိုသော အတိုးအတွက်တာဝန်နှင့် စပ်လျဉ်း၍ရင်း၊ အာမခံမရှိသော ချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးရာခိုင်နှုန်းထက်ပိုသော အတိုးအတွက်

တာဝန်နှင့် ပ်လျှဉ်းရှိခင်း၊ အရာတခုခုကို ပေးပြီးဖြစ်လျှင်၊ သို့တည်း မဟုတ် ခွင့်ပြုပြီးဖြစ်လျှင်၊ အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ) ပါစကားကြောင့်၊ ထိုသို့ပိုရှိပေးသည့်၊ သို့တည်းမဟုတ် ခွင့်ပြုသည့် ငွေတရပ်ရပ်ကိုပြန်ပေးရန်သော်၎င်း၊ ငွေရင်းကိုလျှော့ရန်သော်၎င်း၊ မြို့ရှင်အားဆင့်ဆိုသည်ဟု မမှတ်ယူရ။

၁၈ခန်း ၆။

အတွေ့တွေ့။

ဝ၆။ ။(၁) ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံ လက်မှတ် အတည်ဖြစ်သည့် ကာလ အပိုင်းအခြားသည်၊ ဤဥပဒေအာဏာ တည်သော ဒေသများဘွင် အာဏာတည်သည့် နေ့ရက်အလိုက်စေ့ကုန် သည်ဟုမှတ်ယူရမည်။

(၂) မှတ်ပုံတင် သက်သေခံလက်မှတ် အတည်ဖြစ်သည့်ကာလ စေ့ကုန်ပြီးနောက်ဖြစ်စေ၊ မှတ်ပုံတင်သက်သေခံလက်မှတ်အတည်ဖြစ်သည့်ကာလစေ့ကုန်သည်ဟုမှတ်ယူပြီးနောက်ဖြစ်စေ၊ ပုဒ်မ ၂၁ အရ၊ မှတ်ပုံတင်စာရင်းမှဖယ်မည်ကို ထုတ်ပယ်ပြီးနောက်ဖြစ်စေ၊ ငွေတိုးချစားသူသည်၊ မိမိအပေါင်းခံ ထားလျက်ရှိပြီးသော၊ သို့တည်းမဟုတ် အာမခံအဖြစ် ထားလျက်ရှိပြီးသော အပေါင်ပစ္စည်းများ ရွေးနုတ်ခြင်းကိစ္စ၊ သို့တည်းမဟုတ် မိမိထုတ်ပေးထားသည့် ချေးငွေများ တောင်းခံရေးကိစ္စအတွက်သာ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ နောက်ထပ်ငွေထုတ်ချေးခြင်းမပြုရ။

(၃) ချေးငွေပဋိညာဉ်တခုခုတွင်သော်၎င်း၊ အပေါင်စာချုပ် တခုခုတွင်သော်၎င်း၊ ဆန့်ကျင်ကွဲလွဲသည့် အချက်မည်သို့ပင်ပါရှိစေကာမူ၊ အပေါင်ပစ္စည်း၊ သို့တည်းမဟုတ် အာမခံပြုထားသည့်ပစ္စည်း ပြန်လည်ရွေးယူခွင့်ရှိသည့်ကာလ အပိုင်းအခြားမှာ၊ တည်ဆဲတရားဥပဒေတွင် ပစ္စည်းအမျိုးအစားအလိုက်သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ ဤပုဒ်မခွဲပါ ပုံဥာန်းချက်များသည်၊ တည်ဆဲတရားဥပဒေနှင့်အညီ အပေါင်ဆိုင်လိုင်စင်ရသူထံပေါင်နှံထားသည့် ပစ္စည်းများနှင့်မသက်ဆိုင်စေရ။

ချေးငွေနှင့် စပ်လျှဉ်း၍ ပေးသင့်သည့် ငွေကိုတရားရုံးတွင် ပေးသွင်းနိုင်သည့် အခွင့်အရေး။

ဝ၇။ ။(၁) ချေးငွေနှင့်စပ်လျှဉ်းသည့်အတိုး၊ သို့တည်းမဟုတ် အရင်းတရပ်ရပ်ပေးဆပ်ရန်မြီစားကငွေတိုးချစားသူအား၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်အား ငွေပေးဆပ်ပါလျက်၊ ပေးဆပ်သည့်ငွေကို ငွေတိုးချစားသူက၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်က လက်မခံဘဲ ငြင်းဆန်သည့် အချက်တွင် ထိုအတိုးကို၊ သို့တည်းမဟုတ် ထိုချေးငွေကို အရတောင်းခံရန်ငွေတိုးချစားသူ တရားစွဲဆိုဘွယ်ရာရှိသည့် တရားရုံးသို့၊ ထိုသို့ပေးဆပ်သည့် ငွေကို ငွေတိုးချစားသူအားပေးဆပ်ရန် မြီစားကပေးသွင်းနိုင်သည်။

(၂) ထိုသို့ပေးသွင်းသည့်အခါတရားရုံးသည်၊ ငွေပေးသွင်းထားကြောင်းနှိုတစ်စာကို ငွေတိုးချစားသူထံ ထုတ်ဆင့်ရမည်။

(၃) ငွေတိုးချစားသူသည် ပုဒ်မခွဲ (၂) အရ မိမိထံ နို့တစ်စာထုတ်ဆင့်သည့် နေ့ရက်နောက် ၃ နှစ်အတွင်း ထိုပေးသွင်းသည့်ငွေကို မိမိအားပေးရန်တရားရုံးသို့ လျှောက်ထားနိုင်သည်။

(၄) ပုဒ်မခွဲ (၃) တွင်ဖော်ပြထားသည့်ကာလအတွင်း လျှောက်ထားခြင်းမရှိက၊ ထိုပေးသွင်းထားသည့်ငွေကို ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်းဒီမံခန့်ခွဲရမည်။

(၅) ပုဒ်မခွဲ (၃) အရ လျှောက်လွှာကို ရရှိသောအခါ တရားရုံးသည်ထိုပေးသွင်းထားသည့်ငွေကို မိမိကသတ်မှတ်ထားသည့်စည်းကမ်းချက်များအတိုင်း လျှောက်ထားသောသူအား ပေးရန်အမိန့်ချမှတ်နိုင်သည်။

(၆) ငွေတိုးချစားသူအတွက် ပုဒ်မခွဲ (၁) အရ တင်သွင်းသည့်ငွေမှာ ထိုသို့တင်သွင်းသည့်နေ့ရက်တွင် အဆိုပါငွေကို ထိုငွေတိုးချစားသူရရှိပြီးဖြစ်သကဲ့သို့ ရရှိပြီးဖြစ်သည်နှင့်အမျှ ပေးဆပ်သည့်ငွေအနေဖြင့်အကျိုးသက်ရောက်စေရမည်။

ကွက်လပ်များ၊ သို့တည်းမဟုတ် မှားယွင်းသောရေးသွင်းချက်များပါရှိသည့်စာတမ်းအမှတ်အသားများ။

၁၈။ ။(၁) ချေးငွေအတိအကျကိုလည်း၊ ချေးငွေနှင့်သက်ဆိုင်သည့်စည်းကမ်းချက်များကိုလည်း၊ စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကိုလည်း၊ တောင်းဆိုသည့်အတိုးနှုန်းကိုလည်း၊ ငွေရင်းကိုမည်သည့်အချိန်ကာလအတွင်း ပြေလည်အောင်ပြန်ဆပ်ရမည်ဟု စည်းကမ်းသတ်မှတ်ထားလျှင်၊ ထိုသို့သတ်မှတ်ထားသည့် အချိန်ကာလကိုလည်း၊ ရေးသားဖော်ပြခြင်းမရှိသည့်၊ သို့တည်းမဟုတ် အဆိုပါအကြောင်းအရာတခုခုကိုမမှန်မကန်ဖော်ပြသည့် စာမှတ်စာတမ်းကိုဖြစ်စေ၊ ခံဝန်ချုပ်ကိုဖြစ်စေ၊ အာမခံစာချုပ်ကိုဖြစ်စေ၊ ကတိစာချုပ်ကိုဖြစ်စေ၊ မြှုပ်ကမြှုပ်စားထံမှ သို့တည်းမဟုတ် မြှုပ်ဖြစ်ရန်ကြံရွယ်သူထံမှယူမထားရ။

ထို့ပြင်မြှုပ်သည်၊ အထက်ပါအကြောင်းအရာများကိုနောင်အခါမှဖြည့်သွင်းရေးသားရန်ကွက်လပ်တခုခု ချန်ထားသည့်စာချုပ်စာတမ်းများကို မြှုပ်ထံမှ၊ သို့တည်းမဟုတ် မြှုပ်ဖြစ်ရန်ကြံရွယ်သူထံမှယူမထားရ။

(၂) တည်ဆဲတရားဥပဒေတခုခုတွင် မည်သို့ပင်ရှိစေကာမူ၊ အဆိုပါစာမှတ်စာတမ်းသည်၊ သို့တည်းမဟုတ် ခံဝန်ချုပ်သည်၊ သို့တည်းမဟုတ် အာမခံစာချုပ်၊ သို့တည်းမဟုတ် ကတိစာချုပ်သည်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားသည် ပျက်ပြယ်စေရမည်။

အနောင့်အယှက်ပြုခြင်းကို ဝိတ်ပင်တားမြစ်ခြင်း။

၁၉။ ။မည်သူမဆို ကြွေးမြီအရတောင်းခံရန်၊ သို့တည်းမဟုတ် အရတောင်းခံခြင်းငှါအားထုတ်ရန်မြှုပ်အားမနှောင့်ယှက်ရ၊ သို့တည်းမဟုတ် နှောင့်ယှက်ရာတွင် အားပေးကူညီမှုမပြုရ။

ရှင်းလင်းချက်။ ။တဦးတယောက်သောသူသည်၊ အခြားသူတဦးအား၊ ထိုသူပြုပိုင်ခွင့်ရှိသည့်ပြုလုပ်မှုတခုခုကိုမပြုလုပ်ဘဲ ရှောင်ကြဉ်စေရန်ကြံရွယ်ချက်ဖြင့်သော်၎င်း၊ ထိုသူမပြုလုပ်ဘဲ ရှောင်ကြဉ်ပိုင်ခွင့်ရှိသည့် ပြုလုပ်မှုကို ပြုစေရန် ကြံရွယ်ချက်ဖြင့်သော်၎င်း—

(က) ထိုသူအား ဟန့်တားလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုပြုလျှင်၊ သို့တည်းမဟုတ် ချောက်လှန့်လျှင်၊ သို့တည်းဟုတ်

(ခ) ထိုသူ၏နောက်သို့ တကောက်ကောက်လိုက်လျှင်၊ သို့တည်းမဟုတ် ထို သူပိုင်ဆိုင်သည့်ပစ္စည်းကို ဖြစ်စေ၊ ထိုသူအသုံးပြုသည့် ပစ္စည်းကို ဖြစ်စေ၊ နှောင့်ယှက်လျှင်၊ သို့တည်းမဟုတ် ထိုပစ္စည်းအသုံးပြုခြင်းကို လက်လွတ်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့အသုံးပြုရာတွင် တားဆီး လျှင်၊ သို့တည်းမဟုတ်

(ဂ) ထိုသူနေတိုင်သည့်၊ သို့တည်းမဟုတ် တည်းခိုသည့်၊ သို့တည်းမဟုတ် အလုပ် လုပ်ကိုင် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ရှိနေသည့် အိမ်၌၊ သို့တည်းမဟုတ် အဆောက်အဦး၌၊ သို့တည်းမဟုတ်နေရာ ၌ဖြစ်စေ၊ အနီးအနား၌ဖြစ်စေ၊ ရစ်ဝဲနေလျှင်၊ သို့တည်းမဟုတ် အလားတူပြုလျှင် ထိုသူကိုအနှောင့်အယှက်ပြုသူဟု မှတ်ယူရမည်။

ခြွင်းချက်။ ။သို့ရာတွင် ချေးငွေပေးဆပ်ဘို့နည်းလမ်းတကျ တောင်းဆိုရန်ကိစ္စ အတွက် သက်သက်သော်၎င်း၊ မြို့စား၏ပစ္စည်းအကြောင်း၊ သို့တည်းမဟုတ် မြို့စား မည်သည့်အရပ်တွင်ရှိကြောင်း စုံစမ်းမေးမြန်းရန် ကိစ္စအတွက် သက်သက်သော်၎င်း အဆိုပါအိမ်သို့၊ သို့တည်းမဟုတ် အဆောက်အဦးသို့၊ သို့တည်းမဟုတ် နေရာသို့သွား ရောက်သော၊ သို့တည်းမဟုတ် အနီးအနားသို့ သွားလာသောသူကို အနှောင့်အယှက် ပြုသူဟု မှတ်ယူခြင်းမရှိစေရ။

၂၀။ ။မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုသော်၎င်း၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေပါပြဋ္ဌာန်းချက် ထခုခုကိုသော်၎င်း၊ ဤ ဥပဒေအရ ငွေတိုးချစားသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်တခုခုကိုသော်၎င်း၊ ဆန့်ကျင်လျှင်၊ သို့တည်း မဟုတ် လိုက်နာရန်ပျက်ကွက်လျှင်၊ ၃ လအထိ ထောင် ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

ပြစ် ဒဏ် များ နှင့် စပ် လျဉ်းသည့် ယေ ဘု ယျ ပြ ဋ္ဌာန်းချက်။

၂၁။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ ဤဥပဒေစတင်အာဏာတည်ဖြီးနောက်၊ ပုဒ်မ ၂၀ အရ၊ ငွေတိုးချစားသူကပြစ်မှုကို ကျူးလွန် ကြောင်းတွေ့ရှိလျှင်၊ ထိုငွေတိုးချစားသူ၏အမည်ကို၊ ငွေတိုး ချစားသူတို့မှတ်ပုံတင်စာရင်းမှ ထုတ်ပယ်နိုင်သည်။

(၂) ငွေတိုးချစားသူ၏ အမည်ကို ပုဒ်မခွဲ (၁) အရ မှတ်ပုံတင်စာရင်းမှ မထုတ်ပယ်မီ၊ ထိုသူ၏အမည်ကို အဘယ်ကြောင့် ထိုသို့ မထုတ်ပယ်သင့်ကြောင်း ထုချေရန်သင့်လျော်သော အခွင့်အရေးကိုမှတ်ပုံတင်အရာရှိက ထိုသူအားပေးရမည်။

(၃) ပုဒ်မခွဲ(၁)အရ အရေးယူခြင်းခံရသော ငွေတိုးချစားသူသည်၊ မှတ်ပုံ တင်အရာရှိ၏ အမိန့်စာကို မိမိထံချအပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ၊ ထိုအမိန့်ကို အယူခံဝင်နိုင်သည်။ ထိုသို့အယူခံဝင်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ဆုံးဖြတ်ချက် သည် အပြီးသတ်ဖြစ်စေရမည်။

၂၂။ ။ငွေတိုးချစားသူအပေါ် ချအပ်ရမည့်အမိန့်ဆင့်စာ၊ နို့တစ်စာနှင့် အမိန့်

နို့တစ်စာ်ချားချအပ်ခြင်း။

အားလုံးကို၊ ငွေတိုးချစားသူ၏ မူလမှတ်ပုံတင်လျှောက်လွှာတွင် ပေးထားသောနေထိုင်ရာအရပ်ကို ထားခဲ့လျှင်၊သို့တည်းမဟုတ် ယင်းသို့ပေးထားသောလိပ်စာဖြင့် စာပို့တိုက်မှရိုးစဉ်ကြေပြုလုပ်ပေးပို့ခဲ့လျှင်၊ထို အမိန့်ဆင့်စာ စသည်တို့ကို နည်းလမ်းတကျချအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ဤဥပဒေပါ

နည်းဥပဒေ ပြုနိုင်သည့် အာဏာ။

ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ၊ အထူးသဖြင့် အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၄ အရ ငွေတိုးချစားသည့် လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်သူတို့၏ အရည်အချင်းများ။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၂)အရငွေတိုးချစားသူကတကြိမ်လျှင် အနည်းဆုံး၊ သို့တည်းမဟုတ် အများဆုံးထုတ်ချေးနိုင်သည့်ချေးငွေပေါင်း။

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၂) အရ ချေးငွေအမျိုးမျိုးအပေါ်ဘယင် ခွင့်ပြုသည့် အတိုးနှုန်းများ။

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၂)အရ မှတ်ပုံတင်သက်သေခံလက်မှတ်ရှိသူက လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ။

(င) ပုဒ်မ ၅၊ ပုဒ်မခွဲ(၁)အရ ငွေတိုးချစားသူ လိုင်စင်များကို လေလံစံနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစံနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းနှင့်ငှါးရမ်းရန် ဒေသန္တရအာဏာပိုင်ကလိုက်နာ ဆောင်ရွက်ရမည့်နည်းလမ်းများ။

(စ) ပုဒ်မ ၆ အရ မှတ်ပုံတင်ပုံစံနှင့် ထိုမှတ်ပုံတင် စာရင်းတွင် ပါရှိရမည့် အကြောင်းအရာများ။

(ဆ) မှတ်ပုံတင် လျှောက်လွှာပုံစံနှင့် ထိုလျှောက်လွှာတွင် ပါရှိရမည့် အကြောင်းအရာများ။

(ဇ) မှတ်ပုံတင်လျှောက်လွှာအကြောက် ပေးဆောင်ရမည့်ရုံးခွန်။

(ဈ) ပုဒ်မ ၇ အရ မှတ်ပုံတင်သက်သေခံလက်မှတ်ပုံစံ။

(ည) ပုဒ်မ ၉၊ ပုဒ်မခွဲ(၃) အရ ငွေစာရင်းရှိ ရေးသွင်းချက်မှတ်တမ်းများနှင့် ငွေစာရင်းရှင်းတမ်းမှတ်တမ်းများကိုရေးသားဆုတွင်သုံးစွဲရမည့် ဘာသာစကား၊ သို့တည်းမဟုတ် ဘာသာစကားများ။

(ဋ) ပုဒ်မ ၁၀ အရ ငွေစာရင်းများကို ကြည့်ရှုစစ်ဆေးနိုင်ရန် ပြုထားရမည့်နည်းလမ်းနှင့် ထိုသို့ကြည့်ရှုစစ်ဆေးနိုင်သူများ။

(ဌ) ပုဒ်မ ၁၇ အရ ပေးသွင်းထားသော ငွေများကို စီမံခန့်ခွဲရမည့် နည်းလမ်းများ။

(ဍ) ဤဥပဒေအရ ပြဋ္ဌာန်းရန်လိုသည့်အခြားကိစ္စများ။

၂၄။ ။(၁) ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးသူများအက်ဥပဒေ (The Money Lenders Act, 1945) ကိုဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

ရုပ်သိမ်းခြင်း။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုး သက်ရောက်စေရမည်။

၁၉၆၂ ခုနှစ်၊မြန်မာနိုင်ငံဆေးသုတေသနကောင်စီဥပဒေ။

[၁၉၆၂ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉۶၂ ခုနှစ်၊မြန်မာနိုင်ငံ ဆေး သုတေသနကောင်စီ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော် လှန် ရေး အစိုးရ သည်၊ ပြည်ထောင်စုအတွင်း နေထိုင်ကြသော ပြည်ထောင်စုသား အားလုံးတို့၏ ကျန်းမာမှုတိုးတက်ဖွံ့ဖြိုးစေလိုသည့်အတွက်၎င်း၊ ခေတ်မီဆေးပညာရပ်နှင့်အခြားဆက်သွယ်လျက်ရှိသော လောကဓါတ်ပညာများအတွက် သုတေသနလုပ်ငန်းဖြင့်၊ တိုးတက်မှုများရယူလိုသည့်အတွက်၎င်း၊ ဆေးပညာရပ်နှင့် အခြားဆက်သွယ်နေသည့် လောကဓါတ်ပညာများတွင် ခေတ်မီသုတေသနလုပ်ငန်းများကို လုပ်ကိုင်နေကြသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များတို့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အတွက်၎င်း၊နောက် တွင် ကောင်စီဟုရည်ညွှန်းသောမြန်မာနိုင်ငံ ဆေးသုတေသနကောင်စီကိုဖွဲ့စည်းလိုက်သည်။

(၂) ဤသို့ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ကောင်စီပိုင်တံဆိပ်တခုရှိသောတရားဝင်ကောင်စီဖြစ်ရမည့်ပြင်၊ ထိုအမည်ဖြင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ တရားစွဲဆိုခြင်းပြုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

ကောင်စီဖွဲ့စည်းပုံ။

၃။ ။(၁) ကောင်စီတွင်၊အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ကျန်းမာရေးဌာနတာဝန်ခံ (ဥက္ကဋ္ဌ)။

(ခ) ညွှန်ကြားရေးဝန်၊ကျန်းမာရေးဌာနခွဲ (ဒုတိယ ဥက္ကဋ္ဌ)။

(ဂ) ဆေးသိပ္ပံကျောင်းအုပ်ကြီး၊ ရန်ကုန်။

(ဃ) ဆေးသိပ္ပံကျောင်းအုပ်ကြီး၊မန္တလေး။

(c) ဥက္ကဋ္ဌ၊မြန်မာနိုင်ငံဆေးသုတေသနအသင်း။

(စ) ညွှန်ကြားရေးဝန်ချုပ်၊ မြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့။

(ဆ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ကာကွယ်ရေးဌာန။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ရွေးချယ်ခန့်ထားသောအခြားပုဂ္ဂိုလ် ၅ ဦး။

(ရ) ညွှန်ကြားရေးဝန်၊ မြန်မာနိုင်ငံ ဆေးသုတေသနဌာန (အတွင်းရေးမှူး)။

(၂) ဤဥပဒေပါကိစ္စရပ်များကို ဝိုင်ငံတွင်ကျယ်စွာ ဆောင်ရွက်နိုင်နေအလို့ငှါ၊ ကောင်စီကဆောက်ခံ၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသဘောတူညီသည့်အခြားပုဂ္ဂိုလ်များကို၊ ကောင်စီလူကြီးအဖြစ်ထပ်ဖြည့်ခန့်ထားနိုင်သည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသည့် ကောင်စီလူကြီးများသည်၊ ၃ နှစ်ကာလမျှရာထူးခဏမ်းရှက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုကောင်စီလူကြီးများကိုပင် ပြန်လည်ခန့်ထားနိုင်သည်။

(၄) ကောင်စီကဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ ကောင်စီ လူကြီး ရာထူးလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ ကောင်စီလူကြီး တဦးဦးခန့်ထားရာတွင်၊ ချို့ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

အစည်းအဝေးထမြောက်ရန်လိုအပ်သည့် ကောင်စီလူကြီးဦးရေ။

၄။ ။ကောင်စီ အစည်းအဝေးသို့ ကောင်စီ လူကြီး အနည်းဆုံး ၇ ဦး တက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၅။ ။ကောင်စီသည်၊ အမြဘန်းကော်မိတီများ၊ သို့တည်းမဟုတ် သီးသန့်ကော်မိတီများကိုဖွဲ့စည်းနိုင်သည်ပြင် ဤဥပဒေ၌ဖော်ပြမိမိအား အပ်နှင်းထားသောအာဏာများနှင့်တာဝန် ဝတ်တရားများအနက် မိမိသင့်လျော်သည်ထင်မြင်သည့် အာဏာများနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်စေရန် ကိစ္စအလို့ငှါ အဆိုပါ ကော်မိတီများသို့လွှဲအပ်နိုင်သည်။

ကောင်စီ၏ တာဝန်ဝတ်တရားများ။

၆။ ။ကောင်စီ၏အဓိကတာဝန် ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဆေးနှင့်အခြား ဆက်သွယ်နေသည့် လောကဓါတ်ပညာရပ်များအတွက် သုတေသနလုပ်ငန်းများနှင့် ပတ်သက်သော စီမံကိန်းများကိုရေးဆွဲသတ်မှတ်ရန်။

(ခ) သုတေသနလုပ်ငန်းများ တိုးတက်ရေးအတွက်၊ ကျယ်ပြန့်သော အခြေခံဝါဒကိုအတည်ပြုရန်။

(ဂ) သုတေသနလုပ်ငန်းအတွက် သီးသန့်စီမံကိန်းကို အတည်ပြုရန်။

(ဃ) ဆေးနှင့်အခြား ဆက်သွယ်နေသည့် လောကဓါတ်ပညာရပ်များနှင့်ပတ်သက်၍၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက်၊ မြန်မာနိုင်ငံ၏ဆေးသုတေသနဌာန တခုကိုတည်ထောင်ရန်နှင့်အုပ်ချုပ်စီမံခန့်ခွဲရန်။

(c) မြန်မာနိုင်ငံအတွင်းရှိဆေးနှင့်အခြားဆက်သွယ်နေသည့် လောကဓါတ် ပညာ ပ်များနှင့် ပတ်သက်၍၊ သုတေသနလုင်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများကိုသော်၎င်း၊လူပုဂ္ဂိုလ်များကိုသော်၎င်း၊ ညွှန်ကြားအားပေးထောက်ပံ့မှုပြုရန်။

(စ) အခေါ်ကြီးသောသုတေသနလုပ်ငန်းရပ်များကို၊ နိုင်ငံခြား သုတေသနလုပ်ငန်း အမျိုးအစည်းများနှင့် ဆက်သွယ်၍ ဆောင်ရွက်ရန်။

(ဆ) မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင် အမှုထမ်း နေကြသော ပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုတိုးတက်စေရန်နှင့် အခြားသင့်တော်သောပုဂ္ဂိုလ်များကို မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင်နှောင်အခါအသုံးပြုနိုင်အတွက် သင်တန်းများပေးရန်။

(စ) သုတေသနလုပ်ငန်းများမှ ပေါ်ပေါက်လာသည့် အကျိုးဖြစ်ထွန်းမှုများကို အများပြည်သူတို့အသုံးပြုရေးအတွက် ဖြန့်ဖြူးရန်နှင့် အားပေးရန်။

(ဈ) ဤဥပဒေပါကိစ္စရပ်များ ထမြောက်အောင်မြင်စေရန်လိုအပ်သော သက်ဆိုင်သော၊ သို့တည်းမဟုတ် အကျိုးဖြစ်ထွန်း နိုင်သော ဆောင်ရွက်မှုများပြုရန်။

(ည) အဆက်ပါ တာဝန်ဝတ္တရားများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၎င်း၊ ကောင်စီ၏ရာထမ်းမှုထမ်းများအား တာဝန်လွှဲအပ်ရန်၎င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်စည်းကမ်းဥပဒေများ ကိုပြုရန်။

၈။ ကောင်စီ၏ရာထမ်းမှုထမ်းများ။

(၁) ကောင်စီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏စီမံအုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ မိမိ၏ဥပဒေတာဝန်ဝတ္တရားများကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သည့်ရာထမ်းမှုထမ်းများနှင့်အခြားအလုပ်သမားများကို ခန့်ထား၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့်လစာနှင့် စရိတ်များကိုပေးနိုင်သည်။

(၂) မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင် အုပ်ချုပ်ရေး တာဝန်ခံဖြစ်သော ညွှန်ကြားရေးဝန်သည်၊ ကောင်စီ၌၎င်း၊ အတွင်းရေးမှူးအဖြစ်မှင့် ဆောင်ရွက်ရမည်။

၉။ ရုံးပုံဌေးထားရှိခြင်း။

(၁) "မြန်မာနိုင်ငံ ဆေးသုတေသန ကောင်စီရုံးပုံဌေး" ဟုခေါ်တွင်သည့် ရုံးပုံဌေးကိုထားရှိရမည်၊ ထိုရုံးပုံဌေးကိုကောင်စီက အုပ်ချုပ်ရမည်။ အောက်ပါဌေးများကို၊ ထိုရုံးပုံဌေးသို့ ထည့်သွင်းရမည်။

(က) ကောင်စီက ဤဥပဒေအရ၊ မိမိ၏အာဏာများကို သုံးစွဲရန်နှင့် မိမိဝတ္တရားများကိုဆောင်ရွက်ရန် ကိစ္စအလို့ငှါ၊ အစိုးရထံမှ ရရှိသောငွေအရေအတွက်။

(ခ) ကောင်စီက၊ သို့တည်းမဟုတ် ကောင်စီအတွက် ပုဂ္ဂိုလ်တဦးချင်း ထံမှဖြစ်စေ၊ အသင်းအဖွဲ့များထံမှဖြစ်စေ၊ ထောက်ပံ့ငွေများ၊ အလှူငွေများအဖြစ်သော်၎င်း၊ အခြားနည်းဖြင့် သော်၎င်းရရှိ သောငွေများ။

(ဂ) ကောင်စီပိုင်ပစ္စည်းမှသော်၎င်း၊ လုပ်ငန်းရပ်များမှသော်၎င်း၊ ရရှိ သ ဝင်ငွေအရပ်ရပ်။

ရံပုံငွေသုံးစွဲခြင်း။

၉။ ။(၁) ကောင်စီသည်၊ ရံပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲနိုင်သည်။

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရာ၌ကုန်ကျသည့် စရိတ်များကိုကျခံရန်။

(ခ) ကောင်စီလက်အောက်ရှိ ကော်မီတီများ၊ သုတေသနဌာနများ၊ သို့တည်းမဟုတ် ဌာနခွဲများသို့ ဤဥပဒေအရ၊ လွှဲအပ်ထား သည့်အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်ကိစ္စ အလို့ငှါ ငွေထောက်ပံ့ရန်။

(ဂ) သုတေသနလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်သော မည်သည့် အဖွဲ့အစည်း၊ သို့တည်းမဟုတ် လူပုဂ္ဂိုလ်များအားမဆို ငွေ ထောက်ပံ့ရန်။

(၂) ကောင်စီသည်၊ ငွေထောက်ပံ့သည့် အခါ၌ မိမိသင့်လျော်သည် ထင်မြင်သည့်စည်းကမ်းချက်များကိုသတ်မှတ်နိုင်သည်။

ငွေစာရင်းနှင့်ငွေစာရင်းစစ်ခြင်း။

၁၀။ ။(၁) ကောင်စီသည်၊ မိမိရရှိသည့်ငွေနှင့်သုံးစွဲသည့် ငွေအားလုံး အတွက်၊ ငွေစာရင်းများထားရှိစေရမည်။

(၂) ငွေစာရင်းများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြဋ္ဌာန်းထားသည့် စာရင်းစစ်များက၊ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းကြည့်ရှု စစ်ဆေးရမည်။

အစိုးရ၏အာဏာ။

၁၁။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မည်သည့် အခါမဆို၊ အမိန့်ကြော်ငြာစာဖြင့် မြန်မာနိုင်ငံဆေးသုတေသနကောင်စီကို ဖျက်သိမ်း ကြောင်းကျေညာနိုင်သည်။ ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်သောအခါ၊ ဤဥပဒေ အရ၊မြန်မာနိုင်ငံဆေးသုတေသနကောင်စီ၌တည်ရှိခဲ့သော ပစ္စည်းအားလုံး၊ ကောင်စီ ပိုင်ဆိုင်သော အခြားပစ္စည်းအားလုံးနှင့် ရံပုံငွေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၌တည်ရှိ၍၊ အစိုးရက ထိုပစ္စည်းများနှင့်ရံပုံငွေကို သိမ်းယူရမည်။

၁၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၈]

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရုပ်ရှင်နှင့်သက်ဆိုင်သည့် တည်ဆဲတရားဥပဒေများသည်၊ယခုလက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခြေအနေနှင့်မသင့်လျော်မလုံလောက်သည်လည်းတကြောင်း၊

ရုပ်ရှင်လုပ်ငန်းအဆင့်အတန်းကို တိုးမြှင့်၍၊ မျိုးချစ်စိတ်ဓါတ် တက်ကြွလာစေနိုင်မည့် ရုပ်ရှင်ကားများထွက်ပေါ်လာစေပြီးလျှင်၊ သဘာဝနှင့်ဆန့်ကျင်၍ အကျင့်စာရိတ္တပျက်ပြားစေမည့် နိုင်ငံခြားရုပ်ရှင်ကားနှင့် တိုင်းရင်းဖြစ်ရုပ်ရှင်ကားများ ပပျောက်စေလိုသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ။ဤဥပဒေတွင်၊ အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေနောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) ''နေရာ'' ဆိုသည့် စကားရပ်တွင်၊ အိမ်၊ အဆောက်အဦး၊တဲ၊ သို့တည်းမဟုတ် ယာဉ်ပါဝင်သည်။

(ခ) ''ရုပ်ရှင်''ဆိုသည့် စကားရပ်တွင်၊ ရုပ်ရှင်ကားများ၊ သို့တည်းမဟုတ် ရုပ်ရှင်ကားဆက်များပြသရန် ကိရိယာတန်ဆာပလာ တခုခုပါဝင်သည်။

(ဂ) ''အဖွဲ့''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းထားသော ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ကို ဆိုလိုသည်။

(ဃ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ၊ ပြဋ္ဌာန်းသည့်နည်းဥပဒေများဖြင့်သတ်မှတ်သည်ကိုဆိုလိုသည်။

၃။ ။(၁) ရုပ်ရှင်ကားများကို အများပြည်သူတို့အား ပြသရန် ခွင့်ပြုရေးကိစ္စအတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဟုခေါ်သည့်အဖွဲ့တခုကိုဖွဲ့စည်းနိုင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနသည်၊အဖွဲ့ကို တိုက်ရိုက်ကြီးကြပ်

ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း။

အုပ်ချုပ်ရမည်။ထိုအဖွဲ့တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အဖွဲ့ဝင် အဖြစ်ခန့်ထားသည့်'ဆယ်ဦးအောက်မနည်း၊ တဆယ့်နှစ်ဦးထက်မပိုသော ပုဂ္ဂိုလ်များ ပါဝင်ရမည်။

(၂) အဆိုပါအဖွဲ့ဝင်များအနက်၊တဦးကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကအဖွဲ့ဥက္ကဋ္ဌအဖြစ် ခန့်ထားရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနပေါ်လီစီ ညွှန်ကြားရေးဝန်သည်၊ အဖွဲ့ဒုတိယဥက္ကဋ္ဌဖြစ်ရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန၊ ဒုတိယ အတွင်းဝန်သည်၊အဖွဲ့အတွင်းရေးမှူးဖြစ်ရမည်။အစိုးရအရာရှိ မဟုတ်သော အဖွဲ့ဝင်များ သည်၊ မိမိတို့ရာထူးများကို အချိန်ပြည့်လက်ရှိဆောင်ရွက်ရမည်။

(၃) အထူးရုပ်ရှင်ကားတခုခုကို စစ်ဆေးရန်အလို့ငှါ၊ အဖွဲ့သည်၊ မိမိသင့်သည်ထင်မြင်သည့်၊အဖွဲ့ဝင်မဟုတ်သော ပုဂ္ဂိုလ်များကိုအထူးဆင်ဆာလူကြီးများအဖြစ် ထပ်ဖြည့်နိုင်သည်။ ထိုသို့ထပ်ဖြည့်သည့်အထူးဆင်ဆာလူကြီးများအား၊ သတ်မှတ်သည့် အခကြေးငွေနှင့်စရိတ်များကို ပေးရမည်။

(၄) အဖွဲ့၏အာဏာနှင့် တာဝန် ဝတ်တရားများသည်၊ သတ်မှတ်သည့် အတိုင်းဖြစ်ရမည်။ အဖွဲ့သည်၊ အစိုးရအရာရှိမဟုတ်သောအဖွဲ့ဝင်များအား၊ သတ်မှတ်သည့်လစာကိုငင်း၊ အစိုးရအရာရှိဖြစ်သော အဖွဲ့ဝင်များအား၊ ၎င်းတို့ထမ်းဆောင်ရမည့်တာဝန် ဝတ်တရားများအပေါ် မူတည်၍သတ်မှတ်သည့်စရိတ်နှင့် ဆုငွေများကို ၎င်း ပေးနိုင်သည်။

တရားဝင်အဖွဲ့ဖြစ်ခြင်း။

၄။ ။(၁) အဖွဲ့သည်၊ စည်ဆက်မပြတ်ဆက်ခံသော်ငြားရှက်နိုင်ခွင့်နှင့် တကွ အဖွဲ့ပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဖွဲ့၌၊ ရွှေပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေပြောင်းနိုင်သည့် ပစ္စည်းများကို၊ ရယူခွင့်၊ လက်ရှိထားခွင့်၊ ပိုင်ဆိုင်ခွင့်လည်းရှိရမည်။အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၂) ရုပ်ရှင်ပြပွဲအက်ဥပဒေ (The Cinematograph Act) အရ ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံရုပ်ရှင် ဆင်ဆာဘုတ်အဖွဲ့ပိုင် ပစ္စည်းနှင့် ကြေးမြီ တာဝန်အာဇီလုံးကို၊ အဖွဲ့ကဆက်ခံရမည်။

အဖွဲ့ဝင်များ၏ ရာထူးသက်တမ်း။

၅။ ।အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်များ၏ ရာထူး သက်တမ်းသည်၊ နှစ်စဉ်ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ကုန်ဆုံးစေရမည်။ထိုသို့ ရာထူးသက်တမ်းကုန်ဆုံးသည့် အဖွဲ့ဝင်များမှာ၊ ၎င်းတို့၏ ရာထူးတွင် ပြန်လည်ခန့်ထားခြင်း ခံနိုင်ခွင့်ရှိစေရမည်။ သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မည်သည့်အဖွဲ့ဝင်ကို မဆို၊အချိန်မရွေးရာထူးမှရပ်စဲနိုင်သည်။

အဖွဲ့ရာထမ်းမှုထမ်းများ။

၆။ ।အဖွဲ့သည်၊ ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ ခန့်ထားသည့် ရာထမ်း မှုထမ်းများ၏ ဦးရေနှင့် လစာ အတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်ကို တောင်းခံရမည်။ ထိုရာထမ်းမှုထမ်းများနှင့် ပတ်သက်သည့် အခြားအမှုထမ်းစည်းကမ်းများကို၊ အဖွဲ့က၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ကြိုတင်သဘောတူညီချက်ရယူလျက်၊ စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

ရုပ်ရှင်ကားများစစ်ဆေးခြင်း။

၇။ ။(၁) မည်သူမဆို၊ တိုင်းရင်းဖြစ် ရုပ်ရှင်ကားကိုသော်၎င်း၊ နိုင်ငံခြားမှ တင်သွင်းသော ရုပ်ရှင်ကား ကိုသော်၎င်း၊ ပြသလိုလျှင် ထိုရုပ်ရှင်ကား အတွက် သက်သေခံ လက်မှတ်ကို၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း၊ အဖွဲ့ထံလျှောက်ထားရမည်။ အဖွဲ့သည် ထိုရုပ်ရှင်ကားကို၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း စစ်ဆေး၍၊ သို့တည်းမဟုတ် စစ်ဆေးစေ၍—

(က) ထိုရုပ်ရှင်ကားကို အများပြည်သူတို့အား ပြသရန်ခွင့်ပြုနိုင်သည်။ သို့တည်းမဟုတ်

(ခ) ထိုရုပ်ရှင်ကားကို အများ ပြည်သူတို့အား ပြသရန် ခွင့်မပြုမီ၊ အဆိုပါ ရုပ်ရှင်ကားတွင် မိမိလိုအပ်သည်ထင်မြင်သည့် ဖြတ်တောက်မှု၊ သို့တည်းမဟုတ် ပြုပြင်မှုပြုလုပ်ရန်၊ လျှောက်ထားသူအား ညွှန်ကြားနိုင်သည်။ သို့တည်းမဟုတ်

(ဂ) ထိုရုပ်ရှင်ကားကို အများ ပြည်သူတို့အား ပြသရန် ခွင့်မပြုမီ၊ အဆိုပါ ရုပ်ရှင်ကားတွင် မိမိလိုအပ်သည်ထင်မြင်သည့် အစိတ်အပိုင်းများကို ဖြတ်တောက်နိုင်သည်။ သို့တည်းမဟုတ်

(ဃ) အဆိုပါ ရုပ်ရှင်ကားကို အများပြည်သူတို့အား ပြသခွင့် မပြုကိုဟု ငြင်းဆိုနိုင်သည်။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၊ (ဂ) သို့တည်းမဟုတ် အပိုဒ် (ဃ) အရ အဖွဲ့ကအရေးယူဆောင်ရွက်ခြင်းမပြုမီ၊ လျှောက်ထားသူမှာ၊ ထိုကိစ္စတွင် မိမိ၏ထင်မြင်ယူဆချက်များကို လျှောက်ထားနိုင်သည့် အခွင့်အလမ်းရှိစေရမည်။

အယူခံနိုင်ခွင့်။

၈။ ။ရုပ်ရှင်ကားအတွက် သက်သေခံလက်မှတ် လျှောက်ထားသူ တဦးဦးသည်၊ သက်သေခံလက်မှတ် မထုတ်ပေးလိုဟု ငြင်းဆိုသည့် အဖွဲ့၏ အမိန့်ကိုသော်၎င်း၊ မိမိအား ထိုရုပ်ရှင်ကားတွင် ဖြတ်တောက်မှု၊ သို့တည်းမဟုတ် ပြုပြင်မှုပြုလုပ်ရန် ညွှန်ကြားသည့် အမိန့်ကိုသော်၎င်း၊ ထိုရုပ်ရှင်ကားတွင် အဖွဲ့က ဖြတ်တောက်ခြင်းကိုသော်၎င်း၊ မကျေနပ်လျှင် အဆိုပါ အမိန့်ချမှတ်သည့်၊ သို့တည်းမဟုတ် အဆိုပါ ရုပ်ရှင်ကားတွင် အဖွဲ့ကဖြတ်တောက်သည့် နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ ဥပဒေ ၉ အရ ဖွဲ့စည်းသည့် အယူခံ အာဏာပိုင် အဖွဲ့ထံ အယူခံဝင်နိုင်သည်။

အယူခံ အာဏာပိုင် အဖွဲ့ ဖွဲ့စည်းခြင်း။

၉။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပုဒ်မ ၈ အရ အယူခံမှုများကို ဆုံးဖြတ်ရန်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အယူခံအာဏာပိုင် အဖွဲ့ကို ဖွဲ့စည်းရမည်—

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံ။

(ခ) ပြည်ခံတပ်ဖွဲ့ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနအတွင်းဝန်။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ နိုင်ငံခြားရေးဌာန အမှုဆောင် အတွင်းဝန်။

(ဃ) ရဲချုပ်။

(c) တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး။

ထိုအယူခံ အာဏာပိုင်အဖွဲ့တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံက၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။

(၂) ထိုအယူခံမှုများကို ကြားနာစစ်ဆေးရာ၌၊ အဓိဋ္ဌာန်ကို အခါခပ်သိမ်း ဘိတ်ခေါ်၍၊ ၎င်း၏ထင်မြင်ယူဆချက်များကို ကြားနာရမည်။ ထိုအယူခံ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်အတည်ဖြစ်စေရမည်။

ရုပ်ရှင်ကားများအတွက် သက်သေခံလက်မှတ် ထုတ်ပေးခြင်း။

၁၀။ ။(၁) အဖွဲ့သည်၊ ပုဒ်မ ၇ အရ ရုပ်ရှင်ကားကိုစစ်ဆေးပြီးနောက်၊ သို့တည်းမဟုတ် စစ်ဆေးဧပြီးနောက်၊ ထိုရုပ်ရှင်ကားကို အများပြည်သူတို့အားပြသရန်သင့်တော်သည်ဟုယူဆလျှင်၊ ထိုရုပ်ရှင်ကားအတွက်သက်သေခံလက်မှတ်ကို၊ ၎င်းအတွက် သတ်မှတ်သည့် အခ ကြေးငွေ ပေးဆောင်ကာလ၊ လျှောက်ထားသူအားထုတ်ပေးရမည်ပြင်၊ ထိုရုပ်ရှင်ကားကိုလည်း၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း တံဆိပ်ရိုက်နှိပ်စေရမည်။

(၂) ဤပုဒ်မအရ ထုတ်ပေးသည့်သက်သေခံလက်မှတ်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင်၊ သတ်မှတ်သည့် ကာလ အပိုင်း အခြားအတွက် အတည်ဖြစ်စေရမည်။

(၃) ဤဥပဒေအာဏာ မတည်မီက ရုပ်ရှင်ပြပွဲ အက်ဥပဒေ အရ၊ ထုတ်ပေးထားသော သက်သေခံလက်မှတ်များသည်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အတည်ဖြစ်ခြင်းမှ ရပ်စဲရမည်။

(၄) ပုဒ်မခွဲ (၂)နှင့် (၃)တွင် ရည်ညွှန်းသည့် သက်သေခံ လက်မှတ်ကို၊ သတ်မှတ်သည့်အတိုင်း အသစ်လဲလှယ်ရန် လျှောက်ထားနိုင်သည်။ ထိုသို့အသစ်လဲလှယ်သည့် သက်သေခံလက်မှတ်အတွက် သတ်မှတ်သည့်အခကြေးငွေကို ပေးဆောင်ရမည်။

ရုပ်ရှင်ကားများအတွက် သက်သေခံလက်မှတ် ထုတ်ပေးရာတွင် လိုက်နာ ရန် နည်းလမ်း။

၁၁။ ။(၁) ရုပ်ရှင်ကားမှာ၊ သို့တည်းမဟုတ် ရုပ်ရှင်ကား တစိတ် တဒေသမှာ၊ နိုင်ငံ လုံခြုံရေး၊ တိုင်းတပါးနှင့် ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံရေး၊ ပြည်သူ့ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ ဇုန်ခြေသိက္ခာ စောင့်စည်းရေးကို ထိခိုက်စေသည် ဟူ၍သော်၎င်း၊ အသရေပျက်စရာရောက်သည်၊သို့တည်းမဟုတ် တရားရုံးကိုမထီမဲ့မြင် ပြုရာရောက်သည်ဟူ၍သော်၎င်း၊ ပြစ်မှုတခုခု ကျူးလွန်ခြင်းကို လှုံ့ဆော်ပေးရာသည်ဟူ၍သော်ရင်း၊ အဖွဲ့က ထင်မြင်ယူဆလျှင်၊ ထိုရုပ်ရှင်ကားကို အများပြည်သူတို့အား ပြသရန်၊ သက်သေခံလက်မှတ်ထုတ်မပေးရ။

(၂) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရုပ်ရှင်ကားများကို အများပြည်သူ တို့အားပြသ ရန်ခွင့်ပြုရာတွင်၊ အဖွဲ့က လိုက်နာရမည့် မူဝါဒ ဖော်ပြကာ၊ မိမိသင့်သည် ထင်မြင်သည့် ညွှန်ကြားချက်များကို ထုတ်ဆင့်နိုင်သည်။

၁၂ ။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့်၊ ဤဥပဒေအရအမှုကသုံးစွဲ ဆောင်ရွက်နိုင်သော အခွင့်အာဏာ၊ သို့တည်းမဟုတ် စီရင်ပိုင်ခွင့်အာဏာတခုခုကို၊ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့် ကိစ္စများနှင့် စပ်လျဉ်း၍၊ သီးခြားဖေါ်ပြထားသည့် စည်းကမ်းချက်များရှိလျှင်၊ ထိုစည်းကမ်းချက်များအရ၊ အနှဲ့ဉာဏ်ကွန်ယက်ကသော်၎င်း၊ အခြားအဖွဲ့ဝင်တစ်ဦးဦးကသော်၎င်း၊ သုံးစွဲဆောင်ရွက်ရမည်ဟု ညွှန်ကြားနိုင်သည်။ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့်ဉာဏ်ကွန်ယက်သော်၎င်း၊ အခြားအဖွဲ့ဝင်ကသော်၎င်း၊ ပြုလုပ်သည့်သိစ္စ၊ သို့တည်းမဟုတ် အရေးယူဆောင်ရွက်ချက်သည်၊ အဲဒီက ပြုလုပ်သည့်ကိစ္စ၊ သို့တည်းမဟုတ် အရေးယူ ဆောင်ရွက်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။

အာဏာလွှဲအပ်ခြင်း။

၁၃ ။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ သို့တည်းမဟုတ် အဲဒီသည်၊ ဤဥပဒေဖြင့်မိမိအား အပ်နှင်းထားသည့် အာဏာတခုခုကို သုံးစွဲရန် ကိစ္စအလိုင်၊ မည်သည့်ရုပ်ရှင်ကားမဆို၊ မိမိရွေးတွင်ဖြစ်စေ၊ မိမိက ဤကိစ္စအလိုင်၊ သီးခြားဖေါ်ပြထားသည့်သူ တဦးဦးရွေးတွင်ဖြစ်စေ၊ ပြသစေရန် ဆင့်ဆိုနိုင်သည်။

စစ်ဆေးရေး အတွက် ရုပ်ရှင် ကား များ ပြသရန် ညွှန် ကြား နိုင် သည့် အာ ဏာ။

၁၄ ။ ။(၁) နိုင်ငံခြားမှ တင်းယွင်းသော ရုပ်ရှင်ကားများနှင့် စပ်လျဉ်း၍၊ တင်သွင်းသူသည်၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထိုရုပ်ရှင်ကားများနှင့် စပ်လျဉ်း၍၊ အဖွဲ့မှာ၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆောင်ရွက်ပိုင်ခွင့် အာဏာရှိရမည်။

(၂) မည်သူမဆို၊ နိုင်ငံခြားမှ တင်သွင်းသော ရုပ်ရှင်ကားများကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ အခွင့်အမိန့်မရဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်၊ မြန်မာအသံထွက်ဖြင့် ထပ်မံအသံသွင်း၍သော်၎င်း၊ ထိုရုပ်ရှင်ကားများပေါ်တွင် ထပ်ဆင့် မြန်မာစာတမ်းထိုး၍သော်၎င်း မပြုရ။

(၃) တိုင်းရင်းဖြစ် ရုပ်ရှင်ကားများကို ကြည့်ရှုစစ်ဆေးရာ၌၊ အဖွဲ့သည် အများပြည်သူတို့အား ပြသရန်မသင့်တော်ကြောင်း တွေ့ရှိရသည့် ထိုရုပ်ရှင်ကား အစိတ်အပိုင်းကိုလည်း၊ ထိုအပိုင်းနှင့်သက်ဆိုင်သည့် ရိုက်ကူးဆေးပြားသား ကော်ပြားကိုလည်း၊ သိမ်းဆည်း၍ ဖျက်ဆီးပစ်ရမည်။

နိုင်ငံခြားမှ ရုပ်ရှင်ကားများ တင်သွင်းခြင်း။

၁၅ ။ ။(၁) ဤဥပဒေအရ သက်သေခံလက်မှတ် ထုတ်ပေး မထားသော ရုပ်ရှင်ကားကို ပြသလျှင်၊ သို့တည်းမဟုတ် ဤဥပဒေပါ အခြား ပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ သို့တည်းမဟုတ် အဖွဲ့က၊ မိမိအား အပ်နှင်းထားသည့် အာဏာတခုခုသုံးစွဲလျက် ချမှတ်သည့်အမိန့်တခုခုကိုဖြစ်စေ၊ ဆန့်ကျင်၍၊ ရုပ်ရှင်ကားကိုပြသလျှင်၊ မည်သည့်ရဲအရာရှိမဆို၊ ဤကိစ္စအလိုင်၊ ပဌမတန်း ရာဇဝတ် တရားသူကြီးထုတ်ဆင့်သည့် အမိန့်နှင့်အညီ၊ ထိုရုပ်ရှင်ကား ပြသခဲ့သည်ဟူ၍သော်၎င်း၊ ပြသ

သိမ်းဆည်းနိုင်ခွင့်အာဏာ။

လျှက်ရှိသည်ဟူ၍သော်၎င်း၊ ပြသတန်ရာသည်ဟူ၍သော်၎င်း ယုံကြည်ရန်အကြောင်း ရှိသော မည်သည့်နေရာသို့မဆို ဝင်ရောက်ရှာဖွေ၍၊ ထိုရုပ်ရှင်ကားကို သိမ်းဆည်းရမည်။

(၂) ဤဥပဒေအရ ရှာဖွေမှု ကိစ္စအားလုံးကို၊ ရှာဖွေမှုနှင့် သက်ဆိုင်သည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ ။မည်သည့် နိုင်ငံခြားသံရုံးကမဆို၊ အမျာ ပြည်သူတို့အား သော်၎င်း၊ သီးသန့်ပရိသတ်အားသော်၎င်း၊ ပြသရန် တင်သွင်းသော ရုပ်ရှင်ကားများကို၊ အဖွဲ့ထံသို့ ကြည့်ရှုစစ်ဆေးရန် တင်ပြရမည်။ အဖွဲ့သည်၊ ထိုသို့ပြသရန် မသင့်လျော်ဟု ယူဆသော အပိုင်းများကို ဖြတ်နေတောက်နိုင်သည့်ပြင်၊ ထိုအပိုင်းများကို လည်း၊ ပြည်ပသို့ ထိုရုပ်ရှင်ကားပြန်မပို့မီ ထိန်းသိမ်းထားရမည်။

နိုင်ငံခြားသံရုံး များ က ရုပ်ရှင်ကားများ တင်သွင်းခြင်း။

သို့ရာတွင် သို့သီးသန့်ပရိသတ်အား ပြသရန်တင်သွင်းသည့် ရုပ်ရှင်ကားများကို၊ သက်ဆိုင်ရာ နိုင်ငံခြားသံရုံး ဥပစာအဟောင်းတွင်သာ ပြသရမည်။

၁၇။ ။အဖွဲ့အား၊ ရုပ်ရှင်ကားများစစ်ဆေးရသည့်အတွက် ပေးရမည့်အခကြေးငွေများမှာ၊ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည်၊ ဗီးပွါးရေးအတွက် မဟုတ်ဘဲ ပညာရေးအတွက် သက်သက်ပြသရန် ရုပ်ရှင်ကားများကိုစစ်ဆေးခြင်း၊ သို့တည်းမဟုတ် ထပ်မံစစ်ဆေးခြင်းနှင့် မသက်ဆိုင်စေရ။

စစ်ဆေးရသည့်အတွက် ပေးရမည့် အ ခ ကြေး ငွေ များ။

၁၈။ ။အဖွဲ့သည်၊ ရုံပုံငွေဘဏ္ဍာခုထားရှိရမည်။ ထိုရုံပုံငွေကို ''ရုပ်ရှင်ဆင်ဆာ ဘုတ်အဖွဲ့ရုံပုံငွေ'' ဟု ခေါ်တွင်စေရမည်။ ထိုရုံပုံငွေသို့ အောက်ပါငွေများကို ထည့်သွင်းရမည်။

ရုပ်ရှင် ဆင်ဆာ ဘုတ် အဖွဲ့ ရုံပုံငွေ။

(က) ဤဥပဒေအရ၊ အဖွဲ့က ရရှိသော ငွေအားလုံး။

(ခ) အဖွဲ့က၊ မိမိ၏အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရထံမှ ရရှိသောငွေအားလုံး။

၁၉။ ။(၁) အဖွဲ့အား၊ ၎င်း၏အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်စေရန်အလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည် ထင်မြင်သည့်ငွေများကို၊ မိမိသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ ဖြစ်စေ ထုတ်ပေးနိုင်သည်။ ထိုရုံပုံငွေထဲမှ၊ ဤဥပဒေပါကိစ္စများဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်အားလုံးကို ကျခံရမည်။

အစိုးရက အဖွဲ့အား ငွေ ထုတ်ပေးခြင်း။

အခွန်တော်ငွေစာရင်းတွင် ဖြစ်စေ

(၂) အဖွဲ့သည်၊ လောလောဆယ် အသုံးမလိုသည့်ငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိရာ ဘဏ်တွင်ထား ရှိရမည်။

(၃) အဖွဲ့၏ရုံးပုံဌေးများကို၊ အဖွဲ့ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးခြင်း ထုတ်ယူရမည်။

၂၀။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်အသီးသီးမဂ္ဂဇင်းဆုံးမီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေဌေးစာရင်းကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ၊ သဘောတူညီချက်ရရန် တင်သွင်းရမည်ပြင်၊ အဆိုပါမှန်းခြေဌေးစာရင်းကို ပြင်ဆင်သည့် နောက်သင်ပမှန်းခြေ ဌေးစာရင်းများကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူတင်သွင်းနိုင်သည်။

အဖွဲ့၏ ရ-သုံးမှန်းခြေဌေးစာရင်း။

(၂) ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့်မှန်းခြေဌေးစာရင်း ထက်ပိုမြင့် မည်သည့် အသုံးစရိတ်ကိုမျှ၊ အဖွဲ့ကမကျော်ရ။

၂၁။ ။(၁) အဖွဲ့သည်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအင်းနေကဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက်၊ အဖွဲ့၏ဌေးစာရင်းရှင်းတမ်းများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံပေးပို့ရမည်။

အဖွဲ့၏ဌေးစာရင်း ရှင်းတမ်းနှင့် ဌေးစာရင်း စစ်ဆေးခြင်း။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သောဌေးစာရင်းများကို၊ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏သဘောတူညီချက်ဖြင့်၊ စာရင်းစစ်ချုပ်ကပြဋ္ဌာန်းသည့် ဌေးစာရင်းထားရှိပုံ နည်းစံနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။

(၃) အဖွဲ့၏ဌေးစာရင်းများကို၊စာရင်းစစ်ချုပ်က နှစ်စဉ်ဧပြီဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံတင်ပြရမည်။သို့သော်တွင်အဖွဲ့သည်၊စာရင်းစစ်ချုပ်၏သဘောတူညီချက်ကိုကြိုတင်ရယူပြီးနောက် ခန့်ထားသောမှတ်ပုံတင်စာရင်းစစ်များအား၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏သဘောတူညီချက်ဖြင့် အဖွဲ့၏ ဌေးစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်းကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ ရှင်းတမ်းနှင့် ဌေးစာရင်းများကို၊ စစ်ဆေးပြီးသည်နှင့် တပြိုင်နက်၊ ထိုနှစ်ချုပ်ဌေးစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့ အဖွဲ့ကတင်ပြ မည်။ ထို့ပြင် ဘိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစောင်စီကို၊ အဇ္ဇရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်ထားရှိရမည်။

(၅) ဤဥပဒေအရ စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့်ကိစ္စတရပ်ရပ်ကိုစာရင်းစစ်ချုပ်က၊ ယေဘုယျအခြေခံဖြင့်ဖြစ်စေ၊အထူးအမိန့်ဖြင့်ဖြစ်စေ၊အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်ရမည်။သို့ရာတွင်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊အခြားအကြောင်းတရားခုကြောင့်ဖြစ်စေ၊ မိမိ လုပ်ခွင့်တွင်မရှိသည့် အခါမှတပါး၊ ဤဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ၊ မိမိတင်ပြရမည့်အစီရင်ခံစာကို၊မိမိကိုယ်စားတင်ပြရန်၊လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။

၂၂။ ။(၁) ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်း ထားသည်မှတပါး၊ မည်သူမျှ ဤဥပဒေအရ လိုင်စင်ထုတ်ပေးထားသည့်နေရာ မှလွဲ၍၊ မည်သည့်နေရာတွင်မဆို၊ ရုပ်ရှင် ပြသခြင်းကိုသော်၎င်း၊ အဆိုပါလိုင်စင်ဖြင့် ချမှတ်ထားသည့်စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များကိုဆန့်ကျင်၍၊ ရုပ်ရှင်ပြသခြင်းကို သော်၎င်း မပြုလုပ်ရ။

ရုပ်ရှင်ပြသရန် နေရာ အတွက် လိုင်စင်ထုတ်ပေး ခြင်း။

(၂) ရုပ်ရှင်ပြသရန်နေရာများကို၊ သတ်မှတ်သည့်အမျိုးအစားလိုက် ခွဲခြား၍၊ လိုင်စင်သတ်မှတ်ရမည်။ လိုင်စင်ထုတ်ပေးရမည့် နေရာ၏ အမျိုးအစား အလိုက် ပုံစံ၊ ပွဲလာပရိသတ်များ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် စီမံချက်၊ ထိုပြင်ရုပ်ရှင်ကားပြသရန် စက်ကိရိယာ အမျိုးအစားတို့မှာ၊ သတ်မှတ်သည့် အတိုင်းဖြစ်စေရမည်။

၂၃။ ။ဤဥပဒေအရ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသည့် (နောက်တွင် ''လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်'' ဟုရည်ညွှန်းသော) အာဏာပိုင်သည်၊ ရန်ကုန်မြို့မရှိုင်တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနတာဝန်ခံဖြစ်ရမည်။ အခြားခရိုင်တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံက ခန့်ထားသော အရာရှိဖြစ်ရမည်။

လိုင်စင် ထုတ်ပေးသည့် အာဏာ။

၂၄။ ။(၁) လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်—

(က) ဤဥပဒေအရပြုသည့် နည်းဥပဒေများကို လိုက်နာ အတိုင်း လိုက်နာပြီးဖြစ်သည်ဟူ၍၎င်း၊

(ခ) လိုင်စင် ထုတ်ပေးရမည့်နေရာတွင်၊ ရုပ်ရှင်ပွဲလာပရိသတ်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် လုံလောက်သော ကြိုတင်စီမံချက်များ ပြုလုပ်ထားပြီးဖြစ်သည်ဟူ၍၎င်း

လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်၏အာဏာများ ကိုကန့်သတ်ခြင်း။

ယုံကြည်ကြေနပ်ခြင်းမရှိလျှင်၊ ဤဥပဒေအရ လိုင်စင်ထုတ်မပေးရ။

(၂) မည်သည့်လိုင်စင်တွင်မဆို၊ လိုင်စင်ရသူသည်၊ အမှုကအများပြည်သူတို့အား ပြသရန်သင့်တော်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးထားသည့်၊ ထို့ပြင် ရုပ်ရှင်ပြသသည့်အခါ၊ အမှု၏ သတ်မှတ်ထားသည့် တံဆိပ်ကိုပါပြသလျက်၊ အဆိုပါ တံဆိပ်ရိုက်နှိပ်ပေးခဲ့သည့်အခါမှစ၍၊ မည်သို့မျှပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပြုပြင်ခြင်းမရှိသည့်ရုပ်ရှင်ကားမှတပါး၊ အခြားမည်သည့်ရုပ်ရှင်ကားကိုမျှ၊ အဆိုပါနေရာတွင် ပြသခြင်း၊ သို့တည်းမဟုတ် ပြသခွင့်ပေးခြင်း မပြုရဟူသောစည်းကမ်းချက်ကိုထည့်သွင်းရမည်။

(၃) ဤပုဒ်မပါအထက် ပြဋ္ဌာန်းချက် များကိုလည်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ကြီးကြပ်အုပ်ချုပ်မှုကိုလည်း၊ လိုက်နာ၍၊ လိုင်စင်ထုတ်

ပေးသည့်အာဏာဝိုင်သည်၊ ဤဥပဒေအရ လိုင်စင်များကို၊ မိမိပြုလုပ်နေသည့်စည်းကမ်း ချက်များနှင့်ကန့်သတ်ချက်များအရ၊ မိမိသင့်သည်ထင်မြင်သည့်သူတို့အား ထုတ်ပေး နိုင်သည်။

(၄) ဤဥပဒေအရ လိုင်စင်ထုတ်ပေးသည့် အာဏာဝိုင်က လိုင်စင်ထုတ် မပေးလိုဟုငြင်းဆိုသောဆုံးဖြတ်ချက်ကြောင့် နစ်နာသူတဦးဦးသည်၊ ထိုဆုံးဖြတ်ချက်ချ မှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှါ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သီးခြားဖေါ်ပြထားသည့် အရာရှိထံသို့ဖြစ်စေ၊ အယူခံဝင်နိုင်သည်။ပြည်ထောင်စုမြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ထိုအရာရှိ၊ သက်ဆိုင်ရာရာသည်၊ ထိုအယူခံမှုတွင်မိမိသင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(၅) သိပ္ပံပညာနှင့်ဆိုင်သော ရုပ်ရှင်ကားများ၊ ပညာရေးကိစ္စများအတွက် ရည်ရွယ်သော ရုပ်ရှင်ကားများ၊ သတင်း၊ ကာလပေါ်အဖြစ်အပျက်များနှင့် သက်ဆိုင် သည့်ရုပ်ရှင်ကားများ၊ လူတို့နေထိုင်လုပ်ကိုင်စားသောက်ပုံ သဘာဝအတိုင်းရိုက်ကူး ထားသည့်ရုပ်ရှင်ကားများ၊ သို့တည်းမဟုတ် တိုင်းရင်းဖြစ်ရုပ်ရှင်ကားများကို၊ အဆိုပါ နေရာတွင်ပြသနိုင်ခွင့် လုံလောက်စွာရရှိနိုင်အောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော် လှန်ရေးအစိုးရသည်၊ ရုပ်ရှင်ကား၊သို့တည်းမဟုတ်ရုပ်ရှင်ကားအမျိုးအစားတခုခုပြသ ရေးကိစ္စများသတ်မှတ်ရန်ကိစ္စအလို့ငှါ၊ လိုင်စင်ရသူအများအား၊ သို့တည်းမဟုတ် လိုင်စင်ရသူတဦးဦးအား၊အခါအားလျော်စွာညွှန်ကြားချက်များထုတ်ဆင့်နိုင်သည်။

(၆) ပုဒ်မခွဲ (၅) တိုင်းရင်းဖြစ်ရုပ်ရှင်ကား များ ပြသရန် အနည်းဆုံး ရက်ပေါင်းကိုင်း၊ ရုပ်ရှင် ပြသရန် နေရာ အတွက် တောင်းခံရမည့်အများဆုံး ရာခိုင်နှုန်း ကိုင်း သတ် မှတ်ခြင်း။

(၅) ပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ညွှန်ကြားချက်ထုတ်ဆင့်၍—

(က) လိုင်စင်ရသူက၊ တိုင်းရင်းဖြစ် ရုပ်ရှင်ကားများကို၊ အဆိုပါနေရာတွင်၊ တနှစ်အတွင်းအနည်းဆုံးရက် ပေါင်းမည်ရှေမည်မျှပြသရမည်၊ သို့တည်းမဟုတ် ပြသခွင့် ပြုရမည်ဟု သတ်မှတ်နိုင်သည်၊ သို့တည်း မဟုတ်

(ခ) တိုင်းရင်းဖြစ် ရုပ်ရှင်ကားတခုခုကို၊ အဆိုပါနေရာ တွင် ပြသသည့် အတွက်၊ သို့တည်းမဟုတ် ပြသခွင့် ပြုသည့် အတွက်၊ လိုင်စင်ရသူက၊ တနေ့လျှင် တောင်းခံ နိုင်သည့် အများဆုံးနှုန်းကိုသော်၎င်း၊ လိုင်စင်ရသူက နေ့စဉ်ရရှိနိုင်သည့် (ပွဲခွန်မပါ) ဝင်ငွေ ရာခိုင်နှုန်းကို သော်၎င်း သတ်မှတ်နိုင်သည်။

(၇) လိုင်စင်ရသူသည်အာဏာဝိုင်သည်၊ ပုဒ်မခွဲ (၅) နှင့် (၆) အရ ညွှန်ကြားချက်များထုတ်ဆင့်လျှင်၊ ထိုညွှန်ကြားချက်များသည်၊ လိုင်စင်ပါစည်းကမ်းချက် များနှင့်ကန့်သတ်ချက်များအပြင်၊ နောက်ထပ် စည်းကမ်းချက်များနှင့် ကန့်သတ်ချက် များဖြစ်သည်ဟူ၍ဖ

်ပြ၊ ထိုလိုင်စင်မှာ၊ အဆိုပါနောက်ထပ် စည်းကမ်းချက်များနှင့်ကန့် သတ်ချက်များအရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည်ဟူ၍ဖော်ပြ မှတ်ယူရမည်။

၂၅။ ။အဆိုက အချားပြည်သူတို့အား ပြဿနာသက်သေခံလက်မှတ်ထုတ်ပေးပြီးဖြစ်သော ရုပ်ရှင်ကား တခုခုကို ပြသခြင်းကြောင့်၊ မမြော်လင့်သော ရုန်းရင်းဆန်ခတ်မှုသော်၎င်း၊ လူမျိုးခြင်းသွေးကွဲမှုသော်၎င်း၊ နိုင်ငံလုံခြုံရေးထိခိုက်မှုသော်၎င်း ဖြစ်ပေါ်လာပါက၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ထိုရုပ်ရှင်ကားပြသခြင်းကို တားမြစ်ပိတ်ပင်နိုင်သည်။ ထိုသို့တားမြစ်ပိတ်ပင်ထားသော ရုပ်ရှင်ကားကို၊ သက်သေခံလက်မှတ်ထုတ်ပေးမထားသည့် ရုပ်ရှင်ကားအဖြစ် မှတ်ယူရမည်။

မမြော်လင့် သော အကြောင်း ကြောင့်၊ ရုပ်ရှင်ကားပြသခြင်းကို တားမြစ်ပိတ်ပင်ခြင်း။

၂၆။ ။(၁) ရန်ကုန်မြို့မခရိုင်တွင်၊ ရုပ်ရှင်ပြသရန်နေရာအတွက် လိုင်စင်လျှောက်လွှာကို၊ သတ်မှတ်သည့်အကြောင်းအရာများပေါ်ပြုလျက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံထံတင်သွင်းရမည်။ ထိုလျှောက်လွှာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသည့် စစ်ဆေးရေးအဖွဲ့သို့၊ စုံစမ်းစစ်ဆေး၍ အစီရင်ခံရန် လွှဲအပ်ရမည်။ ထိုစစ်ဆေးရေးအဖွဲ့တွင်၊ သုံးဦးအောက်မနည်း၊ ငါးဦးထက်မပိုသော အဖွဲ့ဝင်များပါရှိရမည်။ ထိုအဖွဲ့ဝင်များအနက် အနျှစ်မှာ၊ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင်များဖြစ်၍၊ အနျှစ်မှာ၊ ပြင်ပမှလိုအပ်သည့်အတိုင်း ထပ်ဖြည့်ထားသည့် ပုဂ္ဂိုလ်များဖြစ်ရမည်။ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်၊ ထိုစစ်ဆေးရေးအဖွဲ့၏ ထောက်ခံချက်အရ၊ လိုင်စင်ထုတ်ပေးရမည်။

(၂) ရန်ကုန်မြို့မခရိုင်မှတပါး၊ အခြားခရိုင်များတွင်၊ ရုပ်ရှင်ပြသရန် နေရာအတွက်လိုင်စင်လျှောက်လွှာကို၊ သတ်မှတ်သည့် အကြောင်းအရာများပေါ်ပြုလျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံက လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်အဖြစ် ခန့်ထားသည့် အရာရှိများထံ တင်သွင်းရမည်။ ထိုလျှောက်လွှာကို၊ သက်ဆိုင်ရာ လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ၏၊ စုံစမ်းစစ်ဆေး၍ အစီရင်ခံရန်လွှဲအပ်ရမည်။ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်၊ ထိုကော်မတီ၏ ထောက်ခံချက်အရ၊ သတ်မှတ်သည့်အတိုင်း ယာယီလိုင်စင်ထုတ်ပေးနိုင်သည်။

(၃) လိုင်စင်ထုတ်ပေးသည့်အာဏာပိုင်သည်၊ ပုဒ်မခွဲ (၂) အရထုတ်ပေးသည့်ယာယီလိုင်စင်နှင့်စပ်လျဉ်း၍၊ အတည်ပြုချက်ရရှိရန်အလို့ငှါ၊ ထိုယာယီလိုင်စင်နှင့် သက်ဆိုင်သည့်အမှုတွဲကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနသို့ပေးပို့ရမည်။

(၄) ဤပုဒ်မအရထုတ်ပေးထားသည့်လိုင်စင်မှာ၊ တနှစ်မျှအတည်ဖြစ်ရမည်။ သို့သော်လည်း ထိုလိုင်စင်ကို၊ နှစ်စဉ် အသစ်လဲလှယ်နိုင်သည်။ ထိုသို့ထုတ်ပေးသည့် လိုင်စင်နှင့်အသစ်လဲလှယ်သည့်လိုင်စင်များအတွက် ပေးဆောင်ရမည့်အကြေးငွေမှာ၊ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၂၇။ ။အဖွဲ့ဝင်တဦးဦးသည် ဤဥပဒေအရ လိုင်စင်ထုတ်ပေးထားသောမည်သည့် ရုပ်ရှင်ပြရန်နေရာသို့ဆိုစေ၊ အချိန်မရွေးဝင်ရောက်၍၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ မရှိကြည့်ရှုစစ်ဆေးနိုင်သည်။

ရုပ်ရှင်ပြသရန်နေရာကိုအဖွဲ့ဝင်တဦးဦးစစ်ဆေးနိုင်ခွင့်။

နိုင်ငံခြားရုပ်ရှင် တင်သွင်းရေး စီစစ်မှုကော်မီတီ။

၂၈။ ။(၁) မည်သူမဆို၊ နိုင်ငံခြားမှ ရုပ်ရှင်ကားများကို တင်သွင်းရန်၊ သက်ဆိုင်ရာဌာနသို့ လျှောက်ထားသည့်အခါ၊ ထိုလျှောက်လွှာမိတ္တူ၊မှန်တစောင်ကို၊ နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးစီစစ်မှုကော်မီတီတံပေးပို့ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပြန်ကြားရေးဌာန၊ ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် တပ်မတော်လူမှုဆက်ဆံရေးဌာနတို့မှ၊ သုံးဦးအောက်မနည်း၊ငါးဦးထက်မပိုသော ကိုယ်စားလှယ်များပါဝင်သည့် ''နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးစီစစ်မှုကော်မီတီ'' တခုကိုဖွဲ့စည်းရမည်။

(၃) အဆိုပါကော်မီတီ၏အာဏာနှင့် တာဝန်ဝတ်တရားများသည်၊ သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

ရုပ်ရှင်ပြသရန်နေရာကို မှတ်ပုံတင်ခြင်း။

၂၉။ ။(၁) ပုဒ်မ ၂၆ အရ လိုင်စင်ထုတ်ပေးထားသည့် ရုပ်ရှင်ပြသရန်နေရာများနှင့်စပ်လျဉ်း၍၊နိုင်ငံခြားမှလိုအပ်သောပစ္စည်းများ တင်သွင်းရေးအတွက် အထောက်အထား မှတ်တမ်းများ ရှိရှိရန်အလို့ငှါ၊ ထိုနေရာများကို၊ ရန်ကုန် မြို့မခရိုင်တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန၊ ရုပ်ရှင်နှင့်ပြဇာတ်ဌာနခွဲ၌ဌင်း၊ အခြားခရိုင်တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပြန်ကြားရေးဌာနတာဝန်ခံက အာဏာလွှဲအပ်ထားသည့် အရာရှိထံ၌ဌင်း၊သတ်မှတ်သည့် နည်းလမ်းအတိုင်း မှတ်ပုံတင်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရမှတ်ပုံတင်သည့်ကိစ္စနှင့်စပ်လျဉ်း၍၊အဆိုပါရုပ်ရှင်နှင့်ပြဇာတ်ဌာနခွဲ၊ သို့တည်းမဟုတ် အာဏာလွှဲအပ်ထားသည့်အရာရှိ၊သက်ဆိုင်ရာရာသည်၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း အရေးယူဆောင်ရွက်ရမည်။

ရုပ်ရှင်လုပ်ငန်း မှတ်ပုံတင်ခြင်း။

၃၀။ ။ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအတွက်၊ရုပ်ရှင်လုပ်ငန်းကို၊ရုပ်ရှင်ကုမ္ပဏီနှင့်ရုပ်ရှင်ထုတ်လုပ်သူဟု နှစ်ချီးနှစ်စားခွဲခြား၍၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ၊ပြန်ကြားရေးဌာနခွဲမှမှတ်ပုံတင်နိုင်သည်။ ထိုရုပ်ရှင်ကုမ္ပဏီများကို၊ စက်မှုလက်မှုလုပ်ငန်းအဖြစ် အသိအမှတ်ပြု၍၊ စက်မှုလက်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် တရားဥပဒေများအတိုင်း ၊ ထိုကုမ္ပဏီများမှာ၊ အခြားစက်မှုလက်မှုလုပ်ငန်းရှင်များနည်းတူ၊ မိမိတို့လိုအပ်သောစက်ကိရိယာ တန်ဆာပလာများကို တင်သွင်းခွင့်ရရှိစေရမည်။ထိုရုပ်ရှင်ထုတ်လုပ်သူများအား၊ရုပ်ရှင်ရိုက်ကူးရန်လိုအပ်သောကော်ပြားများကို၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့အက်ဥပဒေအရ ပွဲစည်းထားသည့် နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့က၊ သတ်မှတ်သည့်နည် လမ်းအတိုင်း ထုတ်ပေးနိုင်သည်။

ရာထူး လစ်လပ်ခြင်း စသည်ကြောင့် ဆောင်ရွက်သည့်မှုခင်းကိစ္စများ မပျက်ပြယ်စေရခြင်း။

၃၁။ ။အဖွဲ့ကသော်၎င်း၊ အယူခံအာဏာပိုင်အဖွဲ့ကသော်၎င်း ၊ဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ ထိုအဖွဲ့ဝင်ရာထူးတခုခုလစ်လပ်သည့်အကြောင်းကြောင့်ဖြစ်စေ၊ထိုအဖွဲ့ဝင်တဦးဦးအား ခန့်ထားရာတွင် ချို့ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့် ဖြစ်စေ၊ မပျက်ပြယ်စေရ။

ပြည်သူ့ဝန်ထမ်းများ ဖြစ်ခြင်း။

၃၂။ ။အမ္ပေါ်ဝင်နှင့်စစ်ဆေးရေး အမ္ပေါ်ဝင်အားလုံးသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုနှင့်အညီ ဆောင်ရွက်သောအခါ၊သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော ပြုလုပ်မှုကို ပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အဓိပ္ပါယ်အရ၊ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

တရားမှုခင်း စွဲဆိုခြင်းကို တားမြစ်ခြင်း။

၃၃။ ။ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော၊ သို့တည် မဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ အမ္ပေါ်ကိုဖြစ်စေ၊ စစ်ဆေးရေး အမ္ပေါ်ကိုဖြစ်စေ၊ အမ္ပေါ်ဝင်တဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအမ္ပေါ်ဝင် တဦးဦး ကို ဖြစ်စေ၊ အမ္ပေါ်၏ရာထမ်းမှုထမ်းတဦးဦးကိုဖြစ်စေ၊ တရားမမှု၊ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်းမပြုရ။

ကင်းလွတ်ခွင့်။

၃၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရှမ်ရှင်ကား သို့တည်းမဟုတ် ရှမ်ရှင်ကားအမျိုးအစား တခုခုပြုသခြင်းကို သော်၎င်း၊ ရှမ်ရှင်ပြုသရန်နေရာတခုခုကိုသော်၎င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ၊ မိမိသတ်မှတ်လိုက သတ်မှတ်နိုင်သည့် စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များအရ ကင်းလွတ်စေနိုင်သည်။

ပြစ်ဒဏ်။

၃၅။ ။(၁) မည်သူမဆို—

(က) အမ္ပေါ်ကအများပြည်သူတို့အား ပြဿနာ သင့်တော်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးထားသည့်၊ ထို့ပြင် ရှမ်ရှင်ပြုသည့်အခါ အမ္ပေါ်၏သတ်မှတ်ထားသည့် တံဆိပ်ကိုပါပြသလျက်၊ အဆိုပါတံဆိပ်ရိုက်နှိပ်ပေးခဲ့သည့်အခါမှစ၍၊ မည်သို့မျှပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပြုပြင်ခြင်းမရှိသည့် ရှမ်ရှင်ကားမှတပါး၊အခြားရှမ်ရှင်ကားတခုခုကို၊ မည်သည့်နေရာတွင်မဆိုပြသလျှင်၊သို့တည်းမဟုတ်ပြသခွင့် ပြုလျှင်သော်၎င်း၊

(ခ) ရှမ်ရှင်ကားတခုခုကို၊ သက်သေခံလက်မှတ် ထုတ်ပေးပြီးသည့်နောက်၊ တရားဥပဒေနှင့်အညီ ပေးသည့် အခွင့်အမိန့်မရဘဲ၊ တနည်းနည်းဖြင့်ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် ပြုပြင်လျှင်သော်၎င်း (ထိုအခွင့်အမိန့်ရကြောင်း ၊သက်သေထင်ရှားပြရမည့်တာဝန်မှာ၊ ထိုသူ၏တာဝန်ဖြင့် ရမည်)။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကဖြစ်စေ၊ အမ္ပေါ်ကဖြစ်စေ၊ ဤဥပဒေဖြင့်၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် အပ်နှင်းထားသောအာဏာ၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားတခုခုသုံးစွဲဆောင်ရွက်လျက်ထုတ်ဆင့်သောအမိန့်၊သို့တည်းမဟုတ် ညွှန်ကြားချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်သော်၎င်း၊

ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်ပြင်၊ ထိုပြစ်မှုကို ဆက်လက်ကျူးလွန်ပါက၊ ထိုသို့ဆက်လက်

ကျူးလွန်နေစဉ်အတွင်း၊ တရက်လျှင်၊ ကျပ်တထောင်ထိ နှောက်ထပ် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

(၂) မည်သူမဆို၊ ရုပ်ရှင်ကား တခုခုနှင့်စပ်လျဉ်း၍၊ ဤပုဒ်မအရပြစ်ဒဏ် ထိုက်သော ပြစ်မှုကျူးလွန်သည့်အတွက်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ပြစ်မှုထင်ရှားစီရင်သည့်တရားရုံးသည်၊ ထိုရုပ်ရှင်ကားကို၊ အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူစေဟု နောက်ထပ်ညွှန်ကြားနိုင်သည်။

ဥပဒေကို ဆန့်ကျင် သည့် အတွက် ပြစ်ဒဏ်စီရင်ခြင်း။

၃၆။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်း ဥပဒေများပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်တခုခုပါ၊ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များကိုဖြစ်စေ၊ ဆန့်ကျင်၍၊ ရုပ်ရှင်ပိုင်ရှင်၊ သို့တည်းမဟုတ် ရုပ်ရှင်ထိန်းသိမ်းသူ တဦးဦးသည်၊ ထိုရုပ်ရှင်ကို အသုံးပြုလျှင်၊ သို့တည်းမဟုတ် အသုံးပြုခွင့်ပေးလျှင်၊ သို့တည်းမဟုတ် နေရာတခုခု ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် လက်ရှိဖြစ်သော သူသည်၊ ထိုနေရာကို အသုံးပြုခွင့်ပေးလျှင်၊ ကျပ်တထောင်ထိ ငွေဒဏ်စီရင်ခြင်းခံရမည့်ပြင်၊ ထိုပြစ်မှုကိုဆက်လက်ကျူးလွန်ပါက၊ထိုသို့ဆက်လက်ကျူးလွန်နေစဉ်အတွင် ၊ တရက်လျှင် ကျပ်တထောင်ထိ နောက်ထပ်ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

လိုင်စင် ရှိသိမ်း နိုင်သည့် အာဏာ။

၃၇။ ။လိုင်စင်ရသူသည်၊ ပုဒ်မ ၃၅၊ သို့တည်းမဟုတ် ပုဒ်မ ၃၆ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ လိုင်စင်ကို လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က ရုပ်သိမ်းနိုင်သည်။

နည်းဥပဒေများ ပြုနိုင်သည့် အာဏာ။

၃၈။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၃ (၃) အရ အထူးဆင်ဆာလူကြီးများအား ပေးရမည့် အခကြေးငွေများနှင့် စရိတ်များကို သတ်မှတ်ရန်ကိစ္စ။

(ခ) ပုဒ်မ ၃ (၄) အရ အဖွဲ့၏ အာဏာနှင့်တာဝန်ဝတ်တရားများကိုလည်း၊ အစိုးရအရာရှိဖြစ်သော အမှုဝင်များအား ပေးရမည့် စရိတ်နှင့်ဆုငွေများကိုလည်း၊ အစိုးရအရာရှိ မဟုတ်သော အမှုဝင်များအား ပေးရမည့်လစာကိုလည်း၊ သတ်မှတ်ရန်ကိစ္စ။

(ဂ) ပုဒ်မ ၇ (၁)အရ သက်သေခံလက်မှတ်လျှောက်ထားရာတွင် လိုက်နာရမည့် နည်းလမ်းကိုလည်း၊ အဖွဲ့ကရုပ်ရှင်ကားများ စစ်ဆေးရာတွင် လိုက်နာရမည့် နည်းလမ်းကိုလည်း၊ သတ်မှတ်ရန်ကိစ္စ။

(ဃ) ပုဒ်မ ၁၀(၁)အရ သက်သေခံလက်မှတ်အတွက် ပေးဆောင်ရမည့် အခကြေးငွေကိုင်း၊ ရုပ်ရှင်ကားတွင် ရိုက်နှိပ်ရမည့် တံဆိပ်ကိုင်း၊ ထိုတံဆိပ်ရိုက်နှိပ်ရမည့် နည်းလမ်းကိုင်း၊ပုဒ်မ ၁၀(၂)အရ သက်သေခံလက်မှတ် အတည်ဖြစ်ရမည့်ကာလ အပိုင်းအခြားကိုင်း သတ်မှတ်ရန်ကိစ္စ။

(c) ပုဒ်မ ၁၀ (၄) အရ သက်သေခံလက်မှတ် အသစ်လဲလှယ်ရမည့် နည်းလမ်းကိုင်း၊ အသစ်လဲလှယ်သည့် အတွက် ပေးဆောင်ရမည့် အခကြေးငွေကိုင်း သတ်မှတ်ရန်ကိစ္စ။

(စ) ပုဒ်မ ၁၄(၁)အရ နိုင်ငံခြားမှ ရုပ်ရှင်ကားတင်သွင်းသူများ လိုက်နာရမည့်နည်းလမ်းကိုင်း၊ ထိုရုပ်ရှင်ကားများနှင့်စပ်လျဉ်း၍၊ အမှိုက်ဆောင်ရွက်ရမည့် နည်းလမ်းကိုင်း သတ်မှတ်ရန်ကိစ္စ။

(ဆ) ပုဒ်မ ၁၇ အရ အမှိုအား၊ ရုပ်ရှင်ကားများ စစ်ဆေးရသည့် အတွက်ပေးရမည့် အခကြေးငွေများကို သတ်မှတ်ရန်ကိစ္စ။

(ဇ) ပုဒ်မ ၂၂ (၂) အရ ရုပ်ရှင်ပြသရန်နေရာအမျိုးအစား ခွဲခြားခြင် ကိုင်း၊ ထိုနေရာအတွက် ပေးဆောင်ရမည့် လိုင်စင်ခကိုင်း၊ထိုနေရာ၏အမျိုးအစားအလိုက်ပုံစံကိုင်း၊ ပွဲလာပရိသတ်များ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စီမံချက်ကိုင်း၊ ရုပ်ရှင်ကားပြသရန် စက်ကိရိယာ အမျိုးအစားကိုင်း သတ်မှတ်ရန်ကိစ္စ။

(ဈ) ပုဒ်မ ၂၆ (၁)နှင့် (၂)အရ လိုင်စင်လျှောက်လွှာတွင်မည်သည့် အကြောင်းအရာများ ဖေါ်ပြရမည်ကို သတ်မှတ်ရန်ကိစ္စ။

(ည) ပုဒ်မ ၂၆ (၂)အရ ယာယီလိုင်စင်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်ကိစ္စများကို သတ်မှတ်ရန်ကိစ္စ။

(ဋ) ပုဒ်မ ၂၆ (၄)အရ လိုင်စင်ခ သတ်မှတ်ရန်ကိစ္စ။

(ဌ) ပုဒ်မ ၂၈(၃)အရ နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးစိစစ်မှု ကော်မီတီ၏အာဏာ တာဝန်ဝတ်တရားများကို သတ်မှတ်ရန်ကိစ္စ။

(ဍ) ပုဒ်မ ၂၉ အရ ရုပ်ရှင်ပြသရန် နေရာများမှတ်ပုံတင်ရန်နည်းလမ်းကိုင်း၊ ထိုနေရာများမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍၊ အရေးယူဆောင်ရွက်ရမည့်နည်းလမ်းကိုင်း သတ်မှတ်ရန်ကိစ္စ။

(ဎ) ပုဒ်မ ၃၀ အရ ရုပ်ရှင်လုပ်ငန်း မှတ်ပုံတင်ရန်နည်းလမ်းကိုင်း၊ ရုပ်ရှင်ရိုက်ကူးရန် ကော်ပြားများ ထုတ်ပေးရမည့်နည်းလမ်းကိုင်း သတ်မှတ်ရန်ကိစ္စ။

(ဏ) ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သတ်မှတ်ရန် လိုအပ်သည့် အခြားကိစ္စများ။

ရုပ်သိမ်းခြင်း။

၃၉။ ။(၁) ရုပ်ရှင်ပြပွဲ အက်ဥပဒေ (The Cinematograph Act) ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့် အခါ၊မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ၂ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

(၂) ထိုသို့ရုပ်သိမ်းစေကာမူ၊ အဆိုပါ အက်ဥပဒေအရ ခွဲစည်းထားသည့် ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့သည်၊ပုဒ်မ ၃ အရ ခွဲစည်းသည့်အဖွဲ့၏ ပဌမအကြိမ်အစည်း အဝေးကျင်းပသည့် နေ့ရက်ထိ၊မိမိ၏အာဏာနှင့်တာဝန်ဝတ်တရားများကို ဆက်လက် သုံးစွဲဆောင်ရွက်ရမည်။

၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ငွေရင်းနှီးရေးအက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ငွေရင်းနှီးရေးအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ငွေရင်းနှီးရေး အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)ကိုပယ်ဖျက်ရမည်။

THE GAMBLING ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 40 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Gambling Act Amending Law, 1962.

(*2*) It shall come into force at once.

2. Section 4 of the Gambling Act *shall be deleted.*

၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၁၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁۹۵۶ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ၌ ပုဒ်မ ၅ ကိုရှင်းသိမ်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၆ အဖြစ်ထည့်သွင်းရမည်။

"၆။ ။တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုတွင် တရားရုံးတရပ်ရပ် (တရားရုံးချုပ်၊ တရားသူကြီးတဦးဖြင့်ဖြစ်စေ၊ နှစ်ဦးဖြင့်ဖြစ်စေ ဖွဲ့စည်းထားသော တရားရုံး အပါအဝင်) ကချမှတ်သော စီရင်ချက်ကို၊ သို့တည်းမဟုတ် ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကို အယူခံဝင်ရန်၊ တရားရုံးချုပ်သည်၊ မိမိသဘောအတိုင်းအခွင့်ထူးပေးနိုင်သည်။"

အခွင့်ထူးအရ၊ မည်သည့်အမှု၌ မဆို၊ အယူခံဝင်ခြင်း။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၀ အဖြစ်ထည့်သွင်းရမည်။

"၂၀။ ။မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီးတဦး၏ ဒီကရီကို၊ သို့တည်းမဟုတ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ အရ အယူခံဝင်နိုင်သောအမိန့်ကို၊ တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်။"

တရားရုံးချုပ် တရားသူကြီးများ၏ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို၊ တရားရုံးချုပ်၌ အယူခံဝင်ခြင်း။

THE UNION JUDICIARY ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOUTIONARY COUNCIL LAW No. 41 OF 1962.]

The Chairman of the Revolutionary Council of the Union of Burma makes the following Law :—

1. (1) This Law may be called the Union Judiciary Act Amending Law, 1962.

(2) It shall be deemed to have come into force on the 1st April 1962.

2. In the Union Judiciary Act, 1948, hereinafter referred to as the said Act, section 5 *shall be repealed.*

3. *For* section 6 of the said Act, the following *shall be substituted* as section 6 ; namely :—

Appeal by special leave from any Court in any case.

" 6. The Chief Court may grant special leave to appeal from any judgement, decree or final order of any Court including a Court constituted by one or two judges of the Chief Court in any civil, criminal or other case.".

4. *For* section 20 of the said Act, the following *shall be substituted* as section 20 ; namely :—

Appeals to Chief Court from Judges of the Court.

" 20. An appeal shall lie to the Chief Court from a decree, or an appealable order under section 104 of the Code of Civil Procedure, of a single Judge of the Chief Court sitting in exercise of its original jurisdiction."

THE STATE AID TO INDUSTRIES ACT AMENDING LAW, 1962

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 42 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the State Aid to Industries Act Amending Law, 1962.

(*2*) It shall come into force at once.

2. In the proviso to sub-section (*1*) of section 15-A of the State Aid to Industries Act hereinafter referred to as the said Act, *for* the words "four thousand" the words "eight thousand" *shall be substituted.*

3. In section 18 of the said Act :—

(*a*) *for* the words "four thousand" in sub-section (*3*) the words "eight thousand" *shall be substituted* ; and

(*b*) *for* the words "four thousand" in sub-section (*4*) the words "eight thousand" *shall be substituted.*

4. In section 19 of the said Act, *for* the words "four thousand" the words "eight thousand" *shall be substituted.*

၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေးအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေးအက်ဥပဒေ ပုဒ်မ ၂ တွင် အပိုဒ် (ဂ) အစား အောက်ပါကို၊ အပိုဒ် (ဂ) အဖြစ်ထည့်သွင်းရမည်။

"(ဂ) 'အမှု' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ မှုစည်းသော မသန်မစွမ်းဖြစ်လာသူများ လူစည်မှီရေးနှင့် အလုပ်ရရှိရေးအမှုကို ဆိုလိုသည်။"

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လူမှုဝန်ထမ်းဌာန တာဝန်ခံ ပြင်၊ အစိုးရကခန့်ထားသည့် ငါးဦးအောက်မနည်း၊ ဆယ်ဦးထက်မများသော အခြားပုဂ္ဂိုလ်များ ပါဝင်သည့် မသန်မစွမ်းဖြစ်လာသူများ လူစည်မှီရေးနှင့် အလုပ်ရရှိရေးအမှုဟု ခေါ်တွင်သောအမှုတခုကို မှုစည်းရမည်။ လူမှုဝန်ထမ်းဌာနတာဝန်ခံသည်၊ အဆိုပါအမှု၏ဥက္ကဋ္ဌဖြစ်ရမည်။"

၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံနယ်ခြားဒေသ အုပ်ချုပ်ရေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ပဏာမ။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံနယ်ခြားဒေသအုပ်ချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် ဒေသများတွင်၊ ယင်းသို့သတ်မှတ်သည့် နေ့ရက်များ၌ စတင်အာဏာတည်ရမည်။ ထို့ပြင် ဤဥပဒေသည်၊ အဆိုပါ ဒေသတခုခုတွင် အာဏာတည်ခြင်းမှရပ်စဲရမည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆင့်ဆိုနိုင်သည်။ ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းအားဖြင့်၊ ဤဥပဒေအာဏာတည်ခြင်းမှ ရပ်စဲသောအခါ၊ ဤဥပဒေစတင် အာဏာတည်သည့်နေ့ရက်၌ ထိုဒေသတခုခုတွင် ပုဒ်မ ၂၂ အရ၊ အာဏာတည်ခြင်းမှ ရပ်စဲထားသည့် အက်ဥပဒေများပြန်လည် အာဏာတည်ရှိစေရမည့်ပြင်၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ အပိုဒ် (ခ)၊ (ဂ)၊ (ဃ) နှင့် (င) ရှိအက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည်လည်း အကျိုးသက်ရောက်စေရမည်။

၂။ ။ဤဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''နည်းဥပဒေ'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်၌ နယ်ခြား ဒေသ အုပ်ချုပ်ရေးနှင့် သက်ဆိုင်သော တည်ဆဲနည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများလည်းပါဝင်သည်။

(ခ) ''တိုင်း''၊ ''ခရိုင်''၊ ''ခရိုင်ခွဲ''၊ ''မြို့နယ်''၊ ''ကျေးရွာအုပ်စု'' ဆိုသည်မှာ၊ ပုဒ်မ ၄ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့် တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်၊ ကျေးရွာအုပ်စုကိုဆိုလိုသည်။

(ဂ) ''အရာရှိချုပ်'' ဆိုသည်မှာ၊ ပုဒ်မ ၅ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသော နယ်ခြားဒေသ အုပ်ချုပ်ရေးအရာရှိချုပ်ကိုဆိုလိုသည်။

(ဃ) ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ ဤဥပဒေဖြင့်သော်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်သော်၎င်း၊ ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

အုပ်ချုပ်ရေး။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နယ်ခြားလုံခြုံမှု၊ အုပ်ချုပ်မှုနှင့် နယ်နိမိတ်ရေးရာကိစ္စအားလုံးကို ကြီးကြပ်အုပ်ချုပ် ဆောင်ရွက်ရန်အတွက် နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့ဟု ခေါ်တွင်စေသည့် အဖွဲ့တခုကို လိုအပ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းနိုင်သည်။

(၂) နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်ထရားများသည် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေအာဏာတည်သည့်ဒေသများကို၊ နယ်ခြားဒေသအုပ်ချုပ်ရေး နယ်မြေများအဖြစ်၊ တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်နှင့် ကျေးရွာအုပ်စုများ သတ်မှတ်နိုင်သည့်ပြင်၊ ၎င်းတို့ကိုလည်း အခါအားလျော်စွာ ဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ပြင်နိုင်သည်၊ သို့တည်းမဟုတ် ပြောင်းလဲနိုင်သည်။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်ခြားဒေသ လုံခြုံမှု၊ အုပ်ချုပ်မှုနှင့်နယ်နိမိတ်ရေးရာကိစ္စတို့ကိုတာဝန်ခံ၍ ဦးစီးကြီးကြပ်ဆောင်ရွက်ရန်အလို့ငှါ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိချုပ်တဦးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားရမည်။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ နယ်ခြားဒေသအုပ်ချုပ်မှုတွင် အရာရှိချုပ်အားကူညီရန်လိုအပ်သည့် နယ်ခြားဒေသအုပ်ချုပ်မှ ဆိုင်ရာ ရာထမ်းမှထမ်းများကို ခန့်ထားနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသောရာထမ်းများသည်၊ အရာရှိချုပ်၏ လက်အောက်ခံဖြစ်၍၊ ၎င်း၏ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံယူရမည့်ပြင်၊ မိမိတို့အား၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ နည်းဥပဒေများဖြင့် အပ်နှင်းထားသည့် အာဏာများနှင့် တာဝန်ဝတ်တရားများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ နိုင်ငံ၏အကျိုးနှင့် သက်ဆိုင်သည်ဟုထင်မြင်သောကိစ္စများနှင့်ပတ်လည်၍၊အရာရှိချုပ်အား၊ ၎င်း၏တာဝန်ဝတ္တရားများကို၊မည်သို့မည်ပုံဆောင်ရွက်ရမည်ဟု ညွှန်ကြားနိုင်သည်။ထိုသို့ညွှန်ကြားသည့်အတိုင်း အရာရှိချုပ်ကလိုက်နာဆောင်ရွက်ရမည်။

အရာရှိချုပ်၏တာဝန်ဝတ်တရားများ။

၈။ ။(၁) အရာရှိချုပ်သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ညွှန်ကြားချက်ကိုလိုက်နာလျက်၊နယ်ခြားဒေသအုပ်ချုပ်ရေးဌာနကို ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် နယ်ခြားဒေသကိစ္စ၊ သို့တည်းမဟုတ် နယ်နိမိတ်ရေးရာ ကိစ္စအတွက် တာဝန်ခံရမည့်ပြင်၊ လိုအပ်သော၊ သို့တည်းမဟုတ်သင့်လျော်သော အခြားလုပ်ငန်းဆောင်တာများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါတာဝန်ဝတ်တရားများတွင်၊ အထူးအားဖြင့်၊ အောက်ပါတို့ပါဝင်ရမည်။

(က) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ် သတ်မှတ်ခြင်း လုပ်ငန်းများ၊ ၎င်းလုပ်ငန်းများ နှင့် စပ်ဆိုင်သည့် နယ်နိမိတ်ရေးရာ မှုခင်းကိစ္စ အဝဝတို့ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ နယ်နိမိတ် မျဉ်းကြောင်း တလျှောက်တွင် တာဝန်ယူဆောင်ရွက်သွားခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ နယ်ခြားဒေသစီမံကိန်းများအထမြောက်အောင်မြင်စေရန်၊သက်ဆိုင်ရာ ပြည်နယ်ဦးစီးအဖွဲ့များနှင့်သော်၎င်း၊ သက်ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ အခြားဌာန အသီးသီးနှင့်သော်၎င်း၊ စီစဉ်ဆက်သွယ်ဆောင်ရွက်ခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံနယ်ခြားဒေသအတွင်း လိုအပ်သော ဒေသများတွင်၊ စံနစ်တကျ မြို့ပြကျေးရွာများ ပြုပြင်ထူထောင်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြုလုပ်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွါးရေး၊ လူမှုရေးကိစ္စများဆောင်ရွက်ခြင်း။

(ဃ) နယ်ခြားတဘက်ရှိ အိမ်နီးချင်း နိုင်ငံ နယ်ခြားအရာရှိများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးကိစ္စရပ်များတွင် လိုအပ်လျှင် ဆက်သွယ်ခြင်း၊ ဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအား အကြံပေးခြင်း။

(င) နယ်ခြားသတင်းထောက်လှမ်းရေး၊လူဝင်မှုကြီးကြပ်ရေးဌာနလုပ်ငန်း၊ အကောက်တော်ဌာနလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ဌာန လုပ်ငန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ အခါအားလျော်စွာပြဋ္ဌာန်းသည့် အခြားဌာနလုပ်ငန်းများကိုတာဝန်ခံကြီးကြပ်ဆောင်ရွက်ပေးခြင်း။

(စ) ဘဏ္ဍာတော်နှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျှင်နိုင်သမျှ ဆောလျှင်စွာ၊ တနှစ်အတွင်း အရာရှိချုပ်၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ရင်း၊ လုပ်ငန်းများနှင့်ရင်း၊ စပ်လျဉ်း၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံအစီရင်ခံစာတင်သွင်းခြင်း။

၉။ ။အရာရှိချုပ်သည်၊ မိမိလက်အောက်ရှိ ရာထမ်း မှုထမ်းများကိုအုပ်ချုပ်၍၊ သင့်တော်သည်၊သို့တည်းမဟုတ် လိုအပ်သည်ထင်မြင်သည့်မိမိ၏တာဝန်ဝတ်တရားများကို၊ထိုရာထမ်းမှုထမ်းများအားခွဲဝေပေးအပ်နိုင်သည်။

တရားစီရင်ရေး။

၁၀။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအောက်ဖော်ပြပါသည့်ဒေသတွင် အောက်ပါအဆင့်အတန်းအတိုင်း ရာဇဝတ်ရုံးများတည်ထောင်နိုင်သည်။

(က) စက်ရှင်တရားရုံးများ။
(ခ) ခရိုင်ရာဇဝတ်တရားသူကြီးရုံးများ။
(ဂ) တွဲဘက်ခရိုင်ရာဇဝ တ်တရားသူကြီးရုံးများ။
(ဃ) ပဌမတန်းရာဇဝတ်တရားသူကြီးရုံးများ။
(င) ဒုတိယတန်းရာဇဝတ်တရားသူကြီးရုံးများ။
(စ) တတိယတန်းရာဇဝတ်တရားသူကြီးရုံးများ။

(၂) ပုဒ်မခွဲ (၁)တွင် သီးခြားဖေါ်ပြထားသည့် ရာဇဝတ် တရားရုံးအသီးသီးသည်၊ ထိုသို့သီးခြားဖေါ်ပြထားသော အထက်အောက် အစီအစဉ်အတိုင်း အဆင့်အဘန်းရှိစေရမည့်ပြင်၊ ထိုအစီအစဉ်အတိုင်းပင်လက်အောက်ခံလည်းဖြစ်စေရမည်။

၁၁။ ။(၁) တည်ဆဲ အခြားတရားဥပဒေဟာခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤဥပဒေအာဏာတည်သည့်ဒေသအတွင်းတွင် ဖြစ်ပွါးသောပြစ်မှုတခုခုကို စစ်ဆေးရန်အာဏာက ပြည်သောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လိုအပ်လျှင် ရာဇဝတ်ခုံရုံးပဲ့စည်းနိုင်သည်။

(၂) ရာဇဝတ်ခုံရုံးဟွင် နာယကတဦးနှင့်အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်ရမည်။

(၃) ရာဇဝတ်ခုံရုံးသည်၊ မ်မိတည်ရှိရာဒေသအလိုက် ပုဒ်မ ၁၅၊ သို့တည်းမဟုတ် ပုဒ်မ ၁၆ အရ သတ်မှတ်သည့်အတိုင်း အမှုကို စစ်ဆေးကြားနာစီရင်ရမည်။

(၄) ရာဇဝတ်ခုံရုံး၏ အဖွဲ့ဝင်အချင်းချင်း သဘောကွဲလွဲသည့်အခါ၊ အဖွဲ့ဝင်များရေအများဆုံးရှိသည့်ဆုံးဖြတ်ချက်ကိုလိုက်နာရမည်။

၁၂။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ လက်အောက်ခံရာဇဝ ဝတ်တရားရုံး၏စီရင်ချက်ကို၊အောက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း အယူခံဝင်နိုင်စေရမည်။

(က) တတိယတန်း၊ ဒုတိယတန်း၊ သို့တည်းမဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီးရုံး၏ စီရင်ချက်ကို၊ တွဲဘက်ခရိုင် ရာဇဝတ်တရားကြီးရုံး၊ သို့ဘည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးရုံးတွင် အယူခံဝင်နိုင်စေရမည်။

(ခ) တွဲဘက်ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးရုံး၏ စီရင်ချက်ကို၊ စက်ရှင်တရားသူကြီးရုံးတွင် အယူခံဝင်နိုင်စေရမည်။

(ဂ) စက်ရှင်တရားသူကြီးရုံး၏စီရင်ချက်ကို၊ မြန်မာနိုင်ငံ တရားရုံးချုပ်တွင် အယူခံဝင်နိုင်စေရမည်။

(ဃ) ပုဒ်မ ၁၁ ပုဒ်မခွဲ (၁) အရမ်ပေးထားသည့် ရာဇဝတ်ခုံရုံးကထောင်ဒဏ် ၇ နှစ်ထက်ပိုသော ပြစ်ဒဏ်ချမှတ်သည့် စီရင်ချက်ကို မြန်မာနိုင်ငံတရားရုံးချုပ်တွင် အယူခံဝင်နိုင်သည်။

(၂) ပုဒ်မ ၁၁ ပုဒ်မခွဲ (၁) အရမ်ပေးထားသည့်ရာဇဝတ်ခုံရုံးကထောင်ဒဏ် ၇ နှစ်ထက်မပိုသော ပြစ်ဒဏ်ချမှတ်သည့်စီရင်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်စေရမည်။ ထိုစီရင်ချက်ကို၊အယူခံမဝင်ရ။

၁၃။ ။(၁) ဤဥပဒေအာဏာတည်သည့်ဒေသတွင်၊အောက်ပါအဆင့်အတန်း များအတိုင်း တရားမရုံးများတည်ထောင်နိုင်သည်။

(က) ခရိုင်တရားမရုံး။
(ခ) နယ်ပိုင်တရားမရုံး။
(ဂ) မြို့နယ်တရားမရုံး၊

(၂) ပုဒ်မခွဲ(၁) တွင် သီးခြားဖေါ်ပြထားသည့် တရားမရုံး အသီးသီးသည် ထိုသို့သီးခြားဖေါ်ပြထားသောအထက်အောက်အစီအမံအတိုင်းအဆင့်အတန်းရှိစေရ မည်ပြင်၊ ထိုအစီအစဉ်အတိုင်းပင် လက်အောက်ခံဖြစ်စေရမည်။

(၃) တရားမရုံးအသီးသီးမှာ၊ အောက်တွင်သီးခြားဖေါ်ပြထားသော တရားမ မူလမှု၊ သို့တည်းမဟုတ် မူလမှုခင်းကိုကြားနာဆုံးဖြတ်ရန် အာဏာရှိစေရမည်။

(က) ခရိုင်တရားမရုံး .... တန်ဘိုးငွေ ကန့်သတ်ခြင်းမရှိသည့် တရားမမှု၊ သို့တည်းမဟုတ် မူလမှု ခင်းများ။

(ခ) နယ်ပိုင်တရားမရုံး .... တန်ဘိုးငွေကျပ် ငါးထောင်ထက်မပို သည့် တရားမမှု၊ သို့တည်းမဟုတ် မူလမှုခင်းများ။

(ဂ) မြို့နယ်တရားမရုံး .... တန်ဘိုးငွေ ကျပ်တထောက်ထက် မပို သည့် တရားမမှု၊ သို့တည်းမဟုတ် မူလမှုခင်းများ။

၁၄။ ။(၁) တည်ဆဲအခြားတရားဥပဒေဘခုခုတွင်မည်သို့ပင်ပါရှိစေကာမူ၊ လက်အောက်ခံတရားမရုံးများ၏ ဒီကရီများနှင့်အမိန့်များကို၊ အောက်တွင်ပြဋ္ဌာန်းထား သည့်အတိုင်းအယူခံဝင်နိုင်စေရမည်။

(က) တန်ဘိုးငွေကျပ် ၁၀၀ ထက်ပိုသည့်တရားမမှုတွင်၊ မြို့နယ်တရား ရုံးကချမှတ်သည့် ဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို၊ နယ်ပိုင် တရားမရုံးတွင်အယူခံဝင်နိုင်စေရမည်။

(ခ) တန်ဘိုးငွေကျပ် ၅၀၀ ထက်ပိုသောတရားမအယူခံမှုများနှင့် အခြား တရားမမူလမှုများတွင်၊ နယ်ပိုင်တရားမရုံးကချမှတ်သည့်ဒီကရီကိုမ သို့တည်းမဟုတ် အမိန့်ကို၊ ခရိုင်တရားမရုံးတွင် အယူခံဝင်နိုင်စေရ မည်။

(ဂ) တန်ဘိုးငွေ ကျပ် ၅,၀၀၀ ပိုသော တရားမအယူခံမှုများ၊ သို့တည်းမဟုတ် တရားမမူလ အမှုများတွင်၊ ခရိုင်တရားမရုံးက ချမှတ်သည့် ဒီကရီ၊သို့တည်းမဟုတ် အမိန့်ကို၊ မြန်မာနိုင်ငံတရားရုံး ချုပ်တွင် အယူခံဝင်နိုင်စေရမည်။

(၂) တန်ဘိုးငွေကျပ် ၁၀၀ ထက်မပိုသောတရားမမှုများတွင် မြို့နယ်တရားမ ရုံးကချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်သည်ရင်း၊ တန်ဘိုးငွေကျပ် ၅၀၀

ထက်မပိုသောတရားမအယူခံမှုများနှင့် အခြားတရားမမူလမှုများတွင် နယ်ပိုင်တရားမရုံး ကချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်သည်ငင်း၊ တန်ဘိုးငွေကျပ် ၅,၀၀၀ ထက်မပိုသောတရားမအယူခံမှုများနှင့်အခြားတရားမမူလမှုများတွင် ခရိုင်တရားမရုံးက ချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်သည်ငင်း၊ အပြီးသတ်ဖြစ်စေရမည်။ ထို အမှုများတွင် အယူခံဝင်နိုင်ခွင့်မရှိစေရန်။

၁၅။ ။ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) တွင် သီးခြားဖေါ်ပြထားသည့် ရာဇဝတ် တရားရုံးများသည်၊ ရာဇဝတ်မှုများစီရင်ခြင်းနှင့်စင်လျှဉ်း၍၊ ဤဥပဒေ အာဏာ တည်သည့်ဒေသတွင်သီးခြားပါဝင်သောနယ်မြေအသီးသီးနှင့် သက်ဆိုင်သောတည်ဆဲ အခြားတရားဥပဒေတခုခုတွင် ပြဋ္ဌာန်းထားသည့်ကျင့်ထုံးများကို လိုက်နာရမည့်ပြင်၊ ရာဇ ဝတ်ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကိုလည်း လိုက်နာနိုင်သမျှလိုက်နာရမည်။ ရာဇ ဝတ်ကျင့်ထုံး ဥပဒေပါပြဋ္ဌာန်းချက်တခုခုကို မလိုက်နာနိုင်လျှင်၊ မည်သည့်အတွက် မလိုက်နာနိုင်ကြောင်းသက်ဆိုင်ရာအမှုဘွဲ့တွင် ရေးသားဖေါ်ပြရမည်။

၁၆။ ။ပုဒ်မ ၁၅ တွင်မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လွှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ သတ်မှတ်သော ဒေသဌာနတည်ရှိသော ရာဇဝတ်တရားရုံးများသည်၊ ရာဇဝတ်မှုများ စီရင်ခြင်းနှင့်စပ် လျှဉ်း၍၊ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ဇဝတ်တရားရုံးများမှာ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ ပုဒ်မ ခွဲ (၁) တွင် သတ်မှတ်ထားသည့်နည်းလမ်းများအနက်၊ မည်သည့် နည်းလမ်းအရမဆို၊ရာဇဝတ်ပြစ်မှုများကို အရေးယူပိုင်ခွင့်အာဏာ ရှိရမည်။ သို့သော်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ပါ ပြဋ္ဌာန်းချက်များသည်၊ယင်းသို့အရေးယူသည့် အမှုဘွဲ့များနှင့်သက် ဆိုင်ခြင်းမရှိစေရ။

(ခ) စက်ရှင်တရားရုံးများမှာ၊ ပြစ်မှုကြီးလွန်သူအား၊ လက်အောက်ခံ ရာဇဝတ်တရားသူကြီးရုံးက စတင်စုံစမ်း၍ တင်ပို့ခြင်းမရှိဘဲ၊ တိုက် ရိုက်အရေးယူစစ်ဆေးပိုင်ခွင့် အာဏာရှိရမည်။

(ဂ) ရာဇဝတ်တရားရုံးရှေ့သို့ တရားခံရောက်ရှိလာသောအခါ၊ ပြစ်မှု၏ ကြောင်းခြင်းရာတို့ကိုရှင်းလင်းပြီးနောက်၊ တရားခံအား၊မည်သည့် အကြောင်းကြောင့်ပြစ်ဒဏ်မပေးသင့်ကြောင်းထုချေစေရမည်။

(ဃ) တရားခံသည်၊ စွဲဆိုသောပြစ်မှုကျူးလွန်ကြောင်းဝန်ခံလျှင် ၎င်း၏ ဝန်ခံချက်ကို ပြည့်စုံအောင်ရေးမှတ်ပြီးနောက်၊ အခြားအကြောင်း တခုခုမရှိလျှင်၊ ရာဇဝတ်တရားရုံးသည်၊ ယင်းတရားခံအား၊ သက် ဆိုင်ရာတရားဥပဒေအရ ပြစ်ဒဏ်စီရင်နိုင်သည်။ ရာဇဝတ်တရား ရုံးသည်၊ တရားခံအားပြစ်ဒဏ်စီရင်နိုင်ရန်အတွက်၊ ပြစ်မှု၏အခြေ အနေကို သိရှိနိုင်ရန်အလို့ငှါ၊ သက်သေများကိုလိုအပ်လျှင်ခေါ်ယူ စစ်ဆေးပြီးနောက်၊ ပြစ်ဒဏ်စီရင်နိုင်သည်။

(c) အဒိန် (ယ) အရပြစ်ဒဏ်မစီရင်သောအခါတွင်ဖြစ်စေ၊ တရားခံက၊ ပြစ်မှုကျူးလွန်ကြောင်းဝန်မခံသောအခါ၌ဖြစ်စေ၊ရာဇဝတ်တရားရုံးသည်၊ တရားလိုနှင့်ရင်း၏သက်သေတို့တို ကြားနာခြင်း၊ တရားခံ အားစစ်ဆေးခြင်း၊ တရားခံ၏သက်သေတို့ကိုကြားနာခြင်းများကိုပြု လုပ်ရမည်။ထိုသို့စစ်ဆေးရာတွင် အကျဉ်းနည်းဖြင့်ကြားနာစစ်ဆေး လျက်၊ သက်သေအသီးသီး၏ ထွက်ချက်များ.ကိုအတိုချုပ်ရေးမှတ် ထားရမည်။

(စ) သက်သေတဦး၏ ထွက်ဆိုချက်မှာ၊ ကြားနာစစ်ဆေးသောအမှုတွင် အရေးပါ အရာ.ရောက်လိမ့်မည်မဟုတ်ဟုရာဇဝတ်တရားရုံးကကျေ နပ်လျှင်၊ ထိုသက်သေကိုဆင့်ခေါ်ခြင်းမပြုဘဲ ပယ်နိုင်သည်။

(ဆ) တရားမှန်ကန်စွာစစ်ဆေးနိုင်ခြင်းအတွက်မှတပါး၊ အမှုစစ်ဆေးကြား နာစီရင်ခြင်းကိုရွှေ့ဆိုင်းရန်လိုမည်ဟုမထင်မြင်လျှင်၊ ရာဇဝတ်တရား ရုံ.မှာ၊မည်သည့်ကိစ္စအတွက်မျှအမှုစစ်ဆေးကြားနာခြင်းကိုရွှေ့ဆိုင်း ရန်တာဝန်မရှိစေရ။

(ဇ) အဒိန် (ဃ) အရ သက်သေများစစ်ဆေးပြီးသော.အခါဖြစ်စေ၊လိုအပ် သောသက်သေများ ကိုဆင့်ခေါ်စစ်ဆေးပြီးသော.အခါ.ဖြစ်စေ၊ ရာဇ ဝတ်တရာ.ရုံးသည်၊တရားခံပြစ်မှုကျူးလွန်ကြောင်းလုံလောက်သော သက်သေခံချက်မရှိဟုကျေနပ်လျှင်၊ တရားခံ.အား တရားသေလွှတ် ရမည်၊ သို့တည်းမဟုတ်တရားခံပြစ်မှုကျူးလွန်ကြောင်းလုံလော.က် သော သက်သေခံချက်ရှိသည်ဟု ကျေနပ်လျှင်၊ တရားခံအား သက် ဆိုင်ရာတရားဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၁၇။ ။တည်ဆဲအခြား.တရား.ဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည် ထောင်စုမြန်မာနိုင်ငံ တော်လှန်.ရေးအဖိုးရက အမိန့်ကြော်ငြာစာဖြင့်၊ အခါအား လျော် စွာသတ်မှတ်သော.ဒေသအ.ဘွင်းဖြစ်ပွါးသောပြစ်မှုတခုခုအတွက်၊တဦးတယောက်သော သူအား၊ရာဇဝတ်တရားရုံးကဖြစ်စေ၊ ပုဒ်မ ၁၁ အရ ဖွဲ့စည်းထားသည့် ရာဇဝတ် ခုံ ရုံးကဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်သောဒဏ်ခါ၊ အဆိုပါပြစ်မှုတခု.အတွက် သက်ဆိုင်ရာ တရား.ဥပဒေအရ ပြဋ္ဌာန်းထားသောပြစ်ဒဏ်အစား.ဖြစ်စေ၊ ထိုပြစ်ဒဏ်နှင့်ပူးတွဲလျက် ဖြစ်စေ၊ ငွေဒဏ်၊သို့တည်းမဟုတ် ငွေဒဏ်နှင့်လျော်ကြေးပစ္စည်းပေး.ဒဏ် ထိုက်သင့်စေ နိုင်သည်။

၁၈။ ။ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁) တွင် သီးခြားဖေါ်ပြထားသည့် တရားမရုံး များသည်၊ တရားမမှုစီရင်ခြင်းနှင့်စပ်လျဉ်း၍၊ ဤ.ဥပဒေအာဏာ တည်သည့်ဒေသတွင် သီးခြားပါ.ဝင်သော နယ်ခြေအသီးသီးနှင့်သက်ဆိုင်သော တည်ဆဲအခြား.တရား.ဥပဒေ တခုခုနှင့် ပြဋ္ဌာန်းထားသည့် ကျင့်ထုံးများကိုလိုက်နာရမည့်ပြင်၊ တရားမကျင့်ထုံး.ဥပဒေပါ ပြဋ္ဌာန်းချက်များ.ကိုလည်း လိုက်နာနိုင်သမျှ လိုက်.နာရမည်။ တရားမကျင့်ထုံ.ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုမလိုက်နာနိုင်လျှင်၊ မည်သည့်အ.ဘွက်.မလိုက်.နာနိုင်ကြောင်း သက် ဆိုင်ရာအမှုတွဲတွင် ရေးသား.ဖေါ်ပြရမည်။

၁၉။ ။ပုဒ်မ ၁၈ တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုတော်မှာနိုင်ငံတော်လွှတ်တော်အစိုးရက၊ အမိန့်ကြေငြာစာဖြင့်၊ အခါအားလျော်စွာ သတ်မှတ်သော ဒေသ၌ တည်ရှိသောဘဏ္ဍာမရုံ များသည်၊ တရားမမှုစီရင်ခြင်းနှင့်စပ်လျဉ်း၍၊ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) တရားမမှုဖြစ်ပွားသောဒေသရှိ၊ သို့တည်းမဟုတ် တရားခံနေထိုင်ရာဒေသရှိ တရားမရုံးတွင် တရာ မမှုများစွဲဆိုနိုင်သည်။

(ခ) တရားမရုံးသည်၊ တရားလိုကိုစစ်ဆေးပြီး၊ အောက်ပါကြောင်းခြင်းရာတခုခုဂုဏ်ဝေဒနာရှိလျှင်၊ အဆိုလွှာ ကိုပလပ်ရမည်။

(၁) လုံလောက်သောအကြောင်းဘဝခုခုမရှိဘဲ၊တရားစွဲဆိုရာဘက်ကြောင်းဖြစ်ပေါ်သည့်နေ့ရက်မှ တဆယ်နှစ်နှစ် ကျော်လွန်ပြီးဖြစ်သော၊ မရှေ့မပြေးနိုင်သည့် ပစ္စည်းများဘေးမွေဆက်ခံခြင်း၊ အမွေခွဲခြင်းကိစ္စများနှင့်ပတ်သက်လျဉ်းသည့် တရားမမှုများဖြစ်ခြင်း။

(၂) လုံလောက်သောအကြောင်းတခုခုမရှိဘဲ၊တရားစွဲဆိုရာပဒေသကြောင်းဖြစ်ပေါ်သည့်နေ့ရက်မှ သုံးနှစ်ကျော်လွန်ပြီးဖြစ်သော အခြားတရားမမှုများဖြစ်ခြင်း။

(ဂ) အပိုဒ် (ခ) အရအဆိုလွှာကို ပလပ်ခြင်းမပြုလျှင်၊ တရားခံကို ဆင့်ခေါ်ရမည်။

(ဃ) ချိန်းဆိုသောနေ့ရက်တွင်၊ တရားလိုနှင့် တရားခံ မလာရောက်လျှင်၊ သို့တည်းမဟုတ် တရားခံလာရောက်ပြီး၊တရားလိုမလာရောက်လျှင်၊ အဆိုလွှာကိုပလပ်ရမည်။ အကယ်၍တရားလိုလာရောက်ပြီး၊ တရားခံသည်၊ ဆင့်ဆိုချက်ရှိရှိလျက် လာခဏက်ရန် ပျက်ကွက်လျှင်၊ တရားမရုံးသည်၊ အမှုကို တဘက်သတ် စစ်ဆေးစီရင်နိုင်သည်။

(c) တရားလို၊ တရားခံတို့လာရောက်လျှင်၊အမှု၏ ကြောင်းခြင်းရာအချက်တို့ကို သတ်မှတ်ပြီးနောက်၊ ထိုအချက်များနှင့် စပ်လျဉ်း၍၊ နှစ်ဦးနှစ်ဘက်သက်သေတို့ကို စစ်ဆေးရမည်။ သက်သေထွက်ချက်များကို အတိုချုပ်ရေးမှတ်ထားရမည်။

(စ) တရားမရုံးသည်၊ အမှု၏ကြောင်းခြင်းရာအချက်များ၊ ဆုံးဖြတ်ချက်များနှင့်အကျဉ်းဓိဂ၊ သို့တည်းမဟုတ် အမိန့်ချမှတ်ရမည်။ တရားမရုံးသည်၊စရိတ်နှင့်စပ်လျဉ်း၍၊သင့်လျော်သောအမိန့်ကိုချမှတ်နိုင်သည်။

(ဆ) အပိုဒ် (စ) အရဖြစ်စေ၊ အထက် တရားမရုံး တရုံးက ဖြစ်စေ၊ ချမှတ်သော ဒီဂရီကို၊ သို့တည်းမဟုတ် အမိန့်ကို ဇာရီပြုလုပ်ရန် လျှောက်ထားသောအခါ၊တရားမရုံးသည်၊ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၁) ပစ္စည်းပြန်လည်ရရှိရန် စွဲဆိုသည့်အမှုနှင့် စပ်လျဉ်းသော ဒီဂရီဖြစ်လျှင်၊ တရားနိုင်၏ လက်ဝယ်သို့ ပစ္စည်း ရောက်စေရန် ဆောင်ရွက်ရမည်။

(၂) ငွေပြန်ပေးရန် စွဲဆိုသည့်အမှုနှင့် စပ်လျဉ်းသော ဒီဂရီဖြစ်လျှင်၊ တရားရှုံး၏ ပစ္စည်းများကို သိမ်းယူလျက်၊ လေလံတင်ရောင်းချ

နိုင်သည်၊ သို့တည်းမဟုတ်ပြဋ္ဌာန်းထားသော တရားမထောင်တွင်တရားရှုံးအား၊ သုံးလထက်မပိုသည့် ကာလအပိုင်းအခြား အထိချုပ်ထားရန် အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင် တရားရှုံးသည်၊ အမှန်ပင် ဆင်းရဲ၍ ပေးဆပ်ရန် အခြေအနေမရှိကြောင်း ထင်ရှားလျှင်၊ သို့တည်းမဟုတ် အခြားလုံလောက်သောအကြောင်းရှိလျှင်၊တရားမရုံးသည်၊တရားရှုံးအား၊ တရားမထောင်တွင် ချုပ်ထားရန် ငြင်းဆိုနိုင်သည်။ထို့ပြင်တရားရှုံးသည်၊ လုံလောက်သောအာမခံပေးလျှက်၊ ဒီကရီ ကျွေးကို အရစ်ကျပေးဆပ်ရန် ဝန်ခံချက်ပေးလျှင်၊ အရစ်ကျပေးဆပ်နိုင်ရန်အတွက် လိုအပ်သော အဖိအစည်းပြုလုပ်နိုင်သည်။

(၈) ပြည်ထောင်စုမြန်မာနိုင်ငံတော်လွှတ်တော်ရေးအဖိုးရသည်၊တရားမထောင်ချခြင်းနှင့်စပ်လျဉ်း၍၊ တရားနိုင်ကကျေးမွေးစရိတ် မည်မျှပေးရမည်၊ ဒီကရီကျွေအချိုးအလိုက် အချိန်ကာလ မည်မျှဘရားမထောင်ချရမည်တို့ကို၊ အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ၊ ဒေသအလိုက်သတ်မှတ်နိုင်သည်။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လွှတ်တော်ရေးအဖိုးရသည်၊ တရားမမှုများ အတွက်ငင်း၊ လျှောက်လွှာများ အတွက်ငင်း၊ ပေးဆောင်ရမည့် တံဆိပ်တော်ခွန်အပြင်၊ အမှုသည်များကပေးရမည့် သက်သေစရိတ်တို့ကို၊ အခါအားလျော်စွာ ဒေသအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

အရပ်ဖုံးဆိုင်ရာပြဋ္ဌာန်းချက်များ။

၂၀။ ။ဤဥပဒေအရဖြစ်စေ၊ဤဥပဒေအပြေသည့် နည်းဥပဒေများအရဖြစ်စေ၊ ရိုးသားသော်သဘောဖြင့် ပြုလုပ်သည့်အတွက်သော်၎င်း၊ ပြုလုပ်ရန်ကြံရွယ်၍ ဆောင်ရွက်သည့်အတွက်သော်၎င်း၊ မည်သူကိုမျှ၊ ရာဇဝတ်မှုစွဲဆိုခြင်း၊ တရားမှုစွဲဆိုခြင်း၊ အခြားမှုခင်းပြုလုပ်ခြင်းမရှိစေရ။

၂၁။ ။မည်သူကမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအပြေသည့် နည်းဥပဒေများအရဖြစ်စေ။ ရိုးသားသောသဘောဖြင့် အရေးယူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်သည့် မည်သည့်ဆုံးရှုံးနစ်နာမှုအတွက်မျှ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လွှတ်တော်ရေးအစိုးရ၌ တာဝန်မရှိစေရ။

၂၂။ ။တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လွှတ်တော်ရေးအဖိုးရသည်၊ အခန်းကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေ အာဏာတည်သည့်ဒေသများတွင်၊ အာဏာတည်ယျက်ရှိသော အက်ဥပဒေတခုလုံး ကိုသော်၎င်း၊ တစိတ်တဒေသကိုသော်၎င်း၊ အာဏာတည်ခြင်းမှ ရပ်စဲစေနိုင်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လွှတ်တော်ရေးအဖိုးရက၊ ထိုအမိန့် ကြော်ငြာစာဖြင့် ဖြစ်စေ၊ အခြားအမိန့်ကြော်ငြာစာထုတ်ပြန်၍ဖြစ်စေ၊ အဆိုပါဒေသအားလုံး၊ သို့တည်း

မဟုတ် တစိတ်တဒေသတွင် အာဏာမတည်သေးသော တရားဥပဒေ အားလုံးသည်၊ သို့တည်းမဟုတ် တခုခုသည်၊ ဤဥပဒေအာဏာတည်ရှိနေသမျှ၊ ထိုဒေသများနှင့် သက်ဆိုင်စေရမည်ဟုလည်း ဆင့်ဆိုနိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လွှတ်တော်ရေးအစိုးရ၏အာဏာများ။

၂၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လွှတ်တော်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေနှင့်ကိုက်ညီသော နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) နယ်ခြားဒေသ အုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမှုထမ်းများ၏ အာဏာနှင့် တာဝန်ဝတ်တရားများ ပြဋ္ဌာန်းရန်ကိစ္စ၊

(ခ) ရာထမ်းမှုထမ်းများ စည်းကမ်းသေဝပ်မှု ရရှိရေးကိစ္စ။

(ဂ) ရာထမ်းမှုထမ်းများ လွှဲပြောင်းအမှုထမ်းရွက်စေခြင်းဆိုင်ရာ စည်းမျဉ်းများကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) ရာထမ်းမှုထမ်းများအတွက် ဒေသအလိုက် ရှားပါးစရိတ်ပေးရန်ကိစ္စ။

(င) ရာထမ်းမှုထမ်းများနေထိုင်ရေး၊ လူမှုဖူလုံရေးနှင့် အခြားသက်သာချောင်ချိရေးကိစ္စများ။

(စ) ဤဥပဒေအရ တည်ထောင်သော ရာဇဝတ်ရုံးနှင့် တရားမရုံးများမှ ချမှတ်သောဒီရင်ချက်၊ သို့တည်းမဟုတ် အမိန့်များကို အယူခံဝင်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းသတ် ကာလအပိုင်းအခြားသတ်မှတ်ခြင်းကိစ္စ။

(ဆ) တရားမမှုများတွင် တဘက်သတ် ဒီကရီချမှတ်ခြင်းကို ပယ်ဖျက်ရန် လျှောက်ထားရမည့် စည်းကမ်းသတ် ကာလ အပိုင်း အခြားနှင့် လျှောက်ထားရန် နည်းလမ်းသတ်မှတ်ခြင်းကိစ္စ။

(ဇ) ဤဥပဒေအရ ပြဋ္ဌာန်းရန်လိုအပ်သောအခြားကိစ္စများ။

၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြေထွက်ပစ္စည်း ဝယ်ယူမှုစည်းမျဉ်းသတ်မှတ်ရေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉۶၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြေထွက်ပစ္စည်းဝယ်ယူမှုစည်းမျဉ်းသတ်မှတ်ရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်၊ သတ်မှတ်သည့် နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ တည်ဆဲအခြား တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အမိန့်ကြော်ငြာစာဖြင့် မည်သူမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့်နေ့ရက်မှစ၍ သီးခြားဖေါ်ပြသည့် ဒေသတွင် ကောက်ပဲသီးနှံလယ်ယာခြေထွက်ပစ္စည်း ဝယ်ယူရာ၌ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် အဆိုပါပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ သီးခြားဖေါ်ပြသည့် အချိန်အတွယ် ကိရိယာ အလေး တင်း တောင်း အတိုင်းအတာကို အသုံးပြုရမည်ဟု ညွှန်ကြားနိုင်သည်။

၃။ ။မည်သူမဆို အစိုးရပြဋ္ဌာန်းထားသော သီးနှံအမျိုးအစား အလိုက် ကောက်ပဲသီးနှံလယ်ယာခြေထွက်ပစ္စည်းများဝယ်ယူရာတွင်—

(၁) မမှန်ကန်သောအလေးချိန်ဖြင့် ဝယ်ယူလျှင် သော်၎င်း၊ သို့တည်းမဟုတ် မမှန်ကန်သော တင်း တောင်း အတိုင်း အတာနှင့် ဝယ်ယူလျှင်သော်၎င်း၊

(၂) ဗမှန်ကန်သော အချိန်အတွယ် ကိရိယာကိုသော်၎င်း၊ မမှန်ကန်သော တင်း တောင်း အတိုင်းအတာကို အသုံးပြုလျှင်သော်၎င်း၊

(၃) အစိုးရကပြဋ္ဌာန်းထားသည့်အတိုင်း၊အလေးချိန်ဖြင့် ဝယ်ယူရမည့် ပစ္စည်းကို အလေးချိန်ဖြင့် ဝယ်ယူခြင်း မပြုလျှင်သော်၎င်း၊ သို့တည်းမဟုတ် တင်း တောင်း အတိုင်း အတာဖြင့် ဝယ်ယူရမည့်ပစ္စည်းကို တင်း တောင်း အတိုင်း အတာနှင့် ဝယ်ယူခြင်း မပြုလျှင်သော်၎င်း၊ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေ အနည်းဆုံး ၃,၀၀၀ ဖြစ်စေ၊ သို့တည်းမဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၄။ ။ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခု.ကို သက်ဆိုင်ရာ ခရိုင် လုံ ခြုံရေးနှင့် အုပ်ချုပ်မှုကော်မိတီ၏ကြိုတင်ခွင့်ပြုချက်မရဘဲ၊ မည်သည့်တရားရုံးကမျှ အရေးမယူရ။ ထို့ပြင် ပဌမတန်းအာဏာရ ရာဇဝတ်တရားသူကြီး အောက်အဆင့်အတန်း နိမ့်သော မည်သည့်ရာဇဝတ်တရားသူကြီးကမျှ ထိုပြစ်မှုမျိုးကိုမစစ်ဆေးရ။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာ စာဖြင့် မည်သူ့ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်လုပ်ငန်းကိုမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ ခြွင်းချက်များဖြင့် ဖြစ်စေ၊ ခြွင်းချက်မပါ.ဘဲ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၆။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာ စာဖြင့်၊ ဤဥပဒေပါကိစ္စများအထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေ များပြုနိုင်သည်။

၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''သမိုင်းဝင်ပုဂ္ဂိုလ်'' ဆိုသည်မှာ၊ မြန်မာနိုင်ငံ သမိုင်းတွင် ထင်ရှားကျော်စောခဲ့ နိုင်ငံအတွက်သော်၎င်း၊ အမျိုး၊ဘာသာ၊ သာသနာ၊ စာပေအတွက်သော်၎င်း အကျိုးပြုဆောင်ရွက်ခဲ့ သောမျိုးချစ်ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ခ) ''အထိမ်းအမှတ်မော်ကွန်း'' ဆိုသည်မှာ၊ အများပြည်သူတို့နှင့် သက်ဆိုင်သည့် နေရာဌာနများတွင် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသောအဆောက်အဦ၊ ကြေးရုပ်၊ကျောက်ရုပ်၊ ကျောက်တိုင်၊ သို့တည်းမဟုတ် ဥယျာဉ်ပန်းခြံကိုဆိုလိုသည်။

(ဂ) ''ယဉ်ကျေးမှု ကောင်စီ'' ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံယဉ်ကျေးမှု ကောင်စီကိုဆိုလိုသည်။

(ဃ) ''ဒေသန္တရအာဏာပိုင်'' ဆိုသည့် စကားရပ်တွင်၊ ရန်ကုန်မြို့နယ်ပါယ် ကော်ပိုရေးရှင်းအဖွဲ့၊ မြို့နယ်ပါယ်အဖွဲ့နှင့် အခြား ဒေသန္တရအဖွဲ့များပါဝင်သည်။

(င) ''ထိန်းသိမ်းရေးအဖွဲ့'' ဆိုသည်မှာ၊ ဤဥပဒေအရ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက် အမိန့်ကြော်ငြာစာဖြင့် တာဝန်လွှဲအပ်ခြင်းခံရသော ဒေသန္တရအာဏာပိုင်ကိုဆိုလိုသည်။ ထိုစကားရပ်တွင် ယဉ်ကျေးမှုကောင်စီပါဝင်သည်။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အများပြည်သူတို့နှင့် သက်ဆိုင်သော သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို တည်ဆောက်

ရန်ဂင်း၊ထိုအထိမ်းအမှတ်မော်ကွန်းကို ခုံညားထည်ဝါစွာမွမ်းမံစေရန်ဂင်း၊ ထိန်းသိမ်းစောင့်ရှောက်ရန်ဂင်း၊ ကြီးကြပ်မှုန်ဂင်း တာဝန်ပေးနိုင်သည့် အာဏာသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လှန်ရေးအစိုးရ၌သာလျှင် တည်ရှိရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အများပြည်သူတို့အကျိုးငှါ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို အခါအားလျော်စွာတည်ဆောက်နိုင်သည်။

(၃) သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်း တည်ဆောက်ရန်စရိတ်ငွေကို ယဉ်ကျေးမှုကောင်စီ ရံပုံငွေထဲမှကျခံသုံးစွဲနိုင်သည်။

(၄) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ တည်ဆောက်သည့် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်မော်ကွန်းကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ခုံညားထည်ဝါစွာ မွမ်းမံရန်အလိုငှါ၊ ထိုအထိမ်းအမှတ် မော်ကွန်းတည်ရာဒေသနှင့် သက်ဆိုင်သည့် ဒေသန္တရ အာဏာပိုင်အား၊ ထိန်းသိမ်းရေးအဖွဲ့အဖြစ်ဌာနဆိုင်ရာ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်လွှဲအပ်နိုင်သည်။

(၅) ဤပုဒ်မပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် သမိုင်းဝင်ပုဂ္ဂိုလ်အသီးသီး၏ အထိမ်းအမှတ် မော်ကွန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်၊ ရုံးကုန်ကြေးနှိုးစိပါယ် ကော်ပိုရေးရှင်းအဖွဲ့အား၊ ထိန်းသိမ်းရေးအဖွဲ့အဖြစ် ကျေးဇူးပြုပြီးသည်ဟု မှတ်ယူရမည်။

(၆) ဤပုဒ်မအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာကို—

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ မည်သည့်အခါမဆိုပယ်ဖျက်နိုင်သည်၊ ထို့ပြင်

(ခ) မပယ်ဖျက်သေးလျှင်၊ ယင်းသို့ မပယ်ဖျက်သေးသမျှ ကာလပတ်လုံး၊ အဆိုပါအမိန့်ကြော်ငြာစာမှာ၊ ၎င်းဘွင်သီးခြားဖော်ပြထားသော သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဖြစ်ကြောင်း၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်သည် ထိန်းသိမ်းရေး အဖွဲ့ဖြစ်ကြောင်း ဖိုင်လုံသော သက်သေခံအထောက်အထားဖြစ်ရမည်။

၄။ ။(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ၊ သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်း တည်ဆောက်ခြင်း မပြုရ၊ သို့တည်းမဟုတ် တည်ဆောက်ခြင်းမပြုစေရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြင့်စေ ဒဏ်ခြင်းခံရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပုဒ်မခွဲ(၁)ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ သူတဦးတည်း တည်ဆောက်ထားသော မည်သည့်သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းကိုမဆို၊ သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်းရှေ့ပြောင်းရန်၊ အမိန့်ဖြင့် ညွှန်ကြားနိုင်သည်။ ထိုသူကအဆိုပါ အမိန့်ကို လိုက်နာရန် ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ကော်လိတ်တော်အရာရှိ

သည်အဆိုပါသမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းကို ရှေ့ပြောင်းစေနိုင်သည်။ ထိုသို့ရွှေ့ပြောင်းရာတွင် ကုန်ကျသည့် စရိတ်ကို၊ ထိုသူကပေးဆောင်ရမည်။

၅။ ။သခိုင်းဝင် ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းနှင့် စပ်လျဉ်းသည့် ထိန်းသိမ်းရေးအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိန်းသိမ်းရေးအဖွဲ့သည်၊ထိုအထိမ်းအမှတ် မော်ကွန်းဆိုင်ရာ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ကျန်စစ္စာ မြင်ဆင်ထားရှိရန်၎င်း၊ အထိမ်းအမှတ်မော်ကွန်း ဥပစာမပျက်မစီးစေရန်၎င်း၊ အထိမ်းအမှတ် မော်ကွန်းဥပစာ၌ မဖွယ်မရာမဖြစ်စေရန်၎င်း၊ ခွင့်မရသောသူများကျော်နင်း ဝင်ရောက်ခြင်း မပြုစေရန်၎င်း၊ တိရစ္ဆာန်များ ဝင်ရောက်လာခြင်းမပြုစေရန်၎င်း လိုအပ်သလို အရေးယူဆောင်ရွက်နိုင်သည်။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ကိစ္စများအလိုင်္ဂ၊ နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထူးအားဖြင့် ပုဒ်မခွဲ (၁) ပါ အာဏာများ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရ၊တာဝန်လွှဲအပ်သောသမိုင်းဝင် ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းနှင့်၎င်း၏ ဥပစာအတွင်းတွင် အနေအထားခင်းကျင်းသတ်မှတ်ခြင်း၊ မွမ်းမံခြင်း၊ ကြည့်ရှုစောင့်ရှောက်စီမံခြင်းကိစ္စ။

(ခ) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရ တာဝန်လွှဲအပ်သောသမိုင်းဝင် ပုဂ္ဂိုလ်၏ အထိမ်းအမှတ်မော်ကွန်း ဥပစာအတွင်း အများပြည်သူဘို့လာရောက်ကြည့်ရှုနိုင်သော စည်းကမ်းများနှင့် ဥပစာအတွင်းစုရုံးစည်းဝေးပွဲများ ကျင်းပနိုင်သော စည်းကမ်းချက်များ သတ်မှတ်ရေးကိစ္စ။

(ဂ) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရ တာဝန်လွှဲအပ်သောပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပျက်စီးစေမှု၊ နှောင့်ရှက်မှုတို့ကို တားဆီးခြင်း၊ ဥပစာအဘွင်းသို့ ကျူးကျော်ဝင်ရောက်လာမှုကို၊ သို့တည်းမဟုတ် တိရစ္ဆာန်များ ခေါ်ဆောင်လာမှုကို တားဆီးခြင်းကိစ္စ။

(ဃ) သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်း ဥပစာအတွင်းတွင် ညစ်ညမ်းအောင်ပြုမှု၊ မဖွယ်မရာပြုမှု၊ မရိုမသေပြုမှု၊ထို့ပြင် ဥပစာအတွင်းရှိပစ္စည်းအစရှိသည်တို့ကို မတရားသဖြင့် အသုံးပြုမှုတို့ကို တားဆီးခြင်းကိစ္စ။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤပုဒ်မ အရ နည်းဥပဒေများပြုရာတွင်၊ နည်းဥပဒေတခုခုကို ဖေါက်ဖျက်သည့်အတွက် သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟု ပြဋ္ဌာန်းနိုင်သည်။

ခရာက်ဆက်တွဲ ၈ ယာ။

[ပုဒ်မ ၃၊ ပုဒ်မခွဲ(၄)နှင့်(၅)ကိုကြည့်ပါ]

သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းနှင့် ထိန်းသိမ်းရေးအဖွဲ့စာရင်း။

အမှတ်စဉ်။	သမိုင်းဝင်ပုဂ္ဂိုလ်၏အထိမ်းအမှတ်မော်ကွန်း။	ထိန်းသိမ်းရေးအဖွဲ့။
(၁)	မဟာဗန္ဓုလပန်းခြီ၊ ရန်ကုန်မြို့	ရန်ကုန်မြို့နီစီပါယ်ကော်ပိုရေးရှင်းအဖွဲ့။
(၂)	ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် နှင့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြီ၊ ရန်ကုန်မြို့။	၎င်း
(၃)	သခင်မြပန်းခြီ၊ ရန်ကုန်မြို့	၎င်း
(၄)	ဦးဝိစာရကျောက်တိုင်၊ရန်ကုန်မြို့	၎င်း

၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၇၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေပုဒ်မ ၃ တွင်—

(က) ပုဒ်မခွဲ(၁)အစား၊ အောက်ပါကို ပုဒ်မခွဲ(၁)အဖြစ် ထည့်သွင်းရမည်။

"(၁) ဤအက်ဥပဒေပါကိစ္စများကို၊ ဆောင်ရွက်ရန် အလို့ငှါ၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့ဟုခေါ်သည့် အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

အဖွဲ့စည်းခြင်း။

<u>ဥက္ကဋ္ဌ</u>

(က) မြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရက ရွေးချယ်ခန့်ထားသောပုဂ္ဂိုလ်တဦး။

<u>အခြားအဖွဲ့ဝင်များ</u>

(ခ) စက်မှုလက်မှုဌာနမှ ကိုယ်စားလှယ်တဦး။
(ဂ) အမျိုးသားစီမံကိန်းဌာနမှ ကိုယ်စားလှယ်တဦး။
(ဃ) စက်မှုလက်မှုညွှန်ကြားရေးဝန်။
(င) စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တဦး။
(စ) စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့မှကိုယ်စားလှယ်တဦး။
(ဆ) ရန်ကုန်စက်မှုလက်မှုအတတ်သင်ကျောင်း၊ ကျောင်းအုပ်ကြီး။
(ဇ) ရန်ကုန်တက္ကသိုလ်သိပ္ပံမဟာဌာနမှ ကိုယ်စားလှယ်တဦး။
(ရ) ကာကွယ်ရေးဌာနမှ ကိုယ်စားလှယ်တဦး။
(ဈ) မြန်မာနိုင်ငံ သုတေသနကောင်စီဥက္ကဋ္ဌ။

(၄) အမှုဆောင်သုတေသနကော်မီတီဥက္ကဋ္ဌ။

(၅) ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ဝိုရေးရှင်းမှ ကိုယ်စားလှယ်တဦး။

(၃) မြန်မာနိုင်ငံစီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်းမှကိုယ်စား လှယ်တဦး။

(၈) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ပြင်ပမှ ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ် ၃ ဦး။''

(ခ) ပုဒ်မခွဲ (၄) ကိုပယ်ဖျက်ရမည်။

၃။ ။ပုဒ်ဆိုပါ အက်ဥပဒေပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

''၄။ ။(၁) ပုဒ်မ ၃ (၁) (က) အရ ခန့်ထားခြင်းခံရသည့် ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြေငြာစာဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

ရာထူးသက်တမ်း

(၂) ပုဒ်မ ၃ (၁) (ခ) အရ ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြေငြာစာဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) အရ သတ်မှတ်သည့် ရာထူးသက်တမ်းမှာ ၅ နှစ်တက်မကျော်လွန်စေရ။

(၄) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများသည်၊ မိမိတို့၏ရာထူးသက်တမ်းကုန်ဆုံးသော်လည်း၊ ဥက္ကဋ္ဌသစ်နှင့် အဖွဲ့ဝင်လူကြီးသစ်များခန့်ထားသည့်တိုင်အောင် မိမိတို့၏အာဏာများနှင့် တာဝန်ဝတ်တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်ပြင်၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ်ပြန်လည်ခန့်ထားခြင်းကိုလည်း ခံနိုင်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ အစား၊ အောက်ပါကို ပုဒ်မ ၆ အဖြစ်ထည့်သွင်းရမည်။

''၆။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်အခါမဆို အဖွဲ့ဝင်လူကြီးအားလုံး၏၊ သို့တည်းမဟုတ် တဦးဦး

အဖွဲ့ဝင်လူကြီးများ၏ ရာထူးကိုရပ်စဲခြင်း၊

၏ရာထူးကိုရပ်စဲနိုင်သည်။''

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ အစား၊ အောက်ပါကို ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

''၉။ ။ဥက္ကဋ္ဌသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အစည်းအဝေး တိုင်းဌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်သည့်အခါ၊ အစည်းအဝေး တက်ရောက်သော အဖွဲ့ဝင်လုကြီးများသည်၊ မိမိတို့အထဲမှအဖွဲ့ဝင် လုကြီးတဦးကို၊ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရန်တင်မြှောက်ရမည်။''

အစည်းအဝေးသဘာပတိ။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ တွင်၊ ''ဖွဲ့စည်းရေးမည်'' ဆိုသည့်စကားရပ် အစား၊ ''ဖွဲ့စည်းနိုင်သည်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၆-က အဖြစ်ထည့်သွင်းရမည်။

''၁၆-က။ ။ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာနိုင်ငံ သုတေသန အဖွဲ့ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ဖျက်သိမ်း၍၊ ပုဒ်မ ၃ အရမြန်မာနိုင်ငံ သုတေသနအဖွဲ့သစ်တခုကိုမဖွဲ့စည်းခဲ့လျှင်၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့ပိုင် ပစ္စည်းနှင့် ကြေးမြီတာဝန်အားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၌တည်ရှိရမည်ဖြင့်၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့သစ်တခုဖွဲ့စည်းသည့်အချိန်တိုင်အောင်၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အာဏာနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။''

မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ပစ္စည်းနှင့်ကြေးမြီတာဝန် အစိုးရ၌ တည်ရှိခြင်း။

၈။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၈ အစား၊ အောက်ပါကို ပုဒ်မ ၁၈ အဖြစ်ထည့်သွင်းရမည်။

''၁၈။ ။(၁) သုဘေသနလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးသည်၊ ရာထူးအလျောက် မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အတွင်းရေးမှူးဖြစ်ရမည်။

(၂) မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ လက်ထောက်အတွင်းရေးမှူးတဦးကိုခန့်ထားရမည်။ လက်ထောက်အတွင်းရေးမှူးသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့ကဖိတ်အားလွှဲအပ်သည့်မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ သုံးစွဲဆောင်ရွက်ရမည်။ အတွင်းရေးမှူးနှင့် လက်ထောက်အတွင်းရေးမှူးတို့သည် မြန်မာ

မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အတွင်းရေးမှူးနှင့် ထက်ထောက် အတွင်းရေးမှူး။

နိုင်ငံသုတေသနအဖွဲ့၏ အစည်းအဝေးအားလုံးသို့ တက်ရောက်ရမည်။ သို့ရာတွင်အတွင်းရေးမှူးနှင့်လက်ထောက်အတွင်းရေးမှူးတို့၌ မဲပေးနိုင်ခွင့်မရှိစေရ။''

၉။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၅ အစား၊ အောက်ပါကိုပုဒ်မ ၂၅ အဖြစ် ထည့်သွင်းရမည်။

''၂၅။ ။(၁) ပုဒ်မ ၂၄ တွင်ဖော်ပြထားသောတာဝန်ဝတ်တရားများ အဖွဲ့၏အာဏာများ။ များပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍မြန်မာနိုင်ငံ သုတေသနအဖွဲ့၌ လုံးဝအာဏာရှိရမည်။ ထို့ပြင်မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများအတွက်သုံးစွဲရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံမှ ထောက်ပံ့ငွေများရယူနိုင်သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကပေးသော ငွေများကိုအခန်း ၆ တွင်သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လုပ်ဆောင်မှုများမှ ဝင်ငွေရရှိရန်သုံးစွဲခြင်းကိစ္စ။

(ခ) ဤအက်ဥပဒေပါ၊ ကိစ္စများအတွက် ရ-သုံးမှန်းခြေ ငွေစာရင်းများပြုလုပ်ရန်၊ အတည်ပြုရန်၊ အသုံးစရိတ်များကိုခွင့်ပြုရန်၊ ပဋိညာဉ်စာချုပ်များချုပ်ဆိုရန်နှင့် အခြားလိုအပ်သောလုပ်ငန်းဆောင်တာများနှင့်စပ်လျဉ်း၍ စည်းကမ်း ဥပဒေများ ပြုရန်။

(၂) မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သင့်တော်သည့်မိမိအာဏာနှင့်တာဝန်ဝတ်တရားများကို ဥက္ကဋ္ဌအားသော်၎င်း၊ အုပ်ချုပ်ရေးမှူးအားသော်၎င်း လွှဲအပ်နိုင်သည်။ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးသည်၊ ယင်းသို့လွှဲအပ်သည့်အလျောက်၊ ၎င်းကဆောင်ရွက်သည့်ကိစ္စများကို၊နောက်တကြိမ်ကျင်းပမည့် မြန်မာနိုင်ငံ သုတေသနအဖွဲ့ အစည်းအဝေးသို့ အတည်ပြုရန်တင်ပြရမည်။''

၁၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၈ အစား၊ အောက်ပါကို ပုဒ်မ ၂၈ အဖြစ်ထည့်သွင်းရမည်။

''၂၈။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့က၊ ၎င်း၏အာဏာများနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ပြည်ထောင်စု အစိုးရ၏ထောက်ပံ့ငွေ။ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည့် ထင်မြင်သည့် ထောက်ပံ့ငွေများကို၊ မိမိသင့်သည့်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ အခွန်တော်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ မြန်မာနိုင်ငံ သုတေသနအဖွဲ့သို့ အခါအားလျော်စွာ ထုတ်ပေးနိုင်သည်။''

၁၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၁ တွင်၊ အပိုဒ်(က)ကိုပယ်ဖျက်ရမည်။

၁၂။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄၀ အစား၊ အောက်ပါကို ပုဒ်မ ၄၀ အဖြစ်ထည့်သွင်းရမည်။

"၄၀။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လက်ထောက်အတွင်းရေးမှူး သည်၊ ကော်မီတီ၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်၍ ကော်မီတီ အစည်းအဝေးများသို့တက်ရောက်ရမည်၊ သို့ရာတွင်ဝင်းဌမဲပေး နိုင်ခွင့်မရှိစေရ။"

ကော်မီတီအတွင်းရေးမှူး။

၁၉၆၂ ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ မြန်မာပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄၈၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉۶၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် စတင် အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါဥပဒေဟုရည်ညွှန်းသည့် ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေ ပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၁) ရှိအဝိုဒ် (ဃ) အစား၊ အောက်ပါကို အဝိုဒ် (ဃ) အဖြစ်ထည့်သွင်းရမည်။

"(ဃ) ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးမှုအတွက်ရင်း၊ အစိုးရကဖွင့်လှစ်သော တိုင်းရင်းမြန်မာ အခမဲ့ဆေးကုဌာနများ တိုးတက်ကောင်းမွန်ရေးအတွက်ရင်း၊ အစိုးရသို့ အကြံဉာဏ်ပေးရန်။"

(ခ) ပုဒ်မခွဲ (၂) ရှိအဝိုဒ် (က) နှင့် အဝိုဒ် (ဂ) အစား၊ အောက်ပါကို အဝိုဒ် (က) နှင့်အဝိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

"(က) တိုင်းရင်းမြန်မာဆေးပညာ စာမေးပွဲဆိုင်ရာ ဘာသာရပ်များကို ပြဋ္ဌာန်းခြင်းနှင့် လိုအပ်ပါက ထိုဘာသာရပ်များ ပြဋ္ဌာန်းရန်အတွက် သင့်တော်သော ပုဂ္ဂိုလ်များကို ခန့်ထားခြင်း။"

"(ဂ) တိုင်းရင်းမြန်မာဆေးပညာစာမေးပွဲအတွက် မေးခွန်းထုတ်ခြင်း၊ အဖြေအမှတ်ပေးခြင်းနှင့် ယင်းသို့ မေးခွန်းထုတ်ခြင်း၊ အဖြေအမှတ်ပေးခြင်းအတွက် လိုအပ်ပါက သင့်တော်သော ပုဂ္ဂိုလ်များကို ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်များ အား ဉာဏ်ပူဇော်ခပေးခြင်း၊ စာမေးပွဲကျင်းပခြင်း၊ စာမေးပွဲဖြေဆိုသူတို့ထံမှ အခကြေးငွေကောက်ခံခြင်း။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၂ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၂၂-က အဖြစ် ထည့်သွင်းရမည်။

"၂၂-က။ ။ဤအက်ဥပဒေအခြားနေရာများတွင်မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်—

(က) တိုင်းရင်းဆေးဆရာများအား မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

(ခ) မှတ်ပုံအသစ်တင်ရန်အတွက် တိုင်းရင်းဆေးဆရာ၏ အရည်အချင်းကိုသတ်မှတ်နိုင်သည်။"

မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းနှင့် မှတ်ပုံအသစ်တင်ပေးရန် အရည်အချင်းသတ်မှတ်ခြင်း။

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၈ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၂၈-က အဖြစ် ထည့်သွင်းရမည်။

"၂၈-က။ ။(၁) ဤအက်ဥပဒေအခြားနေရာများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ တိုင်းရင်းဆေးဆရာအဖွဲ့ဝင်အားလုံး သို့တည်းမဟုတ် ထိုးဦး၏အမှုထမ်းရှက်ခြင်းကိုမည်သည့်အခါမဆို ရပ်စဲနိုင်သည့်ကြင်ယင်းသို့ ရပ်စဲခြင်းခံရသော တိုင်းရင်းဆေးဆရာအဖွဲ့ဝင်များ၏ နေရာတွင်၊ အဖွဲ့ဝင်သစ်များကို ခန့်ထားနိုင်သည်။ ထိုသို့အဖွဲ့ဝင်အားလုံး၏ အမှုထမ်းရှက်ခြင်းကို ရပ်စဲခဲ့ပါလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ဖေါ်ပြပါပုဂ္ဂိုလ်ခုနစ်ဦးပါဝင်သည့် တိုင်းရင်းဆေးဆရာအဖွဲ့တခုကို ဖွဲ့စည်းနိုင်သည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ခန့်ရမည့် တိုင်းရင်းဆေးဆရာအဖွဲ့ ဥက္ကဋ္ဌ။

(ခ) တိုင်းရင်းမြန်မာဆေးပညာအတတ်ဖြင့် ဆေးကုသည့် အလုပ်ကို လုပ်ကိုင်လာကြသူများအထဲမှ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌက ရွေးချယ်သည့် ဆေးဆရာ ၈ဦး။

(ဂ) အကျိုးဆောင်အတွင်းရေးမှူးတဦး။

(၂) တိုင်းရင်းဆေးဆရာအဖွဲ့သည်၊ ဤအက်ဥပဒေအရ ပေးအပ်ထားသော အာဏာများနှင့် အပ်နှင်းထားသော တာဝန်အလုပ်ဝတ္တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၃) ပုဒ်မ ၉ (၃)တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁)အရ ဖွဲ့စည်းထားသည့်တိုင်းရင်းဆေးဆရာအဖွဲ့၏ မည်သည့်အစည်းအဝေးတွင်မဆို အဖွဲ့ဝင်လေးဦးတက်ရောက်လျှင်အစည်းအဝေးထမြောက်စေရမည်။"

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ဥပဒေများ

(၁၉၆၆ ခုနှစ်)

၁၉၆၁ ခုနှစ်၊ အမျှားနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ။

[၁၉၆၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁။]

(၁၉၆၁ ခုနှစ်၊ မြန်လည်ပုံနှိပ်သည်။)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၁ ခု၊ အမျှားနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ ''အမျှားနှင့်သက်ဆိုင်သောပစ္စည်း'' ဆိုသည်မှာ—

(က) တပ်မတော်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်တဦးဦး၊ သို့တည်းမဟုတ် တည်ဆဲတရား ဥပဒေတခုခုအရ ဖွဲ့စည်းသားသည့်ဘုတ်အဖွဲ့၊ ကော်မိုရေးရှင်း၊ ဘဏ်၊ အခြားအဖွဲ့တခုခု၊ သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်းတခုခု၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ ဒေသန္တ ကြေငြာစာဖြင့် ကေညာသော—

(၁) အသင်းများမှတ်ပုံတင် အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတခုခု၊

(၂) မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၆ အရ၊ ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ထားသော အသင်းတခုခု၊

(၃) ပြည်သူတို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့တခုခု၊ သို့တည်းမဟုတ်

(၄) အခြားအဖွဲ့အစည်းတခုခု

ဝိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန်လွှဲပြောင်းပေးအပ်ထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်းတရပ်ရပ်ကို ဆိုလိုသည်။

၃။ ။မည်သူမဆို၊ အမျှားနှင့်သက်ဆိုင်သော ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင်၊ တသက်တကျွန်း ဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်ဖြင့်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

၄။ ။ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ အခွင့်အမိန့်မရှိဘဲ၊ မည်သည့်တရားရုံးမှာမျှ၊ စစ်ဆေးစီရင်ဝိုင်ခွင့်မရှိစေရ။

JJP

THE OBSTRUCTIONS IN FAIRWAYS ACT AMENDING LAW, 1963.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 2 OF 1963.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Obstructions in Fairways Act Amending Law, 1963.

(*2*) It shall come into force at once.

2. *For* section 2 of the Obstructions in Fairways Act hereinafter referred to as the said Act, the following *shall be substituted* as section 2, namely :—

Power to remove or destroy obstruction in fairway.

" 2. (*1*) Whenever, in any fairway, any vessel is sunk, stranded or abandoned, or any fishing-stake, timber or other thing is placed or left, the Revolutionary Government of the Union of Burma may, if in its opinion such thing is, or is likely to become, an obstruction or danger navigation, issue an order to the owner of such thing to remove it or any part thereof within one year from the date of the order, and if after the receipt of the order, the owner does not, within the said period, remove it to the satisfaction of the Government, it may declare it to be the property of the Government and take necessary action to have it removed or destroyed as it deems appropriate.

(*2*) Where the person entitled to the possession of such thing is unknown, the Government may publish in the Gazette a notification containing a description of such thing and the place where it is sunk, stranded, abandoned or left, and direct any person who has any claim thereto to remove it within one year from the date of the notification. If such person fails to comply with the direction it shall be declared to be the property of the Government to be disposed of in such manner as the Government may deem fit.

(*3*) Notwithstanding anything contained in sub-sections (*1*) and (*2*), in cases where the Government considers that immediate action should be taken, it may—

(*a*) cause such thing or any part thereof to be removed ; or

(*b*) if such thing is of such a description or so situate that, in its opinion, it is not worth removing cause the same or any part thereof to be destroyed.

(*4*) Wherever any property is recovered as a result of action under sub-section (*3*) any officer authorized by the Government in this behalf shall publish in the Gazette a notice containing the description of such property and

the time at which and the place from which the same was recovered and requiring any person who has any claim thereto to appear and establish his right to the same within three months from the date of such notice.

(5) If any person entitled to the possession of such property appears and establishes his right thereto and pays the amount due for the expenses and any customs-duties or other charges properly incurred by the Government in respect thereof it shall be made over to him ; but if within three months from the date of such notice such property is unclaimed or if the person claiming the same fails to pay the amount due for expenses and charges as aforesaid, any officer authorized by the Government in this behalf may sell such property by public auction, if it is of a perishable nature, forthwith, and, if it is not of a perishable nature, at any time after three months from the date of such notice.

(6) On realizing the proceeds of such sale, the amount due for expenses and charges as aforesaid, together with the expenses of the said sale, shall be deducted therefrom, and the surplus (if any) shall be paid to the owner of the property sold, or, if no such person appears and claims such surplus, shall be held in deposit for payment, without interest, to any person thereafter establishing his right to the same ; provided that such person makes the claim within one year from the date of the sale."

3. Sections 3, 4, 5 and 6 of the said Act *shall be deleted*.

4. In section 7 of the said Act—

(*a*) *for* the semi-colon (;) *after* the expression " stores or ballast of a vessel ", a period (.) *shall be substituted* ; and

(*b*) the expression " and any proceeds arising from the sale of a vessel, and of the cargo thereof, or of any other property recovered therefrom, shall be regarded as a common fund " *shall be deleted*.

5. In section 8 of the said Act, *after* the expression " in any fairway ", the expression " leading to a port in the Union of Burma " *shall be deleted*.

၁၉၆၃ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၇၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကို မြှောနှိုးလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပုဒ်မ ၈ မှအပ၊ ချက်ခြင်း အာဏာတည်ရမည်။ ပုဒ်မ ၈ သည်၊ ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက် ဥပဒေအာဏာတည်သည့် နေ့ရက်တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေတွင်—

(က) ''နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့'' ဆိုသည့် စကားရပ် အသီးသီးအစား၊ ''ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့'' ဆိုသည့် စကားရပ်ကို ၎င်း၊

(ခ) ''နိုင်ငံတော်သမတ'' ဆိုသည့် စကားရပ် အသီးသီးအစား၊ ''အစိုးရ'' ဆိုသည့်စကားရပ်ကို၎င်း

ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

''၄။ ။အဖွဲ့တွင်အစိုးရက ခန့်ထားသောဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အခြားပုဂ္ဂိုလ်များပါဝင်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၂ တွင်၊ ပုဒ်မခွဲ (၂) ကိုပယ်ဖျက်ရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (၃) တွင် ''ဆန်စက်များ'' ဆိုသည့် စကားရပ်အစား၊ ''စက်များ'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ တွင် ''နိုင်ငံတော် သမတ သည်၊ အဆိုပါအစီရင်ခံစာ အသီးသီး၏ မိတ္တူကို ပါလီမန်သို့ တင်ပြရမည်။'' ဆိုသည့်ဝါကျ ကိုပယ်ဖျက်ရမည်။

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (၂)တွင် "ထိုအစီရင်ခံစာကို နိုင်ငံတော်သမတ က ပါလီမန်သို့တင်ပြရမည်။" ဆိုသည့် ဝါကျကို ပယ်ဖျက်ရမည်။

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၂ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၃၂-က အဖြစ်ထည့်သွင်းရမည်။

"၃၂-က။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဌမ ဇယားရှိ အပိုဒ် ၁၄၉ သည်၊ အမွှေကဖြစ်စေ၊ အမွှေကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။"

၁၉၆၃ ခုနှစ်၊ တရားဥပဒေများအာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်းဥပဒေ။

[၁၉၆၃ ခုနှစ်၊ မြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

မြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁۹۶۳ ခုနှစ်၊ တရားဥပဒေများအာဏာတည်စေခြင်းနှင့်ရပ်စဲစေခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ မြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နယ်မြေနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။မြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေနှင့်သက်ဆိုင်သည့်နယ်မြေတွင်၊ သို့တည်းမဟုတ် ထိုနယ်မြေတစိတ်တဒေသတွင်၊ တရားဥပဒေတခုခု၊ ပြုပြင်ပြောင်းလဲချက်များပါရှိ၍ဖြစ်စေ၊ မပါဘဲဖြစ်စေ အာဏာတည်စေရမည်ဟူ၍သော်၎င်း၊ အာဏာတည်ခြင်းမှရပ်စဲစေရမည်ဟူ၍သော်၎င်း ဆင့်ဆိုနိုင်သည်။

၃။ ။ပုဒ်မ ၂ အရ၊ တရားဥပဒေတခုခု အာဏာတည်ခြင်းမှ ရပ်စဲသောအခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅၊ အပိုဒ် (ခ)၊ (ဂ)၊ (ဃ) နှင့် (c) ရှိ အက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (၂)နောက်တွင်၊ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ဤအက်ဥပဒေ အခြားနေရာတွင် မည်သို့ပင် ပါရှိစေကာမူ၊ မှတ်ပုံတင် ဆရာဝန်တဦးဦးသည်၊ ရာဇသတ်ကြီးပုဒ်မ ၃၁၂၊ ၃၁၂-က၊ ၃၁၂-ခ၊ ၃၁၂-ဂ၊ ၃၁၂-ဃ၊ ၃၁၃၊ ၃၁၄၊ သို့တည်းမဟုတ် ပုဒ်မ ၃၁၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ကောင်စီက၊ ထိုဆရာဝန်၏အမည်ကို၊ မှတ်ပုံစာရင်းမှဖျက်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က၊ ထိုဆရာဝန်၏အမည်ကို၊ ဆရာဝန်အမည်စာရင်းမှဖျက် ထုတ်ပယ်ရမည်။

ခြွင်းချက်။ ။သို့ရာဘွဲ့ ထိုဆရာဝန်က အယူခံလျှင်၊ အယူခံမှု အပြီးအပြတ် ဆုံးပြတ်ပြီးမှ၊ သို့တည်းမဟုတ် အယူမခံလျှင်၊ အယူခံရန်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားစေ့ကုန်ပြီးမှ၊ ဤပုဒ်မခွဲ အရ အရေးယူဆောင်ရွက်ရမည်"။

JJe

THE MIDWIVES AND NURSES ACT, AMENDING LAW, 1963.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 6 OF 1963.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Midwives and Nurses Act, Amending Law, 1963.

(*2*) It shall come into force at once.

2. *After* section 5 of the Midwives and Nurses Act, the following *shall be inserted* as section 5A, namely :—

Removal of names on conviction under certain sections of the Penal Code.

"5A. If any midwife or nurse is convicted under section 312, 312A, 312B, 312C, 312D, 313, 314 or section 315 of the Penal Code, the Council shall remove the name of the said midwife or nurse from the register :

Provided that no action under this section shall be taken—

(*a*) where an appeal is filed, until the appeal has been finally decided, or

(*b*) where no appeal is filed, until the period provided for such appeal has expired."

THE CRIMINAL LAW AMENDING LAW, 1963.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 7 OF 1963.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Criminal Law Amending Law, 1963.

(*2*) It shall come into force at once.

2. In sections 285 and 286 of the Penal Code *for* the expression "for a term which may extend to six months, or with fine which may extend to one thousand kyats, or with both" the expression "for a term which may extend to three years, and shall also be liable to fine" *shall be substituted.*

3. *After* section 312 of the Penal Code, the following *shall be inserted* as sections 312A, 312B, 312C and 312D, namely :—

"312A. Whoever intentionally does sterilization by surgery to a woman shall, unless such sterilization is certified by the Board appointed by the Government in this behalf to be necessary for reasons of physical or mental health, be punished with imprisonment for a term which may extend to three years, and shall also be liable to fine :

Sterilization of a woman by surgery.

Provided that in cases where immediate action must be taken in order to save the life of the woman no such certificate is necessary.

312B. Whoever intentionally does sterilization by surgery to a man shall, unless such sterilization is certified by the Board appointed by Government in this behalf to be necessary for reasons of physical or mental health, be punished with imprisonment for a term which may extend to three years, and shall also be liable to fine.

Sterilization of a man by surgery.

312C. Whoever voluntarily allows oneself to be sterilized by surgery, unless such sterilization is certified by the Board appointed by Government in this behalf to be necessary for reasons of physical or mental health, shall be punished with imprisonment for a term which may extend to three years, and shall also be liable to fine.

Allowing oneself to be sterilized by surgery.

312D. Whoever intentionally does sterilization by surgery to any person thereby causing the death of such person shall, unless such sterilization is certified by the

Death caused by sterilization by surgery.

Board appointed by Government in this behalf to be necessary for reasons of physical or mental health, be punished with imprisonment for a term which may extend to ten years, and shall also be liable to fine "

4. In the Second Schedule to the Code of Criminal Procedure—

(*a*) *for* the entries relating to sections 285 and 286, the following entries *shall be substituted*, namely :—

1	2	3	4	5	6	7	8
" 285	Dealing with fire or any combustible matter so as to endanger human life, etc.	May arrest without warrant.	Ditto.	Ditto.	Ditto.	Imprisonment of either description for 3 years, and fine.	Ditto.
286	So dealing with any explosive substance.	Ditto.	Ditto.	Ditto.	Ditto.	Ditto.	Ditto."

(*b*) *after* the entries relating to section 312, the entries relating to sections 312A, 312B, 312C and 312D, *shall be inserted* namely :—

1	2	3	4	5	6	7	8
"312A	Sterilization of a woman by surgery.	Ditto.	Ditto.	Ditto.	Ditto.	Imprisonment not exceeding 3 years and fine.	Ditto.
312B	Sterilization of a man by surgery.	Ditto.	Ditto.	Ditto.	Ditto.	Ditto.	Ditto.
312C	Voluntarily allowing oneself to be sterilized by surgery.	Ditto.	Ditto.	Ditto.	Ditto.	Ditto.	Ditto.
312D	Death caused by sterilization by surgery.	Ditto.	Ditto.	Ditto.	Ditto.	Imprisonment not exceeding 10 years and fine.	Ditto."

၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၈။]
(၁၉၆၃ခုနှစ်၊ပဌမအကြိမ် ထုတ်မိုးပုံနှိပ်သည်။)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊အောက်ပါဥပဒေ ကို ပြဋ္ဌန်းလို သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

၂။ ။(၁) ဤဥပဒေတွင် အကြောင်းအရာနှင့် ဒဿစေ၊ ရှေ့နောက်စကား တို့၏ အဓိပ္ပါယ်နှင့်ခြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရကို ဆိုလိုသည်။

(ခ) ''လယ်ယာမြေ'' ဆိုသည်မှာ၊ စိုက်ပျိုးရေးအတွက် အသုံးပြု သည့်၊ တည်းမဟုတ် လက်ရှိထားသည့်မြေကို ဆိုလိုသည်။

ရှင်းလင်းချက် ၁။ ။ထိုစကားရပ်တွင် လူအများအခေါ်အဝေါ်အား ဖြင့်၊ လယ်၊ ယာ၊ ကိုင်းမြေဟူသော်ရင်း၊ ကြက်ပေါင်စေး ခေါ်၊ ဥယျာဉ်ခြံမြေဟူသော်ရင်း၊ ဟင်းသီး ဟင်းရွက်၊ ပန်းမာလ်စိုက် ပျိုးသည့် ခြံမြေဟူသော်ရင်း၊ ကျွန်း၊ မြေနုကျွန်းပေါ်ဟူသော် ရင်း၊ သတ်မှတ်သည့် မြေများပါဝင်သည်။

ရှင်းလင်းချက် ၂။ ။ထိုစကားရပ်တွင် မြို့နယ်နိုမိတ်၊ ကျေးရွာနယ်နိုမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အဦးနှင့် ပရဝုဏ်များ၊ အများပိုင်ဆိုင်ရှိ စိုက်ပျိုးရေးအတွက် အသုံးမပြု သော မြေကွက်များ မပါဝင်ချေ။

ရှင်းလင်းချက် ၃။ ။ထိုစကားရပ်တွင် လယ်ယာ မြေပေါ်တွင်တည်ရှိ နေသည့် အဆောက်အအုံများပါ အကျုံးဝင်သည်။

(ဂ) ''သီးစား'' ဆိုသည်မှာ၊ လယ်ယာမြေ တရပ်ရပ်ပေါ်တွင် လုပ်ကိုင်စိုက်ပျိုးရှိ အကျိုးခံစား နှင့် ရှိသည့်အတွက် မြေရှင် တဦးဦးအား ပေးရသည့် အခကြေးငွေကို ဆိုလိုသည်။

(ဃ) ''မြေနှုန်'' ဆိုသည်မှာ၊ အစိုးရကမြေနှင့် အခွန်အကဲဥပဒေ၊သို့ တည်းမဟုတ် မြန်မာနိုင်ငံအထက်ပိုင်း မြေနှင့်အခွန် ရက်ဂုလေး ရှင်း ဥပဒေအရ၊ အစိုးရက လယ်ယာမြေများအပေါ် စည်းကြပ် သည့်အခွန်ကို ဆိုလိုသည်။ ထိုစကားရပ်တွင်ဆည်စပြောင်းအတက် ဥပဒေအရ၊ အစိုးရက လယ်ယာမြေများကို ရေစီးသွင်းသည့် အတွက် စည်းကြပ်သည့် ရေခွန် မပါဝင်ချေ။

(c) ''သီးစား'' ဆိုသည်မှာ၊ လယ်ယာမြေကို စိုက်ပျိုးလုပ်ကိုင်သည့် အတွက် သီးစားခံပေးရန် တာဝန်ရှိသူကို ဆိုလိုသည်။

<u>ရှင်းလင်းချက်။</u> ။ထိုစကားရပ်တွင် အမျိုးအစည်းများ ပါဝင်သည်။

(စ) ''မြေရှင်'' ဆိုသည်မှာ၊ မြေနှင့်အခွန်အက်ဥပဒေ၊ သို့တည်းမဟုတ် မြန်မာနိုင်ငံ အထက်ပိုင်းမြေနှင့်အခွန်ရက်ဂုလေးရှင်းဥပဒေအရ လယ်ယာမြေ လက်ဝယ် ထားရှိနိုင်သည့်၊ သို့တည်းမဟုတ် ပိုင်ဆိုင်သည့် အခွင့်အရေးရသောပုဂ္ဂိုလ်၊ ဖြစ်စေ၊ အမျိုးအစည်းကဖြစ်စေ ဆိုလိုသည်။ ထိုစကားရပ်တွင် မြေရှင်၏ ကိုယ်စား လွယ် ပါဝင်သည်။

(ဆ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ သည်နှင့်ညီညွတ်သော ဥပဒေများဖြင့် သတ်မှတ်သည်ကို ဆိုလိုသည်။

(၂) ဤဥပဒေပါ စကားရပ်များ၏အဓိပ္ပါယ်ကောက်ယူမှုကို နှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်အာဏာပိုင်၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်စေရမည်။

၃။ ။အစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သည့် လယ်ယာမြေကိုမဆို၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် နေ့ရက်မှစ၍ သီးစားခွဲသတ်မှတ်ခြင်းမပြုဟု ကြေညာနိုင်သည်။ ထိုသို့ကြေညာသည့်အခါ၊ ထိုလယ်ယာမြေနှင့် သက်ဆိုင်သည့် မြေရှင်၏သီးစားချထားနိုင်သည့် အခွင့်အရေးသည် ရပ်စဲရမည်။

၄။ ။(၁) လယ်ယာမြေများပေါ်တွင် အစိုးရချထားသော သီးစားများသည်၊ သို့တည်းမဟုတ် ခမြေရှင်များချထားသော သီးစားများ၌လျှင်၊ ထိုသီးစားများသည်၊ မြေရှင်အား၊ သီးစားခကို၊ အောက်ပါနည်းများအတိုင်းပေးရမည်။

(က) စပါးစိုက်ပျိုးသည့်လယ်မြေအတွက်။	သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေယူနှုန်းနှင့်သတ်မှတ်။
(ခ) ပြုတ်၊ ကြက်သွန်၊ ဆေး၊ သို့တည်းမဟုတ် ကြိုးစိုက်ပျိုးသည့် မြေမှ အခြားအတွက်။	သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေယူနှုန်းမှ ရာခိုင်နှုန်းပြည့် ခြောက်ဆယ်ခန့် ဖြတ်ပြီး ကျန်ကျန်ရှိသော သို့တည်းမဟုတ် အဆိုပါ ကျေးကြေး ထားပါက၊ ထိုအကျွေးကောက်ပဲ သီးနှံနှုန်း၏သုံးဆ။
(ဂ) ပြုတ်၊ ကြက်သွန်၊ ဆေး၊ သို့တည်းမဟုတ် ကြိုးစိုက်ပျိုးသည့် မြေမှ တပါး၊ အခြား ယာမြေ၊ သို့တည်းမဟုတ် ကိုင်းမြေအတွက်။	သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေယူ၏နှစ်ဆ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်နှင့်အညီ၊ လယ်ယာမြေ တခုခုပေါ်တွင် ပေးသည့် သီးစားခမှာ၊ စိုက်ပျိုးရေး နှစ်တနှစ်လုံးအတွက် ပေးသည့် သီးစားခဖြစ်သည်ဟုမှတ်ယူရမည်။ ထိုလယ်ယာမြေတွင်၊ အဆိုပါစိုက်ပျိုးရေးနှစ်အတွင်း၊သီးထင်သော်ချင်း၊ သီးညှာ်သော်ချင်း စိုက်ပျိုးသည့်အဘွက်၊ နောက်ထပ်သီးစားခပေးရန်၊ သီးစားဌာနတာဝန်မရှိစေရ။

(၃) သီးစားခကို၊ ငွေဖြင့်သာပေးရမည်။

၅။ သီးစားဟဉ်ဦးသည်၊ မိမိသီးစားလုပ်ကိုင်သည့်.လယ်ယာမြေ တခုခုတွင်၊ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းတခုခုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်ချင်း၊ အခြားအကြောင်းတခုခုကြောင့်သော်ချင်း၊ လယ်ကန်သင်း၊ရေမြောင်း၊ ရေတွင်း၊ ရေကန်စသည်မပျက်စီးသင့်ဘဲပျက်စီးသည့်အတွက်၊ မြေရှင်၏ အကျိုးကို ဆုတ်ယုတ်စေလျှင်၊ သတ်မှတ်သည့် လျော်ကြေးကို မြေရှင်အားပေးရမည်။

၆။ ။အစိုးရသည်၊မိမိသီးစားချထားသော လယ်ယာမြေများ စိုက်ပျိုးလုပ်ကိုင်မှုနှင့် စပ်လျဉ်း၍၊ သီးစားများ လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်နိုင်သည်။

၇။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းကို မဆို၊ သတ်မှတ်ထားသည့် အတိုင်း ခန့်အပ်ဖွဲ့စည်းနိုင်သည့်ပြင်၊ ဤဥပဒေအရ မိမိအားအပ်နှင်းထားသောနည်းဥပဒေပြုအာဏာမှ တပါး၊ အခြားအာဏာအာ လုံး၊ သို့တည်းမဟုတ် တခုခုကိုလည်း ထိုပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ အမိန့်ကြော်ငြာစာဖြင့် လွှဲအပ်နိုင်သည်။ ထိုပုဂ္ဂိုလ်၊သို့တည်းမဟုတ် ထိုအဖွဲ့အစည်းသည်၊ မိမိအားလွှဲအပ်ထားသည့် အာဏာအားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ အခြားပုဂ္ဂိုလ်အားသော်ချင်း၊ အခြားအဖွဲ့အစည်းအား သော်ချင်း ထပ်မံလွှဲအပ်နိုင်သည်။

၈။ ။ပုဒ်မ ၇ အရ အာဏာ လွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်တဦးဦး၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုက၊ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေ အရပြုသည့်နည်းဥပဒေများနှင့်အညီဖြစ်စေ၊ချမှတ်သည့်အမိန့် ၊ မည်သည့်တရားမရုံး၊ တည်းမဟုတ် အခွန်ရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ။ ထိုအမိန့်ကိုအယူခံဝင်လိုက၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသောအဖွဲ့အစည်းတခုခုတွင်သာ အယူခံဝင်နိုင်သည်။

၉။ ။ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ ဆောင်ရွက်သည့်ကိစ္စတရပ်ရပ်အတွက် မည်သူကိုမျှ၊ တရားရုံးတခုခုတွင် တရားစွဲဆိုခြင်းမပြုရ။

၁၀။ ။မည်သူမဆို ပုဒ်မ ၇ အရ အာဏာလွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံအာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းက မိမိအားသီးစားချထားသော လယ်ယာမြေကို၊ လုံလောက်သော အကြောင်းမရှိဘဲ၊

စိုက်ပျိုးလုပ်ကိုင်ရန်ပျက်ကွက်လျှင်သော်၎င်း၊ အခြားသူတဦးဦးအား တဆင့်သီးစား ချထားလျှင်သော်၎င်း၊ ခြောက်လထိသောင်ဒဏ်ဖြစ်စေ ကျပ်သုံးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၁။ ။မည်သူမဆို၊ ပုဒ် ၇ အရအာဏာလွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံအာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား ဤဥပဒေပါပြဋ္ဌန်းချက်များနှင့်အညီသော်၎င်း၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများနှင့်အညီသော်၎င်း၊ တာဝန်ဝတ်တရားများ ဆောင်ရွက်နေသည်ကို၊ မိမိအလိုအလျောက်ဟု တားလျှင်၊ ခြောက်လထဲ ထောင်ဒဏ်ဖြစ်စေ ကျပ်သုံးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၂။ ။မည်သူမဆို၊ ဤဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့်နည်းဥပဒေများနှင့်အညီ ထုတ်ဆင့်သော အမိန့်တခုခုကို ဆန့်ကျင်လျှင်သော်၎င်း၊ လိုက်နာရန် ပျက်ကွက်လျှင်သော်၎င်း ၆ လက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊စီရင်ခြင်းခံရမည်။

၁၃။ ။(၁) အစိုးရမှာ၊ ဤဥပဒေနှင့်အညီ ထို့ပြင် ဤဥပဒေအရပြုသည့်နည်းဥပဒေများနှင့်အညီ၊ နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ လိုက်နာရန်ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည့်အာဏာရှိရမည်။

(၂) အစိုးရသည်၊ ပုဒ်မခွဲ (၁) အရ၊ အပ်နှင်းထားသည့် မိမိ၏အာဏာကို မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအားမဆို လွှဲအပ်နိုင်သည်။

၁၄။ ။အစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

၁၅။ ၁၉၅၁ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ ၁۹၅၁ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေအရ ဆောင်ရွက်ခဲ့ပြီးဖြစ်သော ကိစ္စများမပျက်ပြယ်စေရ။ မပြီးမပြတ်ကျန်ရှိနေသေးသော မှုခင်းကိစ္စများကို သတ်မှတ်သည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည်။

၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၉ ။]

(Reprint —1963)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ တောင်သူ လယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံး၌ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စာကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''လယ်ယာမြေ'' ဆိုသည်မှာ၊ စိုက်ပျိုးရေးအတွက် အသုံးပြုသည့်၊ သို့တည်းမဟုတ် လက်ရှိထားရှိသည့် မြေကိုဆိုလိုသည်။

ရှင်းလင်းချက် ၁။ ။ထိုစကားရပ်တွင် သူအများ အခေါ်အဝေါ်အား ဖြင့် လယ်၊ ယာ၊ ကိုင်းမြေ ဟုသော်၎င်း၊ ကြက်ပေါင်စေး၊ ခန်း၊ ဥယျာဉ်ခြံမြေဟု သော်၎င်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမာလ စိုက်ပျိုးသည့်ခြံမြေဟု သော်၎င်း၊ ကျွန်း၊ မြေနု ကျွန်းပေါ်ဟု သော်၎င်း သတ်မှတ်သည့်မြေများပါဝင်သည်။

ရှင်းလင်းချက် ၂။ ။ထိုစကားရပ်တွင် မြို့နယ်နိမိတ်၊ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ဘာသာရေးဒေါ်ဆောက်အဦနှင့်ဂရုဝိဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေကွက်များ မပါဝင်ချေ။

ရှင်းလင်းချက် ၃။ ။ထိုစကားရပ်တွင် လယ်ယာမြေပေါ်တွင် တည်ရှိနေသည့်အဆောက်အအုံများ အကျုံးဝင်သည်။

(ခ) ''တောင်သူလယ်သမား''ဆိုသည်မှာ၊ လယ်ယာမြေကို၊ မိမိ၏ အမိုက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့်၊ မိမိလက်ဖြင့် လုပ်ကိုင်သူကို၊ သို့တည်းမဟုတ် မိမိလက်ဖြင့်အစဉ်တစိုက်လုပ်ကိုင်ခဲ့သူကို၊သို့တည်းမဟုတ် ဆိုင်ရာနှစ်တွင် လယ်ယာမြေကို၊ မိမိ၏ အမိုက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ချိန် တလျှောက်လုံး ကိုယ်တိုင်ကြိုးကြပ်လုပ်ကိုင်သူကို ဆိုလိုသည်။

၃။ ။(၁) တည်ဆဲ အခြားတရားဥပဒေ တရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ၊ တရားမရုံးတခုခု၏ဒီကရီ၊သို့တည်းမဟုတ် အမိန့်ဖြင့်——

(က) လယ်ယာမြေကို သော်၎င်း၊ လယ်ယာမြေလုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲ၊ နွားနှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာ၊ အခြား သက်ရှိ သက်မဲ့ ကိရိယာတန်ဆာပလာများကိုသော်၎င်း၊ လယ်ယာမြေမှ ထွက်သောပစ္စည်းများကိုသော်၎င်း၊ ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုရ။

(ခ) လယ်ယာမြေကို မလုပ်ကိုင်ရဟုသော်၎င်း၊ လယ်ယာမြေထဲသို့ မဝင်ရ ဟုသော်၎င်း တားဆီးခြင်းမပြုရ။

(ဂ) လယ်ယာမြေကို လုပ်ကိုင်သည့် ကျွဲ၊ နွား နှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာများကို သော်၎င်း၊ အခြားသက်ရှိ သက်မဲ့ကိရိယာတန်ဆာပလာများကိုသော်၎င်း၊ လယ်ယာမြေမှ ထွက်သော ပစ္စည်းများကိုသော်၎င်း မရွှေ့မပြောင်းရဟု၊ သို့တည်းမဟုတ် ရောင်းချသုံးစွဲ ထုခွဲခြင်းမပြုရဟု တားဆီးခြင်းမပြုရ။

(ဃ) အပိုဒ် (က) (ခ) (ဂ) ပါ ကိစ္စတခုခုနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားတဦးဦးကို ဘဏ်းဆီးချုပ်နှောင်ခြင်းမပြုရ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များသည်—

(က) အစိုးရက ရရန်ရှိသော ငွေများအတွက် အရေးယူသောကိစ္စ၊ သို့တည်းမဟုတ်

(ခ) အမွေဆက်ခံပိုင်ခွင့်နှင့် စပ်လျဉ်း၍အခြင်းဖြစ်ပွါးသည့် အတွက် အရေးယူသော ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) ငြိမ်ဝပ်ဒိုပြားရေးအတွက်အစိုးရကအရေးယူသည့်ကိစ္စနှင့်မသက်ဆိုင်စေရ။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ ကြက်ပေါင်စေးစိုက်ပျိုးသည့် မြေများနှင့် မသက်ဆိုင်စေရ။

JRC

THE BURMA POST OFFICE ACT AMENDING LAW, 1963.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 10 OF 1963]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Burma Post Office Act Amending Law, 1963.

(*2*) It shall come into force at once.

2. In section 2 of the Burma Post Office Act hereinafter referred to as the said Act,—

(*a*) in clause (d) *for* the words "His Britannic Majesty's Government or the Government of any British possession or foreign country" the words "the Government of any foreign country" *shall be substituted* ; and

(*b*) *for* clause (dd) the following *shall be substituted* as clause (dd), namely :—

"(dd) the expression "mail aircraft" means an aircraft as defined in the Burma Aircraft Act, employed for carrying mails pursuant to a contract or continuing arrangement, by the Government of the Union of Burma or the Government of any foreign country ;".

3. In sub-section (*1*) of section 10 of the said Act, *for* the words "the United Kingdom, or with any British possession or foreign country" the words "any foreign country" *shall be substituted* and *for* the words "the United Kingdom or such possession or country" the words "such country" *shall be substituted.*

4. In section 15 of the said Act, *for* the words "the United Kingdom or of any British possession or foreign country" the words "any foreign country" *shall be substituted.*

5. In sub-section (*1*) of section 46 of the said Act, *for* the words "the United Kingdom or with any British possession, State in India or Pakistan or the Union of Burma or foreign country" the words "any foreign country" *shall be substituted* and *for* the words "the United Kingdom or such possession, State or country" the words "such country" *shall be substituted.*

၁၉၆၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁۹۶၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖော်ပြပါတာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာတော်ငွေများမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသော ဇယားတွင် ဖော်ပြထားသည့် အတိုင်း ထုတ်၍၊ ၁۹۶၃ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ်	တာဝန်ခံ	ဘဏ္ဍာတော် ငွေအမည်	စုစုပေါင်းငွေ	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား
			ကျပ်	
၁	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။	ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများ။	၇,၂၇,၉၀,၆၇၀	နောက်ဆက်တွဲ ဇယား(က)။
၂	ရှမ်းပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။	ရှမ်း ပြည် နယ် ၏ ဘဏ္ဍာတော်ငွေများ။	၂၀	နောက်ဆက်တွဲ ဇယား(ခ)။
၃	ကချင်ပြည်နယ်ဦးစီး အဖွဲ့ ဥက္ကဋ္ဌ။	ကချင်ပြည်နယ် ၏ ဘဏ္ဍာတော် ငွေများ။	၁၀	နောက်ဆက်တွဲ ဇယား(ဂ)။
၄	ကယား ပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။	ကယားပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။	၂၀	နောက်ဆက်တွဲ ဇယား (ဃ)။

(၂) ပုဒ်မခွဲ(၁) တွင်ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည် ၁۹۶၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ (၁۹۶၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

နောက်ဆက်တွဲဇယား (က)။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

အစိုးရဌာန။	ခွဲဝေသုံးနဲ့သည့်ငွေ
	ကျပ်
ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ	၈,၅၃,၅၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှု	၇,၆၅,၆၀၃
တရားရေး	၃၆,၄၆၀
ရဲအဖွဲ့	၃၈,၆၇,၅၁၀
နိုင်ငံခြားရေး	၂၅,၁၂၈
လေကဝါတ်ပညာဆိုင်ရာဌာနများ	၉,၉၁၀
ပညာရေး	၂,၇၀,၅၂၀
ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး	၁၃,၇၄,၄၇၀
အထွေထွေဌာနများ	၂၇,၀၆,၄၀၈
စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း	၃,၄၆,၄၀၀
အထွေထွေ	၂၄,၂၆၀
မြေခွန်တော်အတွက် မ,တည်ငွေရင်း	၉၀,၀၀၀
ဆည်မြောင်းအတွက် မ,ဂ,ည်ငွေရင်း	၁၀
အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း	၃၉,၀၀၀
ရဲအဖွဲ့အတွက် မ,တည်ငွေရင်း	၁,၀၀,၉၁,၀
ပညာရေးအတွက် ဗ,တည်ငွေရင်း	၅၅,၁၂,၅၀၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ...	၃,၅၆,၇၀၀
လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ...	၁,၉၂,၃၁၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၁၄,၃,၀၁၀
စက်မှုလက်မှုတိုးတက်ရေးအတွတ် မ,တည်ငွေရင်း	၃,၂၃,၅၀,၀၀၀
နယ်ခြားဒေသအုပ်ချုပ်ရေးအတွက် မ,တည်ငွေရင်း	၅၅,၀၂,၀၀၀
အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများတွင် အစိုးရ၏ အကျိုးတူရင်းနှီးမြှုပ်နှံငွေ	၁,၄၉,၁၀,၀၀၀
အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများသို့ ကြွေးတင် ထုတ်ပေးငွေများနှင့် ထောက်ပံ့ငွေများ	၁၇,၉၉,၀၀၀
စုပေါင်း ...	၇,၂၇,၉၀,၆၇၀

နောက်ဆက်တွဲဇယား (ခ)။

ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

			ခွဲဝေသုံးစွဲသည့်ငွေ။
			ကျပ်
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,ဘည့်ငွေရင်း	...	...	၂၀
		ပေါင်း ...	၂၀

နောက်ဆက်တွဲဇယား (ဂ)။

ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

			ခွဲဝေသုံးစွဲသည့်ငွေ။
			ကျပ်
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,ဘည့်ငွေရင်း	...	...	၁၀
		ပေါင်း ...	၁၀

နောက်ဆက်တွဲဇယား (ဃ)။

ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

			ခွဲဝေသုံးစွဲသည့်ငွေ။
			ကျပ်
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,ဘည့်ငွေရင်း	...	...	၂၀
		ပေါင်း ...	၂၀

၁၉၆၃ ခုနှစ်၊ မီးသတ် တပ်ဖွဲ့ ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကာလစစ် ဥပဒေအမှတ် ၁၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေဟုခေါ်တွင်စေရမည်။

အမည် အာဏာတည်သည့် နေ့နှင့်ဒေသ။

(၂) ဤဥပဒေသည်၊ ပြည်ထောင် စုမြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရက အခါအားလျော်စွာအမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ သတ်မှတ်သည့်အရပ်ဒေသများတွင်၊ ယင်းသို့ သတ်မှတ်သည့်နေ့ရက်များ၌ စတင်အာဏာတည်ရမည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေတခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်းကိုသော်၎င်း၊ အဆိုပါအရပ်ဒေသ တခုခုတွင် အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ကျေညာနိုင်သည်။ ယင်းသို့ရပ်စဲသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

အဓိပ္ပါယ်ရှင်းလင်း ဖော်ပြချက်။

(က) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ ကိုဆိုလိုသည်။

(ခ) ''မီးဘေးတားဆီးရေးနှင့်ကြိုးကြပ်ရေးအဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၃ (၁) အရ၊ အစိုးရက၊ အခါအားလျော်စွာအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းသည့် အဖွဲ့များအပြင်၊ အလားတူ အမင်္ဂလာကြော်ငြာစာ ထုတ်ပြန်ခြင်းဖြင့်၊ ထိုအဖွဲ့များ၏ အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတစိတ်တဒေသကိုဖြစ်စေ၊ အပ်နှင်းခြင်းခံရသောအဖွဲ့များ၊ သို့တည်းမဟုတ် ကော်မိတီများ၊ သို့တည်းမဟုတ် ကောင်စီများကိုဆိုလိုသည်။

(ဂ) ''အရံမီးသတ်တပ်ဖွဲ့'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေများအရ ဖွဲ့စည်းသောမည်သည့် အရံမီးသတ်တပ်ဖွဲ့ကို မဆိုဆိုလိုသည်။

(ဃ) ''သီးသန့်မီးသတ်အဖွဲ့'' ဆိုသည်မှာ၊ မည်သည့်အလုပ်ရုံကို မဆို၊ မီးဘေးမှာ ကာကွယ်ရန်၊ အလုပ်ရုံပိုင်ရှင်က ဖွဲ့စည်းထားသည့် ကိုယ်ပိုင်မီးသတ်အဖွဲ့ကိုဆိုလိုသည်။

(င) ''ညွှန်ကြားရေးမှူး'' ဆိုသည်မှာ၊ အစိုးရက ပုဒ်မ ၄ (၁) အရ ခန့်ထားသည့်မီးသတ်ဌာနညွှန်ကြားရေးမှူးကိုဆိုလိုသည်။

(စ) ''မီးသတ်ဝန်ထမ်း'' ဆိုသည်မှာ၊ အစိုးရက ခန့်ထားသည့် မီးသတ်ဌာန ပြန်တမ်းဝင် တာဝန်ခံများနှင့် ညွှန်ကြားရေးမှူးက ခန့်ထားသည့်ပြန်တမ်းဝင်မဟုတ်သော တာဝန်ဆောင်အားလုံးကို ဆိုလိုသည်။

(ဆ) ''မီးသတ်အာဏာပိုင်'' ဆိုသည်မှာ၊ မီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊လက်ထောက်ညွှန်ကြားရေးမှူးများ၊တိုင်း မီးသတ် တာဝန်ခံများ၊ ခရိုင်မီးသတ် တာဝန်ခံများ၊ လက်ထောက်ခရိုင်မီးသတ်တာဝန်ခံများ၊အမြေခံမီးသတ် တာဝန်ခံများနှင့် အရံမီးသတ်တပ်ဖွဲ့တာဝန်ခံများကိုဆိုလိုသည်။

(၈) ''ခရိုင်''ဆိုသ မှာ၊ အခွန်နှင့် အရပ်ရပ်စီရင်အုပ်ချုပ်မှုအလို့ငှါ၊ ခရိုင်အဖြစ်ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ် ဤဥပဒေအရ ခရိုင်အဖြစ်ဖွဲ့စည်းထားသည့်အရပ်ဒေသကိုဆိုလိုသည်။

(၈) ''မြို့နယ်''ဆိုသည်မှာ၊အခွန်နှင့်အရပ်ရပ်စီရင်အုပ်ချုပ်မှုကိစ္စအလို့ငှါ၊ မြို့နယ်အဖြစ် ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ်ဤဥပဒေအရ မြို့နယ်အဖြစ်ဖွဲ့စည်းထားသည့်အရပ်ဒေသကိုဆိုလိုသည်။

(ည) ''မြို့မ''ဆိုသည်မှာ၊မြို့များအက်ဥပဒေအရမြို့ဟု အဓိပ္ပါယ်ဖော်ပြထားသည့်အရပ်ဒေသ၊သို့တည်းမဟုတ် မြို့နိုင်ငံပါယ် အက်ဥပဒေအရကြေညာထားသည့်မြို့မဟူသောအရပ်ဒေသကို ဆိုလိုသည်။

(၌) ''ကျေးရွာ''ဆိုသည်မှာ၊ ကျေးရွာ အက်ဥပဒေ ပုဒ်မ ၄ (ဂ) အရ သတ်မှတ်ထားသောအရပ်ဒေသကို ဆိုလိုသည်။

(ဍ) ''ကျေးရွာအုပ်စု'' ဆိုသည်မှာ၊ ရွာတရွာ၊သို့တည်းမဟုတ် ရွာအများပါဝင်သည့်ကျေးရွာ အက်ဥပဒေအရ၊ ကျေးရွာနယ်မြေ (Village Tract)ဟု အသိအမှတ်ပြုထားသော''ရွာသုံးကြိုး'' တပိုင်အတွင်းရှိ ရွာတစုပါဝင်သည့်အရပ်ဒေသကို ဆိုလိုသည်။

(ဎ) ''မီးသတ်ကိရိယာ''ဆိုသည်မှာ၊ မီးသတ်ရာ၌အသုံးပြုသည့် မီးသတ်စက်များ၊ရေစုတ်စက်များ၊အသက်ကယ်ဆယ်ရန်ကိရိယာများအပြင်၊ မီးသတ်ရာ၌ အသုံးပြုသော မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နောက်ဆက်ဘွဲ့စက်စသည့် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် မီးကိုငြိမ်းသတ်ရန် အသုံးပြုနိုင်သော အခြား ကိရိယာတန်ဆာ အရာဝတ္ထုဟူသမျှကိုဆိုလိုသည်။

(ဏ) ''မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ဝတ္ထုပစ္စည်း'' ဆိုသည် မှာ၊ ဝါး၊ ကော်ဖြင့်လုပ်သောကုန်ပစ္စည်း၊မီးသွေး၊ရုပ်ရှင်ကော်ပြား၊ ကျောက်မီးသွေး၊အုန်းဆံ၊ ဓနိ၊ သက်ငယ်၊ ဝါးကပ်၊ ဝါထရံ၊ ကျူထရံ၊ ဝါဂွမ်း၊ဂုံနီလျှော်၊ ပိုက်ဆံခုလျှော်မျှင်၊မြက်ခြောက်၊ ကောက်ရိုး၊ မီးခြစ်၊ဓါတ်ဆီ၊ဆီအမျိုးမျိုး၊ ရေနံမှချက်လုပ်သော ဆီ များ၊အရက်ပုံ၊ လွှစာ၊ ကဘာ့ရာစေး၊ ဖယောင်းအမျိုးမျိုး၊ သင်္ဘောဆေး၊ဖွဲ့၊ ငရုတ်မီးနှင့်အစိုးရက အခါအားလျော်စွာအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် အခြား ဝတ္ထု၊ ပစ္စည်းများကို ဆိုလိုသည်။

(ဏ) ''ပေါက်ကွဲစေတတ် သည့်ဝတ္ထုပစ္စည်းများ'' ဆိုသည်မှာ၊ ဓါတုဗေဒပစ္စည်းအမျိုးမျိုး၊ယမ်း၊ယမ်းဘီးလုံး၊ ယမ်းသွင်းဂွမ်း၊ပေါက်ကွဲစေတတ်သည့်ယမ်း၊ ဂြဒါးဆား၊ အခြားသတ္တုဆား၊ရောင်စုံ

မီးယမ်းနှင့်လောင်ဆီ၊ထို့ပြင်အထက်တွင်ဖေါ်ပြထားသည့်ဝတ္ထု၊ ပစ္စည်းများနှင့် အလားတူသည်ဖြစ်စေ၊မတူသည်ဖြစ်စေ၊ပေါက်ကွဲစေရန်၊သို့တည်းမဟုတ် မီးရှူးမီးပန်းများကဲ့သို့ ပေါက်ကွဲစေရန်ရည်ရွယ်၍အသုံးပြုသည့်၊သို့တည်းမဟုတ်ပြုလုပ်သည့်အခြားခါတ်သတ္တုပစ္စည်းဟူသမျှကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင်နှင်းခဲ အထိမ်းအမှတ်၊ မီးရှူး မီးပန်း၊ စံနက်၊ ဒုန်းစံနက်ခွံ၊ စံနက်မောင်း၊ ယမ်းတောင့် ခဲယမ်း၊ မီးကျောက် အမျိုးမျိုးနှင့် အထက်တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အဝှင်း ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းဖြစ်အောင် ပြုပြင်စီမံထားသည့် ဝတ္ထု၊ ပစ္စည်းဟူသမျှလည်းပါဝင်သည်။

(တ) ''မီးဘေးစိုးရိမ်ရသောဈေးဆိုင်ကန္ဒား'' ဆိုသည်မှာ၊မီး၊သို့တည်းမဟုတ် လျှပ်စစ်ဓါတ်အား၊ သို့တည်းမဟုတ် ဓါတ်ငွေ့ ဖြင့် အသက်မွေး ဝမ်းကျောင်း ပြုလုပ်သော မည်သည့် လုပ်ငန်း၊ သို့တည်းမဟုတ် နေရာ၊ သို့တည်းမဟုတ် အဆောက်အဦနှင့် တကွ ဥပစာကိုမဆို ဆိုလိုသည်။

(ထ) ''အလုပ်ရုံ'' ဆိုသည်မှာ၊အလုပ်သမားပေါင်းတဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများ လုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့် တဆယ့်နှစ်လအတွင်း မည်သည့်ရက်တွင်မဆို လုပ်နေခဲ့သည့်ပြင်၊ပြုလုပ်မှု လုပ်ငန်းစဉ် အတိုင်း လုပ်သော အစိတ်အပိုင်းတခုခုတွင်၊အားအကူအညီဖြင့်လုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်လုပ်သည့် အဆောက်အဦ တခုခုနှင့်တကွ၊ ဥပစာ ကိုပါဆိုလိုသည်။ထို့ပြင်အလုပ်ရုံ ဆိုသည်တွင် အလုပ်သမားပေါင်း နှစ်ဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများ လုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့်တဆယ့်နှစ်လအတွင်းမည်သည့်ရက်တွင်မဆို လုပ်နေခဲ့သည့်ပြင်၊ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သည့် အစိတ်အပိုင်းတခုခုတွင် အားအကူအညီမရှိဘဲ လုပ်နေသည့်၊သို့တည်းမဟုတ် သာမန်အားဖြင့်ယင်းသို့လုပ်သည့်အဆောက်အဦတခုခုနှင့်တကွ ဥပစာ လည်းပါဝင်သည်။ သို့ရာတွင် သတ္တုတွင်းအက်ဥပဒေနှင့်သက်ဆိုင်သည့် သတ္တု တွင်းမပါဝင်ချေ။

(ဒ) ''ပွဲလမ်းသဘင်'' ဆိုသည်မှာ၊ပြဿဒါ ပြိုင်ပွဲ၊အကြိမ်၊ကြေငြာတ်၊ရုပ်ရှင်၊ ဇာတ်ပွဲ၊သို့တည်းမဟုတ် ပျော်ပွဲရွှင်ပွဲများကိုဆိုလိုသည်။

(ဓ) ''နည်းဥပဒေ'' ဆိုသည်မှာ၊ ဤဥပဒေအရပြုသော နည်းဥပဒေကို ဆိုလိုသည်။

(နဓ) ''ဒေသန္တရအဖွဲ့'' ဆိုသည်မှာ၊ မြန်မာစီပါယ်အက်ဥပဒေအရသော်ငင်း၊ ရေကူးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်ငင်း၊ ရန်ကုန်မြို့ မြန်မာစီပါယ် အက်ဥပဒေ အရ သော်ငင်း၊ ၁၉၅၁ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ အရ သော်ငင်း ဖွဲ့စည်းထားသောဒေသန္တရအဖွဲ့ကိုဆိုလိုသည်။

ဦးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်း။

၃။ ။(၁) အစိုးရသည်၊ မီးဘေးတားဆီးရန်နှင့် အရံ မီးသတ်တပ်ဖွဲ့များ နှင့်သီးသန့်မီးသတ်အဖွဲ့များကိုကြိုးကြပ်ရန်အလို့ငှါ—

(က) ဗဟိုမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေး အဖွဲ့၊

(ခ) တိုင်းမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့များ၊

(ဂ) ခရိုင်မီးဘေးတားဆီးရေးနှင့်ကြိုးကြပ်ရေးအဖွဲ့များ၊

(ဃ) မြို့နယ်မီးဘေးတားဆီးရေးနှင့်ကြိုးကြပ် ရေးအဖွဲ့များ၊

(င) ကျေးရွာအုပ်စု မီးဘေးတားဆီးရေးနှင့်ကြိုကြပ်ရေးအဖွဲ့များ၊

(စ) ကျေးရွာမီးဘေးတာဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့မျ ား နှင့်

(ဆ) ရန်ကုန်မြို့၊ မီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့များ

ကိုဖွဲ့စည်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသောမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေး အဖွဲ့အသီးသီးတို့၏ကြိုးကြပ်ကွပ်ကဲမှုနှင့် ၎င်းတို့၏ဆောင်ရွက်ရန် တာဝန်ဝတ္တရားများ သည်၊ နည်းဥပဒေများနှင့်အညီဖြစ်စေရမည်။

မီးသတ်ဌာန ညွှန်ကြားရေးမှူးနှင့် မီးသတ်ဝန်ထမ်းများခန့်အပ်ခြင်း။

၄။ ။(၁) အစိုးရသည်၊ မီးသတ်တာဝန်ဝတ္တရားများကိုတာဝန်ယူဆောင်ရွက်ရန်အလို့ငှါ၊ မီးသတ်ဌာန ညွှန်ကြားရေးမှူး တဦးကို ခန့်ထားရမည်။ ထို့ပြင် မိမိသင့်သည် ထင်မြင်သည့် အရေအတွက်ရှိသော ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ တိုင်းမီးသတ်တာဝန်ခံများ၊ ခရိုင်မီးသတ်တာဝန်ခံများနှင့် လက်ထောက်ခရိုင်မီးသတ်တာဝန်ခံများကိုခန့်ထားနိုင်သည်။

(၂) ညွှန်ကြားရေးမှူးသည်၊ အစိုးရ၏ ညွှန်ကြားချက်ကို လိုက်နာလျက် မီးသတ်ဝန်ထမ်းများကိုကြိုးကြပ်အုပ်ချုပ်ရမည်။

(၃) ညွှန်ကြားရေးမှူးသည်၊ နည်းဥပဒေများနှင့်အညီ မီးသတ်ဌာနပြန်တမ်း ၀င်မဟုတ်သောအခြားမီးသတ်ဝန်ထမ်းများကိုခန့်ထားနိုင်သည်။

(၄) ညွှန်ကြားရေးမှူးမှတပါး၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းမီးသတ်တာဝန်ခံများ၊ ခရိုင်မီးသတ်တာဝန်ခံများ၊ လက်ထောက် ခရိုင်မီးသတ် တာဝန်ခံများနှင့် အခြားပြန်တမ်း၀င်မဟုတ်သော မီးသတ်ဝန်ထမ်းများကိုခန့်အပ်ခြင်းနှင့် ရာထူးမရပ်စဲခြင်းအစရှိသော ဌာနဆိုင်ရာအရေးယူဆောင်ရွက်မှုများသည်၊ နည်းဥပဒေများနှင့်အညီဖြစ်စေရမည်။

ညွှန်ကြားရေးမှူးက အရံ မီးသတ် တပ်ဖွဲ့တို့ကို အုပ်ချုပ် ခြင်းနှင့် သီးသန့် မီးသတ်အဖွဲ့တို့ကို စစ်ဆေး ခြင်း။

၅။ ။(၁) ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ ညွှန်ကြားရေးမှူးသည်၊ အစိုးရ၏ ညွှန်ကြားချက်ကိုလိုက်နာလျက်၊ အရံ မီးသတ် တပ်ဖွဲ့အားလုံးကို၊ ကြိုးကြပ်အုပ်ချုပ်ရမည်။

(၂) ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍၊ သီသန့်မီးသတ်အဖွဲ့အားလုံးသည်၊ စံနှစ်တကျ ဖွဲ့စည်းထားခြင်းရှိ မရှိ၊ မီးသတ်ကိရိယာများပြည့်စုံလုံလောက်ခြင်းရှိ မရှိ၊ မီးငြိမ်းသတ်ရန်ရေလုံလောက်စွာရရှိရေးကိုစီမံထားခြင်းရှိမရှိ အစရှိသည်တို့ကို၊ ညွှန်ကြားရေးမှူးကဖြစ်စေ၊ ၎င်းကအာဏာလွှဲအပ်ထားသောမီးသတ်တာဝန်ခံကဖြစ်စေ အနည်းဆုံးတနှစ်တကြိမ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သလိုညွှန်ကြားရမည်။

(၃) ပုဒ်မခွဲ (၂) အရ၊ ညွှန်ကြားရေးမှူးကဖြစ်စေ၊ ၎င်းကအာဏာလွှဲအပ်ထားသော မီးသတ်တာဝန်ခံကဖြစ်စေ၊ ထုတ်ဆင့်သော ညွှန်ကြားချက်ကို မလိုက်နာပါက၊ သီးသန့်မီးသတ်အဖွဲ့ကိုတာဝန်ခံ ဖွဲ့စည်းသောအလုပ်ရုံပိုင်ရှင်သည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

အလုပ်ရုံတွင်မီးသတ်အဖွဲ့ ဖွဲ့စည်းရန်ဆင့်ဆိုခြင်း။

၆။ ။(၁) ဤဥပဒေအာဏာတည်သည့်နေ့ရက်မှစ၍၊အလုပ်ရုံတစုံတရာကို မီးသင့်လောင်ခြင်းဘေးအန္တရာယ်မှကြိုတင်ကာကွယ်နိုင်ရန် အလို့ငှါ၊နည်းဥပဒေများအရ၊ မီးသတ်အဖွဲ့ ဖွဲ့စည်းရန် လိုအပ်သည်ဟု ညွှန်ကြားရေးမှူးက ယူဆလျှင်၊ ထိုအလုပ်ရုံအတွက်သင့်တော်သည့်အရေအတွက်ရှိသောသီးသန့်မီးသတ်အဖွဲ့ကို ဖွဲ့စည်းရန်အလုပ်ရုံပိုင်ရှင်အား၊ညွှန်ကြားရေးမှူးကအမိန့်စာချအပ်၍ဆင့်ဆိုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်အရ၊ ညွှန်ကြားရေးမှူးက အမိန့်စာချအပ်ဆင့်ဆိုခြင်း ခံရသည့်အလုပ်ရုံပိုင်ရှင်မှာ၊ သို့တည်းမဟုတ် ထိုအလုပ်ရုံပိုင်ရှင်က တရားဥပဒေအရ၊ အခွင့်အာဏာလွှဲအပ်ထားသည့်ကိုယ်စားလှယ်မှာ၊ အမိန့်စာကို ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း၊ ထိုအမိန့်ကို၊ အစိုးရထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်အာဏာပိုင်ထံသို့ဖြစ်စေ အယူခံနိုင်ခွင့်ရှိစေရမည်။ အစိုးရသည်၊ သို့တည်းမဟုတ်အစိုးရက ခန့်ထားသည့်အာဏာပိုင်သည်၊ ညွှန်ကြားရေးမှူး၏အမိန့်ကို အတည်ပြု၊ပြောင်းလဲပြင်ဆင်၊သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

(၃) မီးလောင်မှုဖြစ်ပွါးသည့်အခါ၊ထိုမီးကိုနိုင်နင်းစွာငြိမ်းသတ်ရန် အလို့ငှါ၊ မီးသတ်ဝန်ထမ်းများကိုဖြစ်စေ၊ အနီးမီးသတ်တပ်ဖွဲ့ကိုဖြစ်စေ အကူအညီပေးရန် အမှန်တကယ်လိုအပ်သည်ဟု သက်ဆိုင်ရာ မီးသတ်အာဏာပိုင်က ယူဆလျှင်၊ မီးလောင်ရာအရပ်ဒေသနှင့်နီးစပ်သော သီးသန့်မီးသတ်အဖွဲ့အား၊ ထိုသို့အကူအညီပေးရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ညွှန်ကြားနိုင်သည်။

(၄) ပုဒ်မခွဲ (၃) အရသက်ဆိုင်ရာမီးသတ်အာဏာပိုင်က ထုတ်ဆင့်သော အမိန့်၊ သို့တည်းမဟုတ် ညွှန်ကြားချက်ကို၊ လုံလောက်သောအကြောင်းမရှိဘဲလိုက်နာရန်ပျက်ကွက်သော သီးသန့်မီးသတ်အဖွဲ့ တာဝန်ခံသည်၊ သို့တည်းမဟုတ်ထိုသီးသန့်မီးသတ်အဖွဲ့ကိုတာဝန်ခံ၍ဖွဲ့စည်းသောအလုပ်ရုံပိုင်ရှင်သည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်ခစီရင်ခြင်းခံရမည်။

ဗဟိုမီးဘေး တားဆီးရေးနှင့်ကြိုးကြပ်ရေးအဖွဲ့က အမိန့်ထုတ်ဆင့်ခြင်း။

၇။ ။ဗဟိုမီးဘေး တားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့သည်၊ အစိုးရ၏ ညွှန်ကြားချက်များကို လိုက်နာ၍နည်းဥပဒေများအရ၊ ပေးအပ်ထားသော တာဝန်ဝတ္တရားများအတွက်၊ မိမိသင့်သည့် ထင်မြင်သည့် သာမန်၊ သို့တည်းမဟုတ်အထူးအမိန့်များကို အခါအားလျော်စွာထုတ်ဆင့်နိုင်သည်။

မီးသတ် အာဏာပိုင်တို့၏ အာဏာနှင့်တာဝန်ဝတ္တရားများ။

၈။ ။(၁) မီးလောင်သည့်အခါ၊ မီးလောင်သည့်နေရာတွင်ရှိသော အကြီးဆုံးမီးသတ်အာဏာပိုင်သည်—

(က) မီးသတ်ရာသို့ လာရောက်၍မီးသတ်အဖွဲ့အား၊နည်းလမ်းတကျ မီးသတ်ခြင်း မပြုနိုင်လောက်အောင် အနှောင့်အယှက် ဖြစ်စေသူများကို ဖယ်ရှားနိုင်သည်၊ သို့တည်းမဟုတ် ဖယ်ရှားရန်မီးသတ်ဝန်ထမ်းတဦးဦး

အား၊ သို့တည်းမဟုတ် အရံမီးသတ်တပ်ဖွဲ့ဝင်တဦးဦးအား၊ အမိန့်ပေးနိုင်သည်။

(ခ) မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအမိန့်ကိုလိုက်နာ၍မီးသတ်ဝန်ထမ်းများ၊ သို့တည်းမဟုတ် အရံမီးသတ်တပ်ဖွဲ့ဝင်များကဖြစ်စေ၊ မီးသတ်ရန်ကိစ္စအလို့ငှါ မည်သည့်အဆောက်အဦ ဥပစာများကိုမဆို၊ အပျက်အစီးနည်းနိုင်သမျှနည်းအောင်ဖေါက်၍ ဝင်ရောက်ဖြတ်သန်းသွားနိုင်သည်၊ သို့တည်းမဟုတ်ဖြိုဖျက်နိုင်သည်။

(ဂ) မီးလောင်သည့်နေရာတွင်ရေအားပိုမိုသန်လာအောင် အခြားမည်သည့်ဒေသတွင်မဆိုရှိသည့်ပြွန်မ၊ ပြွန်မှာများကို ပိတ်ထားစေနိုင်သည်။

(ဃ) ယေဘုယျအားဖြင့် အသက်နှင့်စည်းစိမ်ကိုထိန်းသိမ်းစောင့်ရှောက်ရန်လိုမည်ထင်သည့်စိမ်ချက်များကိုဆောင်ရွက်နိုင်သည်။

(၂) ဤပုဒ်မအရအပ်နှင်းသည့်အာဏာကိုဖြစ်စေ၊ တာဝန်ဝတ္တရားများကို ဖြစ်စေ ဆောင်ရွက်ရာ၌ အဆောက်အဦ၊ သို့ဘည်းမဟုတ် ပစ္စည်းတခုခုပျက်စီးလျင်၊ ယင်းသို့ပျက်စီးခြင်းသည်၊ မီးအာမခံစာချုပ်အမိပ္ပါယ်အလို့ငှါ မီးလောင်ကျမ်း၍ ပျက်စီးခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

(၃) မီးလောင်သည့်အခါ၊ မီးကြိုတင်တားဆီးသည့်အနေဖြင့် အဆောက်အဦများအဖျက်ခံရပါက၊ ထိုနေရာတွင်ရှိသောအကြီးဆုံး မီးသတ်အာဏာပိုင်က၊ ထိုကဲ့သို့အဖျက်ခံရကြောင်း၊ ထို့ပြင်မီးသတ်အာဏာပိုင်များမရောက်မီ၊အရပ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့်ဖျက်သိမ်းကြောင်းအကြောင်းလုံလောက်လျှင်၊ သက်ဆိုင်သူအား၊ထိုကဲ့သို့ဖျက်ဆီးကြောင်းထောက်ခံချက် လက်မှတ်ထုတ်ပေးရမည်။

(၄) မီးလောင်သည့်အခါ၊ မီးလောင်သည့်နေရာတွင်ရှိသော အကြီးဆုံးမီးသတ်အာဏာပိုင်သည်၊ မီးသတ်ဝန်ထမ်းတဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အရံမီးသတ်တပ်ဖွဲ့ဝင်တဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ရွေးချယ်၍အလုပ်ပေးသောနေရာတွင်၊ မိမိ၏ကိုယ်စားဆောင်ရွက်ရန်နှုတ်ဖြင့်သော်၎င်း၊စာဖြင့်သော်၎င်း တာဝန်လွှဲအပ်နိုင်သည်။ အဆိုပါမီးသတ်ဝန်ထမ်း၊ သို့တည်းမဟုတ်အရံမီးသတ်တပ်ဖွဲ့ဝင်သည်၊သို့တည်းမဟုတ်၊ မီးသတ်ဝန်ထမ်းများ၊ သို့တည်းဟုတ် အရံမီးသတ် တပ်ဖွဲ့ဝင်များ သည်၊ ဤပုဒ်မအရ အကြီးဆုံးမီးသတ် အာဏာပိုင်ကိုယ်တိုင်ရရှိသည့်အာဏာများကိုအခါအားလျော်စွာရရှိစေရမည်။

(၅) မီးလောင်သည့်အခါ၊ မီးလောင်သည့် နေရာတွင်ရှိသော အကြီးဆုံးရဲဘာဝန်ခံကဖြစ်စေ၊ထိုရဲဘာဝန်ခံမရှိလျှင်၊အကြီးဆုံးမီးသတ်တာဝန်ခံကဖြစ်စေ၊မီးငြိမ်းသတ်ရန်အတွက် လိုအပ်သည်ဟုယူဆလျှင်၊မည်သည့်လမ်းကိုမဆို၊ မည်သည့်ယာဉ်မျှဝင်ရောက်ခြင်း၊ သို့တည်းမဟုတ် ဖြတ်သန်းသွားလာခြင်း၊ သို့တည်းမဟုတ် ရပ်နားထားခြင်းမပြုရန်ပိတ်ပင်တားမြစ်နိုင်သည်။

(၆) အစိုးရသည်၊ ဒေသအလိုက် မီးသတ်အာဏာပိုင် အသီးသီး၏အဆင့်အတန်းကိုအခါအားလျော်စွာ၊ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်နိုင်သည်။

(၇) မည်သူမဆို၊ ဤပုဒ်မအရ၊ တာဝန်ဝတ္တရားဆောင်ရွက်နေသော မီးသတ်အာဏာပိုင်အားအနှောင့်အယှက်ပြုလျှင်၊သို့တည်းမဟုတ် မီးသတ်အာဏာပိုင်ကတရားသဖြင့်ခေါ်ယူသောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် မီးသတ်

သည်ဝတ္ထုရား များကို ခေါ်ပြုနိုင်စေရန်အခြားပြုမှုတခုခုကိုပြုလျှင်၊ ထိုသူသည်၊ သုံးနှစ်ထိအောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိုင်ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ဗ။ ။(၁) ဤဥပဒေအာဏာတည်သည့်ဒေသတွင်မီးလောင်လျှင်၊ သက်ဆိုင်ရာ မီးသတ်တာဝန်ခံသည်၊ မီးလောင်ရသည့် အကြောင်းခြင်းရာကို၊ သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့သို့ မီးလောင်ပြီးနောက် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ၊ အစီရင်ခံရမည်။ အဆိုပါမီးလောင်ခြင်းသည်၊ မတော်တဆလောင်သောမီး၊ သို့တည်းမဟုတ် ပေါ့လျော့မှုကြောင့်လောင်သောမီးမဟုတ်ဘဲ၊ တမင်သက်သက်ရှိုခို်လောင်သောမီးဖြစ်သည်ဟု၊ သို့တည်းမဟုတ်ဖြစ်တန်ရာသည်ဟုအစီရင်ခံလျှင်၊ သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့်ကြိုးကြပ်ရေးအဖွဲ့သည်၊ ထိုမီးလောင်သည့်အချိန်မှစ၍၊ ထိုမီးစတင်လောင်ခြင်းခံရသည့်ပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းအားလုံးကို၊ အစိုးရကပိုင်ဆိုင်ရမည်ဟု ကျေညာရမည်။ ထိုသို့ကျေညာသည့်အချိန်မှစ၍ ထိုမြေနှင့်ရင်း၊ ထိုပစ္စည်းများနှင့်ရင်း စပ်လျဉ်း၍မူလပိုင်ရှင်၏ပိုင်ဆိုင်ခွင့်နှင့်အကျိုးခံစားခွင့်အားလုံးရပ်စဲရမည်။

(၂) ဤဥပဒေအာဏာတည်သည့်ဒေသတွင် မီးလောင်လျှင်၊ ပုဒ်မခွဲ (၁) အရဖွဲ့စည်းထားသည့်သုံးဦးအဖွဲ့က၊ ထိုမီးစတင်လောင်ခြင်းသည်၊ စတင်လောင်ခြင်းခံရသောပစ္စည်းကိုပိုင်ဆိုင်သောသူ၊ သို့တည်းမဟုတ်ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူ၊ သို့တည်းမဟုတ်ယုံသွန်းအတူ ထိုပစ္စည်းတွင်နေထိုင်သောသူက၊ မသမာသောဝိဘက်ဖြင့် ထိုပစ္စည်းကို၊ မိမိကိုယ်တိုင်မီးရှို့ခြင်းကြောင့်ဖြစ်စေ၊ တပါးသောသူအား မီးရှို့စေခြင်းကြောင့်ဖြစ်စေ မီးစတင်လောင်ခြင်းဖြစ်သည်ဟု၊ သို့ဘည်းမဟုတ် ဖြစ်တန်ရာသည်ဟု စစ်ဆေးတွေ့ရှိသည့်အခါ၊ ထိုသူသည်၊ ရာဇသတ်ကြီးအရအရေးယူခြင်းခံရမည်။ ထိုသုံးဦးအဖွဲ့၏ အစီရင်ခံချက်ကိုမူတည်၍၊ သက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့်ကြိုးကြပ်ရေးအဖွဲ့သည်၊ ထိုမီးလောင်သည့်အချိန်မှစ၍၊ ထိုမီးစတင်လောင်ခြင်းခံရသည့်ပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းအားလုံးကို၊ အစိုးရကပိုင်ဆိုင်ရမည်ဟု ကျေညာရမည်။ ထိုသို့ကျေညာသည့်အချိန်မှစ၍ ထိုမြေနှင့်ရင်း၊ ထိုပစ္စည်းများနှင့်ရင်း စပ်လျဉ်း၍မူလပိုင်ရှင်၏ပိုင်ဆိုင်ခွင့်နှင့်အကျိုးခံစားခွင့်အားလုံးရပ်စဲရမည်။

(၃) အဆိုပါသုံးဦးအဖွဲ့၏အစီရင်ခံချက်အရ၊ ဟိုမီးစတင်လောင်ခြင်းသည် စတင်လောင်ခြင်းခံရသည့်ပစ္စည်းကို ပိုင်ဆိုင်သောသူ၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူ၊ သို့တည်းမဟုတ် ထိုသူနှင့်အတူ ထိုပစ္စည်းတွင် ရှိနေထိုင်သောသူ၏ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အခြားသူတဦး၊ သို့တည်းမဟုတ် အများက ရပ်ရွာငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရန်၊ သို့တည်းမဟုတ်ရာဇဝတ်မှုကျူးလွန်ရန်အကြံဖြင့် တမင်သက်သက် မီးရှို့ခြင်းကြောင့်ဖြစ်စေ၊ စတင်လောင်ခြင်း ဖြစ်သည်ဟု၊ သို့တည်းမဟုတ် ဖြစ်တန်ရာသည်ဟု သက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့က ယုံကြည်လျှင်၊ ထိုမီးစတင်လောင်ခြင်းခံရသည့်ပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းများကို၊ အစိုးရကပိုင်ဆိုင်ရမည်ဟုမကျေညာရ။ သို့သော်လည်းပေါ့လျော့မှုကြောင့်လောင်သောမီးအတွက် တာဝန်ရှိသူသည်၊ ရာဇသတ်ကြီးအရအရေးယူခြင်းခံရမည်။

(၄) ထို့ပြင် အဆိုပါသုံးဦးအဖွဲ့၏ အစီရင်ခံချက်အရ၊ ထိုမီးမှာ၊ ထိုအနီးပတ်ဝန်းကျင်ရှိ ပစ္စည်းကိုပိုင်ဆိုင်သော သူတဦးဦး၏၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်လက်ရှိ နေထိုင်သောသူတဦးဦး၏ ပယောဂကြောင့်ဖြစ်စေ၊ စေခိုင်းမှုကြောင့်ဖြစ်စေ၊

စတင်လောင်ကျွမ်း၍၊ ထိုအနီးပတ်ဝန်းကျင်ရှိပစ္စည်းများကိုကူးစက်လောင်ကျွမ်းသည်ဟု သို့တည်းမဟုတ် ကူးစက်လောင်ကျွမ်းတန်ရာသည်ဟုသက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့က မသက်သာကြယ်ရာအကြောင်းရှိလျှင်၊ ထိုမီးစတင်လောင်ခြင်းခံရသောပစ္စည်းကိုပိုင်ဆိုင်သောသူ၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူနှင့် ထိုသို့မီးကူးစက်လောင်ခြင်းခံရသော အနီးပတ်ဝန်းကျင်ရှိ ပစ္စည်းကိုပိုင်ဆိုင်သောသူများအနက်၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်လက်ရှိနေထိုင်သောသူများအနက်၊ထိုမီးကိုရှိုနှိုင်းသည်ဟုမသက်သာခြင်းခံရသူ၏ မီးအာမခံထားရှိသည့် မီးလောင်ခံရသောပစ္စည်းတည်ရှိရာမြေများနှင့် ထိုမြေများရှိပစ္စည်းအားလုံးကိုလည်း၊ အစိုးရကပိုင်ဆိုင်ရမည်ဟု ထိုအဖွဲ့ကကျေးဇူးရမည်။ ထိုသို့ကျေးဇူးသည့်အချိန်မှစ၍၊ ထိုမြေများနှင့်ရင်း၊ ထိုပစ္စည်းများနှင့်ရင်း၊ စပ်လျဉ်း၍မူလပိုင်ရှင်များ၏ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အားလုံးရပ်စဲရမည့်ပြင်၊ထိုမူလပိုင်ရှင်များသည်လည်း၊ထိုမီးရှိုမှအတွက် ရာဇသတ်ကြီးအရ အရေးယူခြင်းခံရမည်။

ဥပမာ

ဦးဖြူသည်၊ မိမိပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် မိမိလက်ရှိနေထိုင်သည့်ပစ္စည်းမီးလောင်လျှင်၊ မီးအာမခံပေါ်လိစီမှ အကျိုးခံစားခွင့်ကို ရနိုင်ရန်ကြိုးရယ်ချက်ဖြင့် အနီးပတ်ဝန်းကျင်ရှိ ဦးမဲပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ဦးမဲလက်ရှိနေထိုင်သည့်ပစ္စည်းကိုမီးဝိုးရန် ဦးမဲအားခိုင်းစေ၏။ ဦးမဲသည်၊ မိမိ၏ပစ္စည်းကို မီးရှို၍လောင်ကျွမ်းစေရာ၊ ထိုမီးသည်၊ဦးဖြူ၏ပစ္စည်းကိုလည်းကူးစက်လောင်ကျွမ်း၏။ထိုအခါတွင်ဦးမဲ၏မီးလောင်ခံရသောပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေပစ္စည်းအားလုံးကိုသာမက၊ ဦးဖြူ၏မီးလောင်ခံရသောပစ္စည်းတည်ရှိရာမြေနှင့် ထိုမြေရှိပစ္စည်းအားလုံးကိုလည်း၊ အစိုးရကပိုင်ဆိုင်ရမည်။

(၅) ပုဒ်မခွဲ (၂) နှင့် (၄) အရ၊ အစိုးရပိုင်ဖြစ်လာသောပစ္စည်းတည်ရှိရာမြေသို့၊ မီးမလောင်မီကလက်ရှိနေထိုင်သူသော်၎င်း၊ ထိုသူ၏ကိုယ်စားလှယ်သော်၎င်း၊ ဤကိစ္စအလို့ငှါ အစိုးရက အာဏာအပ်နှင်းထားသူနှင့်အတူ ဝင်ရောက်၍ အလွယ်တကူရွှေပြောင်းနိုင်သော အကြင်းအကျန်မိမိပိုင် စိန်၊ ရွှေ၊ ငွေ စသည့်ပစ္စည်းများကိုရှာဖွေ၍ စာရင်းပြုလုပ်ပြီးလျှင်၊ သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ၌ဖြစ်စေ၊ ဥက္ကဋ္ဌမရှိလျှင်အဖွဲ့ဝင်လူကြီးတဦးဦးထံ၌ဖြစ်စေ၊ အပ်နှံထားရမည်။ ထိုဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ထိုအဖွဲ့ဝင်လူကြီးသည်၊ ထိုပစ္စည်းများကို၊ အစိုးရညွှန်ကြားသည့်နေရာ၌ အစိုးရအစောင့်အရှောက်ဖြင့် လုံခြုံစွာသိမ်းဆည်းထားရမည်။

သို့ရာတွင် အဆိုပါပစ္စည်းများအတွက်၊မီးအာမခံထားရှိသည့်ကိစ္စ၌၊မီးအာမခံကုမ္ပဏီသည်၊ ထိုမြေပေါ်တွင်ကြင်းဂျုန်ရှိသော ပစ္စည်းများကို၊ အစိုးရက ညွှန်ကြားထားသည့် နည်းလမ်းဒေါ်တိုင်း ထုခွဲရောင်းချ၍ ရရှိသောငွေများကို၊ အစိုးရအားပေးအပ်ရမည်။ အဆိုပါပစ္စည်းများကို ထုခွဲရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို၊ အစိုးရက ညွှန်ကြားထားလျှင်၊ ထိုသို့ညွှန်ကြားသည့်အတိုင်းမီးအာမခံကုမ္ပဏီကလိုက်နာဆောင်ရွက်ရမည်။

(၆) အစိုးရသည်၊ သို့တည်းမဟုတ် အစိုးရက အာဏာလွှဲအပ်ထားသော အာဏာပိုင်သည်၊ မီးလောင်ခြင်းနှင့်စပ်လျဉ်း၍၊ မည်သည့်အကြောင်းကြောင့် မီးစတင်

လောင်သည့်ကိုင်း၊ ထိုမီးလောင်ခြင်းမှာ၊ မည်သူ့တာဝန်ဖြစ်သည့်ကိုင်း၊ မီးလောင်ခြင်းနှင့်သက်ဆိုင်သည့် အခြားအကြောင်းခြင်းရာများကိုင်း စုံစမ်းစစ်ဆေးရန်၊ စုံစမ်းရေးကော်မတီတခုကိုဖွဲ့စည်းရမည်။

(၇) ထိုစုံစမ်းရေးကော်မတီမှာ၊ ၁၉၅၀ ပြည့်နှစ်၊ စုံစမ်းရေးကော်မတီများအက်ဥပဒေအရ ဖွဲ့စည်းသော ''စုံစမ်းရေးကော်မတီ'' ၏ အာဏာအားလုံးရှိရမည်။

(၈) စုံစမ်းရေးကော်မတီသည်၊ အကြောင်းထူးမရှိပါက၊ လိုအပ်သော စုံစမ်းစစ်ဆေးမှု ၂၊ရက်သတ္တာနှစ်ပတ်အဟွင် ပြီးပြတ်အောင်ဆောင်ရွက်ရမည်။

(၉) စုံစမ်းရေးကော်မတီသည်၊ အဆိုပါပစ္စည်းတရပ်ရပ်နှင့် စပ်လျဉ်း၍ ကြားဖြတ်အမိန့်များကို လိုအပ်သလိုချမှတ်နိုင်သည်။ အပြစ်ကင်းမဲ့သောပစ္စည်းပိုင်ရှင်များနှင့်ပတ်သက်၍ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အလျင်အမြန်အမိန့်ချမှတ်ရမည်။

(၁၀) စုံစမ်းရေးကော်မတီသည်၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ မီးလောင်ခြင်းခံရသော အဆိုပါ ပစ္စည်းနှင့် ထိုပစ္စည်းတည်ရာမြေကို၊ ပိုင်ရှင်အားပြန်ပေးရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့အမိန့်ချမှတ်သောအခါ၊ ပုဒ်မခွဲ (၂)၊ သို့တည် မဟုတ် ပုဒ်မခွဲ (၄) တွင်မည်သို့ပင်ပါရှိစေကာမူ၊ မီးလောင်ခြင်းခံရသော ပစ္စည်းနှင့် ထိုပစ္စည်းတည်ရာမြေကို၊ မူလပိုင်ရှင်က ပြန်လည်ပိုင်ဆိုင်စေရမည်။

(၁၁) မီးလောင်ခြင်းခံရသောအဆိုပါပစ္စည် အရပ်ရပ်အတွက်၊မီးအာမခံပေါ်လိစီရှိလျှင်၊ သက်ဆိုင်ရာမီ.အာမခံကုမ္ပဏီသည်၊ ထိုပေါ်လိစီတွင်မည်သို့ပင်ပါရှိစေကာမူ၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေများ ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ စုံစမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ရရှိမှသာ၊ ပေါ်လိစီအတွက် တောင်းခံငွေနှင့် စပ်လျဉ်း၍ဆုံးဖြတ်ချက်ချမှတ်ရမည်။

(၁၂) မီးလောင်ခြင်းမှာ၊ မီးအာမခံပေါ်လိစီရှိသူ ကိုယ်တိုင်ရှိ၊မသောမီး၊ သို့တည်းမဟုတ် ကိုယ်တိုင်မသမာသော နည်းဖြင့်လောင်ကျွမ်းသောမီး မဟုတ်ဟု၊ စုံစမ်းရေးကော်မတီက ဆုံးဖြတ်ပြီးနောက်၊ မီးအာမခံ ကုမ္ပဏီကလည်း၊ မီးလောင်ခြင်းခံရသောအဆိုပါပစ္စည် များအတွက်တောင်းခံငွေများထုတ်ပေးရလျှင်၊ မီးအာမခံကုမ္ပဏီသည်၊ အစိုးရထံ ပေးအပ်ထားသောပစ္စည်း၊ သို့တည်းမဟုတ် ငွေများကို၊ အစိုးရထံမှပြန်လည်ရရှိစေရမည်။

(၁၃) စုံစမ်းရေးကော်မတီက ချမှတ်သည့်အမိန့်သည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေဒုတိယ ၆ အလိုင်း၊ တရားရုံးတရပ်ရပ်က ချမှတ်သောအပြီးသတ်အမိန့်ဖြစ်သည်ဟုမှတ်ယူရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မ ပါပြဋ္ဌာန်းချက်များသည်၊ မီးမကူးစက်စေရန် အဖျက်ခံရသော အဆောက်အဦ၊ သို့တည်းမဟုတ် ပစ္စည်းများနှင့် မသက်ဆိုင်စေရ။

ပျက်စီး နစ်နာခြင်း အတွက် လျော်ကြေး ပေးရန် တာဝန်မရှိခြင်း။

၁၀။ ။မည်သည့်မီးသတ်အာဏာပိုင်၊ သို့တည်းမဟုတ် မည်သည့်မီးသတ်ဝန်ထမ်း၊ သို့တည်းမဟုတ် မည်သည့်ရဲအဖွဲ့ဝင်၊ သို့တည်းမဟုတ် မည်သည့်အရံမီးသတ်တပ်ဖွဲ့ဝင်မှာမဆို၊ မိမိ၏ တာဝန်ဝတ္တရားများကို၊ နည်းလမ်းတကျဆောင်ရွက်ရန်လိုအပ်သည်ဟု သဘောရိုးဖြင့်ယုံကြည်၍ ဆောင်ရွက်သော ကြောင့်ပျက်စီးနစ်နာခြင်းအတွက် လျော်ကြေးပေးရမည့်တာဝန်မရှိစေရ။

၁၁။ ။မီးလောင်သည့်အခါ၊ မီးငြိမ်းသတ်သည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်နေစဉ်အတွင်းအရံမီးသတ်တပ်ဖွဲ့ဝင်တဦးသည်၊ မတော်တဆ ထိခိုက်ဒဏ်ရာရလျှင်ဖြစ်စေ၊ သေဆုံးလျှင်ဖြစ်စေ နည်းဥပဒေနှင့်အညီ၊ လျော်ကြေး၊ သို့တည်းမဟုတ် ဂရုဏာကြေးကိုရရှိစေရမည်။ မီးသတ်ဝန်ထမ်းပြစ်ပါမူ၊ နည်းဥပဒေဖြင့်သတ်မှတ်သည့်လျော်ကြေး သို့တည်းဟုတ် ဂရုဏာကြေးကိုရရှိစေရမည့်ပြင်၊ တည်ဆဲပင်စင်တရားဥပဒေများအရ၊ ပင်စင်အကျိုးခံစားခွင့်ကိုလည်းရရှိစေရမည်။

မီးငြိမ်းသတ်စဉ်သေဆုံးခြင်း၊ ဒဏ်ရာရခြင်းအတွက် ဂရုဏာကြေးနှင့် ပင်စင်ခံစားခွင့်ပေးခြင်း။

၁၂။ ။တည်ဆဲတရားဥပဒေတခုခုအရ—

(က) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထုကို၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုကို ထားရှိရန်၊ အသုံးပြုရန်၊ သိုလှောင်ရန်၊ လက်ရှိထားရန်၊ ပြုလုပ်ရန်၊ သို့တည်း မဟုတ် ရောင်းချရန် လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့် လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ခ) ပွဲလမ်းသဘင် ကျင်းပရန်လိုင်စင်၊ သို့တည်းမဟုတ် အမိန့်လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ဂ) ဒုန်းလွှတ်ရန်၊ သို့တည်းမဟုတ် မီးပန်းမီးရှူးကိုဖြစ်စေ၊ ဒုန်းကိုဖြစ်စေ၊ ရောင်းချရန်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အာမိန့်လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ဃ) မြို့များအက်ဥပဒေအရ၊ မြို့ဟုအဓိပ္ပါယ်ဖော်ပြထားသည့် အရပ်ဒေသတွင်၊ သို့တည်းမဟုတ် မြို့နယ်စီပါယ် အက်ဥပဒေ အရ၊ ကေညာထုတ်ထားသည့် မြို့မဟူသော အရပ်ဒေသတွင်၊ သို့တည်းမဟုတ် ရန်ကုန်မြို့ မြို့နယ်စီပါယ် အက်ဥပဒေအရ၊ ရန်ကုန်မြို့နယ်စီပါယ်နယ်နိမိတ်ဟု သတ်မှတ်ထားသည့် အရပ်ဒေသတွင်၊ လူနေအိမ်ကို၊ သို့တည်းမဟုတ် မီးဘေးစိုးရိမ်ရသော ဈေးဆိုင်ကန်းကို၊ သို့တည်းမဟုတ် ပွဲလမ်းသဘင်ကျင်းပရန်အဆောက်အဦးကို၊ သို့တည်းမဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထု၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုထားရှိမည့်၊ သို့တည်းမဟုတ် သိုလှောင်မည့်အဆောက်အဦးကို ဆောက်လုပ်ရန်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့် လိုအပ်လျှင်

လိုင်စင်၊ သို့တည်း မဟုတ် အခွင့် အမိန့် တစုံ ဘရာအတွက် အကြံဉာဏ် ပေးခြင်း။

အဆိုပါ လိုင်စင်ကို၊ သို့တည်းမဟုတ် အခွင့်အမိန့်ကို ထုတ်ပေးနိုင်ခွင့်အာဏာရှိသူက။ သက်ဆိုင်ရာမီးသတ်အာဏာပိုင်များထံမှ အကြံဉာဏ်တောင်းယူ၍ ထုတ်ပေးရမည်၊

ဒုတိယ။ ။(၁) တည်ဆဲ အခြားတရား ဥပဒေများတွင် မည်သို့ပင်ပါရှိစေ ကာမ၊ မီးသတ် အာဏာပိုင်သည်၊ မီးဘေးအန္တရာယ်ရှိ မည်ဟုယူဆရသောမည်သည့်လူနေအိမ်တွင်မဆို၊ သို့တည်း မဟုတ် မီးဘေးဖိုးနှိမ်ခံရသော မည်သည့် ဈေးဆိုင်ကန်း တွင်မဆို၊ မီးဘေးမှ ကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသော စီမံချက်များလုံလောက်စွာရှိ မရှိကို၊ လိုအပ်လျှင် အနည်းဆုံး တနှစ်တကြိမ် ကြည့်ရှုစစ်ဆေးနိုင်သည်။ ထိုသို့စစ်ဆေးရာတွင် မီးဘေးမှကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသော စီမံချက်များ မလုံလောက်ကြောင်း တွေ့ရှိလျှင်၊ မီးသတ် အာဏာပိုင်သည်၊ အဆိုပါလူနေအိမ်၊ သို့တည်းမဟုတ် ဈေးဆိုင်ကန်းတွင် လက်ရှိ နေထိုင်သူ၊ သို့တည်းမဟုတ် လက်ရှိရောင်းချနေသူအား၊ လိုအပ်သည့်စီမံချက်များကို ပြုလုပ်ရန်ဆင့်ဆိုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ထုတ်ဆင့်သည့် အမိန့်ဆင့်ဆိုချက်ကို၊ ထိုအမိန့်ဆင့် ဆိုချက်တွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်းလိုက်နာရန် ပျက်ကွက်သူသည်၊ သုံးနှစ်သိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင် ခြင်းခံရမည်။

(၃) တည်ဆဲအခြားတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ မီးသတ် အာဏာပိုင်သည်၊ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထု၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုထားရှိသည့်၊ သို့တည်းမဟုတ် သိုလှောင်ထားသည့်၊ သို့တည်းမဟုတ် ပြုလုပ်သည့်မည်သည့် အလုပ်ရုံကိုမဆို၊ သို့တည်းမဟုတ် ပွဲလမ်းသဘင် ကျင်းပရန်မည့်သည့်နေရာ၊ သို့တည်းမဟုတ်အဆောက်အဦးကိုမဆို၊ မီးဘေးမှကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသောစီမံချက်များ လုံလောက်စွာရှိ မရှိကို၊ လိုအပ်လျှင် အနည်းဆုံး တနှစ်တကြိမ် ကြည့်ရှုစစ်ဆေးနိုင်သည်။ ဤသို့စစ်ဆေးရာတွင် မီးဘေးမှကာကွယ်ရန် ကြိုတင်ပြုလုပ်ထားသော စီမံချက်များမလုံလောက်ကြောင်း တွေ့ရှိလျှင်၊ လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်ထုတ်ပေးခွင့်ရသည့် အာဏာပိုင်ထံအစီရင်ခံရမည်။ ထို အာဏာပိုင်သည်၊ မီးသတ်အာဏာပိုင်က ထောက်ခံသည့်စီမံချက်များကို ပြုလုပ်ရန် လိုင်စင်ရသူ၊ သို့တည်းမဟုတ် အခွင့်အမိန့်ရသူကို၊ ဆင့်ဆိုနိုင်သည်။

(၄) ပုဒ်မခွဲ (၃) အရ၊ ဆင့်ဆိုချက်ကို၊ ထိုဆင့်ဆိုချက်တွင်သတ်မှတ်ထား သည့်အချိန်ကာလအတွင်းလိုက်နာရန် ပျက်ကွက်သူ၏လိုင်စင်၊ သို့တည်းမဟုတ် အခွင့် အမိန့်ကို၊ ထုတ်ပေးခွင့်ရသည့် အာဏာပိုင်က ရုပ်သိမ်းရမည်။ ထိုပျက်ကွက်သူသည်၊ သုံးနှစ်သိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

တတိယ။ ။မီးသတ် အာဏာပိုင်များ၊ မီးသတ်ဝန်ထမ်းများနှင့် အရံမီးသတ် တပ်ဖွဲ့ဝင်များသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေ ဆောင်ရွက်သော အခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သောအပြုအမူများကို ပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ် သည်ဟုမှတ်ယူရမည်။

မီးလောင်သည်ဟု လိမ်လည် အကြောင်းကြားခြင်း အတွက် ပြစ်ဒဏ်။

၁၅။ ။မည်သူမဆို၊ မီးသတ်အာဏာပိုင် တဦးဦးအား၊ သို့တည်းမဟုတ် မီးသတ်ဝန်ထမ်းတဦးဦးအား၊ သို့တည်းမဟုတ် အခြားမီးသတ်တပ်ဖွဲ့ဝင် တဦးဦးအား၊ မီးမလောင်ဘဲနှင့် မီးလောင်သည်ဟု လမ်းဘေး မီးလှန့်လေတ်ဖြင့်သော်၎င်း၊ ကောင်းပြောကြေးနန်း တယ်လီဖုန်းဖြင့်သော်၎င်း၊ အခြားတနည်းနည်းဖြင့်သော်၎င်း တမင်သက်သက် အချက်ပေးလျှင်၊ သို့တည်းမဟုတ် ပေးစေလျှင်၊ သုံးလထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

မီးသတ် အတတ် သင်ကျောင်း ဖွင့် လှစ် သင်ကြားခြင်း။

၁၆။ ။(၁) အစိုးရသည်၊ မီးသတ်အတတ်ပညာ သင်ကြားပေးရန်နှင့် မီးသတ်အတတ်ပညာ ပြန့်ပွားစေရန်၊ မိမိသင့်လျော်မည်ဟုထင်သည့်အရပ်ဒေသများတွင် မီးသတ်အတတ်သင်ကျောင်းများနှင့် မီးသတ်သင်တန်းများကို ဖွင့်လှစ်ထားရှိနိုင်သည်။

(၂) ပုဒ်မခွဲ (၁)အရ ဖွင့်လှစ်သည့် မီးသတ်အတတ်သင်ကျောင်းများနှင့် မီးသတ်သင်တန်းများတွင် သင်ကြားပို့ချမည့် ဘာသာရပ်များသည်၎င်း၊ ခန့်အပ်ထားရှိမည့် သင်တန်းပို့များ၊ နည်းပြဆရာများနှင့် အခြားမီးသတ်ဝန်ထမ်းများသည်၎င်း၊ သင်တန် နှင့်သက်ဆိုင်သော အခြားဆောင်ရွက်မှုများသည်၎င်း၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရမည်။

ရေရှိရေး စီမံကိန်းများ ပြုလုပ်စေခြင်း။

၁۷။ ။မီးလောင်သည့်အခါ၊ မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာ ရရှိစေရန်၊ တိုင်းမီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့များကဖြစ်စေ၊ ခရိုင်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များကဖြစ်စေ၊ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များကဖြစ်စေ မိမိတို့အရပ်ဒေသများနှင့် သင့်လျော်ကိုက်ညီမည် ရေရှိရေး စီမံကိန်းများကိုပြုလုပ်ထားကြရမည်။

မီးသတ်ခွန်ကိုညွှန်ကြားရေးမှူး ဌာနသို့ ပေးသွင်းခြင်း။

၁۸။ ။ဒေသန္တရအဖွဲ့တခုခုသည်၊ တည်ဆဲအခြားတရားဥပဒေ တခုခုအရ၊ သက်ဆိုင်ရာဒေသတွင် မီးသတ်ခွန်ကို၊ သို့တည်းမဟုတ် မီးဘေးကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့်အခကို ကောက်ခံသည့်အခါ၊ အကြိုပါအခွန်ကို၊ သို့တည်းမဟုတ် အခကို၊ အစိုးရက သတ်မှတ်သည့်ညွှန်ကြားရေးမှူးဌာန၏ ငွေစာရင်းခေါင်းစဉ်အောက်သို့ ပေးသွင်းရမည်။

မီးငြိမ်း သတ် ရာ တွင်၊ တနည်းနည်း ကူညီသူအား ဆုငွေပေးခြင်း။

၁၉။ ။မီးငြိမ်းသတ်ခြင်းကိစ္စတစုံတရာအတွက် တနည်းနည်းဖြင့် ထိရောက်စွာအကူအညီပေးသော မည်သည့်ပုဂ္ဂိုလ် (မီးသတ်ဝန်ထမ်းနှင့် အရံမီးသတ် တပ်ဖွဲ့ဝင်များမှတပါး) ကိုမဆို၊ ညွှန်ကြားရေးမှူးကဖြစ်စေ၊ အစိုးရကသတ်မှတ်သော အခြားမီးသတ်အာဏာပိုင် တဦးဦးကဖြစ်စေ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်ဆုငွေကို ချီးမြှင့်ထုတ်ပေးနိုင်သည်။

အကူးအပြောင်းကာလပြဋ္ဌာန်းချက်များ

၂၀။ ။(၁) ဤဥပဒေ စတင်အာဏာတည်သည့် နေ့ရက်မှစ၍ဖြစ်စေ၊ ဤပုဒ်မပါကိစ္စအလို့ငှါ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရက်မှစ၍ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင်ဖွဲ့စည်းထားပြီးသော၊ သို့တည်းမဟုတ် ဖွဲ့စည်းဆဲဖြစ်သော စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး များကို ဖျက်သိမ်းစေရမည်။ ယင်းသို့ဖျက်သိမ်းသည့် အချိန်မှစ၍၊ အဆိုပါစေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးပိုင် မီးသတ်အဆောက်အဦ၊ ထိုအဆောက်အဦတည်ရှိရာမြေရာ မီးသတ်စက်.မီ.သတ် ကိရိယာများ၊ မီးသတ်အစည်းအရုံးပိုင် အခြားပစ္စည်းများနှင့် ရံပုံငွေသည် အစိုးရပိုင်ဖြစ်လာရမည်။

(၂) ဖျက်သိမ်းခြင်းခံရသည့်၊ သို့တည်းမဟုတ် ဖျက်သိမ်းဆဲ ဖြစ်သည့် စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး၏ အုပ်ချုပ်ရေးအဖွဲ့သည်၊ ပုဒ်မခွဲ (၁) အရ၊ အစိုးရပိုင်ဖြစ်လာသော မီးသတ်အဆောက်အဦ၊ ထိုအဆောက်အဦ တည်ရှိရာမြေရာ၊ မီးသတ်စက်၊ မီးသတ်ကိရိယာများ၊ မီးသတ်အစည်းအရုံးပိုင် အခြားပစ္စည်းများနှင့် ရံပုံငွေကို ညွှန်ကြားရေးမှူးအားဖြစ်စေ၊ ညွှန်ကြားရေးမှူးက အာဏာလွှဲအပ်သော မီးသတ်တာဝန်ခံအားဖြစ်စေ ၎င်းကညွှန်ကြားသည် ကာလအတွင်း လွှဲပြောင်းပေးအပ်ရမည်။ ထိုညွှန်ကြားရေးမှူးသည်၊ သို့တည်းမဟုတ် ထိုမီးသတ်တာဝန်ခံသည်၊ ယင်းသို့လွှဲပြောင်းပေးအပ်ရရှိသော ပစ္စည်းအရုပ်ရပ်နှင့်စပ်လျဉ်း၍ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ပြင်ဆင်ခြင်းကိစ္စများကိုဆောင်ရွက်ရမည်။

စေတနာ့ ဝန်ထမ်း မီးသတ် အစည်းအရုံးများကို ဖျက်သိမ်း ခြင်းနှင့် ထို အစည်းအရုံးပိုင်ပစ္စည်း အရပ်ရပ်ကို၊ အုပ်ချုပ်သို့လွှဲပြောင်းပေးအပ်ခြင်း ။

ရှင်းလင်းချက်။ ။"အုပ်ချုပ်ရေးအဖွဲ့" ဆိုသည့်စကားရပ်တွင်၊ စေတနာ့ဝန်ထမ်းမီးသတ်အစည်း အရုံးဆိုင်ရာကိစ္စများကိုစီမံအုပ်ကြီးကြပ်ချုပ်သူအားလုံးပါဝင်သည်။

(၃) ဖျက်သိမ်ခြင်းခံရသော၊ သို့တည်းမဟုတ် ဖျက်သိမ်းဆဲ ဖြစ်သော စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံး၏အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်သူမည်သူမဆို၊ ပုဒ်မခွဲ (၂)တွင် သီးခြားဖော်ပြသည့် ပစ္စည်းတခုခုကို လွှဲပြောင်းပေးအပ်ရန် ဖျက်ကွက်လျှင်၊ ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ယင်းသို့လွှဲပြောင်းလက်ခံယူခြင်းကို တားဆီးရန်ကြိုးပမ်းချက်ဖြင့်သော်၎င်း၊ မရိုးမဖြောင့်သော သဘောဖြင့်သော်၎င်း၊ ထိုပစ္စည်းတရပ်ရပ်ကိုအလွဲသုံးစားပြုလျှင်၊ ၎င်း၏ပစ္စည်းအဖြစ်ပြောင်းလွှဲလျှင်၊ ဖယ်ရှားလျှင်၊ ဖျက်သိမ်းလျှင်၊ လုံလောက်သောအာဘိုးစားနားမရှိဘဲ အဆိုပါပစ္စည်းကို၊ သူတပါးအားလွှဲပြောင်းလျှင်၊ သို့တည်းမဟုတ် လွှဲပြောင်းစေလျှင်၊ သုံ နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

အရုံမီးသတ်တပ်ဖွဲ့စည်းခြင်းနှင့်ထိုတပ်ဖွဲ့သို့ ဝင်ခွင့်ပြုခြင်း။

၂၁။ ။(၁) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁)အရ၊ ဖျက်သိမ်းခြင်း ခံရသော စေတနာ့ဝန်ထမ်းမီးသတ် အစည်းအရုံးများအစား၊ အရုံမီးသတ်တပ်ဖွဲ့များကို၊ နည်းဥပဒေများနှင့်အညီ အစိုးရက၊ ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် ဖွဲ့စည်း စေနိုင်သည်။

(၂) ပုဒ်မနဲ့ (၁) အရ၊ အရံမီးသတ်တပ်ဖွဲ့များကို၊ အရပ်ဝေးသတခုခုတွင် အပြီးအပိုင်ဖွဲ့စည်း၍ မပြီးမီအချိန်ကာလအတွင်း၊ လက်ရှိစေတနာ့ဝန်ထမ်း မီးသတ် အစည်းအရုံးများသည်၊ညွှန်ကြားရေးမှူး၏ ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင် ရွက်ကြရမည်။ ယင်းသို့ဖွဲ့စည်း၍မပြီးမီအချိန်ကာလအတွင်း၊စေတနာ့ဝန်ထမ်းမီးသတ် အစည်းအရုံးများကို ထပ်မံဖွဲ့စည်းတည်ထောင်ခြင်းမရှိစေရ။

(၃) ပုဒ်မ ၂၀၊ ပုဒ်မနဲ့(၁)အရ၊ ဖျက်သိမ်းလိုက်သော၊သို့တည်းမဟုတ် ဖျက်သိမ်းဆဲဖြစ်သော စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးဝင်ဖြစ်သည့် အစိုးရ ဌာန ဝန်ထမ်းများအပါအဝင်မည်သည့်ပုဂ္ဂိုလ်မှာမဆို၊မိမိဆန္ဒအလျောက်အရံမီးသတ် တပ်ဖွဲ့သို့ နည်းဥပဒေများနှင့်အညီ ဝင်ခွင့်ရှိစေရမည်။

၂၂။ ။ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ဖြစ်စေ၊ အစိုးရက၊ ဤပုဒ်မပါကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့ရက်မှစ၍ဖြစ်စေ—

ဒေသန္တရ အဖွဲ့၏ မီးသတ် ဌာနကို၊ အစိုးရက လွှဲပြောင်း လက်ခံ၍ အုပ်ချုပ်ခြင်း။

(က) ရန်ကုန်မြို့၊မြို့နီစီပါယ် အက်ဥပဒေပုဒ်မ ၂၅၊အပိုဒ် (၁၆) အရ ဖွဲ့စည်းထားသော ရန်ကုန်မြို့နီစီပါယ် မီးသတ်ဌာနကို၊ မီးသတ် ဝန်ထမ်းအားလုံး၊မီးသတ်စက်၊ မီးသတ်ဆလင်္ဂါနှင့်အခြားမီးသတ်ပစ္စည်းကိရိယာအားလုံး၊မီးသတ်အဆောက်အဦးအားလုံးနှင့်မီးသတ်အဆောက်အဦးတည်ရှိရာမြေအားလုံးနှင့်တကွ၊ အစိုးရသို့ လွှဲပြောင်းပေးအပ်ရမည်။

(ခ) မြို့နီစီပါယ်အဖွဲ့တစုံတရာက၊ မြို့နီစီပါယ်အက်ဥပဒေပုဒ်မ ၁၉၁၊ ပုဒ်မနဲ့(၁)အရ ဖွဲ့စည်းထားသော မီးသတ်ဌာန၏ မီးသတ်အင်ဂျင်အားလုံးကိုလည်း၊မီးသတ်အဆောက်အဦးအားလုံးကိုလည်း၊ မီးသတ်အဆောက်အဦးတည်ရှိရာမြေရာအားလုံးကိုလည်း၊မီးသတ်စက်နှင့် အခြားမီးသတ်ပစ္စည်းကိရိယာအားလုံးကိုလည်း အစိုးရသို့ လွှဲပြောင်းပေးအပ်ရမည်။

၂၃။ ။ပုဒ်မ ၂၂ အရ၊ အစိုးရက လွှဲပြောင်းလက်ခံယူပြီးသည့် နေ့ရက်မှစ၍၊ ရန်ကုန် မြို့နီစီပါယ်အဖွဲ့နှင့် အခြားဒေသန္တရ အဖွဲ့များ၏ မီးသတ်အဖွဲ့ဝင်များမှာ၊ ဤဥပဒေအရ ခန့်အပ်ထားသော မီးသတ်ဝန်ထမ်းများအဖြစ် ဆက်လက် အမှုထမ်းဆောင်လိုပါက၊ ထမ်း ဆောင် နိုင်ခွင့် ရှိစေရမည့်ပြင်၊ သက်ဆိုင်ရာ မြို့နီစီပါယ်အဖွဲ့ မီးသတ်ဌာနတွင်ထမ်းဆောင်ခဲ့သော မိမိတို့၏ အမှုထမ်းလုပ်သက်ကို အစိုးရ မီးသတ်ဌာန အမှုထမ်းလုပ်သက်နှင့် ပေါင်းစပ်ခွင့်လည်းရှိစေရမည်။

ဒေသန္တရ အဖွဲ့၏ မီးသတ် အဖွဲ့ဝင် များ ကို၊ အစိုးရ မီးသတ် ဝန်ထမ်း အဖြစ် ဝင်ရောက် ခွင့် ပြုခြင်း။

ခြင်းချက်။ ။သို့ရာတွင် ထိုသို့ဝင်ရောက်အမှုထမ်းလိုသည့်မှုဂ္ဂိုလ်၏အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် အရည်အချင်း ပြည့်စုံကြောင်းတို့ကို၊ အစိုးရကကြေနပ်လက်ခံမှသာ၊ အစိုးရမီးသတ်ဝန်ထမ်းအဖွဲ့သို့ ဝင်ရောက်ခွင့်ရှိသည်။ ထို့ပြင်ဂုဏ်းတို့၏ လစာ၊စရိတ်ကြေးငွေနှင့် အခြားအခွင့်အရေးအာဏာလုံးသည်လည်း၊ အစိုးရကသတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

ပုဒ်မ ၂၄။ ။ပုဒ်မ ၂၂ ဒေရ၊ အစိုးရကလွှဲပြောင်းလက်ခံယူသော မြန်မာ့စီပါယ်အဖွဲ့တခုခု ပိုင်ဆိုင်သော မီးသတ် အဆောက် အဦများ၊ မီးသတ် အဆောက်အဦ တည်ရှိရာမြေများ၊ မီးသတ်စက်များ၊ မီးသတ် သင်္ဘောများနှင့် အခြား မီးသတ် ပစ္စည်းကိရိယာများ အတွက်၊ သက်ဆိုင်ရာ မြန်မာ့စီပါယ်အဖွဲ့သို့ လျော်ကြေး ပေးသင့်သည်၊ မပေးသင့်သည်ကို၊ အစိုးရကဆုံးဖြတ်ရမည်။

လျော်ကြေးပေးသင့် မပေးသင့် ဆုံးဖြတ်ခြင်း.

ခြင်းချက်။ ။သို့ရာတွင် မြန်မာ့စီပါယ်အဖွဲ့တခုခုက၊ ဤဥပဒေအာဏာမတည်အစိုးရထံမှ အကြိုးအခမပေးဘဲ၊ လက်ဝယ်ရရှိထားသော မည်သည့် မီးသတ်စက်၊ သို့တည်းမဟုတ် မီးသတ်မစ္စည်းကိရိယာ၊ သို့တည်းမဟုတ် အဆောက်အဦအတွက်မှ လျော်ကြေးမရထိုက်စေရ။

ပုဒ်မ ၂၅။ ။(၁) ဤဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ မည်သူမဆို၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ၊ မည်သည့်မီးသတ်အဖွဲ့ အမျိုးအစားကိုမျှ ဖွဲ့စည်းတည်ထောင်ခြင်းမပြုရ။ ထို့ပြင် အစိုးရသည်၊ မည်သည့်မီးသတ်အဖွဲ့အမျိုးအစားကိုမဆိုမျက်သိမ်းရမည်ဟု အမိန့်ထုတ်ဆင့်နိုင်သည်။

အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ၊ မီးသတ်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း မပြုရခြင်း။

(၂) မည်သူမဆို၊ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်လျှင်သော်၎င်း၊ မလိုက်နာလျှင်သော်၎င်း၊သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ပုဒ်မ ၂၆။ ။(၁) အစိုးရသည်၊ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေပြုအာဏာ။

(၂) အထက်ပါအာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများတွင် အထူးအားဖြင့်—

(က) ညွှန်ကြားရေးမှူး၏အာဏာများနှင့် တာဝန်ဝတ္တရားများ။

(ခ) ညွှန်ကြားရေးမှူးမှတပါး၊ အခြားမီးသတ်ဝန်ထမ်းတာဝန်ခံအသီးသီးတို့၏ အာဏာများ၊ တာဝန်ဝတ္တရားများနှင့် ရာထူးအဆင့်အတန်းများ။

(ဂ) မီးဘေးတားဆီးရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များ။

(ဃ) မီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ အသီးသီး၏ ကြိုးကြပ်ကွပ်ကဲမှု။

(c) မီးဘေးတားဆီးရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ အသီးသီး၏ အစည်းအဝေးများတွင် လိုက်နာရန် စည်းကမ်းချက်များ။

(စ) မီးသတ်စက်များနှင့် မီးသတ်ကိရိယာထိန်းသိမ်းခြင်း။

(ဆ) အရံမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း။

(ဇ) သီးသန့်မီးသတ်အဖွဲ့များ၏မီးဘေးကြိုတင်တားဆီးရေးနှင့်မီးငြိမ်းသတ်ရေး လုပ်ငန်းများကို၊ ညွှန်ကြားရေးမှူးက ကြည့်ရှုစစ်ဆေးခြင်း။

(ဈ) ညွှန်ကြားရေးမှူးကဖြစ်စေ၊ အခွင့်အာဏာအပ်နှင်းခြင်း ခံရသော အခြားမီးသတ်အာဏာပိုင်တဦးဦးကဖြစ်စေ၊ မီးသတ်ဆေးဘူးများစစ်ဆေးခြင်း အတွက်၊ အခကြေးငွေ ကောက်ခံရေးနှင့် ဤဥပဒေအရ၊မီးသတ်အာဏာပိုင်က၊ သို့တည်းမဟုတ်ညွှန်ကြားရေးမှူးက ကြည့်ရှုစစ်ဆေးရသည့်အတွက် အခကြေးငွေကောက်ခံခြင်း။

(ည) မီးသတ်ဝန်ထမ်းများ၏လစာငွေနှင့် စရိတ်ကြေးငွေများသတ်မှတ်ရေး၊ တာဝန်ဝတ္တရားဆောင်ရွက်ချိန် သတ်မှတ်ရေး၊ သက်သာချောင်ချိရေးအတွက်နေအိမ်ရရှိရေးနှင့်အခြားအရေးကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(၃) နည်းဥပဒေဆန့်ကျင်မှုအတွက်သော်၎င်း၊ နည်းဥပဒေအရ ထုတ်ဆင့်သော ညွှန်ကြားချက်ကို ဆန့်ကျင်မှုအတွက်သော်၎င်း၊နည်းဥပဒေအရ ထုတ်ဆင့်သော အမိန့်ကို ဆန့်ကျင်မှုအတွက်သော်၎င်း၊ ဤဥပဒေတွင် ပြစ်ဒဏ်ပြဋ္ဌာန်းချက် မရှိလျှင်၊ အဆိုပါဆန့်ကျင်မှုတခုခုကို ကျူးလွန်သူသည်၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျင်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟု နည်းဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။

တည်ဆဲ အခြားတရား ဥပဒေများ ပျက်ပြယ်ခြင်း။

၂၇။ ။တည်ဆဲအခြားတရားဥပဒေများပါ၊ပြဋ္ဌာန်းချက်များသည်၊ဤဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

ရုပ်သိမ်းခြင်း။

၂၈။ ။၁၉၅၁ ခုနှစ်၊ မီးသတ်ဝန်ထမ်းနှင့် မီးသတ်အဖွဲ့ အက်ဥပဒေ [၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆] ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

၁၉၆၃ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းဥပဒေ၏ ပုဒ်မ ၁၅ အဆုံးတွင် အောက်ပါကိုထည့်သွင်းရမည်။

"ထို့ပြင် ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အကျိုးတူ မြေပဲနှံရင်းနှီးငွေ (Equity Investment) အဖြစ်ပေးအပ်သည့်ငွေ၊ သို့တည်းမဟုတ် လွှဲပြောင်း သတ်မှတ်ပေးသည့်ငွေကို လက်ခံနိုင်ခွင့်ရှိသည်။"

၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက် ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၁၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက် ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် စတင် အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၃) နောက်တွင်၊ အောက်ပါကို ခြွင်းချက်အဖြစ် ထည့်သွင်းရမည်။

"သို့ရာတွင် အစိုးရသည်၊ ပြည်သူ့အကျိုးစီးပွါးအလို့ငှါ လိုအပ်သည်ဟု ထင်မြင်လျှင်၊ ထိုရာထူးဝန်အား၊ အစိုးရလက်အောက်တွင် နောက်ထပ် ရာထူးခန့်ထားနိုင်ခွင့်ရှိသည်။"

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၀ အဖြစ် ထည့်သွင်းရမည်။

"၁၀။ ။ဥက္ကဋ္ဌနှင့် အခြားရာထူးဝန်များသည်၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများတွင်သတ်မှတ်ထားသောလစာ၊ စရိတ်ကြေးငွေမှ တပါး၊ အခြားစီးရက အခြားနည်းပြဋ္ဌန်းထားခြင်းမပြုလျှင်၊ အခြားမည်သည့်လစာ၊ စရိတ်ကြေးငွေ၊ သို့တည်းမဟုတ် စရိတ်ငွေကိုမျှ မရရှိစေရ။"

(လစာနှင့်စရိတ်ကြေးငွေ။)

၄။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၀-က နောက်တွင် အောက်ပါကို ပုဒ်မ ၁၀-ခ အဖြစ် ထည့်သွင်းရမည်။

"၁၀-ခ။ ။ဤအက်ဥပဒေ၏ အခြားပြဋ္ဌာန်းချက်များတွင် ဖြစ်စေ၊ တည်ဆဲ အခြားတရားဥပဒေ တရပ်ရပ်တွင်ဖြစ်စေ၊ မည်သို့ပင် ပါရှိစေကာမူ အစိုးရသည်၊ တပ်မတော်တွင် အမှုထမ်းနေကြသော အရာရှိများ အပါအဝင်၊ မည်သည့်အစိုးရ အရာရှိကိုမဆို၊ ရာထူးဝန်အဖြစ် ခန့်ထားနိုင်သည်။"

(မည်သည့်အစိုးရအရာရှိကိုမဆို ရာထူးဝန် အဖြစ် ခန့်ထားနိုင်ခြင်း။)

၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၅။]

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင် သတ်မှတ်သည့်နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ရှေ့နောက်စကားဘို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) "ကျောင်း" ဆိုသည်မှာ၊ ပညာတမျိုးမျိုးကို စာနည်းနည်းဖြင့် သင်ကြားရာဌာနကိုဆိုလိုသည်။

(ခ) "ကိုယ်ပိုင်ကျောင်း" ဆိုသည်မှာ၊ အစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်က တည်ထောင်ထားသောကျောင်းမှတပါး၊ အခြားကျောင်းကိုဆိုလိုသည်။

(ဂ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ ပုဒ်မ ၄ အရခန့်ထားသည့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

(ဃ) "တည်ထောင်အုပ်ချုပ်သူ" ဆိုသည်မှာ၊ ကျောင်းနှင့်ကျောင်းလုပ်ငန်းကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် အဆိုပါကျောင်းနှင့်ကျောင်းလုပ်ငန်းကိစ္စများကို ကြီးကြပ်အုပ်ချုပ်ရန်တာဝန်လွှဲအပ်ထားသော ကိုယ်စားလှယ်ရှိလျှင်၊ ထိုကိုယ်စားလှယ်လည်းပါဝင်သည်။

၃။ ။ဤဥပဒေသည်၊ ကိုးကွယ်သည့် ဘာသာရေးစာပေသက်သက်သင်ကြားသည့်ကျောင်းများနှင့်ရင်း၊ ထိုကျောင်းများတွင် ဘာသာရေးစာပေသင်ကြားပေးနေသည့်ဆရာများနှင့်ရင်း၊ မသက်ဆိုင်စေရ။

၄။ ။အစိုးရသည်၊ မိမိသင့်သည်ထင်မြင်သော မည်သည့်ပုဂ္ဂိုလ်ကိုမဆို၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားနိုင်သည်။

၅။ ။မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ပညာရေးအရာရှိသည်၊ သို့တည်းမဟုတ် ပညာညွှန်ကြားရေးဝန်ကအာဏာလွှဲအပ်ထားသောသူသည်၊ မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို၊ စစ်ဆေးခြင်းနှင့်သွားရောက်ကြည့်ရှုခြင်း၊ ထိုကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာတခုခုကို စုံစမ်းမေးမြန်းခြင်း၊ သို့တည်းမဟုတ် သက်ဆိုင်ရာစာတမ်း အမှတ်အသားများကို တောင်းယူကြည့်ရှုခြင်းပြုလုပ်နိုင်သည့်ပြင်၊ ထိုသို့ပြုလုပ်ရန်အလို့ငှါ၊ မည်သည့်ကိုယ်ပိုင်ကျောင်းသို့မဆိုလည်းဝင်ရောက်နိုင်သည်။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ဤဥပဒေ၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများတွင်ပါရှိသည့်အတိုင်း မှတ်ပုံတင်ရန်လိုအပ်သည့်အချက်များနှင့် ပြည့်စုံသောကိုယ်ပိုင်ကျောင်းများကို၊ ဤကိစ္စအလို့ငှါထားရှိရမည့်မှတ်ပုံတင်စာအုပ်တွင်အမည်တင်သွင်းမှတ်ပုံတင်ရမည်။ ထိုမှတ်ပုံတင်စာအုပ်ကို၊ အများပြည်သူတို့အား၊ သင့်လျော်သောအချိန်များတွင် ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

၇။ ။(၁) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်—

(က) တချိန်တည်းမဟုတ်စေကာမူ၊ ဦးရေနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပိုသော ကျောင်းသားများကို၊ စာရင်းသွင်းလက်ခံသင်ကြားနေသည့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မတိုင်မီက၊ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ထားပြီးဖြစ်သော မိမိကိုယ်ပိုင်ကျောင်းကို၊ ဤဥပဒေအရ အသစ်မှတ်ပုံတင်ရန်၊ သို့တည်းမဟုတ်

(ခ) တချိန်တည်းမဟုတ်စေကာမူ၊ ဦးရေနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပိုသော ကျောင်းသားများကို လက်ခံသင်ကြားနေသည့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မတိုင်မီက၊ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေအရ၊ မိမိကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်ရန်လျှောက်လွှာ ဝင်သွင်းထားပြီးဖြစ်လျှင်၊ ဤဥပဒေအရမှတ်ပုံတင်ရန်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါအက်ဥပဒေအာဏာမတည်သေးသော ဒေသခံဒေသများတွင် တချိန်တည်းမဟုတ်စေကာမူ၊ ဦးရေနှစ်ဆယ်ဖြစ်စေ၊ နှစ်ဆယ်ထက်ပိုသောကျောင်းသားများကိုဖြစ်စေ၊ စာရင်းသွင်းလက်ခံသင်ကြားနေသည့် မိမိကိုယ်ပိုင်ကျောင်းကို ဤဥပဒေအရ မှတ်ပုံတင်ရန်၊ ဤဥပဒေစတင် အာဏာတည်သည့် နေ့မှရက်ပေါင်း သုံးဆယ်အတွင်း၊ သို့တည်းမဟုတ် အစိုးရက၊ အခါအားလျော်စွာနောက်ထပ်တိုးပေးသည့် ကာလအကြိုင်းအခြားအတွင်း၊ မှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။

(၂) ဤဥပဒေအာဏာ တည်ဆဲဖြစ်နေသည့် အရပ်ဒေသအတွင်း ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းသည့် ကိုယ်ပိုင်ကျောင်းမှတပါး၊ တချိန်တည်းမဟုတ်စေကာမူ၊ ဦးရေနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက် ပိုသောကျောင်းသားများကို စာရင်းသွင်းလက်ခံသင်ကြားလိုသည့် အခြားမည်သည့်ကိုယ်ပိုင်ကျောင်းကိုမျှ၊ မှတ်ပုံတင်အရာရှိ၏ကြိုတင် သဘောတူညီချက်မရရှိဘဲ၊ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။ မှတ်ပုံတင်အရာရှိသည်၊ အဆိုပါအခြား ကိုယ်ပိုင်ကျောင်း၏ အခြေအနေကို စစ်ဆေးကြည့်ရှုပြီးလျှင် ထိုအခြား ကိုယ်ပိုင်ကျောင်းမှာ၊ ဤဥပဒေ၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း၊ မှတ်ပုံတင်ရန်လိုအပ်သည့် အချက်များနှင့် ပြည့်စုံသည်ဟုကြေနပ်မှသာ၊ ထိုအခြားကိုယ်ပိုင်ကျောင်းကို တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ မှတ်ပုံတင်ရမည်။

(၃) ထိုမှတ်ပုံတင်ရန်လျှောက်လွှာ၌၊ ဤဥပဒေ၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့်နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း မှတ်ပုံတင်ရန် လိုအပ်သည့်အချက်များကို ပြည့်စုံစွာဖော်ပြပါရှိစေရမည်။

(၄) ပုဒ်မခွဲ(၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ(၂)အရမှတ်ပုံတင်သောအမိန့်စာကို၊ ထိုကိုယ်ပိုင်ကျောင်းတွင် အများပြည်သူတို့ မြင်သာသည့် နေရာ၌ ချိတ်ဆွဲထားရမည်။

(၅) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ မှတ်ပုံတင်သောအမိန့်စာထုတ်ပေးသည့် နေ့ရက်မတိုင်မီ၊ မိမိကိုယ်ပိုင်ကျောင်းကို နှစ်စဉ်ပြန်လည် မှတ်ပုံတင်ရမည်။

(၆) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ မိမိကိုယ်ပိုင်ကျောင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ရန်လျှောက်လွှာတွင် ပါရှိသော (ကျောင်းဆရာများခန့်ထားခြင်းနှင့် သက်ဆိုင်သည့်အချက်မှအပ) ကျန်အချက်တခုခုကို၊ မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ၊ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူမှာ၊ အရေးတကြီးအခြေအနေအရ၊ ကျောင်းဆရာများကို ပြောင်းလဲခန့်ထားနိုင်ခွင့်ရှိရမည်။

သို့ရာတွင် ယင်းသို့ပြောင်းလဲခန့်ထားခြင်းသည်၊ မှတ်ပုံတင်အရာရှိ၏ သဘောတူညီချက်ရမှသာအတည်ဖြစ်ရမည်။

၈။ ။မည်သည့်ကိုယ်ပိုင်ကျောင်းမဆို၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ(၂)အရ မှတ်ပုံတင်ရန်အလို့ငှါ၊ အောက်ပါအချက်များနှင့် ပြည့်စုံစေရမည်။

(က) ကျောင်းပတ်ဝန်းကျင်၊ ကျောင်းဝင်း၊ ကျောင်းဆောင်စာသင်ခန်းများမှာ၊ ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကျယ်စွာရှိခြင်း။

(ခ) ကျောင်းဆောင်မှာ၊ ကျောင်းအဖြစ်အသုံးပြုနိုင်သည့် အခြေအနေရှိခြင်း။

(ဂ) ကျောင်းသားများ၏ အသက်အရွယ်နှင့် ကျောင်းသားဦးရေအလိုက် ကျောင်းသုံးပရိဘောဂ၊ သင်ကြားမှုအထောက် အကူကိရိယာနှင့် နေရာထိုင်ခင်းများသင့်တင့်လုံလောက်စွာရှိခြင်း။

(ဃ) ကျောင်းလခ၊ ကစားကြေး၊ စာကြည့်တိုက်ကြေးနှင့် အခြားအခကြေးငွေများကို သင့်တင့်မျှတစွာသတ်မှတ်ထားရှိစေခြင်း။

(င) ကျောင်းတွင်အစိုးရခွင့်ပြုသော၊ သို့တည်းမဟုတ်ပြဋ္ဌာန်းသော သင်ရိုးသင်တန်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် များသာ အသုံးပြုစေခြင်း။

(စ) ကျောင်း၏ ရ-သုံးငွေစာရင်းများကို၊ အစိုးရကပြဋ္ဌာန်းသည့်အတိုင်း ထားရှိစေခြင်း၊ ထိုစာရင်းများကိုလည်း၊ သက်ဆိုင်ရာ အာဏာပိုင်များအား၊ အချိန်မရွေးကြည့်ရှုစစ်ဆေးခွင့်ပြုစေခြင်း။

(ဆ) အစိုးရကျောင်းများနည်းတူကျောင်းသားအသီးသီးအတွက် အရည်အချင်းမှတ်တမ်းချုပ် တခုစီထားရှိရခြင်း၊ ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်းစာရင်းများကို စံနစ်တကျထားရှိ၍ကျောင်းထွက် ကျောင်းပြောင်းလက်မှတ်များထုတ်ပေးခြင်း၊ စာမေးပွဲများ မှန်မှန်ပြုလုပ်၍ ကျောင်းသားများကို၊ ပညာအရည်အချင်းအလျောက် အတန်းတင်အတန်းခွဲပေးခြင်း။

(၀) ကျောင်းခန်းပြင်ပ ပညာရေး လုပ်ငန်းများ (Extra-Curricula Activities) လုံလောက်စွာ စီမံထားရှိ၍ ပညာရေးဌာနက သတ်မှတ် ညွှန်ကြားခြင်းပြုသည့် လုပ်ငန်းများကို၊ တခုမကျန်ထိရောက်အောင်မြင်စွာဆောင်ရွက်ခြင်း။

(၇) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ ကိုယ်ပိုင်ကျောင်းတကျောင်းကို စံနစ်တကျစီမံခန့်ခွဲနိုင်သည့် အရည်အချင်းနှင့်ပြည့်စုံခြင်း။

(၁) သင်ကြားပြသသည့်ဆရာများသည်၊ ပုဒ်မ ၁၂ အရ၊ ဆရာအဖြစ် မှတ်ပုံတင်ပြီးသူများဖြစ်ခြင်း။

(၂) မိဘအုပ်ထိန်းသူ၏ စာဖြင့်ခွင့်ပြုချက်မရှိဘဲ၊ ကျောင်းသားတဦးဦး အား၊ မိမိကိုးကွယ်သည့်ဘာသာမှတပါး၊ အခြားဘာသာရေး သင်္ကေတစာသင်ကြားပို့ချမှုမပြုခြင်း။

(၃) မိဘအုပ်ထိန်းသူ သဘောတူညီချက်မရှိဘဲ၊ ကျောင်းသား၏မိဘ များကမှည့်ခေါ်သော၊ ၎င်းအမည်ကို ပြောင်းလဲရန် မတိုက်တွန်း ရခြင်း။

(၂) မူလတန်းမှအပ ဖြစ်သောအတန်းများကွင် ကျောင်းသား၏မိရိုးဖလာ ဝတ်ဆင်ရေးမှတပါး၊ အခြားဝတ်စုံများကို ဝတ်ဆင်ရန်သတ်မှတ် ချက်မပြုရခြင်း (သို့ရာတွင်အခြားကျောင်းများနှင့်ခွဲခြားစေရန်အလို ငှါ အရောင်အဆင်းသတ်မှတ်ပေးနိုင်သည်။)

၉။ ။မှတ်ပုံတင်အရာရှိသည်၊ ဤဥပဒေ၊ သို့တည်းမဟုတ်ဤဥပဒေအရ ပြုသည့် နည်းဥပဒေများတွင်ပါရှိသည့်အတိုင်း မှတ်ပုံတင်ရန်လိုအပ်သည့်အချက်များနှင့်မပြည့်စုံ သော မည်သည့်ကိုယ်ပိုင်ကျောင်းကိုမျှ မှတ်ပုံတင်ခွင့်မပြုရ။

၁၀။ ။မှတ်ပုံတင်အရာရှိသည်၊ အောက်ပါအကြောင်းတခုခုကြောင့်၊ မှတ်ပုံ တင်ပြီးဖြစ်သောမည်သည့် ကိုယ်ပိုင်ကျောင်းကိုမဆို၊ မှတ်ပုံတင် စာအုပ်မှပယ်ဖျက် နိုင်သည်။

(က) ပုဒ်မ ၈ တွင် ဖော်ပြထားသည့်အတိုင်း မှတ်ပုံတင်ရန်လိုအပ်သည့် အချက်တခုခုမပြည့်စုံဘဲ ကျောင်း၏အခြေအနေ ဆုတ်ယုတ်လာခဲ့ ခြင်း။

(ခ) ပတ်ဝန်းကျင်အခြေအနေ၊ သို့တည်းမဟုတ် သင်ကြားရေးအခြေအနေ သည်၊ ကျောင်းသားများ၏စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလ တမျိုးမျိုးကိုထိခိုက်နေခြင်း။

(ဂ) ကျောင်းဌာနသင်ကြားပေးသည့် ဗဟုသုတများသည်၊ ပြည်ထောင်စုမြန်မာ နိုင်ငံသားကလေးများအတွက် မသင့်မလျော်ဖြစ်နေခြင်း၊ သို့တည်း မဟုတ် ၎င်းတို့ကိုသင်ကြားပြသပေးမှုညံ့ဖျင်းနေခြင်း။

(ဃ) ကိုယ်ပိုင်ကျောင်းများတွင်ကျောင်းသားများအား၊ မှတ်ပုံတင်အရာရှိ က ခွင့်ပြုထားသောပညာများအပြင်၊ နိုင်ငံ၏အကျိုးကိုထိခိုက်သော၊

သို့တည်းမဟုတ်အစိုးရဏ်ဝါဒနှင့်ဆန့်ကျင်သောပညာများသင်ကြား ပေးခြင်း၊ သွန်သင်ချက်ပေးခြင်း၊ လေ့ကျင့်ခင်းပေးခြင်း၊ သို့တည်း မဟုတ် ပညာသင်ကြားပေးရန်၊သွန်သင်ချက်ပေးရန်၊ လေ့ကျင့်ခင်း ပေးရန်စီစဉ်ခြင်း၊ အားပေးခြင်း၊အားထုတ်ခြင်း။

(c) ပညာရည်အဆင့်အတန်း ခွဲခြားသတ်မှတ်၍ အတန်းဖွဲ့ကာသင်ကြား ပေးနေသော ကိုယ်ပိုင်ကျောင်းတွင် အတန်းအသီးသီးအတွက်ဘာ ဘာရပ်များ၌ဖြစ်စေ၊ဘာသာရပ်အသီးသီး၏သင်ရိုးမာတိကာများ၌ ဖြစ်စေ မှတ်ပုံတင်အရာရှိ၏ သဘောတူညီချက်မရရှိသောဘာသာ ရပ်၊ သို့တည်းမဟုတ် သခ်ၸာ်းစာ၊ သို့တည်းမဟုတ် စာအုပ်များကို အသုံးပြုသင်ကြားနေခြင်း၊ သို့တည်းမဟုတ် အစိုးရကျောင်းများ အတွက်သတ်မှတ်ပေးထားချက်များထက်လျော့နည်းနေခြင်း၊အဆင့် အတန်းနိမ့်ကျနေခြင်း။

(စ) စာမေးပွဲများကိုစံနစ်တကျမပြုလုပ်ခြင်း၊ အဆင့်အတန်းခွဲခြားမှုကိုစံနစ် တကျမပြုလုပ်ခြင်း၊ ကျောင်းသားအသီးသီးအတွက် အရည်အချင်း မှတ်တမ်းချုပ်မထားရှိခြင်း၊ ကျောင်းသားရှိအောင် ဆွဲဆောင် သောသဘောဖြင့် ကျောင်းသားများအား၊ ထိုက်တန်သည့်အတန်း ထက်ပို၍ တိုးမြှင့်တင်ပေးထားခြင်း၊ နောက်ဆုံးနေခဲ့သောကျောင်းမှ ကျောင်းပြောင်းလက်မှတ်မပါဘဲလက်ခံထားခြင်း။

(ဆ) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ကျောင်းသားများ၏ အကျိုးကိုတနည်းနည်းဖြင့်၊ ဆုတ်ယုတ်အောင်ပြုခြင်း။

(ဇ) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ ကျောင်းတာဝန်ခံ အဖြစ်ဆောင်ရွက်ရန် မသင့်လျော်သူတဦးဖြစ်လာခြင်း၊ သို့တည်း မဟုတ်ကျောင်းတွင်စာသင်ကြားပေးမှုနှင့်အခြားကိစ္စများကိုတာဝန် ခံ၍ဆောင်ရွက်နေသူတဦးဦးသည်၊ ကျောင်းဆရာအဖြစ်ဆက်လက် ဆောင်ရွက်ရန်၊ သို့တည်းမဟုတ်တာဝန်ခံအဖြစ်ဆက်လက်ဆောင် ရွက်ရန်မသင့်တော်သူတဦးဖြစ်လာခြင်း။

(ဈ) ပုဒ်မ ၅ အရပေးအပ်ထားသော တာဝန်ဝတ်တရားကိုဆောင်ရွက် နေသည့်မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ပညာရေးအရာရှိ အား၊ သို့တည်းမဟုတ် ပညာညွှန်ကြားရေးဝန်က အာဏာလွှဲအပ် ထားသူတဦးဦးအားနှောင့်ရှက်ခြင်း၊ သို့တည်းမဟုတ် ဟန့်တား ခြင်း။

၁၁။ ။မှတ်ပုံတင်အရာရှိသည်၊ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ကိုယ်ပိုင် ကျောင်းတကျောင်းကို၊ မှတ်ပုံတင်စာအုပ်မှ ပယ်ဖျက်ခြင်းမပြုမီ၊ ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူထံသို့၊ မည်သည့်အကြောင်းကြောင့်ထိုကျောင်းကို၊ မှတ်ပုံတင် စာအုပ်မှ မပယ်ဖျက်သင့်ကြောင်းချေပရန် အကြောင်းကြားစာပေးပို့ရမည်။ ကိုယ်ပိုင် ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ထိုအကြောင်းကြားစာရသည့် နေ့မှရက်ပေါင်း သုံးဆယ်အတွင်း ချေပလျှောတင်သွင်းနိုင်သည်။ ကြေနပ်ဘွယ်ရှိအောင် အကြောင်းပြ ချေပခြင်းမပြုနိုင်လျှင်၊ ထိုကျောင်းကို မှတ်ပုံတင်စာအုပ်မှ ပယ်ဖျက်ရမည်။

၁၂။ ။(၁) ကိုယ်ပိုင် ကျောင်းတွင် ဆရာအဖြစ် လုပ်ကိုင်နေသူသည်၊ သို့တည်းမဟုတ် လုပ်ကိုင်လိုသူသည်၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း၊ မှတ်ပုံတင်အရာရှိထံ မိမိအမည်ကို မှတ်ပုံတင်ရန် လျှောက်လွှာတင်သွင်းရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ အဆိုပါနည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်လျှင်၊ ထိုသူ၏အမည်ကို၊ ဤကိစ္စအလို့ငှါထားရှိရမည့် မှတ်ပုံတင်စာအုပ်တွင် တင်သွင်းမှတ်ပုံတင်ရမည်။ ယင်းသို့ညီညွတ်ခြင်းမရှိလျှင်၊ ထိုသူ၏အမည်ကို မှတ်ပုံတင်ခြင်းမပြုရ။

(၃) မည်သူမျှ၊ ပုဒ်မခွဲ (၁) အရ မှတ်ပုံမတင်ဘဲ၊ကိုယ်ပိုင်ကျောင်းတွင်ဆရာအဖြစ်ဝင်ရောက်မလုပ်ကိုင်ရ။

၁၃။ ။(၁) ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ သို့တည်းမဟုတ် ပုဒ်မ ၁၂ အရ၊ မှတ်ပုံတင်အရာရှိက ချမှတ်သည့်အမိန့်ကို၊ ထိုအမိန့်ချမှတ်သည့်နေ့မှရက်ပေါင်း သုံးဆယ်အတွင်း ပညာညွှန်ကြားရေးဝန်ထံ အယူခံနိုင်သည်။

(၂) ပညာညွှန်ကြားရေးဝန်က ချမှတ်သည့်အမိန့်ကို၊ ထိုအမိန့်ချမှတ်သည့်နေ့မှရက်ပေါင်းသုံးဆယ်အတွင်း ပညာရေးဌာနတာဝန်ခံထံအယူခံနိုင်သည်။

(၃) ပညာရေးဌာန တာဝန်ခံက ချမှတ်သောအမိန့်သည်၊ အပြီးအပြတ်အတည်ဖြစ်စေရမည့်ပြင်၊ ထိုအမိန့်မှာ မခိုင်လုံဟု မည်သည့်တရားရုံးတွင်မျှငြင်းဆိုခြင်းကိုလည်းမပြုရ။

၁၄။ ။မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုသော်၎င်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုသော်၎င်း'ဤဥပဒေ၊ သို့တည်းမဟုတ် ဤဥပဒေအရ ပြုသည့်နည်းဥပဒေအရ ချမှတ်သည့် အမိန့်တခုခုကိုသော်၎င်း၊ ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင်၊ ပဌမအကြိမ်ကျူးလွန်သည့် ပြစ်မှုအတွက်၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည့်ပြင်၊ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအတွက်၊ တနှစ်ထက်မပိုသောအလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းလည်းခံရမည်။

၁၅။ ။မည်သူမဆို၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (၁)၊သို့တည်းမဟုတ်ပုဒ်မခွဲ (၂) အရ မှတ်ပုံတင်ရမည့်ကိုယ်ပိုင်ကျောင်းကို၊မှတ်ပုံမတင်ဘဲ ဖွင့်လှစ်နေလျှင်သော်၎င်း၊ ဤဥပဒေအရ၊ မှတ်ပုံတင်အရာရှိက၊ ကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်ရန်ငြင်းဆိုပြီးသည့်နောက်၊ ဆက်လက်ဖွင့်လှစ်နေလျှင်သော်၎င်း၊ ပုဒ်မ ၁၀ အရ မှတ်ပုံတင်စာအုပ်မှ ပယ်ဖျက်ခြင်းခံရပြီးနောက်၊ ဆက်လက်ဖွင့်လှစ်နေလျှင်သော်၎င်း ပုဒ်မ ၁၄ တွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်စီရင်ခြင်းခံရမည်။

၁၆။ ။မည်သူမဆို၊ ပုဒ်မ ၅ တွင်ဖော်ပြထားသောတာဝန်ဝတ်တရားတခုခုကို ဆောင်ရွက်နေသည့် မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ပညာရေးအရာရှိအား၊ သို့တည်းမဟုတ် ပညာညွှန်ကြားရေးဝန်က အာဏာလွှဲအပ်ထားသူအား၊ နှောင့်ရှက်

လျှင်၊ သို့တည်းမဟုတ် တမင်ဟန့်တားလျှင်၊ ပဌမ အကြိမ်ကျူးလွန်သည့်ပြစ်မှုအတွက်၊ ကျပ်တထောင်ထက် မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအတွက်၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်အပြင်၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

၁၇။ ။ဤဥပဒေအရ ဖြစ်သောပြစ်မှုတခုခုအတွက်၊ ပညာရေးဌာနတာဝန်ခံ၏၊ သို့တည်းမဟုတ် ၎င်းက အာဏာလွှဲအပ်ထားသည့် အရာရှိ၏ အခွင့်အမိန့်ရရှိမှသာ တရားစွဲဆိုနိုင်သည်။

၁၈။ ။(၁) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဖက်စပ်လုပ်ငန်းတွင်ဖက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက်၊ မည်သူ့ကို မဆို၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက် ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးတယောက်ကို၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူအဖြစ်အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့်၊ ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့ကမှတ်ပုံတင်အရာရှိအား အကြောင်းကြားထားရမည်။ ထို့ပြင်ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်အကြောင်းကြားစာကို၊ မှတ်ပုံတင်အရာရှိက မရရှိမီသော်၎င်း၊ မိမိသည်၊ ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ်အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း ဤဥပဒေပါကိစ္စများအလို့ငှါ၊ ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ဒါရိုက်တာလူကြီးများအနက်၊ မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ်အနည်းပိုင်ကုမ္ပဏီတွင် အစုပါဝင်သူများအနက်၊ မည်သည့်အစုပါဝင်သူကိုမဆို၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ ဤဥပဒေအရတရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင်ထိုကုမ္ပဏီသည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာ လူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင်သည့်အစု ပါဝင်သူတဦးကိုသော်၎င်း၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ကိုယ်ပိုင်ကျောင်းတည်ထောင် အုပ်ချုပ်သူအဖြစ်အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် မှတ်ပုံတင်အရာရှိအား အကြောင်းကြားထားရမည်။ ထို့ပြင်ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ်အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်အကြောင်းကြားစာကို၊ မှတ်ပုံတင်အရာရှိကမရရှိမီသော်၎င်း၊ မိမိသည်၊ ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်း မပြုမီသော်၎င်း ဤဥပဒေပါကိစ္စများအလို့ငှါ၊ ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူ ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၁၉။ ။ဤဥပဒေအရမှတ်ပုံတင်ခြင်းနှင့် စစ်လျှဉ်းရှိပေးရမည့် မှတ်ပုံတင်ခသည်၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

၂၀။ ။အစိုးရသည်၊ ကိုယ်ပိုင်ကျောင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်ကျောင်း အမျိုးအစားတခုခုက တောင်းဆိုနိုင်သော အများဆုံးကျောင်းလခ၊ ကစားကြေး၊ စာကြည့်တိုက်ကြေးနှင့် အခြားအခကြေးငွေများကို၊ အမိန့်ဖြင့်သတ်မှတ်နိုင်သည်။

၂၁။ ။ဤဥပဒေအရသော်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတခုခုအရ သော်၎င်း၊ သဘောရိုးဖြင့်ပြုသည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြိုးစားယ်သည့်ကိစ္စအတွက်၊ မည်သူ့ကိုမျှ၊ တရားမမှုဖြစ်စေ၊ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၂။ ။အစိုးရသည်၊ ကိုယ်ပိုင်ကျောင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်ကျောင်း အမျိုးအစား တခုခုကိုဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားသည့် ဆရာတဦးဦး၊ သို့တည်းမဟုတ် ဆရာအမျိုးအစား တခုခုကိုဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၂၃။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများကို ဆောင်ရွက်နိုင်အလို့ငှါ၊ အမိန့် ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

၂၄။ ။(၁) ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(၂) ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် "သို့တည်းမဟုတ် မိမိအသက်ခြောက်ဆယ့်ငါးနှစ်ပြည့်ထည်အထိ၊ ထိုရာထူးသက်တမ်းနှစ်ရပ်အနက်၊ အလျင်ပြည့်ရာ သက်တမ်းအထိသာ" ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၁၉၆၃ ခုနှစ်၊ ပြန်လည် ထူထောင်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ ပြန်လည် ထူထောင်ရေးအဖွဲ့ အက် ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ။

[၁၉၉၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁။

စကားချီး။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ထိုလုပ်ငန်းနှစ်ရပ်လုံး၊ သို့မဟုတ် တခုခုအတွက် အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်၊ သတ်မှတ်သည့် နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း'' ဆိုသည်မှာ၊

(၁) ခရီးသည်များကိုသော်၎င်း၊ ကုန်စည်များကိုသော်၎င်း၊ ၄ါးရမ်းခ သို့မဟုတ် အကျိုးကျေးဇူး တခုခုအတွက် သယ်ယူပို့ဆောင်ရန် အလို့ငှါ၊ သို့မဟုတ်

(၂) တဦးတယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု၊ သို့မဟုတ် စီးပွါးရေးကိစ္စတခုခုနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရန် အလို့ငှါ၊

သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ဖြင့်၊ လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းကိုဆိုလိုသည်။

(ခ) ''သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်'' ဆိုသည်မှာ၊ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းပြည်သူတို့ဆိုင်ရာလမ်းများပေါ်တွင် စက်အင်အားဖြင့်မောင်းနှင်၍သော်၎င်း၊ ဆွဲငင်၍သော်၎င်း၊ အသုံးပြုသည့်ယာဉ်၊ စက်၊ ထရော်လီဘတ်ကား၊ ဝန်ဆွဲယာဉ်၊ သို့မဟုတ် ဓနာက်တွဲတခုခုကိုဆိုလိုသည်။ ထိုစကားရပ်တွင် မီးရထားသံလမ်း၊ သို့မဟုတ် သံလမ်းများပေါ်တွင်သာ သွားလာသောယာဉ်၊ စက်ခေါင်း၊ သို့မဟုတ် ရထားတခုခုသော်၎င်း၊ ပိုင်ရှင်၏ဥပစာအတွင်း၌သာအသုံးပြုသော ယာဉ်တခုခုသော်၎င်း၊ စီးပွါးရေးကိစ္စမှတပါး အခြားကိစ္စများအတွက် အသုံးပြုသော မော်တော်ယာဉ်တခုခုသော်၎င်း မပါဝင်ချေ။

(ဂ) ''စက်ရေယာဉ်'' ဆိုသည်မှာ၊ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ရန်အလို့ငှါ၊ ရေနွေးငွေ့၊သို့မဟုတ် လျှပ်စစ်၊ သို့မဟုတ် အခြားစက်အင်အားဖြင့်လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ ခုတ်မောင်းရှိပြည်တွင်းရေကြောင်းဌ သာမန်အားဖြင့်အသုံးပြုသည့် ရေယာဉ်အမျိုးမျိုးကိုဆိုလိုသည်။ထို့ပြင် ထိုစကားရပ်တွင် ဤဥပဒေအရ ကြီးကြပ်ထိန်းသိမ်းရေးကိစ္စ အလို့ငှါ စက်အင်အားသုံးရေယာဉ်ဖြင့်ဘွန်းသည့်၊ သို့မဟုတ်ဆွဲသည့်၊ သို့မဟုတ်တွဲသည့် မည်သည့်ရေယာဉ်မဆိုပါဝင်သည်။ သို့ရာတွင် ထိုစကားရပ်တွင် စီးပွါးရေးကိစ္စမှတပါး အခြားကိစ္စများအတွက် အသုံးပြုသောစက်ရေယာဉ်မပါဝင်ချေ။

(ဃ) ''အာဏာပိုင်အဖွဲ့'' ဆိုသည်မှာ၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ကိုဆိုလိုသည်။

(င) ''လိုင်စင်'' ဆိုသည်မှာ၊ ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခွင့် ပြုသော အာဏာပိုင်အဖွဲ့ကထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုလိုသည်။

(စ) ''ဌာနတာဝန်ခံ'' ဆိုသည်မှာ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနတာဝန်ခံကိုဆိုလိုသည်။

(ဆ) ''ဥက္ကဋ္ဌ'' ဆိုသည်မှာ၊ ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌကိုဆိုလိုသည်။

(ဇ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသော နည်းဥပဒေများဖြင့်သတ်မှတ်သည်ကို ဆိုလိုသည်။

အပိုင်း ၂။

ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ခုပ်ချုပ်နိုင်သည့်အာဏာ။

၃။ ။မည်သူမျှ၊ လိုင်စင်မရှိဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုမလုပ်ကိုင်ရ၊သို့မဟုတ် မလုပ်ကိုင်စေရ။

သို့ရာတွင် ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင်ကုန်းလမ်း၊သို့မဟုတ်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသူသည်၊ ဤဥပဒေအာဏာ တည်ပြီးနောက် အစိုးရကသတ်မှတ်ပေးသည့်ကာလအပိုင်းအခြားအတွင်း အဆိုပါလိုင်စင်ကို လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားဆဲအတွင်း ထိုသူမှာ ထိုလုပ်ငန်းကိုဆက်လက်လုပ်ကိုင်နိုင်ခွင့်ရှိစေရမည်။

၄။ ။မည်သူအားမျှ၊ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံသားမဟုတ်လျှင်၊ လိုင်စင်ကိုထုတ်မပေးရ။

၅။ ။အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ဤဥပဒေသည် အစိုးရက အမိန့်ကြော်ငြာစာဖြင့် ကျေညာသည့်ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူဆောင်ရွက်ရေးလုပ်ငန်းနှင့်မသက်ဆိုင်စေရ။

အပိုင်း ၃။

ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့။

၆။ ။အစိုးရသည်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်အုပ်ချုပ်ရန်၎င်း၊ ဤဥပဒေဖြင့်၊ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေဖြင့်အပ်နှင်းသည့် အာဏာများနှင့် အလုပ်ဝတ်တရားများသုံးစွဲဆောင်ရွက်ရန်၎င်း ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ ။(၁) အာဏာပိုင်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(က) အစိုးရကခန့်ထားသောဥက္ကဋ္ဌ။

(ခ) သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနမှ ကိုယ်စားလှယ်တဦး။

(ဂ) ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မိတီမှကိုယ်စားလှယ်တဦး။

(ဃ) ရဲအဖွဲ့မှကိုယ်စားလှယ်တဦး။

(င) လမ်းလုပ်ငန်းဌာနခွဲမှ ကိုယ်စားလှယ်တဦး။

(စ) ရေကြောင်းဌာနခွဲမှကိုယ်စားလှယ်တဦး။

(ဆ) အစိုးရကခန့်ထားသော လေးဦးထက်မပိုသည့်အခြားပုဂ္ဂိုလ်များ။

(၂) ဥက္ကဋ္ဌသည်၊ အာဏာပိုင်အဖွဲ့၏အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

(၃) အာဏာပိုင်အဖွဲ့သည်၊အစိုးရ၏သဘောတူညီချက်ဖြင့်အမှုဆောင်အရာရှိတဦးခန့်ထားရမည်။ ထိုအမှုဆောင်အရာရှိသည်၊ အာဏာပိုင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

၈။ ။အာဏာပိုင်အဖွဲ့ဆောင်ရွက်သောမှုခင်းကိစ္စများမှာ၊ အာဏာပိုင်အဖွဲ့ဝင်တဦးဦး၏ရာထူးလစ်လပ်ခြင်းကြောင့်သော်၎င်း၊ အာဏာပိုင်အဖွဲ့ဝင်တဦးဦး အလုပ်ဝတ်တရား မဆောင်ရွက်နိုင်ခြင်းကြောင့်သော်၎င်း၊ အာဏာပိုင်အဖွဲ့ဝင် တဦးဦးအားခန့်ထားရာဘွဲ့ချီယွင်းချက်တခုခုရှိခြင်းကြောင့်သော်၎င်း၊ပျက်ပြယ်ခြင်းမရှိစေရ။

အပိုင်း ၄။

ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များ။

၉။ ။အစိုးရ၏သဘောတူညီချက်အရအာဏာပိုင်အဖွဲ့သည်၊ မိမိသတ်မှတ်ထားသောဒေသများတွင်၊ကုန်းလမ်း၊သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်အုပ်ချုပ်ရန်၊ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၁၀။ ။ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တခုခုသည်၊ အကြောင်းအားလျော်စွာ လိုအပ်သည့်အတိုင်း အာဏာပိုင်အဖွဲ့ကလွှဲအပ်သည့်အာဏာများနှင့် အလုပ်ဝတ်တရားကိုသုံးစွဲဆောင်ရွက်ရမည်။

၁၁။ ။ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များသည်၊ မိမိအားအကြောင်းအားလျော်စွာလွှဲအပ်သည့်အာဏာနှင့်အလုပ်ဝတ်တရားများ၊ သုံးစွဲဆောင်ရွက်ခြင်းနှင့် စပ်ယှဉ်၍ အာဏာပိုင်အဖွဲ့သို့သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အစီရင်ခံစာ တင်သွင်းရမည်။

အပိုင်း ၅။

ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ အာဏာများနှင့်အလုပ်ဝတ်တရားများ။

၁၂။ ။(၁) အစိုးရ၏ ယေဘုယျညွှန်ကြားချက်နှင့်ဌင်း၊ ဤဥပဒေပါအခြားပြဋ္ဌာန်းချက်များနှင့်ဌင်း၊ မဆန့်ကျင်စေဘဲ၊ အာဏာပိုင်အဖွဲ့မှာ၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် ခရီးစဉ်နှင့်နယ်မြေအတွက် လိုင်စင်ထုတ်ပေးရေး၊ ဒေသစ်လဲရေး၊ ပြင်ဆင်ရေး၊ ခေတ္တရပ်စဲရေး၊ ဖျက်သိမ်းရေးနှင့် အခွန်အခစည်းကြေးကောက်ခံရေးကိစ္စ။

(ခ) လိုင်စင်ထုတ်ပေးရန် စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ၊ အထူးသဖြင့်၊ ခရီးစဉ်များ၊ သွားလာမည့် ခရီး အခေါက်ပေါင်း၊ အခန့်နှုန်းထားများနှင့် အခမဲ့ ယူဆောင်ခွင့်ပြုထားသည့် ပစ္စည်းအလေးချိန်သတ်မှတ်ရေးကိစ္စ။

(ဂ) လိုအပ်သည့် ရာသမ်းမှုသမ်းများခန့်ထားရေးနှင့် ၎င်းတို့၏ လစာနှင့် စရိတ်များသတ်မှတ်ရေးကိစ္စ။

(ဃ) ဥက္ကဋ္ဌအားသော်ဌင်း၊ မိမိ၏လက်အောက်တွင် အမှုထမ်းရွက်သော အရာရှိတဦးဦးအားသော်ဌင်း၊ မိမိသင့်သည် ထင်မြင်သည့် အာဏာနှင့်အလုပ်ဝတ်တရားများလွှဲအပ်ရေးကိစ္စ။

(င) ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများပါ ကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ မည်သည့်ဥပစာ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နှင့်စက်ရေယာဉ်ကိုမဆို ဝင်ရောက်စစ်ဆေးရေးနှင့် လိုအပ်သည့် စာတမ်းအမှတ်အသားစသည်တို့ကို ရှာဖွေသိမ်းဆည်းရေးကိစ္စ။

(စ) ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်း၍၊ အစိုးရကအခါအားလျော်စွာ လိုအပ်သော အခြားအလုပ်ဝတ်တရားများနှင့်တာဝန်များဆောင်ရွက်ရေးကိစ္စ။

(၂) အာဏာပိုင်အဖွဲ့သည်၊ အစိုးရ၏သဘောတူချက်ဖြင့်၊ ဤဥပဒေနှင့်သော်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်သော်၎င်း ကိုက်ညီသော စည်းကမ်းဥပဒေများကိုပြုနိုင်သည်။

အပိုင်း ၆။

လိုင်စင်ထုတ်ပေးထားသည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့် စက်ရေယာဉ်ကိုရောင်းချခြင်းနှင့်လွှဲပြောင်းခြင်း။

၁၃။ ။ဤဥပဒေအရပြုသည့် နည်းဥပဒေများဘွင် ပြဋ္ဌာန်းထားသည့်အတိုင်း မှတပါး၊ မည်သူမျှ၊ လိုင်စင်ကို အာဏာပိုင်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရဘဲ၊ မလွှဲပြောင်းရ။

၁၄။ ။လိုင်စင်ရသူသည်၊ လိုင်စင်ထုတ်ပေးထားသည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကို အာဏာပိုင်အဖွဲ့၏ ကြိုတင်သဘောတူညီချက်မရဘဲမရောင်းချရ၊ သို့မဟုတ် မလွှဲပြောင်းရ။

အပိုင်း ၇။

ဤဥပဒေကိုသော်၎င်း၊ ဤဥပဒေအရပြုသည့်နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေကိုသော်၎င်း ဖေါက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့၏ အာဏာ။

၁၅။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခုကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်တခုခုကိုဖြစ်စေ ဖေါက်ဖျက်လျှင်၊ သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင်၊ အာဏာပိုင် အဖွဲ့သည်—

(က) အပိုင်း ၈ ပါပြဋ္ဌာန်းချက်များအရ၊ တရားစွဲဆိုနိုင်သည်။

(ခ) ကြိုတင်အကြောင်းကြား၍ဖြစ်စေ၊ အကြောင်းမကြားဘဲ ဖြစ်စေ လိုင်စင်ကိုခေတ္တရပ်စဲနိုင်သည်၊ သို့မဟုတ် ဖျက်သိမ်းနိုင်သည်။

အပိုင်း ၈။

ပြစ်မှုများနှင့်စပ်လျဉ်း၍၊ ပြစ်ဒဏ်စီရင်ရန်ပြဋ္ဌာန်းချက်များ။

၁၆။ ။မည်သူမဆို၊ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်—

(က) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုအတွက် ကျပ်ငါးရာအောက် မနည်းသည့်ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) ထိုသို့စီရင်ခြင်းခံရပြီးနောက်၊ တနှစ်အတွင်းနောက်ထပ် ကျူးလွန်သည့်ပြစ်မှုအတွက်၊ ခြောက်လထိ ထောင်ဒဏ်အပြင်၊ ကျပ်တထောင်အောက်မနည်းသည့် ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

၁၇။ ။မည်သူမဆို၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်မှတပါး၊ ဤဥပဒေပါပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခု ကိုဖြစ်စေ ဖေါက်ဖျက်လျှင်၊ သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင်—

(က) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုအတွက် ကျပ်ငါးရာထိ၊ ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအသီးသီးအတွက် ကျပ်တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

၁၈။ ။ဤအပိုင်းပါ မည်သည့်ပြဋ္ဌာန်းချက်မျှ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကို ဖျားနာသော၊ သို့မဟုတ် ဒဏ်ရာရသောသူများ သယ်ဆောင်ရန်အတွက်ဖြစ်စေ၊ ဘေးဒုက္ခမှကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း၊ သို့မဟုတ် ဆေးဝါးများ သယ်ယူပို့ဆောင်ရန်အတွက်ဖြစ်စေ အရေးတကြီးကိစ္စတွင် အသုံးပြုခြင်းနှင့်မသက်ဆိုင်စေရ။

၁၉။ ။ဤဥပဒေအရဖြစ်သော ပြစ်မှုကိုသော်၎င်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခုအရဖြစ်သော ပြစ်မှုကိုသော်၎င်း ကုမ္ပဏီတခုခုကကျူးလွန်လျှင်၊ ထိုပြစ်မှုကိုကျူးလွန်စဉ်က ထိုကုမ္ပဏီလုပ်ငန်းဆောင်ရွက်ရန်အတွက်၊ ၎င်းကိုအုပ်ချုပ်တာဝန်ခံသူဟူသမျှနှင့် ထိုကုမ္ပဏီသည်၊ ထိုပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူနိုင်သည့်ပြင်၊ ထိုသို့မှတ်ယူသည့်အားလျော်စွာ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းလည်းခံရမည်။

သို့ရာတွင် ထိုသူတဦးဦးက၊ အဆိုပါပြစ်မှုကိုမိမိမသိဘဲကျူးလွန်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါပြစ်မှုကျူးလွန်ခြင်းမရှိစေရန် မိမိလုံးလပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့်သော်၎င်း သက်သေထင်ရှားပြလျှင်၊ ထိုသူကို၊ ဤပုဒ်မပါစကားကြောင့်၊ ဤဥပဒေတွင်ပြဋ္ဌာန်းထားသော မည်သည့်ပြစ်ဒဏ်မျှ စီရင်ခြင်းမပြုရ။

၂၀။ ။ပုဒ်မ ၁၉ တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကိုသော်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခုအရဖြစ်သော ပြစ်မှုကိုသော်၎င်း ကုမ္ပဏီကကျူးလွန်သည့်ကိစ္စတွင်၊ ထိုပြစ်မှုကို၊ ထိုကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတဦးဦး၏ ခွင့်ပြုချက်၊ သို့မဟုတ်အလိုတူချက်အရ ကျူးလွန်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါပြစ်မှုကျူးလွန်ခြင်းမှာ၊ ၎င်းတို့တဦးဦးပေါ့လျော့သောကြောင့် ဖြစ်ကြောင်းဖြင့်သော်၎င်း သက်သေထင်ရှားပြလျှင်၊ အဆိုပါဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိသည်လည်း၊ ထိုပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူပြီးလျှင်၊ ၎င်းအား တရားစွဲဆိုနိုင်သည်။

<u>ရှင်းလင်းချက်</u>။ ။ဤပုဒ်မနှင့်ပုဒ်မ ၁၉ ပါကိစ္စများအလို့ငှါ—

(က) ''ကုမ္ပဏီ'' ဆိုသည်မှာ တရားဝင်အဖွဲ့ကိုဆိုလိုသည်။ ထိုစကားရပ်တွင် အစုစပ်လုပ်ငန်း၊ သို့မဟုတ် အခြားအသင်းအဖွဲ့လည်းပါဝင်သည်။ ထို့ပြင်

(ခ) အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ ''ဓါရိုက်တာ'' ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူ၊ သို့မဟုတ် အစုရှင်ကိုဆိုလိုသည်။

၂၁။ ။ဤကိစ္စအလို့ငှါ၊ အစိုးရကအာဏာအပ်နှင်းထားသူ မည်သူမဆို၊ သို့မဟုတ် အာဏာပိုင်အဖွဲ့ကအာဏာအပ်နှင်းထားသော ၎င်း၏မည်သည့်ရာထမ်းမှုထမ်းမဆို၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်တစင်းစင်းကို၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၊သို့မဟုတ် စည်းကမ်းဥပဒေများနှင့်ဖြစ်စေ၊ဆန့်ကျင်၍အသုံးပြုပြီး၊ သို့မဟုတ် ပြုဆဲဖြစ်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကိုအသုံးပြုနိုင်သည့် ခရီးစဉ်နှင့်ဖြစ်စေ၊ အသုံးပြုမှုဒေသနှင့်ဖြစ်စေ၊ အသုံးပြုရန်ကိစ္စနှင့်ဖြစ်စေ စပ်လျဉ်း၍၊ အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် စည်းကမ်းချက်တခုခုနှင့် ဆန့်ကျင်ကာအသုံးပြုပြီး၊ သို့မဟုတ် ပြုဆဲဖြစ်ကြောင်းဖြင့်သော်၎င်း၊ ယုံကြည်ရန် အကြောင်းရှိလျှင်၊ အဆိုပါမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကိုသိမ်းယူတားဆီးထားနိုင်သည့်ပြင်၊ ဤကိစ္စအလို့ငှါ၊ အဆိုပါမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကိုလုံခြုံစွာယာယီသိမ်းဆည်းထားရေးအတွက် မိမိသင့်သည့်ထင်မြင်သည့်အတိုင်း အရေးယူနိုင်သည်၊သို့မဟုတ် အရေးယူစေနိုင်သည်။

အပိုင်း ၉။

အာဏာပိုင်အဖွဲ့၏အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အယူခံရန် ပြဋ္ဌာန်းချက်များ။

၂၂။ ။အာဏာပိုင်အဖွဲ့က၊ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့က ချမှတ်သည့်အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကြောင့် နစ်နာသူမည်သူမဆို သတ်မှတ်သည့်ကာလအပိုင်းအခြားအတွင်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ဌာနတာဝန်ခံထံသို့ဖြစ်စေ၊ ဌာနတာဝန်ခံက ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အရာရှိထံသို့ဖြစ်စေ အယူခံဝင်နိုင်သည်။ ထိုဌာနတာဝန်ခံက၊ သို့မဟုတ် ထိုအရာရှိက၊ ထိုသူအားသော်၎င်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အားသော်၎င်း ပြောရေးဆိုခွင့်ပေးနိုင်သည်။

အပိုင်း ၁၀။

အထွေထွေ။

၂၃။ ။အာဏာပိုင်အဖွဲ့ဝင်များနှင့်အာဏာပိုင်အဖွဲ့၏ရာထမ်းမှုထမ်းများသည်၎င်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၏ရာထမ်းမှုထမ်းများသည်၎င်း ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့်အခါ၊ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သည့်အခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ။(၁) အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် ကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာဖြင့်နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အောက်ပါကိစ္စရပ်တခုခုနှင့်စပ်လျဉ်ရှေ့ဖြစ်စေ၊ အားလုံးနှင့်စပ်လျဉ်းရှေ့ဖြစ်စေ နည်းဥပဒေများပြုနိုင်သည်။

(က) ဥက္ကဋ္ဌနှင့်အဖိုးရ အရာရှိမဟုတ်သောအဖွဲ့ဝင်များ၏ရာထူးသက်တမ်းသတ်မှတ်ရေး၊ ရာထူးမှရပ်စဲရေးနှင့် ၎င်းတို့အတွက်လစာနှင့်စရိတ်များသတ်မှတ်ရေးကိစ္စ။

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဝင်များအဖြစ် ခန့်ထားရန်အရည်အချင်းနှင့် အမှုထမ်းစည်းကမ်းသတ်မှတ်ရေးကိစ္စ။

(ဂ) အာဏာပိုင်အဖွဲ့နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ရေးနှင့် အစီရင်ခံစာများတင်သွင်းရေးကိစ္စ။

(ဃ) အယူခံမှုများနှင့် စပ်လျဉ်းရှေ့ပြဋ္ဌာန်းရေးကိစ္စ။

(င) သတ်မှတ်ရန်လိုအပ်သည့်အခြားကိစ္စများ။

၁၉၆၃ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ရေးရှင်း ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်းဥပဒေ၏ ပုဒ်မ ၁၉ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၉ အဖြစ်ထည့်သွင်းရမည်။

''၁၉။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုး ယုတ်လျော့ခြင်း အတွက် နှုန်းများကို၊ အစိုးရက မြန်မာနိုင်ငံ စာရင်းစစ်ချုပ်နှင့်ညှိနှိုင်းတိုင်ပင်၍ ပြဋ္ဌာန်းသည့် နှုန်းများနှင့် စည်းကမ်းများအတိုင်း သတ်မှတ်ရမည်။''

THE TRADE DISPUTES ACT AMENDING LAW, 1963.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 20 OF 1963.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Trade Disputes Act Amending Law, 1963.

(*2*) It shall came into force at once.

2. *For* section 8 of the Trade Disputes Act hereinafter referred to as the Act the following *shall be substituted* as sections 8, 8A, 8B and 8c, namely :—

" 8. (1) The Government may constitute a Central Labour Committee as it thinks fit.

(2) The Central Labour Committee shall have all the powers of the Industrial Court and all references in this Act to the Industrial Court or the Court of Industrial Arbitration shall be deemed to be references to the Central Labour Committee.

(3) The Central Labour Committee shall also have such other powers as may be conferred upon it by the Government from time to time

(4) The Central Labour Committee may appoint as many Labour Sub-Committees as it thinks fit and may delegate to them such of its powers and duties as it may deem necessary.

(5) Any person aggrieved by the decision of a Labour Sub-Committee may appeal to the Central Labour Committee within the prescribed period.

(6) The Central Labour Committee may appoint Committees to hear and decide such appeals against decisions of Labour Sub-Committees as it may transfer to the said Committees.

(7) The Central Labour Committee may revise any order passed by the Committees appointed under sub-section (6).

(8) Notwithstanding anything contained in this Act the Government may prescribe the procedure to be followed by the Central Labour Committee.

(9) No award or order passed by the Central Labour Committee shall be called in question in any civil or criminal Court or by a writ of *certiorari* in the Chief Court.

(10) Notwithstanding anything contained in section 6 of the Union Judiciary Act no appeal shall lie to the Chief Court against the decision of the Central Labour Committee.

8-A. (1) Notwithstanding anything contained in any other law for the time being in force the Government may by order direct any industry, business or undertaking to carry

on its work in accordance with the directions given to it by the Government or the Government may notify by order that it will undertake to carry on the work of any such industry, business or undertaking.

(2) Notwithstanding anything contained in any other law for the time being in force the Government may by order take over any industry, business or undertaking and on such taking over all the assets of the said industry, business or undertaking shall together with such of its liabilities as may be declared in the said order vest in the Government.

8-B. Any employer who without reasonable cause commits any act or omission which adversely affects the production of goods or which adversely affects the benefit enjoyed by an employee shall be liable to pay such compensation as may be decided by the Central Labour Committee.

Such compensation may be recovered as if it were an arrear of land revenue due to the Government.

8c. Any person who contravenes any order passed by the Government or the Central Labour Committee, under this Act shall be liable to imprisonment which may extend to three years and shall also be liable to fine."

3 Section 14 of the Act *shall be deleted.*

4. All applications or other proceedings pending immediately before the commencement of this Law before the Court of Industrial Arbitration in the exercise of any jurisdiction vested in it by law shall be continued and concluded in the Central Labour Committee as if the same had been instituted in the said Central Labour Committee.

၁၉၆၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေဟုခေါ်ဝေါ်တွင်ဧရမည်။

(၂) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင်စတင်အာဏာတည်ရမည်။

အခန်း ၁။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤဥပဒေတွင် အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ''ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့'' ကိုဆိုလိုသည်။

(ခ) ''တာသာပြန်ဆိုရေးလုပ်ငန်း'' ဆိုသည်မှာ၊ နိုင်ငံခြားစာပေများမှမြန်မာစာပေသို့ ပြန်ဆိုရေး၊ မြန်မာစာပေမှ နိုင်ငံခြားစာပေများသို့ ပြန်ဆိုရေးလုပ်ငန်းကိုဆိုလိုသည်။

(ဂ) ''စာပေပြုရေးလုပ်ငန်း'' ဆိုသည်မှာ၊ တိုင်းသူပြည်သားများ အား အသိဉာဏ်ပေးသည့် စာပေများကို၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာများဖြင့်ဖြစ်စေ စုဆောင်းခြင်း၊ ရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ပြုစုခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်ဂင်းတို့တွင်အကျုံးဝင်သည့်လုပ်ငန်းအားလုံးကိုဆိုလိုသည်။

(ဃ) ''စာပေတိုးတက်ပြန့်ပွားရေးလုပ်ငန်း'' ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် စာပေတိုးတက် ပြန့်ပွားခရေးအတွက်၊ စာပေဟောပြောပွိုင်ခြင်း၊ စာပေသဘင်ပြုလုပ်ခြင်း၊ စာပေရေးရာလှုပ်ရှားမှုများပြုလုပ်ခြင်းနှင့်ဂင်းတို့တွင် အကျုံးဝင်သည့် လုပ်ငန်းအားလုံးကိုဆိုလိုသည်။

(c) ''အုပ်ချုပ်ရေးမှူး'' ဆိုသည်မှာ၊ အစိုးရကခန့်ထားသည့် အဖွဲ့ အုပ်ချုပ်ရေးမှူးကိုဆိုလိုသည်။

အခန်း ၂။

အဖွဲ့ဖွဲ့စည်းအုပ်ချုပ်မှု။

၃။ ။(၁) အစိုးရသည် ''ပြည်ထောင်စုမြန်မာနိုင်ငံစာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့'' ဟုခေါ်တွင်သည့်အဖွဲ့တခုကို၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။ ထိုအဖွဲ့သည်၊ မိမိအား၊ ဤဥပဒေဖြင့်၎င်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့်၎င်း၊ ပေးအပ်ထားသည့် အာဏာများနှင့်တာဝန်ဝတ္တရားများကိုထိရောက်စွာသုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဆွဲဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့်တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၃) ၁၉၄၇ ခုနှစ်တွင်၊ အသင်းမှတ်ပုံတင်အက်ဥပဒေ (The Societies Registration Act) အရ မှတ်ပုံတင်အမှတ် 11 of 46|47 ဖြင့်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ပိုင်ရှေ့ပြောင်းနိုင်သောပစ္စည်း၊ မရှေ့ပြောင်းနိုင်သောပစ္စည်း၊ နိုင်ငံခြားမှရရှိခဲ့သော အထောက်အပံ့ပစ္စည်းအားလုံးကို၊ အဖွဲ့ကဆက်ခံရမည်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကချုပ်ဆိုခဲ့သည့် ပဋိညာဉ်စာချုပ်အားလုံးကိုလည်း၊ အဖွဲ့ကပင်ချုပ်ဆိုသည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါအသင်း၏ အုပ်ချုပ်ရေးဆိုင်ရာ၊ ထုတ်လုပ်ရေးဆိုင်ရာနှင့်အခြားလုပ်ငန်းဆိုင်ရာတို့တွင် ခွင့်ပြုထားသော လက်ရှိရာထူးများကိုလည်း၊ အဖွဲ့ကဆက်လက်ထားရှိရမည်။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကို၊ အသင်းမှတ်ပုံတင်အက်ဥပဒေအရ ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၄) အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ အဖွဲ့တွင်၊ အောက်ပါပုဂ္ဂိုလ်များကို၊ အဖွဲ့ဝင်များအဖြစ်ခန့်ထားရမည်။

(က) ပြန်ကြားရေးဌာနတာဝန်ခံ—ဥက္ကဋ္ဌ။

(ခ) ပေါ်လီဗိသ္ဆန်ကြားရေးဝန်၊ ပြန်ကြားရေးဌာန—အဖွဲ့ဝင်။

(ဂ) အတွင်းဝန်၊ သို့မဟုတ် တွဲဘက်အတွင်းဝန်၊ ပညာရေးဌာန—အဖွဲ့ဝင်။

(ဃ) အုပ်ချုပ်ရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့—အဖွဲ့ဝင်။

(င) ယဉ်ကျေးမှုဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(စ) အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာနခွဲမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(ဆ) အစိုးရခန့်ထားသည့် ပုဂ္ဂိုလ် ၄ ဦး—အဖွဲ့ဝင်။

(၅) အစိုးရသည်၊ အဖွဲ့ဝင်တဦးအား၊ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ အခြားအဖွဲ့ဝင်တဦးအား၊ အတွင်းရေးမှူးအဖြင့်ဖြစ်ထင်း ခန့်ထားရမည်။

(၆) အုပ်ချုပ်ရေးမှူး၏ လစာနှင့် စရိတ်ကြေးငွေသည်၊ အစိုးရသတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

အခန်း ၃။

အဖွဲ့ဥက္ကဋ္ဌ၏ အာဏာနှင့် တာဝန်ဝတ္တရားများ။

၄။ ။(၁) အဖွဲ့ဥက္ကဋ္ဌသည်—

(က) အဖွဲ့၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်ထိန်းသိမ်းရာတွင် တော်လှန်ရေးကောင်စီ မူဝါဒ ထိန်းသိမ်းရေ·အဖွဲ့က ချမှတ်ပြဋ္ဌာန်းပေးအပ်သော မူဝါဒအရ၊ အဖွဲ့အား၊လိုက်နာကျင့်သုံးဆောင်ရွက်သွားစေရန် ခေါင်းဆောင်မှုပေးရမည်။

(ခ) အဖွဲ့၏ဌေစာရင်းများကို၊အချိန်မရွေး တောင်းဆိုစစ်ဆေးခြည်ရှိနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ အုပ်ချုပ်ရေးမှူးက၊ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အဖွဲ့၏အစည်းအဝေးတိုင်းဌ်သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ မိမိကိုယ်တိုင်အစည်းအဝေးမတက်ရောက်နိုင်လျှင်၊ဒုတိယဥက္ကဋ္ဌအား၊ မိမိ၏အာဏာများကို သုံးစွဲစေလျက်၊ အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်စေနိုင်သည်။

(ဃ) အဖွဲ့၏သဘောတူညီချက်ကို ရယူ၍၊ ဌာနမှူးများနှင့် အခြားဝန်ထမ်းများကို ခန့်ထားနိုင်သည်၊ သို့မဟုတ် ထုတ်ပယ်နိုင်သည်။

(င) ဘာသာပြန်ဆိုရေးလုပ်ငန်း၊ စာပေရေးရေးလုပ်ငန်းနှင့် စာပေတိုးတက်ပြန့်ပွားရေးလုပ်ငန်းများ အထမြောက်အောင်ဆောင်ရွက်ရန်လိုအပ်သည်ဟုယူဆလျှင်၊အဖွဲ့နှင့်တိုင်ပင်၍၊အစိုးရ၏ကြိုတင်သဘောတူညီချက်ဖြင့်၊ ဌာနမှူးများနှင့် အခြားဝန်ထမ်းများကို ထပ်ဖြည့်ခန့်ထားနိုင်သည်။

အခန်း ၄။

အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ။

၅။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံသား အားလုံးအတွက် ပညာမဟုသုတတိုးပွါးစေရန် နိုင်ငံခြားစာပေများအနက် ကောင်းနိုးရာရာတို့ကို သုတေသနပြု၍ စာပေအဖြစ်ပြုစုခြင်း၊ပြုစုပြီးသားစာပေများကို၊ မြန်မာဘာသာသို့ရင်း၊ တိုင်းရင်းသားဘာသာတခုခုသို့ရင်း၊ပြန်ဆို၍ စာအုပ်စာတမ်းအဖြစ် ပုံနှိပ်ခြင်း၊ အစိုးရ၏မူဝါဒနှင့် ကိုက်ညီသည့် အစိုးရအသိအမှတ်ပြု ကျောင်းသုံးစာအုပ်များကိုပုံနှိပ်၍၊ ပြည်သူလူထုအတွက် အသက်သာဆုံးသော ရေးနှုန်းဖြင့် ရောင်းချဖြန့်ချိခြင်းစသည်တို့မှာ၊ အဖွဲ့၏ အဓိကတာဝန်ဝတ္တရားများဖြစ်စေရမည်။

(၂) ထိုသို့ဆောင်ရွက်နိုင်ရန် အတွက်၊ စာပေကျွမ်းကျင်တတ်မြောက်သော ပညာရှင်များနှင့်စက်မှုလက်မှုပညာသည်များထားရှိခြင်း၊ ခေတ်မှီပုံနှိပ်စက်ကိရိယာများထားရှိခြင်း၊ ထို့ပြင်အစိုးရဌာနများနှင့်အခြားပြင်ပမှ အပ်နှံသည့် ပုံနှိပ်လုပ်ငန်းများကို၊ သင့်တော်သည့်အခကြေးငွေဖြင့် လက်ခံဆောင်ရွက်ခြင်းသည်လည်း၊ အဖွဲ့၏တာဝန်ဝတ္တရားဖြစ်စေရမည်။

(၃) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဖွဲ့၏တာဝန်ဝတ်ဘရားများတွင်၊ အောက်ပါတို့လည်းပါဝင်ရမည်—

(က) ပြည်တွင်း ပြည်ပမှမည်သည့် ဘာသာနှင့်မဆို ပုံနှိပ်ထားသော စာအုပ် စာတမ်း စာရွက်စာမူများကို ဝယ်ယူနိုင်ခွင့်ရှိခြင်း။

(ခ) အဖွဲ့က စုဆောင်းပြုစု၍ ပုံနှိပ်ထားသော စာအုပ်စာတမ်းများကို လူထုလက်သို့ ရောက်ရှိရန် အစိုးရ၏ မူဝါဒအတိုင်း ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်း၊ သို့မဟုတ် အဖွဲ့ကသင့်တော်သည် ထင်မြင်သည့်နည်းစံနစ်ဖြင့်ဖြန့်ဖြူးခြင်း။

(ဂ) စာပေတိုးတက် ပြန့်ပွါးစေရန်အလို့ငှါ၊ စာပေ၌ လူတိုင်းစိတ်ဝင်စားလာအောင်လှုံ့ဆော်ခြင်း၊ စာပေနှိုးနှောဖလှယ်ပွဲများ၊ စာပေသဘင်များ၊ စာပေညီလာခံများနှင့်စာပေပြပွဲများ ကြိုးမှားကျင်းပခြင်း၊ စာပေဆုများချီးမြှင့်ခြင်း၊ စာပေပညာရှင်များအားဂုဏ်ပြုချီးကျူးခြင်း၊ ဥာဏ်ပူဇော်ခများချီးမြှင့်ခြင်း။

(ဃ) ပုံနှိပ်ရေးနှင့်စပ်လျဉ်း၍ အစားထိုးရန် လိုအင်သောစက်ပစ္စည်းကိရိယာတန်ဆာပလာများကို၊ အခါအားလျော်စွာ ခေတ်မှီစက်ပစ္စည်းကိရိယာတန်ဆာပလာများဖြင့်အစားထိုးခြင်း၊ တိုးချဲ့တပ်ဆင်ခြင်း၊ တိတ်ထွင်ခြင်း။

(၄) အဖွဲ့သည်၊ ပုဒ်မ (၁) တွင် ဖော်ပြထားသော တာဝန်ဝတ်တရားများနှင့်ဆက်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုလည်း၊ထိုတာဝန် ဝတ်တရားများ ဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့မဟုတ် သင့်တော်မည်ထင်မြင်သောကိစ္စများကိုလည်း ဆောင်ရွက်ရမည်။

၆။ ။(၁) ဤဥပဒေအရ ပြဋ္ဌာန်းထားသော တာဝန် ဝတ်တရားများနှင့် စပ်လျဉ်း၍လိုအပ်သော၊ သို့မဟုတ် သင့်တော်သောမည်သည့်ကိစ္စကိုမဆိုဆောင်ရွက်ရန် အဖွဲ့၌အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဖွဲ့၏အာဏာများတွင်၊ အောက်ပါတို့လည်း ပါဝင်ရမည်—

(က) ဤဥပဒေအရ တာဝန်ဝတ်တရားများ ဆောင်ရွက်ရန်အတွက် အသုံးစရိတ်များကျခံသုံးစွဲခြင်း။

(ခ) အဖွဲ့ဝင်နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များပါဝင်သည့် ကော်မိတီများခန့်ထား၍၊ ထိုကော်မိတီများအား၊ အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်တရားများလွှဲအပ်ခြင်း။

(ဂ) အောက်ပါ ကိစ္စအားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စည်းကမ်းဥပဒေများချမှတ်ခြင်း—

(၁) အဖွဲ့၏လုပ်ငန်း စီမံဆောင်ရွက်ရာတွင်ရင်း၊အဖွဲ့၊လက်အောက်ခံအဖွဲ့နှင့် ကော်မိတီများ၏ အစည်းအဝေးများ ကျင်းပရာတွင်ရင်း၊လိုက်နာရန် ကျင့်ထုံးသတ်မှတ်ရေးကိစ္စ။

(၂) ပုဒ်မ ၅ အရဆောင်ရွက်ရာတွင်၊ လိုက်နာရန်စည်းကမ်းချက်များသတ်မှတ်ရေးက်စ္ပ။

(၃) ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့် အခြားအမှုထမ်းစည်းကမ်းများကို အစိုးရ၏သဘောတူညီချက်ဖြင့် သတ်မှတ်ရေးကိစ္စ။ ထိုရာထမ်းမှုထမ်းများ၏ အာဏာနှင့် တာဝန်ဝတ်တရားများသတ်မှတ်ရေးကိစ္စ။

(၄) အဖွဲ့ကိုယ်စား၊ ပဋိညာဉ် စာချုပ်များနှင့် အခြားစာတမ်းအမှတ်အသားများကိုလက်မှတ်ရေးထိုးရေးကိစ္စ။

၇။ ။(၁) အဖွဲ့သည်၊ မိမိ၏တာဝန် ဝတ်တရားများ ဆောင်ရွက်ရာတွင် အစိုးရကညွှန်ကြားသည့်မူအတိုင်းဆောင်ရွက်ရမည်။

(၂) အစိုးရသည်၊ မည်သည့်အခါမဆို၊ အဖွဲ့၏၊ သို့မဟုတ်ကော်မီတီ၏အမှုတွဲများမှ ကောက်နုတ်မှတ်များကိုလည်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စာရင်းများကိုလည်း၊ အဖွဲ့ကကြိုးကြပ်အုပ်ချုပ်ရသော ကိစ္စနှင့်စပ်လျဉ်း၍ အစိရင်ခံစာများကိုဖြစ်၊ ရ-သုံးမှန်းခြေငွေစာရင်းများကိုလည်း မိမိထံတင်ပြရန်တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အခါ အဖွဲ့ကလိုက်နာရမည်။

(၃) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ် အသီးသီးကုန်ဆုံးပြီးနောက်၊ ဆောလျှင်နိုင်သမျှဆောလျှင်စွာ ထိုနှစ်အတွက်မိမိ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ရင်း၊မိမိလိုက်နာသည့်မူနှင့်ရင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ရင်းစပ်လျဉ်း၍၊ အစိုးရထံ အစီရင်ခံစာတင်သွင်းရမည်။

အခန်း ၅။

အုပ်ချုပ်ရေးမှူး၏တာဝန်ဝတ်တရားများ။

၈။ ။(၁) အုပ်ချုပ်ရေးမှူးသည်၊ အောက်ပါတာဝန် ဝတ်တရားများကို ဆောင်ရွက်ရမည်—

(က) ပုဒ်မ ၅ တွင်ဖော်ပြထားသောတာဝန် ဝတ်တရားများနှင့်အညီ အဖွဲ့၏လုပ်ငန်းတိုးတက်မှုအတွက်၊ စီမံကိန်းများရေးဆွဲခြင်း။

(ခ) အဖွဲ့၏ဘဏ္ဍာတည်ချက်ရယူရန်အလို့ငှါ၊ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အဖွဲ့ကအခါအားလျော်စွာ သတ်မှတ်သည့်နေ့ရက်တွင်အဖွဲ့သို့တင်ပြခြင်း။

(ဂ) အဖွဲ့၏လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်ကိုအဖွဲ့သို့ တင်ပြခြင်း။

(ဃ) အဖွဲ့၏၊ သို့မဟုတ် ကော်မီတီများ၏ဆုံးဖြတ်ချက်များကိုဆောင်ရွက်ခြင်း။ ထိုသို့ဆောင်ရွက်ရာ၌၊ ထိုဆုံးဖြတ်ချက်များအတိုင်းဖြစ်မြောက်စေရန်လိုအပ်သောတာဝန်ဝတ်တရားများ၊ပဋိညာဉ်စာချုပ် ချုပ်ဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှု အဝဝတို့ကိုပြုလုပ်ဆောင်ရွက်၍၊ အဖွဲ့၏အကျိုးကိုထိရောက်စွာကာကွယ် နိုင်ရန်အတွက် တရားဥပဒေအရ အာမခံ ရယူရေးများကိုလည်း တာဝန်ယူခြင်း။

(c) အဖွဲ့ကမိမိအားလွှဲအပ်ထားသောတာဝန်ဝတ်တရားအသီးသီးကို အဖွဲ့ကိုယ်စားဆောင်ရွက်ခြင်း။

(စ) ဤဥပဒေအရပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊စည်းကမ်းဥပဒေများနှင့်ဖြစ်စေ၊ မဆန့်ကျင်စေဘဲ၊ မူရင်းလစာကျပ် ၂ ၀၀ ထက်မပိုသောလစာရဝန်ထမ်းများအားခွင့်ပေးခြင်း။

(ဆ) မိမိလက်အောက်ရှိ ရာထမ်း မူထမ်းများနှင့်ပတ်သက်၍၊ သစ္စာစောင့်သိမှုသေမှု၊ သို့မဟုတ်စည်းကမ်းသေဝပ်မှုမရှိဟု သံသယဖြစ်ပါက၊အခါမရွေး၊အဖွဲ့ဥက္ကဋ္ဌ၊သို့မဟုတ်အဖွဲ့ဥက္ကဋ္ဌ၏အာဏာများအပ်နှင်းခြင်းခံရသူထံသို့၊ တိုက်ရိုက်စာဖြင့်အစီရင်ခံခြင်း။

(၂) အဖွဲ့သည်၊ အဖွဲ့ဝင်တဦးဦးအား၊ သို့မဟုတ် အုပ်ချုပ်ရေးမှူးအားသင့်တော်သည့် ထင်မြင်သည့်မိမိ၏ အာဏာနှင့် တာဝန်ဝတ်ဘာရားများကို လွှဲအပ်နိုင်သည်။

၉။ ။(၁) အဖွဲ့ဝင်များ၏ရာထူးသက်တမ်းသည် ၂ နှစ်ဖြစ်ရမည်။ အဖွဲ့ဝင်များ၏ရာထူးကို၊ အစိုးရကမည်သည့်အချိန်မဆိုရပ်စဲနိုင်သည်။

(၂) ရာထူးသက်တမ်းမကုန်ဆုံးမီ၊ အကြောင်းတခုခုကြောင့် အဝင်ဖွဲ့တဦး၏ ရာထူးနေရာလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့် နေရာတွင်၊ ကြီးသင့်တော်သော ပုဂ္ဂိုလ်တဦးကို၊ အစိုးရကအဖွဲ့ဝင်သစ်အဖြစ်ဖြင့် ခန့်ထားရမည်။ ထိုအဖွဲ့ဝင်သစ်သည်၊ မိမိအားခန့်ထားသည့်နေရာတွင် ထမ်းရွက်ခဲ့သော အဖွဲ့ဝင်ဟောင်း၏ရာထူးသက်တမ်းစေ့ကုန်သည့်အချိန်အထိသာ၊ရာထူးလက်ရှိထမ်းရွက်ရမည်။

(၃) အစိုးရသည်၊ ရာထူးသက်တမ်းစေ့ကုန်သောမည်သည့်အဖွဲ့ဝင်ကိုမဆို၊ ပြန်လည်ခန့်ထားနိုင်သည်။

၁၀။ ။အဖွဲ့သည်၊ အုပ်ချုပ်ရေးမှူးဆောင်ရွက်မည့်လုပ်ငန်းများနှင့်တာဝန်ဝတ်တရားအမျိုးအစားကိုသတ်မှတ်ပေးရမည်။

၁၁။ ။အစိုးရအရာရှိမဟုတ်သောအဖွဲ့ဝင်များအား၊ အစိုးရသတ်မှတ်သည့်အခများနှင့်စရိတ်ကြေးငွေများပေးရမည်။

၁၂။ ။အဖွဲ့ဆောင်ရွက်သည့် မှခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သောအကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာ၌ ချွတ်ယွင်းချက်ရှိသောအကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

အခန်း ၆။

အလုပ်ကိစ္စဆောင်ရွက်ခြင်း။

၁၃။ ။အဖွဲ့သည်၊ မိမိ၏အလုပ်ကိစ္စများဆောင်ရွက်ရန်အလို၄ါ၊ အစည်းအဝေးများကို လိုအပ်သလိုကျင်းပရမည်။

၁၄။ ။(၁) အဖွဲ့သည်၊လက်အောက်ခံအဖွဲ့များကိုဖွဲ့စည်းနိုင်သည်။အဆိုပါ၊ လက်အောက်ခံအဖွဲ့များသည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုကိုခံယူလျက်၊ အဖွဲ့ကလွှဲအပ်သည့်အာဏာနှင့်တာဝန်ဝတ္တရားများကိုသုံးဖွဲ့ဆောင်ရွက်ရမည်။

(၂) လက်အောက်ခံ အဖွဲ့များ၏ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို၊အဖွဲ့ကခန့်ထားရမည်။

(၃) အစိုးရအရာရှိမဟုတ်သည့်လက်အောက်ခံအဖွဲ့ဝင်များအား၊အစိုးရက သတ်မှတ်သည့်အခများနှင့်ရိတ်ကြေးငွေများပေးရမည်။

အခန်း ၇။

ဘဏ္ဍာရေးကိစ္စရပ်များ။

၁၅။ ။ရ-သုံးမှန်းခြေငွေစာရင်း။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ် အသီးသီးမဂုဏ်မီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် မိမိ၏ ရ-သုံးမှန်းခြေ ငွေစာရင်းကို အခြားအစိုးရဌာနများနည်းတူတင်သွင်းရမည်။ အဆိုပါ ရ-သုံးမှန်းခြေ ငွေစာရင်းကိုပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အခါအားလျော်စွာ ထိုနည်းအတူတင်သွင်းနိုင်သည်။

(၂) သို့ရာတွင် အဖွဲ့သည်၊မိမိအလုပ်စတင်လုပ်ကိုင်သည့်ပဌမနှစ်နှင့်စပ်လျဉ်း၍အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့အထိ ကာလအပိုင်းအခြားအတွက် ရ-သုံးမှန်းခြေငွေစာရင်းကို (အခြားအစိုးရဌာနများနည်းတူ) လျင်မြန်နိုင်သမျှလျင်မြန်စွာတင်သွင်းရမည်။

(၃) ဤပုဒ်မအရခွင့်ပြုသည့် ရ-သုံး မှန်းခြေငွေစာရင်းထက်ပိုရှိအဖွဲ့ကအကုန်အကျမခံရ။

ဝင်ငွေနှင့်အသုံးစရိတ်များ။

၁၆။ ။(၁) ၁၉၄၇ ခုနှစ်တွင်၊ အသင်းမှတ်ပုံတင် အက်ဥပဒေ (The Societies Registration Act) အရမှတ်ပုံတင်အမှတ် 11 of 46/47 ဖြင့်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) မှလွှဲပြောင်းရရှိသည့်အသင်း ရံပုံငွေ၊ အဆိုပါအသင်း (စာပေဗိမာန်) အနေဖြင့် နိုင်ငံခြားမှရရှိခဲ့သော အထောက်အပံ့ရံပုံငွေများနှင့်ဤဥပဒေတွင်ပြဋ္ဌာန်းပါရှိသည့် လုပ်ငန်းများကိုဆောင်ရွက်ရာ၌ အဖွဲ့ကရရှိသည့်ဝင်ငွေအားလုံးကို၊အစိုးရငွေစာရင်းတွင်ရငွေအဖြစ် စာရင်းသွင်းရမည်။ ထိုရံပုံငွေများနှင့်အဖွဲ့၏ဝင်ငွေများကို၊ အဖွဲ့၏အသုံးစရိတ်များအတွက် သုံးနိုင်ခြင်းမပြုရ။

(၂) အဖွဲ့၏အသုံးစရိတ်များ [မြန်မာနိုင်ငံ ဘာသာပြန် စာပေ အသင်း (စာပေဗိမာန်) ကပေးရန်ရှိသည့်ကြွေးမြီများ အပါအဝင်] ကို၊ အစိုးရအခြားဌာနများနည်းတူငွေစာရင်းမင်းကြီးထံငွေတောင်းခံလွှာများတင်သွင်းခွင့်ထုတ်ယူသုံးစွဲရမည်။

ငွေစာရင်းများ။

၁၇။ ။အဖွဲ့၏နှစ်စဉ် အရှုံးအမြတ်ကို အလွယ်တကူ သိရှိနိုင်စေရန် အဖွဲ့၏ ငွေစာရင်းများကို ပုံစံဖြင့်သီးခြားပြစာရင်း (*Pro Forma* Accounts) အရ သီးခြား ထိန်းသိမ်းထားရှိရမည်။ ထိုပုံစံဖြင့် သီးခြားပြစာရင်းပုံစံများကို၊ အစိုးရ၏သဘောတူညီ ချက်ဖြင့်စာရင်းစစ်ချုပ်ကပြင်ဆင်ရမည်။

အခန်း ၈။

အထွေထွေ။

၁၈။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စရပ်များထောင်ရွက်ရန်အလို့ငှါ၊ အမိန့် ကြေငြာစာဖြင့်နည်းဥပဒေများပြုနိုင်သည်။

၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''အဖွဲ့''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်း သယ်ယူပို့ဆောင်ရေး အဖွဲ့ကိုဆိုလိုသည်။

(ခ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများဖြင့် သတ်မှတ်သည်ကိုဆိုလိုသည်။

အခန်း ၂။

အဖွဲ့ ဖွဲ့စည်းပုံ။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အစိုးရကလွှဲအပ်ပေးသောမည်သည့် ဒေသ၊ မြို့နယ်၊ ခရိုင်၊ မြို့နိုင်စပါယ်နယ်နိမိတ်ဝင်မဆို၊ မော်တော်ယာဉ်ဖြင့် ခရီးသည်များ၊ သို့မဟုတ် ကုန်စည်များ၊ သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံအုပ်ချုပ်ဆောင်ရွက်ရန် ''ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့'' ဟူသောအမည်ဖြင့်၊ အဖွဲ့တခုကိုအစိုးရကဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ဝိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

၄။ ။(၁) အဖွဲ့တွင်၊ အစိုးရကခန့်ထားရမည့် ဥက္ကဋ္ဌနှင့်တဆယ့်နှစ်ဦးထက်မပိုသော အခြား အဖွဲ့ဝင်များပါဝင်ရမည်။ ဥက္ကဋ္ဌသည်၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

(၂) အဖွဲ့ဘွင်ပါဝင်သည့် အခြားအဖွဲ့ဝင်များအနက်၊ နှစ်ဦးသည်၊ အောက်ပါပုဂ္ဂိုလ်များဖြစ်ရမည်—

(က) ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနမှ ကိုယ်စားလှယ်။

(ခ) အဖွဲ့ ကိုအုပ်ချုပ်သည့် သက်ဆိုင်ရာအစိုးရဌာနမှ ကိုယ်စားလှယ်။

၅။ ။ဥက္ကဋ္ဌ၏၊ သို့မဟုတ် အခြားအဖွဲ့ဝင်တဦးဦး၏ ရာထူးသက်တမ်းသည်၊ အစိုးရက သက်နှာက်သည့်အကိုး ဖြစ်ခဲ့ရမည်၊ အစိုးရသည်၊ ဥက္ကဋ္ဌကိုသော်၎င်း၊ အခြားအဖွဲ့ဝင်တဦးဦးကိုသော်၎င်း၊ ဥက္ကဋ္ဌအဖြစ်၊ သို့မဟုတ် အဖွဲ့ဝင်အဖြစ်၊ ဆက်လက်ဆောင်ရွက်ရန် မသင့်ဟုယူဆသည့်အခါ၊ ရာထူးမှနုတ်ပယ်နိုင်သည်။

၆။ ။အစိုးရ အရာရှိမဟုတ်သည့် အဖွဲ့ဝင်များအား၊ အစိုးရက သတ်မှတ်သည့်အခများနှင့် စရိတ်ကြေးငွေများပေးရမည်။

၇။ ။(၁) သေဆုံးသောကြောင့်ဖြစ်စေ၊ ရာထူးမှ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်း ခံရသောကြောင့်ဖြစ်စေ၊ အခြားအကြောင်းတခုခုကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင် အဖွဲ့ဝင်သစ်တဦးကို ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ဖြည့်သွင်းခန့်ထားခြင်းခံရသော အဖွဲ့ဝင်သစ်သည်၊ မိမိအားဖြည့်သွင်းခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့သည့် အဖွဲ့ဝင်ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်သည့် အချိန်အထိသာ ရာထူးလက်ရှိဆောင်ရွက်ရမည်။

(၂) အဖွဲ့ကစီမံဆောင်ရွက်သည့် အမှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာတွင် ချွတ်ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

အခန်း ၃။

အဖွဲ့၏ တာဝန်ဝတ်တရား။

၈။ ။(၁) အဖွဲ့မှာ၊ အစိုးရ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းအစိုးရကလွှဲအပ်ပေးသော၊ မည်သည့်ဒေသ၊ မြို့နယ်၊ ခရိုင်၊ မြို့နိုစပါယ်နယ်နိမိတ်တွင်မဆို မော်တော်ယာဉ်များဖြင့်မရိုးသည်များ၊ သို့မဟုတ် ကုန်စည်များ၊ သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို၊ ယေဘုယျအားဖြင့် ဆောင်ရွက်ရန် တာဝန်ရှိရမည်။ ထို့ပြင် အဖွဲ့သည်၊ ဤဥပဒေအရမိမိ၏ တာဝန်ဝတ်တရားများကို နည်းလမ်းတကျ ဆောင်ရွက်ရန်လိုအပ်သော၊ သို့မဟုတ် သင့်တော်သော အခြားလုပ်ငန်းဆောင်တာများကို လည်းလုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(၂) အဆက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊အထူးအားဖြင့် အဆိုပါတာဝန်ဝတ်တရားများတွင် အောက်ပါတို့လည်း ပါဝင်ရမည်—

(က) မည်သည့်ကုန်းလမ်း သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၊ စက်ပစ္စည်းများ၊ ကိရိယာပာန်ဆာပလာ၊ မော်တော်ယာဉ်ထားသောရုံ၊ ပစ္စည်းထားသိုရေးရုံ၊ ပြင်ဆင်ထိန်းသိမ်းသော အလုပ်ရုံနှင့်

ပစ္စည်းတပ်ဆင်သော အလုပ်ရုံကိုမံဆိုဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်း၊ ငှါးရမ်းခြင်း၊ ငှားချခြင်း၊ သို့မဟုတ် ထုခွဲခြင်း။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းအစိုးရက လွှဲအပ်ပေးသည့် ကုန်းလမ်းခရီးစဉ်များ ဟင် မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ထို့ပြင် မည်သည့်ဒေသနှင့်ခရီးစဉ်တွင်မဆို၊ အလည်အပတ်ခရီးထွက်သူများ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးအတွက် စီစဉ်ပေးခြင်း။

(ဂ) ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်း၏ အထောက်အပံ့ဖြစ်သောအခြား စပ်ဆိုင်ရာလုပ်ငန်းမျိုးတခုခုကို စီမံထားရှိခြင်း။

(ဃ) လူစီးခများ၊ ကုန်တင်ခများနှင့် အခြားအခ ကြေးငွေများကို၊ အခြားဘဏ္ဍာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ဆိုင်ညီနှိုင်းလျက် သတ်မှတ်ခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်း။

(င) ယေဘုယျအားဖြင့် ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ခြင်း။

၉။ ။အဖွဲ့သည်၊ မိမိတာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းနှင့် အများပြည်သူတို့၏ အကျိုးကိုအထူးရှေရှု၍ ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည်ဖြင့်၊ လိုက်နာရမည့် မူနှင့်စပ်သျှဉ်း၍၊ အစိုးရကအခါအားလျော်စွာ မိမိအားညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ။အဖွဲ့သည်၊ မိမိအာဏာပိုင်းအားလုံးနှင့် စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်ဖြင့်နှင့် မှတ်တမ်းမြတ်နှုတ်ကိုအစိုးရထံပေးပို့ရမည်။

၁၁။ ။အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်း မိမိ၏တာဝန်ဝတ်တရား ဆောင်ရွက်ခြင်းနှင့်ရင်း၊ မိမိလိုက်နာသည့်မူနှင့်ရင်း၊ လုပ်ငန်းစဉ်များနှင့်ရင်း၊ စပ်လျဉ်း၍၊ အစိုးရထံအစီရင်ခံစာ တင်သွင်းရမည်။

အခန်း ၄။

အဖွဲ့၏ အာဏာများ။

၁၂။ ။ဤဥပဒေဖြင့် အပ်နှင်းထားသည့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဖွဲ့မှာ၊ ဤဥပဒေအရ မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်လိုအပ်သော၊ သို့မဟုတ် သင့်တော်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့် အာဏာများရှိရမည်။ ထို့ပြင်အဆိုပါ အာဏာများတွင်အောက်ပါအာဏာများလည်း ပါဝင်ရမည်—

(က) အဖွဲ့၏ အုပ်ချုပ်ရေးမှူးဖြစ်သော ဥက္ကဋ္ဌ အား၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့်အဖွဲ့၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

(ခ) အဖွဲ့ဝင်နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ၊ ပါဝင်သည့်ကော်မီတီများကိုခန့်ထား၍၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့်အဖွဲ့၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

၁၃။ ။(၁) အဖွဲ့သည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ထားရှိရန်လိုအပ်သည်ဟု၊ သို့မဟုတ် သင့်သည်ဟုမိမိထင်မြင်သော ရာထမ်း မှူထမ်း စာရင်းများကို၊ အခါအားလျော်စွာ စိစဉ်ပြီးလျှင် အစိုးရထံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) ရာထမ်း မှူထမ်းအသီးသီးအား၊ ခွင့်ပြုသည့်လစာများ၊ အခများနှင့် စရိတ်ကြေးငွေများကိုလည်း၊ ရာထမ်း မှူထမ်းအသီးသီး၏ အမျိုးအစားနှင့်အရေအတွက်ကိုလည်း၊ ထိုစာရင်းများတွင် ဖော်ပြရမည်။

(၃) အစိုးရက နောက်ဆုံးခွင့်ပြုသည့်စာရင်းအားလုံးကို၊ ပုဒ်မ ၁၅ အရပြုလုပ်သည့်နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့် ပူးတွဲ၍အစိုးရထံတင်ပြရမည်။

(၄) ရာထမ်း မှူထမ်းများနှင့် ပတ်သက်သည့် အခြားအမှုထမ်း စည်းကမ်းများကို၊ အဖွဲ့က အစိုးရ၏ကြိုတင်သဘောတူညီချက်ခံယူလျက် စည်းကမ်းဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၁၄။ ။အဖွဲ့သည်၊ မိမိလုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤဥပဒေနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ ညီညွတ်သော စည်းကမ်းဥပဒေများ ပြုနိုင်သည်။ ထို့ပြင် ဤဥပဒေဖြင့် အပ်နှင်းထားသော အာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ ထိုစည်းကမ်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းရမည်—

(က) အဖွဲ့၏ လုပ်ငန်းစီမံဆောင်ရွက်ရေးကိစ္စနှင့် အဖွဲ့အစည်းအဝေးများတွင်ဖြစ်စေ၊ အဖွဲ့၏ကော်မီတီ အစည်းအဝေးတွင်ဖြစ်စေ၊ လိုက်နာရန် စည်းကမ်း နည်းလမ်း ပြဋ္ဌာန်းရေးကိစ္စ။

(ခ) အဖွဲ့ရာထမ်းမှူထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများ ပြဋ္ဌာန်းရေးကိစ္စ။

(ဂ) အဖွဲ့က မိမိအာဏာများကို၊ ဥက္ကဋ္ဌ၊ ကော်မီတီနှင့် အဖွဲ့၏အရာရှိတဦးဦးအား၊ စည်းကမ်းချက်များထား၍ဖြင့်စေ၊ မထားဘဲဖြစ်စေ၊ လွှဲအပ်ရေးကိစ္စ။

(ဃ) အဖွဲ့ကိုယ်စား၊ ပဋိညာဉ်နှင့် အခြားစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးရေးကိစ္စ။ ထို့ပြင်

(c) အဖွဲ့အား အပ်နှင်းထားသော တာဝန်ဝတ်တရားများကို ယေဘုယျအားဖြင့် ထိရောက်စွာဆောင်ရွက်ရေးကိစ္စ။

အခန်း ၅။

ငွေရေးကြေးရေးပြဋ္ဌာန်းချက်များ။

၁၅။ ။အဖွဲ့သည်၊ မိမိ၏ဝင်ငွေ ထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြားအစိုးရပြဋ္ဌာန်းများနည်းတူ ရ-သုံးမှန်းခြေငွေစာရင်းကို၊ အစိုးရထံတင်သွင်းရမည်။

၁၆။ ။အဖွဲ့သည်၊ မိမိ၏ဝင်ငွေအားလုံးကို၊ အစိုးရ ငွေစာရင်းသို့ရင်ငွေအဖြစ် ထည့်သွင်းရမည်။

၁၇။ ။အဖွဲ့သည်၊ မိမိ၏ အသုံးစရိတ်များကို၊ အစိုးရက၊ အခါအားလျော်စွာ သွန်ကြားသည့် နည်းလမ်းအတိုင်းထုတ်ယူသုံးစွဲရမည်။

၁၈။ ။ဤဥပဒေအာဏာတည်သည့်အခါ မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှုကော်ဗိုရေးရှင်းလက်အောက်ရှိ နေ၁ည်ဘော်ပွိုဆောင်ရေး ကုမ္ပဏီ၏အဝိုင်ပစ္စည်းများ၊ ရဝိုင်ခွင့်များနှင့် ပေးရန်ကြွေးမြီများကို အဖွဲ့ကလက်ခံလွှဲပြောင်းယူရမည်။

အခန်း ၆။

အဖွဲ့နှင့်စပ်လျဉ်း၍ အစိုးရ၏အာဏာများ။

၁၉။ ။(၁) အစိုးရသည်၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင်နှင့်ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်—

(က) အဖွဲ့ဥက္ကဋ္ဌ၏ လစာနှင့်စရိတ်ကြေးငွေများကိုရင်း၊ အမှုထမ်း စည်းကမ်းများကိုရင်း၊ ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) အဖွဲ့အစည်းအဝေး၊ သို့မဟုတ် ကော်မီတီအစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဦးရေကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) ယေဘုယျအားဖြင့် သတ်မှတ်ရန်လိုအပ်သော အခြားကိစ္စများ။

၂၀။ ။အစိုးရသည်၊ အများပြည်သူအကျိုးနှင့် သက်ဆိုင်သည်ဟု မိမိထင်မြင်သောကိစ္စများနှင့်စပ်လျဉ်း၍၊ အဖွဲ့၏အာဏာများနှင့် တာဝန်ဝတ်တရားများကို အဖွဲ့ကမည်သို့သုံးစွဲဆောင်ရွက်ရမည် ဟုဆင့်ဆိုနိုင်သည်။ သို့သို့ဆင့်ဆိုသည်အတိုင်းအဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၂၁။ ။အစိုးရသည်၊အဖွဲ့အား၊ ၎င်း၏လုပ်ငန်းဆောက်တာ တရပ်ရပ်ကိုရပ်စဲရန်၊ ဆင့်ဆိုနိုင်သည်။ထိုသို့ဆင့်ဆိုသည့်အတိုင်း အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

၂၂။ ။(၁) ဤဥပဒေဖြင့် ခပေးအပ်ထားသော တာဝန်ဝတ်တရားများကို အဖွဲ့ကဆောင်ရွက်ရန် ပျက်ကွက်သည်ဟု ၊သော်၎င်း၊ ဤဥပဒေဖြင့်အပ်နှင်းထားသော အာဏာများကို အဖွဲ့ကအလွဲသုံးစွဲသည်ဟု၍တော်၎င်း၊ အစိုးရယူဆလျှင်၊ အစိုးရသည် အဖွဲ့ကိုဖျက်သိမ်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာနိုင်သည်။ ထိုသို့ထုတ်ပြန်ကျေညာပြီးနောက်၊ အဖွဲ့၏လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲညွှန်ကြားဆောင်ရွက်မှုကို၊ အစိုးရက ခန့်ထားသော ကိုယ်စားလှယ်သို့လွှဲအပ်ရမည်။ ထိုသို့လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်သည်၊ ဤဥပဒေအရ အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) ဤပုဒ်မအရ ထုတ်ပြန်သော မည်သည့်အဓိန္ဓကြော်ငြာစာမျှ၊ ခြောက်လထက်ပို၍ အာဏာမတည်စေရ၊ သို့ရာတွင် အစိုးရသည်၊ ထိုသို့ ထုတ်ပြန်သည့် အဓိန္ဓကြော်ငြာစာကို အသစ်ထပ်မံ၍ထုတ်ပြန်နိုင်သည်။ ထိုသို့အသစ်ထပ်မံထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတိုင်းသည်၊ ခြောက်လထက်ပို၍ အာဏာမတည်စေရ။

ခြင်းချက်။ ။သို့ရာတွင် အစိုးရသည်၊ ဤပုဒ်မအရ အဖွဲ့ကို ဖျက်သိမ်းပြီးသည့် နောက် မည်သည့်အခါမဆို သင့်တော်သည်ဟုထင်မြင်လျှင်၊ ပုဒ်မ ၃ အရ အဖွဲ့သစ် တခုကို ဖွဲ့စည်းနိုင်သည်။

အခန်း ၇။

အထွေထွေ

၂၃။ ။အဖွဲ့၏ရာထမ်း မှုထမ်းအားလုံးသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သောအခါ၊ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ၊ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဌမ ဇယား၏အပိုဒ် ၁၄၉ သည်၊ အဖွဲ့ကဖြစ်စေ၊ အဖွဲ့ကိုယ်စားပြုစေ၊ စွဲဆိုသည့် တရားမ မှုများနှင့်သက်ဆိုင်စေရမည်။

၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၂၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအာဏာတည်သည့်နေ့ရက်တွင်စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ ၃၃ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၃၃-က အဖြစ် ထည့်သွင်းရမည်။

"၃၃-က။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဌမဇယား၌ အပိုဒ် ၁၄၉ သည်၊ အဖွဲ့ကဖြစ်စေ၊ အဖွဲ့ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်"။

၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ဥပဒေ

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့်ဘာသာပြန်ကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

ကော်မရှင်ဖွဲ့စည်းပုံ

၂။ ။(၁) အစိုးရသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့်ဘာသာပြန်ကော်မရှင်ဟုခေါ်တွင်သည့် ကော်မရှင်တခုကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းရမည်။ ထိုကော်မရှင်မှာ မိမိအား ဤဥပဒေဖြင့်ရင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်ရင်း၊ ပေးအပ်ထားသည့်အာဏာများနှင့် တာဝန်ဝတ်တရားများကို အထမြောက်အောင်သုံးစွဲဆောင်ရွက်ရန်တာဝန်ရှိရမည်။

(၂) ကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(က) ပညာရေးဌာနတာဝန်ခံ—ဥက္ကဋ္ဌ။
(ခ) အစိုးရခန့်ထားသည့်—ဒုတိယဥက္ကဋ္ဌ။
(ဂ) ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။
(ဃ) ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်—အဖွဲ့ဝင်။
(င) ပညာညွှန်ကြားရေးဝန်—အဖွဲ့ဝင်။
(စ) ပေါ်လစီညွှန်ကြားရေးဝန်၊ ယဉ်ကျေးမှုဌာန—အဖွဲ့ဝင်။
(ဆ) ပေါ်လစီညွှန်ကြားရေးဝန်၊ ပြန်ကြားရေးဌာန—အဖွဲ့ဝင်။
(ဇ) ညွှန်ကြားရေးဝန်၊ ယဉ်ကျေးမှုဗဟိုမာန်၊ ယဉ်ကျေးမှုဌာန—အဖွဲ့ဝင်။
(ဈ) အယ်ဒီတာချုပ်၊ဘာသာပြန်ဌာန၊ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။
(ဉ) ပါမောက္ခ၊အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။
(ဋ) ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။
(ဌ) ပါမောက္ခ၊ ပါဠိဌာန၊ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။
(ဍ) ရှေနေချုပ်ရုံးမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။
(ဎ) ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။
(ဏ) အစိုးရကခန့်ထားသည့် ၁၅ ဦးထက်မများသော ပုဂ္ဂိုလ်များ—အဖွဲ့ဝင်။

(တ) အစိုးရကခန့်ထားသည့် အတွင်းရေးမှူး—အမ္ဘွဝင်။
(ထ) အစိုးရကခန့်ထားသည့် တွဲဘက်အတွင်းရေးမှူး—အမ္ဘွဝင်။

ကော်မရှင်၏တာဝန်ဝတ်တရားများ။

၃။ ။ကော်မရှင်သည်၊ အစိုးရရုံးသုံးစံမြန်မာ အဘိဓါန်တခု အလျင်အမြန် ပေါ်ထွက်လာရေး၊ အစိုးရရုံးသုံးစံမြန်မာ စာရေးထုံးကျမ်း တစောင်ပေါ်ထွက်လာရေး မူလတန်းကျောင်းမှအစ တက္ကသိုလ်အဆုံး၊ အသုံးပြုမည့် ဘာသာမြန် စာအုပ်များ အတွက်လိုအပ်သည့် ဝေါဟာရများပြုစုရေးနှင့်ဝေါဟာရကျမ်းများပေါ်ထွက်လာရေး၊ မူလဘန်းကျောင်းမှအစ တက္ကသိုလ်အဆုံး၊ သိပ္ပံပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာ ပညာ စသည့် ပညာရပ်တို့ကို မြန်မာဘာသာဖြင့်သင်ကြားပို့ချနိုင်ရေးစသည်တို့အတွက် လိုအပ်မည့် ကျောင်းသုံးစာအုပ်များ၊ရည်ညွှန်းစာအုပ်များနှင့်ပညာရေးဆိုင်ရာစာ၊နယ်၊ ဇင်းများကို ပြုစုခြင်း၊ ဝေါဟာရ တီထွင်ခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ထုတ်ဝေခြင်းများ နှင့်စပ်လျဉ်း၍၊ အောက်တွင် ဖေါ်ပြပါရှိသည့် တာဝန်ဝတ်တရားများကို ဆောင်ရွက် ရမည်။

(က) အစိုးရရုံးသုံးစံ အဖြစ် သတ်မှတ်မည့်အောက်ပါကျမ်းများကိုပြုစု ရမည်—
(၁) မြန်မာအဘိဓါန်။
(၂) မြန်မာစာရေးထုံးကျမ်း။
(၃) ဝေါဟာရကျမ်းများ (နိုင်ငံခြား ဝေါဟာရများကို မြန်မာ ဝေါဟာရ အဖြစ်တီထွင်ခြင်း)။

(ခ) တက္ကသိုလ်များနှင့် ပညာရေးဌာနက ပြဋ္ဌာန်းထားသော နိုင်ငံ ခြားဘာသာနှင့် ထုတ်ဝေသည့်စာအုပ်များကိုဖြစ်စေ၊နိုင်ငံခြား ဘာသာရပ်များဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတွင်ပြုစုသော သော စာအုပ်များကိုဖြစ်စေ၊ မြန်မာဘာသာ ပြန်ဆိုခြင်း၊ သို့ မဟုတ်ပြုစုခြင်းပြုလုပ်ရမည်။

(ဂ) အစို ရ၏ တောင်းဆိုချက်အရ၊ အပိုဒ် (က) နှင့် (ခ) ပါစာအုပ် များကို၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းပြုလုပ်ရမည်။

(ဃ) အစိုးရက တာဝန်ပေးအပ်ပါလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွက် အကျိုးရှိစေမည့်၊ မည်သည့် နိုင်ငံခြားစာအုပ်များနှင့် ကျမ်းများကိုမဆို၊ တိုက်ရိုက် ဘာသာပြန်ဆိုခြင်း၊ သို့မဟုတ် နိုင်ငံခြားစာအုပ်ကို မှီငြမ်းပြု၍၊စာအုပ်၊သို့မဟုတ်ကျမ်းတစောင် ဖြစ်အောင်ပြုစုရမည်။

ကော်မရှင်၏လုပ်ထုံးလုပ်နည်းများ။

၄။ ။(၁) ကော်မရှင်သည်၊မိမိ၏တာဝန်ဝတ်တရားများကို၊ ဦးမြောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ—

(က) လိုအပ်လျှင် လိုအင်သလို၊ ကော်မိတီများကို ဖွဲ့စည်း၍ဆောင်ရွက် နိုင်သည်။

(ခ) ဘာသာပြန်စာပေဗိမာန်ကဏင်း၊ တက္ကသိုလ်များကဏင်း၊ပညာရေးဌာနကဏင်း၊ ယဉ်ကျေးမှုဌာနကဏင်း၊ အခြားအဖွဲ့အစည်းများကဏင်း၊ထုတ်ပြန်ထားသောစာအုပ်များကို၊ လိုအပ်သလိုအသုံးပြုနိုင်သည်။

(ဂ) တက္ကသိုလ်များ၊ ပညာရေးဌာန၊ ယဉ်ကျေးမှုဌာနနှင့် အစိုးရအခြားဌာနများကဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍၊ မိမိ၏ ယုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂလိကပိုင် ထုတ်ဝေပြီးသော စာအုပ်များကို၊ လိုအပ်လျှင်၊မူပိုင်ဝယ်ယူ၍၊ လိုအပ်သလိုအသုံးပြုနိုင်သည်။

(c) ကော်မီတီများမှတဆင့်၊မည်သည့်ပုဂ္ဂိုလ်ကိုမဆို လိုအပ်သလိုအခကြေးငွေပေး၍၊ စာပေပြုစုခြင်း၊ သို့မဟုတ် ဘာသာပြန်ဆိုခြင်းများပြုလုပ်စေနိုင်သည်။

(၂) ဤဥပဒေတွင်ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၊သို့မဟုတ် ထုတ်ဆင့်သည့် ညွှန်ကြားချက်များတွင်ဖြစ်စေ၊ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းမှတပါး၊ အခြားလုပ်ထုံးလုပ်နည်းများကို ကော်မရှင်က အစိုးရ၏ သဘောတူညီချက်ဖြင့်သာ လိုက်နာရမည်။

ကော်မရှင်၏အခွင့်အရေးနှင့်အာဏာများ။

၅။ ။(၁) ကော်မရှင်၏ အခွင့်အရေးနှင့် အာဏာများမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ကော်မရှင်က ကြီးကြပ်ပြုစုသော အွန်လိုင်းကျမ်းနှင့်စာစောင်များသည်၊ အစိုးရ၏ မူပိုင်ဖြစ်ရမည်။

(ခ) ကော်မရှင်က ပြုစုထုတ်ပြန်သော ရေးထုံးကျမ်းသည်၊ အစိုးရ ရုံးသုံး စံ ကျမ်းဖြစ်ရမည်။

(ဂ) ကော်မရှင်က ပြုစုထုတ်ပြန်သော ဝေါဟာရ များသည်၊ အစိုးရ ရုံးသုံး စံ ဝေါဟာရ များဖြစ်ရမည်။

(ဃ) ကော်မရှင်က ပြုစုထုတ်ပြန်သော မြန်မာအဘိဓါန်သည်၊ အစိုးရ ရုံးသုံး စံ အဘိဓါန်ဖြစ်ရမည့်ပြင်၊အဘိဓါန်ပါစကားလုံးများ၏ အဓိပ္ပါယ်များသည်၊ တရားဝင် မူမှန်အဓိပ္ပါယ်များ ဖြစ်ရမည်။

(၂) ကော်မရှင်သည်၊မိမိ၏အခွင့်အရေးများနှင့်ရင်း.အာဏာများနှင့်ရင်း၊ စပ်လျဉ်း၍၊ လိုအပ်သည်ဆင်မြင်သည့်အတိုင်း၊ဤဥပဒေ၊သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည်။

ကော်မရှင်၏ ဘဏ္ဍာရေး။

၆။ ။ကော်မရှင်သည်၊ မိမိ၏ ဝင်ငွေ ထွက်ငွေများနှင့် စပ်လျဉ်း၍၊ အခြားအစိုးရဌာနများနည်းတူ၊ ရ-သုံးမှန်းချေငွေစာရင်းကို အစိုးရထံ တင်သွင်းရမည်။

၇။ ။ကော်မရှင်သည်၊ မိမိ၏ ဝင်ငွေအားလုံးကို၊ အစိုးရ ငွေစာရင်းသို့ ရင်ငွေအဖြစ်ထည့်သွင်းရမည်။

၈။ ။ကော်မရှင်သည်၊ မိမိ၏အသုံးစရိတ်များကို၊ အခြားအစိုးရဌာနများ နည်းတူ၊ ငွေစာရင်းမင်းကြီးထံ၊ ငွေဘောင်းခံလွှာများတင်သွင်း၍၊ ထုတ်ယူသုံးစွဲရမည်။

အထွေထွေ။

၉။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်နိုင်ရန်၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

၁၉၆၃ ခုနှစ်၊ သီးစားခစံနှုန်း အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၂၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊သီးစားခစံနှုန်း အက်ဥပဒေကိုပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ သီးစားခစံနှုန်းအက်ဥပဒေ ပုဒ်မ ၃ အစား ။အောက်ပါကို၊ ပုဒ်မ ၃ အဖြစ်ထည့်သွင်းရမည်။

''၃။ ။သီးစားခကို ငွေဖြင့်ပေးရမည်။''

၁၉၆၃ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်စေရမည်။

၂။ ။(၁) ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) အဆိုပါ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေကို ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်း ချက်များအကျိုးသက်ရောက်စေရမည်။

THE BURMA INCOME-TAX ACT AMENDING LAW, 1963.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 27 OF 1963.]

The Chairman of the Revolutionary Council of the Union of Burma makes the following Law:—

1. (1) This Law may be called the Burma Income-tax Act Amending Law, 1963.

(2) It shall come into force on the 1st day of October 1963.

2. In section 2 of the Burma Income-tax Act, hereinafter referred to as the Act—

(*a*) *for* clause (6), the following *shall be substituted* as clause (6), namely:—

"(6) 'company' means a company as defined in the Burma Companies Act and includes any Board or other body by whatever name it is called constituted under any Act of Parliament or any law for the time being in force or any order made thereunder, and any foreign association whether incorporated or not and whether its principal place of business is situated in the Union of Burma or not, which the Financial Commissioner may, by general or special order, declare to be a company for the purposes of this Act;";

(*b*) *for* clause (6A), the following *shall be substituted* as clause (6A), namely:—

"(6A) 'earned income' means any income of an assessee not being a company—

(*a*) which is chargeable under the head 'Salaries,' or 'Professional earnings'; or

(*b*) which is chargeable under the head 'Business,' where the business is carried on by the assessee; or

(*c*) which is chargeable under the head 'Other Sources' if it is immediately derived from personal exertion or represents a pension or superannuation or other allowance given to the assessee in respect of his past services or the past services of any deceased person; and includes any such income which, though it is the income of another person, is included in the assessee's income under the provisions of this Act, but does not include any such income which is exempt from tax under section 14 or under a notification issued under section 60;";

(*c*) *for* clause (9), the following *shall be substituted* as clauses (9) and (9A), namely:—

"(9) 'person' includes—

(i) an individual;

(ii) an association of persons;

(9A) 'association of persons' includes a firm, a Hindu undivided family or a company;";

(*d*) *for* clause (11), the following *shall be substituted* as clause (11), namely:—

"(11) 'previous year' means in respect of any separate source of income, profits and gains—

(*a*) the twelve months ending on the 30th day of September next preceding the year for which the assessment is to be made; or

(*c*) *for* the expression "any income-tax and super-tax payable" the expression "any taxes payable" *shall be substituted*,

57. In section 58J of the Act, the expression "and super-tax" in sub-section (2) *shall be deleted.*

58. In section 58L of the Act, the expression "and super-tax" in clause (*d*) of sub-section (2) *shall be deleted.*

59. In section 63 of the Act, *for* sub-section (2), the following *shall be substituted* as sub-section (2), namely:—

"(2) Any such notice or requisition may, in the case of an association of persons, b addressed to any adult member of the association or to the manager or the principal officer thereof."

60. In section 64 of the Act, *for* the expression "made a return in response to the notice under sub-section (1) of section 22", the expression "made a return of his income" *shall be substituted.*

61. *For* section 67A of the Act, the following *shall be substituted* as section 67A, namely:—

Computation of period of limitation.

"67A. In computing the period of limitation prescribed for an appeal under this Act or for an application under section 66, the day on which the order complained of was made and the time requisite for obtaining a copy of such order and the time requisite for obtaining permission to appeal under the fourth proviso to sub-section (1) of section 30 shall be excluded.".

62. *For* section 68 of the Act, the following *shall be substituted* as section 68, namely:—

Act to have effect pending legislative provision for charge of income-tax.

"68. If on the first day of October in any year provision has not yet been made by an Act of Parliament or by any other law for the charging of income-tax for that year this Act shall nevertheless have effect until such provision is so made as if the provision in force in the preceding year or the provision proposed by the Government whichever is more favourable to the assessee were actually in force.".

63. In the Act, *for* the expression "President of the Union" wherever it occurs the word "Government" *shall be substituted.*

64. For the removal of doubts, it is hereby declared that—

Transitory provisions.

(*a*) this Law shall come into force from the assessment year 1963-64;

(*b*) notwithstanding clause (*a*) or sub-section (2) of section 1, the provisions of sub-section (2) of section 13 of the Act as amended by this Law shall come into force from the assessment year 1964-65;

(*c*) the third and the fourth provisos to sub-section (1) of section 30 of the Act as amended by this Law shall apply to all appeals and revisions instituted on or after the 1st day of October 1963.

၁၉၆၃ ခုနှစ်၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တစ္ဆုန်းလုံးတွင်- ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းကိုဆိုလိုသည်။

(ခ) ''ကောင်စီ'' ဆိုသည်မှာ၊ဤဥပဒေအရ ဖွဲ့စည်းထားသောကောင်စီကို ဆိုလိုသည်။

(ဂ) ''အစိုးရအဖွဲ့အစည်း'' ဆိုသည်စကားရပ်တွင်၊ အစိုးရဌာနများ၊ အစိုးရကဖွဲ့စည်းထားသော ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်းများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ ကောင်စီများ၊ ကော်မရှင်များ၊ ကော်မီတီများ၊ ဒေသန္တရ အဖွဲ့အစည်းများနှင့် ပြည်နယ်ဦးစီးအဖွဲ့များပါဝင်သည်။

အခန်း ၂။

ကော်ပိုရေးရှင်းဖွဲ့စည်းဌာပနပုံ။

၃။ ။(၁) အစိုးရသည်၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းကို ဖွဲ့စည်းရမည်။

(၂) အဆိုပါကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ဤဥပဒေတွင်အခြားနည်းပြဋ္ဌာန်းမထားလျှင်၊ ကော်ပိုရေးရှင်း၌ ရှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ရယူခွင့်၊ လက်ရှိထားခွင့်၊ ပိုင်ဆိုင်ခွင့်လည်းရှိရမည်။ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ကော်ပိုရေးရှင်းသည်—

(က) ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပစ္စည်းဝယ်ယူရေးအဖွဲ့ အမိန့်အရဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ပစ္စည်းဝယ်ယူရေးအဖွဲ့၏ အပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကိုရင်း၊

(ခ) ၁၉၅၄ ခုနှစ်၊ ကုန်သွယ်မှုတိုးတက် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အမိန့်အရ ဖွဲ့စည်းထားသည့် ကုန်သွယ်မှု တိုးတက်ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း၏အပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကိုရင်း၊

(ဂ) ၁၉၆၂ ခုနှစ်၊ ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့ အမိန့်အရ ဖွဲ့စည်းထားသည့် ပြည်သူ့ ထောက်ပံ့ရေးအုပ်ချုပ်မှုအဖွဲ့၏ အပိုင်ပစ္စည်းနှင့်ကြွေးမြီတာဝန်အားလုံးကိုရင်း၊

(ဃ) ၁၉၆၂ ခုနှစ်၊ ဗဟိုပစ္စည်းဝယ်ယူရေးနှင့် ဖြန့်ဖြူးရေးကောင်စီအမိန့် အရခန့်ထားသည် ပြည်သူ့ပစ္စည်း ကော်မိတီအသီးသီး၏ အပိုင်ပစ္စည်းနှင့်ကြွေးမြီတာဝန်အားလုံးကိုရင်း၊

ဆက်ခံရမည့်ပြင်၊ အဆိုပါအဖွဲ့၊ ကော်ပိုရေးရှင်း၊ သို့မဟုတ် ကော်မိတီအသီးသီး ချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း ကော်ပိုရေးရှင်းက ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

၄။ ။(၁) ကော်ပိုရေးရှင်းကို အုပ်ချုပ်ရန်အတွက်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သောကောင်စီကို၊ အစိုးရက၊ အမိန့်ကြော်ငြာစာဖြင့်ဖွဲ့စည်းရမည်။

(က) ထောက်ပံ့ရေးနှင့် သမဝါယမဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။

(ခ) အစိုးရက ခန့်ထားသည့် ပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။

(ဂ) ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနမှ ကိုယ်စားလှယ် တဦး .... ကောင်စီဝင်။

(ဃ) သယံဇာတဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဌာနမှကိုယ်စားလှယ်တဦး .... ၎င်း

(င) ညွှန်ကြားရေးဝန်၊ သွင်းကုန်ထုတ်ကုန်ဌာန ညွှန်ကြားရေးဝန်ရုံး .... ၎င်း

(စ) ညွှန်ကြားရေးဝန်၊ စက်မှု လက်မှုဌာနခွဲ .... ၎င်း

(ဆ) ညွှန်ကြားရေးဝန်၊ဗဟိုစာရင်းအင်းနှင့် စီးပွါးရေး ဌာနခွဲ .... ၎င်း

(ဇ) လက်ထောက်ညွှန်ကြားရေးဝန်၊ ဗဟိုဆေး သိုလှောင်ရေးဌာန .... ၎င်း

(ဈ) ကာကွယ်ရေးဌာန၊ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးဝန်ဌာနမှ ကိုယ်စားလှယ်တဦး .... ၎င်း

(ည) သမဝါယမဌာနခွဲမှ ကိုယ်စားလှယ်တဦး .... ၎င်း

(ဋ) အစိုးရက ခန့်ထားသည့် ဆယ်ဦးထက် မများ သောပုဂ္ဂိုလ်များ .... ၎င်း

(ဌ) အတွင်းဝန်၊ ထောက်ပံ့ရေးနှင့် သမဝါယမ ဌာန .... အတွင်းရေးမှူး။

(၂) ကောင်စီကဆောင်ရွက်သည့်မှခင်းကိစ္စများသည်၊ ကောင်စီဝင်တဦးဦး၏ ရာထူးလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ ကောင်စီဝင်တဦးဦးခန့်ထားရာတွင် ချွတ်ယွင်းချက်တခုခုရှိသည့်အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

၅။ ။(၁) ကောင်စီသည်၊ မိမိ၏နေ့စဉ်လုပ်ငန်းကိုကြီးကြပ်လုပ်ကိုင်သွားရန် အတွက်၊ သင့်တော်သောပုဂ္ဂိုလ်များပါဝင်သည့် အမှုဆောင်အဖွဲ့ကိုခန့်ထားနိုင်သည်။

(၂) ကောင်စီသည်၊ လုပ်ငန်းတခုခုကို တာဝန်ခံ၍ ဆောင်ရွက်ရန်၊ လက်အောက်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

ထိုလက်အောက်အဖွဲ့များသည်၊ ကောင်စီက လွှဲအပ်သောအာဏာနှင့် တာဝန်ဝတ်တရားများကို သုံးဆွဲဆောင်ရွက်ရမည်။

(၃) ကောင်စီသည်၊ အစိုးရကညွှန်ကြားသည့်အတိုင်း ကော်ပိုရေးရှင်း အမှုထမ်းများကို ခန့်ထားနိုင်သည်။

၆။ ။(၁) ကောင်စီသည်၊ ကော်ပိုရေးရှင်း၏လုပ်ငန်းကို ဆောင်ရွက်ရာ၌၊ ဌာနများကို လိုအပ်သင့်ခဲ့စိတ်၌ ဖွဲ့စည်းနိုင်သည်။

(၂) ကောင်စီသည်၊ ဒေသအသီးသီးတွင်၊ ရုံးခွဲ၊ ဆိုင်ခွဲများကို ဖွင့်လှစ်ထားရှိနိုင်သည်။

အခန်း ၃။

ကော်ပိုရေးရှင်း၏ အာဏာနှင့် တာဝန်ဝတ်တရားများ။

၇။ ။ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ ဆိုရှယ်လစ်စီးပွါး ရေးစံနစ်ထူထောင်နိုင်ရေးကိုရည်မှန်း၍၊ အစိုးရ၏ အမျိုးသားစီးပွါးရေးစီမံကိန်း ဘောင်အတွင်း၊ အောက်ပါ တာဝန်ဝတ်တရားများကို ထမ်းဆောင်ရမည်။

(က) ကုန်ပစ္စည်းများကို၊ နိုင်ငံခြားမှသွင်းယူ၍ ပြည်တွင်းတွင်ဖြန့်ဖြူးရန်၊ အဘက်ဘက်မှ ပြည့်စုံသည့် စီမံကိန်း ချမှတ်ခြင်း၊ ထိုစီမံကိန်းအရ၊ ကော်ပိုရေးရှင်းကိုယ်တိုင်ကသော်၎င်း၊ အခြား အစိုးရအဖွဲ့အစည်းများကသော်၎င်း၊ သမဝါယမ အသင်းများကသော်၎င်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကသော်၎င်း၊ တင်သွင်းရန်နှင့် ဖြန့်ဖြူးရန် သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံမှဆုတ်လုပ်သော ပြည်သူလူထုသုံးပစ္စည်းများကိုဖြန့်ဖြူးရန်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံမှ ထွက်သော ပစ္စည်းများကို၊ နိုင်ငံခြားသို့ရောင်းချရန်၎င်း၊ အဘက်ဘက်မှ ပြည့်စုံသော စီမံကိန်းချမှတ်ခြင်း၊ ထိုစီမံကိန်းအရ ထိုပစ္စည်းများကို ကော်ပိုရေးရှင်းကိုယ်တိုင်ကသော်၎င်း၊ အခြားအစိုးရအဖွဲ့အစည်းများကသော်၎င်း၊ သမဝါယမအသင်းများကသော်၎င်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကသော်၎င်း၊ ဖြန့်ဖြူးရောင်းချရန် သတ်မှတ်ပေးရမည်။

(ဂ) ပြည်သူလူထု၏နေထိုင်စားသောက်မှုစရိတ်ကို မထိခိုက်စေဘဲ၊ နိုင်ငံခြားမှကုန်ပစ္စည်းများတင်သွင်းရေးနှင့် ပြည်တွင်းမှ ကုန်ပစ္စည်းများထုတ်လုပ်ရေးကို၊ ပြည်တွင်းမှ ဖူလုံနိုင်သမျှဖူလုံအောင်ရင်း၊ ထွက်ရှိနိုင်သမျှ ထွက်ရှိအောင်ရင်း၊ ဆက်စပ်ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ ပြည်သူလူထု နေထိုင် စားသောက်ရေး စရိတ်သည်၊ ဝင်ငွေနှင့်နှိုင်းစက်၍ အစဉ်မပြတ်ပိုသည်ထက်ပို၍ သက်သာလာအောင်စီမံရမည်။

(င) ကုန်ပစ္စည်းများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ဒေသအားလုံးသို့ အကျယ်ပြန့်ဆုံးဖြန့်ဖြူးနိုင်ရန်စီမံရမည်။

(စ) ကုန်ပစ္စည်းများဖြန့်ဖြူးရေးလုပ်ငန်းကို၊ ဆိုရှယ်လစ်စီးပွါးရေးသဘောတရားနှင့်အညီဖြစ်စေရန် ပြုပြင်ပြောင်းလဲပေးရမည်။

၈။ ။ကော်ပိုရေးရှင်းမှာ၊ အောက်ပါအာဏာများရှိစေရမည်။

(က) ကုန်ပစ္စည်းများကို၊ နိုင်ငံခြားမှသော်၊ ပြည်ပွင်းမှသော်၊ ဝယ်ယူရောင်းချနိုင်သည့်အာဏာ။

(ခ) ကုန်ပစ္စည်းဝယ်ယူနိုင်ရေးကိုရည်မှန်း၍—

(၁) ကုန်ပစ္စည်းထုတ်လုပ်သောစက်ရုံအလုပ်ရုံနှင့် ကုန်သွယ်မှုလုပ်ငန်းများသို့ ငွေထုတ်ချေးနိုင်သည့်၊ သို့မဟုတ် ငွေကြိုတင်ထုတ်ပေးနိုင်သည့်အာဏာ။

(၂) အဆိုပါ စက်ရုံအလုပ်ရုံနှင့် ကုန်သွယ်မှုလုပ်ငန်းများသို့ ကုန်ကြမ်းပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ အကြွေးရောင်းချနိုင်သည့်အာဏာ။

(၃) အဆိုပါစက်ရုံအလုပ်ရုံနှင့် ကုန်သွယ်မှုလုပ်ငန်းများက၊ အခြားသူများထံမှ ငွေချေးယူရာတွင်ဖြစ်စေ၊ ကုန်ကြမ်းပစ္စည်းများနှင့် စက်ကိရိယာ ပစ္စည်းများ အကြွေးဝယ်ယူရာတွင်ဖြစ်စေ၊ ၎င်းတို့အတွက် အာမခံနိုင်သည့်အာဏာ။

(ဂ) ငွေချေးယူခြင်းနှင့် ကုန်ပစ္စည်းများ အကြွေးဝယ်ယူခြင်းပြုနိုင်သည့်အာဏာ။

(ဃ) ကုန်ပစ္စည်းများဖြန့်ဖြူးရန်ရည်မှန်း၍၊ အခြားသူများသို့ အကြွေးရောင်းချနိုင်သည့်အာဏာ။

(င) ယေဘုယျအားဖြင့် လုပ်ငန်းများကို၊ ကုန်သွယ်ရေးစည်းမျဉ်းများ အတိုင်းလုပ်ကိုင်ဆောင်ရွက်နိုင်သည့်အာဏာ။

အခန်း ၄။

ငွေရေးကြေးရေးနှင့် ငွေစာရင်းများ။

၉။ ။(၁) ကော်ပိုရေးရှင်း၏ငွေစာရင်းသည်၊ အစိုးရ၏ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းတွင်သတ်မှတ်ဖော်ပြသည့်အတိုင်းဖြစ်စေရမည်။

(၂) ပုဒ်မခွဲ (၁) တွင်သတ်မှတ်ထားသည့်ငွေစာရင်းနှင့်အညီ၊ကော်ပိုရေးရှင်း

သည်၊ မိမိ၏လုပ်ငန်းဆောင်ရွက်ရန်ကိစ္စများအဘက်၊ လွတ်လပ်စွာ ငွေထုတ်ယူသုံးစွဲ နိုင်သည်။

၁၀။ ။ကော်ပိုရေးရှင်း၏ငွေရင်းတွင်၊ အောက်ပါတို့ပါဝင်စေရမည်။

(က) အစိုးရကစိုက်ထုတ်ပေးသည့်ငွေရင်း။

(ခ) အစိုးရကထုတ်ချေးသည့်ငွေ။

(ဂ) အစိုးရအဖွဲ့အစည်းများနှင့်သမဝါယမအသင်းများကထုတ်ချေးသည့်၊ သို့မဟုတ် ကြွေးတင်ထုတ်ပေးသည့်၊သို့မဟုတ် အာမခံ၍ချေးယူသည့် ငွေ။

(ဃ) အစိုးရကခွင့်ပြုသည့်အတိုင်း၊ ကော်ပိုရေးရှင်း၏ အသားတင်တိုးပွါး ငွေထဲမှထည့်သွင်းသည့်ငွေ။

၁၁။ ။(၁) ကော်ပိုရေးရှင်း၏ဝင်ငွေအားလုံးကို၊ အစိုးရ၏ဘဏ္ဍာသို့ထည့် သွင်းရမည်။ ကော်ပိုရေးရှင်း၏သုံးငွေအားလုံးကို၊ အစိုးရဘဏ္ဍာငွေထဲမှကျခံရမည်။

(၂) အစိုးရသည်၊ ကော်ပိုရေးရှင်း၏ နှစ်စဉ် အသားတင်တိုးပွါးငွေထဲမှ ကော်ပိုရေးရှင်း၏လုပ်ငန်းဘွင်ထပ်မံရင်းနှီးရန် ငွေရင်း ခွဲဝေရာထားပေးနိုင်သည်။

၁၂။ ။(၁) ကော်ပိုရေးရှင်းသည်၊ စာရင်းစစ်ချုပ် ပြဋ္ဌာန်းသည့်အတိုင်း ငွေစာရင်းများထားရှိရမည်။

(၂) စာရင်းစစ်ချုပ်သည်၊ အမြဲမပြတ် ကော်ပိုရေးရှင်း၏ ငွေစာရင်းများနှင့် ပစ္စည်းများကို မှန်မှန်စစ်ဆေးရမည်။ ကြားဖြတ်စစ်ဆေးရန်လိုလျှင်လည်း စစ်ဆေးနိုင် သည်။ နှစ်စဉ်နှစ်တိုင်းလည်းစစ်ဆေးရမည်။

၁၃။ ။အစိုးရသည်၊ ကော်ပိုရေးရှင်း၏ငွေစာရင်းများ၊ စာရွက်စာတမ်းများ၊ စီမံကိန်းများကို အချိန်မရွေးတောင်းယူစစ်ဆေးနိုင်သည်။

၁၄။ ။ကော်ပိုရေးရှင်းသည်၊ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့်အတူ၊အောက် ပါတို့ကို အစိုးရထံတင်ပြအစီရင်ခံရမည်။

(က) လွန်ခဲ့သည့်နှစ်အတွက် နှစ်ချုပ်ငွေစာရင်းနှင့် စာရင်းစစ်ချက်အစီရင် ခံစာ။

(ခ) လွန်ခဲ့သည့်နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အစီရင်ခံစာနှင့်စစ်ဆေးဝေဘန်ချက်။

(ဂ) လာမည့်နှစ်အတွက် ရ-သုံးမှန်းခြေငွေစာရင်း။

(ဃ) လာမည့်နှစ်အတွက် လုပ်ငန်းစီမံကိန်း။

အခန်း ၅။

အဓွေဖွေ။

၁၅။ ။(၁) အစိုးရသည်၊ ဤဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ဤ ဥပဒေနှင့်ညီညွတ်သော နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာဖြင့်ပြုနိုင်သည်။ ထို့ပြင်

ဤဥပဒေနှင့်ထင်း၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများနှင့်ထင်း၊ ညီညွတ်သောညွှန်ကြား ချက်များကိုလည်း၊ ထိုနည်းတူထုတ်ဆင့်နိုင်သည်။

(၂) ကောင်စီသည်၊ အမှုဆောင်အဖွဲ့၊ လက်အောက်အဖွဲ့များ၊ သို့မဟုတ် ကော်ပိုရေးရှင်း၏အမှုထမ်းများလိုက်နာရန် ဤဥပဒေနှင့်ထင်း၊ဤဥပဒေအရပြုသည့် နည်း ဥပဒေများနှင့်ထင်း၊ ညီညွတ်သောစည်းကမ်းဥပဒေများကို၊အမိန့်ကြော်ငြာစာဖြင့် ပြုနိုင် သည်။

၁၆။ ။(၁) အစိုးရသည်၊ နည်းဥပဒေပြုနိုင်သည့်အာဏာကိုချန်လှပ်၍၊ ဤ ဥပဒေအရ မိမိ၏အခြားအာဏာများကဲ့သို့ထင်း၊ ပြည်သူ့ပစ္စည်းနှင့်စပ်လျဉ်း၍ပြဋ္ဌာန်းထား သည့် အခြားတရားဥပဒေအရ အာဏာပိုင်တဦးဦးအား အပ်နှင်းထားသည့် အာဏာ များကိုထင်း၊ ကောင်စီအားလွှဲအပ်နိုင်သည်။

(၂) ကောင်စီသည်၊ မိမိအားလွှဲအပ်သည့်အာဏာများကိုခွဲခြား၍၊အမှုဆောင် အဖွဲ့အားသော်ထင်း၊ လက်အောက်အဖွဲ့များအားသော်ထင်း၊ ကော်ပိုရေးရှင်းအမှုထမ်း တဦးအားသော်ထင်း၊ တဆင့်လွှဲအပ်နိုင်သည်။

၁၇။ ။မည်သူမဆို၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့မဟုတ် ဆောင်ရွက် သည့်သဘောသက်ရောက်သောအပြုအမူကိုပြုနေစဉ်၊ရာဇသတ်ကြီးပုဒ်မ ၂၁ အဓိပ္ပါယ် အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၁၈။ ။ကာလစည်းကမ်းသတ်အက်ဥပဒေ (The Limitation Act) ပဌမ ဇယားရှိအပိုဒ် ၁၄၉ သည်၊ ကော်ပိုရေးရှင်းက၊ သို့မဟုတ် ကော်ပိုရေးရှင်းကိုယ်စား ခွဲဆိုသည့်တရားမမှုများနှင့်သက်ဆိုင်စေရမည်။

၁၉။ ။(၁) အောက်ပါအခန့်များကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(က) ၁၉၅၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့စွဲပါ ပြည်သူ့လုပ်ငန်းနှင့်ပြန် လည်ထူထောင်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၁၆၉ ဖြင့်ထုတ်ပြန်သည့် ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပစ္စည်း ဝယ်ယူရေးအဖွဲ့အမိန့်။

(ခ) ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့စွဲပါ ကုန်သွယ်မှု တိုးတက်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၅၄ ဖြင့်ထုတ် ပြန်သည့် ၁၉၅၄ ခုနှစ်၊ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေး ကော်ပိုရေး ရှင်းအမိန့်။

(ဂ) ၁၉၆၂ ခုနှစ်၊ ဇေဖေါ်ဝါရီလ ၂၂ ရက်နေ့စွဲပါ ဝန်ကြီးချုပ်ရုံး အမိန့်ကြော်ငြာစာအမှတ် ၂၀ ဖြင့်ထုတ်ပြန်သည့် ၁၉၆၂ ခုနှစ်၊ ပြည်သူ့ထောက်ပံ့ရေးအုပ်ချုပ်မှုအဖွဲ့အမိန့်။

(ဃ) ၁၉၆၂ ခုနှစ်၊ မေလ ၂ ရက်နေ့စွဲပါ ထောက်ပံ့ရေးနှင့်သမဝါယမ ဌာန၊ စီမံကိန်းဌာနခွဲ၏အမိန့်ကြော်ငြာစာအမှတ် ၃၈ ဖြင့်ထုတ် ပြန်သည့် ၁၉၆၂ ခုနှစ်၊ ဗဟိုပစ္စည်းဝယ်ယူရေးနှင့် ဖြန့်ဖြူးရေး ကောင်စီအမိန့်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ရွယ်ရှင် လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊အောက်ဖေါ် ဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်၊စတင်အာဏာတည်သည့်နေ့ရက်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ရွယ်ရှင်လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) "အဖွဲ့" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ ရွယ်ရှင်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ဆိုလိုသည်။

(ခ) "ရွယ်ရှင်" ဆိုသည်မှာ၊ ရွယ်ရှင်၊ ရွယ်ပြိုမ်၊ ခါတ်ပုံ၊ သို့မဟုတ်အခြား ရွယ်မြင်သံကြား ပစ္စည်းများကိုဆိုလိုသည်။ ထိုစကားရပ်တွင်၊ ရွယ်ရှင်ကားများ၊ သို့မဟုတ် ရွယ်ရှင်ကားဆက်များ ပြဿရန်ကိရိယာ တန်ဆာပလာတခုခုပါဝင်သည်။

(ဂ) "ရွယ်ရှင်လုပ်ငန်း" ဆိုသည်မှာ၊ ရွယ်ရှင်ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး နှင့်ရုံတင်ပြသရေးလုပ်ငန်းကိုဆိုလိုသည်။

(ဃ) "ပြင်ပရွယ်ရှင်လုပ်ငန်း" ဆိုသည်မှာ၊စီးပွါးဖြစ်လုပ်သည့် ကိုယ်ပိုင် ရွယ်ရှင်လုပ်ငန်းကိုဆိုလိုသည်။

အခန်း ၂။

အဖွဲ့ ဖွဲ့စည်းပုံ။

၃။ ။(၁) အစိုးရသည်၊ အဓိနှင့်ကြော်ငြာစာ ထုတ်ပြန်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ရွယ်ရှင်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဟု ခေါ်သည့်အဖွဲ့တခုကို ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ ဒီဒီဝိုင် တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ပိုင် ပစ္စည်းနှင့်ကြေးမြီတာဝန်အားလုံးကို၊ အဖွဲ့ကဆက်ခံရမည်ဖြင့်၊ အဆိုပါ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ကချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း၊ အဖွဲ့က ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

၄။ ။အဖွဲ့တွင်၊ အစိုးရကခန့်ထားသည့် ဥက္ကဋ္ဌတဦးနှင့် ၈ ဦးထက်မပိုသော အခြားအဖွဲ့ဝင်များပါဝင်ရမည်။

၅။ ။(၁) အစိုးရသည်၊ အဖွဲ့ဝင်တဦးအား၊ ဒုတိယဥက္ကဋ္ဌအဖြစ်ရင်း၊ အခြားအဖွဲ့ဝင်တဦးအား၊ အုပ်ချုပ်ရေးမှူးအဖြစ်ရင်း၊ ခန့်ထားရမည်။ အုပ်ချုပ်ရေးမှူးသည်၊ အဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

(၂) အုပ်ချုပ်ရေးမှူး၏ လစာငွေသည်၊ အစိုးရကသတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

အခန်း ၃။

ဥက္ကဋ္ဌ၏ အာဏာနှင့်တာဝန်ဝတ္တရားများ။

၆။ ။ဥက္ကဋ္ဌသည်—

(က) ရုပ်ရှင် လုပ်ငန်းကိုကြီးကြပ် ထိန်းသိမ်းရမည်။ ထိုသို့ကြီးကြပ်ထိန်းသိမ်းရာတွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာနက ချမှတ်ပေးသောမူဝါဒအရ လိုက်နာဆောင်ရွက်စေရန် အဖွဲ့အား၊ ခေါင်းဆောင်မှုပေးရမည်။

(ခ) အဖွဲ့၏ ငွေစာရင်းများကို၊ အချိန်မရွေးတောင်းဆို စစ်ဆေးနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အတိုင်း အုပ်ချုပ်ရေးမှူးကလိုက်နာရမည်။

(ဂ) အဖွဲ့အစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ မိမိကိုယ်တိုင် အစည်းအဝေး မဟာဂ်ရောက်နိုင်လျှင်၊ ဒုတိယဥက္ကဋ္ဌအား၊ မိမိ၏အာဏာများကိုသုံးစွဲစေလျက်၊ အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်စေနိုင်သည်။

(ဃ) အဖွဲ့၏သဘောတူညီချက်ဖြင့်၊ ရုပ်ရှင်လုပ်ငန်း အထမြောက်အောင်ဆောင်ရွက်ရန်၊ လိုအပ်သည့်ဌာနမှူးများနှင့် အခြားဝန်ထမ်းများကို ခန့်ထားနိုင်သည်၊ သို့မဟုတ် ထုတ်ပယ်နိုင်သည်။

(င) မိမိအား၊ အဖွဲ့ကလွှဲအပ်သောအခြားအာဏာနှင့်တာဝန် ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

အခန်း ၄။

အဖွဲ့၏အာဏာနှင့် တာဝန်ဝတ္တရားများ။

၇။ ။(၁) ဗဟိုဆေးစိမ်ခန်း ပြုပြင်ထိန်းသိမ်းရေး၊ တိုးချဲ့ဖာညီဆောက်ရေး၊ စက်တိရိယာများတိုးချဲ့တပ်ဆင်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွက်အကျိုးရှိစေမည့်

ရုပ်ရှင်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အခြားအစိုးရဌာနများနှင့် တရားဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့များအပြင်၊ ပြင်ပရုပ်ရှင်လုပ်ငန်းလုပ်ကိုင်နေသူများနှင့် အခြားအဖွဲ့များသို့ ရုပ်ရှင်လုပ်ငန်းနှင့်စပ်လျဉ်းလို၊ အခကြေးငွေဖြင့် ရုပ်ရှင်ထုတ်လုပ်ပေးခြင်း၊ စက်ကိရိယာပစ္စည်းနှင့်စတူডিယိုငှါးရမ်းခြင်း၊ ရိုက်ကူးထုတ်လုပ်ပြီးသော ရုပ်ရှင်များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့သည်၊ အဖွဲ့၏တာဝန်ဝတ်တရားများဖြစ်စေရမည်။

(၂) အဖွဲ့သည်၊ ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသော တာဝန်ဝတ်တရားများနှင့် ဆက်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုလည်း၊ ထိုတာဝန် ဝတ်တရားများ ဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့မဟုတ် သင့်တော်မည်ဟု မိမိထင်မြင်သောကိစ္စများ ကိုလည်း၊ ဆောင်ရွက်ရမည်။ ဤပုဒ်မ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါ ကိစ္စများအပြင်၊အထူးအားဖြင့်၊အောက်ပါကိစ္စများကိုလည်း၊အဖွဲ့ကဆောင်ရွက်ရမည်။

(က) အစိုးရ၏ အခန်ခံရုပ်ရှင်လုပ်ငန်း တိုးတက်မှုစီမံကိန်းတခုခုနှင့်မဆန့်ကျင်သည့်ရုပ်ရှင်ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးတို့ကိုလုပ်ကိုင်ခြင်း၊ ရုပ်ရှင်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးကိုရှေရှု၍၊ ရုပ်ရှင်လုပ်ငန်းတိုးချဲ့လုပ်ကိုင်မှုအားပေးခြင်းနှင့်စီမံကိန်းများရေးဆွဲခြင်းကိစ္စ။

(ခ) မော်ကွန်းတင် ဇာတ်ကားများ၊ ပညာပေးဇာတ်ကားများ၊ အစိုးရစီမံကိန်းများ ရုပ်လုံးဖော်သည့် ဇာတ်ကားများ၊ ပြည်သူတို့အားလမ်းညွှန်ပြသည့်ဇာတ်လမ်း ရုပ်ရှင်ကားများနှင့် အခြားဇာတ်ကားများကိုရုပ်ရှင်ရိုက်ကူး၊ထုတ်လုပ်၊ ဖြန့်ဖြူးခြင်းကိစ္စ။

၈။ ။(၁) အဖွဲ့မှာ၊ မိမိ၏တာဝန်ဝတ်တရားများ ဆောင်ရွက်ရာတွင်လိုအပ်သော၊ သို့မဟုတ် သင့်တော်သော မည်သည့်အလုပ်ကိစ္စကိုမဆို လုပ်ကိုင်ရန်အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါအာဏာတွင် အောက်ပါကိစ္စများဆောင်ရွက်ရန်၊ အထူးအားဖြင့်၊ အောက်ပါအာဏာများ ပါဝင်

(က) အဖွဲ့ဝင်တဦးဦးအား၊ သို့မဟုတ်အုပ်ချုပ်ရေးမှူးအား၊ သို့မဟုတ် အခြား ရာထမ်းမှုထမ်းများအား၊ အဖွဲ့၏အာဏာနှင့် တာဝန်ဝတ်တရားများကိုလွှဲအပ်ခြင်း။

(ခ) အဖွဲ့ဝင်နှစ်ဦး၊သို့မဟုတ်နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များအပြင်၊ ပညာသည် (Technicians) များပါဝင်သည့် ကော်မီတီတို့ကို ခန့်ထား၍၊ ထိုကော်မီတီများအား၊ အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို လွှဲအပ်ခြင်း။

(ဂ) အောက်ပါကိစ္စအားလုံး၊ သို့မဟုတ် အချို့နှင့်စပ်လျဉ်း၍ စည်းကမ်းဥပဒေများပြုခြင်း။

(၁) ရုပ်ရှင်လုပ်ငန်း စီမံဆောင်ရွက်ရာတွင်ရင်း၊ အဖွဲ့၏၊ သို့မဟုတ် ကော်မီတီများ၏ အစည်း အဝေးဥ် လိုက်နာရန်ကျင့်ထုံး သတ်မှတ်ရေးကိစ္စ။

(၂) ပုဒ်မ ၇ အရ ဆောင်ရွက်ရာတွင် လိုက်နာရန် စည်းကမ်းချက်များ သတ်မှတ်ရေးကိစ္စ။

(၃) ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့် အခြားအမှုထမ်း စည်းကမ်းများကို အစိုးရ သဘောတူညီချက်ဖြင့် သတ်မှတ်ရေးကိစ္စ။ ထိုရာထမ်းမှုထမ်းများ၏ အာဏာနှင့်တာဝန် ဝတ်တရားများ သတ်မှတ်ရေးကိစ္စ။

(၄) အဖွဲ့ကိုယ်စား ပဋိညာဉ်စာချုပ်များနှင့် အခြားစာတမ်း အမှတ်အသားများ လက်မှတ်ရေးထိုးရေးကိစ္စ။

၉။ ။(၁) အဖွဲ့သည်၊မိမိ၏တာဝန်ဝတ်တရားများဆောင်ရွက်ရာတွင်၊အစိုးရကညွှန်ကြားသည့်မူအတိုင်းလိုက်နာရမည်။

(၂) အစိုးရသည်၊ မည်သည့်အခါမဆို၊ အဖွဲ့၏၊ သို့မဟုတ် ကော်မီတီ၏ အမှုတွဲများမှ ကောက်နုတ်ချက်များကိုလည်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာစာရင်းများကိုလည်း၊ အဖွဲ့က ကြိုးကြပ်အုပ်ချုပ်ရသည့်ကိစ္စနှင့်စပ်လျဉ်း၍ အစီရင်ခံစာများကိုလည်း၊ ရ-သုံးမှန်းခြေငွေစာရင်းများကိုလည်း၊မိမိထံတင်ပြရန်တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာရမည်။

(၃) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်အသီးသီး ကုန်ဆုံးပြီးနောက်၊ ဆောလျင် မြန်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွက်၊ မိမိ၏ တာဝန်ဝတ်တရားများဆောင်ရွက်ခြင်းနှင့်ရင်း၊ မိမိလိုက်နာသည့်မူနှင့်ရင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ရင်း၊ စပ်လျဉ်း၍၊ အစိုးရထံအစီရင်ခံစာတင်သွင်းရမည်။

အခန်း ၅။

အုပ်ချုပ်ရေးမှူး၏ တာဝန်ဝတ်တရားများ။

၁၀။ ။အုပ်ချုပ်ရေးမှူးသည်၊ အောက်ပါတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) ပုဒ်မ ၇ တွင်ဖော်ပြထားသော တာဝန် ဝတ်တရားများနှင့်အညီ အဖွဲ့၏ရုပ်ရှင်လုပ်ငန်း တိုးတက်မှုအတွက် စီမံကိန်းများရေးဆွဲခြင်း။

(ခ) အဖွဲ့၏ သဘောတူညီချက်ရယူရန်အလို့ငှါ၊ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အဖွဲ့ကသတ်မှတ်သည့် နေ့ရက်တွင်အဖွဲ့သို့တင်ပြခြင်း။

(ဂ) အဖွဲ့ဆောင်ရွက်မည့်ရုပ်ရှင်လုပ်ငန်းအစီအစဉ်ကိုအဖွဲ့သို့တင်ပြခြင်း။

(ဃ) အဖွဲ့၏၊သို့မဟုတ်ကော်မီတီများ၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ခြင်း။ ထိုသို့ဆောင်ရွက်ရာ၌၊ ထိုဆုံးဖြတ်ချက်များ အတိုင်းဖြစ်မြောက်စေရန် လိုအပ်သောတာဝန်ဝတ်တရားများ၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုအဝဝကို ပြုလုပ်ဆောင်ရွက်၍၊ အဖွဲ့အကျိုးကို ထိရောက်စွာကာကွယ်နိုင်ရန် အတွက်၊ တရားဥပဒေအရ အာမခံရယူရေးများကို တာဝန်ယူဆောင်ရွက်ခြင်း။

(c) အမ္ဘီက၊ မိမိအားလွှဲအပ်သောတာဝန်ဝတ်တရားများကို၊ အမ္ဘီကိုယ်စားဆောင်ရွက်ခြင်း။

(စ) ဤဥပဒေအရ ပြုသောနည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေနှင့် မဆန့်ကျင်စေဘဲ၊ မူရင်းလစာကျပ်နှစ်ရာထက် မပိုသောလစာရ ဝန်ထမ်းများအားခွင့်ပေးခြင်း။

(ဆ) မိမိလက်အောက်ရှိ ဝန်ထမ်းများနှင့်ပတ်သက်၍၊ သစ္စာစောင့်သိရှိသေမှု၊ သို့မဟုတ်စည်းကမ်း သေဝပ်မှုမရှိဟု သံသယဖြစ်ပါက၊ ဥက္ကဋ္ဌထံ၊ သို့မဟုတ် ဥက္ကဋ္ဌ၏ အာဏာအပ်နှင်းခြင်း ခံရသူထံသို့ တိုက်ရိုက်စာဖြင့်အစီရင်ခံခြင်း။

၁၁။ ။(၁) အမ္ဘီဝင်များ၏ ရာထူးသက်တမ်းသည်၊ ၂ နှစ်ဖြစ်ရမည်။ သို့ရာတွင်အစိုးရသည်၊ အမ္ဘီဝင်တဦးဦးရာထူးထမ်းရွက်ခြင်းကို၊မည်သည့်အခါမဆို၊ရပ်စဲနိုင်သည်။

(၂) ရာထူးသက်တမ်းမကုန်ဆုံးမီ၊ အကြောင်းတခုခုကြောင့် အမ္ဘီဝင်တဦး၏ ရာထူးနေရာလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင်၊ သင့်တော်သောပုဂ္ဂိုလ်တဦးကို၊ အစိုးရက၊ အမ္ဘီဝင်သစ်အဖြစ်ဖြင့်ခန့်ထားရမည်။ ထိုအမ္ဘီဝင်သစ်သည်၊ မိမိအား ခန့်ထားသည့်နေရာတွင်ထမ်းရွက်ခဲ့သောအမ္ဘီဝင်ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်သည့်အချိန်အထိသာ၊ ရာထူးလက်ရှိထမ်းရွက်ရမည်။

(၃) အစိုးရသည်၊ ရာထူးသက်တမ်းစေ့ ကုန်သောမည်သည့်အမ္ဘီဝင်ကိုမဆို၊ ပြန်လည်ခန့်ထားနိုင်သည်။

(၄) အစိုးရအရာရှိ မဟုတ်သော အမ္ဘီဝင်များနှင့် ကော်မီတီဝင်များအား၊ အစိုးရ သတ်မှတ်သည့်အခနှင့် စရိတ်ကြေးငွေများပေးရမည်။

၁၂။ ။အမ္ဘီက ဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ အမ္ဘီဝင်ရာထူးနေရာလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ အမ္ဘီဝင်တဦးဦးခန့်ထားရာ၌ ချွတ်ယွင်းချက်ရှိသည့်အကြောင်းကြောင့်သော်၎င်း၊ မယွက်ပြယ်စေရ။

အခန်း ၆။

ဘဏ္ဍာရေးကိစ္စရပ်များ။

၁၃။ ။(၁) အမ္ဘီသည်၊ ဘဏ္ဍာရေးနှစ်အသီးသီးမကုန်ဆုံးမီ၊ ထိုနှစ်နောက်လာမည့်ဘဏ္ဍာရေးနှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ အခြားအစိုးရဌာနများနည်းတူတင်သွင်းရမည်။ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အခါအားလျော်စွာ၊ ထိုနည်းတူတင်သွင်းနိုင်သည်။

သို့ရာတွင်အမ္ဘီသည်၊ မိမိလုပ်ငန်းစတင်ဆောင်ရွက်သည့် ပဌမနှစ်နှင့်စပ်လျဉ်း၍၊ လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်မှ၊ ထိုဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့ရက်ထိ ကာလ အပိုင်းအခြားအတွက် ရ-သုံးမှန်းခြေငွေစာရင်းကို၊ အခြား အစိုးရဌာနများနည်းတူ လျင်မြန်နိုင်သမျှ လျင်မြန်စွာတင်သွင်းရမည်။

(၂) ဤပုဒ်မအရ ခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ထားသည့် ငွေထက်ပိုၿပီး အဖွဲ့က အကုန် အကုမခံရ။

၁၄။ ။အဖွဲ့သည်၊ ဤဥပဒေအရ၊ ရုပ်ရှင်လုပ်ငန်းဆောင်ရွက်ရာ၌ မိမိရရှိသည့် ဝင်ငွေအားလုံးကို၊ အစိုးရငွေစာရင်းတွင် ရငွေအဖြစ်စာရင်းသွင်းရမည်။

၁၅။ ။အဖွဲ့သည်၊ မိမိ၏အသုံးစရိတ်များကို၊ အစိုးရက၊ အခါအားလျော်စွာ ညွှန်ကြားသည့်နည်းလမ်းအတိုင်းထုတ်ယူသုံးစွဲရမည်။

၁၆။ ။အဖွဲ့၏ နှစ်စဉ်အရှုံးအမြတ်ကို၊ အလွယ်တကူသိရှိနိုင်စေရန်၊ အဖွဲ့၏ ငွေစာရင်းများကို၊ ပုံစံဖြင့်သီးခြားပြစာရင်း (*Pro Forma* Accounts) အရ သီးခြား ထိန်းသိမ်းထားရှိရမည်။ ထိုပုံစံဖြင့်သီးခြားပြစာရင်းပုံစံများကို၊ အစိုးရ၏သဘောတူညီ ချက်ဖြင့်၊ စာရင်းစစ်ချုပ်က ပြဋ္ဌာန်းရမည်။

အခန်း ၇။

အထွေထွေ။

၁၇။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့် ကြော်ငြာစာဖြင့်၊ နည်းဥပဒေများပြုနိုင်သည်။

၁၈။ ။(၁) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့ အက် ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ၊မြန်မာနိုင်ငံ ဓယဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက် ရမည်။

(၂) ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေး အဖွဲ့ အက်ဥပဒေ ကိုရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေ အရဖွဲ့စည်းထားသော နိုင်ငံတော် ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေးအဖွဲ့သည်၊ အဆိုပါ အက် ဥပဒေ အရ၊ မိမိအား ပေးအပ်ထားသည့် အာ ဏာနှင့် တာဝန် ဝတ်တရားများကို၊ ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့၏ ပဌမအစည်း အဝေးကျင်းပသည့်နေ့ရက်တိုင်အောင်ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

၁၉၆၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၀ ။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေ သုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖော်ပြပါတာဝန်ခံအသီးသီးသည်၊မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော ဘဏ္ဍာတော်းငွေများမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေ စုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသောဇယားတွင် ဖော်ပြထားသည့် အတိုင်း ထုတ်၍၊ ၁၉၆၃ ခုနှစ်၊ စက်တာဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ်	တာဝန်ခံ	ဘဏ္ဍာတော်ငွေ အမည်	စုစုပေါင်းငွေ	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား
			ကျပ်	
၁	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအဖိုဋ္ဌဘဏ္ဍာ ရေးဌာနတာဝန်ခံ။	ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများ။	၁၉,၄၆,၀၅,၀၆၀	နောက်ဆက်တွဲ ဇယား(က)။
၂	ရှမ်းပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။	ရှမ်း ပြည် နယ် ၏ ဘဏ္ဍာတော် ငွေ များ။	၃,၆၆,၆၁၀	နောက်ဆက်တွဲ ဇယား(ခ)။
၃	ကချင် ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။	ကချင်ပြည် နယ် ၏ ဘဏ္ဍာတော်ငွေ များ။	၁,၆၇,၆၀၀	နောက်ဆက်တွဲ ဇယား(ဂ)။
၄	ကယား ပြည် နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။	ကယားပြည်နယ်၏ ဘဏ္ဍာတော် ငွေ များ။	၁၀,၀၃၀	နောက်ဆက်တွဲ ဇယား(ဃ)။
၅	ကရင်ပြည်နယ်ဦးစီ အဖွဲ့ဥက္ကဋ္ဌ။	ကရင် ပြည်နယ် ၏ ဘဏ္ဍာတော် ငွေ များ။	၃၇,၀၂၊၁	နောက်ဆက်တွဲ ဇယား ၈)၊

(၂) ပုဒ်မခွဲ (၁) တွင်ဖွင့်ပြထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည် ၁၉၆၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၃ ခုနှစ်၊ ၉

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၁၁) အရ၊ ခွင့်ပြုထား သည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူ ရမည်။

၃။ ။(၁) ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း စုစုပေါင်းကျပ်ငွေ ၅၀ ကုဋေထက်မပိုသော ငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရ ငွေချေးစာချုပ်များထုတ်ပေး၊ ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်၊ ထို,ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်ကလည်း ထိုနှစ် အတွင်း ထိုကိစ္စများကိုပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်ပြည်ထောင်စုမြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ဌင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ်အခြားနည်း စီမံရန် စည်းကမ်းချက်များထား၍ဌင်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်ဘော်များတွင်ထည့်သွင်းရမည်။

(၃) ဤဥပဒေအရထုတ်ပေးသည့်အာမခံစာချုပ်များနှင့်သက်ဆိုင်သောငွေ ရင်းနှင့် အတိုးကိုဌင်း၊ ထိုအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျ သည့် စရိတ်ငွေများကိုဌင်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့်ငွေချေးယူခြင်းသည်၊ ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေ၊ ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၃) အရား ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင် နောက်ထပ်ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

နောက်ဆက်တွဲဇယား (က)။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

အစိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။
	ကျပ်
အမြတ်ခွန်	၄၀,၇၃၀
မြေခွန်တော်	၂၂,၅၀,၁၀၀
ယစ်မျိုး	၅၇,၂၀၀
အခြားအခွန်များနှင့်အကောက်မှ	၆,၀၆၀
စာတိုက်နှင့် ကြေးနန်း	၅၀
အတိုးနှင့်ကြေးမြီ	၂၀,၉၄,၇၅၀
အရင်ရပ်စီရင်အုပ်ချုပ်မှု	၄,၄၆,၅၁၀

	ကျပ်
တရားရေး	၃၂,၀၃၀
ရဲအဖွဲ့	၂၁,၀၄,၀၅၀
ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ	၁,၃၅,၀၀၀
နိုင်ငံခြားရေး	၃,၆၆,၉၀၀
ပညာရေး	၃၄,၂၀,၆၅၀
လယ်ယာစိုက်ပျိုးရေး၊တိရစ္ဆာန် ဆေးကုသရေး၊ သမင်ဃယမ ငွေစု ငွေချေး လုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေး ...	၁၁,၂၀၀
အထွေထွေဌာနများ	၂၀
ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့် ဒင်္ဂါသွန်းစက်ခွဲ	၆၀,၀၀၀
ပင်ရှင်လစာငွေများ	၂၁,၁၀,၄၅၀
စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း	၉,၅၀,၃၅၀
အဇထွေထွေ	၁၀
စစ်ကြောင့် ထွက်ခွါမသွားဒီ တင်ရှိသည့် ကြေးမြီတာဝန်များ ...	၃၉,၄၇၀
အစိုးရ စီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများသို့ ထောက်ပံ့ငွေ	၀,၉၆,၇၇၀
စာပို့တိုက်နှင့် ကြေးနန်းအတွက် မ,တည်ငွေရင်း	၁၀
ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ...	၉,၅၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၁,၁၄,၄၂,၀၀၀
ကာကွယ်ရေးအမှုထမ်းများအတွက် မ,တည်ငွေရင်း	၂၅,၀၀,၀၀၀
အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများတွင် အစိုးရ၏ အကျိုးတူ ရင်းနှီးမြှုပ်နှံငွေ	၂၀
အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများသို့ ကြိုတင်ထုတ်ပေးငွေများနှင့် ထောက်ပံ့ငွေများ	၁,၆၅,၂၃၀
အခြား အတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ	၁၆,၂၇,၀၀,၀၀၀
ပေါင်း ...	၁၉,၄၆,၀၅,၀၆၀

နောက်ဆက်တွဲယား (၁)။

ရွှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

အစိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၃,၆၆,၆၁၀
ပေါင်း ...	၃,၆၆,၆၁၀

နောက်ဆက်တွဲဇယား (၇)။

ကချင်ပြည်နယ် ၏ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

အစိုးရဌာန။			ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
တံဆိပ်ခေါင်းများနှင့် မှတ်ပုံတင်မှု	...	...	၆၉၀
ပင်ရှင်လစာငွေများ ...	...	...	၁,၆၆,၉၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	...	...	၁၀
	ပေါင်း	...	၁,၆၇,၆၀၀

နောက်ဆက်တွဲဇယား (၈)။

ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

အစိုးရဌာန။			ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
ပင်ရှင်လစာငွေများ ...	...	...	၁၀,၀၃၀
	ပေါင်း	...	၁၀,၀၃၀

နောက်ဆက်တွဲဇယား (၉)။

ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

အစိုးရဌာန။			ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်
ပင်ရှင်လစာငွေများ ...	...	...	၃၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	...	...	၂၀
	ပေါင်း	...	၃၀,၀၂၀

၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၃၀။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင် အာဏာ တည်သည့်နေ့ရက်။ ။(၁) ဤဥပဒေ ကို ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉۶၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ တွင် စတင်အာဏာတည်ရမည်။

၂။ ။အမြတ်ခွန် စည်းကြပ်သည့် နှုန်းများ။ ။(၁) ၁၉۶၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုသည့်နှစ်အတွက် ဤဥပဒေ၏ ပဌမ ဇယားတွင် သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်း အမြတ်ခွန်စည်းကြပ်ရမည်။

(၂) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၅-က (၁) အလိုင်္ဂါ အမြတ်ခွန်ထမ်း ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ ရသည့်ဝင်ငွေအတွက် လျှော့ရမည့်ငွေကိုယင်းဝင်ငွေ၏ ၅ ပုံ ၁ ပုံ ဟု သတ်မှတ်လိုက်သည်။ သို့သော် ယင်းသို့ လျှော့သော ငွေပေါင်းသည် ကျပ်ငွေ ၄,၀၀၀ ထက်မကျော်စေရ။

(၃) ၁၉۶၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုသည့်နှစ်အတွက် အမြတ်ခွန်စည်းကြပ်ရာ၌ အမြတ်ခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေတွင် ကုမ္ပဏီမှ ရရှိသည့် အမြတ်ဝေစုငွေပါဝင်လျှင်၊ ထိုအမြတ်ဝေစုငွေအပေါ်တွင် ကုမ္ပဏီက ပေးဆောင်ခဲ့ သော အမြတ်ခွန်ငွေ အချိုးအစားနှင့်ညီမျှအောင်တိုးမြှင့်ရမည့်အပြင်၊ ယင်းသို့ တိုးမြှင့် သည့်ငွေကို အမြတ်ခွန်ထမ်းကို ၎င်တိုင်ကပေးဆောင်ခဲ့သည့်အမြတ်ခွန်ဟု မှတ်ယူရမည်။

(၄) ၁၉۶၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုသည့်နှစ် အတွက်အမြတ်ခွန်စည်းကြပ်ရာ၌ အမြတ်ခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် လက်ငွေ၊ အာမခံစာချုပ်များပေါ်မှအတိုးငွေနှင့် ကုမ္ပဏီမှရရှိသော တိုးမြှင့်ထားသည့်အမြတ်ဝေစု ငွေတို့ပါဝင်လျှင်၊ အမြတ်ခွန်ထမ်း ပေးဆောင်ရမည့် အမြတ်ခွန်သည် အောက်ပါငွေ နှစ်ရပ်ပေါင်းမြှစ်ရမည်။

(က)	အမြတ်ခွန်ထမ်း၏စုစုပေါင်းဝင်ငွေပေါ်တွင် ၁၉۶၂ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီတွက်ချက်၍ ရရှိသည့်အမြတ်ခွန်။	အဆိုပါလစာငွေ၊ အတိုးငွေ နှင့် အမြတ်ဝေ စုငွေ။ × ——— စုစုပေါင်းဝင်ငွေ။
(ခ)	အမြတ်ခွန်ထမ်း၏စုစုပေါင်းဝင်ငွေပေါ်တွင် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်း ချက်များနှင့် အညီ တွက်ချက် ရရှိသည့် အမြတ် ခွန်။	အဆိုပါလစာငွေ၊ အတိုးငွေ နှင့် အမြတ် ဝေစု ငွေများ မဟုတ်သည့်ဝင်ငွေ။ × ——— စုစုပေါင်းဝင်ငွေ။

သို့ရာတွင် ပြည်ပမှ အမြတ်ခွန်ထမ်းဖြစ်လျှင် ဤပုဒ်မခွဲအလိုငှါ အပိုဒ် (က) အတွက်အမြတ်ခွန်ကို ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံအမြတ်ခွန် ဥပဒေကိုပြင်သည့် ဥပဒေအတည်မဖြစ်မီရှိခဲ့သည့် ပုဒ်မ ၁၇-က အရဂင်း၊ အပိုဒ် (ခ) အတွက် အမြတ်ခွန်ကို ယင်းဥပဒေဖြင့်ပြင်ဆင်လိုက်သည့် ပုဒ်မ ၁၇-က အရဂင်း၊ အသီးသီးတွက်ချက်ရမည်။

(၅) ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုသည့်နှစ်အတွက် ပြည်ပနေ အမြတ်ခွန်ထမ်းများ၏ စုစုပေါင်းဝင်ငွေတွင် မြန်မာနိုင်ငံအမြတ်ခွန် အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့် ငွေပါဝင်လျှင် ထိုစုစုပေါင်းဝင်ငွေပေါ်တွင် ကျသင့်မည့်အမြတ်ခွန်ကို ယင်းအက်ဥပဒေပုဒ်မ ၁၇-က ပါပြဋ္ဌာန်းချက်များနှင့်အညီတွက်ချက်စည်းကြေပ်ရမည်။

(၆) ဤဥပဒေအလိုငှါ "စုစုပေါင်းဝင်ငွေ" နှင့် "ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ဝင်ငွေ" ဆိုသည့်စကားရပ်တို့မှာ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၃။ ။<u>စာရိုတိုက်နှုန်းများသတ်မှတ်ခြင်း</u>။ ။၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစသောဘဏ္ဍာတော်နှစ်အတွက်၊ ဤဥပဒေ၏ ဒုတိယ ဇယားကို မြန်မာနိုင်ငံ စာရိုတိုက် အက်ဥပဒေတွင်၊ ထိုဥပဒေ၏ ပဌမဇယားအဖြစ် ထည့်သွင်းရမည်။

ပဌမဇယား။

၁၉၆၁-၆၄ ခု၊ ဘဏ္ဍာတော်နှစ်အတွက်၊ အမြတ်ခွန် နှုန်းများ ဇယား။

[ပုဒ်မ ၂ (၁) ကိုကြည့်။]

<u>ပြည်တွင်းနေအမြတ်ခွန်ထမ်းများအတွက် အမြတ်ခွန်နှုန်းများ</u>

(က) အခြေပစ္စည်းမှမြတ်စွန်းသည့်ငွေမှတပါး စုစုပေါင်းဝင်ငွေမှ ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုလျှော့ပြီး ကျန်သည့်ငွေအပေါ်တွင်—

ကျပ်		ကျပ်			
၁	မှ	၁,၅၀၀	ထိ	မရှိ။	
၁,၅၀၁	မှ	၅,၀၀၀	ထိ	၇	ရာခိုင်နှုန်း။
၅,၀၀၁	မှ	၁၀,၀၀၀	ထိ	၁၅	ရာခိုင်နှုန်း။
၁၀,၀၀၁	မှ	၁၅,၀၀၀	ထိ	၂၅	ရာခိုင်နှုန်း။
၁၅,၀၀၁	မှ	၂၀,၀၀၀	ထိ	၃၅	ရာခိုင်နှုန်း။
၂၀,၀၀၁	မှ	၃၀,၀၀၀	ထိ	၅၅	ရာခိုင်နှုန်း။
၃၀,၀၀၁	မှ	၄၀,၀၀၀	ထိ	၆၅	ရာခိုင်နှုန်း။
၄၀,၀၀၁	မှ	၅၀,၀၀၀	ထိ	၇၅	ရာခိုင်နှုန်း။
၅၀,၀၀၁	မှ	၁,၀၀,၀၀၀	ထိ	၈၅	ရာခိုင်နှုန်း။
၁,၀၀,၀၀၁	မှ	၃,၀၀,၀၀၀	ထိ	၉၀	ရာခိုင်နှုန်း။
၃,၀၀,၀၀၁	နှင့်အထက်			၉၅	ရာခိုင်နှုန်း။

သို့ရာတွင်—

(၁) ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျှော့မီ၊ စုစုပေါင်း ဝင်ငွေသည် ကျပ်ငွေ ၄,၂၀၀ ထက်မပိုလျှင် အမြတ်ခွန်မပေးဆောင်ရ။

(၂) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျှော့မီ၊ ဝင်ငွေသည် ကျပ်ငွေ ၄,၆၄၀ ထက် မကျော်ပါက၊ ပေးဆောင်ရမည့် အမြတ်ခွန်မှာ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေဖြစ်စေရမည်။

(က၀) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေကိုလျှော့ပြီး ကျန်သည့်ဝင်ငွေအပေါ်တွင် ဤဇယား၌ ဖော်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့်အမြတ်ခွန်ငွေ၊ သို့မဟုတ်

(၁၀) ယင်းသို့မလျှော့ရသေးသည့်ဝင်ငွေမှ ကျပ်ငွေ ၄,၂၀၀ ကို နုတ်၍ ကျန်ရှိသောငွေ၏ထက်ဝက်ကိုတည်၍၊ လျှော့ပြီး ကျန်ဝင်ငွေနှင့် မလျှော့ရသေးသည့် ဝင်ငွေတို့၏ အချိုးအစားနှင့် မြှောက်၍ရသည့်ငွေ။

(ခ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့်ငွေအပေါ်တွင်—

ကျပ်		ကျပ်		
၁	မှ	၅,၀၀၀	ထိ	မရှိ။
၅,၀၀၁	မှ	၂၅,၀၀၀	ထိ	၂၀ ရာခိုင်နှုန်း။
၂၅,၀၀၁	မှ	၁,၀၀,၀၀၀	ထိ	၃၀ ရာခိုင်နှုန်း။
၁,၀၀,၀၀၁	နှင့်အထက်			၄၀ ရာခိုင်နှုန်း။

(ဂ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)အရ၊ အာမခံစာချုပ်များ အပေါ်မှရရှိသည့်အတိုးငွေမှ နုတ်ယူရန်အတွက် ၃၅ ရာခိုင်နှုန်း။

ဒုတိယဇယား။

မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား။

[ပုဒ်မ ၃ ကိုကြည့်။]

ချောစာများ။

				ပြား
၃ အောင်စထက်မပိုလျှင်	....	....	....	၁၅
နောက်ထပ် ၃ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း			....	၇

စာပို့ကဒ်များ။

တစောင်လျှင်	....	....	....	၅
ပြန်စာအတွက်ပါ	....	....	....	၁၀

စာအုပ်၊ ပုံစံနှင့် နမူနာအထုပ်များ။

	စြာ
ပဌမ ၂ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၁
၂ အောင်စထက် ပိုသည့် နောက်ထပ် ၁ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၃

မှတ်ပုံတင်ပြီးသတင်းစာများ။

၄ အောင်စထက်မပိုလျှင်	၂
၄ အောင်စထက်ပို၍ ၈ အောင်စထက်မပိုလျှင်	၃
၈ အောင်စထက်ပိုသည့် အလေးချိန် ၈ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၃

အထုပ်တခုတည်းတွင်ပါရှိသည့် တနေ့တည်းထုတ်မှတ်ပုံတင်ပြီးသတင်းစာ တစောင်ထက်ပိုလျှင်—

၄ အောင်စထက်မပိုလျှင်	၃
နောက်ထပ် ၂ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၁

သို့ရာတွင် ထိုအထုပ်များကို လိပ်စာပါသူ၏ နေအိမ်သို့ မပို့ရ။ အသိ အမှတ်ပြုထားသည့် ကိုယ်စားလှယ်အားစာမို့တိုက်ဌာနပေးအပ်ရမည်။

ပါဆယ်ထုပ်များ။

၁ ပေါင်ထက်မပိုလျှင်	၅၀
၂ ၂ ပေါင်အထိ၊ နောက်ထပ် အလေးချိန် ၁ ပေါင်၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၇၀

နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေလွှဲလက်မှတ်များအတွက် နောက်ထပ်လေကြောင်းချောပို့ခများ။

စာပို့ကဒ်	၅
ချောစာအတွက် ½ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၅
နောက်ထပ် ½ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၅
ငွေလွှဲလက်မှတ်တစောင်လျှင်	၅

၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။(၁) အောက်တွင် ဖေါ်ပြရာပါတာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲဖေါ်ပြထားသော ဘဏ္ဍာတော်ငွေများမှ၊ ဆက်လက်ယှဉ်တွဲ ဖေါ်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖေါ်ပြထားသော ဇယားတွင်ဖေါ်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ် (၁)	တာဝန်ခံ (၂)	ဘဏ္ဍာတော်ငွေ အမည် (၃)	စုစုပေါင်းငွေ (၄) ကျပ်	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅)
၁	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံ။	ပြည်ထောင်စု၏ ဘဏ္ဍာတော်ငွေများ။	၁,၉၉,၅၄,၃၀,၅၅၀	နောက်ဆက်တွဲ ဇယား (က)။
၂	ရှမ်းပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။	ရှမ်း ပြည် နယ် ၏ ဘဏ္ဍာတော် ငွေများ။	၂,၅၅,၇၃,၅၁၀	နောက်ဆက်တွဲ ဇယား (ခ)။
၃	ကချင် ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။	ကချင် ပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။	၁,၆၁,၂၁,၆၀၀	နောက်ဆက်တွဲ ဇယား (ဂ)။
၄	ကယား ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။	ကယားပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။	၃၁,၃၃,၇၃၈	နောက်ဆက်တွဲ ဇယား(ဃ)။
၅	ကရင် ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။	ကရင် ပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။	၁,၀၁,၂၉,၇၃၀	နောက်ဆက်တွဲ ဇယား(င)။
၆	ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံ။	အစိုးရလက်အောက်ခံ ဘုဘ အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြား အဖွဲ့အစည်းများ၏ ဘဏ္ဍာတော်ငွေများ။	၆,၆၄,၇၃,၃၀,၀၂၀	နောက်ဆက်တွဲ ဇယား(စ)။

(၂) ၁၉၆၄ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ သုံးရာ့ တဆယ် ကုဋေအထိရှိသော ငွေများကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အစိုးရငွေခချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည့်ပြင်၊ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊မိမိသင့်သည် ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍ရင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များထား၍ရင်း၊ အာမခံစာချုပ်များပြုလုပ်၍လည်း ထုတ်ပေးနိုင်သည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရဌာနအားလုံး၊ တော်လှန်ရေးအစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ရငွေအားလုံးကို၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင်ထည့်သွင်းရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့်ဇယားအသီးသီးတွင်ဖေါ်ပြထားသည့်အသုံးစရိတ်အားလုံးကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ပြည်ထောင်စု၏ တစုတမေါင်းတည်းသော ငွေစာရင်းမှ ထုတ်ယူသုံးစွဲနိုင်သည်။

(၄) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏တစုတပေါင်းတည်းသောငွေစာရင်းတွင် ထည့်သွင်းရမည်။

(၅) ဤဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကိုရင်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုရင်း၊ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းမှထုတ်ပေးရမည်။

နောက်ဆက်တွဲဇယား (က)။

ပြည်ထောင်စု၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

ခွင့်ပေသုံးစွဲသည့်ငွေ။

ကျပ်

သာမန်အသုံးစရိတ်

တော်လှန်ရေးကောင်စီ	....	....	....	၁,၁၆,၂၂,၁၀၀
တော်လှန်ရေးအစိုးရအဖွဲ့နှင့်ဥက္ကဋ္ဌရုံး		....	....	၂,၆၇,၀၂,၅၅၀
ပြည်ထဲရေး	....	....	....	၁၆,၁၇,၅၄,၃၇၀
ပြန်ကြားရေး	....	....	....	၂,၇၆,၄၀,၂၂၀
တရားရေး	....	....	....	၁,၉၂,၂၉,၆၁၀
ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး		....	....	၄,၇၅,၆၅၀
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး		....	....	၁,၆၅,၆၇,၉၇၀
နိုင်ငံခြားရေး	....	....	....	၁,၀၇,၂၃,၉၄၀
အမျိုးသားစီမံကိန်း	....	....	....	၃၃,၄၁,၀၁၀
ကာကွယ်ရေး	....	....	....	၄၀,၉၆,၀၀,၀၀၀
ပညာရေး	....	....	....	၁၇,၂၇,၆၄,၅၃၀
ကျန်းမာရေး	....	....	....	၇,၂၉,၁၇,၂၅၀

နောက်ဆက်တွဲဇယား(က)။ ။အဆက်

ပြည်မြေထောင်စု၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။ ။ အဆက်

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

သာမန်အသုံးစရိတ်။ ။အဆုံး			
အလုပ်သမား	....	....	၂၉,၃၂,၅၉၀
ယဉ်ကျေးမှု	....	....	၂၄,၂၂,၅၀၀
လူမှုဝန်ထမ်းနှင့်သာသနာရေး	...	....	၄၈,၁၁,၃၀၀
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	....	....	၁၆,၄၃,၈၀၀
လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး	....	....	၅,၅၂,၈၉,၆၀၀
လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး	....	....	၁,ဝ၆,၄၂,၄၀၀
စက်မှု လက်မှု	....	....	၂၁,၇၅,၁၇၀
သတ္တုတူးဖော်	....	....	၁,၆၄,၃၅၀
သယံဇာတပြန်ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး		....	၅,၂၂,၆၇,၀၅၀
ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး	....	....	၃,၈၂,၃၇,၀၆၀
ဘဏ္ဍာရေးနှင့် အခွန်တော် ...	....	.	၄,၀၃,၆၄,၄၁၀
ကုန်သွယ်မှုတိုးတက်ရေး	....	....	. ၁၉,၇၁,၄၁၀
ထောက်ပံ့ရေးနှင့် သမဝါယမ	....	....	၆၃,၆၅,၂၇၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ	....	..	၄,၂၃,၄၁,၉၇၀
ချင်းရေးရာအုပ်ချုပ်ရေး	....	....	၆၈,၅၈,၁၃၀
ငွေလုံးငွေရင်းအသုံးစရိတ်			
တော်လှန်ရေးကောင်စီ	....	....	၃၉,၈၀,၅၀၀
တော်လှန်ရေးအဖိုးရအမှုနှင့်ဥက္ကဋ္ဌရုံး	....	....	၆,၃၇,၂၇,၃၉၀
ပြည်ထဲရေး	....	....	၄,၁၀,၉၁,၈၉၀
ပြန်ကြားရေး	....	....	၁၈,၃၇,၃၅၀
တရားရေး	....	....	၁၀,၈၀,၉၇၀
လူငယ်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး		....	၁,၀၀,၀၀၀
နိုင်ငံခြားရေး	....	....	၂၁,၇၉,၀၀၀
ကာကွယ်ရေး ..	....	....	၈,၃၈,၂၀,၀၀၀
ပညာရေး	....	....	၁,၄၀,၇၃,၅၆၀
ကျန်းမာရေး	....	....	၁,၄၆,၈၃,၃၅၀
ယဉ်ကျေးမှု	....	....	၆,၉၀,၀၀၀
လူမှုဝန်ထမ်းနှင့်သာသနာရေး	....	....	၁၂,၁၅,၀၀၀
လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး	....	....	၂,၀၄,၅၄,၀၀၀
လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး	....	....	၁၁,၇၈,၆၈၀
စက်မှုလက်မှု	....	....	၅၆,၂၅၀
သယံဇာတပြန်ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး		....	၂,၁၆,၃၄,၄၈၀
ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး	....	....	၃,၅၀,၀၆,၅၀၀
ဘဏ္ဍာရေးနှင့်အခွန်တော်	....	....	၄,၉၇,၄၄၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ	....	....	၁,၂၁,၅၃,၄၀၀
ချင်းရေးရာအုပ်ချုပ်ရေး	....	....	၄၆,၅၂,၄၆၀

နောက်ဆက်တွဲဇယား (က)။ ။အဆုံး

ပြည်ထောင်စု၏ဘဏ္ဍာတော်ငွေများမှထုတ်ယူရန်စာရင်း။ ။အဆုံး

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

ငွေလုံးငွေရင်းအသုံးစရိတ်။ ။အဆုံး

ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ

အတိုးနှင့်ကြွေးကြေးပြန်လည်ပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်များ	....	....	၆,၇၅,၀၀,၀၀၀
ထောက်ပံ့ငွေများ	....	....	၁,၅၀,၃၉,၉၆၀
ရင်းနှီးမြှုပ်နှံငွေများထုတ်ပေးခြင်း	...	...	၁၀,၅၂,၀၀၀
ချေးငွေများနှင့်ကြိုတင်ထုတ်ပေးငွေများ	....	....	၃၇,၆၀,၅၂,၀၀၀
		စုပေါင်း	၁,၉၉,၅၄,၃၀,၅၅၀

နောက်ဆက်တွဲဇယား (ခ)။

ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

သာမန်အသုံးစရိတ်

ရှမ်းပြည်နယ်ဦးစီးအဖွဲ့	....	....	....	၅,၆၄,၂၅၀
မြို့ပြဆိုင်ရာအုပ်ချုပ်ရေး	...	....	....	၂၄,၅၃,၇၅၀
ပြန်ကြားရေး	....	....	....	၄,၀၃,၁၀၀
ပညာရေး	....	....	....	၆၁,၀၀,၃၅၀
ကျန်းမာရေး	....	....	....	၃၀,၉၁,သုဝ၀
ယဉ်ကျေးမှု	....	....	....	၄၀,၇၀၀
သာသနာရေး	....	....	....	၄၂,၁၀၀
သယ်ယူပို့ဆောင်ရေး	....	....	....	၁,၃၆,၉၆၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၃၇,၇၅,၄၀၀
ဘဏ္ဍာရေးနှင့်အခွန်တော်	...	....	....	၄,၂၃,၃၂၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ		....	....	၂,၀၅,၆၀၀

နောက်ဆက်တွဲယား (၁)။ ။အဆုံး

ရှမ်းပြည်နယ်ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။ ။အဆုံး

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

ငွေလုံးငွေရင်းအသုံးစရိတ်

ပြန်ကြားရေး	....	....	....	၄၄,၄၀၀
ပညာရေး	....	....	....	၁,၀၀,၈၀၀
ယဉ်ကျေးမှု	...	...	...	၂၅,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၇၀,၈၄,၄၀၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ		....	....	၁,၁၅,၀၀၀
		ပေါင်း	....	၂,၅၅,၇၁,၅၁၀

နောက်ဆက်တွဲယား (၈)။

ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

သာမန်အသုံးစရိတ်

ကချင်ပြည်နယ်ဦးစီးအဖွဲ့	....	....	....	၄,၉၅,၉၀၀
မြို့ပြဆိုင်ရာအုပ်ချုပ်ရေး	...	....	....	၁၀,၂၀,၅၁၀
[illegible]ကြားရေး	[illegible]	...	....	၃,၃၇,၈၉၀
[illegible]ရေး	....	....	....	၃၈,၆၅,၉၀၀
[illegible]မာရေး	....	....	....	၂၃,၂၃,၈၇၀
ယဉ်ကျေးမှု	....	....	....	၂၄,၀၀၀
စက်မှုလက်မှု	....	....	....	၂,၈၀,၃၉၀
သတ္တုတွင်း	....	....	....	၃၇,၄၂၀
သယံဇာတနှင့်ဆောင်ရေး	....	....	....	၁,၄၀,၂၂၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၂၈,၁၂,၂၂၀
ဘဏ္ဍာရေးနှင့်အခွန်တော်	....	....	....	၆,၆၅,၃၀၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ		....	....	၂,၄၁,၀၀၀

ငွေလုံးငွေရင်းအသုံးစရိတ်

ပညာရေး	....	....	....	၇၀,၀၀၀
ကျန်းမာရေး	....	....	....	၅၀,၀၀၀
စက်မှုလက်မှု	....	....	....	၂[illegible],၁၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၃၆,၅၀,၉၀၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ		....	....	၈၁,၀၀၁
		လေးပေါင်း	....	၁,၆၁,၂၁,၆၀၀

နောက်ဆက်တွဲဇယား (သ)။

ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

သာမန်အသုံးစရိတ်

ကယားပြည်နယ်ဦးစီးအဖွဲ့	....	....	....	၃,၅၃,၃၆၀
မြို့ပြဆိုင်ရာအုပ်ချုပ်ရေး	...	....	....	၂,၄၁,၅၇၀
ပြန်ကြားရေး	...	...	....	၅၁,၁၀၀
ပညာရေး	....	....	....	၅,၆၁,၀၅၁
ကျန်းမာရေး	....	....	....	၄,၅၆,၀၄၀
ယဉ်ကျေးမှု	....	....	....	၅,၀၀၀
ကယ်ဆယ်ရေး	....	....	....	၃၁,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၄,၉၄,၀၀၀
ဘဏ္ဍာရေးနှင့်အခွန်တော်	....	....	....	၃၀,၁၇၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ		....	....	၁၁,၃၀၀

ငွေလုံးငွေရင်းအသုံးစရိတ်

ပညာရေး	...	....	....	၂၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၈,[illegible]၁,၀၆၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ		....	....	၁၀,၀၀၀
		ပေါင်း	....	၃၁,၃၃,၇၃၀

နောက်ဆက်တွဲဇယား (၄)။

ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

ခွဲဝေသုံးစွဲသည့်ငွေ။

ကျပ်

သာမန်အသုံးစရိတ်

ကရင်ပြည်နယ်ဦးစီးအဖွဲ့	....	....	....	၄,၂၇,၃၈၀
မြို့ပြဆိုင်ရာအုပ်ချုပ်ရေး	....	....	....	၄,၁၇,၀၀၀
ပြန်ကြားရေး	....	....	....	၂,၂၆,၇၉၀
ပညာရေး	....	....	....	၃၈,၀၂,၄၈၀
ကျန်းမာရေး	....	....	....	၉,၉၅,၉၉၀
ယဉ်ကျေးမှု	....	....	....	၂၄,၆၈၀
သာသနာရေး	....	....	....	၁၂,၂၀၀
[illegible]	....	....	....	၂၃,၀၉၀
[illegible]	....	....	....	၃၉,၁၁၀
သယံဇာတ[illegible]ရေး	....	....	....	၂,၆၂,၃၉၀

နောက်ဆက်တွဲဇယား (၄)။ ။အဆုံး

ကရင်ပြည်နယ်၏ ဘဏ္ဍာတော် ငွေများမှသုံးစွဲရန် စာရင်း

။ ။အဆုံး

ခွဲဝေသုံးစွဲသည့်ငွေ

ကျပ်

သာမန်အသုံးစရိတ်။ ။အဆုံး

မြို့ပြဆိုင်ရာလုပ်ငန်းများ	....	.. .	....	၇,၀၇,၀၉၀
ဘဏ္ဍာရေးနှင့်အခွန်တော်	....	....	....	၃,၁၀,၅၂၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ		....	....	၇၁,၀၀၀

ငွေလုံးငွေရင်းအသုံးစရိတ်

မြန်ကြားရေး	....	....	....	၆၄,၃၃၀
ပညာရေး	....	....	....	၁,၀၀,၀၀၀
ကျန်းမာရေး	....	....	....	၆၅,၁၀၀
စက်မှုလက်မှု	....	....	....	၄,၇၅၀
သယံဇာတပြိုဆောင်ရေး	....	....	....	၂၀,၁၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၂၄,၂၄,၂၅၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ		....	....	၄၀,၀၀၀
		ပေါင်း		၁,၀၁,၂၉,၈၃၀

နောက်ဆက်တွဲ ဇယား (၅)။

အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကော်မရှင်၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာတော်ငွေ များမှသုံးစွဲရန်စာရင်း။

ခွဲဝေသုံးစွဲသည့်ငွေ

ကျပ်

သာမန်အသုံးစရိတ်

မြည်ထောင်စုမြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့	...	၁,၂၂,၇၈,၆၀,၀၀၀
နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့	...	...	၂၃,၅၄,၈၄,၀၀၀
မြည်သူ့ပစ္စည်းကော်ပိုရေးရှင်း	...	...	၃,၈၅,၁၈,၀၀,၀၀၀
မြေယာကျေးလက် ကြီးပွါးတိုးတက်ရေး ကော်ပိုရေးရှင်း	...	၁၀,၄၉,၅၃,၀၀၀
စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း	...	၂၄,၇၃,၀၀,၀၀၀
စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့	...	...	၃,၆၆,၀၀၀
တရုတ်-မြန်မာစီးပွါးရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေးဘုတ်အဖွဲ့	...	...	၃,၃၅,၈၀၀
မြန်မာနိုင်ငံစီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်း	...	...	၆၀,၄၁,၅၇,၀၀၀

နောက်ဆက်တွဲဇယား (၀)။ ။အဆက်

အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာတော်ငွေ များမှသုံးစွဲရန်စာရင်း။ ။အဆက်

ခွဲဝေသုံးစွဲသည့်ငွေ

ကျပ်

သာမန်အသုံးစရိတ်။ ။အဆုံး

မြန်မာနိုင်ငံရေနံကုမ္ပဏီ	၂၅,၀၀,၀၀,၀၀၀
ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း	၅၄,၄၀,၀၀၀
ရေနံချောင်း ရေနံမြေ ပြန်လည်ထူထောင်ရေး ဘုတ်အဖွဲ့ ...	၃၂,၄၂,၀၀၀
စက္ကူစက်နှင့် ဓါတုဗေဒလုပ်ငန်းအဖွဲ့	၉၄,၀၀၀
ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ ...	၂၀,၄၁,၀၀၀
လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့	၄,၀၃,၄၆,၀၀၀
ပြည်ထောင်စု မြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့	၂,၆၅,၆၇,၀၀၀
ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထား အုပ်ချုပ်ရေးအဖွဲ့ ...	၉,၀၃,၅၀,၀၀၀
ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ ...	၂,၃၀,၃၃,၀၀၀
ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့	၂,၇၉,၅၀,၀၀၀
ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့	၁,၃၉,၇၃,၀၀၀
ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ ...	၁,၃၉,၅၀,၀၀၀
ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအဖွဲ့	၁,၂၂,၀၆,၀၀၀
ဆိပ်ကမ်းအလုပ်သမားအဖွဲ့	၁၅,၁၂,၀၀၀
ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အလုပ်သမားများ အလုပ်အကိုင်နေရာချထားရေးဘုတ်အဖွဲ့ ...	၀၀,၆၆,၀၀၀
သင်္ဘောသားများအလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့ ...	၁၂,၀၀၀
ပြည်ထောင်စုအာမခံခံနှစ်အဖွဲ့	၁,၀၆,၇၆,၀၀၀
လူမှုဖူလုံရေးအဖွဲ့	၄၂,၀၇,၀၀၀
ကျေးရွာသန့်ရှင်းရေးနှင့်ရေရှိရေးအဖွဲ့	၁၉,၅၃,၀၀၀
အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ	၂၉,၁၃,၀၀၀
မသန်မစွမ်းဖြစ်လာသူများ လူစည်ဝေးရေးနှင့် အလုပ်အကိုင်ရရှိရေးဘုတ်အဖွဲ့	၄,၀၇,၀၀၀
ပြည်ထောင်စုယဉ်ကျေးမှုကောင်စီ ...	၂၂,၀၂,၀၀၀
ဗုဒ္ဓသာသနကောင်စီ	၇,၇၀,၀၀၀
နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့	၂၄,၁၀,၀၀၀
ပြည်ထောင်စုမြန်မာနိုင်ငံရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ ...	၉၀,၀၀၀
နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်	၁,၇၀,၂၇,၀၀၀
နိုင်ငံတော်စိုက်ပျိုးရေးဘဏ်	၃၅,၄၃,၀၀၀
စက်မှုလက်မှုတိုးဘက်ဖွံ့ဖြိုးရေးဘဏ်	၇,၁၅,၀၀၀
ပြည်သူ့ပိုင်ဘဏ်များ	၂,၄၉,၁၆,၀၀၀
စာပေမြှင့်အုပ်ချုပ်မှုအဖွဲ့	၇၀,၀၁,၀၀၀
ပုလဲနှင့်ငါးလုပ်ငန်းအဖွဲ့	၅၃,၀၀,၀၀၀
မြန်မာနိုင်ငံဆေးသုတေသနကောင်စီ	၅၀,၀၀၀
ဒီးဆက်(ခ)ပြဿနာ	၁၀

နောက်ဆက်တွဲယား (၈)။ ။အဆက်

အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မိတီ၊ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာတော်ငွေ များမှသုံးစွဲရန်စာရင်း။ ။အဆက်

ခွဲဝေသုံးစွဲသည့်ငွေ

ကျပ်

ငွေလုံးငွေရင်းအသုံးစရိတ်

မြန်မာနိုင်ငံကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့	...		၁,၄၈,၄၁,၀၀၀
နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့	...	...	၂,၂၈,၇၂,၀၀၀
မြန်သူ့ပစ္စည်းကော်ပိုရေးရှင်း	...	...	၂,၆၇,၀၃,၀၀၀
မြေယာကျေးလက်ကြီးပွါးတိုးတက်ရေးကော်ပိုရေးရှင်း		...	၄,၉၀,၇၀,၀၀၀
စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း		...	၆,၉၃,၄၁,၀၀၀
စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့	..	...	၃၀,၇၃,၀၀၀
တရုတ်-မြန်မာစီးပွါးရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ် အကောင်အထည် ဖော်ရေးဘုတ်အဖွဲ့		....	၈,၀၀,၀၀,၀၀၀
မြန်မာနိုင်ငံစီးပွါးရေးတိုးဘက်မှုကော်ပိုရေးရှင်း		...	၂,၅၀,၀၀,၀၀၀
မြန်မာနိုင်ငံရေနံကုမ္ပဏီ	...	....	၃,၅၇,၆၆,၀၀၀
ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း			၃၀,၂၆,၀၀၀
မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့		...	၁၁,၇၁,၀၀၀
လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့	...	...	၄,၀၀,၆၆,၀၀၀
မြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့			၁,၄၄,၂၀,၀၀၀
မြန်မာနိုင်ငံ မီးရထား အုပ်ချုပ်ရေးအဖွဲ့		...	၈,၆၀,၄၂,၀၀၀
မြန်မာနိုင်ငံ မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့		...	၈၆,၄၃,၀၀၀
ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့	...	...	၁,၄၄,၄၀,၀၀၀
ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအဖွဲ့	...	...	၃,၁၄,၂၅,၀၀၀
မြန်သူ.အိုးအိမ်၊ မြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့			၁,၄၂,၅၉,၀၀၀
ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအဖွဲ့	...	...	၁,၆၆,၀၀၀
ဆိပ်ကမ်းအလုပ်သမားအဖွဲ့	...	...	၂,၇၆,၀၀၀
မြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အလုပ်သမားများအလုပ်အကိုင်နေရာချထားရေးဘုတ်အဖွဲ့		...	၂,၁၅,၀၀၀
မြန်မာနိုင်ငံ အာမခံစံနှစ်အဖွဲ့	...	...	၁,၂၆,၀၀၀
လူမှုဖူလုံရေးအဖွဲ့ ...	....	...	၂၃,၈၀,၀၀၀
ကျေးရွာသန့်ရှင်းရေးနှင့် ရေရရှိရေးအဖွဲ့	...	...	၁၂,၇၂,၀၀၀
အမျိုးသားကိုယ်လက်ကြီးဝှင်ရေးကောင်စီ	...	...	၂၅,၀၀၀

နောက်ဆက်တွဲဇယား(၈)။ ။အဆုံး

အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ဘဏ္ဍာတော်ငွေ များမှသုံးစွဲရန်စာရင်း။ ။အဆုံး

ခွဲဝေသုံးစွဲသည့်ငွေ
ကျပ်

ငွေလုံးငွေရင်းအသုံးစရိတ်။ ။အဆုံး

မသန်မစွမ်းဖြစ်လာသူများ လူစဉ်မှီရေးနှင့် အလုပ်အကိုင်ရှိရေးဘုတ် အဖွဲ့	...	...	၆၅,၀၀၀
ပြည်ထောင်စုယဉ်ကျေးမှုကောင်စီ	...	....	၂,၄၀,၈၀၀
နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့	...	...	၀,၅၀,၀၀၀
ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့		...	၁,၀၀၀
နိုင်ငံတော်ဘူးသန်းရောင်းဝယ်ရေးဘဏ်	...	...	၁၆,၄၂,၀၀၀
နိုင်ငံတော်စိုက်ပျိုးရေးဘဏ် ...	...	...	၂,၀၅,၀၀၀
စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ်	...	...	၂,၀၀၀
စာပေမီမာန်အုပ်ချုပ်မှုအဖွဲ့ ...	...	...	၁၇,၀၀၀
ပုလဲနှင့်ငါးလုပ်ငန်းအဖွဲ့ ...	...	...	၁,၅၀,၀၀၀
မြန်မာနိုင်ငံဆေးသုတေသနကောင်စီ	...	...	၅၀,၀၀၀
ဒီ၊ အက်(စ်)၊ အိုင်၊ ...	...	...	၁၀
	ပေါင်း	...	၆,၆၄,၇၃,၃၀,၀၂၀

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများပြည်သူပိုင် ပြုလုပ်ခြင်းဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ လုပ်ငန်းများပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ဤဥပဒေတွင် အခြားအဓိပ္ပါယ် ကောက်ယူရန် မလိုလျှင်၊ "လုပ်ငန်း" ဆိုသည်စကားရပ်တွင် ဥပဒေအရ ဖွဲ့စည်းထားသည်ဖြစ်စေ၊ မဖွဲ့စည်းထားသည်ဖြစ်စေ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊လူအစု၊ သို့မဟုတ် တဦးချင်းလုပ်ကိုင်ဆောင်ရွက်သည့် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သို့မဟုတ် အခြားမည်သည့် လုပ်ငန်းမဆိုပါဝင်သည်။

၃။ ။(၁) အစိုးရမှာ မည်သည့်လုပ်ငန်းကိုမဆို၊အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်သူပိုင်အဖြစ် သိမ်းယူနိုင်သည့် အာဏာရှိရမည်။

(၂) ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတခုခုကို သိမ်းယူသည့်အခါ၊ အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့်လုပ်ငန်းသည်၊ သီးခြားဖော်ပြထားသည့်နေ့ရက်တွင်၊ ပုဒ်မခွဲ (၃) နှင့်အညီ ပြည်သူပိုင်ဖြစ်လာမည်။

(၃) ယင်းသို့ ပြည်သူပိုင်အဖြစ်ကျေးဇူးရာတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

(က) အဆိုပါ လုပ်ငန်း၏ အဝိုင်ပစ္စည်းအားလုံး၊

(ခ) အဆိုပါ လုပ်ငန်း၏ ကြွေးမြီများအနက်၊ အစိုးရက တာဝန်ယူ၍ ပေးထိုက်သော ကြွေးမြီတာဝန်များ။

၄။ ။(၁) အစိုးရသည်၊ပြည်သူပိုင်ဖြစ်လာသည့်လုပ်ငန်းနှင့် ပစ္စည်းများကိုထိန်းသိမ်း၍ ဆက်လက်အုပ်ချုပ်သွားရန် လိုအပ်သည့်အုပ်ချုပ်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) အုပ်ချုပ်ရေးအဖွဲ့သည်၊ အစိုးရ၏ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၅။ ။(၁) အစိုးရသည်၊ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များ ပါဝင်သည့် လိုအပ်သော လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤဥပဒေအရသိမ်းယူသည့် လုပ်ငန်းပိုင်ဆိုင်သည့် ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက်လုပ်ငန်းအားပေးသင့်သည့်လျော်ကြေးငွေ။ ,ထို့ပြင်၊

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

၆။ ။ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) အရ၊ လျော်ကြေးသတ်မှတ် ဆုံးဖြတ်ရာတွင် လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေ၊ သို့မဟုတ် အခြားတည်ဆဲ တရား ဥပဒေတခုခုကို၊ လိုက်နာရန် မလိုအပ်စေရ။ သို့သော်လည်း လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့သည်၊ တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။(၁) လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့သည်၊ အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးအားအပ်နှင်းထားသော အာဏာ များရရှိမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ် ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှု စစ်ဆေးစေခြင်း။

(ခ) သက်သေများကို လာရောက်စေရန် ရှေရောက်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေရန် ဆင့်ဆိုခြင်း။

(ဂ) စာချုပ်၊ စာတမ်းများကိုတင်ပြစေရန် ရှေရောက်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရှေဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန် လွှာဖြင့် ထွက်ဆိုသော သက်သေ ထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကိုစစ်ဆေးရန်အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထို့အတူပါး လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အမိပ္ပါယ်အရ၊ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ဝင်တဦးသည်၊ အဖွဲ့ဝင်အဖြစ် မဆောင် ရွက်နိုင်လျှင်၊ အစိုးရသည် ထိုအဖွဲ့ဝင်အစား၊ အခြားသင့်တော်သူတဦးကို ခန့်ထား ရမည်။ ထိုသူကို လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့သည်၊ မိမိ၏ မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

(၃) လျော်ကြေး ဆုံးဖြတ်ရေးအဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့် အခါ၊ ထိုလျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်သည် အတည် ဖြစ်စေရမည်။

(၄) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို မည်သည့်တရားရုံး တွင်မျှ အယူခံခွင့်၊ ပြင်ဆင်ခွင့်မရှိစေရ။

(၅) အစိုးရသည်၊ လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို သင့် လျော်သလိုပြင်ဆင်နိုင်သည်။

၇။ ။အစိုးရသည်၊ ဤဥပဒေပါ၊ကိစ္စများအလို့ငှါ လိုအပ်သည် ထင်မြင်သည့် ညွှန်ကြားချက်များကို ထုတ်ဆင့်နိုင်သည်။

၈။ ။အစိုးရသည်၊ ဤဥပဒေပါ၊ကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန် နည်းဥပဒေများကို အမိန့်ကြော်ငြာစာဖြင့် ပြုနိုင်သည်။

၁၀။ ။ဤဥပဒေနှင့်အညီဌာန၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် အညီဌာန၊ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပြုမှုတခုခုအတွက် မည်သူ့ကိုမျှတရားမမှု၊ ရာဇဝတ်မှု၊ သို့မဟုတ် အခြားတရားမှုခင်း စွဲဆိုခြင်းမပြုရ။

၁၁။ ။ဤဥပဒေတွင်ဌာန၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများတွင်ဌာန၊ အတည်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤဥပဒေနှင့် အဆိုပါ နည်းဥပဒေများအရ ပြုလုပ်သည့် ပြုမှုတခုခုအတွက် အစိုးရအား မည်သည့်တရားမမှု၊ သို့မဟုတ် တရားမှုခင်း စွဲဆိုခြင်းမပြုရ။

၁၂။ ။မည်သူမဆို၊ ဤဥပဒေကိုသော်ဌာန၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် ထုတ်ဆင့်သည့် ညွှန်ကြားချက်ကိုသော်ဌာန၊ ဆန့်ကျင်လျှင်၊ သို့မဟုတ်၊ ဤဥပဒေအရဆောင်ရွက်သူတဦးအား ဖြစ်စေ၊ ဆောင်ရွက်သူအများအား ဖြစ်စေ၊ တနည်းနည်းဖြင့် အနှောင့်အရှက်ပေးလျှင်၊ သို့တည်းမဟုတ် နစ်နာစေလျှင် ငါးနှစ်ထိထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကိုပြင်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၄၊]

ပြည်တောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါဥပဒေဟု ရည်ညွှန်းသည့် ၁၉۶၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေပုဒ်မ ၂ တွင်၊ အပိုဒ်(ခ)ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါဥပဒေပုဒ်မ ၃ တွင်၊ ပုဒ်မခွဲ(၂)အစား၊ အောက်ပါကို ပုဒ်မခွဲ(၂)အဖြစ်ထည့်သွင်းရမည်။

"(၂) အထူးရာဇဝတ်ရုံးတွင်၊ နာယကနှင့် နှစ်ဦးအောက်မနည်း သောအခြားအမှုဝင်များပါဝင်ရမည်။"။

၄။ ။အဆိုပါဥပဒေပုဒ်မ ၄ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ အထူးရာဇဝတ်ရုံးသည်၊ မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာစီရင်နိုင်သည်။"။

(ခ) ပုဒ်မခွဲ(၂)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(၃) ၌ "ဇယားဝင်"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(၄)၌ "ဇယားဝင်ပြစ်မှုတခုခုကို" ဆိုသည့် စကားရပ်အစား၊ "ပုဒ်မခွဲ(၁) တွင် ရည်ညွှန်းသည့် ပြစ်မှုတခုခုကို" ဆိုသည့်စကားရပ်ကိုဝင်း၊ "ဇယားဝင်ပြစ်မှု မဟုတ်သည့်" ဆိုသည့်စကားရပ်အစား၊ "ထိုပြစ်မှုမဟုတ်သည့်" ဆိုသည့်စကားရပ်ကိုဝင်း၊ ထည့်သွင်းရမည်။ ထို့ပြင်

(င) ပုဒ်မခွဲ(၅)ကို ပယ်ဖျက်ရမည်။

၅။ ။အဆိုပါဥပဒေပုဒ်မ ၅ တွင် "ဇယားဝင်ပြစ်မှုတခုခု" ဆိုသည့် စကားရပ်အစား၊ "ပုဒ်မ ၄၊ ပုဒ်မခွဲ(၁) တွင် ရည်ညွှန်းသည့်ပြစ်မှုတခုခု" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

۶။ ။အဆိုပါဥပဒေပုဒ်မ ၁۶ တွင် "မည်သည့်ဇယားဝင် ပြစ်မှုမျိုးကို မဆို" ဆိုသည့်စကားရပ်အစား၊ "ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းသည့်ပြစ်မှုတခုခုကို" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၈။ ။အဆိုပါဥပဒေ၏ ဇယားကို ပယ်ဖျက်ရမည်။

၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့်ဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉۶۶ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမြန်မာ့စာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉۶۶ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံမြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၂) တွင်၊ အပိုဒ် (၈) အစား၊ အောက်ပါကို၊ အပိုဒ် (၈) အဖြစ်ထည့်သွင်းရမည်။

" (၈) အစိုးရက ခန့်ထားသည့် တဆယ့်ငါးဦးအောက်မနည်းသော ပုဂ္ဂိုလ်များ—အဖွဲ့ဝင်၊"

၁၉၆၃ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃ ၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင်စတင် အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေ ပုဒ်မ ၈၉ ပုဒ်မခွဲ (၁) တွင် အပိုဒ် (က) အစား၊ အောက်ပါကို အပိုဒ် (ဂ) အဖြစ်ထည့်သွင်းရမည်။

"(ဂ) အစိုးရက ခန့်ထားသည့်ဥက္ကဋ္ဌ။"။

၁၉၆၃ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်သည့်ဥပဒေဟုခေါ်တွင်ရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ပုဒ်မခွဲ (၁) တွင် ''လွတ်လပ်ရေးနေ့ .... တရက်။'' ဆိုသည့် စကားရပ်အထက်၌ ''တောင်သူလယ်သမားနေ့ .... တရက်။'' ဆိုသည့်စကားရပ်ကို၊ ထည့်သွင်းရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ဥပဒေများ

(၁၉၆၈ ခုနှစ်)

၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ် အုပ်ချုပ်ရေးဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၈]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

အမည်နှင့် စတင် အာဏာတည်သည့်နေ့ရက်။

(၂) ဤဥပဒေသည်၊ အစိုးရကာအမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

အခန်း ၁။

၂။ ဤဥပဒေတွင်အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) "စာကြည့်တိုက်" ဆိုသည်မှာ၊ အများပြည်သူတို့ စာပေဖတ်ရှုရန်၊ သို့မဟုတ် စာပေငှါးရမ်းရန် ဖွင့်လှစ်ထားသည့်၊ သို့မဟုတ် ထားရှိသည့်နေရာ၊ သို့မဟုတ် အဆောက်အဦးကို ဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင်၊ အများ ပြည်သူတို့ အတွက်ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်၊ဝိုင်ဖုကတ်တိုက်၊ စာကြည့်ခန်း၊ စာဖတ်ခန်း၊ စာကြည့် အသင်းနှင့် အများ ပြည်သူတို့ စာပေဖတ်ရှုရန်၊ သို့မဟုတ် ငှါးရမ်းရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့်၊ သို့မဟုတ် စာကြည့်တိုက်အဖြစ် အသိအမှတ်ပြုထားသည့် အခြား အလားတူနေရာ၊ အခန်း၊ သို့မဟုတ် အဆောက်အဦးများလည်းပါဝင်သည်။

(ခ) "ပြတိုက်" ဆိုသည့် စကားရပ်တွင်၊ အများပြည်သူတို့လေ့လာကြည့်ရှုရန်ရည်ရွယ်၍၊ ရှေးဟောင်းပစ္စည်းများ၊ လောကဓါတ်သိပ္ပံဆိုင်ရာပစ္စည်းများ၊ အနုပညာလက်ရာများ၊ စာပေများ၊ သို့မဟုတ် ဗဟုသုတဖြစ်စေဘွယ်ရာ၊ သို့မဟုတ် စိတ်ဝင်စားဘွယ်ရာအခြား ဝတ္ထုပစ္စည်းများ ခင်းကျင်းပြသထားသည့် နေရာ၊ အခန်း၊ သို့မဟုတ် အဆောက်အဦးများ ပါဝင်သည်။

(ဂ) "ပြပွဲ" ဆိုသည့်စကားရပ်တွင်၊ အများပြည်သူတို့ အတွက်ရည်ရွယ်၍ ဗဟုသုတဖြစ်စေရန်၊ သို့မဟုတ် စိတ်ဝင်စားစေရန် ပြသသည့် ဓါတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ ပန်းပုပြပွဲ၊ စာပေပြပွဲ၊ ဆင်ယင်ထုံးမွှမှုပြပွဲ စသည့်ယဉ်ကျေးမှုပြပွဲများ၊ ကျန်းမာရေးပြပွဲ၊ ကိုယ်လက်ကြံ့ခိုင်ရေးပြပွဲ၊ လူမှုရေးပညာရေးဆိုင်ရာ ပြပွဲများ၊

စက်မှုပညာပြပွဲ၊ လက်မှုပညာပြပွဲနှင့်အလားတူအခြားပြပွဲများ ပါဝင်သည်။

သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားတို့၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာအားဖြင့်၊ မိမိတို့၏ရပ်ကွက်၊ ကျေးရွာဒေသအလိုက်၊ ဘာသာဘာဝအလျောက်ခင်းကျင်းပြသခြင်းများ မပါဝင်ချေ။

(ဃ) "စာပေ" ဆိုသည့်စကားရပ်တွင်၊ မည်သည့် ဘာသာဖြင့် မဆိုရေးသားထားသည့်၊ သို့မဟုတ် ပုံနှိပ်ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်း၊ စာရွက်အပြင်၊ တသီးတခြား ချုပ်လုပ်ပုံနှိပ်ထားသည့်၊ သို့မဟုတ် ကျောက်ပုံနှိပ် ထားသည့်၊ သို့မဟုတ် အခြားနည်းစက်ဖြင့် ပြုလုပ်ထားသည့် တူရိယာ တီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံနှင့်ပုံစံအားလုံးလည်းပါဝင်သည်။

(c) "ကော်မီတီ" ဆိုသည်မှာ၊ ပုဒ်မ ၃ (၁) အရ ဖွဲ့စည်းထားသည့် မှတ်ပုံတင်ကော်မီတီကို ဆိုလိုသည်။

(စ) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်သည်ကိုဆိုလိုသည်။

အခန်း ၂။

ကော်မီတီနှင့်မှတ်ပုံတင်အရာရှိများ။

ကော်မီတီ ဖွဲ့စည်းခြင်း။

၃။ ။(၁) ပြန်ကြားရေးဌာနတာဝန်ခံသည်၊ ဤဥပဒေအရ၊ တာဝန်ဝတ်တရားများကိုဆောင်ရွက်ရန်အလို့ငှါ၊ မှတ်ပုံတင်ကော်မီတီကို ဖွဲ့စည်းနိုင်သည်။

(၂) ပြန်ကြားရေးဌာန တာဝန်ခံသည်၊ ဤဥပဒေအရ တာဝန်ဝတ်တရားများဆောင်ရွက်ရန်၊ ဒေသအသီးသီးအတွက် မှတ်ပုံတင် အရာရှိနှင့် အခြားရာထမ်းမူထမ်းများကို လိုအပ်သလိုခန့်ထားနိုင်သည်။

(၃) မှတ်ပုံတင်အရာရှိများ၏ အာဏာနှင့် တာဝန်ဝတ်တရားများ။

(၃) မှတ်ပုံတင်အရာရှိများနှင့် အခြားရာထမ်းမူထမ်းများသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ကော်မီတီ၏ ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာ၍၊ သတ်မှတ်သည့် အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

အခန်း ၃။

စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ။

စာကြည့်တိုက်၊ ပြတိုက် အတွက် မှတ်ပုံတင်ခြင်း။

၄။ ။(၁) မည်သူမဆို၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်ကို ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ထားရှိခြင်း ပြုရန်အတွက်၊ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့၊ သတ်မှတ်သည့်ပုံစံဖြင့်၊ သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ မှတ်ပုံတင်ရန်လျှောက်ထားရမည်။

(၂) မည်သူမျှ၊ ဤဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်အရ၊ ထိုလက်မှတ်ပါ စည်းကမ်းချက်များ၊ သို့မဟုတ် လိုအပ်ချက်များနှင့် အညီ မဟုတ်ဘဲ၊ စာကြည့်တိုက်၊ သို့မဟုတ် ပြဲတိုက်ကို ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ထားရှိခြင်း မပြုရ။

ပြဿနာတွက် အခွင့်အမိန့် ရယူခြင်း။

၅။ ။အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ မည်သူမျှ အမြဲတန်း အားဖြင့် ဖြစ်စေ၊ ယာယီ အားဖြင့် ဖြစ်စေ၊ ပြဿနာတခုခုကို မှတ်ပုံတင်အရာရှိ၏အခွင့်အမိန့်မရဘဲ မပြုသရ။

လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အကြောင်း အရာများ။

၆။ ။ပုဒ်မ ၄ အရ မှတ်ပုံတင်ရန် လျှောက်လွှာနှင့်အတူ၊ သတ်မှတ်သည့်စာတမ်းအမှတ်အသားများနှင့် အကြောင်းအရာများ ကိုပေးပို့ရမည်။

မှတ်ပုံတင် သက်သေခံ လက်မှတ်၊ သို့မဟုတ် အခွင့် အမိန့်ထုတ်ပေးခြင်း။

၇။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ စာကြည့်တိုက်၊ သို့မဟုတ် ပြဲတိုက် ဖွင့်လှစ်ထားရှိရန် မှတ်ပုံတင် သက်သေခံလက်မှတ်အတွက် ဖြစ်စေ၊ ပြဿနာပြသရန်အခွင့်အမိန့်အတွက်ဖြစ်စေ၊ လျှောက်လွှာရရှိသည့်အခါ၊ လျှောက်လွှာတွင် ဖော်ပြထားသည့် အကြောင်းအရာများ မှန် မမှန်ကိုလည်း၊ မိမိသင့်သည်ထင်မြင် သည့် အခြားအချက် များကိုလည်း၊ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက်၊ ကြေနပ်လျှင်၊ မှတ်ပုံတင် သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်သက်ဆိုင်ရာရာ ကိုထုတ်ပေးရန်၊ သို့မဟုတ် မကျေနပ်လျှင်၊ ထုတ်မပေးရန်မိမိ၏အစီရင်ခံချက်နှင့်တကွ အမှုတွဲကို မှတ်ပုံတင်ကော်မိတီထံသို့ပေးပို့ရမည်။

(၂) ကော်မိတီသည်၊ ပုဒ်မခွဲ (၁) အရ ပေးပို့သည့် အမှုတွဲကို ရရှိသည့်အခါ၊ စဉ်းစားဆင်ခြင်ရန်၊ မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း၊ အဆိုပါမှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်သက်ဆိုင်ရာရာ ထုတ်ပေးရန်အမိန့်ကိုသော်၎င်း၊ ထုတ်မပေးဘဲနေရန် အမိန့်ကိုသော်၎င်း၊ ချမှတ်ပြီးနောက်၊ ထိုအမှုတွဲကို မိမိချမှတ်သည့်အမိန့်နှင့်တကွ၊ မှတ်ပုံတင်အရာရှိထံ လိုက်နာဆောင်ရွက်ရန် ပေးပို့ရမည်။

မှတ်ပုံတင် သက်သေခံ လက်မှတ်၊ သို့မဟုတ် အခွင့်အမိန့် အတည်ဖြစ်ရမည့် ကာလ အပိုင်းအခြား။

၈။ ။(၁) ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်သည်၊ သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း အတည်ဖြစ်စေရမည်။

ပြဿနာတွက် ထုတ်ပေးသည့် အခွင့် အမိန့်သည်၊ ထိုအမိန့်တွင် ဖော်ပြထားသည့် ကာလ အပိုင်းအခြား အတွင်းအတည်ဖြစ်စေရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့်အတိုင်း အသစ်လဲလှယ်ရန်လျှောက်ထားနိုင်သည်။

၉။ ။စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်အတွက် မှတ်ပုံတင်သက်သေခံ လက်မှတ်ကို သော်၎င်း၊ ပြပွဲ အ တွက် အခွင့် အမိန့်ကို သော်၎င်း လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ ရယူကြောင်း စုံစမ်းစစ်ဆေးစေ၍ တွေ့ရှိလျှင်၊ သို့မဟုတ် အစိုးရ မူဝါဒနှင့် ဆန့်ကျင်သည် ဟူ၍သော်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအကျိုး ထိခိုက်စေမည့် အကြောင်းများ ရှိသည်ဟူ၍သော်၎င်း ထင်မြင်ယူဆလျှင်၊ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်ကို၊ ကော်မိတီက ရုပ်သိမ်းနိုင်သည်။

မှတ်ပုံတင် သက်သေခံ လက်မှတ်၊ သို့မဟုတ် အ ခွင့်အမိန့်ရုပ်သိမ်းခြင်း။

အခန်း ၄။

ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ဖွင့်လှစ်ထားရှိသည့်စာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြသသည့်ပြပွဲများ။

၁၀။ ။(၁) ရဲအရာရှိ၊ သို့မဟုတ် ဤကိစ္စအလို့ငှါ အစိုးရကအာဏာ အပ်နှင်းထားသော အခြားသူ တဦးဦးသည်၊ ဤဥပဒေပါ ပြဋ္ဌာန်း ချက် များ နှင့် ဆန့်ကျင်၍ ဖွင့်လှစ် ထားရှိသော စာကြည့်တိုက်၊သို့မဟုတ် ပြတိုက်၊ သို့မဟုတ်ပြသသောပြပွဲ မည်သည်ကိုမဆို ပိတ်နိုင်သည်။

ဤ ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်ဆန့်ကျင်၍ ဖွင့် လှစ်ထားရှိသော စာကြည့် တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြသသောပြပွဲများပိတ်ခြင်း။

(၂) ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီးတဦးဦးသည်၊ ရဲအုပ်ရာထူး အဆင့်အတန်း အောက်မနိမ့်သော ရဲအရာရှိတဦးဦးအား၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ဖွင့်လှစ်ထားရှိသောစာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်၊ သို့မဟုတ် ပြသသောပြပွဲ မည်သည်ကိုမဆို၊ ဝင်ရောက်စစ်ဆေးရန် ဝါရမ်းစာနှင့် အာဏာအပ်နှင်းနိုင်သည်။ အဆိုပါရဲအရာရှိသည်၊ ထိုစာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြပွဲတွင်တွေ့ရှိသော စာပေများနှင့် အခြားအရာဝတ္ထုပစ္စည်းများကိုသိမ်းယူသင့်သည်ဟု ယူဆလျှင် သိမ်းယူနိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ သိမ်းယူသောစာပေအရာဝတ္ထုပစ္စည်းအားလုံးကို၊ ဝါရမ်းစာထုတ်ဆင့်သော ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့မဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီးရုံးသို့၊ ဆောလျှင်နိုင်သမျှ ဆောလျှင်စွာတင်ပြရမည်။

(၄) အဆိုပါစာပေအရာဝတ္ထုပစ္စည်းများ ထားရှိပြသခြင်းမှာ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ထားရှိပြသခြင်းဖြစ်သည်ဟု အဆိုပါ ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီးက ဖြစ်စေ၊ အဆိုပါ ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့မဟုတ် ပဌမတန်း ရာဇဝတ်တရားသူကြီးရုံးကဖြစ်စေ ယူဆလျှင်၊ ထိုစာပေအရာဝတ္ထုပစ္စည်းများကို သိမ်းဆည်းစေနိုင်သည်၊ သို့မဟုတ် ဖျက်ဆီးစေနိုင်သည်။

အခန်း ၅။

ပြစ်ဒဏ်များ။

ပုဒ်မ ၄၊ ၅၊ သို့မဟုတ် ပုဒ်မ ၆ နှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်။

၁၁။ ။မည်သူမဆို၊ ပုဒ်မ ၄၊ ၅၊ သို့မဟုတ် ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်တခုခု ကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ် ဆန့်ကျင်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

မဟုတ်မမှန်ဖေါ်ပြသည့် အတွက် ပြစ်ဒဏ်။

၁၂။ ။မည်သူမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ လျှောက်ထားချက်တခုခု ပြုလုပ်ရာ၌ မဟုတ်မမှန် သည်လည်းဖြစ်၍၊ မဟုတ်မမှန်ဟု မိမိသိရှိ၊ သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့မဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်းလည်းမရှိသော အကြောင်းအရာကိုဖေါ်ပြလျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ်အခွင့်အမိန့်ရှုပ်သိမ်းပြီး နောက်၊ စာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲဆက်လက်ဖွင့်လှစ်ထားရှိပြသခြင်းအတွက်ပြစ်ဒဏ်။

၁၃။ ။မည်သူမဆို၊ မိဒီအားထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်ရှုပ်သိမ်းပြီးနောက်၊ သို့မဟုတ် အတည်ဖြစ်ခြင်းမှရပ်စဲပြီးနောက်၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်၊ သို့မဟုတ် ပြပွဲကို ဆက်လက်ဖွင့်လှစ်ထားရှိပြသလျှင်၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

နည်းဥပဒေကို မလိုက်နာသည့်အတွက်၊ သို့မဟုတ် ဆန့်ကျင်သည့်အတွက် ပြစ်ဒဏ်။

၁၄။ ။မည်သူမဆို၊ ဤဥပဒေအရပြုသည့်နည်းဥပဒေ တခုခုကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ် ဆန့်ကျင်လျှင်၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

အခန်း ၆။

အစွဲအတွေ့။

ကော်မီတီ၏ ဆုံးဖြတ်ချက်ကိုအယူခံဝင်ခြင်း။

၁၅။ ။ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ ကော်မီတီကချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ပြန်ကြားရေးဌာန တာဝန်ခံထံသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း၊ သတ်မှတ်သည့်ကာလအပိုင်း အခြားအတွင်းအယူခံဝင်နိုင်သည်။ ပြန်ကြားရေးဌာနတာဝန်ခံ၏ ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်အတည်ဖြစ်စေရမည်။

ကင်းလွတ်ခွင့်ပြုရန်အာဏာ။

၁၆။ ။အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မည်သည့်စာ ကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြပွဲကိုမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခုနှင့် သက်ဆိုင်ခြင်းမှ၊ စည်းကမ်းချက်များထားရှိဖြစ်စေ၊ မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

တရားစွဲဆိုခြင်းကို ဝိတ်ပင်ခြင်း။

၁၇။ ။ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ တခုခုနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စတခုခု အတွက်၊ မည်သူ့ကိုမျှ၊ တရားမမှု၊ ရာဇဝတ်မှု၊ သို့မဟုတ် အခြားတရားမှုခင်း စွဲဆိုခြင်းမပြုရ။

ပြည်သူ့ဝန်ထမ်းဟု မှတ်ယူခြင်း။

၁၈။ ။ကော်မိတီလူကြီး၊ မှတ်ပုံတင်အရာရှိနှင့် အခြား ရာထမ်းမှုထမ်း အားလုံးသည်၊ ဤဥပဒေနှင့် အညီဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေတခုခုနှင့်အညီဖြစ်စေ ဆောင်ရွက်သည့်၊ သို့မဟုတ် ဆောင်ရွက်သောသဘော သက်ရောက်သည့်ပြုမှု တခုခုကိုပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်း များဖြစ်သည်ဟု မှတ်ယူရမည်။

အခွင့်အမိန့်မရဘဲတရား မစွဲဆိုရခြင်း။

၁၉။ ။ဤဥပဒေအရဖြစ်သော မည်သည့်ပြစ်မှုကိုမဆို၊ အစိုးရ၏၊ သို့မဟုတ် ၎င်းကိစ္စ အလို့ငှါ အစိုးရကအာဏာ အပ်နှင်း ထားသည့် အာဏာပိုင်၏အခွင့်အမိန့်မရှိဘဲ၊ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုရ။

နည်းဥပဒေပြုအာဏာ။

၂၀။ ။(၁) အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေပါ ကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများ ပြုနိုင်သည်။ • ညွှန်ကြားချက်များ ထုတ် နိုင်သည်။

(၂) အထူးအားဖြင့်၊ အထက်ပါ အာဏာများ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ၊ အဆိုပါ နည်းဥပဒေများကို အောက်ပါ ကိစ္စများအတွက် ပြဋ္ဌာန်း နိုင်သည်။

(က) ကော်မိတီနှင့် မှတ်ပုံတင်အရာရှိများ၏ အာဏာနှင့် တာဝန် ဝတ်တရားများကိုထင်း၊ အစိုးရအရာရှိမဟုတ်သော ကော်မိတီ လူကြီးများအား ပေးရမည့် အခကြေးငွေများကိုထင်း သတ်မှတ် ရန်ကိစ္စ။

(ခ) မှတ်ပုံတင် သက်သေခံလက်မှတ်၊ အသစ်လဲလှယ်သည့် မှတ်ပုံ တင် သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်အတွက် ပေးဆောင်ရမည့် အခကြေးငွေများ သတ်မှတ်ရန်ကိစ္စ၊ အခ ကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်ကိစ္စ။

(ဂ) စာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြပွဲဖွင့်လှစ်ထားရှိပြသသူ၊ သို့မဟုတ် စီမံအုပ်ချုပ်သူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ သို့မဟုတ် လိုအပ်ချက်များကို သတ်မှတ်ရန် ကိစ္စ။

(ဃ) ဤဥပဒေအရ၊ နည်းဥပဒေများအရဖြင့် သတ်မှတ်ရန် လိုသည့် အခြားကိစ္စများ။

၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့် သဘော်လုပ်ငန်း ကော်ပိုရေးရှင်းဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

၁။ ။ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့်သဘော်လုပ်ငန်း ကော်ပိုရေးရှင်း ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ ကြယ်ငါးပွင့် သဘော်လုပ်ငန်း ကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) ''သဘော်လုပ်ငန်း'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံပင်လယ် ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကိုဆိုလိုသည်။ ထိုစကားရပ်တွင်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်၊ သဘော်လုပ်ငန်းနှင့် ဆက်စပ်သောအခြားလုပ်ငန်း များလည်းပါဝင်သည်။

အခန်း ၂။

ကော်ပိုရေးရှင်းဖွဲ့စည်းပုံ။

၃။ ။(၁) အစိုးရသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်ဆောင်ရွက်ရန် ''မြန်မာနိုင်ငံကြယ်ငါးပွင့် သဘော်လုပ်ငန်းကော်ပိုရေးရှင်း'' ဟု ၁ခေါ်တွင်စေရမည့် ကော်ပိုရေးရှင်းတခုကို၊ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိ၎င်းသာ တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့်တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

၄။ ။(၁) ကော်ပိုရေးရှင်းတွင်၊အစိုးရကခန့်ထားရမည့်ဥက္ကဋ္ဌနှင့်ဆယ်ဦးထက် မပိုသောအခြားအဖွဲ့ဝင်များပါဝင်ရမည်။ ဥက္ကဋ္ဌသည်၊ ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေး မှူးဖြစ်ရမည်။

(၂) ဥက္ကဋ္ဌမှတပါး ကော်ပိုရေးရှင်းတွင် ပါဝင်သည့်အခြားအဖွဲ့ဝင်များအနက် နှစ်ဦးမှာ၊ အောက်ပါပုဂ္ဂိုလ်များဖြစ်ရမည်—

(က) ကော်ပိုရေးရှင်းကို အုပ်ချုပ်သည့် သက်ဆိုင်ရာ အုပ်ချုပ်မှုဌာနမှ ကိုယ်စားလှယ်။

(ခ) ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနမှကိုယ်စားလှယ်။

၅။ ။ဥက္ကဋ္ဌ နှင့် အခြားအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ အစိုးရက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။ အစိုးရသည်၊ဥက္ကဋ္ဌ ကိုသော်၎င်း၊ အခြားအဖွဲ့ဝင် တဦးဦးကိုသော်၎င်း၊ ဥက္ကဋ္ဌ အဖြစ်၊ သို့မဟုတ် အဖွဲ့ဝင်အဖြစ်ဆက်လက်ဆောင်ရွက်ရန် မသင့်ဟုယူဆသည့်အခါ၊ရာထူးမှရပ်စဲနိုင်သည်။

၆။ ။အစိုးရ ရာထမ်းမှ သမ်း မဟုတ်သည့်အဖွဲ့ဝင်များအား၊ အစိုးရက သတ်မှတ်သည့်အခနှင့်စရိတ်ကြေးငွေများပေးရမည်။

၇။ ။(၁) အကြောင်းတခုခုကြောင့်၊အဖွဲ့ဝင်ရာထူးလစ်လပ်သဖြင့်၊ထိုလစ်လပ်သည့်နေရာတွင်အဖွဲ့ဝင်သစ်တဦးကိုဖြည့်စွက်ခန့်ထားသောအခါ၊ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသောအဖွဲ့ဝင်သစ်သည်၊ မိမိအားဖြည့်စွက် ခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့သည့်အဖွဲ့ဝင်ဟောင်း၏ရာထူးသက်တမ်းကုန်ဆုံးသည့် အချိန်အထိသာ၊ ရာထူးလက်ရှိ ဆောင်ရွက်ရမည်။

(၂) ကော်ပိုရေးရှင်းကစီမံဆောင်ရွက်သည့်မှခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာတွင် ချွတ်ယွင်းချက်တခုခုရှိသည့်အကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

အခန်း ၃။

ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများ။

၇။ ။(၁) ကော်ပိုရေးရှင်းမှာ၊ အစိုးရ၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ သဘော်လုပ်ငန်းကို၊ ယေဘုယျအားဖြင့်၊ဆောင်ရွက်ရန်တာဝန်ရှိရမည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အထူးအားဖြင့်၊အဆိုပါတာဝန်ဝတ်တရားများတွင်၊အောက်ပါတို့လည်းပါဝင်ရမည်—

(က) သဘော်များ၊စက်ပစ္စည်းနှင့်ကိရိယာတန်ဆာပလာများ၊ဝတ္ထုပစ္စည်းများ၊ယာဉ်များ၊မြေနှင့်အဆောက်အဦးများကိုဝယ်ယူခြင်း၊ဆောက်လုပ်ခြင်း၊ ငှါးရမ်းခြင်း၊ရောင်းချခြင်း၊ သို့မဟုတ်ထုခွဲခြင်း၊ ထို့ပြင်ဝင်းတို့ကို အစိုးရကလွှဲပြောင်းပေးအပ်လျှင်လက်ခံခြင်း။

(ခ) သဘော်လုပ်ငန်း၏အထောက်အပံ့ဖြစ်သောအခြားစပ်ဆိုင်ရာလုပ်ငန်းမျိုးတခုခုကိုစီမံထားရှိခြင်း။

(ဂ) လူစီးခများ၊ ကုန်တင်ခများနှင့်အခြားအခကြေးငွေများကိုသင့်လျော်အောင်သတ်မှတ်ခြင်း၊ ဝင်းတို့ကိုပြင်ဆင်ခြင်း၊ ပြန်အင်းခြင်း၊ ပြန်လည်ခွဲဝေပေးခြင်း။

(ဃ) သင်္ဘောလုပ်ငန်းသဘောအရ၊ အာမခံထားသည့် ကိစ္စများအတွက် တာဝန်ယူပေးဆပ်ခြင်း။

(င) ယေဘုယျအားဖြင့်၊ ဤဥပဒေပါ ကိစ္စများကို ဆောင်ရွက်ခြင်း။

၉။ ။ကော်ပိုရေးရှင်းသည်၊ မိမိတာဝန် ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည်ဖြင့်၊ လိုက်နာရမည့်မူဝါဒနှင့် စပ်လျဉ်း၍၊ အစိုးရကအခါအားလျော်စွာ၊ မိမိအားညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၁၀။ ။ကော်ပိုရေးရှင်းသည်၊ မိမိ အစည်းအဝေး အားလုံးနှင့် စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်မိတ္တူနှင့် မှတ်တမ်းမိတ္တူကို အစိုးရထံပေးပို့ရမည်။

၁၁။ ။ကော်ပိုရေးရှင်းသည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်းမိမိ၏တာဝန်ဝတ်တရားဆောင်ရွက်ခြင်းနှင့်ဎင်း၊ မိမိလိုက်နာသည့်မူနှင့်ဎင်း၊ လုပ်ငန်းစဉ်များနှင့်ဎင်း စပ်လျဉ်း၍၊ အစိုးရထံအစီရင်ခံစာတင်သွင်းရမည်။

အခန်း ၄။

ကော်ပိုရေးရှင်း၏အာဏာများ။

၁၂။ ။ဤဥပဒေဖြင့် အပ်နှင်းထားသည့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ကော်ပိုရေးရှင်း၌၊ ဤဥပဒေအရ မိမိ၏ တာဝန် ဝတ်တရားများကို ဆောင်ရွက်ရန်လိုအပ်သော၊ သို့မဟုတ် သင့်တော်သောမည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့်အာဏာများရှိရမည်။ ထို့ပြင် အဆိုပါအာဏာများတွင်၊ အောက်ပါအာဏာများလည်းပါဝင်ရမည်—

(က) ဥက္ကဋ္ဌ အား၊ ဤဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်းကလိုအပ်သည်ဟုထင်မြင်သည့် ကော်ပိုရေးရှင်း၏ တာဝန် ဝတ်တရားနှင့်အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

(ခ) အဖွဲ့ဝင်နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပိုသောအဖွဲ့ဝင်များဖြစ်စေ၊ ပါဝင်သည့် ကော်မတီများကိုခန့်ထား၍၊ ဤဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်းက လိုအပ်သည်ဟု ထင်မြင်သည့်မိမိ၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

၁၃။ ။(၁) ကော်ပိုရေးရှင်းသည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ထားရှိရန်လိုအပ်သည်ဟု၊ သို့မဟုတ် သင့်တော်သည်ဟု၊ မိမိထင်မြင်သောရာထမ်းမူထမ်းစာရင်းများကို၊ အခါအားလျော်စွာ စိစဉ်ပြီးလျှင်၊ အစိုးရထံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) အစိုးရနောက်ဆုံး ခွင့်ပြုသည့် ရာထမ်းမူထမ်းစာရင်းအားလုံးကို၊ ပုဒ်မ ၁၅ အရ ပြုလုပ်သည့် နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့်ပူးတွဲ၍၊ အစိုးရထံတင်ပြရမည်။

၁၄။ ။ကော်ပိုရေးရှင်းသည်၊ မိမိလုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤဥပဒေနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ ညီညွတ်သောစည်းကမ်းဥပဒေ

များကို၊ အစိုးရ၏ သဘောတူညီချက်ဖြင့် ပြုနိုင်သည်။ ထို့ပြင်ဤဥပဒေဖြင့် အပ်နှင်းထားသော အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ ထိုစည်းကမ်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းရမည်—

(က) ကော်ပိုရေးရှင်း၏ လုပ်ငန်းစီမံဆောင်ရွက်ရေးကိစ္စနှင့်ကော်ပိုရေးရှင်းအစည်းအဝေးများတွင်ဖြစ်စေ၊ ကော်မီတီအစည်းအဝေးများတွင်ဖြစ်စေ၊ လိုက်နာရန် စည်းကမ်းနည်းလမ်းပြဋ္ဌာန်းရေးကိစ္စ။

(ခ) ကော်ပိုရေးရှင်း ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ္တရားများနှင့် အာဏာများပြဋ္ဌာန်းရေးကိစ္စ။

(ဂ) ကော်ပိုရေးရှင်းက၊ မိမိ၏ အာဏာများကို ဥက္ကဋ္ဌ၊ ကော်မီတီနှင့် ကော်ပိုရေးရှင်း၏ အရာရှိတဦးဦးအား စည်းကမ်းချက်များထားရှိ ဖြစ်စေ၊ မထားဘဲဖြစ်စေ၊ လွှဲအပ်ရေးကိစ္စ။

(ဃ) ကော်ပိုရေးရှင်း ကိုယ်စား၊ ပဋိညာဉ်စာချုပ်များနှင့် အခြားစာတမ်းအမှတ်အသားများလက်မှတ်ရေးထိုးရေးကိစ္စ၊ ထို့ပြင်

(င) ကော်ပိုရေးရှင်းအား အပ်နှင်းထားသော တာဝန်ဝတ္တရားများကို ယေဘုယျအားဖြင့် ထိရောက်စွာ ဆောင်ရွက်ရေးကိစ္စ။

အခန်း ၅။

ငွေရေးကြေးရေး ပြဋ္ဌာန်းချက်များ။

၁၅။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြားအစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့ ကော်ပိုရေးရှင်းများနည်းတူ၊ ရ-သုံး မှန်းခြေငွေစာရင်းကို၊ အစိုးရထံ တင်သွင်းရမည်။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေအားလုံးကို၊ အစိုးရငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရမည်။

၁၇။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏အသုံးစရိတ်များကို၊ အစိုးရက အခါအားလျော်စွာ ညွှန်ကြားသည့်နည်းလမ်းအတိုင်း ထုတ်ယူသုံးစွဲရမည်။

၁၈။ ။ကော်ပိုရေးရှင်းသည်၊ ဗမာ့ ကြေယ်ငါးပွင့်သင်္ဘော ကုမ္ပဏီလိမိတက်နှင့် ရန်ကုန်ဧရာဝတီ ကုမ္ပဏီလိမိတက်တို့၏ အပိုင်ပစ္စည်းများ၊ ရယူပိုင်ခွင့်များနှင့် ပေးဆပ်ရန်ကြွေးမြီများကို လက်ခံလွှဲပြောင်းယူရမည်။

အခန်း ၆။

ကော်ပိုရေးရှင်းနှင့်စပ်လျဉ်း၍ အစိုးရ၏အာဏာများ။

၁၉။ ။(၁) အစိုးရသည်၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်—

(က) ဥက္ကဋ္ဌ၏ လစာနှင့် စရိတ်ကြေးငွေများကိုလည်း၊ အမှုထမ်းစည်းကမ်းများကိုလည်း၊ ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ကော်ပိုရေးရှင်း အစည်းအဝေး၊ သို့မဟုတ် ကော်မိတီ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့်အဖွဲ့ဝင်ဦးရေကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) ယေဘုယျအားဖြင့် ပြဋ္ဌာန်းရန် လိုအပ်သော အခြားကိစ္စများ။

၂၀။ ။အစိုးရသည်၊ အများပြည်သူအကျိုးနှင့် သက်ဆိုင်သည်ဟု၊ မိမိထင်မြင်သောကိစ္စများနှင့် စပ်လျဉ်း၍၊ ကော်ပိုရေးရှင်း၏ အာဏာများနှင့် တာဝန်ဝတ်တရားများကို၊ ကော်ပိုရေးရှင်းက မည်သို့ သုံးစွဲဆောင်ရွက်ရမည်ဟုဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည့်အတိုင်း၊ ကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ရမည်။

၂၁။ ။အစိုးရသည်၊ ကော်ပိုရေးရှင်းအား၊ ၎င်း၏လုပ်ငန်းဆောင်တာ အရေးပါရပ်ကို ရပ်စဲရန် ဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည့် အတိုင်း၊ ကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ရမည်။

၂၂။ ။(၁) ဤဥပဒေဖြင့် ပေးအပ်ထားသော တာဝန် ဝတ်တရားများကို၊ ကော်ပိုရေးရှင်းက ဆောင်ရွက်ရန် ပျက်ကွက်သည် ဟူ၍ သော်၎င်း၊ ဤဥပဒေဖြင့် အပ်နှင်း ထားသော အာဏာများကို၊ ကော်ပိုရေးရှင်းက အလွဲသုံးစွဲသည် ဟူ၍ သော်၎င်း၊ အစိုးရက ယူဆလျှင်၊ အစိုးရသည်၊ ကော်ပိုရေးရှင်းကို ဖျက်သိမ်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာနိုင်သည်။ ထိုသို့ ထုတ်ပြန် ကျေညာပြီးနောက် ကော်ပိုရေးရှင်း၏ လုပ်ငန်းအရေးရပ် စီမံခန့်ခွဲ ညွှန်ကြား ဆောင်ရွက်မှုကို၊ အစိုးရက ခန့်ထားသော ကိုယ်စားလှယ်သို့ လွှဲအပ်ရမည်။ ထိုသို့လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်သည်၊ ဤဥပဒေအရ၊ ကော်ပိုရေးရှင်းက သုံးစွဲ ဆောင်ရွက်နိုင်သည့်အာဏာနှင့် တာဝန်ဝတ်တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၂) ဤပုဒ်မအရ ထုတ်ပြန်သော မည်သည့်အမိန့် ကြော်ငြာစာမျှ၊ ခြောက်လ ထက်ပိုၿ၍ အာဏာမတည်စေရ။ သို့သော်လည်း အစိုးရသည်၊ ထိုသို့ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာကို အသစ်ထပ်မံ၍ ထုတ်ပြန်နိုင်သည်။ ထိုသို့ အသစ်ထပ်မံထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတိုင်းသည်၊ ခြောက်လထက်ပိုၿ၍ အာဏာမတည်စေရ။

မှတ်ချက်။ ။သို့ရာတွင် အစိုးရသည်၊ ဤပုဒ်မအရ၊ ကော်ပိုရေးရှင်းကို ဖျက်သိမ်းပြီးနောက်၊ မည်သည့်အခါမဆို၊ သင့်တော်သည်ဟု ထင်မြင်လျှင်၊ ပုဒ်မ ၃ အရ ကော်ပိုရေးရှင်းသစ် တခုကို ဖွဲ့စည်းနိုင်သည်။

အခန်း ၇။

အစီရင်ခံစာ။

၂၃။ ။ကော်ပိုရေးရှင်း အဖွဲ့ဝင်များနှင့်ရာထမ်းမှုထမ်းအားလုံးသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ၊ သို့မဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများဖြင့်သည်ဟု မှတ်ယူရမည်။

၂၄။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဌမဇယားရှိ အပိုဒ် ၁၄၉ သည်၊ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်း ကိုယ်စားဖြစ်စေ၊ ဖွဲ့ဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

နိဒါန်း။

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုကျေညာ၍ ယင်းလမ်းစဉ်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆိုရှယ်လစ် စီးပွါးရေးစံနစ်ကို ထူထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့ရာတွင် ဆိုရှယ်လစ်စံနစ်ကို မလိုလားသူများသည် ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကိုအဘက်ဘက်မှ ဆန့်ကျင်ဘက်ပြုနေကြသည်။ ကိုယ်ကျိုးရှာ စီးပွါးရေးသမားများသည်လည်း တိုင်းသူပြည်သားလူအများ၊ အထူးသဖြင့် တောင်သူ လယ်သမားများ၊အလုပ်သမားများ၊ တိုင်းပြည်အတွက်အလုပ်လုပ်သောအတတ်ပညာသည်များနှင့် အသိပညာရှင်များ အစရှိသည့် လုပ်သားပြည်သူတရုပ်လုံး၏ လူ့ဘဝလိုအင်ဆန္ဒများကိုဖြည့်စွမ်းပေးရန်ထက်၊ မမိတကိုယ်တည်းအတွက် အမြတ်ရရေးကိုသာရှေ့ရှု၍၊ အစိုးရ၏စီးပွါးရေးလုပ်ငန်းများကိုဆန့်ကျင်ဘက်ပြုနေကြသည်။

ဤဆန့်ကျင်ဘက်လုပ်ငန်းများကိုတားဆီးဖယ်ရှားပစ်နိုင်မှသာလျှင်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်ကို လျင်လျင်မြန်မြန်အောင်မြင်စွာထူထောင်နိုင်မည်။

ထို့ကြောင့် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်၊ အာဏာတည်ရန်ရက်နှင့်အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ဤဥပဒေတွင် စာလုံးများသည် အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

"ဆိုရှယ်လစ်စီးပွါးရေးစံနစ်" ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ၁၉၆၂ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် ဝါဒသဘောထားကျေညာချက်အရမြစ်ထုတ်ပြန်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်တွင် ဖော်ပြသည့် အတိုင်းဖြစ်သည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူချက်နှင့် စည်လျှဉ်း၍၊ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်ဘဏ္ဍာ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

အခန်း ၂။

ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းအား တားမြစ်ခြင်း။

၃။ ။(၁) မည်သူမဆို ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်လျှင် ဤဥပဒေအရ ပြစ်မှု ကျူးလွန်သည်မည်၏။ ဤသို့ ပြစ်မှုကျူးလွန်သည့် လုပ်ငန်းများတွင် အောက်ပါတို့အကျုံးဝင်သည်။

(က) အစိုးရကချမှတ်ထားသည့် သဘောထား၊ လုပ်ငန်းစဉ်နှင့် အစိုးရ လုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးစေရန်လုပ်ကိုင်ခြင်း၊ ယင်းသို့လုပ်ကိုင်သည်ကိုအားပေးခြင်း။

(ခ) ပြည်သူပိုင်နှင့် အများပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ယင်းသို့ဖျက်ဆီးသည်ကိုအားပေးခြင်း။

(ဂ) ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုအတွက် အကျုံးဝင်သော ကုန်ထုတ်လုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း၊သိုလှောင်ရေး လုပ်ငန်း၊ရောင်းဝယ်ဖေါက်ကားရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းစသည်တို့ကို နှောင့်ရှက်ခြင်း၊ ယင်းသို့နှောင့်ရှက်သည်ကို အားပေးခြင်း။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှ နိုင်ငံခြားများသို့ သော်၎င်း၊ နိုင်ငံခြားများမှ ပြည်ထောင်စုမြန်မာ နိုင်ငံ အတွင်းသို့သော်၎င်း၊ ပစ္စည်းများ၊ ငွေများကို မတရားထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ယင်းသို့ပြုလုပ်သည်ကို အားပေးခြင်း။

(င) ဆိုရှယ်လစ်စီးပွါးရေး စံနစ်တည်ဆောက်မှုတွင် ပါဝင်လုပ်ကိုင်နေသောသူများအား အလုပ်အကိုင် ပျက်အောင် နှောင့်ရှက်ခြင်း၊ ယင်းသို့နှောင့်ရှက်သည်ကို အားပေးခြင်း။

(၂) အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်တွင် မည်သို့ပင် ပါစေကာမူ အထက် ပုဒ်မခွဲ (၁) အရ ပြစ်မှုကျူးလွန်သူတဦးသည် အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး သေဒဏ်အထိကျခံစေရမည့်အပြင်၊ ၎င်းပိုင်ဆိုင်သည့်ပစ္စည်းနှင့်ငွေများ ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

အခန်း ၃။

အမှုစွဲဆိုနည်းနှင့်စစ်ဆေးနည်း။

၄။ ။(၁) ဤဥပဒေအရ အရေးယူသည့်ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်။

(၂) အစိုးရသည် ဤဥပဒေအရ အရေးယူသည့်အမှုများကို စစ်ဆေးရန်အထူးခုံရုံးပွဲစည်းပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ ပွဲစည်းသောအထူးခုံရုံး၏ အပြီးအပိုင်ဆုံးဖြတ်ချက်တရပ်သည် တော်လှန်ရေးကောင်စီက ဤကိစ္စအလို့ငှါ ပွဲစည်းပေးသည့် အတည်ပြု အာဏာပိုင်အဖွဲ့ကအတည်ပြုမှသာ အတည်ဖြစ်စေရမည်။

(၄) ပုဒ်မနဲ့ (၃) အရ ဖွဲ့စည်းသော အတည်ပြုခံရကာဝိုင်အဖွဲ့၏ အပြီး အပိုင်ဆုံးဖြတ်ချက်ကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံသို့သာ အယူခံနိုင်သည်။

အခန်း ၄။

အထွေထွေ။

၅။ ။ဤဥပဒေနှင့် ပတ်သက်သည့်ကိစ္စရပ်များအတွက် အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးနိုင်သည်။ ယင်းနည်းဥပဒေများသည် ဤဥပဒေကဲ့သို့ အာဏာတည်စေရမည်။

၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

နိဒါန်း။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ဆောက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ တွင်ဆိုရှယ်လစ်စီးပွါးရေး၊အုပ်ချုပ်ရေး၊လူမှုရေးစံနစ်များကိုထူထောင်ရန်ကြိုးပမ်းလျက် ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပစ္စက္ခအခြေအနေအရပ်ရပ်က ဆိုရှယ်လစ်စံနစ်မှအပ အခြားစံနစ်ကို တည်ဆောက်ရန် မဖြစ်နိုင်ဟု ပြရုံမက၊ ယင်း စံနစ်သည်သာလျှင် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သော အတတ်ပညာသည်များနှင့် အသိပညာရှင်များ အစရှိသည်တို့ ပါဝင်သည့် လုပ်သားပြည်သူတရပ်လုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်သည်ဟု သမိုင်းကလည်းသက်သေ ပြခဲ့သည်။

ယင်းသို့ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ရာတွင် တောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သော အတတ်ပညာသည်များနှင့် အသိပညာရှင်များအစရှိသည်တို့ပါဝင်သည့် လုပ်သားပြည်သူတရပ်လုံးစည်းလုံးညီညွတ် စွာလုပ်ကိုင်မှအချိန်တိုတိုနှင့် အကောင်းဆုံးသော အောင်မြင်မှုကိုရရှိနိုင်မည်။

နောက်ကြောင်းနှင့်ပစ္စက္ခအခြေအနေကိုကြည့်ပါက နိုင်ငံရေးပါတီ ဦးရေနှင့်အမျှ တောင်သူလယ်သမား၊ အလုပ်သမား၊ အဖွဲ့အစည်းများအစိတ်စိတ်အမွှာမွှာကွဲ၍ပေါ်ပေါက်ကာ၊ တောင်သူလယ်သမား၊အလုပ်သမားတို့သည် အချင်းချင်းညီညွတ်မှုမရကြ ဘဲစိတ်ဝမ်းကွဲကြသဖြင့်၊ ပြည်ထောင်စု၏အကျိုး၊ မိမိတို့၏ အကျိုးကိုထိရောက်စွာ မဆောင်ရွက်နိုင်ရုံသာမက၊ မိမိတို့၏အတွင်း ပဋိပက္ခများကြောင့် ငွေရှင်း၊ ကြေးရှင်း၊ မြေရှင်များ၏ လက်ခုပ်အတွင်းထင်သလိုချယ်လှယ်ခံရသည့်ဘဝသို့ ရောက်ခဲ့ကြရသည်။

ထို့ပြင် နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သော်လည်း အချို့သော အခြားအဖွဲ့အစည်း များသည်လည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးကိုသော်၎င်း၊ စည်းလုံးညီညွတ် ရေးကိုသော်၎င်း၊ ထိပါးအောင် လုပ်ကိုင်နေသည်ကို တွေ့မြင်နေရပေသည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

၁။ ။(၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်ချက်ခြင်း အာဏာ တည်ရမည်။

၂။ ။(၁) ဤဥပဒေပါ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) ''အဖွဲ့ အစည်း'' ဆိုသည်မှာ၊ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ရည်ရွယ်ချက်တခုခုအတွက်၊သို့တည်းမဟုတ် လုပ်ငန်းစဉ်တခုခုအတွက်၊ လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်း၊ အစည်းအရုံး၊ပါတီ၊ ကလပ်၊ ကော်မီတီ၊ အသင်းစု၊ အဖွဲ့ချုပ်နှင့် အလားတူအဖွဲ့အစည်းကိုဆိုလိုသည်။

(ခ) ''နိုင်ငံရေးအဖွဲ့အစည်း'' ဆိုသည်မှာ၊ နိုင်ငံရေးအယူဝါဒတခုခုပေါ်တွင်အခြေခံ၍၊ လမ်းစဉ်တရပ်ချမှတ်ကာ၊ လမ်းစဉ်ကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံအာဏာကိုသော်၎င်း၊ ဒေသန္တရအာဏာကိုသော်၎င်း၊ရယူရန်ရှေးရှုဆောင်ရွက်သောအဖွဲ့အစည်း၊ သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတရပ်ရပ်၏ လမ်းစဉ်ကိုအထောက်အကူပြုစေရန်အတွက် ရှေးရှုဆောင်ရွက်သော အဖွဲ့အစည်းကိုဆိုလိုသည်။

(ဂ)။ ''အခြားအဖွဲ့အစည်း'' ဆိုသည်မှာ၊နိုင်ငံရေးအဖွဲ့အစည်းမှ အပဖြစ်သောအဖွဲ့အစည်းတရပ်ရပ်ကိုဆိုလိုသည်။ သို့ရာတွင်၎င်းစကားရပ်တွင်၊ ဘာသာသာသနာရေး သက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သောအဖွဲ့အစည်းမပါဝင်စေရ။

(ဃ) ''ပစ္စည်း'' ဆိုသည်တွင် မြေ၊ အိမ်ယာအဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ၊ ယာဉ်၊ ကိရိယာတန်ဆာပလာနှင့် အခြားပစ္စည်းများ ပါဝင်သည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူချက်နှင့် စပ်လျဉ်း၍၊ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

အခန်း ၂။

အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်ခြင်း။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများကို ဤဥပဒေ အာဏာတည်သည့်အချိန်ကစ၍ ဖျက်သိမ်းလိုက်သည်။ ၎င်းတို့၏ အဆောင်အယောင်များသည်လည်းဖျက်ပြယ်ပြီးဖြစ်ရမည်။

(၂) အထက် ပုဒ်မခွဲ (၁) အရ၊ ဖျက်သိမ်းပြီးဖြစ်သော နိုင်ငံရေးအဖွဲ့အစည်းပိုင်သောပစ္စည်းများ၊ ငွေများနှင့် စာရွက်စာတမ်းများကိုပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းယူလိုက်သည်။

(၃) ပုဒ်မခွဲ (၁)သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ယင်းပါတီ၏ဦးဆောင်မှုကို ခံယူသောအဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။ ထို့ပြင်အစိုးရသည် သင့်လျော်သော အခြားနိုင်ငံရေးအဖွဲ့အစည်းတရပ်ရပ်ကို ပုဒ်မခွဲ (၁)တွင် အကျုံးဝင်ခြင်းမှကင်းလွတ်ခွင့်ပေးနိုင်သည်။

၄။ ။(၁) ဤဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်၌ နိုင်ငံရေးအဖွဲ့အစည်း အသစ်တရပ်ရပ်ကို အစိုးရ၏ ခွင့်ပြုချက်မရဘဲ တည်ထောင်ခြင်းမပြုရ။

(၂) အစိုးရသည် ပုဒ်မ ၄ (၁)အရ ပေးအပ်ထားသော ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ ပုဒ်မ ၃(၁)နှင့် ၃(၂)ပါပြဋ္ဌာန်းချက်တို့သည်၊ယင်းနိုင်ငံရေးအဖွဲ့အစည်းနှင့်သက်ဆိုင်စေရမည်။

၅။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ၏အကျိုး၊ သို့မဟုတ်ညီညွတ်ရေးကို ထိခိုက်အောင် ပြုကျင့်သည့် အခြားအဖွဲ့အစည်းများကိုလည်း၊ အစိုးရက ဖျက်သိမ်းနိုင်သည်။ ထိုသို့ဖျက်သိမ်းလျှင်၊ ၎င်းတို့၏ အဆောင် အယောင် များသည့်လည်း ဖျက်ပြယ်ပြီးဖြစ်ရမည်။

(၂) အထက်ပုဒ်မခွဲ (၁) အရ၊ ဖျက်သိမ်းသောအဖွဲ့အစည်းများ ပိုင်သော ပစ္စည်းများ၊ ငွေများနှင့် စာရွက်စာတမ်းများကို အစိုးရက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူနိုင်သည်၊ သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲနိုင်သည်။

၆။ ။မည်သူမဆို ပုဒ်မ ၃ (၁)၊ သို့မဟုတ် ၄ (၂)၊ သို့မဟုတ် ၅ (၁) အရ ဖျက်သိမ်းပြီးဖြစ်သော နိုင်ငံရေးအဖွဲ့အစည်း၊ သို့မဟုတ်အခြားအဖွဲ့အစည်း တရပ်ရပ်တွင် ဆက်လက်ပါဝင်နေလျှင်သော်၎င်း၊ လုပ်ငန်းကို ဆက်လက် လုပ်ကိုင် နေလျှင်သော်၎င်း၊အားပေးကူညီနေလျှင်သော်၎င်း၊ အဆောင်အယောင်များကို ဆက်လက် အသုံးပြုနေလျှင်သော်၎င်း ငါးနှစ်အထိ ထောင်ဒဏ် စီရင်ခြင်းခံရမည်။

အခန်း ၃။

အတွေ့တွေ့။

၇။ ။ပုဒ်မ ၆ အရ အရေးယူသည့်ကိစ္စတိုင်းတွင် အစိုးရ၊ သို့မဟုတ် အစိုးရကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် ကော်မီတီ၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းခြင်း၊ အမိန့်များကို ထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်။ ယင်းနည်းဥပဒေများ၊ အမိန့်များသည် ဤဥပဒေကဲ့သို့ အာဏာတည်စေရမည်။

၁၉၆၄ ခုနှစ်၊ အမျှားနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ အမျှားနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၃ ခုနှစ်၊အမျှားနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၂ တွင်၊ ''ဝိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန်လွှဲပြောင်းပေးအပ်ထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်းတရပ်ရပ်ကိုဆိုလိုသည်။'' ဆိုသည့်စကားရပ်အစား၊ '' ဝိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန်လွှဲပြောင်းပေးအပ်ထားသည့်၊ သို့တည်းမဟုတ် သိမ်းဆည်းထားသည့် ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်းတရပ်ရပ်ကိုဆိုလိုသည်။'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၆။]

နိဒါန်း။

၁။ ။တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ချမှတ်၍ ဆိုရှယ်လစ်စံနစ်သို့ ချီတက်လျက်ရှိသည်။

၂။ ။ယင်းသို့ချီတက်ရာတွင် တိုင်းပြည်၏လူမျိုးစုဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားထု၏ စည်းရုံးရေးအင်အားကို အဓိကအားဖြင့် အခြေပြုထားသည်။

၃။ ။ဤသို့အခြေပြုထားရာ၌ အလုပ်လုပ်နိုင်သောလူတိုင်း မိမိလုပ်နိုင်သော အလုပ်များကိုလုပ်ကြ၍၊ ဖြစ်ထွန်းလာသော အကျိုးစီးပွါးများကို အလုပ်လုပ်သော လူတိုင်းသည်၊ မိမိ၏ကာယ၊ ဉာဏ်၊ ဝိရိယစွမ်းအားအလိုက်ခံစားစေရမည်ဟု ပြဋ္ဌာန်းထားသည်။

ဤသို့ပြောင်းလဲချိတက်ရာတွင်—

(၁) ကုန်ထုတ်အရင်းအနှီးများ၊ ကုန်ထုတ် ကိရိယာများသည်၊ လုပ်သားပြည်သူများပါဝင်သော ပြည်သူလူထု တရုပ်လုံးသာ ပိုင်ဆိုင်သည့် စံနစ်သို့ ရွှေ့ရွှေ့နေသည်။

(၂) ပြည်သူ့အလုပ်သမားတို့အား ခေါင်းပုံဖြတ်မှုအမျိုးမျိုး လုံးဝပျောက်ကွယ်သွားသည့်အခြေအနေသို့ ရွှေ့ရွှေ့နေစေသည်။

(၃) ပြည်သူတရပ်လုံးက ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်သူတရပ်လုံးက ဆိုရှယ်လစ်စီမံကိန်းအရ၊ လက်ငင်းစားသုံးရန်အတွက်သော်၎င်း၊ ရင်းနှီးမြှုပ်နှံရန် အတွက်သော်၎င်း၊ ကလေးသူငယ်နှင့် သက်အိုများအတွက် ရာထားရန်သော်၎င်း၊ ပြည်သူတရပ်လုံး၏ ကာယအား၊ ဉာဏအားတိုးတက်စေရန်အတွက်သော်၎င်း၊ ခွဲဝေသုံးစွဲသွားကြရန်ဖြစ်သည်။

သို့ဖြစ်ရာ—

(၁) ပြည်သူ့အလုပ်သမားတို့သည်၊ အရာရာတွင် ဆိုရှယ်လစ်သဘောနှင့် ကိုက်ညီသော အမြင်သစ်ဖြင့် လုပ်ကိုင် ဆောင်ရွက်ရန်လိုအပ်လာသည်။

(၂) ကြားကာလတွင် ကျန်ရှိနေသေးသည့် အရင်းရှင်များနှင့် ဆက်ဆံရာတွင် ပေါ်လစီသစ်ဖြင့် ပြောင်းလဲရန်လိုသည်။

(၃) ပြည်သူ့အလုပ်သမားတို့နှင့် ပတ်သက်သည့် တည်ဆဲ ဥပဒေများကို ပြင်ဆင်သတ်မှတ်ရန်လိုသည်။

(၄) ဟည်ဆဲဥပဒေကိုကြီးမှူးလုပ်ကိုင်သည့် ယန္တရားများကိုလည်း ပြင်ဆင်ရန်လိုသည်။

အထက်ပါအခြေခံများကြောင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

၁။ ။ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် ဘာဝန်များပြဋ္ဌာန်းသည့်ဥပဒေဟုခေါ်တွင်စေရမည်။
အမည်။

၂။ ။ဤဥပဒေသည်၊ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးနှင့်သက်ဆိုင်စေရမည်
အာဏာတည်ရာ နယ်
အဝှမ်း။

၃။ ။ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။
အာဏာတည်သည့်နေ့။

၄။ ။ဤဥပဒေတွင်စာလုံးများ၏အဓိပ္ပါယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။
အဓိပ္ပါယ် ဖော်ပြချက်များ။

(က) **''အလုပ်သမား''** ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်၍ရရှိသောလုပ်ခဖြင့်အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကိုဆိုသည်။

(ခ) **''အလုပ်ရှင်''** ဆိုသည်မှာ အလုပ်သမားကို လုပ်ခပေးရန်တာဝန်ရှိသူကိုဆိုသည်။

ရှင်းလင်းချက် (၁)။ ။ပြည်သူ့ပိုင်လုပ်ငန်းများ—

က။ ပြည်သူ့ပိုင်လုပ်ငန်းများကို ပြည်သူ့တရုတ်လုံးကပိုင်ဆိုင်သည်။

ခ။ တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်စီးပွါးရေးစီမံကိန်းအရမည်သည့် လုပ်ငန်းများကို ထူထောင်ရမည်၊ မည်သည့်ကုန်ပစ္စည်းများကို မည်မျှထုတ်လုပ်ရမည်၊ မည်သည့်ထုတ်လုပ်သည့်ပစ္စည်းများထဲမှ မည်မျှကိုစားသုံး၍ မည်မျှကို အရင်းအဖြစ် ပြန်လည်မြှုပ်နှံရမည်၊ အလုပ်သမားတို့ မည်သည့်ရပိုင်ခွင့်များ ရှိရမည်စသည်တို့ကို ဆုံးဖြတ်မည်။

ဂ။ အစိုးရသည် ပြည်သူပိုင်လုပ်ငန်းများကို ဖေါ်ထုတ်လုပ်ကိုင်သည်၊ ကြပ်မတ် အုပ်ချုပ်သည်၊ အလုပ်သမားများ၏ရပိုင်ခွင့်များ ရှိသည်၊ မရှိသည်ကို ကြပ်မတ်ကြည့်ရှုသည်။

ဃ။ ပြည်သူပိုင် လုပ်ငန်းများကို အုပ်ချုပ်သည့် နိုင်ငံဝန်ထမ်းများသည် အစိုးရကိုယ်စား လုပ်ငန်းများကို နေ့စဉ်နှင့်အမျှအုပ်ချုပ်ရသည်။ ဆိုရှယ်လစ် စီးပွါးရေးစီမံကိန်းအတိုင်း အပြည့်အဝ ကုန်ထုတ်လုပ်နိုင်ရန် အလုပ်သမားများနှင့်တိုင်ပင်၍ ဆောင်ရွက်ရသည်။ အလုပ်သမားများကို ရပိုင်ခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးရသည်။ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်သော အလုပ်သမားများ၏ ပြဿနာများကို အလုပ်သမားနှင့်ညှိနှိုင်း၍သော်၎င်း၊ ကူညီ၍သော်၎င်း ဖြေရှင်းပေးရသည်။

ရှင်းလင်းချက်(၂)။ ။သမဝါယမပိုင်လုပ်ငန်းများ—

က။ သမဝါယမပိုင်လုပ်ငန်းများကို သမဝါယမ အသင်းဝင်များက ပိုင်ဆိုင်သည်။

ခ။ သမဝါယမအသင်း၏ အမှုဆောင်အဖွဲ့သည် အသင်း၏ ကိုယ်စား လုပ်ငန်းများကို ကြပ်မတ်အုပ်ချုပ် လုပ်ကိုင်သည်။ အလုပ်သမားများ၏ရပိုင်ခွင့်များ ရှိသည်၊ မရှိသည်ကို ကြပ်မတ်ကြည့်ရှုသည်။

ဂ။ သမဝါယမအသင်း၏ အမှုဆောင်အဖွဲ့က တာဝန်လွှဲ၍ လုပ်ငန်းကို အုပ်ချုပ်သူသည် နေ့စဉ်နှင့်အမျှ လုပ်ငန်းကို အုပ်ချုပ်ရသည်။ ကုန်ပစ္စည်းများကို အလုပ်သမားများနှင့် တိုင်ပင်၍ ထုတ်လုပ်ရသည်။ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးရသည်။ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်သော အလုပ်သမားများ၏ ပြဿနာများကို အလုပ်သမားများနှင့် ညှိနှိုင်း၍သော်၎င်း၊ ကူညီ၍သော်၎င်း ဖြေရှင်းပေးရသည်။

ရှင်းလင်းချက်(၃)။ ။ပုဂ္ဂလိကပိုင်လုပ်ငန်းများ—

က။ ပုဂ္ဂလိကပိုင် လုပ်ငန်းများကို သက်ဆိုင်ရာ ပိုင်ရှင်များက ပိုင်ဆိုင်သည်။

ခ။ ပိုင်ရှင်များသည်သော်၎င်း၊ ပိုင်ရှင်များက ခန့်ထားသည့် မန်နေဂျာ၊ သို့မဟုတ် အုပ်ချုပ်သူများသည်သော်၎င်း လုပ်ငန်းများကို နေ့စဉ်နှင့်အမျှအုပ်ချုပ်ရသည်။ ကုန်ပစ္စည်းများကို အလုပ်သမားများနှင့် တိုင်ပင်၍ ထုတ်လုပ်ရသည်။ အလုပ်သမားများ၏ ရပိုင်ခွင့်ကိုပေးရသည်။ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်သော အလုပ်သမားများ၏ ပြဿနာများကို အလုပ်သမားများနှင့် ညှိနှိုင်း၍သော်၎င်း၊ ကူညီ၍သော်၎င်း ဖြေရှင်းပေးရမည်။

(၈) "လုပ်စ" ဆိုသည်မှာ၊ အလုပ်သမားများ၏ ကာယအား၊ ဉာဏ်အားကို စိုက်ထုတ်လုပ်ကိုင်ရသည့်အတွက် ရရှိသောအခကြေးငွေကိုဆိုလိုသည်၊ ထိုစကားရပ်တွင်အောက်ပါတို့မပါဝင်ချေ။

(၁) အလုပ်ရှင်ကပေးရသည့်သက်သာချောင်ချိရေး၊ကျန်းမာရေးစသည့်တို့အတွက် အကျိုးကျေးဇူးများ၊ဥပမာ—သောက်ရေတန်ဘိုး၊ မတော်တဆဖြစ်ပွါးသည့်အတွက် ချက်ခြင်းအပရိကထည့်သည့်ဆေးဝါးတန်ဘိုး။

(၂) အစိုးရကပေးရသည့် လူမှုရေးအတွက် အကျိုးကျေးဇူးများ၊ ဥပမာ—ဆေးရုံအတွက်တန်ဘိုး၊ ကျောင်းများအတွက်တန်ဘိုး။

(၃) ရှားပါးစရိတ်၊ ခရီးစရိတ်စသည့်အထူးစရိတ်စကများ။

အခန်း ၂။

ပြည်သူ့အထုပ်သမားများ၏ရပိုင်ခွင့်နှင့် တာဝန်များ။

ပြည်သူ့ အလုပ်သမားများ ရပိုင်ခွင့်။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဆိုရှယ်လစ်စံနစ်ကိုတည်ဆောက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးတွင် ထုတ်လုပ်သော ကုန်ပစ္စည်းများထဲမှမည်မျှကို လက်ငင်းစားသုံးမည်၊ မည်မျှကို ရင်းနှီးမြှုပ်နှံရန်အတွက် အသုံးပြုမည်၊ မည်မျှကိုကလေးသူငယ်များနှင့်သက်အိုများအတွက်သုံးစွဲမည်၊ မည်မျှကိုပြည်သူတရပ်လုံး၏ကာယအား၊ ဉာဏ်အားနှင့် နေထိုင်စားသောက်မှုတိုးတက်ရေးအတွက် သုံးစွဲမည်ဟု ခွဲဝေရာထားရသည်ဖြစ်ရာ၊ ဆိုရှယ်လစ်စံနစ်တည်ဆောက်မှုတိုးတက်သည်နှင့်အမျှသာလျှင်၊ အလုပ်သမားများ၏ရပိုင်ခွင့်များသည် တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထိုသို့သော အခြေခံဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ အနည်းဆုံး အာမခံချက်များကို အခါအားလျော်စွာအစိုးရက နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးရမည်။ ယင်းပြဋ္ဌာန်းချက်များသည်၊ နိုင်ငံပိုင်လုပ်ငန်းများတွင်ဖြစ်စေ၊ သမဝါယမပိုင် လုပ်ငန်းများတွင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင်ဖြစ်စေ အားလုံးတသားတည်း အာဏာတည်စေရမည်။ ယင်းပြဋ္ဌာန်းချက်များတွင်အခြားအချက်အလက်များအပြင်၊ အောက်ပါတို့အား အထူးပြု၍ဝေါ်ပြရမည်။

(၁) အလုပ်လုပ်ပိုင်ခွင့်။

(က) လူကြီးများလုပ်ပိုင်ခွင့်။

(ခ) ကလေးများလုပ်ပိုင်ခွင့်။

(ဂ) အမျိုးသမီးများလုပ်ပိုင်ခွင့်။

(၂) လုပ်ခွင့်တည်မြဲပိုင်ခွင့်။

(၃) အားလပ်ချိန်ရပိုင်ခွင့်။

(က) လုပ်ချိန်ကန့်သတ်ရေး။
(ခ) ခွင့်ရက်ကန့်သတ်ရေး။
(ဂ) အလုပ်ပိတ်ရက်ကန့်သတ်ရေး။

(၄) ပညာသင်ပိုင်ခွင့်။

(က) အလုပ်သမားတိုင်း ပညာတိုးပွါးရပိုင်ခွင့်။
(ခ) အလုပ်သမားများ၏ သားသမီးများ ပညာသင်ပိုင်ခွင့်။

(၅) မီးဖွားသည့်အခါရပိုင်ခွင့်။

(က) မီးဖွားရန် ခွင့်ရက်သတ်မှတ်ရေး။
(ခ) မီးဖွားခွင့်ရက်ယူသည့်အခါ ရနိုင်သည့်လုပ်ခသတ်မှတ်ရေး။
(ဂ) မီးဖွားသည့်အခါဆေးဝါးကုသခွင့်သတ်မှတ်ရေး။

(၆) နာမကျန်းဖြစ်သည့်အခါ လုံခြုံမှုရပိုင်ခွင့်။

(က) နာမကျန်းဖြစ်လျှင် ရနိုင်သည့်ခွင့်ရက်သတ်မှတ်ရေး။
(ခ) နာမကျန်းဖြစ်၍ ခွင့်ရက်ယူသည့်အခါ ရနိုင်သည့်လုပ်ခ သတ်မှတ်ရေး။
(ဂ) နာမကျန်းဖြစ်သည့်အခါ ဆေးဝါးကုသခွင့် သတ်မှတ်ရေး။

(၇) အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးရပိုင်ခွင့်။

(က) ထိခိုက်ဒဏ်ရာရရှိသည့်အတွက် ခွင့်ရက်သတ်မှတ်ရေး။
(ခ) ထိခိုက်ဒဏ်ရာရရှိ၍ ခွင့်နှင့်နေသည့်ကာလအတွင်း လုပ်ခသတ်မှတ်ရေး။
(ဂ) ထိခိုက်ဒဏ်ရာရရှိသည့်အတွက် ဆေးဝါးကုသရန်သတ်မှတ်ရေး။
(ဃ) ထိခိုက်ဒဏ်ရာ ရရှိသည့်အတွက် လျော်ကြေးသတ်မှတ်ရေး။

(၈) အခြားအကြောင်း များကြောင့် အလုပ်မလုပ်နိုင်သည့်အခါ လုံခြုံမှုရပိုင်ခွင့်။

(၉) အိုမင်းမစွမ်းသည့်အခါ လုံခြုံမှုရပိုင်ခွင့်။

(က) ပင်စင်သတ်မှတ်ရေး။
(ခ) လူကြီးစခန်းများဖွင့်လှစ်ရေး။

(၁၀) လုပ်အား၊ အတတ်ပညာနှင့်လျော်ညီစွာမျှတသော လုပ်ခရပိုင်ခွင့်။

(က) လုပ်ခသတ်မှတ်ရေး။

(၁၁) နေထိုင်စားသောက်မှု အဆင့်အတန်းမှန်မှန် တိုးတက်ရပိုင်ခွင့်။

(က) သက်သာချောင်ချိုရေးလုပ်ငန်းများ။

(၁၂) ယဉ်ကျေးမှု အဆင့်အတန်းမှန်မှန် ကိုးတက်ရပိုင်ခွင့်။

(က) ယဉ်ကျေးမှုလုပ်ငန်းများ။

(၁၃) အမျိုးသား၊ အမျိုးသမီးတန်းတူရပိုင်ခွင့်။

(၁၄) အလုပ်ခွင်သာယာရေး။

(က) ကျန်းမာသန့်ရှင်းမှုပြည့်စုံစေရေး။
(ခ) ဘေးအန္တရာယ်ကင်းရှင်းရေး။
(ဂ) အလုပ်သမားများသက်သာချောင်ချိရေး။
(ဃ) မတော်တဆထိခိုက်ဒဏ်ရာရမှုများအတွက် သူနာပြုနိုင်ရေး။
(င) မီးဘေးကာကွယ်ရေး။

၆။ ။ပြည်သူ့အလုပ်သမားတိုင်းတွင် ရပိုင်ခွင့်များ ရှိသကဲ့သို့ထမ်းဆောင်ရန် တာဝန်များလည်းရှိသည်။ အထူးသဖြင့် အောက်ပါ တာဝန်များကို ထမ်းဆောင်နိုင်စေရန်အတွက် အစိုးရက လိုအပ်သောနည်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့် ညွှန်ကြားချက်များကို ပြဋ္ဌာန်းပေးရမည်။

ပြည်သူ့အလုပ်သမားများ၏တာဝန်များ။

(၁) ဆိုရှယ်လစ်စည်းကမ်းထိန်းသိမ်းမှုတာဝန်။

(က) သာမန်ရပ်ရွာစည်းကမ်း။
(ခ) ပြည်သူ့အလုပ်သမားကောင်စီ၏စည်းကမ်း။
(ဂ) လုပ်ငန်းခွင်စည်းကမ်း။
(ဃ) တရားဥပဒေစောင့်ထိန်းရန်စည်းကမ်း။

(၂) ပြည်သူ့ပိုင်၊ သမဝါယမပိုင်နှင့်ပုဂ္ဂလိကပိုင် ကုန်ထုတ် အရင်းအနှီးနှင့် ကိရိယာများ၊ ပြည်သူ့ပိုင်နှင့် သမဝါယမပိုင် ကုန်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်။

(က) မယွက်စီးအောင်ထိန်းသိမ်းရန်။
(ခ) မပျောက်အောင်ထိန်းသိမ်းရန်။
(ဂ) မလေလွင့်ရအောင်ထိန်းသိမ်းရန်။

(၃) ပြည်သူ့အလုပ်သမားတို့၏ ထုတ်လုပ်ရေးစွမ်းအား တိုးတက်ရေးနှင့် ပတ်သက်သည့်တာဝန်။

(က) ကျွမ်းကျင်မှုတိုးတက်ရေး။
(ခ) လုပ်ခွင်အစီအစဉ်ကောင်းမွန်ရေး။
(ဂ) စိတ်ဓါတ်တက်ကြွစွာလုပ်ကိုင်ရေး။
(ဃ) တီထွင်ကြံဆနိုင်ရေး။
(င) အချင်းချင်းထံမှ ကောင်းသည့်ပညာကို အတုယူ၍၊ မကောင်းသည်တို့ကိုပယ်ပြင်ပေးရေး။

(၄) ပြည်သူ့အလုပ်သမားတို့၏ ရိုင်းခွင့်များနှင့် ပတ်သက်သည့်တာဝန်။

(က) ဥပဒေအရ ခွင့်ပြုထားသော ရိုင်းခွင့်များနှင့် သမဝါယမပိုင် နှင့် ပုဂ္ဂလိုပိုင်လုပ်ငန်းများတွင် အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်ဖြင့် ရရှိထားသော ရိုင်းခွင့်များကို ပြည်သူ့ အလုပ်သမားတိုင်းရရှိစေရန်။

(ခ) တိုးပွါးလာရန်လိုအပ်သည့် ရိုင်းခွင့်များနှင့်ပတ်သက်၍ စံနစ်တကျ ဆွေးနွေးတောင်းဆိုရန်။

(၅) ပြည်သူ့အလုပ်သမားတို့၏ ညီညွတ်ရေးနှင့် ပတ်သက်သည့် တာဝန်။

(က) အလုပ်ဌာနတခုအတွင်း၊ ဒေသတခုအတွင်း၊ မြို့နယ်တခုအတွင်း၊ တိုင်းပြည်အတွင်းရှိ ပြည်သူ့အလုပ်သမားအားလုံးညီညွတ်ရေး။

(ခ) အလုပ်သမားနှင့် တောင်သူလယ်သမားညီညွတ်ရေး။

(ဂ) ပြည်သူလူထုတရပ်လုံး၏ညီညွတ်ရေး။

(၆) ဆိုရှယ်လစ်စီမံကိန်းနှင့်ပတ်သက်သည့်တာဝန်။

(က) ဆိုရှယ်လစ်စီမံကိန်းတရပ်လုံးအောင်မြင်ရေး။

(ခ) မြို့နယ်အလိုက်စီမံကိန်းအောင်မြင်ရေး။

(ဂ) အလုပ်ဌာနအလိုက်စီမံကိန်းအောင်မြင်ရေး။

အခန်း ၃။

ဝါကီဇူပဋိပက္ခများ။

ဝါကီဇူပဋိပက္ခများ။

၇။ ။ဝါကီဇူပဋိပက္ခများနှင့် ပတ်သက်၍ အောက်ပါ နည်းအားဖြင့် ဖြေရှင်းပေးရန် အစိုးရက နည်းဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

(က) နိုင်ငံပိုင်လုပ်ငန်းများ တွင် သက်ဆိုင်ရာအလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ ဆွေးနွေးညှိနှိုင်းသဘောတူညီချက် ရယူသည့်နည်း။ ယင်းနည်းနှင့် မပြေလည်လျှင် အလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့၏ အထက်အဆင့်ဆင့်တွင် ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရယူသည့်နည်းဖြင့် ဖြေရှင်းရမည်။ ယင်းနည်းဖြင့်ပင် မပြေလည်လျှင် တော်လှန်ရေးကောင်စီက အဆုံးသတ်ဖြေရှင်းပေးရမည်။

(ခ) သမဝါယမပိုင်လုပ်ငန်းများ တွင် သက်ဆိုင်ရာ အလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ ဆွေးနွေးညှိနှိုင်းသဘောတူညီချက် ရယူသည့်နည်း။ ယင်းနည်းဖြင့် မပြေလည်လျှင် တော်လှန်ရေးကောင်စီက ဥပဒေအရ ပဲ့စည်းပေးသော အဖွဲ့အစည်းက ဖြေရှင်းပေးရမည်။

(ဂ) ပုဂ္ဂလိကပိုင်လုပ်ငန်းများ တွင် သက်ဆိုင်ရာ အလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူသည့်နည်း။ ယင်းနည်းဖြင့် မပြေလည်လျှင် တော်လှန်ရေးကောင်စီက ဥပဒေအရ ဖွဲ့စည်းပေးသော အဖွဲ့အစည်းက ဖြေရှင်းပေးရမည်။

အခန်း ၄။

လုပ်ငန်းစီမံလုပ်ဆောင်မှုတွင် ပြည်သူ့အလုပ်သမားများ ပါဝင်နိုင်ခွင့်။

လုပ်ငန်းစီမံလုပ်ဆောင်မှုတွင် ပြည်သူ့အလုပ် သမားများ ပါဝင်နိုင်ခွင့်။

၈။ ။ပြည်သူ့ပိုင်လုပ်ငန်း၊ သမဝါယမပိုင်လုပ်ငန်း၊ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ငန်း စီမံလုပ်ဆောင်မှုနှင့် ပတ်သက်၍ အလုပ်ရှင်နှင့် ပြည်သူ့အလုပ်သမားကောင်စီတို့ မည်သို့ ညှိနှိုင်းစီစဉ်ရမည်ကို အစိုးရက နည်းဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

အခန်း ၅။

ပြည်သူ့အလုပ်သမားကောင်စီထူထောင်ရေး။

ပြည်သူ့ အလုပ်သမားကောင်စီ။

၉။ ။ပြည်သူ့အလုပ်သမားတရပ်လုံး လူမျိုးခွဲခြားခြင်း၊ ဘာသာ ခွဲခြားခြင်း၊ အယူဝါဒခွဲခြားခြင်း၊ ဂိုဏ်းဂဏ ခွဲခြားခြင်းမရှိဘဲ၊ တစည်းတလုံးတည်း မိမိစိတ်တိုင်းကျ ပါဝင်နိုင်၍၊ ပြည်သူ့အလုပ်သမားတို့ ကိုယ်ပိုင် အဖွဲ့အစည်းတရပ်အနေဖြင့် ပြည်သူ့**အလုပ်သမားကောင်စီကို** ဖွဲ့စည်းနိုင်ရန်အတွက် **အစိုးရက** နည်းဥပဒေ ပြဋ္ဌာန်းပေး**ရမည်။**

အခန်း ၆။

အလုပ်သမားလုပ်ငန်းဌာန။

အလုပ်သမား လုပ်ငန်းဌာန၏ တာဝန် ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ။

၁၀။ ။တော်လှန်ရေးအစိုးရ၏အလုပ်သမား လုပ်ငန်းဌာန၏တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များအတွက် **အစိုးရက** နည်းဥပဒေ ပြဋ္ဌာန်းပေးရမည်။

အခန်း ၇။

ပြစ်ဒဏ်များ။

ပြစ်ဒဏ်များ။

၁၁။ ။ဤဥပဒေ၊ ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေ၊ဤဥပဒေအရ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့် အမိန့်များကို ဆန့်ကျင်ဖေါက်ဖျက်သူသည်—

(က) **အလုပ်သမား**ဖြစ်လျှင် **အလုပ်ဖြုတ်ခံ**ရသည့်ပြစ်ဒဏ်အပြင် သာမန်**တလစာလုပ်ခ**၏ ထက်ဝက်ထက်မပိုသော ငွေဒဏ်ကို သော်၎င်း၊

(ခ) ဟုဂ္ဂလိကပိုင် လုပ်ငန်းတွင် အလုပ်ရှင်၊ သို့မဟုတ် မန်နေဂျာ၊ သို့မဟုတ် အုပ်ချုပ်သူဖြစ်လျှင် ၂ နှစ်အထိ ထောင်ဒဏ်ကိုသော်၎င်း၊

(ဂ) သမဝါယမပိုင်လုပ်ငန်းတွင် အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် လုပ်ငန်းအုပ်ချုပ်သူဖြစ်လျှင် လုပ်ငန်းမှ အလုပ်ရပ်စဲခြင်းခံရသည့် ပြစ်ဒဏ်အပြင် ၂ နှစ်အထိ ထောင်ဒဏ်ကိုသော်၎င်း၊

(ဃ) ပြည်သူ့ပိုင်လုပ်ငန်းတွင် အုပ်ချုပ်သူဖြစ်လျှင် အလုပ်ရပ်စဲခြင်း ခံရသည့် ပြစ်ဒဏ်အပြင် ၂ နှစ်အထိ ထောင်ဒဏ်ကိုသော်၎င်း

ကျခံရမည်။

အခန်း ဂ။

အထွေထွေ။

ဘည်ဆဲဥပဒေများ။

၁၂ ။ ။ဤဥပဒေအရ၊ နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုမီ အောက်ဖော်ပြပါဥပဒေများ၏ပြဋ္ဌာန်းချက်များကိုဤဥပဒေအရပြုလုပ်ထားသည့်နည်းဥပဒေများအဖြစ် မှတ်ယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။ ထို့ပြင် ယင်းဥပဒေများတွင်ပါသော ပြဋ္ဌာန်းချက်များသည် ဤဥပဒေ၏ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက် အတည်ဖြစ်စေရမည်။

(၁) အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေ။
(၂) အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေ။
(၃) The Apprentices Act (အလုပ်သင်အက်ဥပဒေ)။
(၄) The Children (Pledging of Labour) Act (ကလေးသူငယ်များ ခိုင်းစေခြင်းနှင့် ပတ်သက်သည့် အက်ဥပဒေ)။
(၅) The Dock Workers (Regulation of Employment) Act (ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေ)။
(၆) The Emigration Act (ပြည်ပသွားလာမှုအက်ဥပဒေ)။
(၇) The Dock Labourers Act (ဆိပ်ကမ်း အလုပ်သမားများ အက်ဥပဒေ)။
(၀) The Mines Act (သတ္တုတွင်းအက်ဥပဒေ)။
(၉) The Oilfields Act (ရေနံမြေအက်ဥပဒေ)။
(၁၀) ရေနံမြေ (အလုပ်သမားနှင့်သက်သာချောင်ချိရေး) အက်ဥပဒေ။
(၁၁) အလုပ်ရုံများအက်ဥပဒေ။
(၁၂) The Payment of Wages Act (လုပ်ခပေးရေးအက်ဥပဒေ)။
(၁၃) လယ်ယာအလုပ်သမားအနည်းဆုံးအခကြေးငွေအက်ဥပဒေ။
(၁၄) အနည်းဆုံးအခကြေးငွေအက်ဥပဒေ။
(၁၅) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ။
(၁၆) ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေ။

(၁၇) The Workmen's Compensation Act (အလုပ်သမားလျော်ကြေး အက်ဥပဒေ)။
(၁၈) လူမှုလုံခြုံရေးအက်ဥပဒေ။
(၁၉) The Trade Disputes Act (ဝါကြီးငြားပဋိပက္ခအက်ဥပဒေ)။
(၂၀) The Trade Unions Act (အလုပ် [illegible] အစည်းအရုံးများအက် ဥပဒေ)။
(၂၁) အလုပ်အကိုင်ဆိုင်ရာစာရင်းစစ်တမ်းယူခြင်းအက်ဥပဒေ။

၁၃။ ။အောက်ပါအက်ဥပဒေများနှင့် အမိန့်များနှင့် အခြားအက်ဥပဒေများနှင့် အမိန့်များတွင် အလုပ်သမားရေးရာကိစ္စနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များကို ဤဥပဒေ အရပြုလုပ်မည့် နည်းဥပဒေအဖြစ်မှတ်ယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

(၁) The Railways Act (မီးရထားအက်ဥပဒေ)။
(၂) The Inland Steam Vessels Act (ပြည်တွင်း ရေကြောင်းယာဉ်များ အက်ဥပဒေ)။
(၃) The Burma Air-craft Act (မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေ)။
(၄) The Burma Merchant Shipping Act (မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘော အက်ဥပဒေ)။
(၅) The Ports Act (ဆိပ်ကမ်းများ အက်ဥပဒေ)။
(၆) The Rangoon Port Act (ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေ)။
(၇) The Outports Act (နယ်ဆိပ်ကမ်း အက်ဥပဒေ)။
(၈) The Pilots Act (ရေကြောင်းပြများ အက်ဥပဒေ)။
(၉) The Burma Lighthouse Act (မြန်မာနိုင်ငံ မီးပြတိုက်များ အက်ဥပဒေ)။

နည်းဥပဒေ၊ညွှန်ကြားချက်၊ အမိန့်ထုတ်ပိုင်ခွင့်။

၁၄။ ။ဤဥပဒေပါ ရည်ရွယ်ချက်များကို အထမြောက်စေရန်အတွက် အစိုးရသည် နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် အမိန့်များကို ထုတ်ပြန်နိုင်သည်။

အာဏာလွှဲခွင့်။

၁၅။ ။အစိုးရသည်၊ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ညွှန်ကြားချက်နှင့် အမိန့်များကို အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအား လွှဲအပ်၍ သုံးစွဲစေနိုင်သည်၊ ဤဥပဒေပုဒ်မ ၁၂ ဘွင် ဖေါ်ပြသော တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် ဆန့်ကျင်သည်၊မဆန့်ကျင်သည်ကို ဆုံးဖြတ်နိုင်ရန်ကိုလည်း ယင်းအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲအပ်နိုင်သည်။

စာရင်းအင်း။

၁၆။ ။ဤဥပဒေပါ ရည်ရွယ်ချက်များကို အထမြောက်စေရန်အတွက် အစိုးရသည်လိုအပ်သည့် စာရင်းအင်းများကို ကောက်ယူနိုင်သည်။

၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၇။]

နိဒါန်း

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးရှိ လုပ်သားပြည်သူအပေါင်းတို့၏ ဘဝကို မြှင့်တင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအသီးသီးကိုဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းများသည် လုပ်သားပြည်သူတို့ကို အကျိုးပြုသော်လည်း ခေါင်းပုံဖြတ်သမား၊ အမြတ်ကြီးစားတို့ကို အကျိုးမပြုသဖြင့်၊ ၎င်းတို့၏ ဆန့်ကျင်မှုကို နှေစဉ်နှင့်အမျှခံရလျက်ရှိသည်။

နိုင်ငံခြားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွါးရေးကို မချုတ်ချယ်နိုင်စေရန်ရည်ရွယ်၍ ဘဏ်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခဲ့စဉ်က တိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရှင်ကြေးရှင်အမြောက်အမြား သည် ဘဏ်များတွင် ၎င်းတို့အပ်နှံထားသောငွေများကို ပြန်လည်ထုတ်ယူ၍၊ ဘဏ်လုပ်ငန်းပြည်သူပိုင် ပြုလုပ်ခြင်းကိုဆန့်ကျင်ခဲ့ကြသည်။

လုပ်သားပြည်သူတို့၏ စား-ဝတ်-နေရေးစရိတ် တည်ငြိမ်စေရန် ရည်ရွယ်၍ ကုန်ဈေးနှုန်းများ မတန်တဆတိုးတက်နေသည်ကိုတားဆီးရန်အတွက် နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်သည့်အခါတွင်သော်၎င်း၊ လက်ကားဆိုင်ကြီးများ၊ ကုန်ရုံကြီးများ၊ ပွဲရုံကြီးများကို ပြည်သူပိုင် ပြုလုပ်သော အခါတွင် သော်၎င်း တိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရှင်ကြေးရှင်များသည် ၎င်းတို့သိုဝှက်ထားသည့် ပစ္စည်းများကို အမြန်ငွေစက္ကူများဖြင့် လဲလှယ်ထားကြသည်။ ထိုငွေစက္ကူများဖြင့်ဝယ်၊ ဘဏ်မှထုတ်ယူထားသည့် ငွေစက္ကူများဖြင့်ဝယ်၊ အခါအခွင့်ရလျှင်ရသလို ကုန်များကို ဈေးကစား၍ ရွတ်ခြည်းအမြတ်အများဆုံးထုတ်ယူရန်လုပ်ကိုင်ပြန်သည်။

အချို့သောသူများသည် နိုင်ငံခြားများသို့ငွေစက္ကူများကို ခိုးထုတ်ခါ မတန်တဆဈေးဖြင့်နိုင်ငံခြားငွေစက္ကူများကို ဝယ်ယူကြသည်။

၎င်သို့လျှင် ငွေစက္ကူများကို ကုန်ပစ္စည်းသဘွယ်ကိုင်၍ လုပ်ကိုင်လာသည့်ငွေရှင်ကြေးရှင်လူတစုလက်ထဲတွင် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများစုပုံမိတော့သည်။ ၎င်းငွေစက္ကူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွါးရေးကို ကမောက်ကမဖြစ်စေအောင်၊ လုပ်သားပြည်သူတို့၏စားသောက်နေထိုင်ရေးကို ကူဆင်းအောင်လုပ်မည့်ပစ္စည်းများဖြစ်နေသည်။

ထို့ကြောင့်၊ ၎င်းငွေစက္ကူများ၏အန္တရာယ်ကို ဖျက်ရန်လိုအပ်လာပေသည်။

တဘက်တွင်လည်း ကောင်းရောင်းကောင်းဝယ်ဖြင့် ရိုးရိုးသားသားစုဆောင်းမိသည်တို့ကို ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများဖြင့် သိမ်းဆည်းထားသူများလည်းရှိကြသည်။ ၎င်းတို့အတွက် မနစ်နာအောင်စီစဉ်ရန်လည်း လိုပေသည်။ ထို့ကြောင့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရပ်စဲရမည်ဟု ကျေညာသော်လည်း ရက်သတ္တတပတ်အတွင်း

မည်သူမဆို မိမိတရားဝင်ကိုင်ထားသည့် ကျပ်တရာတန် ငွေစက္ကူများနှင့်ကျပ်ငါးဆယ်တန်ငွေစက္ကူများကို အစိုးရထံ လာရောက်အပ်နှံစေ၍ ထိုသို့အပ်နှံသည့်ငွေစက္ကူတန်ဘိုးပမာဏထဲမှအချို့ကို တရားဝင်ငွေဖြင့် ချက်ခြင်းလဲလှယ်ပေးမြီး ကျန်တန်ဘိုးကို လူတဦးစီ၏အခြေအနေကိုကြည့်၍ မည်မျှလဲလှယ်ပေးရမည်ကို သတ်မှတ်ပေးရပေမည်။

အထက်ပါ အကြောင်းအရာများကိုထောက်ထား၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လွှန်ရေးကောင်စီဥက္ကဋ္ဌသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

၁။ ။(၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရပ်စဲသည့် ဥပဒေဟုခေါ်ဝှင်စေရမည်။

(၂) ဤဥပဒေသည်ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့်သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

အခန်း ၂။

ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရပ်စဲခြင်း။

၂။ ။၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၁၉۶۴ ခုနှစ်၊ မေလ ၁၇ ရက်) ည ၇ နာရီမှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်မှထုတ်ဝေထားသည့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများသည် တရားဝင်ငွေအဖြစ်မှရပ်စဲရေးမည်း ဆိုလိုသည်မှာ ဖေါ်ပြပါငွေစက္ကူများသည် ဖေါ်ပြပါအချိန်မှစ၍ တန်ဘိုးလုံးဝကင်းမဲ့၍ ငွေရေးကြေးရေးပေးယူရန် ကိစ္စများတွင် ဖေါ်ပြပါငွေစက္ကူများကို အသုံးမပြုရ။

၃။ ။(၁) ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို လက်ကိုင်ထားသူများသည် အစိုးရကသတ်မှတ်သည့်အချိန်အတွင်း အနီးရက သတ်မှတ်သည့်ဌာနများတွင် အစိုးရက သတ်မှတ်သည့်နည်းအတိုင်း လက်ကိုင်ထားသည့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို လာရောက်အပ်နှံကြရမည်။

(၂) အထက်ပုဒ်မခွဲ (၁) အရ၊ ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို လာရောက်အပ်နှံသူများအား အပ်နှံသည့်တန်ဘိုးထဲမှ မည်မျှကို လက်ငင်းတရားဝင်ငွေများဖြင့် လဲလှယ်ပေး၍၊ ကျန်တန်ဘိုးအတွက် မည်သို့ဆောင်ရွက်ရမည်ကို အစိုးရက ညွှန်ကြားချက်ထုတ်၍ ပြဋ္ဌာန်းပေးရမည်။

အခန်း ၃။

ပြစ်ဒဏ်များ။

၄။ ။(၁) ဤဥပဒေ၏ရည်ရွယ်ချက်ကို ပျက်ပြားအောင်ပြုလုပ်သည့်သူသည် အနည်းဆုံး ဆယ်နှစ်အထိထောင်ဒဏ်၊ အများဆုံးသေဒဏ်အထိ စီရင်ခြင်းခံရမည်။

(၂) ဤဥပဒေ၏ရည်ရွယ်ချက်ကို ပျက်ပြားအောင် ပြုလုပ်သည့် ကိစ္စများ၏ဖြစ်အောက်ပါတို့ အကျုံးဝင်သည်။

(က) ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို မိမိပိုင်မဟုတ်ဘဲ မိမိပိုင်ဖြစ်ပါသည်ဟုဖော်ပြခြင်း။

(ခ) မိမိပိုင် ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို အခြားသူတဦးအပိုင် အဖြစ်၊ လိမ်လည် ဖော်ပြအောင် ဆောင်ရွက်ခြင်း။

(ဂ) ၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်) ည ၇ နာရီ၏ နောက်ပိုင်းတွင် ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေ အဖြစ် အသုံးပြုခြင်း။

အခန်း ၄။

အစွဲအမြဲ။

၅။ ။(၁) အစိုးရသည် ဤဥပဒေ၏ ရည်ရွယ်ချက်ကိုထမြောက်စေရန်အတွက် လိုအပ်သောနည်းဥပဒေနှင့် ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

(၂) အစိုးရသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် သင့်တော်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ်အဖွဲ့ အစည်းကို တာဝန်လွှဲအပ်နိုင်သည်။

၁၉၆၄ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြိုးခိုင်ရေးကောင်စီ အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၈။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊အမျိုးသားကိုယ်လက်ကြိုးခိုင်ရေး ကောင်စီအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကိုယ်လက်ကြိုးခိုင်ရေးကောင်စီ အက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ခ) အမျိုးသားကိုယ်လက်ကြိုးခိုင်ရေးကောင်စီနှင့် ဒေသန္တရကောင်စီ များပိုင် ပစ္စည်းအားလုံးသည်၊ အစိုးရပိုင် ပစ္စည်းများဖြစ်ရမည့် ပြင်၊ထိုကောင်စီများ၏ကြေးမြီတာဝန်အားလုံးကိုလည်း၊အစိုးရ ကဆက်ခံရမည်။

၃။ ။ဤဥပဒေစတင်အာဏာတည်သည့်အချိန်မှစ၍၊ အစိုးရသည်၊ အဆိုပါ အမျိုးသား ကိုယ်လက်ကြိုးခိုင်ရေးကောင်စီ အက်ဥပဒေအရဖွဲ့စည်းခဲ့သည့် အမျိုးသား ကိုယ်လက်ကြိုးခိုင်ရေးကောင်စီ၏ အာဏာနှင့် တာဝန်ဝတ်တရားများကို ဆက်လက် သုံးစွဲဆောင်ရွက်ရမည်။

၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ။

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၉။]

နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစံနစ်များကို ထူထောင်လျက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးစံနစ်မှာ၊ ထိုဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးတည်ဆောက်မှုကိုအထောက်အကူပြုသည့် ပညာရေးစံနစ်သာဖြစ်ရန် လိုအပ်သောကြောင့်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှန်းလုံးတွင်ချက်ခြင်းအာဏာ တည်စေရမည်။

၂။ ။ဤဥပဒေပါစကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''တက္ကသိုလ်'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရဖွဲ့စည်းသည့် ဝိဇ္ဇာ၊ သိပ္ပံပညာရေးဆိုင်ရာ တက္ကသိုလ်များ (Universities)နှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ တက္ကသိုလ်များ (Professional Institutes) ကိုဆိုလိုသည်။

(ခ) ''ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံကျောင်း'' ဆိုသည်မှာ၊ တက္ကသိုလ်နယ်နိမိတ်ပြင်ပ၌တည်ရှိ၍၊ ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းထားသောစည်းကမ်းချက်များအရ၊ တက္ကသိုလ်နှင့်ဆက်သွယ်ပေါင်းစည်းမှု ခံစားခွင့်ရရှိသော ကောလိပ်၊ သိပ္ပံကျောင်းကိုဆိုလိုသည်။

အခန်း ၂။

ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းရန်အာဏာ။

၃။ ။အစိုးရသည်၊ အခြိန်ကြော်ငြာထုတ်ပြန်၍၊ တက္ကသိုလ် တခုကိုဖြစ်စေ၊ တက္ကသိုလ်များကိုဖြစ်စေ၊ ဖွဲ့စည်းနိုင်သည်။

၄။ ။ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်တက္ကသိုလ်၊ သို့မဟုတ် တက္ကသိုလ်များကို ဝိဇ္ဇာ၊ သိပ္ပံပညာရေးဆိုင်ရာတက္ကသိုလ်၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ တက္ကသိုလ်ဟူ၍ အမျိုးအစားခွဲခြားသတ်မှတ်ရမည်။

၅။ ။အစိုးရသည်၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ်တခုခုတွင်၊ လက်အောက်ခံကောလိပ်၊ သိပ္ပံ၊ ကျောင်းကိုဖြစ်စေ၊ ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံ၊ကျောင်းကိုဖြစ်စေ၊ ဖွဲ့စည်းပေးနိုင်သည်။

အခန်း ၃။

ရည်မှန်းချက်များ။

၆။ ။ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ်များ ရှေ့ရှု ဆောင်ရွက်ရမည့် အဓိကရည်မှန်းချက်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) မြန်မာ့ဆိုရှယ်လစ်လောကထည်ဆောက်ရာတွင်၊ ပါဝင်လုပ်ဆောင်မည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များ မွေးထုတ်ပေးရန်။

(ခ) ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးလုပ်ငန်းအရပ်ရပ်တွင် တိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်မည့် ပညာရှင်များမွေးထုတ်ပေးရန်။

(ဂ) အယက်မွေး ဝမ်းကျောင်းမှုကို အထောက် အကူ ပြုမည့် အတတ်ပညာနှင့် သိပ္ပံပညာကိုဦးစားပေး၍ လေ့ကျင့်သင်ကြားပေးရန်။

(ဃ) ဆိုရှယ်လစ်စံနစ် တည်ဆောက်ရေး လုပ်ငန်းအောင်မြင်မှုကို ရှေ့ရှု၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်။

(င) ဆိုရှယ်လစ်အတွေးအခေါ်နှင့်လျော်ညီသည့် စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာများနှင့် ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးရန်။

(စ) လုပ်အားကို ဂုဏ်ယူစိတ်ရှိအောင် လေ့ကျင့်သင်ကြားပေးရန်။

(ဆ) မြန်မာ့ဆိုရှယ်လစ်လောက တည်ဆောက်ရာတွင် ပါဝင်နေကြသော လုပ်သားပြည်သူတို့၏ ပညာဥာဏ် အခြေခံအမြင်ကိုလည်း၊ ကျွမ်းကျင်မှုကိုလည်း၊ အစဉ်မပြတ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်။

အခန်း ၄။

တက္ကသိုလ်၏တာဝန်ဝတ်တရားများ။

၇။ ။တက္ကသိုလ် အသီးသီးသည်၊ အောက်ပါတာဝန် ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးစံနစ်များနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးကိစ္စ အဝဝအတွက် အထူးပညာတတ် ပုဂ္ဂိုလ်များ၊ ပညာကျော်များ၊ စက်မှုလက်မှု ကျွမ်းကျင်သူများ စသည့်အတတ်ပညာသည်များနှင့် အသိပညာရှင်များဖြစ်ထွန်းအောင် အတတ်ပညာသင်ကြားပေးရန်။

(ဂ) သုတေသနလုပ်ငန်းအတွက်ရင်း၊ပညာတိုးပွါးရေးအတွက်ရင်း၊ပညာဖြန့်ချိရေးအတွက်ရင်း၊ စီမံထားချက်များပြုလုပ်ရန်။

(ဃ) တက္ကသိုလ်ပညာရေးဆိုင်ရာ စာမေးပွဲများကျင်းပရန်။

(c) တက္ကသိုလ်များ၊ ဒီပလိုမာ လက်မှတ်များ၊တက္ကသိုလ်စာမေးပွဲအောင် လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင် ဘွဲ့များအပ်နှင်းချီးမြှင့်ရန်။

(d) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏နေရေး၊ ထိုင်ရေးနှင့်စည်း ကမ်းသေဝပ်ရေးတို့ကို ကြီးကြပ်စီမံခန့်ခွဲရန်နှင့်ကျောင်းသားကျောင်း သူများ၏ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ကျန်းမာရေးတိုးတက်အောင် စီမံခန့်ခွဲရန်။

(ဆ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ဆိုရှယ်လစ်လူ့ဘောင် နှင့် ဟပ်မိအောင် ကျောင်းခန်းပြင်ပ ပညာရေးလုပ်ငန်းများတွင် လေ့ကျင့်ပေးရန်။

(e) တက္ကသိုလ်က ရှေးရှေးဆောင်ရွက်ရမည့် အဓိက ရည်မှန်းချက်များကို ပြီးမြောက် အောင်မြင်စေရေးအတွက် လိုအပ်သော အခြားကိစ္စ အရပ်ရပ်ကိုဆောင်ရွက်ရန်။

အခန်း ၅။

တက္ကသိုလ်များကြီးကြပ်ရေး။

၈။ ။(၁) အစိုးရသည်၊ မိမိ၏ကိုယ်စားတက္ကသိုလ်ပညာရေးကို ကြီးကြပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်များဗဟိုကောင်စီကိုဖွဲ့စည်းရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီတွင်၊ အောက်ပါ ပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) အစိုးရခန့်ထားသော ပုဂ္ဂိုလ်ဘဏ္ဍာ .... ဒုတိယဥက္ကဋ္ဌ။
(ဂ) အတွင်းဝန်၊ အမျိုးသားစီမံကိန်းဌာန .... အဖွဲ့ဝင်။
(ဃ) အတွင်းဝန်၊ စက်မှုလက်မှုဌာန .... အဖွဲ့ဝင်။
(c) အတွင်းဝန်၊ လယ်ယာနှင့်စိုက်ပျိုးရေးဌာန .... အဖွဲ့ဝင်။
(စ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကိုယ်စားလှယ်တဦး .... အဖွဲ့ဝင်။
(ဆ) တက္ကသိုလ်များ၏ ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။
(e) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။
(ရ) အတွင်းဝန်၊ ပညာရေးဌာန .... အဖွဲ့ဝင်။
(ဈ) အစိုးရခန့်ထားသည့်ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(ည) အစိုးရခန့်ထားသည့်အတွင်းရေးမှူးတဦးနှင့်တွဲဘက် အတွင်းရေးမှူးတဦး။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်များဗဟိုကောင်စီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) တက္ကသိုလ်ပညာရေးဆိုင်ရာ ဝါဒသဘောထားများကိုချမှတ်ပေးရန်။
(ခ) တက္ကသိုလ်များ၊လက်အောက်ခံကောလိပ်၊သိပ္ပံ၊ကျောင်း သစ်များနှင့် ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်၊ သိပ္ပံ၊ကျောင်းသစ်များ ဖွဲ့စည်းခွင့်လွှဲပေးရေးအတွက် အစိုးရထံ ထောက်ခံချက်တင်ပြရန်။

(ဂ) တက္ကသိုလ်များမှမည်သို့သော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များပေးရမည်ကိုစဉ်းစားဆုံးဖြတ်ရန်။

(ဃ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်၎င်း၊ ဆိုရှယ်လစ်စီးပွါးရေးတည်ဆောက်မှုကော်မီတီနှင့်၎င်း၊ ညှိနှိုင်း၍ လိုအပ်သော ပညာရှင်အရေအတွက်ရရှိနိုင်အောင် တက္ကသိုလ်များတွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေ ကန့်သတ်ရန်။

(င) တက္ကသိုလ်များ၏ နှစ်စဉ်ကုန်ကျစရိတ် ခန့်မှန်းခြေကို သတ်မှတ်ရန်နှင့်ခွင့်ပြုရန်။

(စ) တနိုင်ငံလုံးကို အကျိုးပြုစေမည့် သုတေသနလုပ်ငန်းများကို စဉ်းစားသတ်မှတ်ပေးရန်။

(ဆ) ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းချီးမြှင့်ရေးကို ဆုံးဖြတ်ရန်။

(ဇ) တက္ကသိုလ် ပညာရေးအတွက် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို စဉ်းစားဆုံးဖြတ်ရန်။

(ဈ) တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်ရန်နှင့် တင်ပြသော ပြဿနာအရပ်ရပ်ကိုစဉ်းစားဆုံးဖြတ်ပေးရန်။

၉။ ။(၁) အစိုးရသည်၊ တက္ကသိုလ်ပညာအဆင့်အတန်း၊ သင်ရိုးမာတိကာ အစရှိသောပညာရေးနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ် ကြီးကြပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟို ကောင်စီအဖွဲ့ဝင်မဟုတ်သူများပါဝင်သော တက္ကသိုလ်ပညာရေး အဖွဲ့များ ကောင်စီကို ဖွဲ့စည်းရမည်။

(၂) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) အစိုးရကခန့်ထားသောပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။
(ဂ) ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။
(ဃ) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။
(င) ညွှန်ကြားရေးဝန်ချုပ် (ရေနံဓါတ်နှင့် ဓါတ်သတ္တုရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း) .... အဖွဲ့ဝင်။
(စ) အင်ဂျင်နီယာချုပ် (ပြည်သူ့အိုးအိမ်အဖွဲ့) .... အဖွဲ့ဝင်။
(ဆ) ညွှန်ကြားရေးဝန် (ကျန်းမာရေးဌာနခွဲ) .... အဖွဲ့ဝင်။
(ဇ) ညွှန်ကြားရေးဝန် (စက်မှုလက်မှုဌာနခွဲ) .... အဖွဲ့ဝင်။
(ဈ) ညွှန်ကြားရေးပန်း (ဗိုက်ယျိုးရေးဌာနခွဲ) .... အဖွဲ့ဝင်။
(ည) ညွှန်ကြားရေးမှူး (ကျေးရွာနေဆေးကုဌာနခွဲ) .... အဖွဲ့ဝင်။
(ဋ) ညွှန်ကြားရေးဝန် (ပဲယိုဒီးပွါးရေးနှင့် ကာရင်းအင်းဌာနခွဲ) .... အဖွဲ့ဝင်။
(ဌ) အင်ဂျင်နီယာချုပ်(လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့) အဖွဲ့ဝင်။
(ဍ) စည်းပြုချုပ် (ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း) .... အဖွဲ့ဝင်။

(၃) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီးကရွေးချယ်သော ဆရာတဦးစီ .... အဖွဲ့ဝင်။
(ဏ) အစိုးရခန့်ထားသည့်ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(ဟ) အစိုးရခန့်ထားသည့်အတွင်းရေးမှူးတဦး။

(၃) တက္ကသိုလ် ပညာရေးအဖွဲ့များ ကောင်စီ၏ တာဝန် ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) တက္ကသိုလ် ပညာရေးအဆင့်အတန်းကို ပြဋ္ဌာန်းသတ်မှတ်ရန်။
(ခ) တက္ကသိုလ်များသို့ ဝင်ခွင့်ရှိရန်လိုအပ်သည့် ပညာအရည်အချင်းနှင့် ရွေးချယ်ပုံနည်းစံနစ်သတ်မှတ်ပေးရန်။
(ဂ) တက္ကသိုလ်စာမေးပွဲများကျင်းပရေးအတွက် စည်းကမ်းနှင့် စံနစ်များ ကိုပြဋ္ဌာန်းသတ်မှတ်ရန်။
(ဃ) တက္ကသိုလ် ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာ အရည်အချင်းကို သတ်မှတ်ရန်နှင့် ထိုဆရာတို့ပညာတိုးတက်ရေးအတွက် သုတေသန လုပ်ငန်း စသည်များချမှတ်ပေးရန်။
(င) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီး၏သုတေသနလုပ်ငန်းများကိုရင်း၊ အလုပ်ဝတ်တရားနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရင်း၊ ညွှန်ကြားပေးရန်။
(စ) တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးကတင်ပြသော တက္ကသိုလ်ပညာ တိုးတက်ရေးလုပ်ငန်းများကို စီစစ်၍၊ တက္ကသိုလ်များ မဟာကောင်စီ သို့တင်ပြရန်။

အခန်း ၆။

တက္ကသိုလ်များအုပ်ချုပ်ခြင်း။

၁၀။ ။တက္ကသိုလ်များ အုပ်ချုပ်ရေးကို၊ ပညာရေးဌာနက တိုက်ရိုက်ကြီးကြပ်ရမည်။

၁၁။ ။ပညာရေးဌာနသည်၊ တက္ကသိုလ်များကိုစံနစ်တကျ အုပ်ချုပ်စီမံခန့်ခွဲနိုင်ရန်အလို့ငှါ၊ တက္ကသိုလ်အုပ်ချုပ်ရေးရုံးကို ၎င်း၏လက်အောက်တွင် ဖွဲ့စည်းထားရမည်။

၁၂။ ။(၁) တက္ကသိုလ် အသီးသီး၏ အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာ တာဝန်များကို စီမံခန့်ခွဲရန်၊တက္ကသိုလ်တိုင်းတွင်၊အောက်ပါအဖွဲ့များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ မဟာကောင်စီက ဖွဲ့စည်းရမည်။

(က) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့။
(ခ) တက္ကသိုလ် ပညာရေးအဖွဲ့။

(၂) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ အသီးသီးတွင်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပါမောက္ခချုပ် ဥက္ကဋ္ဌ။
(ခ) ပညာရေးဌာနက ရွေးချယ်သော ပုဂ္ဂိုလ် ၂ ဦး အဖွဲ့ဝင်။

(ဂ) တက္ကသိုလ်များ ဗဟိုကောင်စီဝင် ၂ ဦး .... အမှုဝင်။
(ဃ) တက္ကသိုလ်ဆရာ ၃ ဦး .... အမှုဝင်။
(င) မော်ကွန်းထိန်းအရာရှိ .... အတွင်းရေးမှူး။

<u>မှတ်ချက်။</u> ။တက္ကသိုလ်တခုခုတွင်၊ လက်အောက်ခံကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိလျှင်၊ ထိုကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ကျောင်းအုပ်များသည်၊ တက္ကသိုလ်အုပ်ချုပ်ရေးအမှုတွင် အမှုဝင်အဖြစ်ပါဝင်ရမည်။

(၃) တက္ကသိုလ်အုပ်ချုပ်ရေးအမှု၏တာဝန်ဝတ်တရားမှာ၊ အောက်ပါအတိုင်း ဖြစ်စေရမည်။

(က) တက္ကသိုလ်ရာထမ်း မူထမ်းများအား ရာထူးခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး၊ ခွင့်ပေးရေးစသောပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စအဝဝကို၊ အစိုးရပြဋ္ဌာန်းသည့် နည်းဥပဒေ၊ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့် အမိန့်များအတိုင်းဆောင်ရွက်ရန်။
(ခ) နည်းဥပဒေ၊ညွှန်ကြားချက်နှင့်အမိန့်များအရ၊ဆောင်ရွက်ခွင့်အာဏာ ပေးထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရန်။
(ဂ) ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သောစည်းကမ်းများ သတ်မှတ်ရန်နှင့် ထိုစည်းကမ်းများအတိုင်း လိုက်နာအောင်ကြပ်မတ် ထိန်းသိမ်းရန်။
(ဃ) တက္ကသိုလ်နယ်မြေကိစ္စများကိုဆောင်ရွက်ရန်။
(င) ကျောင်းသား ကျောင်းသူများအတွက် ကာယဗလနှင့် ယဉ်ကျေးမှု လုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်စီမံရန်။
(စ) တက္ကသိုလ်ရာထမ်းမူထမ်းနှင့် ကျောင်းသားကျောင်းသူတို့၏ ကျန်းမာရေးကိစ္စများကို စီမံဆောင်ရွက်ရန်။
(ဆ) ကျောင်းဆောင်ကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ရန်။
(ဇ) ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းလခလွှတ်ငြိမ်းခွင့် ချီးမြှင့်ရေး ကိစ္စအတွက်ထောက်ခံချက်တင်ပြရန်။

(၄) တက္ကသိုလ် ပညာရေးအမှုအသီးသီးတွင်၊ အောက်ပါ ပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပါမောက္ခချုပ် .... ဥက္ကဋ္ဌ။
(ခ) ပါမောက္ခများ .... အမှုဝင်။
(ဂ) ဌာနမှူးများ .... အမှုဝင်။
(ဃ) ဘာသာရပ် အသီးသီးရှိ ကျွမ်းကျင်သည့် ပြင်ပ ပုဂ္ဂိုလ်များ .... အမှုဝင်။
(င) ဒီဂရီကောလိပ်နှင့် ဥပစာဓကောလိပ် ကျောင်းအုပ် ကြီးများ .... အမှုဝင်။
(စ) မဟာဌာနမှူးများ .... အမှုဝင်။
(ဆ) မော်ကွန်းထိန်းအရာရှိ .... အတွင်းရေးမှူး။

(၅) တက္ကသိုလ် ပညာရေးအဖွဲ့၏ တာဝန်ဝတ်တရားများမှာ၊ အောက်ပါ အတိုင်းဖြစ်စေရမည်။

(က) သင်ရိုးမာတိကာသတ်မှတ်ရန်။
(ခ) သင်ရိုးညွှန်းတမ်းရေးဆွဲရန်။
(ဂ) စာမေးပွဲများကျင်းပပေးရန်နှင့် အောင်စာရင်းများကျေညာရန်။
(ဃ) ဘွဲ့၊ဒီပလိုမာ၊အောင်လက်မှတ်နှင့်ဆုများချီးမြှင့်ရန်။
(င) ဌာနသစ်များတိုးတွင်ရေးအတွက်ထောက်ခံရန်။
(စ) တက္ကသိုလ်ပညာသင်ကြားရေးရာထူးအဆင့်အသီးသီးအတွက် လိုအပ်သော ပညာအရည်အချင်းများကို သတ်မှတ်တင်ပြရန်။
(ဆ) တက္ကသိုလ်တွင်ပြဋ္ဌာန်းမည့်စာအုပ်စာတမ်းဟူသမျှကို စီစစ်အတည်ပြုရန်။

(၆) တက္ကသိုလ်တခု၏ လက်အောက်ခံ၊သို့မဟုတ်ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်၊သိပ္ပံ၊ ကျောင်းများအုပ်ချုပ်ရေးအတွက်ကို နည်းဥပဒေဖြင့်ပြဋ္ဌာန်းပေးရမည်။

အခန်း ၇။

ဘဏ္ဍာရေး။

၁၃။ ။(၁) တက္ကသိုလ်များသည်၊ မိမိတို့၏ဝင်ငွေထွက်ငွေများနှင့် စပ်လျဉ်း၍၊ အခြားအစိုးရဌာနများနည်းတူ၊ ရ-သုံးမှန်းခြေငွေစာရင်းကို အစိုးရထံတင်သွင်းရမည်။

(၂) တက္ကသိုလ်များသည်၊ မိမိတို့၏ ဝင်ငွေအားလုံးကို အစိုးရငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရမည်။

(၃) တက္ကသိုလ်များသည်၊မိမိတို့၏အသုံးစရိတ်များကို၊ အခြားအစိုးရဌာနများနည်းတူ၊ငွေစာရင်းမင်းကြီးထံ ငွေတောင်းခံလွှာများ တင်သွင်း၍ထုတ်ယူသုံးနွဲ့ရမည်။

အခန်း ၈။

အဝေဝေ။

၁၄။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်များ၌သာ၊ တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာလက်မှတ်နှင့် တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များအပ်နှင်းခွင့်ရှိရမည်။

၁၅။ ။အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ၊နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ညွှန်ကြားချက်များ၊ အမိန့်များ ထုတ်ပြန်ခြင်းပြုနိုင်သည်။ ထိုနည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်များသည်၊ ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၀၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖော်ပြပါ တာဝန်ခံအသီးသီးသည်၊မိမိနှင့်ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာတော်ငွေများမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကုန်ကျစရိတ်ပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသောဇယားတွင် ဖော်ပြထားသည့် အတိုင်း ထုတ်၍၊ ၁၉၆၄ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ်	တာဝန်ခံ	ဘဏ္ဍာတော်အမည်	ကုန်ကျငွေ	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား
၁	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရ၊ဘဏ္ဍာရေးဌာနတာဝန်ခံ။	ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများ။	၁၁,၃ ၄,၀ ဂ,၁၃၀	နောက်ဆက်တွဲ ဇယား(က)။
၂	ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။	ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။	၅၀	နောက်ဆက်တွဲ ဇယား(ခ)။
၃	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ဘဏ္ဍာရေးဌာနတာဝန်ခံ။	အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ကော်ဝိုရေးရှင်း၊ ကောင်စီ၊ ကော်မိတီ၊ဘဏ်နှင့် အခြားအဖွဲ့အစည်း များ၏ ဘဏ္ဍာတော်ငွေများ။	၇,၅၄,ဂ ၁,ဂ၄၀	နောက်ဆက်တွဲ ဇယား(ဂ)။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၄ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၀)အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

နောက်ဆက်တွဲဇယား (ဓ)။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

	ခွဲဝေသုံးစွဲသည့်ငွေ ကျပ်
သာမန်အသုံးစရိတ်။	
ပညာရေး	၉၆,၆၄၀
သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး	၅,၆၉,၅၀၀
ဘဏ္ဍာရေးနှင့် အခွန်	၂၇,၀၇,၁၅၀
ငွေလုံးငွေရင်းအသုံးစရိတ်။	
ပြည်ထဲရေး	၃၀
ပြန်ကြားရေး	၁,၄၈,၄၅၀
ပညာရေး	၄၈,၀၀,၀၉၀
လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး	၂၇,၇၈,၄၄၀
သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး	၄,၅၅,၈၀၀
ဘဏ္ဍာရေးနှင့် အခွန်	၄၆,၅၇၃
အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်း၊ ထောက်ပံ့ငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေများထုတ်ပေးခြင်းအတွက်အသုံးစရိတ်များ။	
အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်းအတွက်ကုန်ကျစရိတ်များ ...	၃၈,၇၅၀
ထောက်ပံ့ငွေများ	၁၆,၆၆,၆၃၀
ရင်းနှီးမြှုပ်နှံငွေ...	၁၀,၀၀,၀၀,၀၀၀
ပေါင်း ...	၁၁,၃၃,၀၈,၁၃၀

နောက်ဆက်တွဲဇယား (ခ)။

ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

	ခွဲဝေသုံးစွဲသည့်ငွေ ကျပ်
ငွေလုံးငွေရင်းအသုံးစရိတ်။	
ပြည်သူ့လုပ်ငန်းဌာနခွဲအတွက် မ,တည်ငွေရင်း	၅၀
ပေါင်း ...	၅၀

နောက်ဆက်တွဲဇယား (ဂ)။

အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

	ခွဲဝေသုံးစွဲသည့်ငွေ ကျပ်
သာမန်အသုံးစရိတ်။	
ပြည်သူ့စီးပွားရေးလုပ်ငန်းအုပ်ချုပ်မှုကော်မီတီ	၄,၃၂,၂၂,၀၀၀
ငွေလုံးငွေရင်းအသုံးစရိတ်။	
ပြည်သူ့ရေနံလုပ်ငန်း	၃,၂၂,၅၉,၀၄၀
ပေါင်း ...	၇,၅၄,၀၁,၀၄၀

၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၁၃]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ ဥပဒေဟု ရည်ညွှန်းသည့် ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေတွင်—

(က) ''အဘည်ပြုအာဏာပိုင် ''ဆိုသည့်စကားရပ်အစား၊ ''အတည်ပြုအဖွဲ့'' ဆိုသည့်စကားရပ်ကိုဝင်း၊

(ခ) ''တရားခံအတွက် လိုက်ပါဆောင်ရွက်သည့်ရှေနေ '' သို့မဟုတ် ''ရှေနေ''ဆိုသည့်စကားရပ်အသီးသီးအစား၊ ''တရားခံဘက် အကျိုးဆောင် '' ဆိုသည့်စကားရပ်ကိုဝင်း

ထည့်သွင်းရမည်။

၃။ ။အဆိုပါ ဥပဒေတွင်၊ ပုဒ်မ ၂ ကိုပယ်ဖျက်ရမည်။

၄။ ။အဆိုပါ ဥပဒေ ပုဒ်မ ၃ အစား၊ အောက်ပါကို ပုဒ်မ ၃ အဖြစ်ထည့်သွင်းရမည်။

''၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အထူးရာဇဝတ်ရုံးများကို၊ အမိန့်ကြော်ငြာစာဖြင့်၊ အခါအားလျော်စွာဖွဲ့စည်းနိုင်သည်၊ သို့မဟုတ် အသစ်ပြန်လည်ဖွဲ့စည်းနိုင်သည်။ မည်သည့် အထူးရာဇဝတ်ရုံးကို၊ မည်သည့်အမှု၊ သို့မဟုတ် အမှုများစစ်ဆေးရန် ဖွဲ့စည်းထားကြောင်း အမိန့်ကြော်ငြာစာဖြင့် သီးခြားဖော်ပြရမည်။

(၂) အထူးရာဇဝတ်ရုံးတွင် အဖွဲ့ဝင် အနည်းဆုံး သုံးဦး ပါဝင်စေရမည်။ ထိုသုံးဦးအနက်တဦးမှာ နာယက ဖြစ်ရမည်။ သို့ရာတွင်အဖွဲ့ဝင်ဦးရေသည် မည်သည့်အခါမျှ စုံမဖြစ်စေရ။''။

၅။ ။အဆိုပါဥပဒေ ပုဒ်မ ၄ တွင်၊ ပုဒ်မခွဲ (၄) အစား၊ အောက်ပါကို ပုဒ်မခွဲ(၄) နှင့် (၅) အဖြစ် ထည့်သွင်းရမည်။

''(၄) အထူးရာဇဝတ်ရုံးသည်၊ အမှုတခုခုကိုစစ်ဆေးနေစဉ်အတွင်း၊ မည်သည့်အခါမဆို အစိုးရထံ တင်ပြီးခွင့်ပြုချက်ကို ကြိုတင်ရယူ၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

(က) စွဲချက်များတွင် ဖြည့်စွက်ခြင်း၊ စွဲချက်များမှ ချန်လှပ်ခြင်း၊ သို့မဟုတ် စွဲချက်များတွင် ပြောင်းလဲခြင်း။

(ခ) တရားခံ တဦးဦးအပေါ် နောက်ထပ်စွဲချက်များတင်ခြင်း။

(ဂ) စစ်ဆေးနေသောပြစ်မှုကို အခြားသူတဦးဦးက တရားခံနှင့် အတူပူးတွဲကျူးလွန်ကြောင်းပေါ်လွင်သည်ဟု ယူဆသဖြင့်၊ ထိုအခြားသူကို တရားခံအဖြစ် ထည့်သွင်းစစ်ဆေးခြင်း။

(ဃ) စစ်ဆေးနေသော ပြစ်မှုနှင့်ဆက်စပ်သည့် အခြားပြစ်မှုတခုခု ကို အခြားသူတဦးဦးက ကျူးလွန်ကြောင်းပေါ်လွင်သည်ဟု ယူဆသဖြင့်၊ ထိုသူကိုတရားခံအဖြစ်ထည့်သွင်းစစ်ဆေးခြင်း။

(c) စစ်ဆေးနေသည့်အမှုတွင်၊ မမှန်သက်သေခံသူ၊ သို့မဟုတ် မမှန်သက်သေခံကို ဖန်တီးသူအား အရေးယူစစ်ဆေးခြင်း။

(၅) ပုဒ်မခွဲ (၃) တွင် မည်သို့ပင်ပါရှိစေကာမူ၊ အစိုးရသည်၊အထူး ရာဇဝတ်ရုံးအား စစ်ဆေးစီရင်စေသည့် အမှုတွင်ဆက်စပ်၍ ပေါ်ပေါက်လာသော အခြားပြစ်မှုအတွက် ဖြည့်စွက်သည့်သွင်း စစ်ဆေးသော စွဲချက်တခုခုအရ ပြစ်မှုထင်ရှားစီရင်လျှင်၊ ထိုပြစ် မှုနှင့်သက်ဆိုင်သည့်တရားဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း သာလျှင်ပြစ်ဒဏ်ချမှတ်ရမည်ဟုသီးခြားညွှန်ကြားနိုင်သည်။"။

၆။ ။အဆိုပါ ဥပဒေပုဒ်မ ၅ တွင် "ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင် မည်ညွှန်းသည်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ ။အဆိုပါဥပဒေပုဒ်မ ၆ အစား၊အောက်ပါကို ပုဒ်မ ၆ အဖြစ် ထည့်သွင်းရမည်။

"၆။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ ဤဥပဒေအရ ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင်၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများကို လိုက်နာရမည်။

(၂) သက်သေတဦး၏ ထွက်ဆိုချက်သည်၊ အရေးပါအရာ ရောက်လိမ့်မည်မဟုတ်ဟု အထူးရာဇဝတ်ရုံးက တွေးမြင်လျှင်၊ ထိုသက်သေကို မစစ်ဆေးဘဲနေနိုင်သည်၊ အကယ်၍ အရေးပါ အရာရောက်လိမ့်မည်ဟုတွေးမြင်လျှင်၊မည်သူ့ကိုမဆို သက်သေ အဖြစ်ခေါ်ယူစစ်ဆေးနိုင်သည်။

(၃) အထူးရာဇဝတ်ရုံး၏အဓွန်ဝင်များအချင်းချင်း သဘောကွဲလွဲသည့်အခါ၊ အဓွန်ဝင်များရက ထင်မြင်ယူဆသည့်အတိုင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"။

၈။ ။အဆိုပါ ဥပဒေပုဒ်မ ၇ တွင်၊ ပုဒ်မခွဲ (၂) နှင့် (၃) အစား၊ အောက်ပါကို ပုဒ်မခွဲ (၂) နှင့် (၃) အဖြစ်ထည့်သွင်းရမည်။

"(၂) အထူးရာဇဝတ်ရုံး၏ အဓွန်ဝင်တဦးဦးသည်၊ အမှုကို ဆက်လက်ကြားနာစစ်ဆေးခြင်းမပြုနိုင်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ ထိုအဓွန်ဝင်အစား၊ အခြားပုဂ္ဂိုလ်တဦးကို၊ အထူးရာဇဝတ်ရုံးအဓွန်ဝင်အဖြစ် ခန့်ထားနိုင်သည်။

ထိုသို့ ခန့်ထားလျှင်၊ ထိုပုဂ္ဂိုလ်ကို အမှုစတင်စစ်ဆေးသည့်အချိန်မှစ၍ ခန့်ထားခဲ့ဘိသကဲ့သို့၊ အမှုကို အထူးရာဇဝတ်ရုံးက ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်အလို့ငှါ၊ အထူးရာဇဝတ်ရုံးသည်၊ စက်ရှင်တရားရုံးတရုံး၏ မူလစီရင်ပိုင်ခွင့် အာဏာများကို လိုအပ်သလိုသုံးစွဲနိုင်သည်။''။

၉။ ။အဆိုပါ ဥပဒေပုဒ်မ ၇ အစား၊ အောက်ပါကို ပုဒ်မ ၇ အဖြစ် ထည့်သွင်းရမည်။

''၇။ ။အထူးရာဇဝတ်ရုံးက တရားစီရင်ရာတွင်၊ မှန်ကန်၍ တရားမျှတမှုရှိစေရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သင့်တော်သူတဦးဦးအား၊ ထိုအထူးရာဇဝတ်ရုံးကိုကူညီစေရန်အတွက်၊ ဥပဒေအရာရှိအဖြစ် ခန့်ထားနိုင်သည်။ ထိုအရာရှိ၏ အာဏာနှင့် တာဝန်ဝတ်တရားများမှာ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။''။

၁၀။ ။အဆိုပါ ဥပဒေပုဒ်မ ၇ ၏ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၇-က အဖြစ် ထည့်သွင်းရမည်။

''၇-က။ ။အထူး ရာဇဝတ်ရုံးက စစ်ဆေးစီရင်သည့် အမှုတွင်၊ တရားခံကို ကူညီစေရန်အတွက်၊ တရားခံဘက်အကျိုးဆောင် တဦး ရှိရမည်။ တရားခံက မိမိကြိုက်နှစ်သက်ရာ ပုဂ္ဂိုလ်တဦးဦးကို တရားခံဘက် အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန် စီစဉ်နိုင်သည်။ ထိုကဲ့သို့ စီစဉ်ခြင်းမပြုလျှင်၊ အစိုးရသည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးဦးကို တရားခံအား ကူညီစေရန်အတွက်၊ တရားခံဘက် အကျိုးဆောင်အဖြစ် ခန့်ထားရမည်။ တရားခံဘက်အကျိုးဆောင်၏တာဝန်ဝတ်တရားများမှာ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။''။

၁၁။ ။အဆိုပါဥပဒေပုဒ်မ ၉ တွင်—

(က) ပုဒ်မခွဲ (၁) နှင့် (၂) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) နှင့် (၂) အဖြစ် ထည့်သွင်းရမည်။

''(၁) တရားခံ တဦးဦးသည်၊ မကျန်းမာခြင်းကြောင့် သော်၎င်း၊ အခြားအကြောင်းတခုခုကြောင့်သော်၎င်း၊ အထူးရာဇဝတ်ရုံးသို့မလာရောက်နိုင်လျှင်၊ အထူးရာဇဝတ်ရုံးက၊ တရားခံဘက်အကျိုးဆောင်၏ရှေ့တွင်၊ အမှုကို စစ်ဆေးကြားနာစီရင်နိုင်သည်။ ယင်းသို့စစ်ဆေးကြားနာလျှင်တရားခံသည်၊ မိမိကြိုက်နှစ်သက်ရာပုဂ္ဂိုလ်တဦးဦးကို မိမိအား ကိုယ်စားပြုရန် လွှဲအပ်စေလွှတ်နိုင်သည်။

(၂) တရားခံ တဦးဦးသည်၊ ထွက်ပြေး တိမ်းရှောင်နေကြောင်း စစ်ဆေးတွေ့ရှိ၍ အကြောင်းခိုင်လုံလျှင်၊ အထူးရာဇဝတ်ရုံးက၊ ၎င်း၏မျက်ကွယ်တွင်၊ အမှုကိုစစ်ဆေးကြားနာစီရင်နိုင်သည်။''။

(ခ) ပုဒ်မခွဲ (၃) နှင့် (၄) ကိုပယ်ဖျက်ရမည်။

၁၂။ ။အဆိုပါဥပဒေပုဒ်မ ၁၀ တွင်—

(က) ပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) အစား၊ အောက်ပါကိုပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) အဖြစ် ထည့်သွင်းရမည်။

''(၁) အထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍၊ ဤကိစ္စအလို၄၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကခန့်ထားသည့် အတည်ပြုအဖွဲ့၏ ဆုံးဖြတ်ချက်ကိုရယူရမည်။ အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့မဟုတ် ပြစ်ဒဏ် ချမှတ်ချက်သည်၊ အတည်မပြုမခြင်း မခိုင်လုံစေရ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို စီစစ်ဆုံးဖြတ်ရန်ပုဂ္ဂိုလ်သုံးဦးပါဝင်သော ''အတည်ပြုအဖွဲ့''ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။ ထိုပုဂ္ဂိုလ်သုံးဦးအနက် တဦးသည်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။

(၃) အတည်ပြုအဖွဲ့သည်၊ အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့မဟုတ်ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုနိုင်သည်၊ လျော့နိုင်သည်၊ ပယ်ဖျက်၍တရားသေလွှတ်နိုင်သည်၊ တကြိမ်ပြန်လည်ပြင်ဆင်စေနိုင်သည်၊ သို့မဟုတ် အတည်ပြုရန်ငြင်းပယ်၍၊ အထူးရာဇဝတ်ရုံးအသစ်တခုဖွဲ့စည်းကာ၊ တကြိမ်ပြန်လည်စစ်ဆေးစေရန် တရားရေးဌာနသို့အကြောင်းကြားနိုင်သည်။

(၄) အတည်ပြုအဖွဲ့၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပြန်ကျေညာရမည်။''။

(ခ) ပုဒ်မခွဲ (၅) ကိုပယ်ဖျက်ရမည်။

၁၃။ ။အဆိုပါဥပဒေပုဒ်မ ၁၁ အစား၊ အောက်ပါကိုပုဒ်မ ၁၁ အဖြစ် ထည့်သွင်းရမည်။

''၁၁။ ။(၁) အထူးရာဇဝတ်ရုံးက စစ်ဆေး ကြားနာ စီရင်၍၊ အတည်ပြုအဖွဲ့မှ အတည်ပြုပြီးစီးသော အမှုများကို တော်လှန်ရေးကောင်စီက ခန့်ထားသော အယူခံအဖွဲ့သို့သာလျှင်၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွင်း၊ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အယူခံဝင်နိုင်သည်။

(၂) အဟည်ပြုအဖွဲ့က အတည်ပြုပြီးဖြစ်သော သေဒဏ်ပါဝင်သည့်အမှုများ၌တရားခံက အယူခံဝင်သည်ဖြစ်စေ၊အယူခံမဝင်သည်ဖြစ်စေ အစိုးရသည်၊ တော်လှန်ရေးကောင်စီက ခန့်ထားသည့် အယူခံအဖွဲ့၏ အဆုံးအဖြတ်ကိုရယူရန်အလို့ငှါ၊ ထိုသေဒဏ်ကို ထုတ်ပြန် ကျေညာပြီးနောက်၊ သက်ဆိုင်ရာ အမှုတွဲကို အယူခံအဖွဲ့သို့ ပေးပို့ရမည်။ အယူခံအဖွဲ့၏ အဆုံးအဖြတ်မရမီ၊ သေဒဏ်ကို စီရင်ခြင်းမပြုရ။''။

၁၄။ ။အဆိုပါဥပဒေတွင်၊ ပုဒ်မ ၁၂ ကိုပယ်ဖျက်ရမည်။

၁၅။ ။အဆိုပါ ဥပဒေပုဒ်မ ၁၃ အစား၊ အောက်ပါကို ပုဒ်မ ၁၃ အဖြစ် ထည့်သွင်းရမည်။

''၁၃။ ။အတည်ပြုအဖွဲ့၊ သို့မဟုတ် အယူခံအဖွဲ့၏ အပြီးသတ်ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို တရားရေးဌာနက ဆက်လက်ဆောင်ရွက်ရမည်။''။

၁၆။ ။အဆိုပါ ဥပဒေတွင်၊ ပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၁၇။ ။အဆိုပါ ဥပဒေပုဒ်မ ၁၅ ကို ပုဒ်မ ၁၅ ၏ ပုဒ်မခွဲ (၁) အဖြစ် ပြန်လည် အမှတ်စဉ်၍၊ ၎င်းနောက်တွင် အောက်ပါကို ပုဒ်မခွဲ (၂)အဖြစ် ထည့်သွင်းရမည်။

''(၂) ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည်၊ အခြား တရားရုံး တခုခုတွင် ပြစ်ဒဏ်မချမှတ်ရသေးသည့် မပြီးပြတ် သေးသော မည်သည့် အမှုကိုမဆို၊ အထူးရာဇဝတ်ရုံးက စစ်ဆေးစီရင်သင့်သည့် အမှုဖြစ်သည်ဟု ထင်မြင် ယူဆလျှင်၊ ထိုအမှုကို အထူး ရာဇဝတ်ရုံးသို့ လွှဲပြောင်းပေးနိုင်သည်။''။

၁၈။ ။အဆိုပါ ဥပဒေတွင်၊ ပုဒ်မ ၁၆ ကို ပယ်ဖျက်ရမည်။

၁၉။ ။အဆိုပါ ဥပဒေပုဒ်မ ၁၈ အစား၊ အောက်ပါကို ပုဒ်မ ၁၈ အဖြစ် ထည့်သွင်းရမည်။

''၁၈။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ မိမိအား ဤဥပဒေဖြင့် ပေးအပ်ထားသော ဥပဒေပြုနိုင်သည့် အာဏာနှင့် ပုဒ်မ ၁၅ အရ အပ်နှင်းထားသော အာဏာများမှ တပါး၊ အခြားအာဏာနှင့် တာဝန် ဝတ်တရားများကို၊ ပုဂ္ဂိုလ်တဦးဦး၊ သို့မဟုတ် အဖွဲ့တခုခုက သုံးစွဲဆောင်ရွက်ရမည်ဟု အမိန့်ပြင့်ညွှန်ကြားနိုင်သည်။''။

၂၀။ ။အဆိုပါ ဥပဒေပုဒ်မ ၁၉ အစား၊ အောက်ပါကို ပုဒ်မ ၁၉ အဖြစ်ထည့်သွင်းရမည်။

''၁၉။ ။ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စများနှင့်ပတ်၊ ဤဥပဒေ အရ ချမှတ်သော ဆုံးဖြတ်ချက်၊သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်

 ်ားနှင့်ရင်း၊ စစ်လျှင်းရှိ မြန်မာနိုင်ငံ တရားရုံးချုပ်တွင် ပြင်ဆင်ခွင့်၊ကြီးကြပ်ကြည့်ရှုနိုင်ခွင့်၊ အယူခံကို လက်ခံခွင့် စသည့်အခွင့်အာဏာများမရှိစေရ။ ''။

၂၁။ ။အဆိုပါ ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို ပုဒ်မ ၂၀ အဖြစ် ထည့်သွင်းရမည်။

'' ၂၀။ ။ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စအတွက်၊ ထိုသို့ဆောင်ရွက်သူ၊ သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သူတွင် တာဝန်မရှိစေရ။''။

၂၂။ ။အဆိုပါ ဥပဒေပုဒ်မ ၂၁ နောက်ဖွင့် '' ယင်းနည်းဥပဒေများသည်၊ ဤဥပဒေကဲ့သို့ အာဏာတည်စေရမည်။'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၃။ ။ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်၌ မပြီးပြတ်သေးသော အမှုတခုခုနှင့် စစ်လျှင်း၌၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ထိုမပြီးပြတ်သေးသော အမှုနှင့် ယင်းသို့စတင်အာဏာတည်သည့် နေ့ရက်မတိုင်မီ၊ တနေ့နေ့မှစ၍ သက်ဆိုင်စေရမည်ဟူ၍ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်သည်။

၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနှစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကိုပြင်သည့် ဥပဒေ။

[၁၉၆၄ ခုနှစ်၊ မြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်မရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနှစ် တည်ဆောက်မှုကိုဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနှစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ ပုဒ်မ ၄ တွင်—

(က) ပုဒ်မခွဲ (၃) အစား၊ အောက်ပါကို ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ပုဒ်မခွဲ (၂) အရ၊ ပွဲစည်းသော အထူးခုံရုံး၏ အပြီးအပိုင် ဆုံးဖြတ်ချက်တရပ်သည် အစိုးရက ဤကိစ္စအလို့ငှါ ပွဲစည်းပေးသည့် အတည်ပြုအဖွဲ့က အတည်ပြုမှသာ အတည်ဖြစ်စေရမည်။"

(ခ) ပုဒ်မခွဲ (၄) အစား၊ အောက်ပါကိုပု ဒ်မခွဲ (၄) အဖြစ် ထည့်သွင်းရမည်။

"(၄) ပုဒ်မခွဲ (၃) အရပွဲစည်းသော အတည်ပြုအဖွဲ့၏ အပြီးအပိုင် ဆုံးဖြတ်ချက်ကို တော်လှန်ရေးကောင်စီက ပွဲစည်းသော အယူခံအဖွဲ့ထံသို့သာ အယူခံနိုင်သည်။"။

၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲ ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖော်ပြပါတာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော ဘဏ္ဍာငွေများမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေ စုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသောဇယားတွင် ဖော်ပြထားသည့် အတိုင်း ထုတ်၍၊ ၁၉၆၄ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ်	တာဝန်ခံ	ဘဏ္ဍာငွေအမည်	စုစုပေါင်းငွေ	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား
			ကျပ်	
၁	ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။	ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာငွေများ။	၂၉၀	နောက်ဆက်တွဲ ဇယား(က)။
၂	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။	အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်မိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်း များ၏ ဘဏ္ဍာ ငွေများ။	၁၀	နောက်ဆက်တွဲ ဇယား(ခ)။

(၂) ပုဒ်မခွဲ (၁)တွင် ဖွင့်ပြထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၀)အရ၊ ဖွင့်ပြထား သည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃။ ။(၁) ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေသုံးရာကျော်ရှိအောင် ငွေများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ ငွေချေးယူသောကိစ္စအတွက် မိမိသင့်သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍ရင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များထားရှိရင်း၊ အာမခံစာချုပ်များပြုလုပ်ရှိလည်း ထုတ်ပေးနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရဌာနအားလုံး၊တော်လှန်ရေးအစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ရငွေအားလုံးကို ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင် ထည့်သွင်းရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့် ဇယားအသီးသီးတွင်ဖော်ပြထားသည့် အသုံးစရိတ်အားလုံးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းမှ ထုတ်ယူသုံးစွဲနိုင်သည်။

(၃) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင် ထည့်သွင်းရမည်။

(၄) ဤဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကိုရင်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့် စရိတ်ငွေများကိုရင်း၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းမှထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁)တွင်ခွင့်ပြုထားသောငွေချေးယူခြင်းသည်၊ ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၂)အရ၊ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင် နောက်ထပ်ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

နောက်ဆက်တွဲဇယား (က)။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း။

ခွဲဝေသုံးစွဲသည့်ငွေ။

	ကျပ်
သာမန်အသုံးစရိတ်	
ကျန်းမာရေး	၂၀၀
ငွေလုံးငွေရင်းအသုံးစရိတ်။	
တော်လှန်ရေးအစိုးရအမှုဥက္ကဋ္ဌရုံး	၁၀
ပညာရေး	၃၀
သယံဇာတပြုဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး	၄၀
အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်း၊ ထောက်ပံ့ငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေများထုတ်ပေးခြင်းအတွက်အသုံးစရိတ်များ။	
ထောက်ပံ့ငွေများ	၁၀
စုစုပေါင်း ...	**၁၅၀**

နောက်ဆက်တွဲဇယား (၀)။

အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း

		ခွဲဝေသုံးစွဲသည့်ငွေ။
		ကျပ်
သာမန်အသုံးစရိတ်		
ရေနံဓါတ်နှင့် ဓါတ်သတ္တုရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း	...	၃၀

၁၉၆၄ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီကမ္ဘာ့ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင် အာဏာ တည်သည့်နေ့ရက်။ ။(၁) ဤဥပဒေကို ၁۹۶۴ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁۹۶۴ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။အမြတ်ခွန် စည်းကြေးသည့် နှုန်းများ။ ။(၁) ၁۹۶۴ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုသည့်နှစ်အတွက် ဤဥပဒေ၏ ပဌမ ဇယားတွင် သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်း အမြတ်ခွန်စည်းကြေးရမည်။

(၂) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၅-က (၁) အလိုင်္ဂါ အမြတ်ခွန်ထမ်းကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ ရသည့်ဝင်ငွေအတွက် လျှော့ရမည့်ငွေကိုယင်းဝင်ငွေ၏ ၅ ပုံ ၁ ပုံ ဟု သတ်မှတ်လိုက်သည်။ သို့သော် ယင်းသို့ လျှော့သော ငွေပေါင်းသည် ကျပ်ငွေ ၄,၀၀၀ ထက်မကျော်စေရ။

(၃) ၁۹۶۴ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုသည့်နှစ်အတွက် ပြည်ပနေ အမြတ်ခွန်ထမ်းများ၏ စုစုပေါင်းဝင်ငွေတွင် မြန်မာနိုင်ငံအမြတ်ခွန် အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့် ငွေပါဝင်လျှင် ထိုစုစုပေါင်းဝင်ငွေပေါ်တွင် ကျသင့်မည့်အမြတ်ခွန်ကို ယင်းအက်ဥပဒေပုဒ်မ ၁၇-က ပါ ပြဋ္ဌာန်းချက်များနှင့်အညီတွက်ချက်စည်းကြေးရမည်။

(၄) ဤဥပဒေအလိုင်္ဂါ "စုစုပေါင်းဝင်ငွေ" နှင့် "ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ဝင်ငွေ" ဆိုသည့်စကားရပ်တို့မှာ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၃။ ။စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း။ ။၁۹۶۴ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစသောဘဏ္ဍာရေးနှစ်အတွက်၊ ဤဥပဒေ၏ ဒုတိယ ဇယားကို မြန်မာနိုင်ငံ စာပို့တိုက် အက်ဥပဒေတွင်၊ ထိုဥပဒေ၏ ပဌမဇယားအဖြစ် ထည့်သွင်းရမည်။

ပဋ္ဌမစာယား။

၁၉၆၄-၆၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက်၊ အမြတ်ခွန် နှုန်းများ စာယား။

[ပုဒ်မ ၂ (၁) ကိုကြည့်။]

ပြည်တွင်းနေအမြတ်ခွန်ထမ်းများအတွက် အမြတ်ခွန်နှုန်းများ။

(က) အခြေပစ္စည်းမှမြတ်စွန်းသည့်ငွေမှတပါး စုစုပေါင်းဝင်ငွေမှ ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုလျှော့ပြီး ကျန်သည့်ငွေအပေါ်တွင်—

ကျပ်		ကျပ်			
၁	မှ	၁,၅၀၀	ထိ	မရှိ။	
၁,၅၀၁	မှ	၅,၀၀၀	ထိ	၇	ရာခိုင်နှုန်း။
၅,၀၀၁	မှ	၁၀,၀၀၀	ထိ	၁၅	ရာခိုင်နှုန်း။
၁၀,၀၀၁	မှ	၁၅,၀၀၀	ထိ	၂၅	ရာခိုင်နှုန်း။
၁၅,၀၀၁	မှ	၂၀,၀၀၀	ထိ	၃၅	ရာခိုင်နှုန်း။
၂၀,၀၀၁	မှ	၃၀,၀၀၀	ထိ	၅၅	ရာခိုင်နှုန်း။
၃၀,၀၀၁	မှ	၄၀,၀၀၀	ထိ	၇၅	ရာခိုင်နှုန်း။
၄၀,၀၀၁	မှ	၅၀,၀၀၀	ထိ	၈၅	ရာခိုင်နှုန်း။
၅၀,၀၀၁	မှ	၁,၀၀,၀၀၀	ထိ	၉၅	ရာခိုင်နှုန်း။
၁,၀၀,၀၀၁	မှ	၃,၀၀,၀၀၀	ထိ	၉၈	ရာခိုင်နှုန်း။
၃,၀၀,၀၀၁	နှင့်အထက်		....	၉၉	ရာခိုင်နှုန်း။

သို့ရာတွင်—

(၁) ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျှော့မီ၊ စုစုပေါင်း ဝင်ငွေသည် ကျပ်ငွေ ၄,၂၀၀ ထက်မပိုလျှင် အမြတ်ခွန်မပေးဆောင်ရ။

(၂) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျှော့မီ၊ ဝင်ငွေသည် ကျပ်ငွေ ၄,၆၄၀ ထက် မကျော်ပါက၊ ပေးဆောင်ရမည့် အမြတ်ခွန်မှာ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေဖြစ်စေရမည်။

(ကက) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေကိုလျှော့ပြီး ကျန်သည့်ဝင်ငွေအပေါ်တွင် ဤစာယာ၏ ဖေါ်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့်အမြတ်ခွန်ငွေ၊ သို့မဟုတ်

(၁၁) ယင်းသို့မလျှော့ရသေးသည့်ဝင်ငွေမှ ကျပ်ငွေ ၄,၂၀၀ ကို နုတ်၍ ကျန်ရှိသောငွေ၏ထက်ဝက်ကိုတည်၍၊ လျှော့ပြီး ကျန်ဝင်ငွေနှင့် မလျှော့ရသေးသည့် ဝင်ငွေတို့၏ အချိုးအစားနှင့် မြှောက်၍ရသည့်ငွေ။

(ခ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့်ငွေအပေါ်တွင်—

ကျပ်		ကျပ်		
၁	မှ	၅,၀၀၀	ထိ	မရှိ။
၅,၀၀၁	မှ	၂၅,၀၀၀	ထိ	၂၀ ရာခိုင်နှုန်း။
၂၅,၀၀၁	မှ	၁,၀၀,၀၀၀	ထိ	၃၀ ရာခိုင်နှုန်း။
၁,၀၀,၀၀၁	နှင့်အထက်		....	၄၀ ရာခိုင်နှုန်း။

(ဂ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (၃) အရ၊ အာမခံစာချုပ်များ အဃေါ်မှရရှိသည့်အတိုးငွေမှ နုတ်ယူရန်အတွက် ၃၅ ရာခိုင်နှုန်း။

ဒုတိယဇယား၊

မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား။

[ပုဒ်မ ၃ ကိုကြည့်။]

ချောစာများ။

				ပြား။
၃ အောင်စထက်မပိုလျှင်	....	....	....	၁၅
နောက်ထပ် ၃ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း			....	၇

စာပို့ကဒ်များ။

တစောင်လျှင်	....	....	....	၅
ပြန်စာအတွက်ပါ	....	....	....	၁၀

စာအုပ်၊ ပုံစံနှင့် နမူနာအထုပ်များ။

ပဌမ ၂ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း			....	၅
၂ အောင်စထက် ပိုသည့် နောက်ထပ် ၁ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	....	....	....	၃

မှတ်ပုံတင်ပြီးသတင်းစာများ။

	ပြား။
၄ အောင်စထက်မပိုလျှင်	၂
၄ အောင်စထက်ပိုၿီး ၈ အောင်စထက်မပိုလျှင်	၃
၈ အောင်စထက်ပိုသည့် အလေးချိန် ၈ အောင်စ တိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၃

အထုပ်တခုတည်းတွင်ပါရှိသည့် တနေ့တည်းထုတ်မှတ်ပုံတင်ပြီးသတင်းစာ တစောင်ထက်ပိုလျှင်—

၄ အောင်စထက်မပိုလျှင်	၃
နောက်ထပ် ၂ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၁

သို့ရာတွင် ထိုအထုပ်များကို လိပ်စာပါသူ၏ နေအိမ်သို့ မပို့ရ။ အသိ အမှတ်ပြုထားသည့် ကိုယ်စားလှယ်အားစာပို့တိုက်၌ပေးအပ်ရမည်။

ပါဆယ်ထုပ်များ။

၁ ပေါင်ထက်မပိုလျှင်	၅၀
၂ ၂ ပေါင်အထိ၊ နောက်ထပ် အလေးချိန် ၁ ပေါင်၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၅၀

နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေလွှဲလက်မှတ်များအတွက် နောက်ထပ်လေကြောင်းချောပို့ခများ။

စာပို့ကဒ်	၅
ချောစာအတွက် - ၃ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၅
နောက်ထပ် ၃ အောင်စ၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း	၅
ငွေလွှဲလက်မှတ်တစောင်လျှင်	၅

၁၉၆၄ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ ဘဏ္ဍာခွဲ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။(၁) အောက်တွင် ဖော်ပြရာပါတာဝန်ခံအသီးသီးသည်၊ ဒီမိုကရေစီယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာငွေများမှ၊ ဆက်လက်ယှဉ်တွဲ ဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသော ဇယားတွင်ဖော်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၅ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဆိုင်ရာ အသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

အမှတ်စဉ် (၁)	တာဝန်ခံ (၂)	ဘဏ္ဍာငွေအမည် (၃)	စုစုပေါင်းငွေ (၄)	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅)
			ကျပ်	
၁	ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရ၊ ဘဏ္ဍာရေး ဌာန တာဝန်ခံ။	ပြည်ထောင်စု၏ ဘဏ္ဍာငွေများ။	၁,၉၂,၆၉,၁၉,၉၄၀	နောက်ဆက်တွဲ ဇယား(က)။
၂	ရှမ်းပြည်နယ် ဦးစီးအမှုဥက္ကဋ္ဌ။	ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေများ။	၂,၆၆,၈၃,၁၉၀	နောက်ဆက်တွဲ ဇယား (ခ)။
၃	ကချင်ပြည်နယ် ဦးစီးအမှုဥက္ကဋ္ဌ။	ကချင်ပြည်နယ်၏ ဘဏ္ဍာငွေများ။	၁,၁၃,၂၄,၉၀၀	နောက်ဆက်တွဲ ဇယား (ဂ)။
၄	ကယားပြည်နယ် ဦးစီးအမှုဥက္ကဋ္ဌ။	ကယားပြည်နယ်၏ ဘဏ္ဍာငွေများ။	၄၅,၅၁,၁၅၀	နောက်ဆက်တွဲ ဇယား(ဃ)။
၅	ကော်သူးလေ ဦးစီးအမှုဥက္ကဋ္ဌ။	ကော်သူးလေ၏ ဘဏ္ဍာငွေများ။	၉၇,၁၃,၄၉၀	နောက်ဆက်တွဲ ဇယား(င)။

အမှတ်စဉ် (၁)	တာဝန်ခံ (၂)	ဘဏ္ဍာငွေအမည် (၃)	စုစုပေါင်းငွေ (၄)	ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅)
			ကျပ်	
၁	ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံ။	အစိုးရလက်အောက်ခံ ဘုတ် အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြား အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေများ။	၁၂,၅၅,၀၇,၀၃,၀၀၀	နောက်ဆက်တွဲ ဇယား(စ)။
၂	ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ဘဏ္ဍာရေး ဌာန တာဝန်ခံ။	အစိုးရလက်အောက်ခံဝေယျာဝစ္စရ အဖွဲ့အစည်း များ၏ ဘဏ္ဍာငွေများ။	၉,၁၀,၄၈,၈၀၀	နောက်ဆက်တွဲ ဇယား(ဆ)။

(၂) ၁၉၆၅ ခုနှစ်၊ စက်တင်္ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ ခြောက်ရာ၃ပေါင်းဆယ်ကုဋေအထိ ရှိသောငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည်ပြင်၊ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊မိမိသင့်သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍ဌင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များထားရှိဌင်း၊ အာမခံစာချုပ်များပြုလုပ်၍လည်းထုတ်ပေးနိုင်သည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရဌာနအားလုံး၊ တော်လှန်ရေးအစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ကောင်စီ၊ ကော်မီတီ၊ ဘဏ်၊ အစိုးရလက်အောက်ခံဝေယျာဝစ္စရအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများ၏ ရငွေအားလုံးကို၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းတွင်ထည့်သွင်းရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့်ဇယားအသီးသီးတွင်ဖော်ပြထားသည့် အသုံးစရိတ်အားလုံးကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းမှထုတ်ယူသုံးစွဲနိုင်သည်။

(၄) ဤပုဒ်အရ ရေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏တစုတပေါင်းတည်းသောငွေစာရင်းတွင် [illegible]သွင်းရမည်။

(၅) ဤပုဒ်အရ ထုတ်မှုပြုသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရှင်းနှင့် အကြိုးကိုဌင်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုဌင်း၊ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းမှထုတ်ပေးရမည်။

နောက်ဆက်တွဲယား (က)။

ပြည်ထောင်စု၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း

ခွဲဝေသုံးစွဲသည့်ငွေ။

				ကျပ်
သာမန်အသုံးစရိတ်				
တော်လှန်ရေးကောင်စီ	....	....	....	၂,၄၀,၅၀,၄၁၀
တော်လှန်ရေးအဖွဲ့နှင့်ဥက္ကဋ္ဌရုံး		....	....	၂,၃၀,၅၀,၂၃၀
ပြည်ထဲရေး	....	....	....	၁၃,၆၇,[illegible]
ပြန်ကြားရေး	....	....	....	၃,၀၄,[illegible],[illegible]၀၀
ဘဏ္ဍာရေး	....	....	....	၂,၄၃,[illegible],[illegible]၉၀
ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး		....	....	၄,၅၆,၀၉၀
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး		....	....	၁,၅၆,၆၃,၀၀၀
နိုင်ငံခြားရေး	....	....	....	၁,၀၀,[illegible],[illegible]၁၀
အမျိုးသားစီမံကိန်း	... .	....	....	၅၉,[illegible],[illegible]၇၀
ကာကွယ်ရေး	....	....	....	၄၃,[illegible],[illegible],[illegible]၀၀
ပညာရေး	....	....	....	၁၀,[illegible],[illegible],[illegible]၅၀
ကျန်းမာရေး	....	....	....	[illegible],[illegible],[illegible],[illegible]၀
အလုပ်သမား	....	....	....	၂၀,[illegible],[illegible]၀၀
ယဉ်ကျေးမှု	....	....	....	၂[illegible],[illegible],[illegible]၀
လူမှုဝန်ထမ်းနှင့်သာသနာရေး		....	....	၄[illegible],[illegible],[illegible]၀
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး		....	....	[illegible],[illegible],[illegible]၀
လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး		....	....	[illegible],[illegible],[illegible],[illegible]၀
လယ်ယာမြေနှင့်ဝင်ငွေခွန်လုပ်ရေး		....	....	[illegible],[illegible],[illegible],[illegible]၀
စက်မှု လက်မှု	....	....	....	[illegible],[illegible],[illegible]၀၀
သတ္တုတူးဖော်ရေး	....	....	....	[illegible],[illegible],[illegible]၀
သယံဇာတပြန်ဆောင်ရေးနှင့်လင်းပန်းဆက်သွယ်ရေး			....	[illegible],[illegible],[illegible]
ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး		....	....	[illegible],[illegible],[illegible],[illegible]
ဘဏ္ဍာရေးနှင့်အခွန်	....	....	....	[illegible],[illegible] [illegible],[illegible]၀
ကုန်သွယ်မှုတိုးတက်ရေး	....	....	....	[illegible],[illegible],[illegible]၀
ထောက်ပံ့ရေးနှင့်သမဝါယမ	....	....	....	[illegible],[illegible],[illegible]၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ		....	....	[illegible],[illegible],[illegible],[illegible]၀
ချင်းရေးရာအုပ်ချုပ်ရေး	....	....	....	[illegible],[illegible],[illegible]၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ		....	....	၁,[illegible],[illegible],[illegible]၀
လုပ်ငန်းများတိုးချဲ့ရှင်းရန်အတွက်ရာထားငွေ		....	...	၅,၀၀,၀၀,၀၀၀
ငွေလုံးငွေရင်းအသုံးစရိတ်				
တော်လှန်ရေးကောင်စီ	....	....	....	[illegible],[illegible],[illegible]၀
တော်လှန်ရေးအဖွဲ့နှင့်ဥက္ကဋ္ဌရုံး		....	....	၁,[illegible],[illegible],[illegible]၀
ပြည်ထဲရေး	....	....	....	[illegible],[illegible],[illegible],[illegible]၀
ပြန်ကြားရေး	....	....	....	၁,[illegible],[illegible],[illegible]၀
တရားရေး	....	....	....	[illegible],[illegible],[illegible]၀
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး			....	၁,[illegible],[illegible]၀

နောက်ဆက်တွဲယား (က)။ ။အဆုံး။

ပြည်ထောင်စု၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း။ ။အဆုံး

ခွဲဝေသုံးစွဲသည့်ငွေ

ဌာနအသုံးစရိတ်။ ။အဆုံး			ကျပ်
နိုင်ငံခြားရေး	....	....	၂၃,၂၂,၄၀၀
အမျိုးသားဖွံ့ဖြိုးရေး	....	....	၂,၆၇,၀၀,၀၀၀
ကာကွယ်ရေး		....	၀,၄၄,၅၀,၀၀၀
ပညာရေး	....	....	၁,၉၀,၂၉,၂၀၀
ကျန်းမာရေး	...	....	၇၄,၁၄,၂၀၀
ယဉ်ကျေးမှု	...	....	၂,၅၇,၀၀၀
လူမှုဝန်ထမ်းနှင့်သာယာနေထိုင်ရေး		....	၄,၀၃,၁၀၀
လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး		....	၄,၃၀,၀၉,၆၇၀
လယ်ယာမြေနှင့်ဝင်ငွေခွန်လုပ်ရေး		....	၃၂,၀၁,၁၀၀
စက်မှုလက်မှု	....	....	၁,၄၀,၀၀၁
သယံဇာတပြုဆောင်ရွက်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး		....	၂,၉၄,၀၃,၀၀၀
ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး		....	၅,၆၁,၆၁,၀၀၀
ဘဏ္ဍာရေးနှင့်အခွန်	....	....	၃၉,၀၂,၁၀၀
ချင်းရေးရာအုပ်ချုပ်ရေး	....	....	၂၅,၅၄,၂၂၀
ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ			
အတိုးနှင့်ကြွေးမြီပြန်လည်ပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်များ		....	၆,၅၀,၁၆,၀၀၀
ထောက်ပံ့ငွေများ	....	....	၂,၆၀,၁၁,၀၃၀
ရင်းနှီးမြှုပ်နှံငွေများထုတ်ပေးခြင်း		....	၁၀,၁၀,၅၂,၀၀၄
ချေးငွေများနှင့်ကြိုတင်ထုတ်ပေးငွေများ		....	၆,၅၅,၉၃,၀၀၀
	လေးငြား	....	၁,၉၂,၆၉,၃၉,၉၄၀

နောက်ဆက်တွဲယား (ခ)။

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း

ခွဲဝေသုံးစွဲသည့်ငွေ

သာမန်အသုံးစရိတ်			ကျပ်
ရွှေ့ပြောင်းနယ်ဦးစီးအဖွဲ့	....	....	၅,၁၃,၀၄၀
မြို့ပြနှင့်ရေအုပ်ချုပ်ရေး	....	....	၂၂,၉၂,၃၅၀
ပြန်ကြားရေး	....	....	၃,၀၆,၂၈၀
ပညာရေး	....	....	၆၂,၂၄,၁၃၀
ကျန်းမာရေး	....	....	၄၃,၀၉,၃၅၀

နောက်ဆက်တွဲ၆ယား(၁)။ ။အဆုံး။

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း။ ။အဆုံး

ခွဲဝေသုံးစွဲသည့်ငွေ။

				ကျပ်
သာမန်အသုံးစရိတ်။ ။အဆုံး				
ယဉ်ကျေးမှု	....	....	....	၃၉,၆၆၀
သာသနာရေး	....	....	....	၄၉,၁၀၀
သယံယူဖွံ့ဖြိုးတိုးတက်ရေး	....	....	....	၁,၆၄,၆၄၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	....	....	....	၄၃,၀၀,၂၆၀
ဘဏ္ဍာရေးနှင့်အခွန်	....	....	....	၅,၄၁,၈၆၀
ပင်ရှင်လစာငွေများနှင့်ဆုငွေများ		....	....	၄,၈၅,၄၁၀
ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ		....	....	၁,၅၀,၀၀၀
ငွေလုံးငွေရင်းအသုံးစရိတ်				
မြို့ပြဆိုင်ရာအုပ်ချုပ်ရေး		....	....	၈၄,၀၀၀
ပညာရေး		....	....	၆,၈၄,၄၄၀
ကျန်းမာရေး		....	....	၁၆,၂၄,၈၅၀
ယဉ်ကျေးမှု		....	....	၃၆,၀၀၀
သယံယူဖွံ့ဖြိုးတိုးတက်ရေး		....	....	၅၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ		....	....	၃၅,၂၆,၆၁၀
ပေါင်း			....	၂,၅၅,၀၃,၁၉၀

နောက်ဆက်တွဲ(၈)။

ကချင်ပြည်နယ်၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း

ခွဲဝေသုံးစွဲသည့်ငွေ။

				ကျပ်
သာမန်အသုံးစရိတ်				
ကချင်ပြည်နယ်ဦးစီးအဖွဲ့	....	....	....	၄,၉၄,၄၄၀
မြို့ပြဆိုင်ရာအုပ်ချုပ်ရေး	....	....	....	၈,၉၆,၂၃၀
ပြန်ကြားရေး	....	....	....	၂,၇၅,၄၀၀
ပညာရေး	....	....	....	၄၀,၅၃,၆၆၀
ကျန်းမာရေး	....	....	....	၁၃,၇၀,၇၂၀
